www.burmeseclassic.com

## ချစ်ဦးညို

# စစ်သူကြီးဒလဗန်း

နှင့်

## ရာဇဝင်ဝတ္ထုရှည်များ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**စစ်သူကြီးဒလဗန်း**

ရန်အောင်စာပေ-၂၏စာအုပ်အမှတ် (၃၃)

✧

**စာပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**
ပထမအကြိမ်၊ ၂၀၀၇၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀

✧

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၇၃၆၀၆၀၇

✧

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၇၉၅၀၇၀၇

✧

**ဓိစဉ်ထုတ်လုပ်မှု**
နီနီအောင်

✧

**မျက်နှာဖုံးပန်းချီ**
ကျော်ဖြူစံ

✧

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးတင်အောင်ကျော် 'စွယ်တော်ပုံနှိပ်တိုက်'၊
အမှတ် ၈၇၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

✧

**ထုတ်ဝေသူ**
ဦးလှတိုး (ရန်အောင်စာပေ)
၃၄၃/၁၈၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

✧

**ကွန်ပျူတာ**
မြိတ် (ကွန်ပျူတာ)
**အတွင်းဖလင်** - 'ပုံရိပ်ရှင်'
**စာအုပ်ချုပ်** - ရွှေကြိုး

ချစ်ဦးညို

# စစ်သူကြီးဒလဗန်း နှင့် ရာဇဝင်ဝတ္ထုရှည်များ

ရန်အောင်စာပေ(၂)

ရန်အောင်စာပေ-၂
အမှတ်(၇၅)၊ ဦးဌေးကိုင်လမ်း၊ ၄၁-ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း။
☎ ၀၉-၅၁-၈၅၆

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ဦးညို၏ ဘဝဖြစ်စဉ်မှတ်တမ်း

**၁၉၃၇** – ဦးရွှေဒေါင်းညို + ဒေါ်စိန်ရင်တို့မှ မန္တလေးမြို့၌ ဒီဇင်ဘာ ၃၀ တွင်ဖွားမြင်၊ မွေးချင်း ၇ ယောက်အနက် အကြီးဆုံး။ အမည်ရင်း ကျော်စွာ။

**၁၉၅၂** – မန္တလေးမြို့ နန်းတော်ရှေ့ မဟ္ဂရာတိုက်၊ မူလတန်းကျောင်းတွင် ပညာဆည်းပူး။

**၁၉၅၆** – မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီဘီအိုအေကျောင်းများတွင် အလယ်တန်းတက်ရောက်။

**၁၉၅၇-၆၀** – မန္တလေးမြို့ အမှတ် (၁) အထကတွင် အထက်တန်းတက်ရောက်။

**၁၉၆၂** – မန္တလေးတက္ကသိုလ်တွင် ဥပစာဝိဇ္ဇာ (က) တက်ရောက်။

**၁၉၆၃-၆၈** – ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဒဿနိကဗေဒအဓိကဖြင့် တက်ရောက်၊ ၁၉၆၈ တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရရှိ၊ မဟာဝိဇ္ဇာ ဆက်လက်တက်ရောက်။

**၁၉၆၉-၇၂** – ရန်ကုန်လုပ်သားကောလိပ်၊ စစ်တွေကောလိပ်၊ ဒဿနိကဗေဒ ဌာနတွင် နည်းပြဆရာအဖြစ် လုပ်ကိုင်။

**၁၉၇၂-၇၄** – ရန်ကုန်ဗဟိုသမဝါယမသင်တန်းကျောင်း၌ နည်းပြဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်း။

**၁၉၇၅** – အမှုထမ်းဘဝကို စွန့်လွှတ်။

**၁၉၇၆-၇၈** – စန္ဒာဦး ယဉ်ကျေးမှုဇာတ်အဖွဲ့တွင် ဇာတ်ညွှန်းနှင့်ဒါရိုက်တာအဖြစ် လုပ်ကိုင်။ (၁၉၇၇မှစ၍ စာပေရေးသားခြင်းဖြင့် ရပ်တည်)

**၁၉၈၃-၈၈** – သဘင်မဂ္ဂဇင်းတွင် တာဝန်ခံစာတည်း၊ စာတည်းချုပ်အဖြစ် လုပ်ကိုင်။

**၁၉၉၉-၂၀၀၀** – ရွှေပြည်တန်ဂျာနယ်၊ အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်။

**၁၉၉၉မှ ယနေ့ထိ** – ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင် ပြင်ပစာစစ်မှူး၊ ဇာတ်သဘင်ပညာဌာန၊ အကြံပေးပညာရှင်အဖြစ် တာဝန်ယူ။

# မာတိကာ

~~~~~~~~

BURMESE CLASSIC


၁။ စစ်သူကြီးဒလဗန်း ၅

၂။ မထိပူရပုရပိုက် ၅၅

၃။ ကုမ္ဘဝတီရုပ်ပုံလွှာ ၁၁၄

၄။ နေဖြူတွင်.. ၁၇၄

၅။ အရှိမဒ္ဒနပူရမိုးကောင်းကင် ၂၀၇

၆။ ဘိုးရဲ့အမှောင်တိုက်ထဲက အလင်း ၂၄၇

၇။ ကာဠမုဒ္ဒရက္ခိတ ၂၉၂




www.burmeseclassic.com
~~~~~~~~

www.burmeseclassic.com

# စစ်သူကြီး ဒလဗန်း

*စစ်တွင် အနိုင်ရရေးသည် အဓိကဖြစ်၏။*
*ရန်သူကို ချေမှုန်းရန် မိမိက အောင်ပွဲခံရန်အတွက်*
*အထူးထူးအပြားပြားသော သေနင်္ဂတို့ဖြင့် စီမံကြကုန်၏။*
*ဤသို့…*
*'အနိုင်' အတွက် ကြိုးပမ်းကြရာ၌*
*သူရဲကောင်းတို့၏ ကျင့်ဝတ်၊ လူသားတို့၏ ဂုဏ်သိက္ခာ၊*
*ယောကျ်ားမြတ်တို့၏ အရည်အသွေးများကို*
*ရင့်ကျက်ပြည့်ဝစွာ ရှေ့တန်းတင်လျက်-*
*စစ်ပွဲဝင်ခဲ့သော သူရဲကောင်းများ ရှိခဲ့ဖူး၏။*
*ထို သူရဲကောင်းတို့၏ အမည်သတင်းသည်*
*တစ်ဘက်ရန်သူ နှလုံးထဲ၌ပင်*
*ကောင်းခြင်းဂုဏ်တို့ဖြင့် ထိုက်တန်စွာ နေရာရခဲ့ကြသည်။*
*ထိုသူရဲကောင်းများအနက်တွင်-*
*'စစ်သူကြီး ဒလဗန်း'*
*သည်လည်း တစ်ယောက်အပါအဝင်ဖြစ်၏။*

---

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com

၁။

ကြားလိုက်ရသောသတင်းကို ရုတ်တရက် မယုံနိုင်။

စစ်မြင်း၊ တိုက်ဆင်၊ ရဲလှေ၊ မီးပေါက်သေနတ်ကိုင် တပ်မကြီးများ၊ စစ်တံခွန်များ၊ စစ်မောင်း၊ စစ်တံပိုးသံများ။ ထို့နောက် အဲမောင်း၊ ဓားရှည်၊ ဒူးလေး၊ လှံ၊ ကာ၊ အလုံးစုံသော စစ်၏အခင်းအကျင်း၊ စစ်၏အဆင်တန်ဆာတို့သည် အမြင်အာရုံမှ၊ အသိစိတ်ထဲမှ၊ နှလုံးသည်းပွတ်ထဲမှ တဖြည်းဖြည်း တိုးမှိန်ပြယ်လွင့် ပျောက်ကွယ်သွားနေသည်။

အခါခပ်သိမ်း စစ်တွင်မွေးလျှော်၊ စစ်တွင်ပျော်ပိုက်ခဲ့လေသော စစ်သွေးအလျှံတို့လည်း အတုံ့အနှားမရှိ လှည့်ပတ်စီးဆင်းနေခဲ့ကြရာမှ ရုတ်ခြည်းတန့်ရပ်သွားသည်။

လူ့မှန်းသိစကတည်းက ကမ္ဘာလောကတွင် 'စစ်' မှတစ်ပါး အခြားဘာကိုမှ မဝင်စား၊ နားမလည်ခဲ့သော စစ်စိတ်စစ်သွေးသည် ပထမဆုံးအကြိမ်အဖြစ် စစ်ကို မုန်းတီးစက်ဆုပ်သွားသည်။

အခြားမလပ် တရစပ် လှည့်ပတ်နေသော စစ်သည်တော်သွေးသည် ကြားလိုက်ရသော သတင်းစကားကြောင့် တုံ့ဆိုင်းသွားသည်။



'ဒါ အမှန်ပဲလား'

'အမှန်ပါပဲ တပ်မင်း'

'ဒီသတင်း သယ်ဆောင်လာတဲ့ သဝဏ်ကို ဘယ်သူ့အမိန့်နဲ့ ငါ့ဆီ ပို့လိုက်တာလဲ'

'ဥပရာဇာရဲ့အမိန့်ပါ တပ်မင်း'

'ဘာ၊ ဥပရာဇာရဲ့ အမိန့်'

'ဟုတ်၊ ဟုတ်'

ပြင်းထန်လွန်းသော ဒေါက်ငမ်းသံသည် တဲနန်း၏အမိုးတည့်တည့်နေရာမှ မိုးကြိုးပစ်ခွင်းလိုက်သည့်အလား ကျယ်လောင်စွာပေါ်ထွက်လာသဖြင့် ခြေမြန်တော်ရဲမက်မှာ တစ်ကိုယ်လုံး တုန်သွားလေသည်။

'ပြီးတော့ ဘာမှာလိုက်သေးလဲ'

'ဒီ၊ ဒီသဝဏ်ပေးလိုက်ဖို့ပါပဲ တပ်မင်း'

ဒလဖန်းမျက်နှာကို ရဲမက် မကြည့်ရဲတော့။ ရဲမက်၏ နှုတ်ခမ်းပြင်သည် ကြမ်းနှင့်ထိမတတ် ဖြစ်နေသည်။

'ယုတ်ညံ့တဲ့ ဒီဖြစ်ရပ်ကို ဆောင်ယူလာဖို့ကလွဲပြီး တခြား ဘာသတင်းမှ ခင်းတို့ ဥပရာဇာက မပေးလိုက်ဘူးတဲ့လား'

ဥပရာဇာ၏သဝဏ်လိပ်သည် ဒလဖန်းလက်ထဲတွင် အထပ်ထပ်အလွှာလွှာ ကြေမွနေချေပြီ။ ဒလဖန်းသည် စုချေဆုပ်လုံးထားသောသဝဏ်လိပ်ကို ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်သည်။

'ဒါပဲ မဟုတ်လား၊ သွားတော့'

ဒလဖန်း၏အမိန့်သံဆုံးလျှင်ဆုံးချင်းမှာပင် ရဲမက်သည် ဒူးတုပ် ဖျပ်ဝပ်နေရာမှထကာ ရှေ့မျှောက်မှ ပြေးထွက်သွားလေသည်။

'ထွီ'

စက်ဆုပ်ရွံရှာစွာသော တံတွေးထွေးသံကို ရဲမက်သည် ခပ်လှမ်းလှမ်းနေရာမှပင် ကြားသွားရလေသည်။

ဒလဖန်းသည် ခါးချပ်မှ ဓားရိုးကို တင်းကျပ်စွာဆုပ်ကိုင်ကာ တဲအပြင်သို့ ငူစူးရဲ့ကြည့်နေလိုက်သည်။ ချုပ်ညသည်းဆာ၏ ပျောတော့အလင်းရောင်အောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် မြင်နေရသော တပ်စခန်းမြင်ကွင်းသည် တစ်ခါမျှ သည်လောက် အရုပ်ဆိုး အကျည်းတန်ခြင်း မရှိဘူးခဲ့။

မည်းမှောင်နီကြန်သောကောင်းကင်ကို နောက်ခံပြုနေသည့် စစ်တံခွန်များ၊ တိုက်ဆင်တို့၏ အရိပ်မည်းမည်းများ၊ အဲမောင်းထိပ်မှ ပန်းပွားများသည် ခါတိုင်း အချိန်မှ ဒလဗန်းအတွက် ဘယ်အခါကြည့်ကြည့် တက်ကြွစရာအပြည့်။

မြင်းခေါင်းဆီမှ လက်ရွေးစင် စစ်မြင်းကြီးများ၏ မာန်ဖီသောဟီသံများကို ကြားလိုက်ရတိုင်း ဒလဗန်းတစ်ကိုယ်လုံးတွင် ကြက်သီးမွေးညင်းထမတတ် စိတ်လှုပ်ရှားရစမြဲ။

စစ်အိပ် စစ်နှား တံပိုးခရာသံတို့ ကြားလိုက်ရလျှင်လည်း ဘယ်သို့သော စေချင်းတွန်ရိုလာသံနှင့်မျှ မလဲနိုင်အောင် အကြည်နူး ရွှင်လန်းခဲ့စမြဲ။

ဒလဗန်းသည် လောကတွင် စစ်တိုက်ရန် မွေးဖွားလာသူ။

ဒလဗန်းအတွက် အလှဆုံးမြင်ကွင်းသည် စစ်မြေပြင်။

အချိုသာဆုံး အသံသည် စစ်ပွဲဝင်တပ်သားတို့၏ ကြွေးကြော်သံ။

အလတ်ဆတ်ဆုံး လေပြည်ဟူသည်မှာ သွေးနံ့သင်းသော စစ်တလင်းနံ့။

စစ်မှတစ်ပါး အခြားခင်တွယ်စရာ၊ စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာ၊ မွေ့လျော်ပျော်ပါး နားခိုစရာဟူ၍ မရှိ။

စစ်သာလျှင် ဖမိ၊ စစ်သာလျှင် ဘဝလောက၊ စစ်သာလျှင် အသက်ရှင်သန် နေထိုင်ခြင်း၏အဓိပ္ပာယ်။

သို့သော်··

ယခုမူကား ဒလဗန်းအတွက် စစ်သည်လောကတွင် စက်ဆုပ်စရာအကောင်းဆုံးသော အိပ်မက်ဆိုးကြီးအဖြစ်သို့ ပြောင်းလဲသွားသည်။

ဆန့်ကျင်ဘက်သို့ ပြောင်းလဲသွားသည့် ကြီးမားသော အပြောင်းအလဲ။

အခင်တွယ်ဆုံး၊ အမွေ့လျော်ဆုံး၊ အပျော်ပါးဆုံးအရာသည် စက်ဆုပ်စရာအကောင်းဆုံး၊ မုန်းတီးရွံရှာစရာအကောင်းဆုံးအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ။

ဤအပြောင်းအလဲသည်လည်း ဒလဗန်းထံတွင် တဖြေးဖြေးတမြေ့မြေ့ အခြေတည်ခဲ့ရာမှ တစ်စတစ်စ ပြောင်းလဲသွားခြင်းမျိုးမဟုတ်။ ရုတ်တရက်ချက်ချင်း ဖြစ်ပေါ်သွားသည့် အပြောင်းအလဲ။ ကြီးမားသော ထိုပြောင်းလဲမှုကို တစ်မဟုတ်ချင်း





ဖြစ် ပေါ်စေသည့်အရာကား၊ ဥပရာဇာ၏ သဝဏ်ဖြစ်လေသည်။

ဒလဗန်းသည် မျက်စိအစုံကို ခဏဉ်းစွာမှိတ်လိုက်သည်။ သို့သော် သဝဏ်လွှာပေါ်မှ စာလုံးများက အာရုံတွင်ပျောက်မသွား။ ထိုစာလုံးများ၏ နောက်ကွယ်မှ အကြောင်းခြင်းရာတို့သည်လည်း လွင့်ပြယ်မသွား။ နာကျည်းခြင်းဖြင့် ပြည့်နေသော နှလုံးသွေးစက်တိုင်းတွင် သဝဏ်ပါစာလုံးများ အရိပ်ထင်နေသည်။ ဖျောက်ဖျက်မရ။

ဘယ်လောက်ကြာအောင် မျက်လုံးအစုံကိုမှိတ်ရင်း တဲနန်းဝတွင် ရပ်နေသည်မသိ။ နူးညံ့သောအထိအတွေ့တစ်ခု၏ လှုပ်ခါမှုကြောင့် မသိမသာ ယိမ်းယိုင်သွားတော့မှပင် ဒလဗန်း မျက်စိပြန်ဖွင့်သည်။

'နောက်မှာ ရပ်နေရင်းနဲ့ အမောင့်ကိုခေါ်နေတာ ကြာလှပြီ။ အမောင့်နောက်မှာ မြပန်း ရောက်နေတာလည်း ကွမ်းတစ်ယာညက်တောင် ရှိတော့မယ်။ အမောင် ဘာတွေစဉ်းစားနေတာလဲ'

ရှေ့ဘက်သို့ လာထိုင်သည်။

မမြင်တတ်သောကြည့်ခြင်းဖြင့် ဒလဗန်း မလှုပ်မရှား စကားမဆို ရှိလေသည်။

'အမောင် နေမကောင်းဘူးလားဟင်··မျက်နှာကြီးလည်း နီနေတယ်။ အို··မျက်လုံးတွေလည်း နီရဲလို့ပါလား'

ပါးပြင်၊ နဖူးစပ်၊ လည်တိုင်များဆီသို့ နုညက်သော လက်ဖဝါးတို့ ထိတွေ့သုံးသပ်လာသည်ကို ခံစားရသည်။ သို့သော် မလှုပ်မရှားစကားမဆို။

'ဟင် အမောင်··ဘာဖြစ်နေတာလဲ'

စကားမတုံ့။

'မြပန်း··မြပန်း··ကြောက်လာပြီ'

တုန်ရင်အက်ကွဲသော ဝမ်းခေါင်းသံကြီးတစ်ခု ဒလဗန်း ရင်ခေါင်းထဲမှ ထွက်လာသည်။

'ဒါ ဖတ်ကြည့်'

လက်သီးဆုပ်ထဲမှ တွန့်ကြေနေသော သဝဏ်လိပ်ကိုသာ ဒလဗန်း လှမ်းပေးလိုက်သည်။ ထို့နောက် လက်ချောင်းများကြားထဲသို့ မျက်နှာကို နှစ်မြှုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သဝဏ်လိပ်ဖြန့်သံ ကြားရသည်။ ရှေ့မှောက်တွင် ဤသဝဏ်လိပ်ကို ဖွင့်လျက်သား ထပ်မတွေ့ချင်တော့။

တို့ကြောင့်··

'မြပန်းခက် မိန်းကလေး၊ သဝဏ်ကိုမဖတ်ပါနဲ့တော့။ အလွန်ကြောက်စရာ စက်ဆုပ်စရာကောင်းတဲ့ အကြောင်းအရာတွေ ဒီသဝဏ်ထဲမှာရှိနေတယ်။ ပေးစမ်း။ အဲဒီ သဝဏ်လိပ်'

ဒလဗန်းသည် သဝဏ်ကိုဆွဲယူကာ အနီးရှိမီးတိုင်မှ မီးတောက်များပေါ်သို့ ပစ်တင်လိုက်သည်။

'အမောင်··ဘာတွေလဲ။ ဘာအဓိပ္ပာယ်လဲ။ မြပန်း ကြောက်တယ်'

သဝဏ်ကို လောင်ကျွမ်းလိုက်သော မီးတောက်များကြောင့် တဲနန်းအတွင်း ပို၍တောက်ပသော အလင်းရောင်တို့ လင်းဖြန့်သွားသည်။ ထိုအလင်းထဲမှ ထင်ရှားစွာတွေ့နေရသောအလှတွင် ထိတ်လန့်တုန်လှုပ်ခြင်းတို့ အထင်းသား ပေါ်လွင်နေချေသည်။

'မြပန်းခက်'

'ရှင့်'

'မင်း ဘာမှမသိရှာဘူးနော်'

'ဘာမှမသိလို့ မြပန်း ကြောက်တာပေါ့ အမောင်။ အဲဒီ သဝဏ်ထဲမှာ ဘာတွေပါသလဲဟင်။ ဘယ်သူ့ဆီက သဝဏ်လဲ။ သဝဏ်လိပ်တစ်ခုလုံးလည်း တွန့်ကြေလို့'

'မင်းသိချင်နေသလား။ အေးလေ··မင်း သိခွင့်ရှိတာပေါ့ မိန်းကလေးရယ်။ မင်းဟာ ဒလဗန်းရဲ့ချစ်သူ၊ ဥပရာဇာရဲ့ သမီးတော်ပေပဲ'

'အို··ဥပရာဇာရဲ့သမီးတော်ဆိုတဲ့ စကားအသုံးကို မြပန်း မကြားချင်ပါဘူး။ အမောင်ရဲ့ချစ်သူ၊ တပ်မင်း ဒလဗန်းရဲ့ချစ်သူဆိုတာ တစ်ခုတည်းနဲ့ မြပန်းခက်ရဲ့ လောက ပြည့်စုံပါတယ်'

နှုတ်ခြင်း၏ဂုဏ်ဖြင့် ထူးခြားစွာလှပသော မြပန်းခက်သိစေရအောင် ဒလဗန်း တိတ်တဆိတ် သက်ပြင်းချလိုက်သည်။ သို့သော် ဒလဗန်း၏သက်ပြင်းချသံလေး ပင် ပြင်းထန်လွန်းသဖြင့် မြပန်းခက် ကြားသွားလေသည်။





'အမောင်··အမောင့်စိတ်နှလုံး မသာမယာဖြစ်နေလောက်အောင် ဒီသဝဏ်က ဘာတွေ··'

'ကျုပ် ပြောပြမယ် မြပန်းခက်၊ ဒီသဝဏ်က မင့်ခမည်းတော်ဆီက သဝဏ်ပဲ'

'အို··ခမည်းတော်ဆီက'

'ဟုတ်တယ်၊ အကြောင်းအရာက'

ဒလဗန်း စကားမဆက်နိုင်။

'ပြောလေ အမောင်'

'သူတို့ မဟာဓမ္မရာဇာဓိပတိကို သုတ်သင်ပစ်လိုက်ကြပြီ'

'အို··အင်းဝဘုရင်ကို သုတ်သင်ပစ်လိုက်ကြပြီ'ဟုတ်လား။ သူဟာ စစ်ရှုံးသုံ့ပန်းမဟုတ်လား။ သူ ဘာလုပ်နိုင်မှာမို့လဲ'

မြပန်းခက်၏ ရိုးသားသောမေးခွန်းသည် ဒလဗန်း၏နှလုံးကို ရိုက်ပုတ်လိုက်သည့်အလားပင်။

'ဟုတ်တယ်၊ မင်းပြောတာမှန်တယ်။ သူဘာမှ မလုပ်နိုင်ဘူး။ သူဟာ ကျုပ်တို့ရဲ့ သုံ့ပန်းဖြစ်တယ်။ ဒီမယ် နားထောင်စမ်း မြပန်းခက်၊ စစ်ဆိုတာဟာ အနိုင်အရှုံးရလဒ်အတွက် တစ်ဘက်နှင့်တစ်ဘက် အသက်ချင်း သွေးချင်းလဲရတာပဲ။ ရန်သူနဲ့မိမိ ဦးသူသတ်စတမ်းပဲ။ ဒါပေမဲ့ စစ်ရဲ့သားကောင်း စစ်သူရဲတို့ လိုက်နာရမယ့် စစ်စည်းကမ်း၊ စစ်ဥပဒေသကို စစ်သည်တိုင်း လိုက်နာရမယ်။ စစ်တိုက်သူတိုင်းဟာ စစ်ရဲ့နိယာမကို ရိုသေရတယ်။ သူရဲကောင်းတို့ရဲ့ စစ်ပွဲဆိုတာဟာ သူတွေကို အဓိပ္ပာယ်မဲ့ သတ်ဖြတ်နေတာမဟုတ်ဘူး'

ဥပရာဇာ၏သမီးတော် မြပန်းခက်သည် ငြိမ်သက်စွာ နားထောင်နေလေသည်။

'စစ်မြေပြင်မှာ ကြိုက်ရာလက်နက်နှင့် ရန်သူ့အသက်ကို သုတ်သင်နိုင်တယ်။ ရန်သူ ဆင်၊ မြင်း၊ ရထားတပ်တွေကို ကြိုက်ရာသေနင်္ဂနဲ့ ချေမှုန်းခွင့်ရှိတယ်။ နည်းဗရိယာယ် စစ်မာယာ ကြိုက်သလိုသုံးနိုင်တယ်'

ဒလဗန်း၏ ကြီးမားကျယ်ပြန့်သော ရင်အုပ်ကြီးသည် လေလှိုင်းသော မြစ်ရေပြင်ထက်က လှိုင်းလုံးကြီးများပမာ နိမ့်မြင့်လှုပ်ရှားနေသည်။ မေးကြောကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထနေသော၊ နှုတ်ခမ်းတင်းတင်းစေ့ထားသော၊ မျက်လုံးနီရဲပြူးကြောင်နေသော ဒလဗန်း၏မျက်နှာသည် ကြောက်မက်ဖွယ်ခက်ထန်နေသည်။

'စစ်မှာ လိုက်နာအပ်တဲ့ဥပဒေသတွေရှိတယ်။ ကျုပ်တို့တစ်တွေဟာ သူ့ရဲ့ကောင်း ပီသစွာ စစ်ပွဲဝင်နေကြသူများဖြစ်တယ်။ ဒါပေမဲ့၊ အခုတော့..'

မီးတိုင်မှ မီးတောက်များကို ဒလဗန်း စူးစိုက်ကြည့်ပြန်သည်။

'မင်းရဲ့ခမည်းတော်နဲ့တကွသော ဟံသာဝတီအကြီးအကဲများဟာ စစ်သည်တော်ကောင်းများရဲ့စည်းကမ်းကို ချိုးဖောက်လိုက်ကြပြီ၊ မြပန်းခက်'

'ခမည်းတော်နဲ့ ဟံသာဝတီအကြီးအကဲတွေ..ဟုတ်လား'

'ဟုတ်တယ်၊ အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိကို ကျုပ်တို့ စစ်သုံ့ပန်းအဖြစ်၊ ဆွေတော်မျိုးတော်တွေနဲ့တကွ လက်ရဖမ်းဆီးခေါ်ဆောင်ခဲ့တယ်။ နန်းကျဘုရင်၊ စစ်ရှုံးဘုရင်၊ မဟာဓမ္မရာဇာဓိပတိဟာ အတောင်ကျွတ်ငှက်၊ အစံကျွတ်ခရုနဲ့ ဘာမှ မခြားဘူး။ ဒါပေမဲ့ သူတို့က အခု အင်းဝဘုရင်ကို ရေမှာမျှောက်မျက် သုတ်သင်ပစ်လိုက်ကြသတဲ့၊ ထွီ'

ရုတ်တရက်မှ ဒလဗန်းကို မြပန်းခက် နားမလည်နိုင်အောင်ဖြစ်သွားသည်။ အင်းဝဘုရင်သည် ရန်သူ။ ရန်သူအကြီးအကဲကို သုတ်သင်လိုက်ခြင်းအတွက် ဘာကြောင့် ဒလဗန်း သည်မျှဆောက်တည်ရာမယ့် ပေါက်ကွဲပြင်းထန်နေရသနည်း။

'မြပန်းခက်..နားထောင်စမ်း။ စစ်ပွဲမှာ ဘုန်းကြီးရဟန်း၊ သူလျှိုမဟုတ်သူ၊ သာမန်တိုင်းသူပြည်သား၊ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးငယ်၊ သက်ကြီးရွယ်အို၊ မိမိထံ ဒူးထောက်ခိုဝင်လာသူ၊ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိလာသူ၊ လက်တုံ့မပြန်သူတွေကို မသတ်ရဘူး၊ နားလည်လား။ ဒါဟာ ကျုပ်နဲ့တကွ မင်းရဲ့ခမည်းတော်အပါအဝင် ကျုပ်တို့ဟံသာဝတီစစ်သည်တော်တွေအားလုံး သိရှိနားလည်ထားတဲ့ စစ်သည်တော်ရဲ့ကျင့်ဝတ်။ အခု ဒါကို သင်တို့ ချိုးဖောက်လိုက်ကြပြီ။ သုံ့လည်းဖြစ်၊ စစ်ရှုံးဘုရင်လည်းဖြစ်တဲ့ မဟာဓမ္မရာဇာကို သုတ်သင်လိုက်ကြခြင်းဟာ လောကမှာ အရုပ်အဆိုးဆုံး၊ အယုတ်ညံ့ဆုံး၊ သစ္စာအမဲ့ဆုံး၊ ရှက်စရာအကောင်းဆုံးဖြစ်ရပ်ပဲ'

ဒလဗန်းသည် ပြောရင်းဖြင့် ရှုံးသွပ်သွားသူပမာ မြပန်းခက်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ပြန်သည်။ ထို့နောက် မြပန်းခက်၏ပခုံးနှစ်ဘက်ကို တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်နယ် ခါယမ်းပြန်သည်။



'ရန်သူခေါင်းဆောင် အလောင်းဘုရား ကြားသွားရင် ဘယ်လောက်ရှက်စရာကောင်းလဲဆိုတာ မင်း စဉ်းစားကြည့်စမ်း၊ စဉ်းစားကြည့်စမ်း'

'မြပန်း ဒါတွေနားမလည်တတ်ပါဘူး အမောင်ရယ်၊ မြပန်းကို ဒီလိုမကြည့်ပါနဲ့၊ ဒီလိုမအော်ပါနဲ့။ မြပန်း ကြောက်ပါတယ်'

မြပန်းခက်၏မျက်ဝန်းအိမ်တွင် မျက်ရည်စများဝိုင်းလာသည်။ ထိုအခါဝင် ဒလဗန်းလည်း မိမိ၏အပြုအမူ ဘယ်လောက်ခက်ထန်နေပြီကို သတိရသွားဟန်ဖြင့် မြပန်းခက်ပခုံးပေါ်က လက်နှစ်ဘက်ကို ပြန်ခွာလိုက်သည်။

မြပန်းခက်သည် အားငယ်တတ်သော မိန်းမသား။ ကြောက်တတ်သော၊ နူးနယ်သော၊ စစ်ကိုရွံ့မုန်းသော မင်းသမီးငယ်။

'ခွင့်လွှတ်ပါ မြပန်းရယ်၊ ကျုပ်စိတ်တွေ သိပ်ထိခိုက်ပြီး ရင်ထဲက ဒေါသကြောင့် ဘာကိုမှမဆင်ခြင်နိုင်အောင် ဖြစ်သွားတယ်'

ဒလဗန်းသည် မြပန်းခက်ရှေ့မှခွာကာ၊ ကျောခိုင်းလျက် တဲနန်းဝဆီသို့သွားရပ်လိုက်သည်။ ကြီးမားကျယ်ပြန့်သော ကျောပြင်ကိုကြည့်ရင်း မြပန်းခက် အားငယ်ထိတ်လန့်စွာ တွေးမိနေသည်။

ဟံသာဝတီ၏ သူရဲကောင်းများအနက်တွင် ဒလဗန်းသည် ထိပ်ဆုံးအဆင့်မှ ရှိနေသူ။ မင်းကြီးဗညားဒလနှင့် ခမည်းတော်ဥပရာဇာတို့၏ လက်ရုံးတစ်ဆူ အားကိုးအားထားပြုရသူ။

ဒလဗန်းသည် လောကအတွင်းသို့ စစ်တိုက်ရန်အတွက် မွေးဖွားရောက်ရှိလာသူ။ ထိုသို့သောသူကိုမှ ကြီးစွာသောသံယောဇဉ်ဖြင့် ချစ်ခင်တွယ်တာမိလေသော မိမိ။

စစ်နှင့် ခွဲခြားမရသူ ဒလဗန်း။ စစ်ကို ထိတ်လန့်ရွံ့မုန်းတတ်သော မိမိ။ ထွာခြားလွန်းလှသော သည်နှစ်ယောက်၏အကြားမှ ခိုင်မြဲသောအချစ်။

'အမောင်'

'ပြော၊ မြပန်း'

ဒလဗန်းက လှည့်မကြည့်ဘဲ စကားပြန်ဆိုသည်။

'မြပန်းဟာ အရာရာကို ထိတ်လန့်ကြောက်ရွံ့နေတတ်တဲ့ မိန်းမငယ်တစ်ဦးပါ အမောင်။ ဒါပေမဲ့ အမောင့်ကို မြပန်း ဘယ်လောက် တမြတ်တနိုးချစ်သလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အမောင် သိပါတယ်'

'အင်း'

'အခုဖြစ်နေတဲ့ ဟံသာဝတီနဲ့ အင်းဝအရေး၊ ရွှေဘိုသားတွေနဲ့ အရေးတွေကိုလည်း မြပန်း နားမလည်ဘူး။ မြပန်းသိတာကတော့ အလုံးအရင်းကြီးစွာနဲ့ တစ်ဘက်နဲ့တစ်ဘက် ကြောက်မက်ဖွယ်စစ်ကို တိုက်နေကြတယ်။ ဒီစစ်ကြီးကို အမြန်ဆုံး ပြီးသွားစေချင်တယ်။ ဒါပဲ မြပန်းသိပါတယ်'

'ကျုပ် နားလည်ပါတယ်လေ'

'မြပန်းဟာ ဟံသာဝတီဥပရာဇာရဲ့ သမီးတော်ဆိုပေမယ့်လည်း ထီးနန်းအရေးတွေကို စိတ်မဝင်စားတတ်သူပါ။ ဒီလောကမှာ မြပန်းသိတာ တစ်ခုပဲရှိပါတယ်။ အဲဒါက..'

ဒလဗန်း ပြန်လှည့်လာသည်။ မြပန်းခက်ကို စူးရှစွာကြည့်သည်။

'အမောင့်ကို မြပန်း ချစ်တယ်ဆိုတာပဲ'

'ကျုပ်သိတယ် မြပန်း'

'ဒါကြောင့် အမောင် စိတ်မချမ်းမမြေ့ဖြစ်နေတာကို မြပန်း မမြင်ရက်ဘူး။ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် အမောင်စိတ်ချမ်းသာစွာရှိနေစေဖို့ပဲ မြပန်းနားလည်တယ်။ ဘယ်တော့၊ အခုအရေးမှာ အမောင်စိတ်ချမ်းသာအောင် မြပန်း ဘာလုပ်ပေးရမလဲဟင်'

'မင်း ဘာမှမလုပ်ပေးနိုင်ပါဘူး အချစ်ရယ်'

'အမောင် ဘာလုပ်မလဲ၊ အခု အမောင် ဘယ်လိုစီစဉ်ချင်သလဲ။ အမောင့်အစီအစဉ်အတိုင်း မြပန်းလိုက်နာပါ့မယ်။ မြပန်းအတတ်နိုင်ဆုံးက ဒါပါပဲ'

ရှိုက်သံတစ်စွန်းတစ်စ ပေါ်လာသည်။

မြပန်းခက်၏နဖူးဆံစကို ဒလဗန်းက ညင်သာစွာပွတ်သပ်ပေးသည်။ မှေးမှိတ်လိုက်သော မျက်လွှာအောက်မှ မျက်ရည်ပေါက်များသည် ပါးပြင်ထက်သို့ လိမ့်ဆင်းလာကြလေသည်။

'မငိုနဲ့ မြပန်း၊ စစ်ဆိုတာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထဲရဲ့ဆန္ဒဖြင့် ရွေးချယ်မှုကြောင့် ပေါ်ပေါက်လာတာမဟုတ်ဘူး။ လူတွေအများကြီးရဲ့ လိုအပ်စွာဖြစ်ပေါ်သော ကံကြမ္မာတစ်ရပ်ပဲ။ စစ်ရယ်လို့ဖြစ်လာရင် တစ်ဘက်က ရှုံးရမှာပဲ။





တစ်ဘက်က နိုင်ရမှာပဲ။ အဲ့ဒီအရှုံးအနိုင်ကလည်း လူတစ်ဦးတစ်ယောက်အပေါ်မှာ မတည်ဘူး။ စစ်သူကြီးဒလဗန်းဆိုတဲ့ အမောင်တစ်ယောက်တည်းအပေါ်မှာလည်း မတည်ဘူး။ လူတွေအများကြီးနဲ့ စခဲ့တဲ့စစ်ဟာ လူတွေအများကြီးရဲ့ ပယောဂနဲ့ပဲ ပြီးဆုံးရပေမှာပဲ။ ဒီလောက်ပဲ မြပန်း နားလည်ထားတော့။ အခုတော့ မြပန်း အနားယူလိုက်ဦး။ တစ်ချိန်ချိန်မှာတော့ အမောင့်ကို မြပန်းကူညီနိုင်တဲ့အခြေအနေ ဖြစ်ပေါ်လာပါလိမ့်မယ်။ ကဲ..ကဲ..သွားအနားယူတော့ကွယ်'

တဲနန်းထဲမှ မြပန်းခက် ထွက်သွားသောအချိန်တွင် ကင်းတပ်သားများပင် ညဉ့်လယ်ယံ လူစောင့်လဲနေကြပြီ။

ဒလဗန်းသည် တွန့်ကြေနေသော သဝဏ်လိပ်ကို တဲအလယ်မှ မီးပုံထဲသို့ ပစ်ထည့်လိုက်လေသည်။

သဝဏ်လိပ်ကို ဝါးမျိုရင်း ကြီးထွားလာသော မီးလျှံတို့အကြားတွင် လွှင့်ခဲ့သောနှစ်များဆီက ရုပ်ပုံလွှာများ ဒလဗန်း၏အာရုံသို့ ရိုက်ခတ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

၂.

ဟံသာဝတီမင်းထံ ကွေ့ခေါင်းဆောင် ကျွန်ပ်၏ ဂုဏ္ဍာအိန် ချစ်ကြည်စွာ သဝဏ်လွှာ ရောက်သည်မှာ-

*မဟာဓမ္မရာဇာဓိပတိသည် လူစွမ်းလူစချိုးသော ဘုရင်ဖြစ်သည်နှင့်အညီ အင်းဝလည်း လျော့ရဲနေသည်ကို အစ်ကိုတို့အသိ ဖြစ်၏။ အစ်ကိုတို့က ဆင်မြင်းသေနတ်၊ စိန်ပြောင်းအလုံးအရင်းနှင့်တက်လာပြီး၊ ကျွန်ပ်ကလည်း အင်းဝကို အထက်မှ ဆော်ဖန်ကွပ်ညှပ်သည်ရှိက၊ အင်းဝသည် ကျွန်ပ်တို့လက်မှ လွတ်နိုင်အံ့လော။*

သဝဏ်ကို အလယ်မှာထား၍ မင်းကြီးဗညားဒလ၊ ဥပရာဇာစစ်သူကြီး ဒေါ်စွယ်စယက်နှင့် စစ်သူကြီးဒလဗန်းတို့ အပြင်းအထန်ဆွေးနွေးငြင်းခုံရသည်။

သဝဏ်ပါအကြောင်းအရာများမှာ အမှန်ဖြစ်သည်။ မဟာဓမ္မရာဇာဓိပတိသည် အင်းဝ၏ဝန်းကျင်အနှံ့အပြားတွင် ပေါ်ပေါက်နေသော ထီးပြိုင်နန်းပြိုင်တို့ကို စုစည်းနိုင်သည့်အရည်အချင်းမရှိသည်လည်းအမှန်။ ယင်းသို့သောအချိန်တွင် ဟံသာဝတီ တပ်အနေဖြင့် အထက်သို့ချီ၍ လုပ်ကြံရန် အခွင့်သာသည်လည်းအမှန်။

သို့သော်

ဒလဗန်းက ပြတ်သားစွာဆိုလေသည်။



'ကျုပ် ဒီ ဂုဏ္ဍာအိန်ဆိုတဲ့လူကို မယုံဘူး။ ဒီအချက်ဟာ ဒီသဝဏ်ကို ငြင်းပယ်ဖို့အတွက် အလုံအလောက်ဆုံးနဲ့ တစ်ခုတည်းသောအကြောင်းပဲ'

'ခေါင်းဆောင်တစ်ယောက်ကို မယုံခြင်းနဲ့ အင်းဝကို ချီတက်တိုက်ခိုက်ခြင်းဟာ သိပ်တော့မဆိုင်လှဘူးနဲ့တူတယ် ဒလဗန်း'

ဒေါ်စွယ်စယက်က ငြင်းခုံသည်။

'လုံးဝဆိုင်တာပေါ့ ဒေါ်စွယ်စယက်။ ဂုဏ္ဍာအိမ်ဟာ အမျိုးသာသနာနဲ့ အဉ်ကျေးမှုတွေကို ဖျက်ဆီးပြီးမှ အဲဒီအပျက်အစီးပုံပေါ်မှာ ခေါင်းဆောင်နေရာ ထက်ယူခဲ့တဲ့ လူယုတ်မာပဲ။ ဖရန့်စစ်နဲ့ ကုလားဖြူတွေ မိစ္ဆာဒိဋ္ဌိဖြစ်တာက ၁ာဘာဝ ကျတယ်။ သင်တို့က ရေခြား၊ သွေးခြား တစ်နိုင်ငံသားတွေပဲ။ အခု ဒီကောင်က ကျုပ်တို့ ဟံသာဝတီသား။ အင်းဝသားတွေနဲ့ ရေတူမြေတူ သွေးတူ မျိုးတူချင်းပဲ။ တွေ့လူမျိုးဆိုတာ တစ်နိုင်ငံသားမဟုတ်ဘူး၊ ယောဒီ နိုင်ငံသား။ ဒါပေမဲ့ ဂုဏ္ဍာအိန်ဟာ ဖရန့်စစ်နဲ့ ကုလားဖြူတို့ထက် အောက်မကျတဲ့ ဖျက်ဆီးမှုတွေကို လုပ်ခဲ့တယ်။ သင်းဟာ စစ်သည်ကောင်းလည်း မဟုတ်ဘူး။ ဒီလိုလူမျိုးနဲ့ မဟာမိတ်လုပ်ရင် ကျုပ်တို့ ဟံသာဝတီသားတွေရဲ့ ဂုဏ်အသရေ ပြည့်စုံမှုမှာပဲ'

'တစ်ခုတော့စဉ်းစားရလိမ့်မယ် ဒလဗန်း'

ဥပရာဇာက တွေးတွေးဆဆဝင်ပြောသည်။ ဟံသာဝတီဥပရာဇာမှာ စင်စစ် မင်းကြီးဗညားဒလနှင့်ပင် အသက်ချင်း မတိမ်းမယိမ်းရှိနေပေပြီ။

'ဒီအချိန်ဟာ အင်းဝကို လုပ်ကြံဖို့ အရေးအသာဆုံးပဲ'

'မှန်တယ်၊ ဒါပေမဲ့ ဂုဏ္ဍာအိန်နဲ့ မပူးပေါင်းသင့်ဘူး'

မင်းကြီးဗညားဒလက ဒလဗန်းကို မျက်မှောင်ကြုတ်၍ကြည့်သည်။ မင်းကြီးဗညားဒလမှာ ဟံသာဝတီထီးနန်း၏ ရာဇပလ္လင်ပေါ်သို့ရောက်ခဲ့သည်မှာ မကြာသေး။ အဝေါ်ကြီးဘဝမှ ဘုရင်ဖြစ်လာသောကြောင့် မင်းကြီးဗညားဒလမှာ လက်ရုံးရည် အထူး၌ နှလုံးရည်အရာလောက် ထက်မြက်ခြင်းမရှိသေး။

စင်စစ် ဒလဗန်းသည်သာ စစ်ရေး၌ အရင့်ကျက်ဆုံး၊ အကြွယ်ဝဆုံးဖြစ်လေသည်။

'ဒလဗန်း၊ ဘယ်လိုသေနင်္ဂ ချချင်သလဲ'

မင်းကြီး ဗညားဒလက ဆိုသည်။

www.burmeseclassic.com



'အင်းဝကို မလုပ်ကြံခင်မှာ ပြည်နဲ့မြေလတ်တလွှားက နယ်ပယ်မြို့ရွာတွေကို ဦးစွာသိမ်းပိုက်ရမယ်။ အဲဒီဒေသတွေမှာ ဟံသာဝတီတပ်တွေ အင်အားခိုင်မာပြီးမှ အင်းဝအရေးကို စီမံသင့်တယ်'

'ဂုဏ္ဍာအိန္ဒကတော'

ဒေါ်မွှယ်စေယကက သဝဏ်ကို ပြန်သိမ်းရင်းပြောလေသည်။

'စစ်သည်ကောင်းဟာ သူနိုး၊ ဓားမြန်နဲ့ ဘယ်တော့မှ မပူးပေါင်းဘူး ဒေါ်မွှယ်စေယက်'

အင်းဝ၏နယ်စွန် ပတ်ဝန်းကျင်မြို့ငယ် ရွှေငယ်လေးများကို နိုင်ထက်ကလူညှင်းဆဲတိုက်ခိုက်ခြင်း၊ စေတီပုထိုး ဌာပနာများကိုဖောက်ခြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ဝတ်မကျန် လုယူခြင်း၊ မလိုအပ်ဘဲ ဇနပုဒ်သားများစွာကို သတ်ပစ်ခြင်း စသော ဂုဏ္ဍာအိန္ဒ၏သတင်းများကို သိထားပြီးဖြစ်သောကြောင့် ဒလဗန်း၏စကားကို မည်သူမျှ မငြင်းနိုင်ကြ။

ထိုညဆွေးနွေးပွဲသည် ဒလဗန်း၏ အဆုံးအဖြတ်အတိုင်း ပြီးဆုံးသွားခဲ့သည်။

သို့သော် သည်အရေးကတည်းက ဒလဗန်းရင်မှာ တစ်စုံတစ်ခုသော ကြောင့်ကြမှုပါဒမှု ဝင်ရောက်ခဲ့ပါသည်။ ထိုကြောင့်ကြမှုအတိုင်း တစ်နေ့သောအခါ ဖြစ်မလာပါစေနှင့်ဟုလည်း ဒလဗန်း ဆုတောင်းခဲ့သည်။

ဆုတောင်း ပြည့်-မပြည့် ဆိုသည်မှာကား။

❖❖❖

ဒုတိယအကြိမ်မှာ ဥပရာဇာနှင့် ပတ်သက်သည်။

ပြည်နှင့်မြေလတ်ဒေသတို့ကို ဟံသာဝတီတပ်တို့ အမိအရ သိမ်းပိုက်ခဲ့ပြီးပြီ။

ယခုအခါ အင်းဝမြို့ရိုးလည်း ကျိုးပေါက်ပြီ။ မြို့ရိုးမုခ်အနီးတွင် ဒလဗန်းရှိနေသည်။ မြင်းထက်မှနေ၍ စစ်ပွဲ၏အပြီးသတ်မြင်ကွင်းကို ဒလဗန်း ကြည့်နေသည်။ မကြာမတင်က ပြီးသွားခဲ့သော အင်းဝနှင့်ဟံသာဝတီ၏ နောက်ဆုံးစစ်ပွဲတွင် အင်းဝသည် အထိနာစွာ ကျရှုံးခဲ့လေသည်။

ဟံသာဝတီတပ်သားတို့သည် အင်းဝ၏ အမြောက်၊ စိန်ပြောင်းများကို လှည်းဖြင့်တွန်းကာ မြို့ပြင်သို့ သယ်ယူလာကြသည်။ ယမ်းငွေ့တို့ မစဲတတ်သေးသော နံနက်ခင်းလေပြည်ကို ဒလဗန်း အားပါးတရ ရှူရှိုက်လိုက်သည်။





စစ်ရှုံး အင်းဝစစ်သည်သံ့တို့ မြို့ရိုးအတွင်းမှ အစုလိုက် အသုတ်လိုက်ထွက်လာကြသည်။ သံ့တို့၏ ဝဲယာနှစ်ဘက်တွင် ဟံသာဝတီ မြင်းစီးစစ်သည်များက ကြွားဝင့်စွာ လိုက်ပါလာကြသည်။

'မင်း နားပါဦးလားကွာ'

နောက်ဘက်မှအသံကြောင့် ဒလဗန်း လှည့်ကြည့်လိုက်သည်။

ဦးရိုးတော် ဒေါ်တောအိုင်။

ဦးရိုးတော်သည် ဝဲယာနှစ်ဘက်ဖြင့် မီးပေါက်သေနတ်များကို တပွေ့တပိုက်သယ်လာသည်။ နံနက်စောစောမှာပင် ဦးရိုးတော်၏မျက်နှာပြင်တွင် ချွေးပေါက်များ သီးနေသည်။ ကိုယ်ကျပ်ဝတ်ရုံဝတ်မထားသည့် အသားဖြူသော ဦးရိုးတော်၏ကိုယ်အထက်ပိုင်းတွင် သွေးစသွေးနများကို အတိုင်းသားတွေ့နေရသည်။

'မင်း မအိပ်တာ နှစ်ရက် နှစ်ညလုံးလုံးရှိပြီ ဒလဗန်း။ အဲ၊ ဒီအင်းဝတိုက်စတိုက်ကတည်းက မဟုတ်လား'

'ဦးရိုးတော်ကကော'

'အင်း၊ အဲ၊ အေး··ငါလည်းအတူတူပဲလေ၊ ဟား··ဟား'

ကွမ်းသွေးတို့ဖြင့် မည်းနက်နေသောသွားများကိုဖြဲကာ ဦးရိုးတော် အားပါးတရ ရယ်သည်။

'ကျုပ် မနားနိုင်သေးဘူး။ အင်းဝတိုက်ပွဲပြီးသွားပေမယ့် အရေးအကြီးဆုံး အလုပ်တစ်ခုကျန်သေးတယ်။ ကျုပ် ဒါကြောင့် ဒီမုခ်ဝက စောင့်နေတာ'

သံ့ပန်းတစ်သုတ် ထွက်လာပြန်သဖြင့် ဒလဗန်း နောက်ဆုတ်ပေးလိုက်ရသည်။ အင်းဝစစ်သည် သံ့ပန်းတို့မှာ ဒဏ်ရာမရသူဟူ၍မရှိ။ အားလုံး သွေးသံရဲရဲဆိုစဉ် စစ်သည်တစ်ယောက် ဒလဗန်း၏မြင်းရှေ့တွင် မှောက်လျက်လဲကျသွားသည်။

ဒလဗန်း မြင်းပေါ်မှဆင်းကာ လဲကျသွားသော အင်းဝစစ်သည်အနီးသို့ ဒူးထောက်လိုက်သည်။ ထို့နောက် စစ်သည်ကို ပက်လက်လှန်လိုက်ပြီး ခါးချုပ်မှ ရေဘူးကိုဖြုတ်၍ နှုတ်ခမ်းဝသို့ကပ်ပေးလိုက်သည်။

ဒဏ်ရာရစစ်သည်မှာ ငယ်ရွယ်လွန်းသူဖြစ်ချေသည်။

ရေကို အငမ်းမရသောက်ရင်း မျက်လုံးများကိုဖွင့်ကြည့်သည်။

'ခင်ဗျား၊ မွန်စစ်သူကြီးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ရဲခက်၊ ရေသောက်လိုက်ဦးလေ'

'တော်ပြီ၊ ကျေးဇူးတင်…'

ဈက်လုံးပိတ်ကာ စက်ကျိုးကျသွားသည်။ ထိုအခါမှပင် စစ်သည်ကလေး စောင်းခုံဒေတ်ရာဆီမှသွေးများ ပွက်ခနဲထွက်အန်ကာ ဒလဖန်း၏ ကိုယ်ကျပ်တစ်ခုလုံး ပေကျံသွားတော့သည်။

ဒလဖန်း မြင်းပေါ်ခုန်တက်လိုက်သည်။

'ဟော့…အကြပ်တွေ၊ သွေးသောက်တွေ၊ တပ်မှူးတွေ၊ အနာသည်းတဲ့ သူ့တွေကို လမ်းမလျှောက်စေနဲ့၊ မြင်းဆွဲရထားနဲ့တင်ပြီး ခေါ်၊ ရထားပေါ်မှာ ချက်ချင်း ဆေးဝါးပေး'

မြို့ရိုးထဲမှ သုံ့ပန်းများကား တစ်သုတ်ပြီးတစ်သုတ် ထွက်လာကြခဲ့။

'ဒလဖန်း၊ မင်းစောစောကပြောတာ ဘာလဲ'

'ဟင်၊ ဦးရီးတော် မသွားသေးဘဲကိုး'

ဦးရီးတော် ဒေါထေအိုင်က ဒလဖန်း၏မြင်းဇက်အနီးသို့ တိုးကပ်လာသည်။

'စောစောက မင်းပြောတဲ့ အရေးကြီးတဲ့ကိစ္စဆိုတာဘာလဲ'

ဦးရီးတော် ဒေါထေအိုင်ကား စင်စစ် ဟံသာဝတီတစ်တပ်လုံးတွင် လူ့ တောင် အကြီးထွားဆုံး၊ ခွန်အားအသန်ဆုံး၊ ဓားလှံအကျွမ်းဆုံး စစ်သည်ကြီး ဖြစ်သည်။ သို့သော် ဦးရီးတော်ဒေါထေအိုင်၌ ချွတ်ယွင်းချက်နှစ်ခုရှိသည်။

မီးပေါက်သေနတ် မကိုင်တတ်ခြင်းနှင့် နှလုံးရည်၌ ညံ့ဖျင်းလှခြင်းတို့ပင်။

'မင်းတို့သေနတ်က ကိုင်ရတွယ်ရ၊ ပစ်ရခတ်ရ အလုပ်ရှုပ်သကွာ။ လက်ထဲမှာ အားပါးတရလည်းမရှိဘူး' ဟု ဦးရီးတော်က ပြောတတ်သည်။

ထို့ကြောင့်ပင် ဒလဖန်း စစ်သူကြီးဖြစ်လာသည်အထိ ဦးရီးတော် ဒေါထေအိုင်ကို အကြပ်ဗိုလ်ထက် ပိုမြင့်သောအဆင့် မပေးခဲ့နိုင်ရှိလေသည်။ သို့သော် ဒေါထေအိုင်ကလည်း သူ့အဆင့်အရာတွင် ကျေနပ်သည်။

'စစ်တိုက်ရ ပြီးသာပဲပ' ဟု ဆိုတတ်သည်။

'ဟော…အေး၊ ပြောလေကွာ ဒလဖန်း။ မင်းပြောတဲ့ အရေးကြီးတဲ့ကိစ္စ'

'အရေးကြီးတာပေါ့ ဦးရီးတော်။ ခဏနေရင်'

ဒလဖန်း၏စကားမဆုံးမီမှာပင် မြို့ရိုးမုခ်တွင်းဆီမှထွက်လာသော အစုတစ်စု





ကို တွေ့လိုက်ရသောကြောင့် ဒလဖန်း မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

'ကျုပ် ပြောစရာမလိုတော့ဘူး ဦးရီးတော်။ အခုပဲ မြင်ရတော့မယ်'

မြို့ရိုးမုခ်ဝဆီသို့ ဒေါထေအိုင် လှမ်းကြည့်လိုက်သည်။

ဟံသာဝတီစစ်သည် အစောင့်ထူထပ်စွာ။

တပ်၏ရှေ့တွင် မင်းကြီးဗညားဒလကိုယ်တိုင်။ မင်းကြီးဗညားဒလဘေးတွင် ဥပရာဇာ။ ဥပရာဇာ၏နောက်တွင် စစ်သူကြီးဒေါ်စွယ်စယက်။ မြင်းကိုယ်စီ။

သူတို့နောက်တွင် ဝေါထမ်းရဲမက်များ။

ဝေါပေါ်တွင်-

'အား၊ အင်းဝဘုရင်ပါလား'

ဒေါထေအိုင် ရေရွတ်လိုက်သည်။

အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတီသည် စစ်ရှုံးသုံ့ဘုရင်အဖြစ် မြို့ရိုးအတွင်းမှ ထွက်လာခဲ့ပြီ။ ဝေါက ဒလဖန်းတို့ရှေ့သို့ရောက်လာသည်။ ဒလဖန်းက လက်ကို မြှောက်ယမ်းပြလိုက်သဖြင့် ဝေါထမ်းတို့ ရပ်လိုက်ကြသည်။ ဒလဖန်းသည် ဝေါအနီးသို့ လက်အုပ်ချီရင်း တိုးကပ်သွားလေသည်။

'ကျွန်တော် ဒလဖန်းပါမင်းတရား။ မင်းတရားဒဏ်ရာ အနာတစ်စုံတစ်ရာ ရှိခဲ့ဘူးလို့ မျှော်လင့်ပါတယ်'

ဝေါပေါ်မှ မဟာဓမ္မရာဇာဓိပတီကား စကားတုံ့ပြန်မဆိုဘဲ ဒလဖန်းကို ပြူး ကြောင်သောမျက်လုံးအစုံဖြင့် ကြည့်နေသည်။ အင်းဝဘုရင်၏မျက်နှာမှ သွေးဆုတ် ဖြူရော်နေသည်ကို တွေ့ရလေသည်။

'ဟံသာဝတီမှာ ကောင်းစွာစံနိုင်ဖို့ ကျွန်တော်တို့ စီမံထားကြပါတယ်၊ မင်းတရား အလိုတော်ရှိသမျှကိုလည်း ခိုင်းစေနိုင်ပါတယ်'

မင်းကြီးဗညားဒလက အမိန့်ပေးလိုက်သဖြင့် ဝေါပြန်လည်ရွေ့လျားသည်။ ဒလဖန်း နောက်သို့ဆုတ်လိုက်သည်။ ဝေါ ဆက်လက်ထွက်ခွာသွားလေသည်။

'အင်းဝဘုရင်ဟာ အတော်ကြောက်နေပုံရတယ်ကွ'

ဦးရီးတော်ဒေါထေအိုင်က ပြောသည်။

'ဟုတ်တယ်၊ သွေးနည်းတာတော့အမှန်ပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူဟာ ဘုရင်ပဲ ဦးရီးတော်။ စစ်ရှုံးဘုရင်၊ စစ်သုံ့ပန်းဘုရင်တစ်ပါးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မစ်းပြောတဲ့ အရေးကြီးတဲ့ကိစ္စဆိုတာ အင်းဝဘုရင်နဲ့တွေ့ဖို့ မင်း စောင့်နေတဲ့ကိစ္စကို ပြောတာလား'

'ဟုတ်တယ်'

'ခု နင်က စကားပြောချင်လို့လား'

'ဟုတ်တယ်'

'ဒါများကွာ'

'ဦးရီးတော် နားမလည်ပါဘူး'

'ဟော--အေး ငါ့ဘ။ အေးပါကွာ--နားလည်း မလည်ချင်ပါဘူး။ ကိုင်း--သွား ... စီးပေါက်သေနတ်တွေ သွားသယ်ရဦးမယ်'

ဦးရီးတော် ဒေါထောအိုင် ထွက်သွားသည်။

အင်းဝမြို့တွင်းဆီမှာ ပေါက်ကွဲသံကြီးတစ်သံ ကြားလိုက်ရသည်။

လက်နက်တိုက်ကို အပြီးတိုင် မီးရှို့လိုက်ခြင်းဖြစ်ကြောင်း ဒလဗန်း သိသည်။

အင်းဝကို လက်ဝယ်ပိုင်ပိုင်ရပေပြီ။

မဟာဓမ္မရာဇာဓိပတိလည်း ဟံသာဝတီသို့ပါချေပြီ။

ဒလဗန်း မြင်းဇက်ကို ကျုံးတံတားဆီသို့ လှည့်လိုက်သည်။

အင်းဝမှာ တပ်စွဲပြီးနောက် နောက်ထပ်ဆင်နွှဲရမည့်ပွဲများနှင့်ပတ်သက်၍ မင်းကြီးဗညားဒလ၊ ဥပရာဇာတို့နှင့် ဆွေးနွေးကာ သေနင်္ဂျုတ်ရဦးမည်။

❖❖❖

ဥပရာဇာ၏တပ်မကြီးသည် ဒလဗန်းမျက်စိအောက်မှာပင် ပျောက်ကွယ်သွားလေသည်။ တပ်မကြီး၏ နောက်ဆုံးမြင်းစီးတပ်၏အစွန်ဆုံး ကြက်သွေးရောင်တံခွန်များသည် ဝေး၍ သေးငယ်ရာမှ ပျောက်ကွယ်သွားသည်။

ဒလဗန်း ခေါင်းကို ဖြည်းညင်းစွာခါယမ်းသည်။

ဝဲဘက်တွင် ဦးရီးတော် ဒေါထောအိုင်။

ယာဘက်တွင် စစ်သူကြီး ဒေါစွယ်စယက်။

သူတို့လည်း စကားတစ်လုံး မဟနိုင်ကြ။ မြင်ကွင်းမှ ပျောက်ကွယ်သွားသော ဥပရာဇာ၏ တပ်မကြီးဆီသို့ ငေးနေကြသည်။

'မြို့ထဲ ပြန်ဝင်ကြစို့ကွာ'





ဦးရီးတော် ဒေါထောအိုင်က စတင်ပြောသည်။ အင်းဝမြို့တွင်းသို့ ပြန်ဝင်ကြသည်။ ကျုံးတံတားတစ်ဘက်တစ်ချက်စီမှ အစောင့်လုံ့ရှည်ကိုင် ရဲမက်တို့သည် ဒလဗန်းကို တိတ်ဆိတ်စွာ ငေးကြည့်နေကြသည်။

'ဒီလောက်ထိ တင်းမာသွားခဲ့မယ်မထင်ဘူး ဒလဗန်း'

ဒေါစွယ်စယက်က အံကြိတ်လျက်ဆိုသည်။

'ကျုပ် မတတ်နိုင်ဘူး'

ဒလဗန်းက တင်းမာစွာ ရေရွတ်လေသည်။

'ခင်ဗျား သူ့ကို အသာအယာ ဖျောင်းဖျပြောသင့်တယ်'

'ကျုပ် အကျေအလည်ရှင်းပြခဲ့တာပဲ ဒေါစွယ်စယက်။ အောက်အရပ်က ပြည်။ ထားဝယ်ဒေသတွေရဲ့အရေးဟာ မြောက်ဘက်တလွှား ဒေသတွေလောက် အရေးမကြီးသေးကြောင်း ကျုပ် အသေအချာရှင်းပြခဲ့တာပဲ။ ဥပရာဇာခေါင်းမာတာတိုတော့ ကျုပ်မတတ်နိုင်ဘူး'

'အေး၊ ဥပရာဇာကလည်း ခေါင်းမာတယ်။ မင်းကလည်း မလျှော့ဘူး'

'သေနင်္ဂအနေနဲ့ ကျုပ်မှန်တာပဲ ဦးရီးတော်။ ဘာကြောင့် လျှော့ရမလဲ။ အခု အင်းဝကို ကျုပ်တို့ရတာ ဘာကြာသေးလို့လဲ။ ဒီအချိန်မှာ အင်းဝကို ဝမ်းဗိုက်ပြုပြီး မြောက်ဘက်တလွှားကို နေသားတကျရှိအောင် သိမ်းသွင်းယူရမှာ။ နေသားတကျမရှိချိန်မှာ ဥပရာဇာက အင်းဝမှာမနေဘဲ တပ်ခွဲနှုတ်ပြီးပြန်သွားတာဟာ လုံးဝမှားတယ်'

'အင်း'

'အခု မုဆိုးဖိုက ဦးအောင်ဇေယျဟာ အခိုင်အလုံလုပ်နေတယ်။ သူ့အန္တရာယ်ဟာ မသေးဘူး။ တခြားဒေသမြို့ရွာတွေက ကျုပ်တို့ကို သစ္စာခံတယ်။ မုဆိုးဖိုက သစ္စာမခံဘူး။ ဦးအောင်ဇေယျဟာ မုဆိုးဖိုကို အမာခံပြုပြီး အင်အားကြီးထွားလာနိုင်တယ်။ ဒီအထိ ဥပရာဇာကို ကျုပ်ရှင်းပြခဲ့တယ်မဟုတ်လား'

'ဟုတ်ပါတယ်ကွာ'

နန်းတော်လှေကားခုံသို့ ရောက်လာကြသည်။

ဥပရာဇာ နှုတ်ယူသွားသည့်အတွက် တပ်အင်အား တစ်ဝက်လျော့သွားသောကြောင့် အင်းဝမြို့တွင်းရှိ ဟံသာဝတီတပ်တို့မှာ ခြောက်သွေ့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းအသာစဝက် လျှော့ပါးသွားခြင်း၏ အားငယ်မှုကို တပ်သားတိုင်း သိသိသာသာ ခံစားနေကြရသည်။

'ဒီမှာ ဦးရိုးတော်နဲ့ ဒေါ်စွယ်စယက်'

ဒလဖန်းက လှေကားထစ်၏ အောက်ဆုံးခုံတွင်ခြေတင်ရင်း ပြန်လှည့်လိုက်သည်။

'အခု ကျုပ်တို့ပြည်နဲ့ အင်းဝကိုရလိုက်တာမှ ဘာများခက်ခက်ခဲခဲတိုက်ခဲ့ကြရလို့လဲ။ အလွယ်တကူရလိုက်တာ မဟုတ်လား။ ပြည်သား၊ အင်းဝသားတွေ လူညံ့ညံ့လို့မဟုတ်ဘူး။ သင်တို့ခေါင်းဆောင်ညံ့လို့ မဟာဓမ္မရာဇာဓိပတိ လုပ်ရည်ညံ့လို့။ ဒါကို ဥပရာဇာ နားလည်ဖို့ကောင်းတယ်'

'ဒီလောက်တော့ ဥပရာဇာ နားလည်လောက်ပါရဲ့ကွာ'

'ခေါင်းဆောင်ညံ့လို့ သူတို့ အလျှော့အရှုံးဖြစ်နေတာ။ မုဆိုးဖိုက ဦးအောင်ဇေယျဟာ အခုကြားရတဲ့သတင်းတွေအရဆိုရင်တော့ လက်ရုံး၊ နှလုံးထက်တဲ့ ခေါင်းဆောင်ဖြစ်နိုင်တယ်။ ကျုပ်တို့ သူနဲ့ပွဲတက်ရလိမ့်မယ်ထင်တယ်'

'ပွဲကောင်း တွေ့ရတာပေါ့ကွာ'

ဦးရိုးတော် ဒေါ်ထောအိုင်က တက်ကြွစွာပြောသည်။

'ကိုင်း၊ ဒေါ်စွယ်စယက်၊ ဒီညတော့ ကျုပ်တို့ စောစောလူစုခွဲကြရအောင်။ ဥပရာဇာအကြောင်းလည်း မေ့ထားလိုက်ကြစို့။ သူနဲ့ သူ့တပ်မရှိလည်း ကျုပ်တို့ ရှိတဲ့ တပ်တွေနဲ့ပဲပေါ့'

'ဒါဖြင့် ကျုပ်သွားမယ်'

ဒေါ်စွယ်စယက် မြင်းပေါ်သို့ခုန်တက်ကာ သူ့တပ်ဘက်သို့ ကဆုန်ကစိုင်းသွားသည်။

'ဦးရိုးတော် မသွားနဲ့ဦး'

'ဟော၊ ဘာကိစ္စ'

'ဦးရိုးတော်ကို ကျုပ် နက်ဖြန် ခရီးထွက်ခိုင်းစရာရှိတယ်'

'ခရီး၊ ကောင်းတယ်။ ငါလည်း ဒီမြို့ရိုးထဲမှာ ဒီအတိုင်းမနေချင်ဘူး။ ပြောစမ်း၊ ပွဲကောင်းလေးများရနိုင်မလား'

'အလွန်ကောင်းတဲ့ ပွဲရလိမ့်မယ်'





'ဟုတ်လား၊ ပြောစမ်းပါ၊ ဘယ်သွားရမလဲ'

'မုဆိုးဖို'

'မုဆိုးဖိုဟုတ်လား‥ဦးအောင်ဇေယျနယ်ကိုလား'

'ဟုတ်တယ်၊ တံခွန်အဖြူနဲ့အပြာ ယူသွားရမယ်။ မုဆိုးဖိုမှာ ဦးအောင်ဇေယျ ထန်းလုံးတပ် တည်ထားတယ်။ တပ်ထဲအထိ အကြည်အသာဝင်ရမယ်'

'ပြီးတော့‥'

'ပြီးတော့၊ ကျုပ်ပေးလိုက်တဲ့ သဝဏ်ကိုပြ'

'မင်းက ဦးအောင်ဇေယျကို ဘာသဝဏ်ပေးလိုက်မလို့လဲ'

'သစ္စာပေးတဲ့ သဝဏ်'

'သြော်၊ သြော်‥'

'မတ္တရာမှာ တပ်စွဲနေတဲ့၊ ဟိုလူဆိုးလူမိုက် ဂုဏ္ဏာအိန်လည်း သဝဏ်ပေးပြီး သစ္စာခံခိုင်းတယ်လို့သိရတယ်။ ဂုဏ္ဏာအိန်ရဲ့သစ္စာကို မခံဘူးလို့ သူတို့ ပြန်ကြားလိုက်တယ်'

'ဟုတ်လား၊ တို့သစ္စာကကော'

'ကျုပ် ထင်တယ်၊ ဦးအောင်ဇေယျ ခေါင်းခါမှာပါပဲ'

'ဟား၊ အဲဒီတော့ ငါက သင်တို့ထန်းလုံးတပ်ကို ဖျက်ချလိုက်မှာပေါ့'

'မတိုက်နဲ့၊ ဒီအတိုင်း ပြန်လာခဲ့။ အဲ‥အပြန်လမ်းမှာတော့ ဦးရိုးတော် ရှောင်လင့်တဲ့ ပွဲကောင်း ပေါ်ချင်ပေါ်လိမ့်မယ်။ သတိဝီရိယနဲ့သာ ပြန်လာခဲ့ပေတော့'

'စိတ်ချမါ၊ ဒလဖန်း'

'ဦးအောင်ဇေယျကိုတော့ သတိထား ဦးရိုးတော်'

ဒလဖန်း၏ ကြိုတင်တွက်ချက်မှု အားလုံးမှန်သည်။

မုဆိုးဖိုသို့ ထွက်ခွာသွားသော ဒေါ်ထောအိုင်၏တပ်မှာ အပြန်ခရီးတွင် လမ်းမှ ဖြတ်အတိုက်ခံရပြီး ဦးရိုးတော်ဒေါ်ထောအိုင်တစ်ယောက်သာ အသက်ရှင်လျက် ပြန်ရောက်နိုင်ခဲ့သည်။

'ဒလဖန်းရေ‥မင်းပြောတာမှန်သကွ။ ဂုဏ္ဏာအိန်ကလည်း လာပြီးသစ္စာပေးသတဲ့။ အဲဒါကို ဦးအောင်ဇေယျက ဖြစ်ရွှတ်လိုက်တယ်။ မင်းသဝဏ်ကိုလည်း ခေါင်းခါပြတယ်။ ဘယ်သူ့သစ္စာမှ ကျုပ်မခံဘူး။ သာသနာပြု မင်းမြတ်တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် ကြီးစားမယ်လို့ ဘုရားမှာ သစ္စာဆိုထားသတဲ့။ အဲဒီ သစ္စာတစ်ခုပဲ သူ့မှာရှိသတဲ့။ အပြန်ကျတော့ ဟန်လင်းမြို့တောင်ဘက်ကနေ ဆီးတိုက်တော့တာပဲ။ သင်းတို့ မားရေး၊ မြင်းရေး တယ်ကောင်းသကွာ။ အငိုက်မိသွားလို့သာ ငါ့လူတွေ အရှုံး ကျသွားခဲ့တာ။ ဒီလို သူရဲကောင်းမျိုးနဲ့ တွေ့ချင်သေးတယ်ဟေ့"ဟု ဦးရီးတော် ဒေါ်ထောအိုင်က ပြန်ရောက်ရောက်ချင်း မောကြီးပန်းကြီး ပြောပြခဲ့လေသည်။

ဒလဖန်းသည် နှုတ်ခမ်းကို တင်းကျပ်စွာစေ့လျက် စကားတစ်စုံတစ်ရာ မဆိုဘဲ ဦးရီးတော်၏ ဒဏ်ရာများကို ဆေးကုသစေသည်။

ထိုအချိန်မှစ၍ ဒလဖန်း တစ်ကိုယ်ထီးနေချိန် များလာသည်။ စစ်ရေး အစီအစဉ်ချစရာရှိလျှင် ချသည်။ စစ်ပွဲဝင်စရာရှိလျှင် ဝင်သည်။ ထိုအချိန်များမှအပ ဒလဖန်း လူစုလူဝေးကိုရှောင်သည်။ အထူးသဖြင့်မူ မင်းကြီးဗညားဒလ၊ ဥပရာဇာ တို့နှင့် တွေ့ရာအကြောင်းပေါ်လျှင် ဒေါ်စွယ်စယက်ကိုသာ ကိုယ်စားလွှတ်သည်။

ဟံသာဝတီ၊ အင်းဝ၊ သံလျင်၊ ရေကြောင်း၊ ကြည်းကြောင်း စစ်မျက်နှာ မြင်ကွင်း တစ်စတစ်စ ကျယ်ပြန့်လှုပ်ရှား ရှုပ်ထွေးလာသည်။

စစ်ပွဲပြီး မြေပုံကားချပ်များလည်း ပို၍ကြီးမားလာသည်။

၃။

အကြီးမားဆုံး၊ လေးစားခန့်ညားစရာအကောင်းဆုံးရန်သူနှင့် ချစ်မြတ်နိုးစရာ အကောင်းဆုံးချစ်သူတို့ကို ထိုနေ့တစ်နေ့တည်းမှာပင် ဒလဖန်း တွေ့ကြုံခဲ့ရသည်။

ရန်သူကား ဦးအောင်ဇေယျ။

ချစ်သူကား မြပန်းခက်။

အင်းဝကို သိမ်းပိုက်ထားခဲ့သည်မှာ တစ်နှစ်ခန့်ရှိပြီ။

ထိုကာလများအတွင်း မုဆိုးဖို၏ ပွဲရသတင်းများကလည်း တဖြည်းဖြည်း ထင်ရှားလာပြီ။ ဒေါ်စွယ်စယက်၊ ဦးရီးတော်ဒေါ်ထောအိုင်တို့ခေါင်းဆောင်၍ မုဆိုး ဖိုသို့ အကြိမ်ကြိမ်လုပ်ကြံသော်လည်း အထမမြောက်။

ထိုနေ့တွင် ဒလဖန်းကိုယ်တိုင် ဆင်တပ်၏ရှေ့ဆုံးမှနေကာ မုဆိုးဖိုသို့ ချီသည်။

တိုက်ပွဲသည် နံနက်လင်းအားကြီးမှသည် နေထန်းတစ်ဖျားအထိ သော သောအုတ်အုတ်ရှိနေသည်။ ထန်းလုံးတပ်တံခါးကို အဝေးမှသာ မြင်နေရသည်။ အနီးသို့ မချဉ်းနိုင်။ ထန်းလုံးတပ်အတွင်းမှ မုဆိုးဖိုမြင်းစီးသူရဲများ ရှုပ်ထွေးနေတော့ သည်။ ဆင်ဦးစီး ကျသွားခဲ့ပြီဖြစ်သောကြောင့် ချွန်းမဲ့သောတိုက်ဆင်သည် ဦးတည် ရာသို့သာ ကစဉ့်ကလျား ပြေးလွှားရင်း မြင်မြင်သမျှကို မြှောက်ချီပစ်ခတ်နေသည်။ ဆင်ပေါ်တွင် ဒလဖန်းတစ်ယောက်တည်း။ ဒလဖန်းအနီး ဆင်ကျောကုန်းနှင့် လည် ပင်းတစ်ဝိုက်တွင် မုဆိုးဖိုသားတို့၏ လှံတိုလှံရှည်များ သဲသဲလှုပ်စိုက်ဝင်နေကြသည်။

www.burmeseclassic.com



ဒလဖန်း ဆင်ကျောကုန်းအတိုင်း ခက်ခဲစွာ နောက်ဘက်သို့လျှောဆင်းကာ ရောက်ပြီး တကြိုးမှတွယ်တစ်လျက် အောက်သို့ဆင်းလိုက်ရသည်။ မုဆိုးဖို မြင်းစီးသူရဲတို့ မြင်တွင်းတွင် ဒလဖန်းပျောက်ဆုံးသွားသည်။

ဆင်တိုဝန်းရံ၍ သူတို့ဝိုင်းလိုက်ချိန်တွင် ဒလဖန်းသည် မြင်းပေါ်သို့ ရောက်နှင့်နေပြီ။

မြင်းကို ထန်းလုံးတပ်ဆီသို့ ဇက်ကုန်ဖွင့်လိုက်သည်။ ဒလဖန်း ဆုံးဖြတ်ချက်ထား မုဆိုးဖို လက်မရွံ့တပ်များကို အချိန်ကုန်ခံ၍ ဖောက်မနေတော့။ သည်လိုသာ မျက်နှာဖွင့်တိုက်နေလျှင် အချိန်ကုန်ရုံသာရှိတော့မည်။ သူတို့မြင်းများကို ဖောက်ရန်ခက်လှသည်။ ထို့ပြင် တိုက်ဆင်ထက်မှ မိမိသည် မုဆိုးဖို၏ မီးပေါက်သေနတ်ကိုင် လတ်ဖြောင့်တပ်သားတို့အဖို့ အကောင်းဆုံးပစ်ကွင်းဖြစ်နေမည်။

ထို့ကြောင့်··

စစ်အင်္ဂါကိုစွန့်ကာ တိုက်ပွဲထူထပ်သောမျက်နှာကို ရှောင်ပြီး တောစပ်ကို အသုံးပြု၍ မြင်းနှင့်ပင် ထန်းလုံးတပ်၏ဘေးဘက်ဆီသို့ တိတ်တဆိတ်ဝင်တော့မည်။

တစ်ဦးတည်းသော ရန်သူကိုသာ အဓိကထား၍ သုတ်သင်။

သူကား ဦးအောင်ဇေယျ။

ထနောင်းနှင့် ဆီးဖြူခက်များက မျက်နှာဆီသို့အဟုန်ပြင်းစွာ ပြေးဝင်လာနေကြသည်။ တောကား ဆူးတော။ ကြမ်းရှချွန်မြသော ဆူးကိုင်းများသည် ဝဲမှ ယာမှ၊ ရှေ့မှ နောက်မှ၊ အောက်မှ အပေါ်မှ တစ်ထပ်ပြီးတစ်ထပ်။

သို့သော် မြင်းဇက်ကို မလျှော့သာ။

ဟိုမှာဘက်တွင် တိုက်ပွဲအဟုန်ပြင်းနေစဉ် သည်ဆူးတောလမ်းကို အလျင်အမြန်ဖြတ်ကာ ထန်းလုံးတပ်၏ ဘေးတံခါးသို့ အရောက်သွားရန်သာ အရေးကြီးသည်။

စစ်မြင်းကြီးမှာ မျက်နှာ၊ ဝမ်းဗိုက်၊ လက်ပြင်၊ လည်ပင်း၊ ခြေထောက်ဆီသို့ တဖြောင်းဖြောင်းရိုက်သော ဆူးကိုင်းများ ပြေးရင်း သွေးလန့်နေတော့သည်။ ဆူးတွေကြောင့် လန့်ပြီး ပိုပြေးသည်။ ပိုပြေးသောကြောင့် ဆူးချွန်တို့၏ ထိရှမှု ပိုမိုပြင်းထန်လာသည်။

မြင်းလည်ပင်းကိုကွယ်၍ ဒလဖန်းမျက်နှာဝှက်ကာ လိုက်လာရသည်။ မျက်နှာ





ကို အပြင်မထုတ်ရဲ။ အပေါ်သို့ မမော်ရဲ။ ဆူးခက်များက အချိန်နှင့်အမျှ မျက်နှာတစ်ပြင်လုံးကို ဆုတ်ဖြဲပစ်ကြမည်။

မြင်းလည်ပင်းကို အကာအကွယ်ယူထားသောကြောင့် မျက်နှာတစ်ဝိုက်မှာ အတော်သာရာရသော်လည်း လက်၊ ပခုံးနှင့် ခြေထောက်တို့မှာ ဆူးခြစ်ရာတို့ဖြင့် မြင်ကောင်းပြီ။ တစ်ကိုယ်လုံးမှာ တဖျဉ်းဖျဉ်း ကျိန်းစပ်နာကျင်နေသည်။ ဆူးခြစ်ရာတွေဆီမှ ရဲခနဲ စို့၊ ဖြာခနဲကျသွားသော သွေးစက်တို့၏ ပူနွေးနွေးအတွေကို ခံစားနေရသည်။

အချို့ ဆူးကိုင်းများ ချိတ်လျက်ပါလာသည်။ အချို့ ဆူးချွန်များ အသားထဲသို့ နစ်မြုပ်စိုက်ဝင်လာသည်။ ထိုဆူးချွန်များပေါ်သို့ နောက်ထပ် ဆူးခက်တွေက အရှိန်ပြင်းစွာ ရိုက်ခတ်လိုက်သောအခါ အသည်းထဲအထိ ထိခိုက်သွားသည်။

ဒလဖန်း အံကြိတ်၍ခံသည်။

သွေးလန့်ပြီးရင်း လန့်ရင်း ဇက်မဲ့ ကဆုန်စိုင်းနေသော မြင်းကြီးကို တူရူအရှိန်မှ သွေဖည်မသွားအောင်လည်း ထိန်းပေးနေရသည်။ ဝမ်းဗိုက်ဆီသို့ ခြေဖနောင့်နှင့်အဆက်မပြတ် ခတ်ခတ်ပေးနေရသည်။

ထန်းလုံးတပ်ကို မြင်ရပြီ။

ဆူးခက်တို့ ကျဲလာသည်။ မြင်းလည်ပင်းနောက်မှ မျက်နှာကိုဖော်၍ရလာသည်။ အခြားဘက်မျက်နှာတွင် သဲသဲမဲမဲတိုက်နေသော မုဆိုးတပ်သားတို့ ဒလဖန်းကို မမြင်။

နဖူးသွေးစက်နှင့် ရော၍ကျလာသော ချွေးပေါက်များကြောင့် မျက်လုံးများ ကျိန်းစပ်ကာ အမြင်အာရုံ ဝိုးတဝါးဖြစ်စေခြင်းသည် ကြီးစွာသောအနှောင့်အယှက်ပင်။

သို့သော် အနီရောင်ဖုံးနေသော ဝိုးတဝါးမြင်ကွင်းကို အားပြုကြိုးစား၍ ကြည့်ရင်း ဒလဖန်း အဲမောင်းကို မြှောက်ကိုင်လိုက်သည်။ လိုချင်သည့်အချိန်တွင် ဝစ်ချလိုက်ရန် အဆင်သင့်အနေအထား။

ဦးအောင်ဇေယျရှိနိုင်မည့် နေရာကို စဉ်းစားသည်။

ချက်ချင်းပင် အဖြေရသည်။

ထန်းလုံးတပ်၏ ကင်းမျှော်စင်ထက်မှာ သူ ဦးစီးကွပ်ကဲနေရမည်။ ကင်း



www.burmeseclassic.com

www.burmeseclassic.com



မြှောင်စင်ထက်သို့ လှမ်းကြည့်လိုက်သည်။ အတွေးမှန်လေသည်။

မီးပေါက်သေနတ်ကိုင်တပ်သားနှင့် ဒူးလေးကိုင်တပ်သားများအလယ်တွင် ရပ်နေသည့် သဏ္ဌာန်တစ်ခု။ အခြားသူများထက် ဦးခေါင်းတစ်လုံးစာ ပိုမြင့်ပြီး အရပ်လေးမျက်နှာသို့ အဆက်မပြတ် လက်ညှိုးညွှန်ကာ အော်ဟစ်အမိန့်ပေးနေသူသည်ကား ကြောတ်စရာအကောင်းဆုံး ရန်သူခေါင်းဆောင်။

ကျောက်တုံးများခင်းထားသည့် လမ်းသို့ရောက်ပြီဖြစ်၍ မြင်းခွာသံ တမြောင်းမြောင်း မြည်လာသည်။ သို့သော် စစ်ပွဲသံများဖြင့် ဆူညံနေသည့် ထန်းလုံးတပ်ဆီမှနေ၍ မြင်းခွာသံများကို ကြားနိုင်မည်မဟုတ်။

မြင်းကို စိတ်ရှိတိုင်း စက်တုန်ဖွင့်လိုက်သည်။

ထန်းလုံးတပ်တင်းမြှောင်စင်နှင့် အဲမောင်း တစ်လွှတ်စာသာ ဝေးတော့သည်။ တစ်တွင်းကလည်း လှုပ်ရှားနေသည်။ ကိုယ်နှိုက်ကလည်း လှုပ်ရှားနေသည်။ တစ်ဟုန်ထိုး တချွန်နိုင်း မြင်းထက်မှနေ၍ မတည်ငြိမ်သောပစ်ကွင်းဆီသို့ ပစ်လွှတ်ရမည့် အရေး။ နှစ်ကြိမ်နှစ်ချက် ပစ်လွှတ်နေ၍မဖြစ်။ တစ်ကြိမ်တစ်ချက်တည်းဖြင့် ပြီးမြောက်စေရမည်။

ဒလဖန်းအတွက် လှုပ်ရှားနေသောပစ်ကွင်းနှင့် လှုပ်ရှားနေသော မိမိကိုယ်တိုင်၏အနေအထားမှာ ခက်ခဲသောအရာမဟုတ်။ ပြေးနေသော မြင်းထက်မှနေ၍ ပြေးနေသော မြင်းပေါ်မှ ရန်သူကို မီးပေါက်သေနတ်ဖြင့်၊ အဲမောင်းဖြင့်၊ ဓားမြှောင်ဖြင့် ဒူးလေးဖြင့် အကြိမ်ကြိမ် ပစ်ချခဲ့ဖူးပြီ။ လွဲချော်သောအကြိမ်ဟူ၍ မရှိဘူးခဲ့။

ယခု..

အဲမောင်းရိုးကို လက်ထဲမှလွှတ်ကာနီး မျက်စိတစ်မှိတ်ကာလအတွင်းတွင် မမျှော်လင့်သော အခြင်းအရာတစ်ခုဖြစ်သွားသည်။

ဒဏ်ရာအထပ်ထပ်၊ သွေးအလန့်လန့်မြင်းကြီးသည် အမြင့်ဆုံးအဟုန်ဖြင့် ပြေးရင်း ရှေ့ခြေတစ်ဘက် ကျောက်ချပ်ကြားထဲသို့ ကျသွားခြင်း။

မြင်းကြီး ခြေခေါက်လဲပြီ။ မြင်းပေါ်မှ အဆီးအတားမဲ့ ကစဉ့်ကလျားကျ ဟု သိလိုက်သည့်အသိနှင့် အဲမောင်းကို လွှတ်လိုက်သည်။ လက်တစ်ဖျစ် နောက် မကျစေရ။

သတိကြီးစွာ ကိုယ်ကိုလှည့်လိုက်သောကြောင့် လေထဲမှာ ဘေးစောင်းပဲ





သွားသည်။ အောက်တွင် ကြမ်းရှသော ကျောက်ချွန်ကျောက်ခက်တွေရှိနေသည်။ ဝဲဘက်ပခုံးစွန်းနှင့် ဦးစွာတိုက်ခိုက်မိသည်။ ပခုံးမှ စူးခနဲပူသွားကာ မျက်ခနဲအောင့် သွားသည်။ အသည်းထဲအထိ ခိုက်သောနာကျင်မှု။ သို့သော် နာကျင်မှုအပေါ်သို့ အာရုံရောက်၍မဖြစ်။

မြင်းကြီးကား ခြေထောက်သွင်သွင်ကျိုးပြီ။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ တဟီးဟီး အော်နေတော့သည်။ အလျင်အမြန်စဉ်းစားကာ၊ အလျင်အမြန် ဆုံးဖြတ်ပြီး၊ အလျင်အမြန်ဆောင်ရွက်လိုက်သည်။

ဓားမြှောင်သည် မြင်းကြီး၏လက်ပြင်ထဲသို့ အဆုံးထိနစ်ဝင်သွားသည်။ သွေးများ ဖြာခနဲထွက်ကျသွားပြီး မြင်းကြီး တစ်ချက်မျှတုန်ကာ ငြိမ်သက်သွားသည်။

မြင်းကြီးအတွက် ဝေဒနာတို့၏ လွန်မြောက်ရာ ရသွားပြီ။ ဒလဖန်းအတွက် ကား..။

သွေးများ ရွှဲနစ်နာကျင်နေသော ဝဲပခုံးထက်မှာပင် အားပြုကာ မြင်းအသေ ကောင်၏နောက်သို့ တိုးဝှေ့ပုန်းခိုလိုက်ရသည်။ ခေါင်းပေါ်ရုံမျှဖော်ကာ ကင်းမြှော် စင်ဆီသို့ လှမ်းကြည့်လိုက်သည်။

အဲမောင်းလှံ စွဲဝင်သည့်နေရာသို့။

ဦးအောင်ဇေယျ၏ရှေ့တည့်တည့် ထန်းလုံးတိုင်တွင် အဲမောင်း စွဲဝင်နေသည်။ တိုင်လုံးနောက်မှ ဦးအောင်ဇေယျကား တိုက်ပွဲဝင်မပျက်။ ဟစ်အော် အမိန့်ပေးလျက်။

မြင်းကြီး၏ လက်ပြင်မှ ဓားမြှောင်ကို ဒလဖန်း ဆွဲနှုတ်လိုက်သည်။ မီး ပေါက်သေနတ် ပါမလာခဲ့ခြင်းအတွက် နောင်တရမိသည်။ မီးပေါက်သေနတ်များ ဆင်ထက်တွင် ကျန်ရစ်ခဲ့ပြီ။

ဓားမြှောင်ငယ်သည် နောက်ဆုံးလက်နက်။

ညာဘက်လက်မောင်း အနာတရမရှိခြင်းအတွက် ဝမ်းသာမိသည်။ မြင်း သွေးတို့ဖြင့် ပုံးနွေးဆဲဖြစ်နေသော ဓားမြှောင်ကို လေထဲသို့လွှတ်လိုက်သည်။ စူးရဲ တောက်ပြောင်တွင် လည်ပတ်ပျံသန်းသွားသော ဓားမြှောင်မှာ ပြိုးခနဲပြက်ခနဲ။

ဓားမြှောင်ဆီမှ အလင်းရောင်တို့ထွက်နေခြင်းကို ဒလဖန်း မလိုလား။ ဝင်း ခနဲပြက်ပြက်အလင်းရောင်သည် ရန်သူကို သတိပေးရာရောက်နိုင်သည်။

ဒလဖန်း ထင်သည့်အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်သို့ မျက်နှာလှည့်ကာ တိုက်ပွဲကို ကြီးကြပ်နေသော ဦးအောင်ဇေယျသည် သိမ်းစွန်တို့၏ မျက်လုံးမျိုးဖြင့် တောင်ဘက်ကလာနေသော အလင်းရောင်ကိုမကြည့်ဘဲ မြင်သွားသည်။

ကင်းမျှော်စင်ထက်သို့ ဓားမြှောင်ရောက်သွားသည်။

ရဲမက်တစ်ယောက်ဆီက လွှားကိုဆွဲယူကာ ဓားမြှောင်ကို ကာလိုက်သည်။ ဓားမြှောင်သည် လွှားတွင် စိုက်ဝင်လျက်။

ဦးအောင်ဇေယျ ဓားမြှောင်လာရာလမ်းကို လှည့်ကြည့်လိုက်သည်။ မြင်းအသေကောင်နောက်သို့ ဒလဗန်း ပြားပြားဝပ်ချလိုက်သည်။ သို့သော် နောက်ကျသွားပြီ။ ဦးအောင်ဇေယျ မြင်သွားပြီ။

အော်ဟစ်သံများကို ကြားလိုက်ရသည်။

လက်လွှတ်တိမ်းရှောင်ရုံမှအပ မရှိတော့။

ဒလဗန်း ဝုန်းခနဲထကာ ကျောက်စူး၊ ကျောက်ချွန်၊ ကျောက်ချပ်များပေါ်တွင် တဟုန်ထိုးပြေးသည်။ လာရာလမ်းအတိုင်း။ လေ၏လျင်မြန်ခြင်းဖြင့်။

မီးပေါက်သေနတ်ကျည်များ တဖြောဖြော ကျလာသည်။ အကွေ့အကောက်ပြုကာ ပြေးရသည်။ ဒူးလေး၊ မြားတံများ ပါးပြင်ဘေးမှ၊ ပခုံးထက်မှ၊ ဝမ်းဗိုက်အနီးမှ ဝဲပျံသွားကြသည်။

ဆူးချုံတောအုပ်ဆီသို့ ဒလဗန်း ပြေးသည်။

ကြမ်းတမ်းသော ဆူးခက်များသည် အကောင်းဆုံးအကာအကွယ် ဖြစ်နိုင်သည်။ ဆူးတောထဲသို့အဝင်တွင် နောက်မှ မြင်းခွာသံများကို ကြားရသည်။ သူတို့ မြင်းစီးရဲမက် သုံးပြီ။ ဦးအောင်ဇေယျကိုယ်တိုင်ပင် ပါလာနိုင်သည်ဟု ဒလဗန်း တွက်သည်။

ဆူးတောထဲသို့ ဝင်မိပြီ။ မိမိအတွက် အလုံခြုံဆုံးနှင့် ရန်သူကို အနှောင့်အယှက်အပေးနိုင်ဆုံး နည်းလမ်းကိုစဉ်းစားသည်။ တစ်မုဟုတ်ချင်း အတွေးပေါ်လာသည်။ ထိန်ကိန်းနာကျင်ခြင်းကို လျစ်လျူရှုလျက်၊ မိမိတွင်ရရှိထားသော ဒဏ်ရာတို့ကို မေ့ပျောက်လျက် အကောင်းဆုံးနေရာကို ရွေးလိုက်သည်။

အောက်ခြေမှာ ရှားစောင်း လက်ပတ်ချုံကြီးပိုင်းအုံကာ ပေါက်နေသည့် ထနောင်းပင်ကြီး။ အကိုင်းအခက် အမွှာမွှာရှုပ်ထွေးနေသည်။ အရွက်စိမ်းတို့ ဖား





ဗျားအုပ်ဆိုင်းနေသည်။ ဆူးချွန်တို့လည်းအဝေ။

လက်ဖဝါး၊ လက်ဖျံ၊ လက်မောင်း၊ ရင်အုံ၊ ဝမ်းဗိုက်၊ ခြေသလုံး၊ ခြေကျင်းဝတ်တို့ဆီသို့ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်လာသော ဆူးတို့ကိုပင် လေ့ကျင့်ထားသဖွယ် သဘောထားကာ ဒလဗန်း ထနောင်းပင်ပေါ်သို့ တွယ်တက်သည်။

ဆူးတောစပ်သို့ သူတို့မြင်းတွေ ဝင်လာသည့်အချိန်တွင် ဒလဗန်း ထနောင်းပင်၏ ဆူးချုံထူထပ်သော ကိုင်းဆုံတွင် နေရာရပြီးပြီ။ ရန်သူများ အောက်မှ မမြင်နိုင်သောနေရာ။ ထင်သည့်အတိုင်းပင် ဦးအောင်ဇေယျပါလာသည်။

ထနောင်းရွက်တို့ကြားမှ ကောင်းစွာမြင်နေရသည်။

အရပ်မြင့်မြင့်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ဖန် ကျစ်ကျစ်၊ ခြေတံလက်တံရှည်ရှည်၊ သျှောင်တွင် ဘာကိုမှ ပေါင်းမထား။ မုဆိုးဖိုတပ်၏ ခေါင်းဆောင် ဟူသော အဆောင်အယောင် ဘာတစ်ခုမှမတွေ့ရ။

သို့သော် တင်းမာသောမျက်နှာထား။ စူးရှသော မျက်လုံးနှင့် ခမ်းနားသိုက်မြိုက်သော လှုပ်ရှားဟန်တို့က အားလုံးထဲတွင် ထူးထူးကဲကဲထင်ရှားနေသည်။

နှုတ်ခမ်းမွေးစစအောက်မှ ပိရိသော နှုတ်ခမ်းတို့မှာ တိကျသောအမိန့်ကို အချိန်မရွေး ဖွင့်ထုတ်နိုင်သည့် နှုတ်ခမ်းများဖြစ်ကြောင်း သိသာသည်။

ဆင်ပေါ်မှ ကျစဉ်က၊ မြင်းသေကောင်နောက်မှနေ၍ ဓားမြှောင်နှင့် အဲမောင်းကို လွှတ်ခဲ့စဉ်က၊ မီးပေါက်သေနတ်ကျည်နှင့် မြားတံများရှေ့မှ အသက်လုကာ ပြေးခဲ့စဉ်က ဘာမှ ထူးထူးခြားခြားမခံစားခဲ့ရသော ဒလဗန်း၏ရင်မှာ ယခုမှ တဒိုင်းဒိုင်း ခုန်နေသည်။ နှလုံးခုန်သံကျယ်လွန်းသဖြင့် သစ်ပင်အောက်မှ ရန်သူများ ကြားသွားမည်စိုးကာ ထနောင်းကိုင်းနှင့် ရင်အုပ်ကို ယောင်ယမ်းဖိကပ်ထားလိုက်ရသည်။

ဦးအောင်ဇေယျ။

ကွေ့ဂုဏ္ဍာအိန်နှင့် မိမိတို့ ဟံသာဝတီခေါင်းဆောင်များအားလုံးကို မွှေနှောက်နှောက်ချားနိုင်သည့် မုဆိုးဖိုမှ ဦးအောင်ဇေယျ။

ရန်သူခေါင်းဆောင်ကို နီးကပ်စွာတွေ့နေရသည့်အတွက် ဒလဗန်း ရင်သွေးတို့ ဆူပွက်လာသည်။

သင်းဟာ ဒလဗန်းပဲ။ အရှင်ရအောင်ဖမ်း။ ရန်သူ သူ့ရဲကောင်းကို အချည်းနှီး



www.burmeseclassic.com

www.burmeseclassic.com



အသက်မခံရုံးစေရဘူး'

ဒလဖန်း ကြက်သီးမွေးညှင်းထသွားသည်။

'တိုက်ပွဲကို ကွင်းပြီး သင်း ငါ့ဆီ အရောက်လာတယ်။ ငါ့ကို အဓိကထား ပြီး လုပ်ကြံတာပဲ။ အာဂသွေးဟေ့'

ရှားစောင်းဆူးတောများကို မြင်းများဖြင့် နင်း၍ တဖြောင်းဖြောင်းရှာကြ သည်။ ဦးအောင်ဇေယျသည် အမိန့်ပေးရင်း အပေါ်သို့လည်း မကြာခဏ မော့ကြည့် သည်။ ထနောင်းစိမ်းနှင့် အသွေးရောနေသည့် ကိုယ်ကျပ်ဝတ်စုံကိုပင် ကျေးဇူး တင်ရတော့သည်။

ဒလဖန်း သည်မခံနိုင်တော့။

သူ့အသက် ကိုယ့်အသက် လဲတော့မည်ဟု။

ဝင်ရည်နှင့်အနီးဆုံး ရှားစောင်းချုံစပ်ဘေးရှိ မြင်းစီးရဲမက်တစ်ဦးအပေါ်သို့ တစ်ဟုန်ထိုး ခုန်ချလိုက်သည်။ မြင်းစီးရဲမက် လွင့်စင်ကျသွားသည်။ မြင်းကြီးမှာ ထိတ်လန့်သွားကာ ဒလဖန်းကိုတင်လျက် ကဆုန်စိုင်းသည်။ ဘာမှမကြာလိုက်။ ဒလဖန်း မြင်းပေါ်တွင်ဝပ်လျက် လိုက်ပါသွားရသည်။ မီးပေါက်သေနတ်ကျည်တို့ ဝဲယာပေါ်အောက်မှ ဖြောဖြောပုံသန်းသွားကြသည်။ ဆူးတောထဲတွင် ဖြန့်ရှာနေသော ရန်သူမြင်းများ ရှုတ်တရက် မစုစည်းမိကြ။

သူတို့မြင်းသည်အုပ်စု တဖြောင်းဖြောင်း လိုက်လာကြချိန်တွင် ဒလဖန်း ခပ်လှမ်းလှမ်းသို့ရောက်လာခဲ့သည်။ အသက်ရှင်လွတ်မြောက်ရေးကိုသာ ဒလဖန်း အဓိကထားရတော့သည်။ ကျောပြင်သို့ အချိန်မရွေး ဖောက်ထွင်းထိမှန်လာနိုင်သည့် သေနတ်ကျည်များမှ လွတ်ကင်းရေးသည် အဓိက။

ကြာရှည် ပြေးနိုင်တော့မည်ဟုမထင်။

သို့သော် မမျှော်လင့်သော အဖြစ်တစ်ခုကြုံရသည်။

အသံဝါကြီးနှင့် အော်ဟစ်အမိန့်ပေးလိုက်သံတစ်သံကို နောက်ဘက်မှ သဲ့သဲ့ ကြားလိုက်ရသည်။

'မပစ်နဲ့။ သူ လွတ်သွားပစေ။ သူဟာ သူရဲကောင်း။ နောက်တိုက်ပွဲမှ ငါနဲ့ ရင်ဆိုင်မယ်'

မီးပေါက်သေနတ်များ ရပ်သွားကြသည်။





ဦးအောင်ဇေယျ၏နှလုံးကို ဒလဖန်း နားလည်ခွင့်ရခဲ့လေသည်။ လေးစား အပ်သော ရန်သူခေါင်းဆောင်။

လေးစားအပ်သော ယောကျ်ားကောင်း၊ စစ်သည်ကောင်း။

❖❖❖

အင်းဝတပ်စခန်းသို့ ပြန်ရောက်သောအခါ ညဦးသန်းခေါင်ယွန်းနေပေပြီ။

အားလုံး အံ့အားသင့်သွားကြသည်။ ဒလဖန်း တိုက်ပွဲတစ်နေရာမှာကျခဲ့ပြီ ဟု သူတို့တွက်ထားကြလေသည်။ ဖြစ်ရပ်ကုန်စင်ကို ဒလဖန်း ရှင်းပြလိုက်သည်။ ဒေါ်စွယ်စယက်က-

'ခင်ဗျားကျသွားပြီလို့ ကျုပ်တို့ထင်ခဲ့ကြတာ။ အခုပြန်ရောက်လာတော့ ဘယ်လောက် ဝမ်းသာကြတယ်ဆိုတာ ပြောမပြတတ်ဘူးဗျာ'ဟု အသံတုန်တုန် ဖြင့် ဆိုလေသည်။

ဦးရိုးတော် ဒေါထောအိုင်ကမူ-

'ဒလဖန်းရေ၊ မင်း ဦးအောင်ဇေယျနဲ့တွေ့ခဲ့လို့ အသက်ချမ်းသာလာပါက ကား။ အင်း..ကြုံတတ်ပေတယ်ကွာ။ ရန်သူပေးတဲ့အသက်ပဲ ရှိနေတယ်လို့'ဟု ပြောသည်။

'ကိုင်း၊ နောက်မှ တစ်ခါတည်း နားယူတော့ ဒလဖန်း။ အခု နန်းတော်ထဲ ဝင်လိုက်ဦး၊ ဥပရာဇာ ညနေကပဲ ရောက်လာတယ်'

ဒေါ်စွယ်စယက်က စစ်သည် ဗိုလ်သစ္စာပြောသည်။

ဒဏ်ရာကြီးစွာရခဲ့သည် မဟုတ်သော်လည်း ဆူးခြစ်ရာများက မခံမရပ်နိုင် အောင် ကျိန်းစပ်နေသည်။ ထို့ပြင် လွန်မင်းစွာလည်း မောပိုက်နေသည်။ သို့သော် ဒလဖန်း နန်းတော်ထဲသို့ဝင်ခဲ့သည်။ စစ်ကာလ။ ဒဏ်ရာတစ်ခုခုကြောင့် အသက် ထင်နေသည်ပဲရှိစေ၊ ယခုလိုအချိန်မျိုးတွင် ဟံသာဝတီမှရောက်လာသော ဥပရာဇာ ထံသို့ ဝင်ရမည်။

သို့သော် နန်းတော်အတွင်း တံခါးဝထဲသို့ ခြေတစ်လှမ်းဝင်လိုက်သည့်အချိန် မှာပင် ဒလဖန်း ဒူးများ ညွတ်ကွေးကာ လဲကျသွားသည်။ အဆမတန် မောပိုက် ပင်ပန်းခြင်းကို ဖုံးကွယ်မရတော့။ နှလုံးသည်းခံတွင်းထဲမှ ခုန်ထွက်သွားတော့ မည်အလား။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတွေပြာဝေကာ နန်းတော်တိုင်ကြီးများ တရစပ်လည်ပတ်သွားသည်ကို တရိပ်ရိပ်ခံစားလိုက်ရသည်။ နန်းတော်အတွင်းဘက်မှ ရှိနေသူများကို သဲသဲကွဲကွဲ မမြင်ရတော့။ အရောင်တွေအားလုံး ပူးကပ်သွားကြသည်။ မိမိလဲကျနေရာသို့ လှုပ်ရှားတိုးဝင်လာကြသည်ကိုသာ သတိပြုမိသည်။

ရောထွေးနေသောအရောင်တွေထဲမှာ ဖြူလွှသောသဏ္ဌာန်တစ်ခုက အဦးဆုံးအနီးသို့ရောက်လာသည်။ မည်သူမှန်းမသိ။ ထိုဖြူလွှသဏ္ဌာန်ဆီမှ အသံတစ်သံကိုသာ နောက်ဆုံးကြားလိုက်ရပြီး မှောင်အတိကျသွားသည်။

'သူ သိပ်ပင်ပန်းလာတယ်။ နောက်မှ ဆွေးနွေးကြပါ။ သမားတော်တွေလာပါ။ သူ့ကို ချက်ချင်းပြုစု'

အဓိနှံသံပါသော်လည်း ကရုဏာငွေ့ဝေသည့် မိန်းမသံ။

ထိုအသံရှင်သည် 'မြပန်းခက်'ဖြစ်ကြောင်း နောက်တစ်နေ့ နေ့လယ်သတိရလာသောအခါမှ အံ့သြစွာသိရှိလေတော့သည်။

ဥပရာဇာ၏သမီးတော်နှင့် ထိုသို့တွေ့ဆုံကာ ထိုအချိန်မှစ၍ သံယောဇဉ်ချင်း ရစ်ပတ်ဖွဲ့နှောင်ခဲ့လိမ့်မည်ဟု ဒလဇန်း ဘယ်တုန်းကမှ မတွေ့ဘူးခဲ့ချေ။



၄။

မိုးသက်လေ၏ မိုးစက်များသည် အရှိန်ပြင်းတတ်သလို ပရမ်းပတာလည်း နိုင်ကြလေသည်။ ဖြိုးဖြိုးဖြင်းဖြင်း ငွေ့ယမ်းကျရောက်လာတတ်ကြလေသည်။

ထို့နှယ်ပင်ဟု ဆိုရတော့မည်။

ဖြစ်ရပ်တို့သည် တိုတောင်းသောကာလအတွင်းမှာပင် လျပ်မြန်စွာပေါ်ကာ လျှင်မြန်စွာ ချုပ်ငြိမ်းသွားကြသည်။ စစ်မျက်နှာဟောင်းနှင့် စစ်မျက်နှာသစ်တို့သည် စစ်ပွဲ ခုံမြပုံကားချပ်ပေါ်တွင် ရှုပ်ထွေးစွာ ပေါ်ပေါက်လာကြသည်။ အရှုံးနှင့် အနိုင်သည် ကြိမ်ဖန်များစွာ အလှည့်ကို လုယက်နေကြသည်။

သည်ကာလအတွင်း ငြင်းပယ်မရနိုင်သော ဒိဋ္ဌဖြစ်ရပ်သုံးခုရှိသည်။

ဦးအောင်ဇေယျ၏ မုဆိုးဖိုတပ်များ အောင်ပွဲဆက်ကာရရှိပြီး ဘုန်းအာဏာစက် တစ်စတစ်စကျယ်ပြန့်လာခဲ့ခြင်း။

မင်းကြီးဗညားဒလ၊ ဥပရာဇာတို့အပါအဝင် ဟံသာဝတီအကြီးအကဲများနှင့် ဒလဇန်းအကြား စစ်ရေးဗျူဟာသဘောထားကွဲလွဲမှုများ ပိုမိုများလာခြင်းနှင့်–

မည်းမှောင်ကြမ်းတမ်းသော စစ်ကာလများအတွင်းမှာပင် ချစ်သော မြပန်းခက်၏ နွေးထွေးသောနားလည်မှုကို ရရှိပိုင်ဆိုင်လာခဲ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



မြပန်းခက်သည် စင်စစ် ဥပရာဇာ၏သမီးတော်ဟု ဆိုရန်ခက်လောက်အောင်ပင် ကြင်နာမဆန်သူ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။ ထီးရိပ်နန်းငွေ့ သူ့တွင် မသမ်း။ စစ်ကိုမနှစ်မြို့။ ဦးအောင်ဇေယျအပါအဝင် စစ်ပွဲဝင်နေကြသော ခေါင်းဆောင်များအားလုံးကို ကြောက်သည်ဟု သူဆိုသည်။ စစ်နှင့်ပတ်သက်သမျှကို မြပန်းခက် ကြောက်သည်။ စစ်ဟူသောပုဒ္ဓာ၏အဖြေများမှာ သေကျေပျက်စီးခြင်း၊ အိမ်ရှင်မတို့၏ နှလုံးသည်းပွတ်များ လောင်ကျွမ်းခံရခြင်း၊ စေတီပုထိုးတို့၏ ညောင်ရွက်ခတ်သံများ ဆိတ်သုဉ်းရခြင်းများသာ ဖြစ်သည်ဟု မြပန်းခက်က ရိုးသားစွာ ဆိုသည်။

သို့သော် သည်သို့သော နုနယ်သည့်မိန်းကလေး၏ နှလုံးသားကိုမှ ပိုင်ဆိုင်လာရသည့်အဖြစ်။

'စစ်ကို အကြောက်ကြီး ကြောက်ပြီးကာမှ စစ်က မွေးဖွားလာတဲ့ အမောင့်ကို အချစ်ကြီး ချစ်မိလေတော့တယ်။ မြပန်းရဲ့ဆုတောင်းက ဘယ်လို ဆုတောင်းပါလိမ့်နော်' ဟု သူ ညည်းညူတတ်လေသည်။

'ဥပရာဇာရဲ့သမီးတော်နဲ့၊ တပ်မင်းစစ်သူကြီး ချစ်ကြိုးဖွဲ့ကြတာဟာ လူတွေအတွက်တော့ မဆန်းဘူးပေါ့ အမောင်ရယ်။ ဖြစ်ရိုးဖြစ်စဉ်လို့ ပြောကြမှာပါ။ ဒါပေမဲ့ အမောင့်ကို စစ်သူကြီးဒလဗန်းရယ်လို့ မြပန်း ဘယ်တုန်းကမှ မမြင်ခဲ့မိဘူး။ အမောင် ယုံရဲ့လား' ဟုလည်း ပြောတတ်သည်။

စစ်ပွဲသတင်းတွေကို မြပန်းခက် ဘယ်တော့မှမမေး။ စစ်သွေးဖြင့် တက်ကြွဆူဝေစွာ စစ်သတင်းကို ပြောပြသောအခါများတွင်လည်း အဲဒါတွေ မြပန်း နားမထောင်ချင်ပါဘူးဟု ခေါင်းခါလည်ယမ်း ငြင်းတတ်သည်။

'စစ်ပွဲတွေ မြန်မြန်ပြီးကြပါစေတော့ အမောင်ရယ်' ဟူသောစကားမှာ မြပန်းခက် အမြဲလိုလို ရေရွတ်တတ်သောစကား။

❖❖❖

အချိန်သည် အလှည့်ယူပေပြီ။

ဦးအောင်ဇေယျ၏ အောင်ပွဲများသည် တောင်ကျရေထက်ပင် အရှိန်အဟုန်ပြင်းထန်လာသည်။ မုဆိုးဖိုတပ်ကို အကြိမ်ကြိမ်လုပ်ကြံသော်လည်း အောင်ပွဲမရ။ ရှိရှိသမျှ အလုံးအရင်းနဲ့ မုဆိုးဖိုကိုဖိရန် ဒလဗန်း အကြံပေးသည့် သေနင်္ဂကိုလည်း





မင်းကြီးဗညားဒလနှင့် ဥပရာဇာတို့က လက်မခံ။ မုဆိုးဖိုတပ်သည် ဟံသာဝတီတပ်များကို အကြိမ်တိုင်းမှာဝင် တွန်းလှန်ပစ်နိုင်ခဲ့သည်။

နောက်ဆုံးတွင် ဦးအောင်ဇေယျသည် သူ့မုဆိုးဖိုကို 'ရွှေဘို' ဟုသမုတ်ကာ မြို့နန်းတည်နိုင်သည်အထိ ခိုင်ခံ့စွဲမြဲသွားလေသည်။ ဦးအောင်ဇေယျ၏ အင်အားနိုင်ပြီး ကြီးထွားလာသည်နှင့်အမျှ ဟံသာဝတီတပ်များကား ဆင်၊ မြင်း၊ ရဲမက်တစ်စတစ်စ လျော့ပါးလာသည်။

'ဦးအောင်ဇေယျဟာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။ ကျုပ်တို့ မဟာဓမ္မရာဇာဓိပတိကို သုံ့ကျွန်ပြုပြီး ဟံသာဝတီခေါ်ထားတဲ့အကြောင်းတစ်ခုတည်းနဲ့ပဲ ဦးအောင်ဇေယျဟာ ကျုပ်တို့အပေါ် မကျေတမ်း တိုက်ခိုက်ဖို့အတွက် လုံလောက်တဲ့စစ်ဒေါသကို ရနေပြီ။ သူနဲ့သူ့လူတွေကို ကျုပ်တို့သတိထားရမယ်' ဟု ဒလဗန်းစိတ်လိုက်မာန်ပါ ပြောသောအခါတိုင်း မင်းကြီးဗညားဒလနှင့် ဥပရာဇာတို့က–

'သွေးမဆူစမ်းပါနဲ့ ဒလဗန်း၊ မုဆိုးဖိုသားတွေဟာ ကြည်းကြောင်းပဲ တိုက်တတ်တာပါ။ တို့မှာ သင်းတို့မယှဉ်နိုင်တဲ့ ရေကြောင်းအင်အားရှိနေပါတယ်။ ပြီးတော့ ဖရန်စစ်နဲ့ ကုလားတွေဆီက အမြောက်၊ စိန်ပြောင်းနဲ့ သေနတ်တွေကို တို့အချိန်မရွေး ရမှာပဲ။ လက်နက်စကြာတွေကို ဒီထန်းလုံးတပ်လောက်သာ ဆောက်တတ်တဲ့ မုဆိုးဖိုသားတွေ မခံနိုင်ပါဘူး' ဟု ရယ်သွမ်းသွေးလျက် ပြောကြလေသည်။

'မင်းကြီးတို့ဟာ ရန်သူကို အထင်သေးလွန်းနေတယ်'

'မဟုတ်ပါဘူး ဒလဗန်း။ မင်းကသာ ရန်သူကို အထင်ကြီးလွန်းနေတာပါ။ ဖရန်စစ်နဲ့ ကုလားဖြူလို မဟာမိတ်မျိုး သူတို့မရှိပါဘူးကွယ်'

ဒလဗန်း မျိုသိပ်လိုက်ရသည်ချည်းပင်။

ဟံသာဝတီနှင့်ကင်းကွာနေသည်မှာ လအတန်ကြာခဲ့ပြီဖြစ်သဖြင့် ဥပရာဇာပြောသော ဖရန်စစ်နှင့် ကုလားဖြူမဟာမိတ်တို့အကြောင်းကို ဒလဗန်းမသိ။ သူတို့ထံမှ အမြောက်၊ စိန်ပြောင်းနှင့် သေနတ်များ ရနိုင်သည်ဟုသာ သိထားသည်။ အားကိုးထိုက်လို့ အားကိုးထားခြင်းပဲဟုသာ ဒလဗန်း နားလည်ယူလိုက်သည်။

သို့သော်..

အင်းဝကို သိမ်းအပြီး နှစ်နှစ်ပင်မပြည့်တတ်သေး။ အင်းဝကို ဦးအောင်ဇေယျထံသို့ ပြန်ပေးလိုက်ရလေသည်။ ရွှေဘိုဟူ၍ မြို့နန်းတည်ပြီး မကြာမီမှာပင် အင်းဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးအောင်ဇေယျ၏ သားတော်လတ် သတိုးမင်းစောခေါင်းဆောင်ကာ အပြင်းအထန် လုပ်ကြံလေသည်။ စင်စစ် သူတို့ အပြင်းအထန်လုပ်ကြံစရာပင်မလို။

အပေါ်အလျော့ စီစဉ်ထားခဲ့သောကြောင့် အင်းဝတွင် ဒလဖန်း၏ လက်ရွေးစင်တပ်နှင့် မြို့စောင့်တပ်သာရှိနေသည်။ သတိုးမင်းစော၏တပ်များချီလာပြီဟု သိကတည်းက ဒလဖန်း ဟံသာဝတီသို့ စစ်ကူတောင်းသည်။ ဖရန့်စစ်နှင့် ကုလားဖြူတို့၏လက်နက်စကြာဆိုသည်များနှင့်အတူ ရေကြောင်းချီလာပါဟု တောင်းသော်လည်း စစ်ကူထားဘိ၊ သဝဏ်ပင် အတုံ့အပြန်မရခဲ့။

ဦးအောင်ဇေယျလက်သို့ အင်းဝ အလွယ်တကူပင် ပြန်ပါလေသည်။ ဒလဖန်းနှင့် လက်ရွေးစင်တပ်သား အနည်းငယ်မျှသာ ကိုယ်လွတ်ရုန်း၍ ဆုတ်ခဲ့ရသည်။ မြို့စောင့်တပ်ကား စီစီကြေကြေ ရှုံးသွားခဲ့သည်။

ထိုအခါမှပင် ဦးအောင်ဇေယျသည် 'ကြောက်စရာအကောင်းဆုံးရန်သူ' ဟူသော ဒလဖန်း၏စကားကို မင်းကြီးနှင့် ဥပရာဇာတို့ လက်ခံကြတော့သည်။

စစ်ရေးအစီအမံကို အဆောတလျင် ပြန်၍စတင်သည်။

ဦးအောင်ဇေယျ၏တပ်များ ဗန်းမော်၊ မိုးမိတ်၊ မိုးကောင်း၊ မိုးညှင်းတို့သို့ တက်၍ လုပ်ကြံနေချိန်မှာပင် ကြည်း၊ ရေ အင်အားကြီးစွာ ချီကာ တရုတ်မြို့ကို တိုက်သည်။

ဦးအောင်ဇေယျ၏သားတော်နှစ်ပါး ဦးစီးသောတပ်တို့ အပျက်နာကြလေသည်။ ဥပရာဇာကား တိုက်လှေပေါ်မှနေ၍ ဖရန့်စစ်ထံမှရသော မှန်ပြောင်းကို ဝင့်ကာဝင့်ကာ- 'တွေ့လား.. ဒလဖန်း၊ တို့ရဲ့လက်နက်စကြာကို သင်းတို့ခံနိုင်သေးလား၊ တွေ့လား'ဟု ကြုံးဝါးနေတော့သည်။ ဒလဖန်း ဘာမှမပြော။ သို့သော် ဥပရာဇာကို ပထမဆုံးအကြိမ်အဖြစ် မုန်းတီးသွားသည်။

ဦးအောင်ဇေယျ၏ သားတော်နှစ်ပါးတပ် အထိနာစွာဆုတ်ရသည်မှာ ဒလဖန်း၊ ဒေါစွယ်စယက်၊ ဦးရိုးတော် ဒေါထောအိုင်၊ ဗညားကျန်၊ ဗညားအန်တို့ ဦးစီးသောဆင်တပ်၏ အပြင်းအထန် ဖိနှိပ်တိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်းကို ရန်သူဘက်မှပင် သိနေသည်။

သားတော်နှစ်ပါးတပ်ကိုတိုက်ရင်း အောင်ပွဲယူရင်းဖြင့်ပင် ဒလဖန်းသည် ထူးဆန်းသော ဝေဒနာတစ်ရပ်ကို ခံစားနေရသည်။



အရှုံး၏နိမိတ် အငွေ့အသက်ဝေဒနာ။

❖❖❖

စစ်နှင့်ပတ်သက်လျှင် မိမိသည် ထူးကဲသောအာရုံကိုပင် ပိုင်ဆိုင်နေပြီလားဟု ဒလဖန်း အံ့ဩမိတော့သည်။

အရှုံး၏နိမိတ် အငွေ့အသက်ကို ရင်မှာ လေးလံစွာခံစားနေရခြင်းသည် အကယ်ပင် ဖြစ်လာသည်။ သားတော်နှစ်ပါးတပ်ကို လိုက်တိုက်ရင်း အင်းဝကို ထပ်မံဝန်းရံ လုပ်ကြံသည်။ သားတော်လတ် သတိုးမင်းစော ကစဉ့်ကလျား မြို့တွင်းမှ ခံနေရသည်။

ဒလဖန်း၏ဆင်တပ် ပွဲများစွာရနေသည်။

တိုက်ပွဲအလိုက် အသုံးချသော ဒလဖန်း၏ တိုက်ဆင်သုံးကောင်စလုံး တက်ကြွနေကြသည်။ အင်း၊ မြင်းတပ်မှ မြင်းများသည် ဒလဖန်း၏ တိုက်ဆင်အနံ့ကိုပင် တောင်းစွာမှတ်မိကာ ကြောက်ရွံ့နေကြသည်။

သို့သော်-

ဦးအောင်ဇေယျသည် ကျောက်မြောင်းတွင်တပ်စွဲကာ ရေကြောင်းကို အဓိကစစ်မျက်နှာဖွင့်လိုက်လေသည်။ အင်းဝသို့ဆန်တက်လာသော ဟံသာဝတီလှေတပ်သည် ဦးအောင်ဇေယျ၏ လှေတပ်အောက်တွင် အတုံးအရုန်းပျက်စီးရသည်။

နောက်ဆုံးတွင်ကား။

ရွှေကြက်တိုက်ပွဲတွင် ဟံသာဝတီလှေတပ်သည် ကြီးပြတ်သော ဝါးဖောင်နှယ်ဖြစ်သွားခဲ့လေသည်။ ဥပရာဇာကိုယ်တိုင်ပင် မီးဟုန်းဟုန်းတောက်နေသော လှေကိုစွန့်ခွာကာ ကမ်းထက်သို့ တက်ခဲ့ရသည်။

ဒလဖန်း၏ဆင်ပေါ်သို့ ခက်ခက်ခဲခဲကူးကာ အသက်လု၍ ပြေးရသည်။

ရွှေကြက်ယက်ကမ်းပါးထက်တွင် အသင့်စောင့်နေသော ဒလဖန်းက ဆင်ဦးတင်းကို မြောက်အရပ်သို့ လှည့်ထားသည်။

သို့သော်-ဥပရာဇာက ဆင်ပေါ်တက်ရင်း။

'ဒလဖန်း ပြန်လှည့်၊ ပြန်လှည့်၊ မတိုက်ရဲ့တော့။ မင်းကြီးကိုယ်တိုင် စုန်ပြေးပြီ။ မင့်ဆင်ကို တောင်ဘက်ပြန်လှည့်လိုက်၊ မတိုက်နဲ့။ တို့အခြေမလှတော့ဘူး'ဟု သွေးရူးသွေးတန်း အော်ဟစ်အမိန့်ပေးသည်။ ထို့နောက် ဒဏ်ဖြင့် မိန်းမောကာ

www.burmeseclassic.com

www.burmeseclassic.com



ပုခက်ထဲသို့ လဲကျသွားသည်။

အံ့သွားတို့ ပွဲကြေမတတ်ပင်။

ရောဝတီမြစ်အလယ်တွင် မီးဟုန်းဟုန်းစွဲနေသောလှေများကို ဆင်ပေါ်က လှမ်းကြည့်ရင်း ဒလဗန်း ဆင်ဦးစီးကို အမိန့်ပေးလိုက်ရသည်။

အရှုံးသည် နိမိတ်အငွေ့အဖြစ်မှသည် အကောင်အထည်ဖြုပ်အဖြစ်သို့။

'တောင်ဘက်ပြန်လှည့်။ ချွန်းဖွင့်မောင်း၊ တောအုပ်ခိုပြီး အပြင်းနှင်'

၅။

'ဦးအောင်ဇေယျကိုယ်တိုင် အလုံးအရင်းစုပြီး စစ်ကိုင်းကို ရောက်လာပြီ။ သူ့သားတော်ကြီးက မြောက်ဘက် ကုန်းကြောင်းမှာအသင့်။ သားတော်ငယ်ကလည်း တောင်ဘက်ကုန်းကြောင်းမှာအသင့်၊ သေနတ်ဝန်ဆိုတဲ့သူကလည်း လှေခုနစ်ရာ၊ ဗိုလ်ပါလက်နက်အပြည့်နဲ့ ရေကြောင်းမှာအသင့်။ ငါတို့ကို စစ်မျက်နှာလေးဘက် ပိတ်ပြီး ကြည်း၊ ရေ စစ်ဖွင့်မယ့်သဘောရှိတယ်။ အခု မိုးလည်းစွေ၊ ရေလည်းကြီး၊ နှံစီးရှုံ့နှံ့လည်းထူထပ်တယ်။ လေပြင်းလည်း အဆက်မပြတ်ကျနေတယ်။ ရာသီဥတု အရလည်း အခင်းမသာဘူး။ သီတင်းကျွတ်ကျမှ တပ်ပြန်စုပြီး နတ်တော်၊ ပြာသိုမှ လှုပ်ကြံမယ်။ ဘယ်လို သဘောရကြသလဲ'

ဥပရာဇာ၏အမေးကို တပ်မင်းများ၊ ဗိုလ်ချုပ်များ အသီးသီးဖြေဆိုဆွေးနွေး ကြသည်။ ဒေါစွယ်စယက်၊ ဒေါထောအိုင်၊ သမိန်သံလိုက်၊ ဗညားငကျွန်၊ ဗညား အောင်။

ဒလဗန်းမူ ထောင့်တစ်ထောင့်တွင် မလှုပ်မရှား စကားမဆိုရှိလေသည်။ ဒလဗန်းကို ဥပရာဇာ မြင်သွားသည်။

'ဒလဗန်း--ဘယ်လိုသဘောရသလဲ'

ဥပရာဇာက လှမ်းမေးသည်။

ဒလဗန်း မတုန့်မလှုပ်။ ဥပရာဇာကို စူးစူးဝါးဝါးကြည့်နေလိုက်သည်။ သို့ သော် ရင်ထဲတွင်ကား ပြင်းထန်သောစကားလုံးများသည် စိန်ပြောင်းလို တဝုန်းဝုန်း ပေါက်ကွဲနေသည်။

'ခင်ဗျားတို့သေနင်္ဂကို အစအဆုံး ကျုပ်မကြိုက်ဘူး။ ခင်ဗျားတို့ဟာ သူ့ရဲ ကောင်းပီပီ ပွဲမဝင်ဘူး။ အမှားတွေကို အကြိမ်ကြိမ်ကျူးလွန်ခဲ့တယ်။ စစ်ရဲ့ ရာဇဝတ် သားတွေ ဖြစ်နေကြပြီ။ အင်းဝကိုစွန့်ပြီး ရုန်ပြေးစဉ်ကလည်း မြို့ရွာတစ်လျှောက် က လူတွေကို သူခိုးဓားပြတွေလို နှိပ်စက်ညှင်းပန်းခဲ့တယ်။ သွေးခြား တိုင်းတစ်ပါး သား ဗရုန်စစ်နဲ့ကုလားဖြူတွေဆီက လက်နက်ယူခဲ့တယ်။ ဒီတိုင်းတစ်ပါးသား



www.burmeseclassic.com

www.burmeseclassic.com



တွေကို တကယ့်မဟာမိတ်လို သဘောထားဆက်ဆံကြတယ်။ ဦးအောင်ဇေယျရဲ့ လက်အောက်က သူ့သားတော်တွေ၊ အာကာရွှေတောင်၊ မင်းလှမင်းခေါင်၊ မင်းခေါင်နော်ရထာ၊ သေနတ်ဝန်၊ ပုခန်းငယ်သူကြီးတို့လို ခေါင်းဆောင်တွေဟာ အစစအရာရာ စိတ်ဝမ်းတူညီကြတယ်။ ကျုပ်တို့ခေါင်းဆောင်တွေမှာ အစည်းအလုံး လျော့ရဲနေကြတယ်။ ဥပရာဇာ၊ ခင်ဗျား ဘယ်လောက်ပဲ သေနင်္ဂအသစ်တွေချချ အဲဒီ သေနင်္ဂတွေဟာ အရှုံးဆီကိုပဲ ဦးတည်နေမှာပဲ'

ထုံးစံအတိုင်းပင် စစ်ရေးစီမံဆွေးနွေးပွဲသည် တိကျသော ဗျူဟာတစ်ရပ်ရပ် အဖြေကိုမရရှိဘဲ၊ မရေမရာနှင့်ပင် ပြီးဆုံးသွားခဲ့လေသည်။ နောက်ဆုံးအဖြေကား..

'စစ်ဆုတ်ရင်းဖြင့်ပင် ပေါ်လာသော စစ်မျက်နှာကိုခံမည်။ အလျဉ်းသင့်သလို မြို့ကြီးများသို့ချီ၍ လုပ်ကြံမည်'

ဒလဗန်း မတုန်မလှုပ်။

နောက်ဆုံး သွေးတစ်စက်အထိ တိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။

❖❖❖

မီးဖိုမှ မီးတောက်များ၏ အညွန့်အလျှံတို့ ငြိမ်သက်သွားသည်။ ဥပရာဇာ၏သဝဏ်လည်း ပြာဖြစ်သွားခဲ့ပြီ။

မီးဖိုက ချုပ်ငြိမ်းခြင်းကို ပြနေသည်။

မဟာဓမ္မရာဇာဓိပတိကို ကွပ်မျက်ပစ်လိုက်ခြင်းသည် ထပ်ကာထပ်ကာ မှားခဲ့သော အမှားတို့အပေါ်တွင် အခေါင်အချုပ်ဖြစ်သွားသော အမှားတော်ပုံကြီးဖြစ်ကြောင်း ဒလဗန်း နားလည်လိုက်သည်။ ကမ္ဘည်းရာဇဝင် ရိုင်းပျခဲ့ပြီ။ မဟာဓမ္မရာဇာဓိပတိ အကွက်မျက်ခံရခြင်းသည် ဦးအောင်ဇေယျနှင့်တကွ သူ့သူရဲကောင်းများ၏ စစ်သွေးကို အပြင်းထန်ဆုံး ဆူပွက်သွားစေမည့်အကြောင်းတရားဖြစ်သည်ကို ဒလဗန်း သဘောပေါက်လိုက်မိသည်။

သူတို့ လက်ကုန်ဖွင့်တော့မည်။



၆။

ဗိုလ်ချုပ်ဗညားဒလ၊ စောမြ၊ သမိန်သံလိုက်၊ ဒေါ့စွယ်စယက်၊ ဗညားကျန်၊ ဗညားအေဉ်၊ ဗညားရက္ခိုက်၊ ဗညားသမိန်လွှတ်၊ ဗညားအဂ္ဂနှင့် ဒလဗန်း။

အထပ်ထပ်အညပ်ညပ် ဝိုင်းဝန်းဆို့ပိတ်ကာ ဖရန့်စစ်နှင့် ကုလားဖြူတို့ထံမှ ရသော ဆယ်ပိဿာ၊ ဆယ့်ငါးပိဿာစိန်ပြောင်းများကို အဓိကပြု၍ လုပ်ကြံသည့်ကြားမှပင် 'ပြည်' တိုက်ပွဲ၌ မရှုမလှ ရှုံးနိမ့်ခဲ့ရချေသည်။ လက်နက်အား အမြောက်အမြား သာနေပါလျက် မမျှော်လင့်သော ရန်သူ့စစ်ပရိယာယ်အောက်တွင် ကစဉ့်ကလျား ဆုတ်ရသည်။

ဦးအောင်ဇေယျ၏ မုဆိုးဖိုတပ်သားတို့သည် ကြီးစွာသော ကောက်ရိုးခြင်းကြီးများကို အကာအကွယ်ပြုကာ တအိအိတက်ကြသည်။ မီးရှူးများဖြင့် ယမ်းနှင့် ခွှတ်ကို မီးရှို့ အဆိပ်မှိုင်းတိုက်သည်။ ရှေ့တပ်နောက်တပ် နှစ်ဘက်ညှပ်တိုက်သည်။ တောင်ပံ ဝဲဖြန့်၍ပိတ်ဆို့သည်။

ပြည်ကို ဦးအောင်ဇေယျ ရသွားသည်။

ကနောင်၊ ရေဇင်း၊ ဟသ်ာတ၊ မြောင်းမြ၊ မုသိမ်၊ ဓနုဖြူ၊ သာယာဝတီ၊ ဥတ္တမ်၊ သုံးဆယ်၊ ဘောလယ်၊ လွန်ဆေး။

ဦးအောင်ဇေယျထံသို့ဝင်လာသော သစ္စာတော်ခံများကား တသဲသဲမစဲသည့်အပြင် ဦးအောင်ဇေယျသည် ဟိုင်းကြီးကျွန်းမှ ကုလားဖြူတို့ကိုလည်း သံခင်းတမန်ခင်းဖြင့် တန်းတူညီမျှစွာ သို့မဟုတ် ပြည့်ရှင်မင်း၏ ဘုန်းအာဏာကိုအသုံးပြုကာ ဆက်ဆံသည်။ ဖရန့်စစ်ကိုမူ ဦးအောင်ဇေယျက ဖိနှိပ်ဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်တွင်လည်း ဆန့်ကျင်ခြားနားတော့သည်။

ဟံသာဝတီ ဘုန်းအာဏာစက်အောက်တွင်ကား အစိတ်စိတ်ကွဲပြားလာသည်။ အရှုံးပွဲချည်းဆက်ခဲ့ရသောကြောင့် တပ်များ စိတ်ဓာတ်ပြိုပျက်လာသည်။ ဦးအောင်ဇေယျက ဂုဏ်သိက္ခာရှိစွာ ဆက်ဆံသော ကုလားဖြူတို့ကို မိမိတို့က 'လက်နက်ပေးသူ'အဖြစ် လိုက်လျောညီထွေပြုနေရသည်။ ဦးအောင်ဇေယျ အသာစီးယူထားသော ဖရန့်စစ်တို့ကို မိမိတို့က ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုနေရသည်။

နယုန်လတွင် စစ်သည်သုံးသောင်းတပ်ကို ဗိုလ်ချုပ်ပြုလျက် 'ဘောင်းနှင်းမလစ်'သို့ ချီခဲ့သေးသည်။ ဦးရီးတော် ဒေါ်ထောအိုင်၊ ညီပုဏ္ဏကျော်၊ ဗိုလ်မှူးဒေါ်ထောထိပ်တို့နှင့်အတူ စစ်အင်္ဂါဖြန့်၍တက်သည်။ ဟိုင်းကြီးကျွန်း ကုလားဖြူတို့ထံမှ စိန်ပြောင်းနှင့် အဝေးသို့သွားသော သေနတ်များရသည်။

အဦးပိုင်းတိုက်ပွဲများတွင် လက်နက်များဖြင့် ပွဲရခဲ့သည်။

သို့သော် ဒေါ်ထောအိုင်ချောင်းကို ဖြတ်အကူးတွင် ဦးရီးတော် ဒေါ်ထောအိုင်ကျည်သင့်၍ ကျဆုံးလေသည်။

ဦးရီးတော်အဖြစ်ထက် လက်ရုံးအားထားရသော၊ စစ်သည်ကောင်းကြီးအဖြစ်အားကိုးခင်မင်ရသော ဒေါ်ထောအိုင် ကျဆုံးခြင်းအတွက် ဒလဗန်းရင်မှာ ကြေကွဲသည်။

ဒေါ်ထောအိုင် ကျဆုံးခန်းသည် နိဂုံးကမ္ပတ်၏ အဦးနိဒါန်းဖြစ်ကြောင်း ဒလဗန်း နားလည်လိုက်သည်။

ကိုယ်တိုင်ပင်လျှင် ဦးအောင်ဇေယျ၏ ညာလက်ရုံး ဗိုလ်ချုပ်မင်းခေါင်နော်ရထာ၏လုံ့ချက်ကို လွတ်အောင်တိမ်းခဲ့ရသည်။ တပ်ကျိုးပေါက်သည်။ ငါးတပ်လုံးကို မထိန်းနိုင်တော့။ သန်လျင် ကင်းဝမှ ဒေါ်စွယ်စယက်လည်း တပ်ဆုတ်ပြရလေသည်။

အရှုံးသည် ထပ်ဆင့်ထပ်ဆင့်၊ စီရရီ မရပ်မနား။

ဒလဗန်းနှင့် ဒေါ်စွယ်စယက်တို့သည် လက်နက်ကိုစွဲနေသော်လည်း သတိနှင့်မူ ကင်းကွာနေတော့သည်။ ရန်သူသည် လက်ရုံး၊ နှလုံးကျော်ကြားလှသော သနတ်ဝန်ဦးကောင်း၏ အသတ်နှင့်လဲ၍ သန်လျင်ပွဲကို အနိုင်ယူလိုက်သည်။

ဥပရာဇာသည် သွေးဆုတ်နေသောမျက်နှာထက်က တည်ငြိမ်သော မျက်လုံး





များဖြင့် တပ်မင်းတို့ကိုကြည့်ကာ-

'ကိုင်း၊ အခု တပ်အားလုံး ဟံသာဝတီမှာ ဆုံကြပြီ။ ရန်သူဟာ ကြည်းရေ အင်အားသုံးပြီး လာကြတော့မယ်။ ဘယ်လိုလုပ်ကြမလဲ'ဟု မေးလေသည်။

အားလုံး တိတ်ဆိတ်နေကြသည်။

ရှည်လျားသော တိတ်ဆိတ်ခြင်းအဆုံးတွင် ဒလဗန်း၏အသံတစ်သံ ထိုးဖောက် ထွက်ပေါ်လာသည်။

'ဓားချင်းယှက်ပြီး အသက်စွန့်ကြရုံပဲ'

ဒလဗန်း၏အသံ ကျယ်လွန်းလှသဖြင့် အားလုံးက ဝိုင်းကြည့်ကြသည်။

'ဘယ်တပ်မှ မထွက်ရဲရင်နေကြ၊ ကျုပ်ဆင်တပ် ထွက်မယ်'

ဥပရာဇာ၏မျက်နှာ ဝင်းသွားသည်။

သို့သော် ချက်ချင်းပင် ဖျော့တော့သွားပြန်ကာ-

'နောက်ဆုံးတိုက်ပွဲဖြစ်သွားနိုင်တယ် ဒလဗန်း'ဟု တစ်ကိုယ်တည်း ပြောသလို ရေရွတ်လိုက်လေသည်။

'ဒါဆိုရင်လည်း အကြီးအမားဆုံးပွဲပဲပေါ့'

ဒလဗန်း ရူးသွပ်သွားပြီဟုလည်းကောင်း၊ စစ်ပွဲတွင် ကျဆုံးသွားသော သူ့ဦးရီးတော် ဒေါ်ထောအိုင်၏ ဝိညာဉ်ပူးကပ်နေပြီဟုလည်းကောင်း အားလုံးက မှတ်ချက်ချကြသည်။

ဒေါ်စွယ်စယက်က ဒလဗန်းအနီးသို့ကပ်ပြီး တီးတိုးပြောသည်။

'အညံ့ခံပြီး သစ္စာခံကြဖို့ သူတို့တိုင်ပင်နေကြတာ'

'ထွီ'

စက်ဆုပ်ရွံရှာစွာ ပြုမူလိုက်သော အပြုအမူကို ဥပရာဇာနှင့်တကွ အားလုံးကြားသွားကြသည်။

'မင်း ဘာလုပ်လိုက်သလဲ ဒလဗန်း'

'ကြားတဲ့အတိုင်းပဲ'

'ဥပရာဇာရဲ့ရှေ့မှောက်ဆိုတာ မင်းနားမလည်ဘူးလား'

'သွေးဖြူတဲ့ခေါင်းဆောင်လို့ပဲ ကျုပ် နားလည်တယ်'

**'မင်း ထွက်သွားစမ်း'**

www.burmeseclassic.com

www.burmeseclassic.com



'မသွားနိုင်သေးဘူး၊ ကျုပ် စစ်တိုက်ရဦးမယ်'

'အမောင်၊ အမောင်'

'အချစ်ဆုံးရဲ့ဖခင်ဟာ ကျုပ် အထင်အသေးဆုံးပုဂ္ဂိုလ် ဖြစ်နေတဲ့အတွက် ဝမ်းနည်းမဆုံးပါဘူး မြပန်းခက်။ ဒါပေမဲ့ မင်းကို ကျုပ် တကယ်ချစ်တယ်ဆိုတာ ကိုတော့ နားလည်လိုက်ပါ'

တဝေါဝေါအသံများကို ကျောခိုင်းကာ ဒလဖန်း ညီလာခံခန်းမမှ ထွက်လာခဲ့လေသည်။

လောကတွင် တစ်ယောက်တည်းသာရှိတော့သည်ဟူသော ခံစားမှု။

[illegible]။

'ကော့ဂွန်း' ဟု အမည်ရသည်။

မုတ္တမ၏ အရှေ့ယွန်းယွန်းတွင်ရှိသည်။

သည်နေရာသည် ကမ္ဘာလောကတွင် ဒလဖန်းအတွက် တစ်ခုတည်းသော ရှိတော့သည့်ခိုနားရာဒေသ။

အရာရာကို လက်လွှတ်ဆုံးရှုံးရသော ဘဝ၏နောက်ဆုံးအချိန်။ ဒလဖန်းသည် တပ်ဦး ကမ်းပါးမြော်စင်ထက်မှနေ၍ မှိုင်းညိုပြာရီ စစ်တောင်းမြစ်ရေပြင်နှင့် [illegible]တုပ်စက်ဝိုင်းကိုကြည့်နေသည်။

နှလုံးမှာ ဒဏ်ရာအထပ်ထပ်ရခဲ့ပြီ။

ပထမဆုံးဒဏ်ရာကား ဦးရီးတော်ဒေါ်ထောအိုင် ကျဆုံးခြင်း။

ဒုတိယဒဏ်ရာမှာ အချစ်ဆုံးသွေးသောက် ဒေါ်စွယ်စယက် ရန်သူ့ဘက်သို့ ခိုဝင်သွားခြင်း။

တတိယဒဏ်ရာမှာ-

ဒလဖန်း မျက်စိအစုံမှိတ်လိုက်သည်။

မြပန်းခက်၏ ရုပ်ပုံပေါ်လာသည်။ လှပသောမျက်နှာနှင့်အတူ အကြာခင် [illegible] ဖြစ်ပေါ်ခဲ့သော အဖြစ်သနစ်များ။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ 'ရေနန်းစကြာ' သင်္ဘောကြီးကို မီးတင်ရှို့နိုင်ခဲ့သည်။ ဦးအောင်ဇေယျ၏ 'စေတုဝတီ' မြို့သစ်ကို ထိုးစစ်ဆင်ကာ အောင်ပွဲရခဲ့သည်။ အောင်ပွဲအရှိန်ဖြင့် ဟံသာဝတီသို့ ပြန်ဝင်ခဲ့သည်။

မြို့တွင်းမှာ မင်းခမ်းမင်းနားဖြင့် သဲသဲလှုပ်နေသည်။ စစ်ကာလနှင့် မလိုက်ဖက်စွာ တောက်ပြောင်ခမ်းနားသော အဆောင်အယောင်များကို တွေ့နေရသည်။ မိမိကို ကြိုဆိုခြင်းမဟုတ်နိုင်သည်ကိုတော့ ဒလဗန်းသိသည်။ ဥပရာဇာနှင့် အကြီးအကျယ် ကွဲလွဲခဲ့ပြီ။

တိုက်ပွဲပြန်၊ မြို့အဝင် ဆင်တပ်၏ရှေ့ဆုံးမှ ဒလဗန်း၏ဆင်သည် အရှေ့ကျုံးတံခါးဝတွင် ရပ်လိုက်သည်။ မြို့တွင်းသို့ မဝင်သာ။ မြို့တွင်းမှထွက်လာသော တံခွန်ကိုင် မြင်းတပ်၊ ခြေလျင်တပ်၊ ဆင်တပ်တို့ကို မဖောက်သာ။ ထွက်လာမစဲ တသဲသဲ။

ဒလဗန်း ဆင်ထက်မှ ဆင်းလိုက်သည်။

ပွဲရ တိုက်ပွဲပြန် ဒလဗန်းကို မည်သူကမှ အရေးတယူမရှိ။ ဒလဗန်း မြို့နီးရပ်အနီးသို့ လျှောက်သွားသည်။

'ဟင်၊ ဒလဗန်း'

ဗညားကျော်သည် ဒလဗန်းကို မြင်လိုက်သည်နှင့်ပင် မျက်စိမျက်နှာပျက်ကာ ရှောင်ထွက်သွားမည်ပြုသည်။ ဒလဗန်းက လက်ကိုဖမ်းဆွဲထားလိုက်သည်။

'ဘာတွေဖြစ်နေကြတာလဲ။ စစ်အင်္ဂါအစုံအလင်ပါလား'

'.......................'

'ပြောစမ်းပါ ကျော်ရ။ ဒါ ဘာအခမ်းအနားလဲ'

'မြပန်းခက်ကို ဥပရာဇာအမိန့်နဲ့ ဦးအောင်ဇေယျဆီပို့ပြီး ကညာဆက်'

'ဘာ'

ဗညားကျော်ကို တွန်းထိုးကာ မြို့ရိုးတွင်းသို့ ပြေးဝင်ခဲ့သည်။ ထွက်လာသောရဲမက်များကို အတိုးတိုးအဝှေ့ဝှေ့။ အားလုံး လဲပြိုရစ်ခဲ့ကြသည်။

နောက်ကျသွားခဲ့ပေပြီ။

မြပန်းခက်ကို တင်ဆောင်သွားသောရထားသည် ဒလဗန်း မြို့ပြင်လမ်းမသို့ မရောက်မီကတည်းက တစ်ဘက်သို့ရောက်သွားခဲ့ပြီ။ ချစ်သူသည် စစ်ရှုံးအညွှံ့ခံ





ဝတ္ထုအမွန်အဖြစ် ရန်သူ့ခေါင်းဆောင်ထံသို့ ပါသွားခဲ့ပြီ။

ဒလဗန်း မြို့ပြင် ပြန်ထွက်လာခဲ့သည်။

ရင်ထဲမှာ၊ အသိထဲမှာ ဘာမှမရှိတော့ဟု ခံစားရသည်။ ဗလာဟင်းလင်းဝေဒနာသည် အနီရောင်။ အနီရောင်လွင်ပြင်ပြန့်။

ဆင်ပေါ် ပြန်တက်သည်။

ကညာဆက်အခမ်းအနား၏ တံပိုးသံ၊ ခရုသင်းသံ၊ မောင်းသံ၊ မြင်းဟီသံ၊ ဝတ်သာသံ၊ စည်သံ၊ တံမြှာသံ၊ လူသံ၊ ဆင်သံ အားလုံးကို ဖောက်ထွင်းကျော်လွှားသွားသည့် အသံနက်ကြီးတစ်ခု ဆင်ဦးကင်းဆီမှ ပေါ်လာသည်။

'ဟံသာဝတီကို ငါသိမ်းလိုက်ပြီ။ ဥပရာဇာကို ငါနန်းချလိုက်ပြီ။ တိုက်ဆင်အားလုံး မြပန်းခက်ရဲ့ ရထားဆီ အခုလိုက်ခဲ့ကြ'

❖❖❖

သမုဒ္ဒရာသို့ ယုန်ငယ်ခြေသို့ ထောက်ဆင်းသည့်ပမာသာ။

'ခွင့်လွှတ်ပါ အမောင်။ စစ်ပွဲကြီး ပြီးဆုံးရေးအတွက် မြပန်းခက် ဦးအောင်ဇေယျဆီ သွားပါတော့မယ်။ ခမည်းတော်ရဲ့အစီအမံကို မြပန်း လိုက်နာပြီးပါပြီ'

ရထားထက်မှ မြပန်း၏ နောက်ဆုံးစကား။

ရှိသမျှအင်အားကို ဆောင်ကြဉ်းကာ မုတ္တမဘက် ထွက်ခဲ့တော့သည်။ 'ကော့ခွန်း' တွင် တပ်စွဲလိုက်သည်။

'ဦးအောင်ဇေယျ၊ သင့်ကို ကျုပ် အဘက်ဘက်မှ အရှုံးပေးလိုက်ရပြီ။ စစ်ပွဲ၊ ချစ်သူနှင့် လက်ရုံးနှလုံး။ ဒါပေမဲ့ ကျုပ်အသက်ကို ဘယ်တော့မှ ရလိမ့်မယ်မဟုတ်ဘူးဆိုတာ လေးစားအပ်တဲ့ ရန်သူခေါင်းဆောင်အဖြစ် ကျုပ်ပြောလိုက်ပါတယ်'

ဒလဗန်းရင်ထဲမှာ အဆက်မပြတ် မြည်ဟည်းနေသောအသံဖြစ်သည်။

❖❖❖

သုံးနှစ်ကျော် ကြာခဲ့သည်။

ဦးအောင်ဇေယျလည်း အယုဒ္ဓယစစ်မျက်နှာမှအပြန်တွင် ကံတော်ကုန်ခဲ့သည်။ နောင်တော်ကြီးမင်း ကုန်းဘောင်ထီးနန်းကိုဆက်ခံသည်။

ကော့ခွန်းတပ်ရှိ ဒလဗန်းထံသို့ သဝဏ်လွှာရောက်လာသည်။

ခတ်နှိပ်ထားသော တံဆိပ်တော်၊ သဝဏ်ဆက်အဖွဲ့ကို ကြည့်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်သဝဏ်ဖြစ်ကြောင်း ဒလဗန်း သိလိုက်သည်။

သဝဏ်ဆက်အဖွဲ့ခေါင်းဆောင် အမတ်သည် ဒလဗန်းရှေ့သို့ မဝံ့မရဲ ဝင်လာလေသည်။

'နောင်တော်ကြီးမင်းဘုရားထံမှ သဝဏ်လွှာရောက်ပါတယ် တပ်မင်းကြီး'

'အင်း'

အမတ်က သဝဏ်လိပ်ကို ဖြန့်လိုက်သည်။

'ဖတ်ပါ'

စစ်တောင်းမြစ်နှင့် မိုးကုပ်စက်ဝိုင်းကိုကြည့်ရင်း ဒလဗန်း နားထောင်သည်။

*'ဘုန်းတော်ကြီးဘုရား၏ အရိုက်အရာကို ဆက်ခံသော နောင်တော်ကြီးဘုရားထံမှ စစ်သူကြီးဒလဗန်းထံသို့ လေးမြတ်စွာ သဝဏ်လွှာ ရောက်သည်မှာ—*

*ယခုအခါ အင်းဝ၊ ဟံသာဝတီစစ်ကြီးလည်း ပြီးခဲ့ပြီ။ ခမည်းတော် ဘုန်းတော်ကြီးဘုရား သုတ်သင်ပြုစုခဲ့ပေသော နိုင်ငံတော်ကို ကျွန်ုပ် နောင်တော်ကြီးဘုရားသည် လက်ရုံးနှလုံးဖြင့် ဆက်လက်ခုတ်တွင် ဖူးထောင်နေသည်။*

*ခမည်းတော်ဘုရား၏ သားတော်ရင်းဖြစ်သည့် အားလျော်စွာ ကျွန်ုပ်သည် ရန်သူမိတ်ခွေထားဘိ။ သူရဲကောင်းစင်စစ်ပြီးသော ယောက်ျားကောင်းတို့ကို လွန်စွာမြတ်နိုးတော်မူသည်။ အသင်သည် အကြင်မျှသော ကာလတစ်လျှောက်လုံး ကျွန်ုပ်တို့အား ရဲဝံ့စွာ ရင်ဆိုင်ခဲ့သူဖြစ်သည်။ အသင့်သတင်း အင်းဝ၌ မွေးခဲ့ချေသည်။*

*ရန်သူဆိုသော်ငြား ယခုအခါ အသင့်ကို ပြည့်ရှင်မင်းကောင်း ပီသစွာ ကျွန်ုပ် ဖိတ်ခေါ်သည်။ ဆင်၊ မြင်း၊ လက်နက်ဗိုလ်ပါနှင့်တကွ ကျွန်ုပ်ထံဝင်မည်ဆိုလျှင် အသက်စည်းစိမ်ကိုလွှတ်၍ ကြီးစွာသော အဆောင်အယောင်ဖြင့် အမှုတော်ကိုထမ်းရွက်စေမည်။ ကျွန်ုပ်သည်*

'တော်ပြီ၊ ဆက်မဖတ်နဲ့'

ဒလဗန်း၏ ခက်ထန်သောအသံအောက်မှာ အမတ်၏စာဖတ်သံ ပျောက်သွားသည်။





'ပြန်ပြောလိုက်။ အလုံးအရင်းနဲ့ ကော့ဂွန်းကို ချီတက်ခဲ့လို့'

'နောက်··နောက်ထပ် သဝဏ်တစ်ခုရှိပါသေးတယ် တပ်မင်းကြီး'

'ဘာသဝဏ်လဲ··ဘယ်သူ့ဆီကလဲ'

'မိဖုရား မြပန်းခက်ဆီကပါ'

'ဘာ'

အမတ်၏လက်ထဲမှ သဝဏ်ကို ဒလဗန်း လုမ်းယူလိုက်သည်။ ဒေါသ၏ နှင်တိုင်းသည် အချစ်၏လေပြည်ဖြင့် အဆုံးသတ်လေသည်။

သဝဏ်ကိုင်ထားသော လက်တွေတုန်နေသည်။

*အမောင်*

*မြပန်း ရှိသေလေးမြတ်စွာ သဝဏ်စေပါသည်။*

*သူ့လူ၊ ငါ့လူ၊ သူ့နန်း ငါ့နန်း၊ သူ့အာဏာ ငါ့အာဏာအခွဲများ မထားစေလိုတော့ပါ။ မြပန်းတို့ မကျူးလွန်ရဘဲ ကျရောက်ခဲ့သော အမှားများကို မြပန်းတို့ ဆေးကြောသုတ်သင်ရပါလိမ့်မည်။*

*မြပန်း စစ်ရေးနှင့် ပြည်အရေးကို မနှံ့စပ်ပါ။*

*သို့သော် အချစ်ကို ဆိုပါမည်။*

*ဟိုင်းကြီးကျွန်းမှ ကုလားဖြူအရေးသည် အကြီးကျယ်ဆုံး အရေး ဖြစ်လာပါလိမ့်မည်။*

*မင်းတရားနတ်ရွာမစံမီကပင် ဤအရေးကို နောင်အစဉ်အဆက် သားတော်တို့ နှလုံးမူရမည့်အကြောင်း မိန့်ကြားသွားခဲ့သည်။*

*အမောင် ရတနာသိမ်၌ရှိသင့်သည်ဟု မြပန်းလည်း နားလည်ပါသည်။*

*အမောင် ပြန်လာခဲ့ပါ။*

*မြပန်းခက်*

'သူ၊ နေကောင်းရဲ့လား'

အမတ်၏အသွင် ဆုတ်ဆိုင်းဆိုင်းဖြစ်နေသည်။

'မှု၊ နေကောင်းရဲ့လား'

အမတ်၏အသံ တုန်ယင်မှေးမှိန်စွာ ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတရားကြီး ကံတော်ကုန်အပြီး ရက်သတ္တပတ်အတွင်းမှာပဲ မိဖုရား မြပန်းခက် နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားခဲ့ပါတယ် တပ်မင်း။ ဒီသဝဏ်လွှာ သူ မကွယ်လွန်မီ နောက်ဆုံးအချိန်မှာ..'

ထင်မြင်သောအာရုံကို ပျောက်ကွယ်သွားစေရန် မျက်စိအစုံကို ပိတ်လိုက်သည်။ ပါးပြင်နှစ်ဘက်၌ ပူနွေးသွားသည်။ ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ကျဖူးသော မျက်ရည်များပင်ဖြစ်ချေမည်။

လေးစားအပ်သော ရန်သူခေါင်းဆောင် ဦးအောင်ဇေယျနှင့် အချစ်မြတ်နိုးဆုံးဖြစ်သော ရိုးသားသည့် ချစ်သူမြပန်းခက်တို့၏ ဝိညာဉ်များအတွက်၊ ထို့နောက် များခဲ့မိသော အမှားတို့၏ အရှုံးရလဒ်အတွက်။ ထို့နောက် အဓိကအကျဆုံးနှင့် အကြီးကျယ်ဆုံး အရေးတော်တစ်ခုအတွက်···

ဒလဗန်း ဆုံးဖြတ်လိုက်သည်။

ခါတိုင်းလိုပင် တင်းမာသောအမိန့်သံ ပေါ်လာသည်။

'တပ်အားလုံး အသင့်ပြင်၊ ရတနာသိခ်ကို လိုက်သွားကြမယ်'

ချစ်ဦးညို





# မဏိပူရပူရပိုက်

၁

သူ့ကိုတိုက်ကျွေးထားသည့် ဆေးရည်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး မူးဝေနေသည်။ အိပ်မက်ငယ်များကို စဉ်ဆက်မပြတ် မြင်မက်နေရသလို ခံစားရသည်။ အမြင်အာရုံ ဝေဝါးလာသည်။ နိုးထနေရင်းမှပင် အိပ်ပျော်သွားသည့်နှယ်လည်း ဖြစ်နေသည်။

သူတို့ ကျွန်ုပ်လက်မောင်းအိုးနှစ်ဘက်ကို တစ်ဘက်လျှင်နှစ်ယောက်စီ ချုပ်ကိုင်ထားသည်။ သည်မျှ မူးယစ်ဝေသီနေသူ၊ အိပ်မက်ငယ်တို့ဖြင့် ငိုက်မျဉ်းပျော်နေသူကို ဘာကြောင့် သူတို့ချုပ်ကိုင်ထားရသေးသနည်း။ မိမိကိုယ်မိမိပင် ရပ်တည်၍ မစွမ်းနိုင်သူ၊ လဲပြိုမတတ် မူးဝေနေသူကို ဘာကြောင့်များ သဲသဲမဲမဲ ချုပ်နှောင်ထားကြလေသနည်း။

'သိပ်မူးဝေနေသလား ကိုပုည'

တစ်ယောက်က မေးသည်။ ကျွန်ုပ်စကားဖြင့် မဖြေစွမ်းနိုင်။ ခေါင်းကို အနိုင်နိုင်ညိတ်ပြရသည်။

'သတိတော့ရှိတယ် မဟုတ်လား'

ခေါင်းညိတ်ပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မျက်စိမှိတ်ချင် မှိတ်ထားလိုက်ပါ'

တကယ်မှ မျက်စိအစုံကို မှိတ်နေရန်ပင်မလို။ မျက်ခွံများက အလိုလို အိကျလာပြီး ပိတ်သွားကြသည်။

'ကျုပ်ပြောတဲ့အသံကို ကြားရလား'

ခေါင်းကိုပင် ညိတ်မပြနိုင်တော့။ သူ့အသံမှာလည်း ဝေးလံသောတစ်နေရာဆီက သဲ့သဲ့ပေါ်ထွက်လာသလိုပင်။

စိတ်ထဲက သိနေသော်လည်း အာရုံခံစားမှုများကမူ အလွန်အမင်း လျော့ရဲဆိတ်သုဉ်းလာနေကြသည်။

သည့်နောက်မူ အမိုက်တိုက်နှင့် အလင်းတိုက်တို့ကို လျှင်မြန်စွာ တစ်လှည့်စီ ဖြတ်သန်းနေရသည့်နှယ်ပင် ခံစားနေရသည်။ အချိန်ကာလ၏ အပိုင်းအခြားကို ကျွန်ုပ် မခန့်မှန်းနိုင်တော့။ တဒင်္ဂခေတ္တလည်း ဖြစ်နိုင်သည်။ ရှည်ကြာကာလလည်း ဖြစ်နိုင်သည်။

ထို့နောက်…လက်မောင်းအိုးအရင်းဆီမှလိုလို၊ ညာဘက်ရင်အုပ်ပေါ်မှလိုလို၊ ပူလောင်ကျိန်းစပ်သော နာကျင်မှုတစ်ခုကို စစ်ခနဲခံစားလိုက်ရသည်။ ဆိုးဝါးသည့် ချော်နံ့ကို ရှူရှိုက်လိုက်ရသလိုလည်းရှိသည်။

အမိုက်တိုက်နှင့် အလင်းတိုက်ကို ကျွန်ုပ်ဆက်၍ ဖြတ်သန်းသည်။

လောကအားလုံးသည် ဦးစောက်ကျွမ်းပြန်…။

## ၂။

ပထမဦးစွာ အေးမြသော နှင်းရည်စက်များက မျက်နှာပေါ်ကျလာသည်။

ဒုတိယအားဖြင့် အမိုက်တိုက်ထဲမှ လန့်နိုးလာသည်။

တတိယအားဖြင့်မူကား လက်မောင်းနှင့် ရင်အုပ်ဆီမှ နာကျင်လွန်းသော ခံစားရမှုကို သိမှတ်မိလာသည်။ နောက်··

မိမိကိုယ်မိမိ သတိမထားမိခင်မှာပင်၊ ကျွန်ုပ်သည် ထူးခတ်ထားသော ဆင်ရိုင်းတစ်ကောင်၏ ရှန်းကန်ခြင်းမျိုးနှင့် အပြင်းအထန် ရုန်းကန်မိတော့သည်။

နာကျင်လွန်းသောကြောင့် ရုန်းကန်သည်။

နာကျင်လွန်းသဖြင့် ရူးသွပ်သွားတော့မလား ထင်ရသည်။

အသံနက်ကြီးဖြင့် ဗူးဗူးဝါးဝါး အော်မိသည်။ သူတို့ ကျွန်ုပ်၏နှုတ်ကို ပိတ်ဆို့ရန် မကြိုးစားကြ။ သို့သော် ဝဲယာလက်မောင်းကိုမူကား အားကောင်းမောင်းသန် ယောကျ်ားကြီးလေးယောက်က ချုပ်ကိုင်ထားသည်။ သူတို့ ဘာကြောင့် ချုပ်နှောင်ထားသည်ကို ယခုမှပင် နားလည်တော့သည်။ ချုပ်နှောင်ထားခြင်းသာမရှိပါက ကျွန်ုပ်အော်ဟစ်၍ တောနက်ထဲသို့ တစ်ဟုန်ထိုး ပြေးထွက်သွားမိပေမည်။

'ကိုပုည၊ ကိုပုည'

တစ်ယောက်က အော်ဟစ်၍ သတိပေးနေလေသည်။

'ကိုပုည၊ ရော့··ဒါကိုသောက်လိုက်ပါ။ အနာတွေအားလုံး သက်သာသွားလိမ့်မယ်။ ရော့··ရော့··သောက်'





www.burmeseclassic.com

www.burmeseclassic.com



သူတို့ခက်ခဲစွာ ကျွန်ုပ်ကိုချုပ်နှောင်ဖိနှိပ်ထားပြီးမှ ဝါးဆစ်ခွက်ကို နှုတ်ခမ်း၌ တေ့ပေးသည်။

'သောက်ချလိုက် ကိုပုည'

ဝါးဆစ်ခွက်ထဲမှအရည်ကို အငမ်းမရ သောက်မျိုချလိုက်သည်။ သံပူချော်ရည်တွေကို လည်ချောင်းထဲ သွန်ချလိုက်ရသည့်အလားပင်။ တစ်ကိုယ်လုံး မီးလျှံတွေ ထတောက်တော့မည့်နှယ်ပင်။

သို့သော်လည်း သူတို့ပြောသလိုပင် တစ်ကိုယ်လုံးမှ နာကျင်မှုများသည် ရုတ်ခြည်းပင် သိသိသာသာ ပြေလျော့သွားသည်။ နာကျင်လွန်းသည့်အတွက် ကျွန်ုပ်မသေနိုင်တော့။ ရူးသွပ်မသွားနိုင်တော့။

'ကိုပုည..အနာသက်သာသလား'

'အင်း...'

'ခဏလောက် ထပ်အိပ်လိုက်ပါ'

စောစောကလို မူးဝေလေးလံစွာ ငိုက်မျဉ်းခြင်းမဟုတ်။ နွမ်းနယ်လွန်းသည့်အတွက် အိပ်ချင်လာသည်။ သူတို့ကို ဘာမျှမပြောတော့ဘဲ မျက်လုံးအစုံကို မှိတ်လိုက်သည်။

ကောင်းစွာ အိပ်စက်နိုင်တော့မည်ဟုလည်း ကျွန်ုပ် ကြိုသိနေသည်။

ကျွန်ုပ် ကောင်းစွာအိပ်ပျော်နိုင်တော့သည်။



၃။

'ကိုပုည၊ နိုးပြီလား'

သစ်လုံးတဲဝမှ နေရောင်ခြည်ပြောက်များကိုပင် တွေ့နေရလေသည်။ မျက်စိအစုံကို ပြန်ဖွင့်လိုက်ခြင်းနှင့်အတူ ပကတိလန်းဆန်းနိုးကြားသော အင်အားကို ကျွန်ုပ် ရရှိလေပြီ။

'အိပ်ရေးဝရဲ့လား'

'အင်း...'

သူတို့က တဟားဟားရယ်ကြလေသည်။ ဘာအတွက် ရယ်ကြလေသနည်း။

'ခင်ဗျား နှစ်ရက်လုံးလုံး အိပ်ပျော်ခဲ့တာကိုး။ ဘယ်မှာ အိပ်ရေးမဝဘဲ ရှိမလဲ၊ ဒါကြောင့် ရယ်ကြတာ'

'သြော်..သြော်...'

'ကဲ..ဆိုစမ်းဗျာ။ အိပ်ရာက အခုနိုးလာချင်း ခင်ဗျားမှာ ဘာဆန္ဒရှိသလဲ။ ကိုယ်လက်သန့်စင်မလား၊ အစာစားမလား'

ကိုယ်လက်သန့်စင်ချင်သည်။ အစာလည်းစားချင်သည်။ မကြုံဖူးလောက်အောင် ဆာလောင်မွတ်သိပ်နေပေပြီ။ သို့သော် သည်ဆန္ဒများပေါ်သို့ အ[illegible]ဆန္ဒတစ်ခုကို ကြီးမားစွာ အုပ်စိုးလိုက်လေသည်။

'ကျုပ်..ကျုပ်ကို ကြေးမုံပြင်ပေးစမ်းပါ'

www.burmeseclassic.com



'ဟုတ်တာပေါ့၊ ခင်ဗျား ဒါကို ပထမဆုံး တောင်းဆိုမယ်ဆိုတာသိလို့ ကျုပ်တို့ ကြေးမုံပြင်ကို ခင်ဗျားခေါင်းရင်းမှာ ချပေးထားထားတယ်လေ'

တစ်ယောက်က ပြုံးရယ်လျက်ပြောသည်။

ခေါင်းရင်းမှ ကြေးမုံပြင်ကို ကပျာကယာကောက်ယူ၍ မျက်နှာရှေ့သို့ အငမ်းမရ ထောင်ကြည့်လိုက်၏။

'ဟင်…'

ကြေးမုံပြင်တွင်ထင်နေသော မျက်နှာပုံ၊ လူတစ်ယောက်။

ကြေးမုံပြင်ထဲက လူသည် ကျွန်ုပ်ဖြစ်သည်။

သို့သော် ကျွန်ုပ် မဟုတ်ချေတကား။

ထိုသူသည် ကျွန်ုပ်ဖြစ်သော်လည်း ကျွန်ုပ်မဟုတ်ချေတကား။

ထိတ်လန့်ခြင်းကြီးစွာဖြင့် ကြေးမုံပြင်ကို ကျွန်ုပ်ဖယ်ရှားမိသည်။ သို့သော် ပြန်၍ကြည့်မိပြန်သည်။ ကြေးမုံပြင်ထက်ကအရိပ်ကို ရွံ့ဆုတ်စွာကြည့်မိပြန်သည်။

ဝဲဘက်နားထင်စပ်တွင် အမာရွတ်တစ်ခု။

မည်းမှောင်ထူထပ်သော မျက်ခုံးများ။

ညိုမှောင်သော မျက်ကွင်းများ။

နှုတ်ခမ်းထောင့်ဆီမှ ချွန်မြကောက်ကွေးသော နှုတ်ခမ်းမွေးများ။

ကြမ်းတမ်းခက်ထရော်ခြင်းဖြင့် ပြီးအပ်သည့် ထိုမျက်နှာသည် အသက်လေးဆယ်ကျော်အရွယ် ယောကျ်ားတစ်ဦးဖြစ်နေချေသည်။

ထိုသူကား ကျွန်ုပ်မဟုတ်။ မောင်ပုညမဟုတ်။

'ကျုပ်‥ကျုပ် ဒီလောက်ထိ ပြောင်းလဲသွားသလား'

'ဟုတ်တယ်-ကိုပုည၊ ကြေးမုံပြင်ထဲကမျက်နှာဟာ ခင်ဗျားမျက်နှာပါ။ အဲဒီလောက်ထိ ပြောင်းလဲသွားမှလည်းဖြစ်မယ်။ ကျုပ်တို့ အတော်ကို ကြိုးစားပြီး လုပ်ယူရတယ်။ ဒီပညာရပ်ကို ကျုပ် အသုံးမပြုတာကြာပြီ။ ဆေးဝါးကိုလည်း အတော်စဉ်းစားပြီး ပြန်ဖော်ရတယ်။ ခင်ဗျားအတွက်လည်း သိပ်ပြီး ကျုပ်တို့စိုးရိမ်ခဲ့ကြရပါတယ်။ အခုတော့ စိတ်ချသွားရပါပြီ'

'ဒီလောက်တောင် ပြောင်းလဲသွားရသတဲ့လားဗျာ။ တော်ကြာ‥ကျုပ်'

တစ်စုံတစ်ခုကို အထိတ်တလန့် မှတ်မိသွားပြန်သည်။ သို့သော် သူတို့က



ကျုပ် ဘာမှဆက်မပြောတော့။ အသည်းနှလုံးထက်တွင် စိုးရိမ်မှုတစ်ခုဖြင့် ဖိစီးနေခဲ့ကျင်သွားသည်။

'စိတ်ချပါဗျာ၊ ရက်သတ္တပတ်နှစ်ပတ်လောက်ပြီးရင် ခင်ဗျားရဲ့အရင်မျက်နှာကို ပြန်ရမှာပါ။ အရင်က ခင်ဗျားမှန်းသိခဲ့တဲ့လူတွေအတွက် မပူပါနဲ့။ အဲ‥ ရည်းစားသနားလေး ဘာလေးရှိခဲ့လည်းမပူနဲ့။ နဂိုမျက်နှာအတိုင်း ခင်ဗျားတို့ မျက်နှာချင်း ပြန်ဆိုင်ရပါစေ့မယ်။ ဟား‥ဟား‥ဟား'

သူတို့ တဝါးဝါးရယ်ကြပြန်လေသည်။

'တကယ်လားဗျာ'

'တကယ်ပါ။ ဘယ်ဗျာ‥ ဒီလို ရင့်ထော်မျက်ခွက်ကြီးနဲ့တော့ ခင်ဗျားကို ကျုပ်တို့ ပြန်မလွှတ်ပါဘူး။ ခင်ဗျားလာစဉ်ကအတိုင်း နေပြည်တော်က စာတော်စော်ကလေး မောင်ပုညအဖြစ်နဲ့ ပြန်ရပါစေ့မယ်။ ဟား‥ဟား'

ကျွန်ုပ်ပါ သူတို့နှင့်ရော၍ ရယ်မိလေတော့သည်။ စိတ်လက်အတန်ငယ် ပေါ့ပါးသွားသည်။

'ကဲ‥ ကိုယ်လက်သန့်စင်၊ အစာစား၊ နေ့လယ်ကျမှပြန်ဆုံပြီး အသေးစိတ် စီစဉ်ကြမယ်ဗျာ'

ကြေးမုံပြင်ကို ကျွန်ုပ်ပြန်ချထားလိုက်သည်။ အိပ်ရာထက်မှ ဆင်းသည်။ အွပ်ပျစ်စင်မြင့်အစွန်းကို လက်ထောက်လိုက်သည်တွင် လက်မောင်းဆီမှ အနည်းငယ်နာကျင်သွားသဖြင့် လက်မောင်းကို ငုံ့ကြည့်လိုက်သည်။

မီးလောင်ထားသော ဒဏ်ရာလို အနာတစ်ခု။

အသားစများ ကျွမ်းနေသည့်အနာအလယ်တွင် တိုက်ဆင်နှစ်ကောင် အစွယ်ချင်းယှက်တိုက်ခိုက်နေဟန် အမှတ်အသားကို တွေ့လိုက်ရလေသည်။

'ရင်ဘတ်မှာ တစ်ခုဗျ။ အဲဒါအတွက်တော့ မလုပ်မဖြစ်လို့ လုပ်ရတာပဲဗျာ။ ကျုပ်တို့ကိုခွင့်လွှတ်။ ခင်ဗျား ဆေးရည်သောက်ထားတဲ့ကြားက အတော်နာမှာပဲ။ စမှာပေါ့ဗျာ‥ လူ့အသားကို အစိမ်းသက်သက် သံပူတံဆိပ်နဲ့ဖိကပ်ပြီး အမှတ်အသားလုပ်ရတဲ့ကိစ္စပဲ။ ဒါပေမဲ့ နက်ဖြန်ဆို အနာကျက်မှာပါ။ ကျုပ်တို့ ဆေးလိမ်းပေးထားပါတယ်'

ကျွန်ုပ် ဘာမျှမပြောတော့ဘဲ တဲအပြင်သို့ ထွက်လာခဲ့သည်။ သူတို့က မ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်စေဦး။ သူတို့ကို ခွင့်မလွှတ်နိုင်စရာဘာမှမရှိ။ သည်ခရီး၊ သည်လမ်းနှင့် သည်အခြင်း၊ သည်သနစ်တို့သည် ကျွန်ုပ်ရွေးချယ်ခဲ့သည့် ခရီးလမ်းနှင့် အဖြစ်သနစ်။ ဖြစ်လာသမျှအတွက် ကျွန်ုပ်ကိုယ်တိုင်သာလျှင် တာဝန်အရှိဆုံးဖြစ်ပေသည်။

ကိုယ်လက်သန့်စင်ရာ ခင်တန်းအစွယ်ရှိ ရေတံခွန်စပ်သို့ ကျွန်ုပ်ရောက်ခဲ့သည်။ တစ်ခုသော ကျောက်တုံးထက်တွင်ထိုင်ကာ တဝေါဝေါ ရေတံခွန်သံကို နားထောင်ကာ တောတောင်၏ နက်ရှိုင်းဆိတ်ငြိမ်မှု၌ ခံစားကာ ယခုထိ ဖြစ်လာသမျှကို ကျွန်ုပ် ပြန်တွေးသည်။

မှားယွင်းလွဲချော်သောလမ်းသို့ ကျွန်ုပ် လျှောက်ခဲ့သည်လား။

ရူးမိုက်သော အကြံအစည်ကို ကျွန်ုပ် ပြုခဲ့သည်လား။

ကျွန်ုပ် နောင်တပူပန် ဖိစီးနေသည်လား။

မဟုတ်။ ကျွန်ုပ်မမှား။ အသိတရားသည်လည်းကောင်း၊ ရင်တွင်းက တစ်စုံတစ်ရာသည်လည်းကောင်း ယခုထိ ကောင်းချီးပေးနေဆဲပင်။

'ပုညု မင်း မှန်တယ်၊ မင်းမှန်တယ်'

စဉ်ဆက်မပြတ် ရေတံခွန်သံကို ကျွန်ုပ်သည်သို့ပင် ကြားမိသည်။

စကတည်းက ကျွန်ုပ် မှန်ကန်ပေသည်။

အစအဆုံး ပြန်သုံးသပ်ကြည့်သည်တွင်…။

၄။

ရွှေဘိုနေပြည်တော်တွင် ဂုဏ္ဍာနှင့် ကျွန်ုပ်တို့လောက် ကျွမ်းဝင်ရင်းနှီးသော မိတ်ဆွေအဖြစ်မျိုးမရှိတော့ဟု ဆိုစမှတ်ပြုကြသည်။

စင်စစ်တွင်မူ ဂုဏ္ဍာနှင့်ကျွန်ုပ်သည် မားတစ်စင်း၏အနောင့်ဘက်နှင့် အသွားဘက်ပမာနယ်ပင်ဖြစ်သည်။ မားအိမ်မှချွတ်လိုက်သော မားတစ်စင်းနယ်ပင်ဖြစ်သည်။ ဂုဏ္ဍာသည် မားသွားဘက်၊ ကျွန်ုပ်ကား မားနောင့်ဘက်။ ဟုတ်သည်၊ ဂုဏ္ဍာ ကျွန်ုပ်သတ်ပို၍ ရဲရင့်ထက်မြက်သည်။

ကျွန်ုပ်က 'မားနောင့်ဘက်သမား' ပီပီ ဂုဏ္ဍာလောက် ရူးရဲခြင်းမရှိတတ်။

သည်အချက်ကလွဲ၍ ဂုဏ္ဍာနှင့်ကျွန်ုပ်မှာ ဘဝကံအကျိုးပေးတူသူများဟု ဆိုရတော့မည်။

ကျွန်ုပ်မောင်ပုညသည် မိဖမရှိ။ အမျိုးအဆွေမရှိ။ အဘယ်အရပ်၊ အဘယ်ဇာတိမှန်းလည်းမသိ။ ဂုဏ္ဍာလည်း ထိုအတိုင်း။

ကျွန်ုပ်မောင်ပုညသည် ကသည်းသွေးစပ်သည်ဟုဆိုသည်။ ကိုယ်တိုင်မှ အသေအချာမသိ။ ဂုဏ္ဍာလည်း ကွေ့ရှမ်းသွေးစပ်သည်ဟုဆိုသည်။ သူကိုယ်တိုင်မှ အသေအချာမသိ။

ကျွန်ုပ်က 'မဟာသီရိဥတ္တမဇေယျသင်္ကြန်အမတ်ကြီး' လက်အောက်တွင် စာဆော်ဖတ် စာရေးတော်ကလေးအဖြစ် အမှုတော်ထမ်းသည်။ ဂုဏ္ဍာက စိန္တကျော်သူ

www.burmeseclassic.com



အမတ်ကြီး ဦးညြထံတွင် စာတော်ဖတ်စာရေးတော်ကလေးအဖြစ် အမှုတော်ထမ်းသည်။

သည့်အပြင် အခြားအခြား များစွာသော တူညီချက်များရှိသေးသည်။ ကျွန်ုပ်တို့နှစ်ဦးစလုံး အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ရှိကြခြင်း၊ စာတော်ဖတ်စာရေးတော်ကလေးအရာဖြင့် စာပေကျမ်းဂန်တို့၌ အပတ်တကုတ် ဝင်စားကြခြင်း၊ နေပြည်တော်ရှိ အခြားတပါးသော နန်းတွင်းနန်းပြင်လူပျိုသားများကဲ့သို့မဟုတ်မူဘဲ အသောက်အစားအပျော်အပါး ကင်းကြခြင်း စသည့်ဖြင့်များစွာ။

သည့်ထက်မူ တူညီချက်များစွာအပေါ် ထပ်ဆင့်တူညီစေသည့်အခြင်းအရာတစ်ရပ်လည်းရှိသေး၏။ 'ဂုဏ္ဏနဲ့ပုညတို့ရယ် မင်းတို့နှစ်ဦး တူပဲတူနိုင်ရန်ကော'ဟု အချို့က ဆိုကြသည်။ ထိုအခြင်းအရာကား အလောင်းမင်းတရားကြီး၏ နန်းတော်ထဲမှ အမတ်ငယ်တစ်ဦး၏ သမီးတော် 'သုဒါ'ကို ကျွန်ုပ်တို့နှစ်ဦးစလုံးက ကြိုက်နေကြခြင်းပင်တည်း။

ဂုဏ္ဏ၊ သုဒါ၊ ကျွန်ုပ် သုံးဦးစလုံး သည်အကြောင်းကို အတွင်းသိအစင်းသိဖြစ်ကြသည်။ ငယ်နုလှပသောသုဒါကလည်း ကျွန်ုပ်နှင့်ဂုဏ္ဏတို့နှစ်ဦးအနက် မည်သူကိုရွေးရကောင်းမှန်းမသိဖြစ်နေသည်။ သုဒါ ဝေခွဲမရ ဖြစ်နေခြင်းမှာလည်း အံ့သြစရာမဟုတ်။ စင်စစ် ဂုဏ္ဏနှင့်ကျွန်ုပ်နှစ်ဦးသားသည် သုဒါ၏နှစ်လုံးအိမ်အတွင်း ခိုလှုံခွင့်ရရန်အတွက် တစ်ပြိုင်တည်းကြိုးပမ်းနေကြသည် ဖြစ်စေကာမူ တစ်ဦးကိုတစ်ဦး အနိုင်ယူကာ တစ်ဦးကိုတစ်ဦး စဉ်းလဲစွာ ကြံစည်နေကြသည်မဟုတ်။

'မင်းနဲ့က ပိုပြီး လိုက်ဖက်ပါတယ် ပုညရာ။ သုဒါအချစ်ကို မင်းပဲဆွတ်ခူးပန်ဆင်လိုက်ပါ။ ငါ ကျေကျေနပ်နပ်ကြီး နောက်ဆုတ်ပေးချင်တယ်'

ဂုဏ္ဏက ယင်းသို့ဆိုတတ်သည်။ ထိုအခါ ကျွန်ုပ်ကလည်း-

'ဟာ.. ဘယ်ဟုတ်မလဲ ဂုဏ္ဏ။ သုဒါအတွက် အသင့်တော်ဆုံးက မင်းပဲ။ မင်းနောက်မဆုတ်ရပါဘူး။ ငါက ဆုတ်ပေးရမှာပါ'

အပြိုင်အဆိုင် ကြိုးပမ်းကြခြင်းမဟုတ်မူဘဲ အပြိုင်အဆိုင် ရှောင်တိမ်းဖယ်ကြဉ်နေကြသည်မို့ ကျွန်ုပ်တို့သုံးဦး အချစ်ရေးမှာ ကာလရှည်စွာ မပြတ်မသားဖြစ်နေခဲ့သည်။

သုဒါကလည်း-





'အမောင်တို့နှစ်ယောက်ကြောင့် သုဒါတော့လေ'ဟု အဆုံးမသတ်သော စကားကိုဆိုကာ မသိမသာ ညည်းညူလေ့ရှိပေသည်။

ဂုဏ္ဏကမူ တစ်ခါတစ်ရံ 'သူငယ်ချင်း၊ တို့ဒီအတိုင်းပဲ နေသွားရအောင်ကွာ။ မင်းရယ်၊ ငါရယ်၊ သုဒါရယ် မောင်နှမသုံးယောက်အဖြစ်နဲ့လေ'ဟု ဆိုတတ်၏။ ကျွန်ုပ်က 'အကောင်းဆုံးပေါ့ သူငယ်ချင်းရယ်'ဟု ပြန်ပြောမိလေသည်။

သို့သော်-

လောကဓံသည် ကျွန်ုပ်တို့၏ မပြတ်မသား မသဲမကွဲအဖြစ်ကို ပြတ်သားသဲကွဲအောင် ပြုရက်ချေသည်။ အို..လောကဓံမဟုတ်။

သည်အခြင်းအရာ၏ တရားခံကား သင်းတို့..သင်းတို့။



www.burmeseclassic.com

www.burmeseclassic.com

၅။

ကျွန်ုပ်က အမတ်ကြီး မဟာသီရိဥဇ္ဇနာ မဇေယျသင်္ကြန် စီရင်နေသော 'မန် ကျယ်မမှုသတ်' ကို လက်ရေးလှဖြင့် ကူးရေးနေရသည့်တာဝန်ဖြင့် အလုပ်များနေ သည်။ ဂုဏ္ဍာကလည်း သူ့သခင် စိန္တကျော်သူဦးညြ၏ 'ကဝိလက္ခဏာသတ်ပုံကျမ်း' အတွက် အလုပ်များနေသည်။

ညဥ့်နက်သန်းခေါင်အထိ ကျွန်ုပ်တို့ အလုပ်လုပ်ကြသည်။ မမှုသတ်ရော သတ်ပုံကျမ်းပါ ရွှေနန်းတော်အရောက် မကြာခင်ဆက်သရတော့မည်ဖြစ်သဖြင့် ကျွန်ုပ် တို့ အပတ်တကုတ်ကြိုးပမ်းနေကြရသည်။ နေပြည်တော်လမ်းမ၏ ဘေးလွယ်ခုတ် အနေတွင် အမတ်ကြီးနှစ်ပါး၏ စံအိမ်နှစ်ဆောင်တွင် မီးရောင်များ အပြိုင်အဆိုင် လင်းနေကြသည်။

ပေရွက်အသစ်လဲရန် လက်ထဲမှ ကညစ်ကို အောက်ချထားလိုက်ချိန်မှာပင် စိန္တကျော်သူအမတ်ကြီး၏ စံအိမ်ဆီမှ တဝုန်းဝုန်းအသံများကို ကြားလိုက်ရသည်။

ကျွန်ုပ်၏ကျေးဇူးရှင် မဟာသီရိဥဇ္ဇနာ ဇေယျသင်္ကြန်အမတ်ကြီးသည် ထ လက်စကွမ်းကို ကွမ်းအစ်ထဲသို့ ပြန်ထည့်ကာ ခေါင်းထောင်ကြည့်ရင်း–

'မောင်ပုည၊ ဦးညြအိမ်ဆီက အသံတွေမဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

တဝုန်းဝုန်းအသံများနှင့်အတူ မြင်းခွာသံများ၊ ရူးရူးဝါးဝါးအော်သံများပေ ပေါ်ထွက်လာ၏။ စိန္တကျော်သူ အမတ်ကြီးအိမ်ဆီမှ တစ်ခဲနက်လင်းထိန်သောအရောင် များ ဖြာတက်လာသည်။ ရုတ်ရုတ်သဲသဲအသံများ ပွက်ပွက်ညံသွားသည်။





'ဟင်… မီးလောင်နေပါလား'

သျှောင်ကိုပင်မထုံးနိုင်တော့ဘဲ ကျွန်ုပ် တစ်ဟုန်ထိုး ပြေးခဲ့တော့သည်။ လမ်းမပေါ်တွင် နေပြည်တော်သူ၊ နေပြည်တော်သားများ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ အမတ်ကြီးစံအိမ်ဆီ ကျွန်ုပ်မရောက်မီမှာပင် ညဥ့်အမှောင်တွင်း၌ စံ အိမ်ဝင်းဆီမှ ဒုန်းစိုင်းလာသော မြင်းစီးသမားများကို တွေ့လိုက်ရသည်။ မီးတောက် ကြီးများကလည်း စံအိမ်၏ လေသာဆောင်ကို တဟုန်းဟုန်းဝါးမြိုနေကြသည်။

'မဆိုင်သူမကပ်နဲ့၊ ခေါင်းပြတ်သွားမယ်'

မြင်းစီးသမားများဆီမှ အော်ဟစ်ကြုံးဝါးသံများပေါ်လာသည်။ မီးတောက် ကြီးများ၏ နီကြန်သောအလင်းတွင် မျက်နှာဖုံးစွပ် မြင်းစီးလူဆိုးများကို မြင်နေရ သည်။

'ဟော့… မဆိုင်သူ မဝင်ကြနဲ့။ ဘေးဖယ်၊ ဘေးဖယ်'

မြင်းတစ်စီးသည်ပင် ကျွန်ုပ်ဘေးမှကပ်လျက် အပြင်သို့ ဒုန်းစိုင်းထွက်သွား သည်။ ကျွန်ုပ်မှာ မြင်းစီးသမားများကို သတိမထားအား။ စံအိမ်တွင်းဆီမှ လူများ နှင့် ကျွန်ုပ်၏ဂုဏ္ဍာအတွက် စိုးရိမ်ကြီးစွာဖြင့် ပြေးဝင်ခဲ့သည်။

'ဂုဏ္ဍာ၊ ဂုဏ္ဍာ၊ မင်းဘယ်မှာလဲ'

မီးတောက်ကြီးများ၏ တဟုန်းဟုန်းအော်သံကို ကျွန်ုပ်၏အသံက မထွင်းဖောက် နိုင်ခဲ့။ ထို့အပြင် မီးငြိမ်းသတ်ရန်ကြိုးစားကြသည့်လူများကြောင့်လည်း စံအိမ်တစ် ဝင်းလုံး ရှုပ်ထွေးနေသည်။

သူငယ်ချင်းအတွက် ကျွန်ုပ်မိုက်မဲစွာ လှုပ်ရှားမိတော့သည်။

မီးတောက်မီးလျှံများ တညီးညီးပေါ်နေသည့် လသာဆောင်အောက်မှ ဖြတ် ဝင်ခဲ့သည်။ ဂုဏ္ဍာ၏အိပ်ခန်းဆောင်ဆီသို့သာ တစ်ရှူးထိုးပြေးဝင်လာသည်။

'ဂုဏ္ဍာရေ…ဂုဏ္ဍာ…'

ဂုဏ္ဍာထံမှ အသံလုံးဝမကြားရ။ မီးလျှံများကြားတွင် ကျွန်ုပ်၏သူငယ်ချင်း အတွေ့ရောက်နေပြီဟူသော အသိဖြင့် အဆောင်ဆောင်အခန်းခန်းတို့ကိုသာ တစ်ခုပြီး တစ်ခုဖြတ်လျက် ဂုဏ္ဍာကိုရှာမိသည်။ မီးစွယ်များက ကျွန်ုပ်တစ်ကိုယ်လုံးကို ကြမ်း ကြုတ်စွာ ထိုးဆိတ်လာကြသည်။

'ဂုဏ္ဍာရေ…'



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းဆောင်မှာလည်းမရှိ။ စာတော်ဖတ်အဆောင်မှာလည်းမရှိ။ မီးခိုးလုံးများဖြင့် မည်းမှောင်နေသောကြောင့်လည်း ဘာကိုမှ ကောင်းစွာမမြင်ရ။

ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သည်။ ကျွန်ုပ်၏ မဟာသိရိဥတ္တမဇေယျသကြ်န်အမတ်ကြီးစံအိမ်ကို မီးလောင်လျှင် အရေးအကြီးဆုံးအလုပ်ဟူ၍ ကျွန်ုပ် ဘာလုပ်မည်နည်း။ အဘယ်နေရာသွား၍ အဘယ်ပစ္စည်းကို ယူဆောင်မည်နည်း။

ထိုအသိဖြင့် စံအိမ်၏ ပိဋကတ်ဆောင်ဆီသို့ မီးလျှံများအကြားမှ တိုးဝင်ခဲ့သည်။ တန်ဖိုးမဖြတ်နိုင်သော ပေ၊ ပုရပိုက်များ၊ ကျမ်းများထားရှိရာ ပိဋကတ်ဆောင်း

ဂုဏ္ဏာ ထိုနေရာတွင် ရှိနေလိမ့်မည်။

ကျွန်ုပ်အတွေးမှန်သည်။ မီးကူးစပြုနေပြီဖြစ်သော ပိဋကတ်ဆောင်၏အတွင်းဘက် ပရုပ်သားဖြင့်ပြုလုပ်ထားသော စာတိုက်ဗီရိုများကြားတွင် လဲကျနေသော ဂုဏ္ဏာကို တွေ့ရတော့သည်။ မီးတောက်များက ဂုဏ္ဏာ၏ ဝဲယာဝန်းကျင်တွင် တဟဲဟဲအော်မြည်နေကြပေပြီ။

'အလိုလေး·· ဘုရား·· ဘုရား'

ဂုဏ္ဏာရင်ဘတ်တွင် သွေးတို့ဖြင့် မြင်မကောင်း၊ ဂုဏ္ဏာ မလှုပ်ရှား။

'သူငယ်ချင်း၊ သူငယ်ချင်း၊ ငါလေ·· ပုည'

မီးတောက်များက ထွက်ပေါက်မရှိအောင် ပိတ်ဆို့နေကြပေပြီ။

ဂုဏ္ဏာ မယုံနိုင်စရာကောင်းလောက်အောင် သန်စွမ်းလာသည်။ ကျွန်ုပ်၏ ပခုံးပေါ်မှ ရုန်းကန်ဖယ်ရှားသည်။ ထို့နောက်···

'ပုည·· သူတို့ ဒါအတွက်လာတာ၊ ငါ့ကိုလုပ်ကြံကြ···'

သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော အထုပ်တစ်ထုပ်ကို ယခုမှ ကျွန်ုပ် သတိထားမိတော့သည်။ မီးလျှံ၏ အရောင်ညီးညီးတွင် ဂုဏ္ဏာမျက်လုံးများ ပြူးကျယ်နေသည်။

'သူငယ်ချင်း၊ ဒါ··ဒါကို·· မင်း··ထိန်းသိမ်း··ငါ··ငါ'

ချက်ချင်းပင် ဂုဏ္ဏာ လဲကျသွားသည်။ သူ့ကို ကျွန်ုပ် ဖမ်းယူလိုက်သည်။ လေးလံစွာ ကျွန်ုပ်လက်ထဲတွင် ပါလာလေသည်။ ပြူးကြောင်သော မျက်လုံးများဖြင့် ကျွန်ုပ်ကိုမော့ကြည့်သည်။ တစ်ခုခုပြောရန် သူ့နှုတ်ကိုဖွင့်သည်။ စကားသံကား ထွက်မလာ။ သွေးတို့သာ ပွက်ခနဲ အန်ထွက်လာချေသည်။





ထို့နောက် သူ့လည်ပင်းသည် တစ်ဘက်ကို ခွေငိုက်ကျသွားလေသည်။

'ဂုဏ္ဏာ'

ကျွန်ုပ် အော်ဟစ်လိုက်မိသည်ထင်သည်။

'ဂုဏ္ဏာ၊ ဂုဏ္ဏာ၊ ပြောစမ်း၊ ဘယ်သူတွေလဲ။ မင်းကိုသတ်တာ ဘယ်သူ'

ဂုဏ္ဏာထံမှ အဖြေမရနိုင်တော့။ သူ စကားမပြောနိုင်တော့။ သူ မလှုပ်ရှားနိုင်တော့။ သူ··သူ အသက်ရှူရပ်သွားခဲ့ပြီ။

'ဂုဏ္ဏာ၊ ဂုဏ္ဏာ၊ ဂုဏ္ဏာ'

သူ့ရှူးသဖွယ် ကျွန်ုပ် အော်ဟစ်နေမိသည်။ သူ့ပခုံးကို၊ သူ့ရင်ဘတ်ကို၊ သူ့လက်ကို ဆုပ်ကိုင်ဆွဲခါနေမိသည်။ သူ့လက်ဖဝါးကိုဆုပ်ကိုင်လိုက်သည်တွင် လက်ထဲက ကတ္တီပါစဖြင့်ပတ်ထားသော အထုပ်တစ်ထုပ်ကို တွေ့လိုက်ရသည်။

'ဒါအတွက် သူတို့လာတာ'

ဂုဏ္ဏာ၏ နောက်ဆုံးစကားလုံးများကို ချက်ချင်း သတိရလိုက်သည်။

'ဒါကို·· မင်း··ထိန်းသိမ်း'

အထုပ်ကို ခါးပုံစထဲသို့ ထိုးထည့်လိုက်ရလေသည်။ ထိုအခိုက်မှာပင် နောက်ဘက်အဆောင်၏ အမိုးထုပ်တန်းကြီးပြိုကျသောအသံကို ကြားလိုက်ရသည်။ ဂုဏ္ဏာကို ကြည့်မိပြန်သည်။ သူ အသက်မရှိတော့သော်ငြား သူ့ကို မီးတောက်မီးလျှံများအကြား ကျွန်ုပ်မထားခဲ့ရက်နိုင်။ သူ့ကို ကျွန်ုပ် ပွေ့ချီလိုက်သည်။

ရက်စက်ကြမ်းကြုတ်သော မီးလျှံကြီးများထဲသို့ ဂုဏ္ဏာကို ပွေ့ချီလျက် ကျွန်ုပ် ထိုးဖောက်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၆။

စံအိမ်တော်ကို လူအများ နိုင်နင်းစွာ ငြိမ်းသတ်နိုင်ခဲ့သဖြင့် စံအိမ်တော်မှာ ပြောပလောက်အောင် ပျက်စီးမသွားခဲ့။ အမတ်ကြီးစိန္တကျော်သူဦးဩမှာလည်း မင်းတရားကြီးထံ အခစားဝင်နေချိန်ဖြစ်၍ တစ်စုံတစ်ရာ မဖြစ်ခဲ့။ သို့သော် ကျွန်ုပ်မှာမူကား အသည်းနှလုံးကို မီးအလောင်ခံရချေသည်။

သူငယ်ချင်း၏သွေးတို့ဖြင့် စွန်းထင်းသော ကတ္တီပါစအထုပ်အတွင်းမှ ပေ ရွက်များကို ဆုပ်ကိုင်လျက် မသိနိုင်သောရန်သူအား ရှာဖွေရတော့မည်။

ဂုဏ္ဏကိုသတ်၍ စံအိမ်ကို မီးတင်ရှို့သော သူတွေကား အဘယ်သူတွေလဲ။ သင်းတို့ ဘာကြောင့် သည်လိုရက်စက်ရသလဲ။ ဂုဏ္ဏအတွက် ကြေကွဲရသောရင်ကို ဖုံးဖိလျက် ဂုဏ္ဏလက်ထဲကရခဲ့သော ပေရွက်ထုပ်ကို ကျွန်ုပ် ဖွင့်ကြည့်ရတော့သည်။ ပေရွက်ချပ်များမှာ သွေးတို့ဖြင့် ကပ်ငြိလျက်ရှိကုန်ပြီဖြစ်၍ မပွန်းမစုတ်ရအောင် သတိကြီးစွာဖြင့် ဖွင့်ရသည်။

ကြေကွဲသောနှလုံးဖြင့်၊ နာကျည်းသောရင်ဖြင့်။

"ဒီပေရွက်တွေကြောင့် မင်းအသတ်ခံရတာတဲ့လား သူငယ်ချင်းရယ်..."

လက်တွေမတုန်မိအောင် သတိထားပြီး အပေါ်ဆုံးပေရွက်ပေါ်မှ သွေးစများကို ဖယ်ရှားသုတ်သင်လိုက်သည်။ ကညစ်ကို ကောင်းစွာအသုံးပြုတတ်သူ၏ ဝိုင်းစက်လှပသော လက်ရေးများကို တွေ့လိုက်ရသည်။

❖❖❖



## မဏိပူရပုရပိုက်

*တရားစောင့်သသူကို တရားသည်စောင့်၏။*

*လောကၷ လောကဓမ္မကို သွေဖည်သူအား သူ၏အကုသိုလ်က တဖန်ပြန်လည် နှိပ်စက်မည်မှာ ဓမ္မတာပင်ဖြစ်၏။*

*ကွဲကြေခဲ့သောနှလုံးများကိုယ်စား၊ ယိုစီးခဲ့သော နှလုံးသွေးများကိုယ်စား ငါသည် မဆုတ်မနစ်သော ငါ၏လက်တို့ဖြင့် ဤပုရပိုက်ကို စီရင်ခဲ့စေအံ့။ 'မဏိပူရပုရပိုက်'မည်သော ဤမှတ်တမ်းသည် မတရားမှုကို တိုက်ခိုက်သည့် တရားသောသူများအတွက် အင်အားဖြစ်စေသတည်း။*

*တရားမှုနှင့် လူသားအတွက် အန္တရာယ်ဆိုးဖြစ်ပေသော လောကရာဇဝတ်ကောင်အတွက်မူကား ငါ၏ မဏိပူရပုရပိုက်သည် ယမမင်း၏ မှတ်တမ်းဖြစ်သတည်း။ ။*

❖❖❖

ပုရပိုက်အဖွင့်၏ ရှုးရဲပြတ်သားသော စာလုံးများသည် ကျွန်ုပ်၏နှလုံးသည်းပွတ်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည့်အလားပင်။ ပုရပိုက်ပေါ်က စာလုံးများဟု မထင်ရတော့ဘဲ၊ ဂုဏ္ဏ (သို့မဟုတ်) တစ်စုံတစ်ယောက်က ကျွန်ုပ်အား အနီးတွင် ထိုင်ကာ စကားပြောနေသည်သို့ ခံစားရတော့သည်။

မဏိပူရပုရပိုက်သည် ကျွန်ုပ်အား ဖမ်းစားခေါ်ဆောင်ချေပြီတကား။

အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိမင်းလက်ထက်။

မဏိပူရကသည်းတို့၏ စစ်သည်လည်းကောင်း၊ ရောဝတီအရှေ့ဘက် မြို့ရွာတစ်လျှောက်သို့ဝင်သော ကြွေ့ရှမ်းတို့၏ စစ်သည်လည်းကောင်း၊ ဟံသာဝတီ မြို့တို့၏ စစ်သည်လည်းကောင်း။ တစ်ထီးတစ်နန်း၊ တစ်မင်း၊ တစ်ခေး။ စစ်တို့သည် ပြည်သူလူထုအား ဖိနှိပ်တလူပြုသည်မှာ မှန်၏။ သားကွဲမယားကွဲ ဆင်းရဲ ဒုက္ခအပေါင်းတို့ကို ထိုစစ်သည်တို့သည် ဆောင်ကြဉ်းလာကြသည်မှာလည်း မှန်၏။ အသက်ပေါင်းများစွာ၊ သွေးပေါင်းများစွာ၊ မျက်ရည်ပေါင်းများစွာတို့ဖြင့် လဲလှယ်ကျခဲ့သည်လည်းမှန်၏။

လောကငရဲကို ငါကြုံဖူးခဲ့ပြီ။

www.burmeseclassic.com



အနိဋ္ဌာရုံကို ငါခံစားခဲ့ပြီ။

သို့တစေ ဤပုရပိုက်တွင် မှတ်တမ်းတင်အံ့သော 'ရက်ဗလ' အမည်ရှိသော လူတစ်ယောက်ကြောင့် ဖြစ်ပေါ်ရသော လောကငရဲနှင့် ရက်စက်ကြမ်းကြုတ်မှုတို့သည်ကား ငါကြုံဖူးခဲ့သမျှ အနိဋ္ဌာရုံတကာတို့ထက် ပို၍ဆိုးရွားလှပေ၏။

အင်းဝနေပြည်တော်အပျက်တွင် ဟံသာဝတီတပ်နှင့် ကွေ့ရှမ်းတပ်များက မုဆိုးဖိုရှိ ဦးအောင်ဇေယျထံ အပြိုင်အဆိုင် သစ္စာပေးကြ၏။ မုဆိုးဖိုက သစ္စာမခံ။ စစ်သူကြီးဒလဗန်းကိုသော်လည်းကောင်း၊ ကွေ့ဂုဏ္ဏအိန်ကိုသော်လည်းကောင်း မရိုကျိုး။ ထီးနန်းအသစ်ကို ထူထောင်ရန်သာ ရှပ်ချုံကြိုးပမ်းခဲ့ပေ၏။

ဤပုရပိုက်ကို စီရင်သူငါကား အဝနေပြည်တော်၏ မြောက်ဘက်ဇနပုဒ်အစွန်တွင် တောင်ယာစားမခုတ်လုပ်ငန်းဖြင့် အေးချမ်းစွာနေသသူ။ သင်းရှိ တိုင်းရေးပြည်ရေး ထီးနန်းရေးကို ငါနားမလည်ခဲ့။ စစ်ကြောင့် ငါ့လယ်သုဉ်းရသည်ကို သာငါသိ၏။ စစ်ကြောင့် ငါ့နွားတို့ဆုံးရသည်ကို ငါသိ၏။

ငါ့လယ်၊ ငါ့နွား၊ ငါ့တရားနှင့်သာ ငါအေးချမ်းစွာ မွေ့လျော်လို၏။ တစ်ဝမ်းတစ်ခါးကို မြေ၌ထွန်ယက်ရှာဖွေစားသောက်ကာ ငါထုံယစ်သော ပေပုရပိုက်၌ လိုက်စားရန်သာ ငါ အလိုရှိ၏။

သို့တစေ စစ်သည် ငါ့အား ငါ့ဆန္ဒမှ သွေဖည်စေသည်တကား။

တိုင်းရေးပြည်ရာတို့ ရှုပ်ထွေးချိန်ဝယ် ငါတို့ဇနီးမောင်နှံသည် လယ်သို့မဆင်းနိုင်။ ယာလည်းမခင်းနိုင်။ မိမိ၏ခြံအတွင်း၌သာ ရိက္ခာအလို့ငှာ စုဆောင်းအသင့်ပြင်နေခဲ့ကြရ၏။

မုဆိုးဖိုမှ ဦးအောင်ဇေယျ၏တပ်များက ကွေ့ဂုဏ္ဏအိန်၏တပ်၊ ဒလဗန်း၏တပ်များကို သုတ်သင်ပြီဟု ကြားရသောအခါ ငါတို့အားတက်ရ၏။

သို့သော် တစ်နေ့သောအခါတွင်ကား…

ရိက္ခာအလို့ငှာ ဖြည့်ဆည်းသိမ်းထုတ်နေသော ငါတို့၏ခြံသို့ စစ်၏အစွန်အဖျားသည် တည့်မတ်စွာကျရောက်လာချေ၏။ ငါမမေ့။

မြင်းစီးရဲမက်တစ်ခု ငါ၏တဲခြံတွင်းသို့ ကဆုန်ချ၍ ဝင်လာကြ၏။ သေယစ်နပဟန်ရှိသော သူတို့၏မျက်နှာများကို တွေ့ရသခိုက်မှာပင် သင်းတို့ကား မဏိပူရစစ်သည်များဟု ငါသိလိုက်၏။ သင်းတို့ကား မုဆိုးဖိုတပ်များ၏ လိုက်လံသုတ်သင်





ရှင်းလင်းမှုကြောင့် တပ်ဆုတ်ပြေးလွှား ရှောင်ရှားရသူများဖြစ်ဘိ၏။

စစ်ရှုံးတပ်၏ အဆုတ်အပြေးလမ်းတစ်လျှောက်ရှိ အန္တရာယ် ငါသိထားနှင့်ပေပြီ။ ထို့ကြောင့် ငါ့ဇနီးသည်အား တဲအတွင်းသို့ ပုန်းခိုနေခဲ့စေ၏။ သင်းတို့သည် တဲဝမှ ငါ့အား မြင်းပေါ်မှာပင် ကန်ကျောက်ရိုက်ပုတ်ကာ တဲအတွင်းရှိသမျှကို လုယက်ကြတော့၏။ အသက်ထက်ပို၍ တွယ်တာစရာမရှိနိုင်တော့ပြီဟုသိထားသော ငါကလည်း ငါ့ပစ္စည်းများကို သင်းတို့စိတ်ရှိတိုင်းပြုကြစေဟု သဘောထားလိုက်ပေ၏။

သို့သော် သင်းတို့ မဏိပူရတပ်၏အကြီးအမှူးဖြစ်တတ်တူသူကမူ စားနပ်ရိက္ခာတို့ကို လုယက်ယူရုံမျှ အားမရနိုင်ဘဲ တဲကိုပါ မီးရှို့ရန် သူ့ရဲမက်များအား ခိုင်းစေတော့၏။ တဲခြံကို မီးမရှို့ပါရန် ငါတောင်းပန်သော်လည်း စစ်သွေးဖြင့် ရူးသွပ်နေသော ထိုအကြီးအမှူးကမူ ငါ့တောင်းပန်မှုကို ကန်ကျောက်ရိုက်နှက်ခြင်းဖြင့်သာ တုန့်ပြန်ခဲ့၏။

သင်းတို့သည် တဲကို မီးတင်ကြ၏။ တဲအတွင်းမှ ပုန်းအောင်းနေသော ငါ့ဇနီးသည်လည်း တဲပြင်သို့ ထွက်ပြေးလာ၏။

ငရဲခန်းသည် စတင်ခဲ့ပေပြီ။

မဏိပူရတပ်အကြီးအမှူးသည် ငါ့ဇနီးသည်ကို မတော်မတရားကြံစည်လေပြီ။ ဇနီးသည်၏ အော်ဟစ်တောင်းပန်သံကို ငါ ယခုတိုင် နားကမထွက်။ လောကပါလနတ်မင်းများ စောင့်ရှောက်တော်မူပါ။ ငါ့ဇနီးသည်ကား နှုတ်ငုံဆောင်စအရွယ်ဖြစ်ပါ၏။ ပထမဆုံးရင်သွေးငယ်ကို ဆောင်ရွယ်စကာလဖြစ်ဘိ၏။

အကြီးအမှူး၏အမိန့်ဖြင့် စစ်သည်တို့က ငါ့အား ဝိုင်းဝန်းချုပ်နှောင်ကြ၏။ ရုန်းကန်သောငါ့အား သင်းတို့က တိရစ္ဆာန်တစ်ကောင်အလား ရိုက်နှက်ကြ၏။

နာကျည်းခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်းများဖြင့် သင်း၏မျက်နှာကို ငါ တံတွေးထွေး၏။ ထိုအခါ ငါ့အား မလှုပ်နိုင်အောင် သင်းတို့ နှောင်တဲကြတော့ပြီ။

ယင်းသည့်နောက်မှုကား…။

ယုတ်မာသည့် ထိုအကြီးအမှူးသည် ငါ့မျက်မှောက်၌ပင် နှုတ်ငုံဆောင်စ ငါ့ဇနီးသည်အား…။



www.burmeseclassic.com

www.burmeseclassic.com



လောကပါလနတ်မင်းများ စောင့်ရှောက်တော်မူပါဘုရား။ ဆိုးသွမ်းယုတ်ညံ့လွန်းသော ထိုအဖြစ်ကို ဤပေပုရပိုက်၌ အက္ခရာတင်ရန်ပင် ငါမဝံ့စား။ အကြင်မျှလောက်အထိ ဆိုးရွားယုတ်ညံ့ခဲ့ပါ၏။

ငါ့မျက်စိအစုံကို ဖွင့်မိချိန်၌မူ ချစ်လှစွာသော ဇနီးသည်လည်း ရှက်ခြင်း၊ ကြောက်ခြင်း၊ နာကျည်းခြင်း စသည့် ထန်ပြင်းသည့်ဒုက္ခဝေဒနာတို့၏ နှိပ်စက်မှုဖြင့် နှလုံးကွဲကာ သေပွဲဝင်ရှာပေပြီ။

ထိုစဉ်ခိုက် ငါ ရူးသွပ်သွားခဲ့ပေ၏။

သင်းတို့ကို ငါ အဘယ်မျှလောက် တိုက်ခိုက်ကာ ငါ့အား အဘယ်မျှလောက်အထိ သင်းတို့လက်နက်များ ထိရှသည်ကို မမှတ်မိနိုင်တော့။ အဆုံးတွင်တား ငါ့ကိုစီရင်ရန် ယုတ်မာသည့်အကြီးအမှူးထံ ပြေးဝင်ခဲ့၏။

သင်းကား ငါထင်သည်ထက် ပို၍ ဆိုးရွားခဲ့ချေသည်တကား။

သူ့အား မသေခဲ့ခြင်ပြုသည့်အတွက် စစ်ရှုံးစစ်ဆုတ် မဏိပူရတပ်ကို နှောင့်ယှက်သည့်အတွက် ငါ့အားမသတ်ဘဲ စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်သွားမည်ဟု သင်း အမိန့်ချ၏။

ငါ့အား အဆုံးမစီရင်ခြင်းသည်ပင်လျှင် ငါ့ဒုက္ခကို တစ်စတစ်စ ပွားများစေခြင်း ဖြစ်တော့၏။ သည်မျှ ရက်စက်သူတကား။

ငါ့ဘဝအား အရှင်လတ်လတ် မီးလောင်တိုက်သွင်းခဲ့သော မဏိပူရတပ်မှူး၏အမည်ကား 'ရဂ်ဗလ'တည်း။

'ရဂ်ဗလ'ကို လက်စားချေရန်ဟူသော အဓိပ္ပာယ်ဖြင့် ငါ အသက်ရှင်၏။ ငါ၏ ထွက်သက်ဝင်သက်တိုင်းသည် 'ရဂ်ဗလ'ကို 'တက်တုံ့အံ့'ဟူ၍ အနက်ဆောင်၏။

သို့ဖြင့်ပင် အခွင့်သာမည့် တစ်နေ့ကို စောင့်ဆိုင်းရင်းဖြင့် နာကျည်းမှုကို စားသုံးကာ ရှင်သန်ရင်းဖြင့် ငါသည် ရဂ်ဗလ၏ မဏိပူရသုံ့ပန်းအဖြစ်ကို ခံယူခဲ့ပေ၏။

ရဂ်ဗလ၊ သင့်တရား သင့်ကိုစီရင်စေအံ့။



ရှ။

ပုရပိုက်၏အပေါ်ထပ် ပေရွက်များသည်ပင် ကျွန်ုပ်၏နှလုံးသွေးကို ပွက်ဆူစေလေသည်။ မသိဖူး၊ မမြင်ဖူးသော ပုရပိုက်ရေးသူ အဝနေပြည်တော် ဇနပုဒ်သား၏ ဝေဒနာသည် ကျွန်ုပ်ထံ ကူးစက်လာလေသည်။ မသိဖူး၊ မမြင်ဖူးသော 'မဏိပူရတပ်မှူး ရဂ်ဗလ'ဆိုသူ၏ ရက်စက်ယုတ်ညံ့မှုများကိုလည်း ခါးသည်းစွာခံစားလာရသည်။

၎င်း၏ ရုပ်သွင်ကိုလည်း မြင်ယောင်နေသည်။

ပုရပိုက်ကို ဆက်ဖတ်ရန် ကျွန်ုပ် သက်ပြင်းတစ်ချက် ရှိုက်သည်။

ရဂ်ဗလ၏ရုပ်လုံး မည်သို့ကြွလာဦးမည်နည်း။

ပုရပိုက်၏ကျန်ရှိသော ပေရွက်များပေါ်တွင် ရေးသားစီရင်သူသည် အလောင်းဘုရား၏ ထိုးစစ်များ၊ မဏိပူရနှင့် ဟံသာဝတီတပ်တို့ ဆုတ်ရပုံများကို စစ်ရေးအရ ဖော်ပြထားလေသည်။ ယင်း စစ်လမ်းတစ်လျှောက်တွင် စစ်ဆုတ်ရင်းဖြင့် ရဂ်ဗလ၏ အလားတူ ဆိုးယွမ်းယုတ်မာ ရက်စက်မှုများကိုပါ ထည့်သွင်းရေးသားထားသည်။ သူကိုယ်တိုင်၏ သုံ့ပန်းဘဝဖြင့် အမြို့မြို့အရပ်ရပ် လိုက်ပါကာ စစ်၏အနိဋ္ဌာရုံနှင့် ရဂ်ဗလ၏ရုပ်လုံးကို အနီးကပ်ဖော်ပြထားသည်။

နေရာဌာနနှင့် ကာလသာ ပြောင်းလဲသွားခဲ့သည်။

ရဂ်ဗလအား စစ်သွေးဖြင့် ရူးသွပ်နေသူဟု တစ်နေရာတွင် ဖော်ပြထားသည်။ တစ်နေရာတွင်မူ လူစိတ်ပျောက်ကွယ်နေသည့် အဟိတ်တိရစ္ဆာန်ဟုဆိုထားသည်။ တစ်နေရာတွင်မူ စစ်နှင့်မပတ်သက်သော ဆိုးယုတ်မှုများအားလုံးအတွက် အဖြစ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သူဟု ဆိုထားသည်။

ပုရိုဂိုက် တစ်ချပ်ပြီးတစ်ချပ် ကုန်ဆုံးသွားသည်နှင့်အမျှ ရေးသားစီရင်သူ၏ နာကျည်းချက်မှာ ပို၍ ပေါက်ကွဲလာသည်။ ရဂ်ဗလ၏ ရုပ်သွင် ပို၍ ရုပ်လုံးကြွလာသည်။

ယင်းသို့ဖြင့်ပင် ကျွန်ုပ်သည် အလောင်းမင်းတရားကြီး၏ နိုင်ငံတော်တည်ထောင် စစ်ကာလအခြေအနေတို့ကိုပါ သိခွင့်ရခဲ့တော့သည်။ ဟံသာဝတီစစ်ပွဲ၊ သန်လျင်စစ်ပွဲများကို စစ်သုံ့ပန်းတစ်ဦးအမြင်ဖြင့် ရေးသားထားသည်။ နောက်ဆုံးတွင်ကား ကျွန်ုပ်သိထားပြီးဖြစ်သော သက္ကရာဇ်(၁၁၂၀)ပြည့်နှစ် မဏိပူရအောင်စစ်ပွဲကို ဖော်ပြထားလေသည်။

ထိုအပိုင်းကဏ္ဍပါ ပေရွက်ချပ်များကား ဤပုရပိုက်တွင် အလှပ်ရှားဆုံးနှင့် ရေးသားသူ၏နလုံးခုန်သံကို အကြားရဆုံးဖြစ်တော့သည်ဟု ကျွန်ုပ်ထင်သည်။

'ရဂ်ဗလ ဆိုးယုတ်' ကို မှတ်တမ်းပြုရလျှင် ဆုံးအံ့မထင်။ ငါ၏ဝိညာဉ်သံသရာတွင်လည်းသရွေ့ မှတ်တမ်းပြုသော်မှ၊ ငါအထက်တုံရောက်မှ ဆုံးအံ့ထင်၏။

ရွှေဖော်သော၊ စိတ်ကောင်းရှိသော၊ စစ်သည်ရဲမက် ပီသသော ကွေ့ရှမ်းမွန်၊ ကသည်းတို့ကို ငါဆုံခဲ့ရ၏။ ရဂ်ဗလကား အခြားအခြားသော စစ်သည်တပ်မှူးများနှင့်လည်းမတူ။ သင်းကား လောကမျက်နှာကို ရက်စက်မှုဖြင့် လိမ်းကျံရန်လူအဖြစ်ရောက်လာသော အဟိတ်တိရစ္ဆာန်ပင်ဖြစ်တော့သည်။

ငါ၏ သုံ့ပန်းသက်တမ်းတစ်လျှောက်တွင် ငါလည်း နှစ်ကာလအလျှောက်အိမ်းမစွမ်းရှိခဲ့ပြီ။ ပေရွက်များလည်း ထုထဲလာခဲ့ပြီ။ ယခုအထိ ပေရွက်နှင့်ကညစ်ကို စုဆောင်းရနိုင်ခွင့်ရှိသည်ကပင်လျှင် ငါ၏ကုသိုလ်ကံဖြစ်တော့၏။ သို့တည်းမဟုတ် ရဂ်ဗလ၏ အကုသိုလ်ကြွမ္မာဖြစ်တော့၏။

စစ်၏ဒဏ်ရာတို့ဖြင့် အနာသည်းနေစဉ်မှာပင် ငါသည် ဖနီးသည်၏ကိုယ်စား ငါကဲ့သို့သော အခြားယစ်ကောင်များကိုယ်စား ငါ့ပုရပိုက်ကို ဆက်လက်ရေးသားပေအံ့။

အလောင်းဘုရားသည် ဟံသာဝတီကို ရပေပြီ။ သန်လျင်ကို ရပေပြီ။ နိုင်ငံတော်အလုံးကို အလိုပြည့်ချိန် နီးပေပြီ။ ရာမညတိုင်းအလုံးတွင်လည်း နယ်ပယ်မြို့ရွာများကို အအုပ်အချုပ်ခန့်၍ စီမံနိုင်ခဲ့ပေပြီ။





ငါသုံ့ပန်းအဖြစ် ပါဝင်နေသော မဏိပူရတပ်တို့ကား ကသည်းပြည်အထိ ချီတက်ခဲ့ဆဲပင်ဖြစ်၏။ ရဂ်ဗလလည်း အထိအနာကြီးနာကာ စစ်ပြေးလမ်းတစ်လျှောက်တွင် ချေးရူးကဲ့သို့ မြင်သမျှကို ဒုက္ခပေးဆဲဖြစ်၏။

သို့ဖြင့်ပင်...

တမူးလမ်းမှတစ်ဆင့် သောင်ထွင့်မြို့သို့ စစ်ဆုတ်ခဲ့ရာတွင် ရဂ်ဗလ၏ ဆိုးသွမ်းမှုတစ်ခုကို ကြုံရပြန်၏။

သောင်ထွင့်မြို့တွင် စခန်းချနေစဉ် ငါတို့သုံ့ပန်းများကား နယ်စပ်စစ်ပြေးလမ်းအတွက် တောတောင်များကို ခုတ်ထွင်ကြရ၏။

သုံ့ပန်းအကျဉ်းသားများအပေါ် ရဂ်ဗလ ရက်စက်ပုံကား ပြောဖွယ်မရှိ။ သောင်ထွင့်မြို့သူမြို့သားများအပေါ်တွင်လည်း ငါကြုံခဲ့ရသည့်အဖြစ်ဆိုးအတိုင်းပင် သင်းပြုမူ၏။

စားနပ်ရိက္ခာလုခြင်း၊ မီးရှို့ခြင်း၊ သားပျိုသမီးပျိုတို့အား အဓမ္မသိမ်းခြင်း၊ သင်္ဃာရှိမယားများအား စော်ကားခြင်း၊ ယောကျာ်းသားများအား နည်းမျိုးစုံဖြင့် နှိပ်စက်ခြင်း စသည်ဖြင့် စစ်နှင့်မဆိုင်သော ရက်စက်မှုများကို သင်း ဆက်လက်ကျင့်သုံးခဲ့၏။

တစ်နေ့သ၌ ငါတို့ တောချုံရှင်းသည့် လမ်းခရီးတစ်လျှောက်တွင်တွေ့ရသော အိမ်တစ်အိမ်မှ လူများကို သင်းသည် ထုံးစံအတိုင်း ရက်စက်စွာ ပြုကျင့်သော၏။

အိမ်ရှင်အဘိုးအိုအား သုံ့ပန်းအဖြစ်ခေါ်ခြင်း၊ အိမ်ရှင်အဘွားအိုအား ထိုးကြိတ်နှိပ်စက်ခြင်း၊ အိမ်ရှင်အမျိုးသမီးပျိုအား မတရားကြံစည်ခြင်းတို့ဖြင့် သင်း၏ ယုတ်မာမှုလက်သည်းများကိုဖွင့်ကာ သနားဖွယ် မိသားစုကို ကုတ်ခြစ်နှိပ်စက်လေသော၏။

ထိုစဉ်တွင် အခြားစစ်ကြောင်းမှ တပ်ဆုတ်လာသော ကသည်းတပ်မှူးတစ်ဦး၏တပ်နှင့် ဆုံမိကြ၏။ အဆိုပါတပ်မှူးကား ကသည်းလူမျိုးဖြစ်စေကာမူ ရဂ်ဗလနှင့် ခြားနားလှပေ၏။ ရဂ်ဗလ၏ အဆိုပါရက်စက်မှုများကို တားမြစ်ပိတ်ပင်ရာဖြင့် တပ်မှူးနှစ်ဦးတို့ အချင်းများကြလေ၏။ ကသည်းတပ်မှူးသည် ရဂ်ဗလ၏ စစ်နှင့်မဆိုင်သော အပြစ်များကို ထုတ်ဖော်ပြောဆိုလေရာ ရဂ်ဗလကလည်း ကသည်း



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးအား ရယ်သွေးသွမ်းလျက်၊ လျှစ်လျူပြုလျက် ကဲ့ရဲ့နှိမ့်ချတော့၏။

ဤတွင် အဆိုပါတပ်မှူးလည်း ရဂ်ဗလအား ထိုးကြိတ်သတ်ပုတ်လေရာ ရဂ်ဗလလည်း သူ့ထက်ထွားကျိုင်းသန်မာသော သူ၏အင်အားအောက်တွင် လဲပြိုလေ၏။ ရဂ်ဗလ လဲကျလေလျှင် ကသည်းတပ်မှူးလည်း ရဂ်ဗလအား ကျောခိုင်းထွက်ခွာသွားရာ ကောက်ကျစ်သော ရဂ်ဗလသည် တပ်မှူးအား ယောက်ျားကောင်းပီသစွာ လက်မတုံ့ဘဲ နောက်ကျောဆီမှနေ၍ ကသည်းလှံရှည်ဖြင့် ထိုးစိုက်လေတော့၏။ တပ်မှူးလဲကျသေဆုံးသွားလေလျှင် စစ်တဲဆီမှ တပ်မှူး၏ဇနီးသည်လည်း ကလေးငယ်တစ်ဦးကို ရင်ခွင်တွင်ပွေ့ကာ ပြေးထွက်လာလေ၏။

အခြင်းအရာများမှာ မြန်ဆန်လှချေသဖြင့်··။

ပေချပ်များသည် ဤနေရာအရောက်တွင် ကုန်သွားသည်။ အခြားတစ်ဘက်ဆီတွင် ရေးသားခြင်းလည်း မရှိနိုင်သည်ကိုသိပါလျက်၊ ကျွန်ုပ်သည် ပေရွက်၏တစ်ဘက်သို့ လှန်ကြည့်မိလေသည်။

သို့သော် ပုရပိုက်ကား ဤနေရာတွင်ကုန်ဆုံးသွားချေပြီ။ ကြွင်းကျန်သော ပေချပ်များ အဘယ်တွင်ရှိလေသနည်း။ ဘေးတွင်စုပုံနေသော ပေချပ်များကို စောင်ငဲ့ကြည့်မိသည်။ မီးရောင်အောက်မှ ပေချပ်များ ကျွန်ုပ်အား မမိုတ်မသုန်ကြည့်နေသည်ဟု ထင်မိသည်။ ပေရွက်ပေါ်မှ စာလုံးများသည် လူသားတို့၏ မျက်လုံးအစုံများပမာပင်။

ကျိန်းစပ်နေသောမျက်စိများကို ခေတ္တမှိတ်လိုက်ရ၏။ သို့သော် မနောအာရုံတွင်ကား မီးလျှံတညီးညီး စံအိမ်တော်၊ ဂုဏ္ဍာသွေးကွက်များနှင့် မပီဝိုးဝါးသဏ္ဌာန်များက လှည့်လည်နေကြသည်။ ပုရပိုက်ရေးသူ၊ ရဂ်ဗလ၊ စစ်သူ့ပုန်းများ၊ ကသည်းတပ်များ၊ သေဆုံးသွားသော ကသည်းတပ်မှူး၊ ကလေးငယ်ကို ရင်ခွင်တွင်ပွေ့ကာ ပြေးထွက်လာသော တပ်မှူး၏ဇနီးသည်··။

အဘယ်သို့ဆက်၍ ဖြစ်ကြလေသနည်း။

ပုရပိုက်ပိုင်ရှင်သူ အဘယ်ရောက်သွားသနည်း။ သူ့ပုရပိုက်သည် သည်မျှနှင့်ပင် အဆုံးသတ်ခဲ့လေသလော။ ရှိသေးလျှင် ထိုပေချပ်များ အဘယ်မှာနည်း။ ရဂ်ဗလဆိုသူ လူ့တိရစ္ဆာန်ကောင် အဘယ်မှာနည်း။ ဂုဏ္ဍာ··ဂုဏ္ဍာကို မည်သူသတ်သနည်း။ ဂုဏ္ဍာနှင့် မဏိပူရ ပုရပိုက် မည်သို့ဆက်စပ်သနည်း။





အဖြေမထွက်နိုင်သော မေးခွန်းများသည် ကျွန်ုပ်ကို ဝန်းရံလှည့်လည်ကြတုန်သည်။

အမေးစက်ဝိုင်း တစ်ပတ်ပြည့်တိုင်း သူငယ်ချင်းဂုဏ္ဍာ၏မျက်နှာက ပေါ်လာသည်။ ရက်စက်သော လူ့တိရစ္ဆာန်၏ တဟားဟားရယ်သံကို ကြားယောင်မိသည်။ ပုရပိုက်ရေးသူ၏ အံကြိတ်သံကို သဲ့သဲ့ကြားရသည်။

ကျွန်ုပ် ဘာလုပ်ရမည်နည်း။

'မောင်ပုည'

ကျေးဇူးရှင်အမတ်ကြီး၏အသံကို တစ်ဘက်ခန်းဆီမှ ကြားလိုက်ရသည်။

'ဘုရား'

'ညဉ့်နက်လှပါပကော၊ မအိပ်သေးဘူးလား'

'မှန်ပါ၊ အိပ်ပါတော့မယ်ဘုရား'

'ဂုဏ္ဍာအတွက် သောကရောက်နေသလား။ တရားနှလုံးသွင်းပေါ့ကွယ်။ မင့်သူငယ်ချင်းအတွက် အရေးတော်ဆောင်ရအောင် ငါ နက်ဖြန် မင်းတရားဆီ တင်လေးပါ့မယ်။ ကဲ··ကဲ··အိပ်။ နက်ဖြန် ဓမ္မသတ်ကို ဆက်ပြီးကူးရဦးမယ်'

'မှန်ပါဘုရား'

ဆီမီးများကို ငြိမ်းသတ်လိုက်ရသည်။

ရင်ထဲတွင်ကား မီးညွန့်သည် ယခုမှစ၍ တောက်လောင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၈။

ဤအရာသည် ရှုးမိုက်ခြင်းမဟုတ်ဟု ကျွန်ုပ်ယုံသည်။

ဤအရာသည် အကြောင်းမဲ့စွန့်စားခြင်း မဟုတ်ဟုလည်း ကျွန်ုပ်ယုံသည်။ လောကတွင် အပြုသင့်ဆုံးအလုပ်ကို ကျွန်ုပ်ပြုလုပ်ခြင်း။

'သုဒ္ဓါ'ကိုသော်မှပင် ကျွန်ုပ် ဖွင့်ဟတိုင်ပင်ခြင်းမပြုခဲ့။ 'ကျေးဇူးရှင်ဘုရား၊ ကျွန်တော်မျိုးအား အခွင့်ပြုတော်မူပါ ဘုရား' ဟူ၍ အမတ်ကြီးထံ သဝဏ်လွှာတစ်ခု။ 'သုဒ္ဓါ..အမောင် ခရီးတစ်ခုသွားပါသည်' ဟူ၍ သုဒ္ဓါထံ သဝဏ်တစ်ခု။

သည်သဝဏ်နှစ်စောင်ကိုထားခဲ့ပြီး မြင်းတစ်စီး၊ ဓားတစ်စင်း၊ ပုရပိုက်ထုပ် စားနပ်ရိက္ခာအနည်းငယ်ဖြင့် ကျွန်ုပ်ထွက်လာခဲ့သည်။ တစ်နေ့တစ်ညမှပင် မဆိုင်း နိုင်တော့။

ကျွန်ုပ်၏ဦးတည်ရာခရီးကား ရွှေဘိုနေပြည်တော်မှထွက်၍ ရေဦး၊ ပဒုမ ပန်းသာတို့ကိုဖြတ်လျက် သောင်ထွင်ရွှတမူးဆီသို့။

ဂုဏ္ဍကို သတ်သူ၊ ပုရပိုက်ကို စီရင်သူ၊ မဏိပူရပုရပိုက်တွင် ပါဝင်နေသူ၊ သည်လူများ၊ သည်ဖြစ်ရပ်များ၏အခြေခံကား ထိုနယ်မြေများသာဖြစ်ရမည် မဟုတ် လား။

၉။

'မင်းတရားကြီး နိုင်ငံတော်ထူထောင်စဉ်က သည်မှာဘက်ကို မဏိပူရတပ် တွေ စစ်ဆုတ်လာသလား'

'ရင်္ဂဗလဆိုသူကို သိသလား'

'မဏိပူရတပ်တွေ စစ်ဆုတ်တဲ့လမ်းကို သိသလား'

မေးခွန်းများကို ရောက်လေရာရာတွင်မေးရင်း တမူးနယ်စပ်သို့ရောက်ခဲ့သည်။ ကျေနပ်ကျသော အဖြေစကား မရခဲ့ပေ။ အထူးသဖြင့်ကား တစ်ထပ်တည်းပင်။ 'မသိဘူး' ဟူသော အဖြေတည်း။

ထိုစဉ်မှာပင် 'ပန်းသာ'၌ သူတို့နှင့် ကျွန်ုပ် ဆုံမိကြခြင်းဖြစ်ချေသည်။ ဆုံ ကြခြင်းဟုမဆိုနိုင်။ တောစပ်လမ်း၌ ကျွန်ုပ်တစ်ဦးတည်း မောပန်းစွာ မြင်းကို စင်းလွှတ်၍ ပြန်လာစဉ်၊ ဝဲယာတောချုံများထဲမှ သူတို့ထွက်၍ ကျွန်ုပ်ကို တိုက်ခိုက် ခြင်းဖြစ်၏။

စင်စစ်မူ ကျွန်ုပ်မှာ ဓားကိုပင် ထုတ်ချိန်မရလိုက်။ သူတို့ကား ဓားရေးမြင်း ရေးကျွမ်းကျင်လှသူများပင်ဖြစ်သည်။ သူတို့အထဲမှ တစ်ယောက်အားဖြင့် ကျွန်ုပ်ကို အလွယ်တကူဖမ်းဆီးနိုင်ပေမည်။ ကျွန်ုပ်မှာကား မြင်းဇက်ကိုလည်း တိုက်ခိုက်မှု အလှဖြင့် မကိုင်တတ်သူ။ ဓားရိုးကို ကျစ်ကျစ်ပါ မဆုပ်ကိုင်တတ်သူ။ ကညင် ဆီ၌ မမ္မသတ်ကို ကူးရေးသူ။ စာတော်ဖတ် စာရေးတော်လေး၊ နေပြည်တော်သား ခင်ပုညသည် အဘယ်မှာလျှင် အတိုက်အခိုက်၌ ကျွမ်းကျင်နိုင်ပါအံ့နည်း။





www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်ုပ်၏မျက်စိကို အဝတ်စည်း၍ ခေါ်သွားကြသည်။ တောလမ်းများ၊ ရေတံခွန်များကို ဖြတ်သွားကြရသည်။ အဝတ်စကို ဖြည်ပေးလိုက်သည်တွင်မှ ကျောက်ဂူကြီးတစ်ခုအတွင်း ရောက်နေကြောင်း တွေ့ရလေသည်။ ထိုအချိန်မှာ ညဦးအချိန်။

သူတို့က ကျွန်ုပ်ကို ဝိုင်းရံထားကြသည်။ လက်နက်များ အသင့်ဆွဲကိုင်ထားကြသည်။ သူတို့အားလုံး နေပြည်တော်သား ကျွန်ုပ်ထက်ပို၍ အသားဖြူကြသည်။ နှုတ်ခမ်းမွေးကျင်စွယ်ကိုယ်စီရှိကြသည်။ ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းကြသည်။

'မင်း-ဘယ်သူလဲ'

'မင်း‥ ဘာကိစ္စ ဒီကိုလာတာလဲ'

'ရဂ်ဇလကို မင်းဘာအတွက် စုံစမ်းနေတာလဲ'

မေးခွန်းများကို ဆင့်ကဲမေးကြသည်။ သည်တော့မှပင် သိသိသာသာဝဲနေသော သူတို့အသံများကို သတိထားမိတော့သည်။

သူတို့ကား ကျွေ့ရှမ်းလူမျိုးများပင်တည်း။

ကျွန်ုပ် ခေါင်းကို တွင်တွင်ယမ်းသည်။ အဖြေစကား တစ်ခွန်းမဆို။

သူတို့ ကျွန်ုပ်မျက်နှာပြင်ကို ပြင်းထန်စွာရိုက်သည်။

နှုတ်ခမ်းထောင့်မှ သွေးများကိုပင် ကျွန်ုပ်မသုတ်သင်။ သူတို့ကိုသာ စူးစူးဝါးဝါးကြည့်နေလိုက်၏။

'ပြောစမ်း‥ မင်းဘာကြောင့် ရဂ်ဇလကို မေးနေသလဲ'

ရဂ်ဇလဟူသောအမည်က ကျွန်ုပ်သွေးများကို ဆူပွက်စေသည်။ ဂုဏ်သွေး၏ဝိညာဉ်ပူးကပ်လိုက်သလို ခံစားရသည်။ သူတို့၏အမေးကို ဖြေသည်မဟုတ်ဘဲလျက် နာကျည်းခံပြင်းစွာ စကားတစ်လုံး ကျွန်ုပ်နှုတ်မှ ထွက်ကျသွားသည်။

'ကျုပ် ရဂ်ဇလကို သတ်မလို့'



၁၀။

'ကျုပ် ရဂ်ဇလကိုသတ်မလို့'ဟူသော ကျွန်ုပ်၏စကားအဆုံးတွင် သူတို့ထဲက အကြီးအကဲဖြစ်ဟန်တူသူ၏ ရိုက်ရန်ရွယ်ထားသော လက်ဝါးသည် ကျွန်ုပ်မျက်နှာအနီးတွင် ရပ်တန့်သွားချေသည်။ ထို့နောက် သူတို့အားလုံး ကျွန်ုပ်ထံသို့ စုရုံးတိုးဝင်လာကြသည်။ တစ်စွန်းတစ်စ အဆုံးစီရင်ကြတော့မည်ဟုထင်သဖြင့် နှိပ်စက်သိုရာလက်နက်ဖြင့် နှိပ်စက်စေတော့ဟု ဆုံးဖြတ်ကာ မျက်စိအစုံကို မှိတ်ထားလိုက်သည်။ ကျရောက်အံ့သောနာကျင်မှုကို အံကြိတ်ခံရန် အသင့်ပြင်လိုက်သည်။

သို့သော် တစ်စုံတစ်ရာ ထူးခြားမလာ။ လက်နက်တစ်စုံတစ်ရာ ကျရောက်မလာ။ နာကျင်လွန်းသဖြင့် ကျွန်ုပ် သတိမေ့သွားပြီးလားဟုထင်ကာ မျက်စိပြန်ဖွင့်လိုက်မိသည်။

သူတို့လက်ထဲတွင် လက်နက်ကိုယ်စီစွဲလျက်သား။ ဓားကောက်၊ ရဲတင်း၊ ဒါးမောင်း၊ ဒူးလေး၊ လက်နက်ကိုင်သောလက်များက အောက်သို့တွဲရရဲကျနေကြသည်။ ထိုးခုတ်ရိုက်နှက်မည့်အသွင် ဟန်ပန်မရှိ။

အဘယ်သို့ဖြစ်လေသနည်း။ အရက်စက်ဆုံး စီရင်ရန် စဉ်းစားနေကြသည်လား။ အကြမ်းကြုတ်ဆုံး သတ်ဖြတ်မှုကို ရွေးချယ်နေကြသည်လား။

'သတ်ချင်လည်း မြန်မြန်သတ်ပစ်လိုက်ကြ'

သည်းမခံနိုင်တော့သည့်အဆုံး ကျွန်ုပ်အော်မိတော့သည်။ သူတို့အားလုံး ငြိမ်သက်မယုက်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာစောင့်နေကြတာလဲ။ သတ်လိုက်၊ အခုသတ်ပစ်လိုက်ကြ'

'နေပါဦး၊ ရဂ်ဗလကို ဘာကြောင့်သတ်ချင်ရတာလဲ'

တစ်ယောက်ကမေးသည်။ မထူးတော့ပြီ။ ကျွန်ုပ်ကား သေလူ။ ရဂ်ဗလကို လက်စားမချေနိုင်ခဲ့၊ ဂုဏ္ဍာသတ်သူကို လက်စားမချေနိုင်ခဲ့ခြင်းအတူတူ လူယုတ်မာ ရဂ်ဗလအား ဘာကြောင့် ကျွန်ုပ်ရှာဖွေနေသည်ကို ပေါက်ကွဲစွာဖြင့် ဖွင့်ပြောပြလိုက်တော့သည်။ ကိုယ်ထိလက်ရောက် လက်မတုံ့ရတော့သည့်အတွက် နှုတ်ဖြင့်ပင် ကျွန်ုပ်၏စိတ်ကူးကို ပြောလိုက်သည်။ ဂုဏ္ဍာအကြောင်း၊ ပုရပိုက်အကြောင်း အားလုံး မှအစအဆုံး။

'အဲဒါပဲ၊ ခင်ဗျားတို့ အခုသိကြရပြီမဟုတ်လား။ ကဲ·· ကျုပ်ကိုသတ်ချင် သတ်လိုက်ကြတော့။ ကျုပ် ဒီဘဝနဲ့ပဲ လက်စားချေခွင့်မရရင် နောင်ဘဝကနေ လက်စားချေမယ်'

အကြီးအကဲဖြစ်ဟန်တူသူက သူ့လက်ထဲက အဲမောင်းကို အောက်ပစ်ချလိုက်ပြီး ကျွန်ုပ်နှင့်အနီးဆုံးသို့ တိုးကပ်လာသည်။ ထို့နောက် အေးစက်သော အသံဖြင့် ဖြည်းလေးစွာပြောလေသည်။

'ခင်ဗျားကို ကျုပ်တို့ဘာဖြစ်လို့ သတ်ရမှာလဲ ကိုပုည။ ခင်ဗျားကို သတ်စရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားနဲ့ကျုပ်တို့ဟာ ရန်သူတွေမဟုတ်တဲ့ အပြင် အခုအချိန်ကစပြီး··'

သူက ကျွန်ုပ်လက်ကိုဆွဲယူကာ တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်ဆုပ်ယမ်း ရင်း··

'ခင်ဗျားနဲ့ကျုပ်တို့ဟာ သွေးသောက်မဟာမိတ်ဖြစ်သွားပြီ···'



သည်။

မမျှော်လင့်သော စကားများကို ကြားရလေသည်။

'ကျုပ်တို့ဟာ ကွေ့ရှမ်းတွေပဲ။ ဒါပေမဲ့ အလောင်းမင်းတရားကြီး နိုင်ငံတော် တည်ထောင်ကာစက အဝဘုရင်နဲ့ တိုင်းပြည်ကို ဒုက္ခပေးခဲ့တဲ့ ကွေ့ရှမ်းလူမျိုး ခေါင်းဆောင် ဂုဏ္ဍာအိန်လိုလူစားမျိုးတော့ မဟုတ်ဘူး။ ကွေ့ရှမ်းချင်းတူပေမယ့် ဂုဏ္ဍာအိန်က အမျိုးဘာသာအတွက် အန္တရာယ်ကောင်။ ကျုပ်တို့က တရားမှုရဲ့ အထက်တော်သားတွေ'

သူတို့ရိုက်နှက်ထားသဖြင့် ရရှိခဲ့သော ကျွန်ုပ်၏ဒဏ်ရာများကို သုတ်သင် ပေးရင်း ကွေ့ရှမ်းခေါင်းဆောင်က ရှင်းပြသည်။

'ဒီပန်းသာတစ်ဝိုက်မှာ ရဂ်ဗလကို ခင်ဗျားစုံစမ်းနေတာ။ မဏိပူရပုရပိုက် ခင်ဗျားလက်ထဲမှာရှိတာ။ အိုဗျာ·· ခင်ဗျားနဲ့ ပတ်သက်တာအားလုံး ကျုပ်တို့သိ ထားတယ်။ ခင်ဗျားကို ဝိုင်းလိုက်ပြီး အခုလိုဖမ်းလာတာကတော့ ခင်ဗျားကို ရဂ် ဗလရဲ့ဘက်သား သူလျှိုထင်လို့ပဲ။ အခုတော့ အဖြစ်မှန်သိရပြီမို့···'

'နေပါဦးဗျ၊ ခင်ဗျားတို့အဖွဲ့က···'

'ကျုပ်တို့အဖွဲ့ကလား၊ မဏိပူရပုရပိုက်ကို ပြန်လည်ရရှိအောင် ကြိုးပမ်း ပြီးတော့ ရဂ်ဗလတို့အင်အားစုနဲ့ မတရားမှုတွေကိုထုတ်ဖော်ပြီး သင်းတို့အပြစ်ကျခံ အောင် သန္နိဋ္ဌာန်ချထားတဲ့ လျှို့ဝှက်လက်ရွေးစင်အဖွဲ့ပဲ။ ကိုပုည ဒီလောက် သိထား ရင်တော်ပါပြီ'

'ဂုဏ္ဍာ အသတ်ခံရတာကိုကော သိသလား'

'သိတာပေါ့ ကိုပုည။ ဂုဏ္ဍာလက်ထဲမှာ မဏိပူရပုရပိုက် ပထမပိုင်းရှိတာကို သင်းတို့သိတယ်။ သင်းတို့ဆိုတာ ရဂ်ဗလရဲ့ လက်ပါးစေတွေပေါ့။ ပုရပိုက်လို ချင်လို့ ဂုဏ္ဍာကိုသတ်တာပဲ။ ဂုဏ္ဍာက အသက်အသေခံသွားတယ်။ ပုရပိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူး။ ဒီတော့ လက်ထဲမရတာအတူတူ ပုရပိုက်ပျက်စီးသွားအောင် အိမ်ကို မီးရှို့သွားကြတာပဲ'

'သူတို့က ဒီပုရပိုက်ကို ဘာကြောင့် လိုချင်ကြတာလဲ'

'မဏိပူရပုရပိုက်က သူတို့အတွက် ယမမင်းရဲ့ ခွေးရေမှတ်တမ်းပဲလေ။ သူတို့ အဲ..ရဂ်ဗလရဲ့ ရက်စက်ယုတ်မာမှုမှန်သမျှကို ကမ္ပည်းတင်ထားတဲ့ မှတ်တမ်းမဟုတ်လား။ ဒါကြောင့် လိုချင်တာပေါ့'

အရေးအကြီးဆုံးတစ်ခုကို ကျုပ် သတိရလိုက်သည်။

'ကျုပ်၊ ဂုဏ္ဏာဆီက ရလိုက်တဲ့ ပုရပိုက်ဟာ မဆုံးသေးဘူး။ အဲဒီရဲ့အဆက် ဘယ်မှာရှိသလဲ'

'အဲဒါဟာ ခင်ဗျားနဲ့ကျုပ် ပူးပေါင်းရမယ့်ကိစ္စပေါ့ ကိုပုည။ မဏိပူရပုရပိုက် ဒုတိယပိုင်းဟာ မဏိပူရနယ်စားကြီး စန္ဒရော်မော်နီဆီမှာရှိတယ်လို့ ကျုပ်တို့သိထားတယ်။ နယ်စားကြီးက ဘာကြောင့် ဒီပုရပိုက် ဒုတိယပိုင်း သိမ်းထားသလဲတော့ မသိဘူး။ ကျုပ်တို့ထင်တာပြောရရင်တော့ နယ်စားကြီးလည်း ပုရပိုက် ပထမပိုင်းကို လိုက်ရှာနေတယ်ထင်တယ်။ သူ့ဆီက ဒုတိယပိုင်းနဲ့ပေါင်းပြီး ရဂ်ဗလကို အပြစ်ဒဏ်ပေးဖို့ ကြိုးစားနေမှာပဲ။ အင်း.. နယ်စားကြီးလည်း နယ်စားကြီးအလျောက်ပေါ့လေ။ ကျုပ်တို့လည်း ကျုပ်တို့လျှို့ဝှက်အဖွဲ့ရဲ့ သေနင်္ဂနဲ့လှုပ်ရှားရမှာပဲ'

စန္ဒရော်မော်နီ၊ မဏိပူရမြို့စားကြီး စန္ဒရော်မော်နီ။

မဏိပူရ၊ အာသံ၊ ကသည်းပြည်၏ ထောင်ထားသောခြားနားမှုကို အလောင်းမင်းတရားကြီးကိုယ်တိုင် ချီတက်နှိမ်နင်းကာ မြို့ပြအခိုင်အမာစီရင်လျက် စန္ဒရော်မော်နီအား ဘုရင့်အာဏာတော်ကိုယ်စား သက်ရောက်အုပ်ချုပ်စေခဲ့သည်။ တစ်နည်းအားဖြင့် အလောင်းမင်းတရားကြီး၏ လက်အောက်ခံနယ်စားကြီး စန္ဒရော်မော်နီ။

'နယ်စားကြီးနဲ့ ပူးပေါင်းပြီးလုပ်ရင်ကောဗျာ'

အကြီးအကဲက ခေါင်းယမ်းလေသည်။

'ကိုပုညက နေပြည်တော်မှာနေတော့မသိဘူး။ စစ်မက်အရေး အေးဆေးသွားပြီဆိုပေမယ့် ဒီဘက်တွေမှာက ကသည်းနဲ့ ကွေ့ရှမ်းတွေ လက်တွဲလို့မရသေးဘူးဗျ။ မဏိပူရနယ်တစ်ဝိုက်မှာရှိတဲ့ ကသည်းခေါင်းတွေအနေနဲ့ ကွေ့ရှမ်းတွေကို ဖိနှိပ်ချင်တယ်'





'သြော်..သြော်...'

အဖြစ်အပျက်များကို စီစဉ်တကျ ဆက်စပ်နားလည်လာသည်။ သို့သော် ချက်မဖဟိုပြဿနာ ကျန်နေသေးသည်။

'ကဲ..အခု ကျုပ်တို့က ဘာလုပ်ကြမလဲ'

'ကျုပ်တို့မှာ ပုရပိုက်ပထမပိုင်းရှိပြီ။ နယ်စားကြီးဆီက ဒုတိယပိုင်းကို ရအောင်ယူရမယ်'

'တိုက်ခိုက်တဲ့ နည်းနဲ့လား'

'မဟုတ်ဘူး ကိုပုည။ နယ်စားကြီးကို တိုက်ခိုက်ရင် ကျုပ်တို့ ပုန်းစားတွေဖြစ်သွားမှာပေါ့။ နည်းလမ်းက တစ်ခုတည်းရှိတယ်။ ဒါကို ကျုပ်တို့ အကြိမ်ပေါင်းများစွာ စဉ်းစားပြီးကြပြီ။ ဒီနည်းဟာ တစ်ခုတည်းသော နည်းလမ်း'

'ဘယ်လို နည်းလမ်းလဲ'

ကွေ့ရှမ်းအကြီးအကဲသည် သူ့ကျင်စွယ်နှုတ်ခမ်းမွေးစွန်းကို လက်ခုံဖြင့် ပွတ်သပ်ရင်း ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူ့မျက်လုံးများ အရောင်တောက်နေသည်။ ထက်သန်ခြင်းများဖြင့် သူ့အောက်နှုတ်ခမ်းများ တဆတ်ဆတ်လှုပ်နေသည်ကိုပင် ကျွန်ုပ်မြင်ရလေသည်။

'နည်းလမ်းကတော့'

ကွေ့ရှမ်းခေါင်းဆောင်သည် ဖောက်ထွင်းသွားတော့မတတ် ကျွန်ုပ်မျက်လုံးအိမ်များအတွင်းသို့ စူးရဲစွာကြည့်၍-

'ခင်ဗျား တစ်ကိုယ်တော် စွန့်စားရမယ့်နည်းလမ်းပဲ ကိုပုည'

'ဗျာ...'

'ခင်ဗျားရဲ့တစ်ကိုယ်တော်လှုပ်ရှားမှုနဲ့'

နားမလည်နိုင်ခြင်း၊ အံ့အားသင့်ခြင်းများကြောင့် ကျွန်ုပ် စကားပင် ပြောမထွက်၊ ဆိုမထွက်တော့။



www.burmeseclassic.com

www.burmeseclassic.com

၁၂။

ပန်းသာတစ်ဝိုက်မှာ ခင်ဗျား စုံစမ်းထောက်လှမ်းခဲ့တာက ကသည်းစကား နဲ့မဟုတ်လား။ ခင်ဗျားဟာ ကသည်းစကားကို ကောင်းကောင်းပြောတတ်တယ်။ ပြီးတော့ အသားညိုစိမ့်စိမ့်မို့ ကသည်းရုပ်လည်းပေါက်တယ်။ ဒီတော့ အစီအစဉ်က ခင်ဗျား ကသည်းအကြပ်မှူးဗျူဟ ဆိုတဲ့လူတစ်ယောက်အဖြစ် ခံယူရမယ်။ ဗျူဟ အဖြစ် ခင်ဗျား နယ်စားကြီးစန္ဒရော်မော်နီဆီ အရောက်ဝင်ရမယ်။ ပြီးတော့ မဏိပူရ ပုရပိုက် ဒုတိယပိုင်းကို ရအောင်ယူခဲ့ရမယ်။ ပုရပိုက်ဒုတိယပိုင်းကို ကျုပ်တို့ဆီ အပ်ဝါ။ ဒါ ကိုပုညဘက်က လုပ်ပေးရမယ့်တာဝန်။ ကျုပ်တို့ဘက်ကတော့ ကိုပုညရဲ့ သူငယ်ချင်း ဂုဏ္ဍာကိုသတ်သူကို လက်စားချေပေးမယ်။ ပြီးတော့ ခင်ဗျား မုန်းတီး စက်ဆုပ်တဲ့ ရဂ်ဗလကိုရှာပြီး လက်စားချေပေးမယ်။ ဘယ့်နှယ်လဲ ကိုပုည'

ကျွန်ုပ် ဘာပြန်ပြောရမည်မသိ။

'ဒီကိစ္စမှာ ခင်ဗျားတစ်ယောက်သာ စွမ်းဆောင်နိုင်တယ် ကိုပုည။ အဲဒါကို ခင်ဗျား လက်ခံရင်တော့ ကျုပ်တို့ကြိုတင်အစီအမံတွေ လုပ်ရလိမ့်မယ်'

ဂုဏ္ဍာ၊ မဏိပူရပုရပိုက်၊ ရဂ်ဗလ၊ မတရားမှုလောက၏ ရာဇဝတ်သား၊ အ မည်မသိ ပုရပိုက်ရေးသူ‥ ခြင်းရာခပ်သိမ်းတို့ကို ကျွန်ုပ် လျင်မြန်စွာ ဆက်စပ်သုံး သပ်သည်။ ခွန်အားတစ်ခုခုက ကျွန်ုပ်၏နှလုံးကို တန်ခိုးကြီး စေ့ဆော်နေသည်။ တစ်မုဟုတ်ချင်းပင် ကျွန်ုပ် ဆုံးဖြတ်လိုက်ပေသည်။





'ကောင်းပြီ။ ကျုပ်သဘောတူတယ်'

ကွေ့ရှမ်းများနှင့် အပေးအယူကိစ္စကို ကျွန်ုပ် စိတ်မဝင်စား။ ကျွန်ုပ်အတွက် ဂုဏ္ဍာကိုသတ်သူနှင့် ရဂ်ဗလကို သူတို့က လက်စားချေသုတ်သင်ပေးမည်ဆိုခြင်းမှာ သည်း စင်စစ်ကျေနပ်ဖွယ်ပင်။ သို့သော် ကျွန်ုပ်အဖို့မူ 'မဏိပူရပုရပိုက် ဒုတိယပိုင်း' ဟူသော အရာတစ်ခုတည်းဖြင့်ပင် ရှေ့ဆက်တိုးရန် လုံလောက်ပေပြီ။

'ဝမ်းသာလိုက်တာ ကိုပုညရယ်၊ ဝမ်းသာလိုက်တာ'

ကွေ့ရှမ်းအကြီးအကဲသည် နှစ်လိုဖွယ်ပြုံးကာ ကျွန်ုပ်၏ပခုံးနှစ်ဘက်ကို ဆုပ် ကိုင်ခါယမ်းလေသည်။

'ကျုပ်ပြောမယ်ကိုပုည။ ကသည်းအကြပ်မှူးဗျူဟ ဆိုတာ ရဂ်ဗလရဲ့ လက် အောက်မှာ အမှုထမ်းဖူးတယ်။ ခင်ဗျားက သူ့အယောင်ဆောင်ရမှာပဲ။ တကယ့် ဗျူဟကတော့ တပ်ဆုတ်ရင်း ကျသွားခဲ့ပြီ။ ဒါပေမဲ့ ဗျူဟ သေ,မသေကို ဘယ်သူမှ မသိကြဘူး။ ဒါ အခွင့်ကောင်းပဲ'

'ကျုပ်တို့ ဘယ်လိုစီစဉ်ကြမလဲ'

'အဲဒီမှာ ခင်ဗျားအနာခံရမယ် ကိုပုည။ ခင်ဗျားဟာ ကသည်းစကားပြော တတ်ပြီး ကသည်းရုပ်ပေါက်ပေမယ့် နေပြည်တော်က စာတော်ဖတ် စာရေးလေး ဖြစ်နေလေတော့ အသွင်အပြင် အင်မတန်နုနယ်နေတယ်။ ဗျူဟ ပါလို့ပြောရင် ဘယ်သူ မယုံဘူး။ ပြီးတော့‥'

ကွေ့ရှမ်းက ရယ်ပြန်သည်။

'ခင်ဗျား အတိုက်အခိုက် ဘာမှမတတ်ဘူး ကိုပုည။ မြင်းရေး၊ဓားရေး ချို့ တဲ့နေတယ်။ ကသည်းအကြပ်မှူးဗျူဟ ဆိုပြီး ဟိုနေ့ကလို ဖြစ်နေရင် သွားပြီ'

ကျွန်ုပ်လည်း ရယ်မိလေသည်။ ဟုတ်ပေသည်၊ ကျွန်ုပ်မှာ လက်ရုံးရည် ညံ့ဖျင်းလှသူဖြစ်ချေသည်။ ကညစ်ကို ကောင်းစွာကျွမ်းကျင်သော်လည်း မြင်းဇက် ကြိုးနှင့် ဓားရိုးကိုကား တစိမ်းပြင်ပြင်။

'သည်တော့ ပထမဆုံး ခင်ဗျား ရုပ်ရည်ကြမ်းတမ်းလာအောင်၊ အသွင်အပြင် ခက်ထန်လာအောင် ကျုပ်တို့ ကွေ့ရှမ်းတွေရဲ့ ဆေးပညာအတတ်နဲ့ ပြုပြင်ပြောင်း လဲရမယ်။ ဒုတိယ ခင်ဗျားကို လက်ရုံးရည်စွမ်း မြှင့်ပေးရမယ်။ တတိယ ဗျူဟ အကြောင်းနဲ့ သိသင့်တာတွေ လေ့လာရမယ်။ ဒါမှ နယ်စားကြီးဆီ အရောက်ဝင်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်နိုင်မယ်'

'လုပ်စရာရှိတာသာ လုပ်ပါဗျာ.. ရက်ဆိုင်းမနေနဲ့'

'ကိုပုည၊ ခင်ဗျားမျက်နှာကို ပြပြင်ရမှာနော်။ အသားလည်းနာမယ်။ ပြီးတော့ ဟဲ..ဟဲ စာရေးတော်လေးရဲ့ ချောချောလှလှမျက်နှာလေးကို အဆုံးခံရမှာနော'

'ဘာပဲဖြစ်ဖြစ်ဗျာ'

ဤကမ္ဘာလောက၌ မိုက်ရူးရဲအကျဆုံး၊ တဇောက်ကန်းအဆန်ဆုံး လူသားတစ်ယောက်ကို ညွှန်ပြပါဆိုလျှင် ကျွန်ုပ် မောင်ပုညသာဖြစ်ချိမ့်မည်။



ဒုခု။

ယခုကား ကျွန်ုပ်သည် မောင်ပုညမဟုတ်တော့။ ဤဘဝအတွင်း အသက်ရှင်သန်နေရင်းမှာပင် မောင်ပုညဟူသော ဘဝတစ်ခုသည် ချုပ်ငြိမ်းသွားခဲ့ပြီ။ ဇာတ်စာရေးတော်လေး မောင်ပုည၏ဘဝကို ပန္နပွန်၏ ဟိုမှာဘက် ကာလအပိုင်းအခြားတွင် ထားရစ်ခဲ့ရလေပြီ။

ကျွန်ုပ်သည် ဗျူဟ၊ ကသည်းအကြပ်မျူး ဗျူဟ။

ဗျူဟအဖြစ် မြင်းဇက်ကြိုးကိုလည်းကောင်း၊ ဓားကောက်လက်ကိုင်ရိုးကိုသည်းကောင်း ကောင်းစွာ ကျွမ်းကျင်ပိုင်နိုင်ဖြစ်ခဲ့ပြီ။

ယင်းသည့်အတွက် ကွေ့ရှမ်းတို့၏ ဆေးအတတ်ပညာနှင့် လက်ရုံးရည်စွမ်းညာတို့ကို ကျွန်ုပ် ချီးကျူးရပေသည်။ တောတောင်ရေတံခွန်ဒေသဝယ် သူတို့၏လေ့ကျင့်သင်ကြားပေးမှုကို ကျွန်ုပ် ကျပ်တည်းပြင်းထန်စွာ လိုက်နာရသည်။ လေ့ကျင့်မှုကို ကြိမ်ဖန်များစွာ ပြုရသည်။ ဗျူဟ အစစ်၏ အတ္တုပ္ပတ်ကို ကျေညက်အောင်သွေးလာမှတ်သားရသည်။ လေ့ကျင့်မှုတစ်ခုပြီးတိုင်း ကျွန်ုပ်၏ရည်ရွယ်ချက် တစ်ခုတိုးလာပြီဟု ဝမ်းသာအားရဖြစ်ရတော့သည်။

ကညစ်နှင့် ပေရွက်တို့ဖြင့် နူးညံ့နေခဲ့သော လက်ဖဝါးပြင်နှင့် လက်ချောင်းတို့သည် ယခုအခါ မြင်းဇက်နှင့် ဓားရိုးတို့ဖြင့် အသားမာတက်ကာ တုတ်ခိုင်သန်စွမ်းလာကြပေပြီ။

www.burmeseclassic.com



နံနက်တိုင်း နံနက်တိုင်း ကြေးမုံပြင်ကို ကြည့်တိုင်းလည်း နှုတ်ခမ်းမွှေးစစ၊ မျက်ခုံးထူထူ၊ ဝဲဘက်နားထင်စပ်က အမာရွတ်၊ မျက်ကွင်းညိုမှောင်တို့ဖြင့် ပြီးအပ်သော 'မျက်နှာ' ကို ကျွန်ုပ်တွေ့ရ၏။

သီတင်းပတ် ဆယ်ပတ်၊ နှစ်လကျော်မျှသော ကာလကို ဖြတ်သန်းခဲ့ပြီးသည်၏ အခြားမဲ့၌ တစ်ခုသော နံနက်ခင်းတွင် ကျွန်ုပ်သည် ခါးချပ်တွင် ဓားကောက်၊ ပခုံးတွင် ဒူးလေးနှင့်မြားကျည်တောက်၊ ဝဲလက်တွင် မြင်းဇက်၊ ယာလက်တွင် အဲမောင်းကိုဆွဲကာ ကွေ့ရှမ်းတို့၏ ရေတံခွန်စခန်းဆီမှ ထွက်ခွာလာခဲ့သည်။

ကွေ့ရှမ်းတို့၏ သောင်းသောင်းဖြဖြ ကောင်းချီးပေး နှုတ်ဆက်သံသည် ရေတံခွန်သံနှင့်အတူ ကျွန်ုပ်နောက်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

'အရေးတော် အောင်မြင်ပါစေ ဗျှ'

ပန်းသာမှ ထွက်ခဲ့သည်။ မြစ်သလ္လာကို ခက်ခဲစွာ ကူးဖြတ်ရသည်။ လှိုင်နှင့်မြောင်ကို ပင်ပန်းကြီးစွာ ကျော်ရသည်။ ချင်းတွင်းတောကြီး၏ သားရဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ငါးရက် ခရီးကြမ်းအဆုံးဝယ် မဏိပူရနှင့် အာသံနယ်စပ်ဖြစ်သော တမူးသို့ ကျွန်ုပ် ဝင်ခဲ့သည်။

တမူးမြို့။ သည်မြို့တွင် ပထမဆုံးအခက်အခဲကို ကျွန်ုပ် ရင်ဆိုင်ဖြတ်ကျော်ရလိမ့်မည်။ လူတစ်ယောက်ကိုတွေ့ရမည်။ သူကား အရေးတော်ပုံကာလအတွင်းက ရက်ဗလ၏ ဗိုလ်တစ်ယောက်ဖြစ်ခဲ့သော 'အိန္ဒသူ'။ အိန္ဒသူသည် ယခုအခါ တမူးမြို့စား။

'ရက်ဗလအတွက် အကြပ်မှူး ဗျှာက တွေ့ချင်လို့'ဟူသော သတင်းစကားသည် ထိရောက်လှချေသည်။ မြို့စား အိန္ဒသူရှေ့မှောက်သို့ ကျွန်ုပ် လွယ်ကူစွာ ဝင်ခွင့်ရခဲ့လေသည်။

'မင့်နာမည် ဗျှ၊ ဟုတ်လား'

'ဟုတ်ပါတယ် မြို့စား။ သောင်တွင်မှစစ်ကြောင်းအတိုင်း တပ်မှူးရက်ဗလ ဆုတ်ခဲ့စဉ်က လက်အောက်မှာ အမှုထမ်းခဲ့တဲ့အကြပ်မှူး ဗျှာပါ'

ကသည်းစကားဖြင့်ပင် ကျွန်ုပ်တို့ အမေးအဖြေပြုကြသည်။

'ရဲဇာတိုက်ပွဲအကြောင်း ပြောစမ်း'





မြို့စားအိန္ဒသူက ကျွန်ုပ်ကို လှည့်ပတ်ကြည့်ရင်း အေးစက်စွာမေးသည်။

'ဗိုလ်လေးယောက်၊ အကြပ်ခြောက်ယောက်၊ တပ်သားနှစ်ဆယ့်လေး ကျ၊ မြင်းငါးစီးကျ၊ သုံ့ပန်းအကျဉ်းသားနှစ်ဦးထွက်ပြေး၊ အဲဒီအချိန်က တပ်မှူးရက်ဗလဟာ ဝေလာတောင်စခန်းမှာ တပ်ချနေတယ်'

မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

'အဲဒီတုန်းက မင်း ဘယ်သူ့တပ်မှာလဲ'

'ဗိုလ်မင်း နာဂဆိန်ရဲ့ တပ်မှာပါ'

'နာဂဆိန်ရဲ့ လျှို့ဝှက်အဆောင်အယောင်က ဘာလဲ'

'ကျားသစ်ရေပါ'

'အင်း'

မြို့စားအိန္ဒသူသည် အတန်ငယ် ကျေနပ်သွားဟန်ဖြင့် ငြိမ်သက်သွားပြီးမှ-

'မင့်ကိုယ်ကျပ်ကို ဖွင့်ပြစမ်း'

ကိုယ်ကျပ်ကိုဖွင့်ပြလိုက်သည်။ မြို့စားက ကျွန်ုပ်၏ရင်ဘတ်ကိုကြည့်သည်။ ကိုက်ဆင်နှစ်ကောင် အစွယ်ချင်း ယှက်နေပုံအမှတ်အသားကို တွေ့ရပေမည်။

'ပြန်ဝတ်လိုက်တော့'

ကျွန်ုပ် ကိုယ်ကျပ်ကို ပြန်ဝတ်နေစဉ်မှာပင် မြို့စားသည် ကျွန်ုပ်ကို စားမတတ်ဝါးမတတ်စိုက်ကြည့်ကာ-

'ပြောစမ်း၊ နယ်စား ကောဝိန္ဒစန္ဒရက ဘယ်လိုဆိုဖူးသလဲ'

'လေးကျွန်းအချက်၊ မြူးမြူးတက်သား၊ တောင်တက်ကုန်းဆင်း၊ မီးပုံနင်းချီ'

'တော်ပြီ၊ နောက်ဆုံးတစ်ခုမေးမယ် ဗျှ'

'မေးပါ မြို့စား'

'မင်း၊ ရက်ဗလကို ဘာကြောင့်တွေ့ချင်တာလဲ'

'မဏိပူရပုရပိုက်အတွက်'

အိန္ဒသူ၏မျက်လုံးများ အရောင်ထွက်လာသည်။

'မဏိပူရ ပုရပိုက်အတွက်၊ ဟုတ်လား၊ ဘယ်လိုအကြောင်းကိစ္စလဲ'

'ဒါကို ကျွန်တော်မျိုး ပြောခွင့်မရှိပါ'

www.burmeseclassic.com



မြို့စားနှင့် ကျွန်ုပ်တို့ မျက်လုံးချင်းဆိုင် အတော်ကြာ ဆုံကြသည်။ မျက်လုံးအိမ်များအတွင်းက တန်ခိုးအင်အားချင်း ပြိုင်ကြသည့်နှယ်။ နောက်ဆုံး မြို့စားက လက်လျှော့သွားလေသည်။

'ကောင်းပြီ၊ ဒီသဝဏ်ကိုယူသွား၊ နော်ဇာမြို့စားဆီ မင်းဆက်တွေ့'

အိန္ဒသူက သဝဏ်တစ်ခုကိုကောက်ရေး၍ လက်စွပ်တံဆိပ်နှိပ်ကာ ကျွန်ုပ်ကို လှမ်းပေးသည်။ သဝဏ်လိပ်ကိုယူကာ ကျွန်ုပ် လှည့်ထွက်လာခဲ့သည်။ မြို့စားက ခပ်လှမ်းလှမ်းရောက်မှ မေးခွန်းတစ်ခု မေးပြန်လေသည်။

'ဟေ့၊ နောက်ဆုံးမေးခွန်းတစ်ခု ဖြေခဲ့စမ်း၊ တပ်မှူးသုန္ဒရရဲ့ ညာဘက်မျက်လုံးအောက်မှာ ဘာရှိသလဲ'

လေ့လာကျက်မှတ်ထားသည်များကို အလျင်အမြန် ပြန်တွေးရသည်။ သည်မေးခွန်းကား ခက်ခဲသောမေးခွန်း။ သို့သော် ကျွန်ုပ် အဖြေရပေပြီ။

'ဘာမှမရှိပါဘူး'

'ကောင်းပြီ၊ မင်းသွားနိုင်ပြီ'

ပထမအဆင့်ကိုဖြင့် ကောင်းစွာ ကျော်လွှားနိုင်ခဲ့ပေပြီတကား။

နော်ဇာမြို့စား 'သမန်ဇာ'ကား ပို၍ခက်ထန်ကြမ်းကြုတ်သူဖြစ်လေသည်။ ကျွန်ုပ်ကို မနှစ်မြို့စွာ လှည့်ပတ်စစ်ဆေးကြည့်ရှုပြီးနောက် ခြသေ့်ဟိန်းသံပမာမှုထသော အသံနက်ကြီးဖြင့် မေးလေသည်။

'မြို့စား အိန္ဒသူက ဘာပြောလိုက်သလဲ၊ မြန်မြန်ဖြေစမ်း'

'မြို့စားဆီကို လွှတ်လိုက်ပါတယ်။ အထူးအထွေ မပြောပါ'

သမန်ဇာသည် သဝဏ်ကို နောက်တစ်ကြိမ် ပြန်ဖတ်ပြီးနောက် မီးပုံထဲ ပစ်ထည့်လိုက်လေသည်။

'ဗျူဋ္ဌ၊ ဟုတ်လား၊ မင့်နာမည်'

'ဟုတ်ပါတယ် မြို့စား'

'စွယ်ချင်းယှက် တိုက်ဆင်နှစ်ကောင်တံဆိပ်အကြောင်း ပြောစမ်း'

'ဝဲဘက်ဆင်ရဲ့မျက်လုံးက အနီ၊ ယာဘက်ဆင်ရဲ့မျက်လုံးက အဖြူ'

'အိန္ဒသူရဲ့ နောက်ထပ်နာမည်'

'ဗိုလ်ငတွန်'





'သော်ထွင်နိုင်တိုက်ပွဲရဲ့ နောက်ဆုံးညက အဖြစ်အပျက်'

'သုံ့ပန်းတစ်ယောက် စိတ်ဖောက်ပြန်ပြီး သူ့စခန်းကို မီးရှို့လို့ မြို့စားကိုယ်တိုင် သုတ်သင်လိုက်ရပါတယ်'

'ဘာလက်နက်နဲ့လဲ'

'အဲမောင်းနဲ့ပါ'

'ဘာ'

သမန်ဇာသည် ခုန်အုပ်တော့မတတ် ကျွန်ုပ်ရှိရာသို့ ဝုန်းခနဲထလာကာ ကျွန်ုပ်ကို စိမ်းစိမ်းပါအောင်ကြည့်လေသည်။ တစ်ခုခုမှားယွင်းသွားခဲ့ပြီဟု သိလိုက်သည်။ မှတ်ဉာဏ်ကို အလျင်အမြန် နှိုးရတော့သည်။

'ဟုတ်၊ ဟုတ်ကဲ့။ ပထမ အဲမောင်းကိုကိုင်ပြီးမှ လွှတ်ချပြီး ဓားမြောင်နဲ့၊ ဓားမြောင်နဲ့'

ချွေးသီးချွေးပေါက်များပြန်လာသည်။ အမှုအရာမပျက်စေရန် သတိကြီးစွာ ထားရသည်။ တော်ပေသေးသည်။ ကျွန်ုပ် အဖြေမှန်သွားသည်။

'မင်း‥ ဘာကြောင့် ရဂ်ဗလကို တွေ့ချင်တာလဲ'

'မဏိပူရ ပုရပိုက်အတွက်'

'ဘာ‥ ပုရပိုက်အတွက်။ ဘာကြောင့်လဲ'

'ဒါကို ပြောခွင့်မရှိပါ မြို့စား'

'မပြောရင် မင်းကိုသတ်ရမှာပဲ'

'ကျွန်တော် အသက်အဆုံးခံဖို့ကလွဲပြီး အခြားမရှိတော့ပါ'

သမန်ဇာသည် နံရံတွင်ချိတ်ထားသော သံလွှားကို လှံရိုးဖြင့် ရိုက်လိုက်လေသည်။ ထွားပြိုင်းသော စစ်သည်ပါးကွက်များ ဝင်လာကြသည်။

'ဒီအကောင်ကိုချုပ်၊ အခုချက်ချင်း မျက်လုံးဖောက်ပစ်စမ်း'

ပါးကွက်များက ကျွန်ုပ်ကို ပြင်းထန်စွာ ချုပ်ကိုင်ကာ နံရံနှင့်ကျောပြင်ကို ကပ်စေသည်။ တစ်ယောက်က ရဲရဲနီသော မီးကင်သံချွန်ကိုယူကာ ကျွန်ုပ်မျက်နှာဆီသို့ ချိန်ရွယ်လျက် တဖြည်းဖြည်းတိုးကပ်လာသည်။ သည်အခါတော့ အဆုံးပတ်ပြီဟု ကြောက်ရွံ့တုန်လှုပ်လာသည်။

'ဟေ့ကောင်၊ ပြောစမ်း၊ မဏိပူရပုရပိုက်အတွက် ဘာကိစ္စလဲ'



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲအံ့နှလုံးသားတို့ နောက်ဆုံးအဖြစ် ချိုးနှိမ်လျက် ဖြေရတော့သည်။

'ဒါကို ပြောခွင့်မရှိပါ မြို့စားမင်း'

'ဖောက်ပစ်လိုက်စမ်း။ သူ့မျက်လုံးတွေကို'

မျက်လွှာအနီးတွင် ပူလောင်သော အတွေ့၏ နီးကပ်လာမှုကို ခံစားရသည်။ ကျွန်ုပ် မျက်စိမှိတ်လိုက်သည်။

'ပုရပိုက်အတွက် ဘာဖြစ်သလဲ၊ ပြောစမ်း'

'ပြောခွင့်မရှိပါ'

'သံချွန်တွေ ဖယ်လိုက်တော့'

မီးကင်သံချွန်များ ဆုတ်သွားသည်။ ချုပ်ကိုင်ထားရာမှလည်း ဖြေလျှော့ပေးကြသည်။ ကျွန်ုပ် ရပ်နေရာမှ လဲပြိုကျမသွားရန် အားတင်းရချေသည်။ သေခြင်းတရား၏ ဝတ်ရုံစကို ဖမ်းဆုပ်မိခဲ့သည်မဟုတ်လော။ အန္တရာယ်ကား မဖော်ပြနိုင်အောင် ကြီးမားလှချေသည်။

'မင်းတို့သွားနိုင်ပြီ။ ဗျူဟ ဒီလာစမ်း'

ပါးကွက်သားတို့ ထွက်သွားကြသည်။ ကျွန်ုပ် သမန်ဇာခေါ်ရာသို့ သွားရလေသည်။ သမန်ဇာက သဝဏ်တစ်ခုကိုရေးကာ၊ လက်စွပ်တံဆိပ် ခပ်နှိပ်သည်။

'ရော့၊ ဒါကို မဏိပူရမြို့စောင့်တပ်မင်းကြီး ဂေါရသျှံကိုပေး။ မင်းသွားနိုင်ပြီ' နောက်ထပ်အခက်အခဲတစ်ခုကိုလည်း အသက်နှင့်ရင်း၍ ကျော်ဖြတ်နိုင်ခဲ့ပြီ။

❖❖❖

မြို့စောင့်တပ်၊ တပ်မင်းကြီး ဂေါရသျှံကိုမူကား စစ်ရေးလေ့ကျင့်ကွင်း သွားရောက်တွေ့ဆုံရလေသည်။ ဂေါရသျှံကား ကျွန်ုပ်တွေ့ဖူးသမျှ လူသားများအနက် အကြီးမားအထွားကျိုင်းဆုံး လူ့ဘီလူးကြီးပင်တည်း။

ဂေါရသျှံ၏ မေးခွန်းကား မြို့စားအိန္ဒသူ၊ မြို့စား သမန်ဇာတို့လောက် ခက်ခဲလှိုု့ဝှက်ခြင်းမရှိ။ သူကား လက်ရုံးရည်သက်သက်။ ကျွန်ုပ်ကို ထူးခြားသော စစ်ဆေးမှုပြုလေသည်။

'မင်းက အကြပ်မျိုးဟောင်း ဗျူဟ တဲ့လား'

'ဟုတ်ပါတယ် တပ်မင်းကြီး'





'ဟိုတုန်းက ပခုံးကြပ် ဘာရောင်ဆင်ခဲ့ရသလဲ'

'အနီပါ တပ်မင်းကြီး'

ကသည်း အကြပ်မျိုးများတွင် ပခုံးကြပ်အနက်နှင့်အနီဟူ၍ အဆင့်ခွဲထားသည်။ အနီဝတ် အကြပ်မျိုးက ပို၍အဆင့်မြင့်သည်။

'အနီဆင့် အကြပ်မျိုးဆိုရင် ဘာလုပ်ရသလဲဟေ့။ အခုလုပ်စမ်း'

ကွေ့ရှမ်းတို့သင်ပေးလိုက်သော လက်ရုံးရည်ကိုအသုံးပြုရလေတော့သည်။ ချောမောပြေပြစ်မှု ရှိမှရှိပါလေမည်လားဟု ကျွန်ုပ်စိတ်လှုပ်ရှားနေသည်။ သို့သော်...

အဲမောင်းလှံရှည်ကို အပေါ်သို့ မြင့်မားစွာ ပစ်မြှောက်လိုက်ရသည်။ လှံရှည်သည် အသွားဘက်ဖြင့် အောက်ပြန်ကျလာစဉ် လှံသွားကျလာမည့်နေရာတွင် တည့်တည့်ရပ်ရင်း လှံမြေမကျမီ ပြန်ဖမ်း။ ထို့နောက် မဆုတ်မဆိုင်းပင် အနီးရှိစက်ကွင်းဆီသို့ပစ်စိုက်။

'အင်း၊ ကောင်းပြီ၊ နောက်တစ်ခုလုပ်စမ်း'

မြင်းတစ်စီးကို ကွင်းပတ်၍ ပြေးစေရသည်။ မြင်းက ဒုန်းစိုင်းနေစဉ် ဓားတောက်ကိုလွယ်လျက် မြင်းပေါ်သို့ခုန်တက်ရသည်။ တပ်သားတစ်ယောက်က လှံတိုများကို ကျွန်ုပ်ထံ ပစ်လွှတ်သည်။ လှံတိုများ ဓားကောက်ဖြင့် ဖယ်ရှားပစ်ရလေသည်။ လှံတိုလေးချောင်းကို ဝဲယာခုတ်ပိုင်း ဖယ်ရှားနိုင်ခဲ့သော်လည်း တစ်ချောင်းကမူ ကျွန်ုပ်၏လက်မောင်းပြင်ကို ရှပ်၍ထိမှန်သွားခဲ့ပေသည်။ တစ်ပွဲထိုးသင်ခဲ့ရသော လက်ရုံးရည်ပညာအခံဖြင့် သည်မျှလောက်သာ ကျွန်ုပ် တတ်နိုင်ပေမည်။

'လှံငါးချောင်းအနက် လေးချောင်းကိုသာ မင်းရှောင်နိုင်ခဲ့တယ် ဗျူဟ'

'ကျွန်တော် အလွန်အမင်း ခရီးပန်းနေပါတယ် တပ်မင်းကြီး'

တပ်မင်းကြီးဂေါရသျှံသည် ကြီးမားကျယ်ပြန့်သော သူ့လက်ဝါးနှစ်ဘက်ကို ဆုတ်ချည်ဖြန့်ချည်ပြုရင်း ခေါင်းတဆတ်ဆတ်ညိတ်လေသည်။

'အင်း... ထားလိုက်တော့၊ နောက်ဆုံးတစ်ခုမေးကြည့်စမ်းမယ်။ အလောင်းမင်းတရားရဲ့ဗိုလ်မျိုး ဣန္ဒပုံချီနဲ့ ဒိဗ္ဗပုံချီတို့ တပ်ဦးမှာလိုက်ပါပြီး ကျိုန်းနောင်တောင်ဆီမှာ ကသည်းတပ်နဲ့တွေ့တယ်။ အဲဒီတုန်းက ကသည်းတပ်အင်အား ဘယ်လောက်ရှိသလဲ'

စစ်ရေးလက်ရုံးရည်ပြသမှုဖြင့် အလွန်အမင်း နွမ်းနယ်လှပြီဖြစ်သဖြင့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ဝေါရည့်၏မေးခွန်းကို အတန်ကြာစဉ်းစားရသည်။ ကိုယ်ခန္ဓာ၏ နွမ်းနယ် မှုကြောင့် အသိဉာဏ်သည်လည်း မှေးမှိန်သွားပြီထင်သည်။

'ဟောကောင်၊ ဒီလောက်အရေးကြီးတဲ့ တိုက်ပွဲ'

'မှန်၊ မှန်ပါ၊ ခြေလျင်သုံးထောင်၊ မြင်းတစ်ထောင်ပါ'

'ဟုတ်ပြီ၊ တိုက်ပွဲအပြင်းထန်ဆုံးနေရာဟာ ဘယ်နေရာလဲ ပြောစမ်း'

သည်တိုက်ပွဲ သည်နေရာကို ကွေ့ရှမ်းတို့ထဲတွင် ကျွန်ုပ် ကျေကျေညက်ညက် လေ့လာကျက်မှတ်ခဲ့သည်။ သို့သော် ရုတ်ခြည်းအဖြေမပေါ်။ တိုက်ပွဲအပြင်းထန်ဆုံး နေရာ၊ တိုက်ပွဲအပြင်းထန်ဆုံးနေရာ။ အမည်သည် နှုတ်များဝတွင် ပျောက်ဆုံးနေသည်။ ခက်ချေပြီ။

စဉ်းစားဟန်ဖြင့် မိမိအကျပ်အတည်းကို မိမိ သက်သာစိမ့်သောငှာ စစ်ရေးလေ့ကျင့်ကွင်း၏အဝေးဆီသို့ ငေးမျှော်နေမိသည်။ စိတ်ပျက်အားငယ်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

တရားစောင့်သူကို တရားက စောင့်သည် ဆိုသည့်စကား မှန်၍ထင်သည်။ ကျွန်ုပ်၏အခက်အခဲကို ဖြေရှင်းပေးမည့် တစ်စုံတစ်ခုကို စစ်ရေးလေ့ကျင့်ကွင်း၏ ဟိုမှာဘက်ဆီမှ ကျောက်တောင်နံရံကြီးတွင် တွေ့လိုက်ရသည်။ အဖြေသည် ဘွားခနဲ ပေါ်လာပေပြီ။

'မှန်ပါ၊ ကျောက်ထရံလမ်းကျဉ်းတောင်ကြားပါ တပ်မင်းကြီး'

'မှန်တယ်'

လေးလံသော သက်ပြင်းတစ်ခုကို အားပါးတရ ဖွင့်ထုတ်လိုက်မိတော့သည်။

နောက်ထပ် အဘယ်မျှအထိ ခက်ခဲသောမေးခွန်းမျိုး လာလိမ့်ဦးမည်လဲဟု ရင်တထိတ်ထိတ်ဖြင့် ဆက်လက် စောင့်စားရပြန်သည်။ သို့သော် တပ်မင်းကြီး ဝေါရည့်သည် စိတ်မရှည်တတ်သော လက်ရုံးရည်သမားသက်သက် ဖြစ်ဟန်တူသည်။ စောစောက လက်ရုံးစွမ်း စစ်ဆေးခြင်းအမှုနှင့်ပင် ကျေနပ်သွားဟန်တူသည်။

'ဖျူး၊ ဒီသဝဏ်ယူသွား။ နယ်စားကြီး စန္ဒရော်မော်နီဆီဝင်ပေတော့။ မင်းအဆင့်ဆင့်ကို ဖြတ်သန်းခဲ့ပြီး စိတ်ချရတဲ့ တို့လူယုံဖြစ်တယ်ဆိုတာ ငါ့သဝဏ်ထဲမှာ ရေးပေးလိုက်မယ်။ သြော်..သြော်..နေဦးဟေ့၊ အခု ဆန်သစ်နတ်တင်ပွဲ စတော့မှာ





ပဲ။ နတ်တင်ပွဲအတွက် ငါးပတ်တစ်ကောင်လောက် ကြီးကြီးလေးရအောင်ဖမ်းသွား။ ဒါဆိုရင် နတ်ပွဲတော်မှာ နယ်စားကြီး စံအိမ်အဝင် ပိုပြီးကောင်းမယ်။ အဲ..ဖြစ်နိုင်ရင် သေရည်ကျည်တောက်လေး ဘာလေးပါ ဆောင်သွားပေါ့ကွာ။ ဟား..ဟား'

ဝေါရည့်သည် ကျွန်ုပ်၏ပခုံးကို သူ့လက်သီးဆုပ်ကြီးများဖြင့် တအုံးအုံးထုနှက်ကာ အားပါးတရ ရယ်မောပြောဆိုလေသည်။

ဆန်သစ်နတ်တင်ပွဲ။

ဒါသည် ကသည်းလူမျိုးတို့၏ နှစ်စဉ်ကျင်းပမြဲ ပွဲတော်ကြီး။

မှန်ပေသည်၊ ပြာသိုလထဲသို့ပင် ချဉ်းနင်းခဲ့ပေပြီ။

ဆီးနှင်းတို့သည် မဏိပူရနယ်စပ်၏ တောင်တန်းကြီးများထက်တွင် တဖြောဖြောကျဆင်းနေကြပြီ။ စောအဟုန်ဖြင့် ပူလောင်နေခဲ့သော ရင်ကြောင့် ဆီးနှင်းတဖြိုက်ဖြိုက်၏ အအေးဓာတ်ကို သတိမထားမိခဲ့။ ယခုမှပင် ပြာသို၏ ရက်စက်သောဆောင်းကို သတိပြုမိတော့သည်။

တပ်မင်းကြီး ဝေါရည့်ကို ဦးညွတ်နှုတ်ဆက်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ဆီးနှင်းထုကို တိုးဖောက်ကာ ခရီးဆက်ခဲ့သည်။

နယ်စားကြီး စန္ဒရော်မော်နီထံသို့။

သို့မဟုတ်၊

မဏိပူရပုရပိုက် ဒုတိယပိုင်းရှိရာသို့။

သို့မဟုတ်၊

ခြင်းရာခပ်သိမ်းတို့၏ နိဂုံးကမ္ပတ်ကို ထုတ်ဖော်နိုင်မည့်နေရာသို့။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄။

တပ်မင်းကြီးဓါရည်ျှ၏ သဝဏ်ကြောင့် ကျွန်ုပ်သည် နယ်စားကြီး၏စံအိမ်သို့ အခက်အခဲမရှိ ဝင်ခွင့်ရခဲ့ပေသည်။ သို့သော် နယ်စားကြီးနှင့်ကား တွေ့ဆုံခွင့်မရသေး။

ဓါရည်ျှပြောလိုက်သည့်အတိုင်း နယ်စားကြီး၏ ကြီးမားခမ်းနားသော ဆန် သစ်နတ်တင်ပွဲနှင့် ဆုံနေသည်။ ထမင်းစားအဆောင်တော်ကြီး၏ ကျောက်စားပွဲ ရှည်ကြီးပေါ်တွင် ကြီးမားသောလင်ဗန်းကြီးများ အပြည့် တည်ခင်းထားသည်။

လင်ဗန်းထဲတွင် ကသည်းတို့ထုံးစံအရ ငါးပတ်ဟင်းများ၊ မတ်ပဲဟင်းထည့် ရွှေရေဇလုံကြီးများ၊ ပဲသီးကို အထူးထူးအပြားပြား ကြော်လှော်ချက်ပြုတ်ထားသည့် ခဲဖွယ်ဘောဇဉ်များ ရှိနေသည်။

နံရံထက်ဆီက နိမ့်သော စားပွဲတန်းများပေါ်တွင်ကား သာမန်လူတို့အတွက် ကသည်းထုံးစံ ဖက်ရွက်ခင်း၍ ဟင်းများတည်ထားလေသည်။ မဏိပူရ၏ ထိပ်တန်း မြို့စား၊ နယ်စားများ၊ အကြပ်၊ ဗိုလ်မင်း၊ တပ်မှူး၊ တင်မင်းများကိုဧည့်ခံရန် နယ် စားကြီး စန္ဒရော်မော်နီသည် ခန်းမကြီး၏ အမြင့်ဆုံးနေရာတွင်ထိုင်ရင်း ကျွန်များ အား နိုင်းစေနေသည်။ ကျွန်ုပ်မှာ နယ်စားကြီးအနီး တစ်လံကွာသို့ပင် ကပ်၍မ သေး။ အဝေးမှသာနေရင်း နယ်စားကြီးထံဝင်နိုင်မည့် အခွင့်အရေးကို စောင့်ေ ရသည်။



ညဉ့်အမှောင်တိုး၍ ဆီမီးတို့ကို ထွန်းညှိပြီးသည့်တိုင် နတ်တင်ပွဲအတွက် အလုပ်ရှုပ်နေကြဆဲဖြစ်၏။ မီးရောင်တွင် နယ်စားကြီး၏ ရွှေရောင်ဝတ်ရုံကြီးမှာ ဖြိုးပြက်နေသည်။ အောက်ခံကိုယ်ကျပ်၏ အစိမ်းပုပ်ရောင်သည် ညဉ့်အမှောင်ကြောင့် ဖုံး၍ မှိုင်းနေသည်။

နယ်စားကြီး စန္ဒရော်မော်နီကား အရပ်ပုပုပ်သော်လည်း ကျစ်လျစ်သော ကိုယ်ရှိပေသည်။ အခြားသော ကသည်းလူမျိုးများနှင့်မတူဘဲ အတန်ငယ်ဖြူသော အသားအရေရှိသည်။ မုတ်ဆိတ်ကျင်စွယ်များပင် ဖြူစပြုနေပေပြီ။ သို့သော် သူ၏ အကြည့်၊ သူ၏အသံ၊ သူ့သွင်ပြင်ဟန်ပန်တို့ကား ပကတိသြဇာအပြည့်ပင်၊ အမိန့် အာဏာကို အမြဲတစေ ကျွမ်းကျင်စွာ အသုံးချခဲ့သူတစ်ဦး၏ ရာဇမာန်ကိုတွေ့ရသည်။ ထူးခြားသည်ကား အရွယ်နှင့်မလိုက်အောင် လျင်မြန်ဖျတ်လတ်သော လှုပ်ရှားမှုရှိ နေကြခြင်းပင်ဖြစ်လေသည်။

နတ်တင်ပွဲအစပြုကာနီး သေရည်ခွက်များကို ကိုင်မြှောက်၍ ဆုတောင်းမန္တန် ရွတ်ပြီးကြသည့်အဆုံးတွင်မှ နယ်စားကြီးထံ အနီးကပ်ခွင့်ရတော့သည်။ သေခွက် တိုယ်စီသောက်ပြီးကြသည်နှင့် နတ်တင်ပွဲလာ ပရိသတ်များ တစ်ဦးစထ၍ နယ်စား ကြီးရှေ့သို့သွားကာ နှုတ်ဆက်ရသည်။ မြို့စားတစ်ဦး၏ အလှည့်ပြီးသည်နှင့် ကျွန်ုပ် အလှည့်။

နယ်စားကြီး၏ ခြေဖမိုးရှေ့သို့ ကျွန်ုပ်၏ခါးကောက်ကို ဦးစိုက်နှိမ့်ချကာ နှုတ်ဆက်လိုက်သည်။

'မြို့စားဘယ်သူလဲဟေ့'

'မြို့စားမဟုတ်ပါ နယ်စားကြီး။ စစ်ပွဲကာလတုန်းက အကြပ်မှူးအဖြစ် အမှုတော်ထမ်းခဲ့တဲ့ ဗျူဂ္ဂပါ'

'ဗျူဂ္ဂ ဟုတ်လား'

'ဟုတ်ပါတယ် နယ်စားကြီး'

သေအခိုးတို့ဖြင့် ရီဝေနေသော်လည်း စူးရှသည့်မျက်လုံးညိုများဖြင့် ကျွန်ုပ် ကိုကြည့်နေသည်။ မှတ်မိပုံမရ။

'ဘယ်သူ့တပ်မှာလဲ'

'ကျဆုံးသွားတဲ့ ဗိုလ်မင်းရိန္ဒမတပ်ကပါ'

www.burmeseclassic.com



'ရိန္နမ။ အင်း၊ မှတ်မိပြီ။ နေပါဦး၊ ရိန္နမတပ်က အကြပ်တွေအားလုံး တိုက်ပွဲမှာ ကျကုန်တယ်မဟုတ်လား'

'ကျွန်တော်တစ်ယောက်သာ ကျန်ပါတယ် နယ်စားကြီး'

မယုံသင်္ကာအကြည့်ဖြင့်ကြည့်နေသောကြောင့် တပ်မင်းကြီးဂေါရသျှံ၏သဝဏ် ကို ထုတ်ပြလိုက်ရသည်။ နယ်စားကြီးသည် သဝဏ်ကိုဖတ်ပြီး-

'အင်း၊ ဗျူဠ ကို အရာပေးပါလို့ ဂေါရသျှံက ရေးထားပါလား။ အေး-- ပေးရတာပေါ့။ သို့သော် အခုတော့ နတ်ပွဲနဲ့မို့ နက်ဖြန်မှ ငါ့ဆီတစ်ခါထပ်ဝင်ခဲ့ဦး။ ကြားလား ဗျူဠ'

'ကောင်းပါပြီ နယ်စားကြီး'

မြို့စားတစ်ယောက် နှုတ်ဆက်ရန် ရောက်လာသဖြင့် ကျွန်ုပ် ဖယ်ပေးလိုက် ရသည်။ သည်မျှဆိုလျှင် လုံလောက်ပေပြီ။ သောက်စားမူးယစ်ကြမည့် သည်ည ပွဲသဘင်တွင် ကျွန်ုပ် လုပ်ဆောင်စရာ တာဝန်တစ်ခုသာ ကျန်တော့သည်။

ညဥ့်အမှောင်နှင့် လူခြေတိတ်၊ ဆီးနှင်းနှင့် သေမူးသူများအကြားမှ အချိန် ကောင်း၊အခွင့်ကောင်းကိုသာ ကျွန်ုပ် စောင့်ရတော့မည်။





...ချာ။

ဆန်သစ်နတ်တင်ပွဲသဘင်ကို ကျမ်းများ၊ ရာဇဝင်များတွင် ကျွန်ုပ် လေ့လာ ...တ်သားခဲ့ဖူးသည်။ ကောက်သစ်စားပွဲသဘောပင်ဖြစ်သည်။ သူတို့ တစ်ညလုံး ...သောက်၊ အစာစား၊ မနွှန်ရှုတ် ကခုန်သီကြွေးကြမည်ဖြစ်သည်။ သည်လိုအချိန် ...ါမျိုးမှာ ကျွန်ုပ်ရောက်လာသည်ကား သမာဓေဝ နတ်ကောင်းနတ်မြတ်များက ...င့်ရှောက်ခြင်းပင်ဖြစ်တော့သည်။

သန်းခေါင်ယွန်းပြီးသည်နှင့် ကျွန်ုပ် လုပ်ငန်းစရလေသည်။

နယ်စားကြီးနှင့်တကွသော ပရိသတ်အားလုံးမှာကား ခန်းမထဲတွင် ဆူညံစွာ ...ာက်စားမူးယစ် ကခုန်သီကြွေးကြဆဲ။

တံခါးစောင့် စစ်သည်တို့ကို သတိကြီးစွာဖြတ်လျက် ကျွန်ုပ် နယ်စားကြီး၏ ...ခန်းဆောင်သို့ ဝင်ခဲ့သည်။ မဏိပူရပုရပိုက် ဒုတိယပိုင်းကို နယ်စားကြီး သိမ်း ...ဆိုလျှင် သူ့အိပ်ခန်းဆောင်မှာသာ သိမ်းရမည်။ သူနှင့်မကွာ ထားရပေမည်။ ...ရပိုက်ကိုယူ၍ နယ်စားကြီးမသိခင် ဤစံအိမ်တော်ရဲတိုက်မှ အမြန်ဆုံးထွက်ခွာ ...ည်။

အိပ်ဆောင်တော်တံခါးဝသို့ရောက်ရန် အစောင့်များကိုယ်တိုင်လည်း ဆန်သစ် ...ာင်ပွဲ၏ လှုံ့ဆော်မှုဖြင့် သေယစ်နေကြသောကြောင့် သူတို့မသိအောင် အလွယ် ...ဝင် ကျွန်ုပ် ဖြတ်ကျော်နိုင်ခဲ့ပေသည်။

အိပ်ဆောင်တော်တံခါးဝတွင်ကား၊ ကြံ့ခိုင်သော တံခါးမှူးအကြပ်အစောင့် ...ယောက်နှင့် ရင်ဆိုင်ရလေသည်။

'ဘယ်သူလဲဟေ့၊ ရောက်ရာမှာ ရပ်နေလိုက်စမ်း'

www.burmeseclassic.com



သူက အဲမောင်းဖြင့် ချိန်ရွယ်၍ ကျွန်ုပ်ကိုတားသည်။

'ကျုပ် ဗျူဟ ပါ။ တပ်မင်းကြီး ဂေါရဉ္စျံဆီက လွှတ်လိုက်တဲ့ ဆက်သား ဗျူဟ ပါ'

'ဉာဉ့်သည်ဆိုလည်း ဉာဉ့်သည်ပီပီ ခန်းမထဲသွား သေရည်ယစ်နေပါလား။ ဘာကြောင့် ဒီနေရာ ရောက်လာရသလဲ။ ဆုတ်လိုက်'

'နယ်စားကြီးက လွှတ်လိုက်တာပါ။ တံခါးမှူးကိုပြောပါတဲ့'

'တိတ်၊ မဟုတ်တာတွေ လာပြောမနေနဲ့။ ဘယ်တော့မှ ဒီလိုမပြောဖူးဘူး။ အခုဖယ်လိုက်၊ ကျောပြင်ကနေ ထုတ်ချင်းခပ်သွားချင်သလား'

'ကျုပ် ပြောပါရစေ၊ ကျုပ်'

'ဖယ်ဆို'

အဲမောင်းလှံသွားသည် ရင်ဝဆီသို့ တိုးဝင်လာသည်။ မတတ်သာတော့။ အသံမကျယ်သော အချိန်မကြာသော တိုက်ပွဲငယ်တစ်ခုကို ဖန်တီးရတော့မည်။ အဲမောင်းကို လှံသွားဖြင့် ဖယ်ထုတ်လိုက်သည်။ တံခါးမှူးသည် လူကောင်ကြီးထွား သလောက် ဒေါသလည်းကြီးသူပင်။ သူ့အဲမောင်းချက်ကို တွန့်ဖယ်ရှားသဖြင့် အတင်း ဝင်၍ တိုက်ခိုက်တော့သည်။ အဲမောင်းလှံရိုးကို မမြင်ရတော့။ သူကား ကျွမ်းကျင်ပါ ပေသည်။ စကြာတစ်ခုလို လည်နေသည်။ လက်တစ်ကမ်းအကွာသို့ ကျွန်ုပ်မဝင်သာ။ အဲမောင်းလှံရေးချင်း သူနှင့်မယှဉ်နိုင်သည်ကို ကျွန်ုပ်သိလိုက်သည်။ သူကား နှစ် ရှည်လများ ဓားရေးလှံရေးအကျွမ်းလေ့သူဖြစ်ပေမည်။ ကျွန်ုပ်ကား ကွေ့ရှမ်းတို့၏ တစ်ပွဲတိုး လှံသမား၊ ဓားသမား။

ပရိယာယ်ကိုသာ သုံးရတော့သည်။ လှံသွားအထိအရှ၊ လှံရိုးအရိုက်အပုတ် မှ လွတ်အောင်သာ သတိထားရှောင်တိမ်းရင်း ရဲတိုက်၏ လေသာဆောင်အထပ် ထပ်ဆီသို့ ဆုတ်ရသည်။ ကွေ့ရှမ်းတို့သင်ပေးလိုက်သော ခြေဆုတ်၊ ခြေနုတ်၊ ခြေ သိမ်းခြင်း သတိကြီးစွာ ရှောင်တိမ်းနေသည့်ကြားကပင် တံခါးမှူး၏ အဲမောင်းသွား သည် ပခုံးသားနှင့် ဝမ်းဗိုက်နံဘေးသို့ ထိသွားသေးသည်။ ဒဏ်ရာမနက်သော်လည်း သွေးထွက်နေပြီဖြစ်ကြောင်း သိလိုက်သည်။

'ဟော့‥ ဘီလူးကြီး၊ မိအောင်ဝင်လေ'

တံခါးမှူးကြီး ပို၍ဒေါသကြီးလာသည်။ သူ့အဲမောင်းသွားက ကျွန်ုပ်ကို





ပေါ်တွင် မဆိုစလောက် ထိရှသွားသည်ကိုလည်း သူသိသဖြင့် အားတက်လာဟန် ရှိသည်။

လေသာဆောင်အထပ်၏ တံခါးစွန်းတွင် ကျွန်ုပ် ရပ်လိုက်သည်။ အခက် ခဲဆုံးနှင့် အစွန့်စားဆုံးလှုပ်ရှားမှုကို ကျွန်ုပ်ပြုရတော့မည်။ အချိန်နာရီချက် တခဏ် မျှမကြာသော်မှ မလွဲချော်ရန် အရေးကြီးသည်။ လွဲချော်သွားပါလျှင်‥။

'ဟော့‥ မကောင်းဆိုးဝါးကြီး။ လာလေ၊ ဝင်ပါတော့လား'

တံခါးမှူးသည် အသံနက်ကြီးဖြင့် ကြွေးကြော်ကာ အဲမောင်းကိုထိုးချိန်လျက်။ ကိုယ်လုံး၏အားကိုအသုံးပြုပြီး အပြေးဝင်လာသည်။ လှံသွားနှင့် ကျွန်ုပ်၏ရင်အုပ် ပေါ်းလုံးနှစ်ထောက်ခန့်အကွာတွင်မှ ကျွန်ုပ်အပေါ်သို့ ခုန်လိုက်သည်။

ရှူးရှူးဝါးဝါး အသံနက်ကြီးဖြင့် တံခါးမှူးသည် လူရောလှံပါ တံခါးဝမှ အောက်သို့ ကျသွားလေသည်။ အောက်ဘက်ဆီတွင်ကား နယ်စားကြီး၏ ရဲတိုက် လုံခြုံမှုအတွက် ခင်းထားသော ဆူးကြောင့် ကျင်းအပြည့်အတွင်း ကျုံးရှိနေပေသည်။

နယ်စားကြီး၏ အိပ်ခန်းဆောင်အတွင်း သောရန်ကင်းပြီ။ အချိန်အနည်း ငယ်လောက်ကိုသော်မှ ကျွန်ုပ်မဖြုန်းတီးနိုင်တော့။ စက်ရာဆောင်၏ နေရာမှန်သမျှ ကို ကျွန်ုပ် မွှေနှောက်ရသည်။ ငွေခက် ငွေလက်တို့ဖြင့် လှပစွာ ရုပ်လုံးဖော်ထား သော ငွေကျုတ်ကြွ ဗီရိုများကို ဖျက်ဆီးရသည်။ နမြောတသစွာဖြင့်ပင် ပန်းထွင်း ထက်ရာများကို ချိုးဖဲ့ပစ်ရသည်။ မဏိပူရ ပုရပိုက်၊ မဏိပူရ ပုရပိုက်‥။

တွေ့ချေပြီ။

နယ်စားကြီးကား ပုရပိုက်ကို အထူးလျှို့ဝှက်စွာ သိမ်းဆည်းထားပေသည်။ ကြေးနီပွတ်လုံးတိုင်များ ခံထားသော ခုတင်၏ခေါင်းရင်းဘက် အတွင်းအထဲတွင် နန်းကြိုးစိပ်စိပ်ခတ်ထားသော ရွှေရောင်အထုပ်ငယ်တစ်ထုပ်ကို တွေ့ရသည်။ ရိုးရိုး သာမန်အဝတ်ဖျင်စပင်မဟုတ်။ ရွှေနန်းကြိုးခတ် ရွှေစဖြင့်ထုပ်ထားသော အထုပ်။

ဖျော့တော့သော မီးရောင်အောက်မှာပင် ရွှေနန်းကြိုးစများကို ဓားမြှောင်ဖြင့် ဖြတ်တောက်ဖျက်ဆီးလိုက်ရသည်။

အထဲမှထွက်လာသည်ကား နေပြည်တော်တွင် ဂုဏ္ဏလက်ထဲမှရခဲ့သော ဆေ ရွက်များနှင့်တစ်ရောင်တည်း၊ တစ်ရွယ်တည်းသော ပုရပိုက်။

'မဏိပူရပုရပိုက် ဒုတိယပိုင်း' ဟူသော အသိသည် ကျွန်ုပ်ကို အင်အားကြီး



www.burmeseclassic.com

www.burmeseclassic.com



ညှို့ငင်ပြန်ပေပြီ။

ပုရပိုက်ကို မဖတ်ဘဲ မနေနိုင်တော့။

ဂူရှုထံမှ ရခဲ့သည့် ပုရပိုက်အဆုံးတွင် တပ်မှူးရဂ်ဗလနှင့် အခြား ကသည်းစစ်ဗိုလ်တစ်ဦးတို့ အချင်းချင်းများကြပုံ၊ ရဂ်ဗလက အဆိုပါတပ်မှူးကို သူ့ရဲဘောကြောင်စွာ စီရင်လိုက်ပုံ၊ တပ်မှူး၏ဇနီးသည်က ကလေးငယ်တစ်ဦးကို ရင်ခွင်တွင် ပိုက်ကာ ပြေးထွက်လာပုံဖြင့် အဆုံးသတ်ခဲ့သည်။

ယခု‥။

❖❖❖

‥ဝန်းကျင်တွင်ရှိနေသော ကသည်းစစ်သည်များလည်း ထိုအဖြစ်ကို အံ့သြစွာကြည့်နေကြသည်။ တပ်မှူး၏ဇနီးသည်ကား ကလေးငယ်တစ်ဦးကို ရင်ခွင်တွင် ပိုက်ကာ ပြေးထွက်လာပြီး ကလေးငယ်ကို သူ့ဖခင်၏အလောင်းအနီးတွင်ချလျက် အော်ဟစ်ငိုကြွေးလေတော့၏။ လူယုတ်မာ ရဂ်ဗလ၏ရက်စက်မှုကား ပြောဖွယ်ရာ မရှိတော့။

ငိုကြွေးနေသော တပ်မှူးဇနီးအား ဆွဲယူကာ ရိုင်းပျစွာ ပြောဆိုလေသည်။ တပ်မှူးဇနီး၏ အော်ဟစ်ငိုယိုတောင်းပန်သံ၊ ကလေးငယ်၏ ငိုကြွေးသံ၊ ရဂ်ဗလ၏ တဟားဟားရယ်မောကြိမ်းမောင်းသံတို့ကား အနိဋ္ဌာရုံအတိပင်တည်း။

ရဂ်ဗလသည် သူ့လင်ကိုသတ်၍ သူ့မယားကို ဇနီးပြုခဲ့သည့် အကြိမ်ပေါင်း များစွာရှိခဲ့၏။ သို့သော် သင်းတို့ ကသည်းတပ်မှူးအချင်းချင်းအပေါ်မှာပင် ယင်းသို့သောအမှုအကျင့်ကို ပြုရဲပြုရက်ပေသည်တကား။

သို့စခန်းမှ ငါမလွတ်မြောက်မီ ငါသိရသည်ကား သေဆုံးသူတပ်မှူး၏ဇနီးသည် ရဂ်ဗလ၏ ငရဲအောက်တွင် နှလုံးပူပန်မှုဖြင့် ရင်ကွဲကာ သေဆုံးခဲ့ချေ၏။ သူတို့၏ သနားစဖွယ်ကလေးငယ်မှာကား အလောင်းဘုရား၏ တစ်ခုသောစစ်ကြောင်းဖြင့်ပါလာသည့် မြန်မာဗိုလ်မင်းတစ်ဦးက ကောက်ယူမွေးစားကာ ထိုသူ့ထံမှတစ်ဆင့် မြန်မာအမတ်ကြီး မဟာသီရိဥတ္တမ ဇေယျသကြံနှ်ထံသို့ ရောက်ရှိသွားခဲ့၏။ သို့စခန်းတွင် မိဘမဲ့အဖြစ် သနားစဖွယ်ရှိခဲ့သော ထိုကလေးငယ်၏ ချစ်စဖွယ်မျက်လုံးများ ပြေစ်ကင်းသောမျက်နှာတို့ကို ငါကောင်းစွာ မှတ်မိနေ၏။ ကလေးငယ်၏ ဝမ်းဗိုက်တွင် ကြီးမားသော မှဲ့နက်တစ်လုံးရှိနေသည်ကိုပင် ငါ့မျက်စိထဲကမထွက်‥။





နှလုံးသားသည် ပြင်ပသို့ ပေါက်ကွဲလွင့်စင်သွားပေပြီ။

ပုရပိုက်ကို ကိုင်ထားသော ကျွန်ုပ်လက်တို့လည်း တဆတ်ဆတ်တုန်ခါနေကြပြီ။ ပူနွေးသော မျက်ရည်ပေါက်ကြီးများက ပုရပိုက်ပေါ်သို့ တပေါက်ပေါက် ကျဆင်းလာကြပြီ။

ကလေးငယ်‥၊ ကလေးငယ်။

အလောင်းဘုရားစစ်ကြောင်းနှင့်ပါလာသော ဗိုလ်မင်းတစ်ဦးက ကောက်ယူမွေးစားကာ အမတ်ကြီး မဟာသီရိဥတ္တမ ဇေယျသကြံနှ်ထံသို့ ရောက်သွားသော ဝမ်းဗိုက်တွင် မှဲ့အနီကြီးပါသော၊ ကသည်းတပ်မှူးနှင့် ဇနီးတို့၏ သားငယ်၊ ကသည်း လူမျိုးကလေးငယ်။

မုန်းတီးစက်ဆုပ်မှုအပေါင်းတို့ဖြင့် မဟာရန်သူကြီးဖြစ်ခဲ့သော လူယုတ်မာ ရဂ်ဗလအပေါ်၌ အစက်ဆုပ်အရွံရှာဆုံး၏ အခေါ်င်အဖျားသည် ရောက်ရှိခဲ့ပြီ။

သင်းကား ကျွန်ုပ်၏ ဖခင်ကိုသတ်သော၊ မိခင်ကိုသတ်သော ရန်သူစစ်စစ်ကြီးဖြစ်ချေသည်တကား။

❖❖❖

'ဟော့၊ တံခါးမှူးလည်းမရှိပါလား၊ ဘယ်ရောက်နေသလဲ'

တံခါးဝဆီမှ နယ်စားကြီး စန္ဒရော်မော်နီ၏အသံကို ကြားလိုက်ရသည်။ သေယစ်နေသော သူ့အသွင်မှာ လေးတွဲ့နေလေသည်။

'ငါ့စက်ခန်းဆောင်မှာ သွေးနံ့ရနေပါလားဟော့'

အဲမောင်းသွားထိရှခဲ့သော ကျွန်ုပ်၏ဝမ်းဗိုက်ဒဏ်ရာဆီမှ သွေးစက်တို့ကို ယခုမှပင် သတိရတော့သည်။ ကျွန်ုပ် မှောင်ရိပ်ဘက်သို့ ရွေ့ခဲ့သည်။ နယ်စားကြီးကား တံခါးဝမှာပင် ယိမ်းယိုင်သော ခြေလှမ်းများဖြင့် ရွှေ့ရှားနေလေသည်။

နယ်စားကြီး စန္ဒရော်မော်နီကို ကျွန်ုပ် သတိမထားအားသေး။ သေယစ်နေသော သည်အဘိုးအိုကြီးကို ကျွန်ုပ် ဂရုမစိုက်နိုင်။

ပေရွက်အနည်းငယ်သာ ကျန်တော့သော ပုရပိုက်ကို ဆက်ဖတ်ချင်နေသည်။ လူယုတ်မာရဂ်ဗလ၏ ဇာတ်သိမ်းကို မသိရသေး။ ကျွန်ုပ်ရန်သူကြီး၏ နိဂုံးကို သိရသေး။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



..လောကပါလနတ်မင်းများ စောင့်ရှောက်တော်မူပါ။ လူယုတ်မာအား တရားနှင့်အညီ စီရင်တော်မူပါ။ ဤလောကကမ္ဘာ၌ လူယုတ်မာတို့အတွက် ကျယ်ပြန့်စွာ နေရာရှိနေပါသလော။

ရဂ်ဗလ၏ နောက်လိုက် ဗိုလ်မင်းများကလည်း ရဂ်ဗလကဲ့သို့ပင် ရက်စက်ဆိုးရွားသူများဖြစ်ကြ၏။ သို့သော် သင်းတို့ကမူကား-

ထိုစဉ်က ကသည်းဗိုလ်မင်းယက္ခသည် ယခုအခါ တမူးမြို့စား အိန္ဒသူ။ ထိုစဉ်က ကသည်းဗိုလ်မင်းမဗ္ဗသည် ယခုအခါ နော်ဇာမြို့စား သမန်ဇာ။

ထိုစဉ်က ကသည်းဗိုလ်မင်းဒိဗ္ဗသည် ယခုအခါ မြို့စောင့်တပ် တပ်မင်းကြီး ဂေါရည့်။

လောကကို သင်းတို့ပင် သွေးဖြင့် ပက်ခဲ့၏။ သင်းတို့ပင် ထိုသွေးနံ့ကို စားသုံးလျက် အရာကို ရယူနေကြ၏။

ရှလော့။ သင်းတို့၏ ခေါင်းဆောင်၊ ရက်စက်မှု၊ ယုတ်မာမှုအထိပ်အခေါင် ရဂ်ဗလသည်လည်း 'စန္ဒရော်မော်နီ' ဟူသော အမည်သစ်ဖြင့် နယ်စားကြီးအဖြစ်ကို--

'ဟေ့၊ ဒီထဲမှာတစ်ယောက်ယောက်'

'ဟုတ်တယ်၊ ကျုပ်ပဲ'

နယ်စားကြီး စန္ဒရော်မော်နီ (သို့မဟုတ်) ရဂ်ဗလကို ကျွန်ုပ် မှောင်ရိပ်မှ ခုန်ထွက်ကာ ရင်ဆိုင်လိုက်သည်။ အရာခပ်သိမ်းသည် ရှင်းလင်းပြည့်စုံပေပြီ။

'ဟင်၊ မင်းဟာ ဗျူဩ'

'ကျုပ် ဗျူဩ မဟုတ်ဘူး။ နေပြည်တော်က ပုညဲ'

'ပုည၊ နေပြည်တော်က၊ ဘာကိစ္စလဲ'

'ကျုပ်မေးတာကိုဖြေစမ်း ရဂ်ဗလ၊ ကျုပ်ကို ဘာမှမမေးနဲ့'

'ဘာ၊ ရဂ်ဗလ'

'ဟုတ်တယ်၊ လူယုတ်မာကြီး၊ လောကရဲ့ ရာဇဝတ်ကောင်ကြီး'

'ထွက်သွားလိုက်စမ်း၊ အခုထွက်သွားလိုက်စမ်း'

'ဒီမယ် ရဂ်ဗလ၊ အလောင်းမင်းတရားရဲ့ ထိုးစစ်ကြောင့် ခင်ဗျားကြီးထွေးပြေးဝက်ပြေး တယ်ဆုတ်ခဲ့စဉ်က ခင်ဗျားကြီးရဲ့ ယုတ်မာမှုတွေကို မှတ်မိသေးရဲ့လား'





'တပ်ဆုတ်စဉ်က၊ ဟား..ဟား..ဟား.. ငါက ဘာကိုမှတ်မိရမှာလဲ'

'သောင်ထွင့်မှာ ခင်ဗျားကြီးရဲ့ ရက်စက်မှုကို ကန့်ကွက်ခဲ့တဲ့ ကသည်းတပ်မှူးကိုသတ်။ သူ့ဇနီးကိုလုခဲ့တာ မှတ်မိသေးသလား'

'ဘယ်တပ်မှူးလဲ။ စစ်ပွဲကာလမှာ ငါ့ခြေလှမ်းတွေရှေ့က ပိတ်ပင်နေတဲ့ကောင်တွေမှန်သမျှ စီရင်ခဲ့တာပဲ။ ငါ မမှတ်မိတော့ဘူး'

'စဉ်းစားစမ်း လူယုတ်မာကြီး၊ စဉ်းစားစမ်း'

'ဟေ့ ဗျူဩ..မင်းဘာဖြစ်နေတာလဲ။ ငါအခု စန္ဒရော်မော်နီလေ။ ရဂ်ဗလ မဟုတ်တော့ဘူး။ မင်းအရာ လိုချင်သလား၊ မြို့စားလား၊ တပ်မှူးလား'

'တိတ်စမ်း။ ကျုပ် ဗျူဩ မဟုတ်ဘူး၊ ကျုပ် ပုည။ ခင်ဗျားသတ်ပစ်ခဲ့တဲ့ ကသည်းတပ်မှူးရဲ့သား'

'ဘာ'

အရွယ်နှင့်မလိုက်အောင်ပင် ရဂ်ဗလသည် ပေါ့ပါးစွာ ခုန်ဝင်လာကာ ဓားကောက်ကို စွဲကိုင်လိုက်လေသည်။ စောစောကလို သေယစ်နေသည့်အသွင်မရှိတော့။

'မင်းလူမိုက်ပဲကောင်လေး၊ မင်းပြောတဲ့တပ်မှူးဆိုတာ ငါမှတ်မိပြီ။ သင်းနာမည်က ဆိန္ဒရ။ ဟဲ..ဟဲ.. သူ့ဇနီးက'

'ခွေးတိရစ္ဆာန်ကြီး။ ခင်ဗျားကို ကျုပ်သတ်မယ်'

'ဟေ့၊ စန္ဒရော်မော်နီ နယ်စားကြီးကို မင်းကသတ်မလို့တဲ့လား။ ဟား..ဟား'

ဒေါသ၏အထွတ်အထိပ်တွင် ကျွန်ုပ် နှုတ်မြွက်စကားမဆိုနိုင်တော့။

ဓားကောက်ကိုဝင့်၍ သင်းအား ခုတ်ပိုင်းလိုက်သည်။ သင်းက ဓားကောက်ဖြင့် ဆီးခံသည်။ သံသွားနှစ်ခု၏ ထိခတ်သံသည် ကျယ်လောင်စွာ။

ဂုဏ္ဍသည်လည်းကောင်း၊ အမည်မသိ ပုရပိုက်ရေးသူသည်လည်းကောင်း၊ မြင်မသိလိုက်ဖူးသော ဖခင်နှင့်မိခင်သည်လည်းကောင်း၊ အနိုပ်စက်အညှင်းဆဲခံသူ့ဝန်းများသည်လည်းကောင်း ကျွန်ုပ်လက်ထဲသို့ စီးဝင်ကြပေပြီ။ မတရားမှု၏ အညွှန်းသားများက ကျွန်ုပ်ကို ကြွေးကြော်အားပေးကြပြီ။ တရားမှု၏ ဝိညာဉ်များသာ ပူးကပ်ဝင်စားကြပြီ။

ဘယ်တုန်းကမှ မရရှိဖူးသော ခွန်အားများ ကျွန်ုပ်ကိုယ်တွင်း၌ လှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ဓားကောက်ကို ဝှေ့ယမ်းခုန်ပိုင်းနေရင်းမှပင် လူယုတ်မာ၏ ကျွမ်းကျင်ပေါ့ပါးလှသော ဓားရေးကို တွေ့ရလေသည်။ ယင်း၏နှုတ်မှလည်း မသဲမကွဲ အော်ဟစ်သံများကို ကြားရသည်။

ကျွန်ုပ်၏ တိုက်ခိုက်မှု ပြင်းထန်သည် မပြင်းထန်သည်ကိုမသိ။ သင်းကား စက်ခန်းဆောင်၏ တစ်ခုသောထောင့်တွင် ပိတ်မိနေလေသည်။

'ဗျူဋ္ဌ၊ အဲ·· ပုည။ ငါ့ကိုချမ်းသာပေးပါ။ မင်းလိုချင်တာ ရပါစေမယ်'

သင်းအသံမှာ တုန်ရင်မောဟိုက်စွာ ခပ်သဲ့သဲ့၊ ခပ်ယဲ့ယဲ့။

'ကျုပ်လိုချင်တာ ခင်ဗျားရဲ့သေခြင်းပဲ'

'ငါ့ကိုချမ်းသာပေးပါ ပုည'

'တိတ်စမ်း·· လူယုတ်မာကြီး'

ကျွန်ုပ်ခုန်ဝင်သည်။ သင်းက ဓားကို သွေးရူးသွေးတမ်းဝှေ့ယမ်းသည်။ ဤတွင် အနားမှ မီးတိုင်ကိုထိခိုက်မိကာ မီးတိုင်လဲပြိုကျပြီး ကတ္တီပါကန့်လန့်ကာကို မီးစွဲလေသည်။

မီးတောက်များချက်ချင်းထလာသည်။ အခန်းတွင်းရှိ ပစ္စည်းများဆီသို့ ရုတ်ခြည်း မီးကူးလောင်သည်။ မီးခိုးလုံးများဖြင့် မည်းမှောင်ပိတ်ဖုံးသွားသည်။ ကျွန်ုပ်တို့လည်း မီးစွယ်များအကြားမှာပင် ခက်ခဲစွာ တိုက်ခိုက်ကြရသည်။ ရင်္ဂဗလမှုကား တိမ်းရှောင်ထွက်ပြေးသူ ဖြစ်သွားလေသည်။ သူထွက်ပြေးရာတိုင်းတွင် အတွန်းတွန်းအတိုက်တိုက်ရှိသောကြောင့် ပစ္စည်းများမှာ မီးပို၍ လျှင်မြန်စွာ စွဲလောင်ကုန်သည်။

စံအိမ်ရဲတိုက်တစ်ခုလုံးလည်း သဲသဲအုတ်အုတ်ဖြစ်နေကြပြီ။

ကျွန်ုပ်ကား ရင်္ဂဗလ၏ရင်အုံသို့ ဓားကောက်သွားကို ထိုးနှစ်ရန်မှအပ ဘာကိုမှသတိမရတော့ပြီ။ သို့သော် မီးခိုးလုံးများ၊ မီးလျှံများကြောင့် ကောင်းစွာမမြင်ရတော့။

ရဲတိုက်တစ်ခုလုံး အော်ဟစ်သံ၊ ပြေးလွှားလဲပြိုသံ၊ မီးလောင်ကျွမ်းသံဖြင့် အရာအားလုံး ရှုပ်ထွေးကုန်သည်။

'လူယုတ်မာကြီး တွေ့လား၊ အဲဒါ ဂုဏ္ဍက စီရင်လိုက်တဲ့ဒဏ်ပဲ'

'ရင်္ဂဗလ·· ခင်ဗျားကြောင့် အသက်ဆုံးခဲ့ရတဲ့သူတွေက ခင်ဗျားအပေါ် ကျိန်ဆိုခဲ့တဲ့ကျိန်စာ အခု ခင်ဗျားသင့်ပြီ'





'တိရစ္ဆာန်ကြီး·· ခင်ဗျား မလွတ်တော့ဘူး။ မလွတ်တော့ဘူး'

ကျွန်ုပ်၏ဓားချက် ထိမထိကို မီးခိုးလုံးများကြောင့် တိကျစွာမသိ။ အသေအချာမြင်ရသည်ကား သင်းတစ်ကိုယ်လုံး မီးစွဲလောင်နေခြင်းပင်တည်း။ ချောက်ချားဖွယ်အော်သံကြီးနှင့်အတူ မီးစွဲနေသော ကိုယ်လုံးကြီးသည် ဆောက်တည်ရာမဲ့ ပြေးသွားနေသည်။

အခြားမဲ့၌မူကား။

ရင်္ဂဗလ၏ မီးစွဲလောင်နေသော ခန္ဓာကိုယ်ကြီးသည် မီးတောက်များအကြား သွေးရူးသွေးတမ်းတိုးဝင်ရင်းဖြင့် သူ၏တံခါးမှူးကျသွားသော လေသာဆောင် အထက်ထပ်ပြတင်းဝမှတစ်ဆင့် အောက်သို့ တစ်ဟုန်ထိုး ကျသွားလေသည်။ တစ်ချိန်တည်းမှာပင် တံခါးဝမှ စစ်သည်များ စုပြုတိုးဝင်လာသည်။ ကျွန်ုပ်ရွေးချယ်စရာ လမ်းမရှိတော့။ ရန်သူများကြားထဲသို့သာ ဓားကို အဆက်မပြတ်ယမ်းရင်း ဝင်ရတော့သည်။ မီးခိုးလုံးမီးတောက်များကို အကာအကွယ်ပြု၍ ကျွန်ုပ် အပြင်သို့ ထွက်လာနိုင်ခဲ့သည်။

မဏိပူရပုရပိုက်ကိုကား ဝဲလက်တွင် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လျက်။

ရဲတိုက်အဝ၊ မြင်းပေါ်ခုန်အတက်တွင် ရဲတိုက်၏ အောက်ခြေဘက် ဆူးခြောင့်များရှိရာ အတွင်းကျုံးဆီသို့ ကြည့်လိုက်သည်။

သစ်ချွန်ခြောင့်စူးဝင်ထိုးဖောက်လျက် သေဆုံးနေသော တံခါးမှူး၏ ကိုယ်ခန္ဓာ

ထိုအနီးတွင်ကား မီးလောင်ကျွမ်းဆဲ၊ မီးခိုးများ အူနေဆဲ၊ မီးညွန့်များ လွင့်မျောနေဆဲ။ သို့သော် ငြိမ်သက်နေသော ရင်္ဂဗလ၏ ကိုယ်ခန္ဓာ။

❖❖❖

'နယ်စားကြီးစန္ဒရော်မော်နီဟာ ရင်္ဂဗလဆိုသော ကျုပ်တို့ တကယ်ကို မသိ ··· ကိုပုည'

'အင်း၊ မဏိပူရပုရပိုက် ဒုတိယပိုင်းဟာ အစစအရာရာကို ဖြေရှင်းပေးခဲ့ပါလား'

'ဒါဆိုရင် ကျုပ်တို့အပေးအယူကိစ္စလည်း ပြီးသွားပြီပေါ့ဗျာ။ ကိစ္စအားလုံး ··· ခင်ဗျားတစ်ယောက်တည်းနဲ့ ပြီးသွားခဲ့ပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း..ဟုတ်တယ်။ ဒါပေမဲ့ ကျန်ရှိသူတွေဟာ မြို့စားတပ်မင်းတွေဆိုတော့ သူတို့ကိုစီရင်ရင် ခင်ဗျားတို့ မင်းရာဇဝတ်သင့်မှာပေါ့။ အကောင်းဆုံးကတော့ နေပြည်တော်သွား၊ အလောင်းမင်းတရားကြီးဆီ ဦးတိုက်လျှောက်ထား။ မဏိပူရပုရပိုက် ကိုပြပြီး မင်းတရားကြီးရဲ့ အစီအမံနဲ့ပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုပုည။ ဒါမှန်တယ်'

'ကိုင်း၊ ပြဿနာတွေရှင်းပြီဆိုပေမယ့် ကျုပ်မသိရသေးတာ တစ်ခုရှိသေးတယ်'

'ဘာလဲ၊ ကိုပုည'

'ဒီဖြစ်ရပ်တွေအားလုံးကို ဖန်တီးသူ၊ အစဖော်ပေးသူ၊ မဏိပူရပုရပိုက်တို ရေးသားသူလေ။ သူ..ဘယ်သူလဲ'

'အဲဒါ.. ကျုပ်တို့လည်း မသိဘူး ကိုပုည'

'ဟင်'

'တကယ်မသိပါဘူး။ သူဟာ ကွေ့ရှမ်းဟား၊ ကသည်းလား၊ မြန်မာလား မသိဘူး။ သို့သော် လူသားတွေရဲ့ ဖြစ်စဉ်တွေထဲမှာ သည်လို မထင်မရှား အညာ လူသားတစ်ယောက်ရဲ့အပိုင်းကဏ္ဍဟာ ကြီးမားတဲ့ ဖြစ်ရပ်ကြီးတွေရဲ့ အကြောင်း အခံပဲဆိုတာတော့ ကျုပ်တို့ နားလည်ရပြီပေါ့ဗျာ'

'အင်း..ဟုတ်ပေတယ်။ ကဲ..ကျုပ်ပြန်မယ်'

'ဟင်..ခင်ဗျားပြန်လို့မဖြစ်သေးဘူးလေ'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားရဲ့မျက်နှာလေ'

ကျွန်ုပ် လုံးဝမေ့လျော့နေခဲ့သောအဖြစ်။ မှန်ပေသည်၊ သည်အတိုင်းသာ နေ ပြည်တော်ပြန်သွားပါက အမတ်ကြီး မဟာသီရိဥဇ္ဇနာမဓေယျသကြိန်ကလည်း ကျွန်ုပ် ကို မောင်ပုညအဖြစ် မှတ်မိမည်မဟုတ်။

သုဒါ၊ သုဒါကကော။

'ဟင်း'

'စိတ်မပျက်ပါနဲ့ ကိုပုညရယ်။ ရက်သတ္တပတ်အတွင်း ခင်ဗျားရဲ့ပင်ကိုယ် မျက်နှာ ပြန်ရရပါစေမယ်။ သည်းခံစောင့်ပါ။ ပြီးတော့၊ ကျုပ်တို့လည်း ခင်ဗျား



အတူ နေပြည်တော်လိုက်ခဲ့ကြမယ်။ မင်းတရားကြီးဆီ ဝင်မယ်လေ'

'အင်း.. စောင့်ရတော့မှာပေါ့ဗျာ'

'ဘာလဲဗျ.. ရည်းစားသနာကို သတိရပြီလား။ ဟား..ဟား..ဟား..ဟား'

ကျွန်ုပ်တို့အားလုံး၏ရယ်သံများသည် တောတောင်ရေတံခွန်များဆီသို့ လွင့် ပါးသွားကြပေမည်။ ထိုမှတစ်ဆင့် တရားမှု၏ အောင်ပွဲခံရယ်သံဖြစ်သော ဤရယ် သံတို့သည် လောကအားလုံးသို့ ပျံ့နှံ့ရိုက်ခတ်ကာ မဏိပူရ ပုရပိုက်ကို ရေးသားစီရင် ခဲ့သူ၊ သေသည်ရှင်သည်မသိရသူ၊ အမည်မသိပုဂ္ဂိုလ်၏အထံသို့ လွင့်ပါး နားဝင်နိုင် ပါစေသတည်း။ ။

ချစ်ဦးညို





www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ဝတီ ချစ်ပုံပြင်

ခမ်းနားကြီးကျယ် ဂုဏ်သိမ်ထည်တဲ့ မင်းစေကရာဇ်ကြီးတွေ၊ တိုင်းပြည် မြို့နန်း ကြငှန်းဌာနတွေ၊ ဘုန်းသမ္ဘာရှင် ပုဂ္ဂိုလ်ထူးတွေရဲ့ ကြောင်းခြင်းထုပ္ပတ် သမိုင်းဇာတ်များဟာ နှစ်ကာလပရိစ္ဆေဒများစွာ ဖြတ်သန်းတည်ရှိ ထင်ရှားကျော် ကြားကြပေတယ်။

အံ့ဩဘနန်း ထူးဆန်းတွေပြားတဲ့ အဖြစ်သနစ်တွေကိုလည်း ကမ္ဘည်း အမျိုးမျိုးနဲ့ ရေးထိုး မော်ကွန်းတင်ကြပေတယ်။ နှောင်းလူတို့ အနာဂတ်မှာလည်း ရင်သပ်လှိုက်မော သိလိုဇောတွေနဲ့ အထင်ကရရှိကြပေတယ်။

'နိယာမတရားပါပဲလေ၊ ဒါက ဆန်းကြယ်တဲ့ အရာမဟုတ်ပါဘူး'

'နန်းတော်၏အထွတ် စုလစ်မွန်းချွန်ဟာ ကောင်းကင်ယံမှာ တိုးထွက်ပြ မားနေလေတော့ လောကမျက်စိထဲမှာ အထင်းသား၊ အရှင်းသား ဖြစ်နေတော့တာ ဒီအချိန်မှာ နန်းတော်ရဲ့ မြေအောက်ဥမင်ဆောင်ထဲက တိုင်လုံးတစ်ခုအကြောင်း တော့ ဘယ်သူမှလည်း မြင်မှာမဟုတ်၊ သိမှာမဟုတ်၊ စိတ်ဝင်စားမှာလည်း မဟုတ် ပေဘူး။ ပန်းဆိုင်း ပန်းခွေနဲ့ ထူးကဲတင့်တယ်တဲ့ ပြာသာဒ်ရဲ့ အမိုးကနုတ် ခြူး လက်ရာတွေကို အားလုံးက မော်ကြည့်နေချိန်မှာ သူတို့ရဲ့ ခြေဖဝါးအောက်မှာ နေတဲ့ နန်းကြမ်းပြင်ကတော့ တိတ်ဆိတ်စွာ ငုပ်လျှိုးနေမှာပါပဲ'

'နိယာမတရားပါပဲလေ၊ ဒါဟာ ဆန်းကြယ်တဲ့အရာမဟုတ်ပါဘူး'

'ဒါပေမဲ့ ချစ်သော့ ယောမာစန္ဒီရယ်...'





'ကြီးကျယ်ခမ်းနားလှတဲ့ အဖြစ်သနစ်တွေရဲ့အောက်မှာ သေးငယ်တဲ့ ဇာတ် ကြောင်းလေးတွေဟာ ရှိနေကြစမြဲ မဟုတ်လား။ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ် ကြီးတွေရဲ့ ခြင်းရာထုပ္ပတ်ရဲ့ နောက်ကွယ်မှာ အညတရဘဝလေးတွေဟာ လူမသိ သူမသိ ကိန်းဝပ်တည်ရှိနေကြစမြဲမဟုတ်လား'

'အဲဒီ သေးငယ်တဲ့ အညတရ ဘဝလေးတွေဟာ ထူးခြားခမ်းနားတဲ့ အဖြစ် သနစ်တွေရဲ့ ဖြစ်စဉ်ထဲမှာ ဘယ်လိုလှုပ်ရှားပါဝင်ခဲ့တယ်ဆိုတာကို ဘယ်သူမှ သိနိုင် ကြမှာ မဟုတ်ပေဘူးနော်။ ထင်ရှားတဲ့ ဖြစ်ရပ်ကြီးတွေနဲ့ အဲဒီ မထင်မရှားဖြစ်ရပ် လေးတွေကြားမှာ သိမ်မွေ့နူးညံ့တဲ့ ဆက်စပ်မှုလေးတွေ ရှိနေတယ်ဆိုတာကိုလည်း ဘယ်သူကမှ စိတ်ဝင်တစားရှိကြမှာ မဟုတ်ပေဘူးနော်'

'ချစ်သော ယောမာစန္ဒီရယ်...'

'ဘယ်သူမှ မသိနိုင်၊ စိတ်မဝင်စားနိုင်တဲ့ အဲဒီဖြစ်ရပ်လေးတွေဟာ အားငယ် တိတ်ဆိတ်စွာ ငုပ်လျှိုးနေကြမှာပါပဲ။ ဒါပေမဲ့ ကိုယ်တိုင်ဒိဋ္ဌ ခံစားရတဲ့သူတွေအဖို့ ကတော့ အကြီးကျယ်ဆုံးဖြစ်ရပ်တွေပါ။ နှလုံးသွေးနဲ့ ရင်းနှီးတည်ဆောက်ထား တဲ့ မဟာအတ္ထုပ္ပတ္တိတွေပါ'

ကြွေးကြော်တိုင်တည်ခွင့်များ ရခဲ့ရင်တော့ ကမ္ဘာလောကရဲ့ တစ်ထောင့် တစ်နေရာမှာ ဒူးအစုံထောက် လက်အစုံမြှောက်ပြီး စကြဝဠာ မဟာနံရံအဆုံး သိအောင်တုန် ပဲ့တင်ဟည်းအောင် ဟစ်ကြွေးလိုက်ချင်ပါရဲ့။

'နှစ်ပရိစ္ဆေဒ ကာလအလျားမှာ မစဲတမ်း အော်မြည်နေအောင် တိုင်တည် လိုက်ချင်ပါရဲ့။ နှလုံးသွေးနဲ့ ရေးစပ်တဲ့တေးတစ်ပုဒ်ကို မဆုတ်မနစ် ရှိုက်သံနဲ့ ဆိုနိုင်အောင် သီဆိုလိုက်ချင်ပါရဲ့'

'ဒါပေမဲ့ ကိုယ်တို့က မထင်မရှား အညတရ သေးငယ်မှုန်မွှားတဲ့ မြူစတစ်စ သဖွယ်သာ၊ ဘုန်းသမ္ဘာရှင် ပုဂ္ဂိုလ်ထူးကြီးတွေရဲ့နောက်ကွယ်မှာ မခေါ်သာ မအော်သာ တော်ရာ မှာ ရှိုက်ငင်နေရမယ့် ဘဝ'

'ချစ်သူရယ်..မင်း အသိဆုံးပါ'

ကိုယ်က သီရိခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီးမဟုတ်သလို မင်းကလည်း မဟာဒေဝီသခင် အရှင်ပိသုကာနိုး ဘုရင်မင်းကြီး မဟုတ်ပေဘူး။

မင်းကလည်း အညတရ၊ ကိုယ်ကလည်း...။



www.burmeseclassic.com

www.burmeseclassic.com

၁။

စင်စစ်မူ မဟာသမန်းဟူသော ဘွဲ့မည်သည် ကျွန်ုပ်အတွက် လိုက်ဖ သော အမည်လည်းဖြစ်သလို မလိုက်ဖက်သောအမည်လည်း ဖြစ်နေပြန်သည်။

ကြီးထွား ကြံ့ခိုင်ခြင်းဟူသော အဓိပ္ပာယ်ကို ထင်ဟပ်စေသည်။ ထိုဘွဲ့ မည်ကို လက်ခံပိုင်ဆိုင်ထားရသည့်အတွက် တစ်ခါတစ်ရံ ကျွန်ုပ်ကိုယ် ကျွ မလုံမလဲဖြစ်မိသည်။ သို့သော် ဘုန်းတော်ကြီးဘုရား ဒွတ္တပေါင်မင်းတရားထံပါး ခစားရသောအချိန်မှစ၍ ကျွန်ုပ်အတွက် ထိုဘွဲ့မည်သာလျှင် အထိုက်တန်ဆုံး၊ အသင့် မြတ်ဆုံး ဖြစ်ချေသည်။

မင်းတရားကြီး၏ ဘုန်းအာဏာစက်အောက်တွင် ခိုလှုံ အမှုထမ်းခွင့်ရခဲ့သော အချိန်မှစ၍ ကျွန်ုပ်သည် သူရဲကောင်းခုနစ်ယောက်စာရင်းဝင် ဖြစ်ခဲ့သည်။ အခြား သူရဲကောင်းခြောက်ယောက်ဖြစ်သော မိုးကုတ်ကြီး၊ မင်္ဂလာသိင်္ဂါကြီး၊ ကာလသိင် ကြီး၊ သုဝဏ္ဏဗိုလ်ကြီး၊ စလင်္ကာသူကြီးတို့နှင့်အတူ ကျွန်ုပ်၏အမည်မှာလည်း မဟာ သမန်းကြီး ဖြစ်လာခဲ့လေသည်။

ခုနစ်တောင်ရှိသော အရပ်အမောင်းဖြင့် ကျွန်ုပ်သည် အခြားသူရဲကောင်း များကိုပင် သံတုံးသံခဲပမာနှယ်သော ခွန်အားဗလကို ပိုင်ဆိုင်ထားသည်။ မားလုံ မီးပေါက်လက်နက်တို့၌ ပြီးသည်။ ဆေးဝါး၊ အင်းအိုင်၊ ခလှည့် တန်ခိုးများနှင့် နက္ခတ်ကြံ့ချိန်၊ မနောထက်မြက်ချိန်တို့၌လည်း လေဝယ်လျှင်မြန်ခြင်းနှင့် ထပ်တူ ပင်ဖြစ်သော လျှင်မြန်ခြင်းရှိသည်။ ထို့ကြောင့်ပင် လူအများက ကျွန်ုပ်တို့ သူရဲ





ကောင်းခုနစ်ယောက်ကို ရှိန်းဆာယာပြီးသည်မှာ ဆိုကြကုန်သည်။ ဆင်ပြောင်ကဲ့သို့ အစောက်ရှိသော ကျွန်ုပ်သည် အလံတစ်ရာရှိသော လွန်ကြိုး၌ အချိန်တစ်ထောင် ရှိသော သံတုံးကို ချည်နှောင်ဆွဲတင်ကာ စစ်မြေအရပ် ရန်သူတို့အကြား၌ အခြား ထပ် တရစပ် လှည့်ပတ်ယမ်းနိုင်စွမ်းလည်းရှိပြန်သည်။

ဤအစွမ်းအားကြောင့်ပင် ကျွန်ုပ်သည် ဘုန်းတော်ကြီးဘုရား ဒွတ္တပေါင် မင်းတရားအပါးတွင် အခြားသူရဲကောင်းခြောက်ဦးနှင့်အတူ ခစားအမှုထမ်းခွင့် ရခဲ့ ခြင်းဖြစ်သည်။

သို့ဖြင့် ကျွန်ုပ်အမည်မှာ မဟာသမန်းကြီးဟူ၍ ဖြစ်လာခဲ့သည်။

မဟာသမန်းကြီးဘွဲ့အမည်ဖြင့် သူရဲကောင်းခုနစ်ယောက်စာရင်းဝင် ဘုရင် ကျော်ရွေးစင်ဖြစ်သော်ငြား ကျွန်ုပ်အသက်မှာ သုံးဆယ်ပင်မပြည့်တတ်သေး။ သူရဲ ကောင်း ခုနစ်ယောက်တွင် ကျွန်ုပ်သည်အသက်အငယ်ဆုံးဖြစ်သည်။ စင်စစ်မူ ကျွန်ုပ်၏ လက်ရုံးနှင့် နှလုံးရည်မှာ အခြားသူရဲကောင်းကြီးခြောက်ဦးနှင့် မယှိုးမစွဲ င် ဖြစ်သော်လည်း အသက်အငယ်ဆုံးဖြစ်နေသော ငယ်ဂုဏ်ကြောင့် ဒွတ္တပေါင် မင်းတရားကြီး၏ အနီးကပ်ဆုံး၊ အချစ်ခင်ဆုံးနှင့် အရေးပေးအခံရဆုံး လူယုံတော် ဖြစ်မှန်းမသိ ဖြစ်လာခဲ့လေသည်။

ဤသို့ ဘုရင့်လက်သုံးတော်ဖြစ်လာခဲ့သော်လည်း အခြားအခြားသော သူရဲ ကောင်းများ၊ နန်းတွင်းအမှုးအမတ်များ၏ အငြိုအငြင် အစောင်းအမြောင်းကို ကျွန်ုပ် ခံရပေ။ ယင်းမှာ ကျွန်ုပ်ကိုယ်တိုင်၏ ငယ်နုပျိုမြစ် ပွင့်လင်းမှုအရိုးခံကြောင့် လည်းဖြစ်သလို၊ ဘုန်းတော်ကြီးသော သီရိခေတ္တရာပြည့်ရှင်မင်းတရားကြီး၏ ဘုန်း သမ္ဘာအာဏာရှိန့်ကြောင့်လည်း ဖြစ်ပေသည်။ လောကဓလေ့အားဖြင့် အရှင်သခင် ထံပါး အနီးကပ်ဆုံး ခံစားခွင့်ရထားသော အမှုထမ်း ကျွန်ယုံတော်တစ်ဦးအား အခြားတစ်ပါးသူများက မနာလို ဝန်တိုတတ်ကြသည်မှာ မှန်သော်လည်း ကျွန်ုပ်အဖို့ မှာမူ ဤသို့သော မဖွယ်မရာအခင်းမျိုးနှင့် မကြုံရပေ။

ထို့ကြောင့် မင်းတရားကြီး၏ ချစ်မြတ်နိုးမှုကိုလည်း ရရှိ၊ နန်းတွင်းအမှုတော် ထမ်းများ၏ ခင်မင်မှုကိုလည်း ပိုင်ဆိုင်၊ သီရိခေတ္တရာ ရွှေမြို့တော်ကြီးရှိ မြို့သူ မြို့တော်သားများ၏ ယုံကြည်သက်ဝင်မှုကိုလည်း ခံယူရသော ကျွန်ုပ် မဟာသမန်း ကြီး၏ဘဝမှာ အစခပ်သိမ်း ကျေနပ်နှစ်မြို့က်စရာ ဖြစ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သည့်အားလျော်စွာ သူရဲကောင်းခုနစ်ဦးအတွက် အရန်မြို့ ခုနစ်ခု တည်ထောင်အုပ်ချုပ်စေရာတွင်လည်း ကျွန်ုပ် တာဝန်ယူအုပ်ချုပ်ရသော အနောက်အရပ်၊ မဟာသမန်းတိုက်သည် သီရိခေတ္တရာတွင် လူသိများသော အရန်မြို့ ဖြစ်လာခဲ့သည်။ အရှေ့မြောက်ယွန်း အရန်မြို့ကို အုပ်ချုပ်ရသော ကာလသိင်္ဂါစစ်သူကြီး၊ အနောက်မြောက်ယွန်း အရန်မြို့ တာဝန်ခံ သုဝဏ္ဏဗိုလ် စစ်သူကြီး၊ အရှေ့အရပ် အရန်မြို့တာဝန်ခံ မင်္ဂလာသိင်္ဂါစစ်သူကြီး၊ တောင်အရပ် အရန်မြို့တာဝန်ခံ စလက်သူ စစ်သူကြီး၊ အရှေ့တောင် အရန်မြို့တာဝန်ခံ မဟာဗိုလ်စစ်သူကြီးတို့နှင့်အတူ ကျွန်ုပ်၏ အနောက်အရပ် မဟာသမန်းတိုက်သည်လည်း သီရိခေတ္တရာ၏ အရေးပါသော နန်းမြို့ရံတိုက်နယ်ကြီးတစ်ခုဖြစ်ခဲ့ပေသည်။

ထို့ကြောင့်ပင် မြို့တော် သီရိခေတ္တရာနှင့် နိုင်ငံတော် နယ်နိမိတ်အဝန်းတွင် လူတို့ တသသပြောကြသော စကားတစ်ရပ် ဖြစ်ပေါ်စေသည်။ ထိုစကားမှာ အခြားမဟုတ်။

'ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ တို့ရဲ့ သီရိခေတ္တရာဟာ အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံး နိုင်ငံတော်ကြီးဖြစ်သလို ဒွတ္တပေါင်မင်းတရားကြီးဟာလည်း ရာဇာဓိရာဇာ မဟာဧကရာဇ် မင်းအစစ် ဖြစ်တော်မူပေတယ်'

'မင်းတရားကြီးရဲ့ ဘုန်းသမ္ဘာတော်ကြောင့် ဆင်ပျံစကြာ၊ မြင်းပျံစကြာ၊ လူပျံစကြာ၊ လှံပျံစကြာ၊ ဓားစကြာ၊ ကြိမ်စကြာ၊ ခေါင်းလောင်းစကြာ၊ ကြိုးစကြာ၊ စည်ကြီးစကြာဆိုတဲ့ စကြာကိုးပါးတန်ခိုးအင်အားများ ပေါ်ပေါက်လာကြသလို…'

'အဲဒီ အံ့မခန်းအစွမ်းတွေထဲမှာ မဟာသမန်းမင်းကြီးဆိုတဲ့ သူရဲကောင်းဟာ ဇမ္ဗူဒိပ်မှာတော့ အသက်အငယ်ဆုံးနဲ့ အရဲရင့်ဆုံး သူရဲကောင်းဖြစ်ပေတယ်'

အတုမဲ့သော သီရိခေတ္တရာနိုင်ငံတော်၊ ဘုန်းသမ္ဘာရှင် ဧကရာဇ်ဒွတ္တပေါင်မင်းတရားကြီး အသီးသီး အသကသော တန်ခိုးစွမ်းအားရှင် အမှုတော်ထမ်းများအလယ်တွင် ကျွန်ုပ် မဟာသမန်း လူဖြစ်လာရသည်ကား ထူးမြတ်ခမ်းနားလှစွာသော ဘဝပင်ဖြစ်တော့သည်။

အလုံးစုံ ကျေနပ်နှစ်မြို့က်စရာကောင်းလှသော ဤလောကတွင် ကျွန်ုပ်သည် ဒွတ္တပေါင်မင်းတရားကြီး၏ ကျေးဇူးသစ္စာတော်ကို ဦးခွေးဆံကျွတ် စောင့်သိထမ်းရွက်ရေး၊ သီရိခေတ္တရာ အမိနိုင်ငံတော်ကြီးအတွက် အသက်ဝိညာဉ်ပေး၍





လုပ်ကျွေး ထမ်းရွက်ရေး၊ မိမိ၏လက်ရုံး နှလုံးအစွမ်းကို ပို၍ ကျစ်လျစ်ထက်မြက်သည်ထက် ကျစ်လျစ်ထက်မြက်အောင် ထိန်းသိမ်းလေ့ကျင့်ရေတည်းဟူသော အရေးတော်သုံးခုမှအပ ကြွင်းသမျှ အရာခပ်သိမ်းကို ကျွန်ုပ်နှင့်မဆိုင်ဟူ၍ အောက်မေ့ထားလိုက်သည်။

မှန်သည်။ ကျွန်ုပ်၏ဘဝတွင် ဤအရေးသုံးခုမှအပ ဘာမှမရှိ။

မင်းတရားကြီး၏ သစ္စာတော်ခံ၊ နိုင်ငံတော်၏ သစ္စာတော်ခံ၊ မိမိ၏လက်ရုံး၊ နှလုံး ဤသုံးခုကိုသာ ကျွန်ုပ်နားလည်သည်။ ဤကမ္ဘာလောကတွင် ကိစ္စများစွာခြောင် အထောင်အသောင်းသော အရေးအရာတွေ ရှိကောင်းရှိကြလိမ့်မည်။ ရှိချင်သလောက် ရှိကြပါစေ။ ကျွန်ုပ်နှင့် ဘာမှမဆိုင်၊ ကျွန်ုပ်အတွက် အရေးအရာမဟုတ်၊ ထည့်သွင်းစဉ်းစားစရာမလို။

မင်းတရားကြီး နိုင်ငံတော်၊ လက်ရုံး၊ နှလုံးအစွမ်း။

သည်အရာသုံးခုဖြင့်သာ ကျွန်ုပ်ရှင်သန်နေထိုင်သည်။ ကျွန်ုပ်၏ ထွက်သက်ဝင်သက်တိုင်းတွင် သည်အရာသုံးခုသာ ရှိသည်။ ဦးထိပ်ဆံဖျားမှသည် ခြေဆုံးထိပ်များသို့ လှည့်ပတ်စီးဆင်းနေသော သွေးအလျင်တွင် သည်အရာသုံးခုဖြင့်သာ အတိပြီးသည်။

ကျွန်ုပ်သည် မင်းတရားကြီး၊ နိုင်ငံတော်နှင့် လက်ရုံးနှလုံးအစွမ်းတို့အတွက် သူဖြစ်လာသူ၊ အသက်ရှင်သန်နေသူ။

ကျွန်ုပ်…မဟာသမန်းကြီး…။



www.burmeseclassic.com

www.burmeseclassic.com

၂။

နန်းတော် လေသာဆောင်ထက်သို့ လပြည့်ည၏ ငွေရည်များ တစိမ့်စိမ့် စီးသွန်နေသောတစ်ညသို့ ထိုဆွတ်ပျံ့တိမ်းမူးဖွယ်စကားတို့ကို ကျွန်ုပ် စတင်ကြား လိုက်ရလေသည်။

ထိုညက လသာဆောင်တွင် မင်းတရားကြီးနှင့် ကျွန်ုပ် နှစ်ဦးတည်းသာ ရှိနေသည်။ တောင်နန်းစံ သီရိစန္ဒာဒေဝီမိဖုရားကြီးသည် ကိုယ်လက်အနည်းငယ် မအီမသာရှိသဖြင့် အဆောင်တော်သို့ ပြန်ကြွသွားသည်။ မြောက်နန်းစံ ဥမ္မာရဒေဝီ မိဖုရားကြီးလည်း ဥယျာဉ်တော်ထဲတွင် စံစားနေသည်။ အနောက်နန်းစံ နဂါးမင်း သမီး သောစန္ဒီမိဖုရားကြီးက မင်းတရားကြီးအတွက် ညဥ့်လယ်စာ စီစဉ်ရန် စားဖိုမှူး အားဖို့အမှုတော်ထမ်းများနှင့် သဥ္စာလီခန်းမှာ ရှိနေသည်။

လေသာဆောင်တွင် မင်းတရားကြီးနှင့် ကျွန်ုပ် နှစ်ဦးတည်း။

မင်းတရားကြီးသည် ကြယ်စုံဝန်းရံသော လဝန်းဆီသို့ မော့ကြည့်နေသည်။ သရောင်ဆမ်းနေသော မင်းတရား၏ ကျက်သရေတော်ပြည့်ဝသည့် မျက်နှာပြင်ကို ကျွန်ုပ် ငေးကြည့်နေမိသည်။ ‘မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တပေါင်’ ဟူသော စကားကို ကျွန်ုပ် အမှတ်ရနေသည်။ နဖူးပြင် အလယ်တွင်တည်ရှိလေသော မဲ့မှင် ၏ အသရေတော်သည် လပြည့်ညအခါတွင် အလိုလို တောက်ပနေသည်ဟု ကျွန်ုပ် ထင်သည်။





ပြည့်ဝန်းသောလမင်းသည် ဒွတ္တပေါင်မင်းတရား၏ တင့်တယ်ခြင်းကို တို့ပြန်ရှုမောနေသည့်အလားပင်၊ ကောင်းကင်မှ လပြည့်ဝန်းနှင့် လေသာဆောင်မှ လပြည့်ဝန်း၊ နှစ်ခုသော လပြည့်ဝန်းတို့သည် အဆင်းကျက်သရေခြင်း ပြိုင်၍ နေကြလေသည်။

‘မဟာသမန်း’

လဝန်းဆီသို့ ငေးမောထားဆဲအကြည့်ကို ကျွန်ုပ်ထံ မရွှေ့ဘဲ မင်းတရားက အခေါ်တော်ရှိလေသည်။

‘ခစားလျက်ပါ ဘုရင်မင်းမြတ်’

‘မင်းအသက် ဘယ်လောက်ရှိပြီလဲ မဟာသမန်း’

မင်းတရားသည် ကျွန်ုပ်ကို မဟာသမန်းဟုပင် ခေါ်လေ့ရှိသည်။ မဟာ သမန်းကြီးဟူ၍ ‘ကြီး’ထည့်ကာ အပြည့်အစုံခေါ်တော်မမူ။

‘ရှေ့လ လပြည့်နေ့မှာ ကျွန်တော်မျိုး အသက်သုံးဆယ်ပြည့်မှာပါ ဘုရင် မင်းမြတ်’

‘ငယ်သေးသကိုး’

မင်းတရား၏လေသံ အမူအသွင် အနည်းငယ်ထူးခြားနေသည်ဟု ကျွန်ုပ် ခံစားရသည်။ ကျွန်ုပ်၏ အသက်အရွယ်ကို မင်းတရားသိထားပြီးဖြစ်သည်။ သိထား လျက်နှင့် အမေးတော်ရှိခြင်းမှာ အကြောင်းမဲ့ မဟုတ်နိုင်။

‘ငယ်ရွယ်တဲ့ ယောကျ်ားကောင်းတစ်ဦးရဲ့ ကိုယ်ထဲမှာ ဘာရှိနိုင်မလဲ မဟာ သမန်း’

‘ဒွတ္တပေါင်မင်းတရား၊ သီရိခေတ္တရာနိုင်ငံတော်နဲ့ လက်ရုံးနှလုံးအစွမ်း ဆိုတဲ့ အရာသုံးခုရှိနေပါတယ် ဘုရင်မင်းမြတ်’

ကျွန်ုပ် မဆိုင်းမတွ ဖြေလိုက်သည်။ မင်းတရား မသိမသာပြုံးလေသည်။

‘ဒါကို ငါ သိပြီးသားပါ မဟာသမန်းရယ်…ဒါ့အပြင် အခြားအရာတစ်ခုခု ရှိနိုင်ဘူးလား၊ ရှိနိုင်သေးလား…ဆိုတာကို ငါ သိချင်လို့’

‘အခြားအရာတစ်ခုခု…ကျွန်တော်မျိုး နားမလည်ပါ ဘုရင်မင်းမြတ်’

တကယ်ပင် ကျွန်ုပ် နားမလည်ပေ။ ဘယ်သို့သော အခြားအရာတစ်ခုခုလဲ၊ ဒါကိုလည်း နားမလည်၊ မင်းတရား၏အမေးစကားကိုလည်း နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



'ငယ်ရွယ်နုပျိုသူတွေမှာ လန်းဆန်းတက်ကြွတဲ့ နှလုံးသည်းပွတ်ဆိုတာ မရှိနိုင်ဘူးလား မဟာသမန်း'

လန်းဆန်းတက်ကြွတဲ့ နှလုံးသည်းပွတ်...ကျွန်ုပ် နားမလည်နိုင်ပြန်။ ထို့ကြောင့် တစ်ခုခုအနက် အဓိပ္ပာယ်ကိုဆောင်ကောင်း ဆောင်နေနိုင်သည့် မင်းတရား၏မျက်နှာတော်ဆီသို့ အကဲခတ်ကြည့်မိပြန်သည်။ သည်အခါ အစဉ်အမြဲကျက်သရေရှိနေသော မျက်နှာတော်တွင် ကျွန်ုပ်သည် ထူးခြားသော အရိပ်အငွေ့တစ်ခုကို တွေ့လိုက်ရလေသည်။

အခြားမဟုတ်၊ မင်းတရားအမေးတော်ရှိခဲ့သည့် ငယ်ရွယ်နုပျိုမှု စသည့် အရိပ်အငွေ့ပင်ဖြစ်သည်။ သီရိခေတ္တရာ တိုင်းကြီးသခင်၊ စကြာလက်နက်များရှင် ဘုန်းတော်ကြီးဘုရားဟူသော မဟာဝိသေသကြီးဖြင့် အစဉ်အမြဲလိုလို လေးနက်ခန့်ညားတည်ငြိမ်နေလေသော ဒွတ္တပေါင်မင်းကြီး၏ မျက်နှာပြင်ဝယ် ငယ်ရွယ်နုပျိုမှုအသွင်များကို တွေ့လိုက်ရခြင်းပင်။

ဘုရင်မင်းမြတ်ဟူသော ဂုဏ်ပုဒ်ကြီးအောက်တွင် မင်းကြီး၏ ငယ်နုသည့် ပကတိသဘာဝသည် ရွှန်းလက်စွာပေါ်ပေါက်နေလေသည်။

ကျွန်ုပ် တစ်စုံတစ်ရာကို နားလည်စပြုလာသည်။ မင်းတရား အမိန့်တော်ရှိခဲ့သည့်စကားကို စိတ်ထဲမှ ပြန်၍ရေရွတ်မိသည်။ ငယ်ရွယ်နုပျိုခြင်းနှင့် လန်းဆန်းတက်ကြွတဲ့ နှလုံးသည်းပွတ်၊ ငယ်ရွယ်နုပျိုခြင်းနှင့် လန်းဆန်းတက်ကြွတဲ့ နှလုံးသည်းပွတ်၊ ငယ်ရွယ်နုပျို...လန်းဆန်းတက်ကြွတဲ့ နှလုံးသည်းပွတ်။

'မဟာသမန်း'

မင်းတရား၏ ခေါ်သံမှာ အခါတိုင်းထက်ပင် ရင်းနှီးပွင့်လင်းနေသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ကျွန်ုပ်ကလည်း လေးစားမြတ်နိုးမှုကို ပြလိုက်သည်။

'ကုဿဝတီပြည်၊ ပိသနိုးမြို့တော်ကြီးအကြောင်းကို မင်းကြားဖူးမှာပေါ့။ သတိုးမွေရာစ်ရသေ့ကြီး ဦးစီးတည်ခဲ့တဲ့မြို့လေ'

ကျွန်ုပ် ဆက်လက်၍ ငြိမ်သက်တိတ်ဆိတ်နေလိုက်သည်။

'ကုဿဝတီပြည့်ရှင် ဘုရင်မအကြောင်းကိုလည်း မင်းကြားမိမယ်လို့ ငါထင်တယ် မဟာသမန်း'

'ဘောဓိပဒ္ဓဝ စည်ကြီးစကြာ၊ မဟာဝေရမဒ္ဒန မီးစကြာ၊ မဟာဝေရမဒ္ဒန



စကြာ၊ ဝါဖလေးစကြာဆိုတဲ့ စကြာလေးပါးကို ရတော်မူတယ်။ မင်းသမီးအာဝတာ ပန်ထွာမင်းသမီးနာမည်ရှိခဲ့တယ်လို့ ကျွန်တော်မျိုး ကြားသိပါတယ် ဘုရင်မင်းမြတ်'

'စကြာလေးပါး လက်နက်ရှင်ဆိုတာတွေ၊ ဘုရင်မ ဆိုတာတွေကို မင်းတို့အားလုံး ကြားသိထားသလို ငါလည်း သိထားတာပဲ မဟာသမန်း။ ငါပြောလိုတာက သူ့ရဲ့မိန်းမသားအဖြစ်ကို ပြောတာ'

'မိန်းမသားအဖြစ်..'

မင်းတရားစကား ဝေ့သွားသလိုရှိပြန်သဖြင့် ကျွန်ုပ်နားမလည်စွာ လိုက်ပါ ရေရွတ်မိပြန်သည်။ သည်တစ်ခါတွင်တော့ မင်းတရားသည် လွတ်လပ်ပွင့်လင်းစွာပင် ရယ်မောလေသည်။ ရယ်လိုက်သောအခါမှပင် ဒွတ္တပေါင်မင်းကြီး၏ နုပျိုဆဲအဆင်းက ပို၍ပေါ်လွင်လာသည်။

'မဟာသမန်းရယ်..မင်းဟာ ငါ့ရဲ့ သူရဲကောင်းတွေထဲမှာ အသက်အငယ်ဆုံးဖြစ်နေပါလျက်နဲ့ အသိတရားမှာတော့ ငယ်သူ့တို့အသိမျိုး မရှိပါလား။ မင်း အသိတရားထဲမှာ သီရိခေတ္တရာပြည်ရယ်၊ ဒွတ္တပေါင်မင်းရဲ့ ကျေးဇူးသစ္စာတော်ရယ်၊ ဆက်ရိုးနှလုံးအစွမ်းရယ် ဒါပဲရှိတော့တာပါလား။ ဪ..မဟာသမန်း..မဟာသမန်း'

မင်းတရားသည် လေသာဆောင်၏ အခြားတစ်ဘက်သို့ နှစ်လှမ်းသုံးလှမ်း လျှောက်သွားပြီးမှ ပြန်လှည့်လာသည်။ ဝရန်တာလက်ရန်းပွတ်လုံးတွင် လက်ထောက်ထားရင်း လရောင်ကို မော့ကြည့်ပြန်ကာ ဆတ်ခနဲ ကျွန်ုပ်ဘက်သို့ ငဲ့စောင်းပြီး–

'ချစ်ခြင်းမေတ္တာနဲ့ စွဲလန်းမှုဆိုတာကို မင်း မကြုံဖူးဘူးလား'

'ကျွန်တော်မျိုး..'

'နေ..မဟာသမန်း၊ မင်း ဆက်မပြောနဲ့တော့။ မင်းမကြုံဖူးဘူး။ သိလည်း မသိဘူး။ ဒါပေမဲ့ ငါအခု ကြုံနေတယ်။ သိလိုက်တယ်။ မိန်းမသားတစ်ဦးကြောင့် ယောကျာ်းတစ်ယောက်မှာ ဘယ်လို စွဲလန်းခြင်းပြင်းစွာ ခံစားရတယ်ဆိုတာ အဲဒီ ကုဿဝတီဘုရင်မကို အကြောင်းပြုပြီး ငါအခု ကြုံရပြီ'

ပိသနိုးဘုရင်မ၏ အလှဖွဲ့ကို မင်းတရားဆက်၍ ရေရွတ်တော့သည်ဆိုသော အချစ်တရားကြောင့် ပေါက်ဖွားလာသော ဝေဒနာအကြောင်းကိုလည်း ကိုယ်တိုင်လိုပဲစွာ မြင်တော်မူသည်။ ကျွန်ုပ်အဖို့မူကား အံ့သြခြင်းကြီးစွာ နားထောင်နေရုံမှအပ ဘာမှ

www.burmeseclassic.com



မပြောနိုင်။

သို့သော် ချစ်ခြင်းမေတ္တာနှင့် စွဲလန်းမှုသမုဒယ၏ အရှိန်အဝါများဖြင့် ထို ညဦးက မင်းတရား၏အသံရေတော်သည် ထူးခြားစွာ ရှန်းလက်တောက်ပနေသည် ကိုကား လပြည့်ည လရောင်အောက်တွင် ကောင်းစွာတွေ့မြင်ခဲ့ရလေသည်။

ရှည်လျားစွာ ရေရွတ်ဖွဲ့ကျူးပြီးနောက်တွင်ကား မင်းတရားသည် အမိန့် တော်တစ်ရပ်ဖြင့် စကားအဆုံးသတ်လိုက်လေသည်။

'ပိဿနိုးဘုရင်မကို ငါ သိမ်းပိုက်တော်မူမယ်။ မေတ္တာအရေးအခင်း ဖြစ် သော်လည်း သူကိုယ်တိုင်က ပြည့်ရှင်ဘုရင်မတစ်ဦးပေမို့ ဒီနေရာမှာ ဘုန်းသမ္ဘာ အာဏာစက်ချင်း ရင်ဆိုင်ကြရဖို့ရှိတယ်။ ဒီအရေးမှာ မင်း အဓိကနေရာက ပါရလိမ့် မယ် မဟာသမန်း'

ဘုန်းသမ္ဘာ အာဏာစက်၏ အရှိန်အဝါခြင်း ပြင်းထန်စွာရင်ဆိုင်မိကြသည်။ ဘုတာဝါဟာနခေါ် ယန္တရားပညာနှင့် ဂန္ဓာရီအတတ်ပညာများ၊ လျှို့ဝှက်နက်နဲသော ဂမ္ဘီရနည်းလမ်းများဖြင့် ရှုပ်ထွေးစွာ ဖွဲ့စည်းလျက်ရှိသော ထိုအရေးအခင်းကို ကျွန်ုပ် အသေးစိတ် ဖော်ပြနိုင်စွမ်း မရှိတော့။

ဒွတ္တပေါင်မင်းတရားက လှံစကြာ၊ ဓားစကြာ၊ ကြိမ်လုံးစကြာ၊ ကြိုးစကြာ တို့ကို စေလွှတ်၍ ပိဿနိုးဧကရီကို ဆောင်ယူခိုင်းသည်။ သို့သော် ဘုန်းသမ္ဘာရှင် ဖြစ်ပေသော ဘုရင်မကလည်း မီးစကြာ၊ ရေစကြာတို့ဖြင့် ခုခံထားသောကြောင့် ကျွန်ုပ်၏ စကြာလက်နက်များသည် ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်ကြတော့ဘဲ မူလ စေလွှတ်ရင်းနေရာသို့သာ ပြန်လည်ရောက်လာကြသည်။

စင်စစ်အားဖြင့် မင်းတရားစေလွှတ်လိုက်သော လှံစကြာ၊ ဓားစကြာ၊ ကြိမ် လုံးစကြာ၊ ကြိုးစကြာတို့သည် ရှေးယခင်က စေလွှတ်သမျှတိုင်း အထမြောက်ခဲ့ သည်ချည်းသာပင်။ သီရိခေတ္တရာ၏ လက်နက်နိုင်ငံတော် ဇမ္ဗူဒိပ်တစ်ဝန်းရှိ လက် အောက်ခံ မြို့ရွာတိုင်းပြည်များသို့ ထိုလက်နက်စကြာများကို စေလွှတ်လိုက်လျှင် အလိုရှိတိုင်း အောင်မြင်ခဲ့သည်။ ဥပမာ-လှံပျံစကြာဆိုလျှင် လှံထိုးတောင်ထက်၌ မင်းကြီးတက်၍ အလိုရှိသော အမှာသဝဏ်လွှာကို ရေးကာ လှံပျံတွင် ချိတ်ချွဲ မင်းကြီးကိုယ်တော်တိုင် ကိုင်လွှတ်လိုက်ပါက အစေလွှတ်ခံ မင်းတစ်ပါးဝါး ပျံသန်းသွားသည်။ ထိုမင်း၏ ဦးခေါင်းထိပ်ထက် လှံပျံသည် ထိုးစိုက် စူးဝင်





သတဲ့သို့ တည်သည်။ သာယာချောင်စကားဖြင့် တောင်းပန်လျက် လက်ဆောင်ပဏ္ဏာ ဒိုင်မှဖော်ကာ လက်အောက်ခံ ကံကြွေးအဖြစ် ခိုလှုံပါမှ လှံပျံသည် မင်းကြီးထံ ပြန်လည်ရောက်ရှိလာသည်။

ယခုမူကား ထိုသို့မဟုတ်။ မင်းကြီး၏ စကြာလက်နက်တို့သည် အထ မြောက်ခဲ့သော ခရီးဖြင့် မင်းကြီးထံ ပြန်လည်ပျံသန်း ဆင်းသက်လာခဲ့လေသည်။ လှံစကြာကို ဖမ်းယူဆုပ်ကိုင်ရင်း မင်းတရားသည် အနည်းငယ်မျှ တွေဝေသွားခဲ့ သည်။ သို့သော် ညှိုးငယ်သွားခြင်းမရှိရုံမက ချက်ချင်းပင် ရွှင်လန်းကြည်လင် သွားကာ ကျွန်ုပ်ဘက်သို့ ငုံ့စောင်းလျက် မိန့်တော်မူလေသည်။

'မဟာသမန်းရေ--လက်နက်စကြာတွေရဲ့ အရေးတော်မဟုတ်တဲ့ နေရာမှာ ငါက လက်နက်စကြာတွေကို အသုံးပြုခဲ့မိသကိုး။ လှံပျံစကြာဟာ အခွန်အတုတ်နဲ့ လက်ဆောင်ပဏ္ဏာတော်တွေအတွက် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်ပျံသန်း သွားနိုင်ပေမယ့် မိန်းမတစ်ယောက်ရဲ့ နှလုံးသားကိုတော့ ဘယ်လိုနည်းနဲ့မှ ထိုးဖောက် နိုင်မှာ မဟုတ်ဘူး။ အိုကွယ်--ထိုးဖောက်နိုင်ဖို့ဝေးစွ အနားမှာတောင် သီနိုင်မှာ မဟုတ်ပေဘူး။ ဘာကြောင့်လဲဆိုတော့ လက်နက်စကြာတွေမှာ နှလုံးသားမှ မရှိဘဲ ကိုး'

'ဒါဆိုရင် ဘယ်လိုအစီအမံမျိုးနဲ့ သိမ်းသွင်းတိုက်ခိုက်ရမှာပါလဲ ဘုရင် မင်းမြတ်'

'သိမ်းသွင်းတိုက်ခိုက်ဆိုတဲ့ စကားအသုံးကိုက မှားနေတယ် မဟာသမန်း-- ဒါဟာ သိမ်းသွင်းတိုက်ခိုက်ရမှာမဟုတ်ဘူး။ တောင်းဆို သိမ်းပိုက်ရမှာ။ သည်တော့ လက်နက်တွေအစား ချစ်ခြင်းမေတ္တာ ရွှေပေလွှာကို စေရလိမ့်မယ်'

မင်းတရား၏ စကားမှန်ခဲ့လေသည်။ ချစ်ခြင်းမေတ္တာရွှေပေလွှာတွင် မည် သို့သော အသီအကုံးအဖွဲ့အနွဲ့များ ပါရှိခဲ့သည်ကိုကား ကျွန်ုပ်မသိ။ ကျွန်ုပ်၏ အရေးအရာလည်း မဟုတ်ချေ။ မင်းတရားသည် နန်းတော်ရှိ အကျော်အမော် စာဆို တော်များအား သီကုံးဖွဲ့နွဲ့စေခဲ့လေသည်။

ချစ်ခြင်းမေတ္တာ ရွှေပေလွှာကို တုံ့ပြန်လိုက်သော ပိဿနိုးဘုရင်မ၏ တုံ့ပြန် ချက်ကား ရုပ်ပုံလွှာတစ်ခုပင်ဖြစ်သည်။ ထိုရုပ်ပုံလွှာတွင်ပါရှိသော ဘုရင်မပုံတော် သည် မည်မျှ လှပတင့်တယ်သည်ကို ကျွန်ုပ် ဝိတ္ထာရမရှုံ့တတ်။ သို့သော် မင်း



www.burmeseclassic.com

www.burmeseclassic.com



တရား၏ တစ်ဆင့်တိုးလှမ်းလိုက်သောအဖြစ်ကပင် ရုပ်ပုံလွှာရှင်ဘုရင်မ၏ လှပတင့်တယ်ပုံကို အထင်အရှား ပြလိုက်သည့်ရလဒ်ဖြစ်ချေသည်။

'မဟာသမန်း၊ မုဒုစရဏာ လက္ခဏာကြန်အင် စုံလင်တင့်တယ်ပြီး ဒီလောက် လှပခမ်းနားတဲ့ မိန်းမရဲ့အလှကို ငါပိုင်ဆိုင်ရမှဖြစ်မယ်။ ဇမ္ဗူဒိပ်မှာ ပိသနီးဘုရင်မဟာ ဒွတ္တပေါင်မင်းအတွက်ပဲ ဖြစ်စေရမယ်။ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး အခုပဲ ကုမ္ဘဝတီကို ချီမယ်။ ငါကိုယ်တိုင် နာနာဂီရိ ဆင်ပျံစီးပြီး ခေါ်ဘဏီတပ်ဦးရှေ့က ချီမယ်။ မင်း ငါ့လက်ယာလက်ရုံး အနီးခုံးတောင်ပံက လိုက်ပါ အမှုတော်ထမ်းရမယ်'

စစ်အင်္ဂါလေးပါး ခေါ်ဘဏီတပ်၊ နာနာဂီရိ ဆင်ပျံ၊ လက်ယာ လက်ရုံးတပ်…ဟူသော အရာများကို ကြားရခြင်းမှာပင် ကျွန်ုပ်၏ သူရဲကောင်းစစ်သည်တော်သွေးများက ဆူပွက်လှိုက်ဝန်လာကြပေပြီ။

၃။

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် အတုမဲ့သော သီရိခေတ္တရာခေါ်ဘဏီတပ်ကြီးဖြင့် ကုမ္ဘဝတီသို့ တစ်ခဲနက် ရှေ့ရှုချီတက်ခဲ့ကြသည်။ ဒွတ္တပေါင်မင်းကြီးကိုယ်တော်တိုင် အရုပ်ဆယ့်ငါးတောင်၊ အလျားအတောင်နှစ်ဆယ်ရှိ ငွေအဆင်းနှင့်တူသော နာနာဂီရိဆင်ပျံကြီးကို စီးနင်းကာ တပ်မကြီးရှေ့မှ ခံတော်မူသည်။ ကျွန်ုပ်မူကား ခင်းတရား ၏အနီးခုံး လက်ယာရင်း တောင်ပံစစ်ကြောင်းမှနေ၍ ပုလဲအဆင်းရှိသော ဂီရိ မေခလာဆင်ပျံကို စီးနင်းလိုက်ပါခဲ့သည်။ အခြားသော သူရဲကောင်းတို့မှာလည်း ကာလဝဆင်တော်၊ ဂင်္ဂေယျဆင်တော်၊ ပဏ္ဍရဆင်တော်၊ တမ္ဗဆင်တော်၊ ပိင်္ဂလဆင်တော်၊ ဂန္ဓဆင်တော်၊ မင်္ဂလဆင်တော်၊ ဟေမဆင်တော်များကို စီးကြသည်။ ထိုဆင်တော်တို့သည်လည်း မြေပြင်တွင် တစ်နေ့ယူဇနာငါးဆယ် ခရီးပြင်း နှင်နိုင်ကြလေသည်။

ထို့ပြင် ခွန်အားဗလနှင့်ပြည့်စုံ၍ အင္ဂါရသမှန်သမျှ ကျွမ်းကျင်ထက်မြက်ကြကုန်သော ဗန္ဓဝ၊ သေလဗန္ဓဝ၊ ပရမဒ္ဒ၊ ပရသေန၊ ဝေရမဒ္ဒ၊ သေနဆန္ဒ၊ စုဏ္ဏအတ္ထိဗလ၊ ဝေရမဒ္ဓ၊ ပရယုဒ္ဓ၊ သဟာသ၊ ပဥ္စအာဝုဝ၊ သဟာသထာမ၊ ပဥ္စသတသေန၊ သတကဏ္ဍရ၊ သဟာသကုဥ္စရ၊ သဟာသဆိန္ဓ စသော ဗိုလ်မှူးဆယ်နှစ်ယောက်တို့ကလည်း ဆင်တပ်၏နောက်ဝယ် ခြေလျင်တပ်၊ မြင်းတပ်၊ ရထားတပ်များကို ကြီးကြပ်ကွပ်ကဲလျက် လိုက်ပါခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကား စစ်ခရီးတစ်လမ်းလုံးပင် ထူးကဲစွာ တက်ကြွရွှင်လန်းလျက် ရှိလေသည်။ စခန်းထောက်ချနားရာ အရပ်တိုင်းတွင် ကျွန်ုပ်ကို ဘုရင့်တဲနန်းသို့ ခေါ်၍ ကုမ္ဘဝတီဘုရင်မအကြောင်းကို တသွင်သွင် မိန့်တော်မူနေသည်။

'မဟာသမန်းရဲ့..မင်းသိတဲ့အတိုင်း ငါဟာ မင်းသားဘဝကတည်းက မှဲ့ရှင်ကိုးလုံးရှိတဲ့ ဘုန်းသမ္ဘာရှင်တစ်ပါးအဖြစ် နန်းကို စိုးစံခဲ့ရတယ်။ ငါ့ဘဝမှာ တစ်ချိန်လုံး၊ တစ်လျှောက်လုံး ဘုန်းအာဏာတွေ၊ စည်းစိမ်ဥစ္စာ ရတနာတွေနဲ့ပဲ အဝပြီးခဲ့တယ်။ လက်ရုံးနှလုံးအရာနဲ့ ပတ်သက်လို့လည်း ငါ့မှာထပ်မံပြီး လိုချင် တောင့်တစရာမရှိအောင် ပြည့်စုံခဲ့တယ်။ မယ်တော် ဘေဒါရီမိဖုရားကြီး၏ ဝမ်းကကျွတ်လျှင်ကျွတ်ခြင်းပဲ ငါဟာ ခမ်းနားတောက်ပြောင်တဲ့ လောကထဲကို ရောက်ခဲ့ရတယ်။ ပြီးတော့ ဘိုးတော် ခေပဒူတရသော့ကြီးရဲ့ ဦးဆောင်မှုနဲ့ အထူးတန်ခိုးကြီး နတ်ဒေဝတာများရဲ့ ကူညီစောင့်ရှောက်မှုတွေကို ခံယူပြီး သီရိခေတ္တရာမြို့တော်ကြီးကို တည်ထောင် နန်းစိုက်ခဲ့တယ်။ စကြာကိုးပါးသခင် အဖြစ်ကိုလည်း ရောက်ရှိတယ်။ လက်နက်နိုင်ငံတော်ကြီးဟာလည်း အသူရာပြည် နဂါးပြည်အထိ ရေအခိုးမြေအခိုး ကျယ်ပြန့်ကြီးမားခဲ့တယ်။ အေးလေ..ဒါတွေကို မင်းတို့အားလုံး သိထားကြတယ် မဟုတ်လား'

ကျွန်ုပ်တစ်ခုခု ပြန်လည်လျှောက်တင်မည်အပြုတွင် မင်းတရားက လက်ဝါးကို ဖြန့်ကာလျက်–

'သီရိစန္ဒာဒေဝီကို တောင်နန်းဥမ္မာရဒေဝီကို မြောက်နန်း၊ ဘေစန္ဒကို အနောက်နန်းထားပြီး မိဖုရားသုံးပါးနဲ့ စိုးစံခဲ့တယ်။ ဒါပေမဲ့ မဟာသမန်းရယ်..တိုင်းကြီးသခင် ဘုရင်တစ်ပါးမှာ မိဖုရားဆိုတာတွေဟာ သဘာဝအလျောက် ဒွန်တွဲပြီး ပေါ်ပေါက်တာတွေပါ။ ငါ့မှာ နန်းစံထား၊ နန်းဆောင်အပ် မိဖုရားကြီးသုံးပါးရှိပေမယ့် တကယ်တော့ သူတို့တစ်တွေဟာ အဘိသေသကကြောင့် မြောက်စားရတဲ့ မိဖုရားတွေ ပြည်ထောင်မင်းအချင်းချင်းက ခန့်ညားပြီး ပဏ္ဏာဆက်သထားတဲ့ မိဖုရားတွေပါ။ ငါ့စိတ်၊ ငါ့ဆန္ဒ၊ ငါ့နှလုံးသားနဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ ငါ ရွေးချယ်မြှောက်စား ကောက်တော်မူခဲ့တာ မဟုတ်ပါဘူး။ ဒါကိုတော့ မင်းလည်း သိချင်မှသိမယ်။ သီရိခေတ္တရာ တစ်ပြည်လုံးလည်း သိချင်မှသိမယ်။ လောကကြီး သိချင်မှသိမယ်'





မင်းတရားစကား မှန်ပေသည်။ ထိုသဘောကို ကျွန်ုပ်မသိခဲ့။ သို့သော် ယခုပြည့်ညှ လေသာဆောင်တွင် မင်းတရားနှင့် ကျွန်ုပ် နှစ်ဦးတည်းရှိခဲ့သည့်ကာလမှ၍ ကျွန်ုပ် သိနားလည်လာခဲ့ပြီဖြစ်လေသည်။

'ပိဿနိုးဘုရင်မကို ငါအခုထိ လူကိုယ်တိုင် မမြင်ဖူးသေးဘူး။ ဒါပေမဲ့ သူ့သတင်းတွေ ကြားစကတည်းက ငါ့ရင် လှုပ်ရှားခဲ့တယ်။ ထီးနန်းစည်းစိမ်နဲ့ ဘုန်းသမ္ဘာတွေရဲ့ နောက်ကွယ်မှာ ခမ်းနားစွာအိပ်စက်နေတဲ့ နှလုံးသားဟာ ရိုးရိုးသားသားနဲ့ နိုးထလာခဲ့တယ်။ နောက် သူ့ရဲ့ရွှေရုပ်ပုံလွှာကို တွေ့လိုက်ရတဲ့အခါမှာတော့ ငါ့ဘာသာ ငါမသိဘဲ တစ်သက်လုံး ငါလိုချင်တောင့်တနေတဲ့အရာကို ငါ ရှာဖွေတွေ့ရှိလိုက်တယ်။ အဲဒါဟာ "အချစ်ပဲ။ ချစ်ခြင်းမေတ္တာပဲ မဟာသမန်း'

ယခုလိုအချိန်တွင် ငြိမ်သက်စွာ နားထောင်နေခြင်းသည်သာ အကောင်းဆုံး အမှုတော်ထမ်းခြင်း ဖြစ်သည်ဟု ကျွန်ုပ်သဘောပေါက်ထားသည်။

'ငါတို့ အခု ကုမ္ဘဝတီပြည်အနီးကို ရောက်တော့မယ်။ ချစ်ခြင်းမေတ္တာရဲ့ ဆိုချက်မ ဒေသအရပ်ဆီ ရောက်တော့မယ်။ ဘုန်းသမ္ဘာ အာဏာစက်တွေ၊ စကြာလက်နက်တွေနဲ့ ဖိတ်ဖိတ်လက်နေတဲ့ မင်းတို့ရဲ့အရှင် ဒွတ္တပေါင်ကို ပီဘိချစ်မြတ်နိုးတတ်သော ယောကျ်ားတစ်ဦးအဖြစ် မင်းမြင်တွေ့ရတော့မယ် မဟာသမန်း'

မင်းတရား၏ နှလုံးခုန်သံသည် ကျွန်ုပ်ထံ ကူးစက် စီးပျံ့လာသည့်အလား ကျွန်ုပ်လည်း အလိုလိုပင် စိတ်လှုပ်ရှားလာလေသည်။

မင်းတရားသည် တဲနန်းမှနေ၍ ကုမ္ဘဝတီပြည်ဘက်သို့ ငေးမျှော်ရင်း ရေရွတ်နေပြန်သည်။

'မဟာသမန်းရေ..ဇမ္ဗူဒီပ်တစ်ကျွန်းလုံးက ဒွတ္တပေါင်မင်းကြီးကို မျက်စိသုံးခု၊ အတုမဲ့ခေါင် ဒွတ္တပေါင်ဆိုပြီး ငါ့ရဲ့ မှဲ့ရှင်ကိုးလုံးကိုသာပဲ ဝိတ္တာရချဲ့ပြီး ထပ်ပြချီးကျူး၊ အံ့သြနေကြတယ်။ အမှန်တော့ လူတွေ အံ့သြနေကြရမှာက နတ်မျက်စိ မှဲ့ရှင်ကိုးလုံး မဟုတ်ဘူး။ ဒွတ္တပေါင်မင်းကြီးရဲ့ နဖူးပြင်ထက်က နတ်မျက်စိ မဟုတ်ဘူး။ ဒွတ္တပေါင်မင်းကြီးရဲ့ ရင်ထဲက နှလုံးသားပဲ'

လှပလွန်းသော ထိုစကားလုံးတို့ကို ကျွန်ုပ် ဘယ်တော့မှ မေ့၍ရတော့မည် မဟုတ်။ မင်းတရားသည် မသိမသာ သက်ပြင်းရှိုက်လျက် တဲနန်းတွင်းမှ ညောင်စောင်းပေါ်သို့ အသာအယာ လှဲလျောင်းလျက်–



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဓမ္မဒြိုပ်တစ်ကျွန်းလုံးကို လက်နက်စကြာ ဘုန်းအာဏာတွေနဲ့ ငါ အောင်မြင်ခဲ့ပေမယ့် အခု ပိသနိုးဘုရင်မရဲ့ ရင်ထဲက အချစ်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ပါ့မလားလို့ ငါ့စိတ်ထဲမှာ သံသယတွေ ဝင်နေတယ် မဟာသမန်းရေ

မင်းတရား၏ သံသယအတိုင်း ဖြစ်လာခဲ့လေသည်။



ဘူဘာဝါဟန ယန္တရားအတတ်၊ မဟာဂန္ဓာရီပညာ၊ ဂန္ဓိရအတတ်ပညာတို့ ဖြင့် စီရင်အပ်သော လက်နက်စကြာများကို ကျွန်ုပ်တို့ သီရိခေတ္တရာနိုင်ငံတော်တစ်ခု ည်းသာ ပိုင်ဆိုင်ထားခြင်းမဟုတ်၊ ပိသနိုးဘုရင်မ၏ ကုမ္ဘဝတီပြည်ကလည်း အစွမ်း သူ့ဆောင်လျက် ပိုင်ဆိုင်ထားကြသည်။ ဤအချက်ကို မဟာသေနင် ဟာအဖြစ် ကျွန်ုပ်တို့ မဆွကတည်းက ကြိုတင်တွက်ချက်ထားကြပြီးဖြစ်သည်။

သို့သော် ကျွန်ုပ်တို့ အားနည်းချက်ယွင်းသွားသည့် အချက်နှစ်ချက်ရှိသည်။ င်းမှာ မဟာသေနင်ဗျူဟာကို ကြိုတင် တွက်ချက်ထားသော်လည်း ပရိယာယ် ယ်သော နည်းဗျူဟာကို မေ့လျော့ထားခြင်းနှင့် မိမိနယ်မြေမဟုတ် သူ့နယ်မြေ သည် ဆိုသောအချက်ကို မေ့လျော့သွားခြင်းပင်ဖြစ်သည်။

ဤနှစ်ချက်ကြောင့်ပင် ကုမ္ဘဝတီပြည်သို့ ပထမဆုံးအကြိမ် ချဉ်းကပ်သည့် ဝယ် ကျွန်ုပ်တို့သည် အောင်မြင်မှုနှင့် လွဲချော်သွားရလေသည်။

ကျွန်ုပ်တို့၏ ခေါ်ဘဇီတပ်ကြီး အနီးကပ်မိပြီ ဆိုသည်နှင့် ကုမ္ဘဝတီ၏ ရား စကြာများ နီးကြားလည်ပတ်လာကြသည်။ တဒီးဒီး အသံနက်ကြီးများနှင့် အရပ်လေးမျက်နှာဆီမှ ဝေါဝေါဝုန်းဝုန်း မြည်သံများသည် ကျွန်ုပ်တို့ တပ်များ ရှိရာ လွင်ပြင်ပြန့်ဆီသို့ ရှေးရှုရိုက်ခတ်လာကြသည်။ တော်လဲပြည်ဟည်းသံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကြောင့် ကျွန်ုပ်တို့၏ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်များ ရုတ်ရုတ် သဲသဲဖြစ်နေစဉ်မှာပင် တပ်ချထားသည့် လွင်ပြင်ပြန့်သည် တစ်မုဟုတ်ချင်း ချော အတိ ဖြစ်သွားလေသည်။

ကျွန်ုပ်တို့အားလုံး မျှော်လင့်မထားသည့် ခုခံတန်ပြန်စစ်ပင် ဖြစ်သည်။

ရုတ်ခြည်း ရေပြင်အတိ လွှမ်းသွားသော စစ်မြေပြင်တွင် ရထားတပ်နှင့် ခြေလျင်တပ်များသည် အထိအခိုက် အနစ်အနာဆုံးဖြစ်လေသည်။ မြင်းတပ်မှာ ရေလွှတ်ရာ ကုန်းမြင့်တောင်စောင်းသို့ ပြေးမောင်းနိုင်ကြသည်။ တပ်တော်ဦး လိုက်ပါခဲ့သော မင်းတရားနှင့် ကျွန်ုပ်၏ဆင်တပ်ကား ယန္တရားအတတ်ဖြင့် ချက်ချင်း စီရင်၍ ရေလွှတ်ရာ ကောင်းကင်အထက်တွင် ဝဲပျံတိမ်းရှောင်လိုက်ကြရသည်။ ကောင်းကင်ယံစစ်ကြောင်းမှပင် ပိသနိုးမြို့တွင်းသို့ ဝင်မည်ဟု စီမံသော်လည်း ကုမ္ဘဝတီ၏ ကြိုတင်ခုခံမှုက လက်ဦးမှုရသွားသည်။

သူတို့ မီးစကြာကို အသုံးပြုဟန်တူသည်။ ပိသနိုးမြို့ လေးဘက်လေးတန် ၏ ကောင်းကင်ယံတွင် မီးတောက်မီးလျှံများ ကြီးမားမြင့်မောက်စွာ ထိုးထွက်နေ ကြသည်။ ကျွန်ုပ်တို့ မြို့တွင်းသို့ မဝင်နိုင်တော့။

ဤတွင် မင်းတရား၏ လက်နက်စကြာ ကိုးပါးစလုံးကို အသုံးပြု၍ ပိသနိုး မြို့တွင်းသို့ အတင်းအဓမ္မ ထိုးဖောက်တိုက်ခိုက်ရန် သေနာပတိများ၊ လူစွမ်းကောင်း များ အားလုံးက မင်းတရားကို တောင်းဆိုကြသည်။ ကျွန်ုပ် ကိုယ်တိုင်ကလည်း မင်းတရား၏ စစ်လှေကြီး ဆယ့်နှစ်စီးကို ထုတ်သုံးရန် ကျွန်ုပ်ကိုယ်တိုင် 'နဂါးခြေ စစ်လှေကိုစီး၍ ရန်သူတို့၏ ရေပြင်အထုကိုဖြတ်ကာ မြို့တွင်းဝင်ရောက် ချေမှုန်း ပါရစေဟု အမိန့်တော် တောင်းခံမိလေသည်။

သို့သော် မင်းတရားက အားလုံး၏တောင်းခံမှုကို ဖယ်ရှားလိုက်သည်။

'လက်နက်စကြာကို လက်နက်စကြာနဲ့ ခုခံမှုပဲ။ ငါတို့ဟာ လက်နက်စကြာ အရရော၊ စစ်သည်အင်အားအရပါ ပိသနိုးထက် သာလွန်အစွမ်းထက်တာ မှန်တယ်။ ငါတို့ရဲ့ ရှိသမျှအင်အားကို အကုန်ထုတ်သုံးပြီးတိုက်ရင် ကုမ္ဘဝတီဟာ တောင် တောင်းညက်ညက် ကြေမှာပဲ။ ဒီအခါမှာ လူတွေအများကြီး သေကြေပျက်စီးကြ ရလိမ့်မယ်။ ကမ္ဘာလောကမှာ အပြင်းထန်ဆုံး အကြီးကျယ်ဆုံး စစ်ပွဲကြီးအဖြစ် ကမ္ဘည်းတင်ကျန်ရစ်ခဲ့မယ်။ မျှူးမတ်တပ်မင်းတို့...ငါတို့ အခုလာတာဟာ လက်နက်





နိုင်ငံတော် ချဲ့ထွင်ဖို့ မဟုတ်ဘူး။ ရာဇပလ္လင်တစ်ခုကို ဖျက်ချိုးဖို့ မဟုတ်ဘူး။ မေတ္တာစေတမန်အဖြစ် လာခဲ့ခြင်းဖြစ်တယ်။ မေတ္တာနဲ့ တောင်းခံမှသာလျှင် မေတ္တာ ကို ရရှိမယ်၊ မေတ္တာကို လက်နက်နဲ့ တောင်းဆိုလို့မရဘူး။ ဒါကြောင့်..'

မင်းတရားသည် အတွင်းပင်လယ်စားနှင့် အပြင်ပင်လယ်စား သံတမန်ကြီး နှစ်ဦးအား တာဝန်ပေးလျက် ပိသနိုးမြို့တွင်းသို့ ဝင်စေသည်။ မေတ္တာဖြင့် လာ ရောက်ခြင်းဖြစ်ကြောင်းကိုလည်း သဝဏ်စေလိုက်သည်။

ခုခံမှုအားကြီးသော ရန်သူကို စိတ်ရှိတိုင်း ချေမှုန်းခွင့်မရသည့်အတွက် ကျွန်ုပ်တို့အားလုံး မခံချိမခံသာ ဖြစ်ကြရသော်လည်း ပိသနိုးမြို့ ပြန်ကြားသဝဏ် ကို ရသောအခါတွင်ကား မင်းတရား၏အမြော်အမြင်ကို လေးစားစွာ သဘော ပေါက်ကြရလေတော့သည်။

အတွင်းပင်လယ်စားနှင့် အပြင်ပင်လယ်စားတို့ အပြန်တွင်ပါလာသော ပြန် ကြား သဝဏ်ကား-

*'သီရိခေတ္တရာတိုင်းကြီး ရှင်ဘုရင်ကေရာဇ် ဒွတ္တပေါင်မင်းကြီးထံ သဝဏ်တော် ပြန်ကြားသည်မှာ စစ်မှန်သော မေတ္တာတော်ကို အရင်းခံ လာရောက်ခြင်း ဖြစ်သည်ဟု သိရပါသဖြင့် လှန်စွာဝမ်းမြောက်တော်မူ သော ပိသနိုးဘုရင်မကြီးသည် အလုံးစုံသော ယန္တရားတို့အား ရပ်တန့် ကုန်ဆုံးစေလျက် မြို့တော်တွင်းသို့ ကြွချီတော်မူနိုင်ပြီဖြစ်ပါကြောင်း လေးမြတ်စွာ သဝဏ်ပြန်ပါသည်'*

❖❖❖

'မဟာသမန်း..ပိသနိုးမြို့တွင်းကို ငါဝင်တော့မယ်။ ဒီမှာလည်း မင်းဟာ ငါ့အနီးဆုံးမှာပဲ ခစားလိုက်ရပါမယ်။ ပိသနိုးမိဖုရားနဲ့ ငါနဲ့ ပထမဆုံး စတင် လူ ချင်းတွေ့ကြချိန်မှာ အကပ်ဆုံးရှိနေသင့်သူဟာ မင်းသာ ဖြစ်ရမယ်။ ဘာဖြစ်လို့ လဲဆိုတော့ ငါ့ရင်ထဲက ချစ်ခြင်းမေတ္တာအကြောင်းကို ငါစတင် ထုတ်ဖော်ပြောကြား လို့ ပထမဆုံး နားထောင်ခွင့်ရသူကလည်း မင်းပေကိုး'

အရှင်သခင်၏ အမူတော်ကို မည်သို့သော နည်းလမ်းဖြင့်ပင်ရှိစေ အရေး အရာ ကုန်စင်အောင် ထမ်းရွက်ရမည်သာ ဖြစ်လေသည်။

'စစ်သည်တော် သူရဲကောင်းဝတ်စုံကို မဝတ်နဲ့။ လက်နက်တွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲမလာနဲ့။ ခါးချပ် ဒေးတိုလေးတစ်ချောင်းတောင် မပါစေနဲ့ မဟာသမန်း။ ဒါဟာ မေတ္တာလမ်းခရီးဖြစ်တယ်။ မင်းညီမင်းသားတစ်ပါးလိုပဲ မင်း ဝတ်စားဆင်ယင်ခဲ့ရမယ် ကြားလား'

'ဝတ်ဆင်ရမယ့် အရောင်အသွေးကိုပါ ရွေးချယ်ရပါဦးမလား ဘုရင်မင်းမြတ်'

ကျွန်ုပ်၏အမေး လျှောက်တင်ချက်ကို မင်းတရား နားလည်စွာဖြင့် ဖြေရယ်တော်မူကာ-

'ဟုတ်တယ်··အဖြူရောင်၊ ဘော်ငွေရောင် ဝတ်ဆင်ခဲ့ရမယ်'

စစ်သည်တော် သူရဲကောင်းအဖြစ် တစ်သက်တာလုံး ကြက်သွေးရင့်နီရဲရဲ ရေညှိစိမ်းညို့ညို့၊ နီလာရင့်ပြာလဲ့လဲ့ဝတ်စုံများကိုသာ ကိုယ်ကြပ်ဝတ်ရုံ ဆင်မြန်းခဲ့သော ကျွန်ုပ်သည် ဘော်ငွေရောင်ကို တစ်ခါမျှ မဆင်မြန်းခဲ့ဖူးပါ။

ယခုမူ မင်းတရားအမိန့်တော်ဖြင့် ဘော်ငွေရောင်ကို မဝတ်စဖူး ဝတ်ရလေတော့သည်။ သို့နှင့်အမျှပင် ကျွန်ုပ်၏ ကိုယ်ပေါ်မှ ဝတ်စုံအရောင် စတင်ပြောင်းလဲသွား သကဲ့သို့ ကျွန်ုပ်၏ကိုယ်တွင်းရှိ တစ်စုံတစ်ခုသည်လည်း ယခင်က တစ်ခါမှ မတွေ့ကြုံခဲ့ဖူးသော အသစ်ဖြစ်တည်မှုဖြင့် ပြောင်းလဲသွားမှုချေသည်။

စစ်စိတ် စစ်သွေးတို့ဖြင့်သာ အမြဲတစေ လှည့်ဝေစီးဆင်းနေသော ကျွန်ုပ်၏အသည်းနှလုံးသည် ယခုအခါ···



၅။

ဒွတ္တပေါင်မင်းတရားကြီး ကုမ္ဘဝတီ ပြည်တော်ဝင်ခန်းမှာ နတ်ဘုံနတ်နန်းကြီးတစ်ခု ကမ္ဘာမြေပြင်ပေါ်သို့ ရောက်ရှိလာသည်ဟု ထင်မှတ်ရလေသည်။ ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်းလုံးသို့ မင်းတရားနှင့်အတူ လိုက်ပါချီတက်ခဲ့သော ကျွန်ုပ်အဖို့ ရာဇမင်းတို့၏ ခမ်းနားကြီးကျယ်မှုသည် ထူးဆန်းသောကိစ္စ မဟုတ်တော့ပေ။ လုံးဆည်စကြာဖြင့် အခွန်အတုတ် ကောက်ခံစေပြီးနောက် သက်ဆိုင်ရာ ထီးဆောင်းမင်းတို့သည် သီရိခေတ္တရာနေပြည်တော်သို့ မင်းတရားဘုန်းရိပ်ခိုလှုံရန် ပဏ္ဏာဆက်သွင်း ဝင်ရောက်ခဲ့ခြင်းအခမ်းအနားများကို ကျွန်ုပ် ကြုံတွေ့ဖူးလှပေပြီ။ ကြီးကျယ်ခမ်းနားသော အဆောင်အယောင်နှင့် တကွသော မဟာအဘိသေက,ပွဲများကိုလည်း တက်ရောက်ဖူးလှပေပြီ။

သို့သော် ယခုတစ်ခါ ကုမ္ဘဝတီပြည်သို့ ဝင်ရောက်သည့် အခမ်းအနားမှာကား ကျွန်ုပ်တွေ့ကြုံဖူးသမျှ မင်းခမ်းမင်းနားတကာတို့ထက် ပို၍ကြီးကျယ်နေတော့သည်။ ကျွန်ုပ်တို့၏ သီရိခေတ္တရာတပ်မကြီးများကို မင်းတရားက အပြည့်စုံဆုံးနှင့် အတောက်ပြောင်ဆုံး အဆောင်အယောင်များဖြင့် တပ်ဆင်ရန် အမိန့်တော်ပြန်လိုက်သည်။

ထိုနည်းတူစွာ ကုမ္ဘဝတီပြည်ကလည်း အကောင်းဆုံးအခမ်းအနားဖြင့် မင်းတရားအား ကြိုဆိုရန် အသင့်ပြင်ထားကြသည်။ နှစ်ဘက်တပ်မကြီးများ ကိုင်ဆောင်ထားကြသော လက်နက်များသည် တိုက်ခိုက်ရန်၊ ခုခံရန်မဟုတ်ဘဲ အဆောင်အယောင်များသာ ဖြစ်သွားကြသည်။ နန်းမြို့တွင်းသို့ ဝင်ရာလမ်းတစ်လျှောက်၏ ဝဲယာ

www.burmeseclassic.com



တစ်ဘက်တစ်ချက်တွင် ကုမ္ဘဝတီမြို့သူမြို့သားများက အခြားအလပ်မရှိ ကြိုဆို နေကြသည်။ မင်းလမ်းမှ ဝင်ရောက်ကြသည့် ကျွန်ုပ်တို့ တပ်မများကို နံ့သာ ချောင်း၊ ပန်းမန်၊ အမွှေးအကြိုင်များဖြင့် ပက်ဖြန်းကြလျှင့် ဂုဏ်ပြုကြသည်။ ကျွန်ုပ် တို့ တပ်မများ၏အချက်ကျ စည်သံနှင့် ကုမ္ဘဝတီသားများ၏ သံပြိုင်ညီညာ တယေး ယေး ကြိုဆိုသံများသည် တစ်လှည့်စီ ဟိန်းထွက်နေကြသည်။

နန်းမြို့မုခ်မှတစ်ဆင့် နန်းတော်ဆောင်သို့ သွားရာလမ်းတွင်လည်း စောင်း ညင်း စည်ပတ်သာသံများဖြင့် ဖုံးလွှမ်းနေသည်။ အိမ်ရှင်တို့ ဆုပ်ကြဲပစ်လွှင့်လိုက် သော ပန်းများဖြင့် ကျွန်ုပ်တို့သွားရာ လမ်းတစ်လျှောက်လုံး ပြည့်သွားလိုက်သည် မှာ မြေပြင်ကိုပင် မမြင်ရတော့။ ကျွန်ုပ်တို့သည် ပန်းပွင့်များပေါ်မှ နင်းလျှောက်ကာ နန်းတော်လှေကားထစ်များဆီသို့ ရောက်ခဲ့ကြရသည်။ တောက်ပသော နေရောင်ခြည် အောက်ဝယ် ပန်းပေါင်းစုံတို့၏လှပသော အသွေးအရောင်များနှင့် လူတို့၏ ဝတ်စုံမှ ပြိုးပြိုးပြက်ပြက် ရွှေရောင်၊ ငွေရောင်များသည် ကောင်းကင်သို့ ရောင်ပြန်ဟပ်နေ ကြသည်။

'မဟာသမန်း··မင်း ငါ့အနားမှာပဲ အချိန်ပြည့်ရှိနေစေ'

နန်းတော် လှေကားထစ်များထက်သို့ တက်ခါနီး မင်းတရားက ကျွန်ုပ်ကို မကြည့်ဘဲ လှမ်းပြောလိုက်သည်။

တစ်လှမ်းချင်းတက်သွားသော ခြေလှမ်းများနောက်မှ တအိအိ လှုပ်ရှား နေသော မင်းတရားကြီး၏ ဝတ်စုံစရွှေပြား အနားရေးကြောင်းများကို သတိထား ကြည့်ရင်း ကျွန်ုပ်သည် မင်းတရားကြီး၏နောက်ပါးမကျတကျ အနေတော် အကွာ အဝေးမှ လိုက်ပါလာခဲ့သည်။

လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် နင်းတက်ခဲ့လေတိုင်း ဘာကြောင့် မှန်းမသိ ကျွန်ုပ်၏ရင်ထဲတွင် ထူးဆန်းသောဝေဒနာများ တရိပ်ရိပ်ဖြစ်ပေါ်နေသော သည်။ လှေကားထစ်များမှတစ်ဆင့် နန်းတော်မုခ်ဝဆောင်သို့ တက်ခဲ့သည့် ခြေလှမ်း တိုင်းတွင် ကျွန်ုပ်၏နှလုံးသွေးများသည် ညင်သာစွာ လှုပ်ခုန်လျက်ရှိသည်။ စိတ်ထဲ မှာမူ ကုမ္ဘဝတီ နန်းတော်ဆောင်ထဲသို့ ဝင်ရသည်ဟုမထင်ဘဲ လှပဆန်းကြယ်သော အိပ်မက်လောကတစ်ခုထဲသို့ တစ်စတစ်စ တိုးချဉ်းဝင်ရောက်ရမလို ဖြစ်နေသည်။ ထိုအိပ်မက်လောကသည် ဖမ်းစားညို့ယူမှုစွမ်းအားလည်း ကြီးလှပေသည်။





လှေကားထစ်များ ကုန်ဆုံးသွားသောအခါ ကျွန်ုပ်တို့သည် နီရဲသော မွေးပွ ကော်ဇောကြီးများ အပြည့်ခင်းထားသည့် စမုခ်ဦးရင်ပြင်သို့ ရောက်ရှိလာကြသည်။ အိပ်မက်ဘုံ၏ အထွတ်အထိပ်နေရာပင် ဖြစ်လေသလားမသိ။ ထိုမုခ်ဦးရင်ပြင်ဗဟို တွင် နတ်နန်းတမျှ ဆင်ယင်ခြယ်သထားသော နေရာတစ်ခုကို တွေ့လိုက်ရတော့ သည်။

မျက်နှာကြက် ဗိတာန်ဆီမှ ပုလဲကြိုးများက အဆိုင်းဆိုင်းတွဲကျလျက် ချွန်းချ တိုင်လုံးများတွင် ပတ္တမြားကျောက်များကို ထည့်သွင်းမြှုပ်နှံလျက် ငွေပြား ခတ် ဝရန်တာအနိမ့်၏ ပွတ်လုံးများတွင် နီလာများ စီသွယ်လျက် ပန်းပေါင်းစုံတို့ ဖြင့် အတိပြီးသော ရွှေအိုးကြီးများကို ဝဲယာချထားလျက်။

တင့်တယ်ခြင်းအပေါင်းတို့၏ အခေါင်အချုပ်ဖြစ်သော ထိုနေရာတွင် အတောက်ပြောင်ဆုံး ဝတ်ဆင်ထားသော မှူးမတ်ဗိုလ်ပါများက ဒူးတုပ်ခစားလျက် နေကြသည်။ မှူးမတ်ဗိုလ်ပါများအလယ် ရွှေပွင့်ဖော်နံရံနှင့် ကပ်လျက်နေရာတွင် သစ်ကနက်ထိုင်ခုံကြီးနှစ်ခု ခင်းထားသည်။ ထိုင်ခုံကြီးများမှာ နောက်မှီများ မြင့်မား ပြီး ကနုတ်ပန်းများ၊ ခြူးပန်းများဖြင့် အတင့်အတယ် စီရင်ထားသည်။ ထိုင်ခုံနှစ်ခု အနက် လက်ဝဲဘက်မှ ထိုင်ခုံမှာ လစ်လပ်လျက်ရှိပြီး လက်ယာဘက်ထိုင်ခုံပေါ် တွင်မူ–

ဂုဏ်သရေတကာတို့ စုဝေးနေသော ခမ်းနားသိုက်မြိုက်လှသည့် မိန်းမလှ တစ်ဦးသည် ထိုင်ခုံထက်တွင် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် ကျွန်ုပ်၏ရှေ့တွင်ရှိနေသော ဒွတ္တပေါင်မင်းတရားကြီး၏ ခြေလှမ်းများနှင့် တူရှုသို့ လျှောက်လာသည်။

ထိုမိန်းမလှကား ကုမ္ဘဝတီပြည်ကြီးရှင်၊ စကြာလေးပါး၏ အရှင်သခင် သနိးကေရီ ဘုရင့်မကြီးပေတည်း။

သစ်ကနက်ထိုင်ခုံမှ ထလျှောက်လာသော ကေရီဘုရင်မကြီးနှင့် ဒွတ္တပေါင် မင်းတရားတို့သည် မျက်နှာချင်းဆိုင်ရပ်မိကြပြီးနောက် စကားတစ်စုံတစ်ရာမဆိုဘဲ တိတ်ဆိတ်စွာ တစ်ဦးကိုတစ်ဦး ကြည့်နေကြသည်။ လက်နက်များကို ကိုင်ဆွဲ၍ အပ်ပယ် လှသော် မေတ္တာတမန်များဖြင့် ဈေးစပ်ဆက်သွယ်နှစ်ဦးတို့ ရင်ဆိုင်တွေ့နေကြပေပြီ။ ပြန်အလှန် အကြည့်များအောက်မှ တိတ်ဆိတ်ခြင်းသည် နက်ရှိုင်းသောအချစ်၏

www.burmeseclassic.com



သံစဉ်မဲ့ဂီတပင် ဖြစ်လေမည်လားမသိ။

'မောင်တော် ဘုရင်မင်းမြတ်၊ နေရာယူတော်မူပါ'

ဘုရင်မကြီးထံမှ နှုတ်ခွန်းဆက်သံက ဦးစွာပေါ်လာသည်။

'စစ်လက်နက် ယန္တရားများနဲ့ စတင်ခဲ့မိတဲ့ အပြုအမူကို နှမတော် ကျေအေး ခွင့်လွှတ်နိုင်လောက်ပြီလို့ မောင်တော် ထင်ပါတယ်'

'မေတ္တာဟာ အထိရောက်ဆုံးလက်နက် ဖြစ်ပါတယ် မောင်တော် ဘုရင်မင်းမြတ်'

ဘုရင်မက မင်းတရားအား ထိုင်ခုံဆီသို့ ခေါ်သွားသည်။ လစ်လပ်နေသော ထိုင်ခုံထက်တွင် မင်းတရားအား ဦးစွာထိုင်စေပြီးမှ ဘုရင်မက ဘေးထိုင်ခုံတွင် ဝင်ထိုင်သည်။ ဘုန်းသမ္ဘာရှင်နှစ်ဦးတို့၏ မပဟာဆန်သော မျက်နှာပြင်များထက်တွင် မေတ္တာ၏အရိပ်အငွေ့များဖြင့် ဝင်းပနေလေသည်။

ကျွန်ုပ်ကား အရှင်နှစ်ပါးနှင့် မနီးလွန်း မဝေးလွန်းသော နေရာတစ်ခုကို ရွေးချယ်ကာ ကုမ္ဘဝတီမှူးမတ်များကဲ့သို့ပင် ဒူးတုပ်ခစားနေလိုက်ရသည်။ အရှင်နှစ်ပါးတို့၏ နှုတ်ခွန်းဆက်စကားများကို တစ်ချက်တစ်ချက် ကြားရသည်။ နှစ်မြို့က် ရှင်လန်းသော ရယ်သံများလည်း ညင်သာစွာ လွင့်ဝဲလာသည်။

'သီရိခေတ္တရာနဲ့ ကုမ္ဘဝတီဟာ နှစ်ပြည့်တစ်ပြည်ဖြစ်ဖို့ အခွင့်လမ်းပွင့်သွားပြီ နှမတော်။ နောင်အခါမှာ နှစ်ဖက် သံကြီးတမန်ကြီးများဟာ အပြန်အလှန် ကူးလူးဆက်ဆံကြရတော့မယ်။ သို့သော် အခုလို ပထမဆုံးအကြိမ် တွေ့ဆုံခြင်းမှာ မောင်တော်နဲ့အတူပါရှိလာတဲ့ မောင်တော်လက်စွဲ သစ္စာရှိလူယုံတော် အမှုထမ်းကြီးများနဲ့ ဦးစွာတွေ့ဆုံပေးချင်ပါတယ်'

'ဟုတ်ပေတာပေါ့ မောင်တော်··နှမတော်ကလည်း ဒီစမုန်ဦးရင်ပြင်မှာ အခုရှိနေတဲ့ လက်ရွေးစင်မှူးမတ်များနဲ့ တွေ့ဆုံပေးပါမယ်'

အိမ်ရှင်ဖြစ်သော ဘုရင်မက ဦးစွာ တွေ့ဆုံမိတ်ဆက်ပေးသည်။ အမည်နာမနှင့် ရာထူးဌာနန္တရများကို တွဲဖက်၍ ခေါ်လိုက်တိုင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်က ဦးညွှတ်မိတ်ဆက်ကြသည်။ ကုမ္ဘဝတီအလှည့်ပြီးသောအခါ သီရိခေတ္တရာအလှည့်။

'သူရဲကောင်းကြီးခုနစ်ယောက်အနက်မှာ အသက်အငယ်ဆုံး၊ ရဲစွမ်းသတ္တိ အရှိဆုံး လက်ရုံး နှလုံးအထက်မြက်ဆုံးနဲ့ မောင်တော်ရဲ့ အရင်းအချာ အကျွဆုံး၊





လက်စွဲ လူယုံသူရဲကောင်းကို နောက်ဆုံးကျမှ မိတ်ဆက်ပေးလိုတယ်။ သူကတော့ ယောပကိုမှာ ထိုင်နေတဲ့ မဟာ့သမန်းကြီးပဲ နှမတော်'

ကျွန်ုပ် ဦးညွှတ် နှုတ်ဆက်ရသည်။

'သီးသန့်ထူးခြားသူအဖြစ်နဲ့ မဟာသမန်းကို မောင်တော်က နောက်ဆုံးကျမှ မိတ်ဆက်ပေးသလိုပဲ နှမတော်မှာလည်း စောစောက မိတ်ဆက်ပေးတဲ့အထဲမှာ မထည့်သွင်းဘဲ တမင်ချွင်းချန်ထားသူတစ်ဦး ရှိနေပါသေးတယ်။ သူ့ကို အခု မိတ်ဆက်ပေးပါရစေ။ ဖူးမြော်ခစားခွင့်ပြုပါ မောင်တော်ဘုရင်မင်းမြတ်'

'ကောင်းပါပြီ နှမတော်'

'မောင်တော့်မဟာသမန်းလိုပဲ၊ အခု အခစားဝင်မယ့်သူဟာ နှမတော်ရဲ့ အရင်းအချာအကျွဆုံး လက်စွဲ လူယုံတော်ဖြစ်ပါတယ်။ သို့သော် ဘုရင်မရဲ့ လက်စွဲမို့ မောင်တော်မဟာသမန်းလိုတော့ သူရဲကောင်းလို့ မခေါ်နိုင်ပေဘူး မောင်တော်။ ဒါပေမဲ့ သူဟာ နှမတော်အတွက် အသက်ရှင်နေသူလို့ ဆိုရလောက်အောင် သစ္စာကြီးမားသူ ဖြစ်ပါပေတယ်'

'နှမတော်ကိုယ်တိုင် အထူးတလည် ညွှန်းဆိုနေတဲ့ အဲဒီသစ္စာရှိ လူယုံတော်ကို မောင်တော်တို့ တွေ့ချင်နေပြီ နှမတော်'

'တွေ့ပါရစေမယ် မောင်တော်၊ ယောမာရေ··ယောမာစန္ဒီ'

ထွားကျိုင်းသော မင်းလုလင်တစ်ဦး (သို့မဟုတ်) ငယ်နုသော သူရဲကောင်းယောက်ျားတစ်ဦး (သို့မဟုတ်) တည်ငြိမ်သော မှူးမတ်မင်းမျိုး၊ မင်းလွင်တစ်ဦးအဖြစ် မျှော်လင့်ထားခဲ့မိသော ကျွန်ုပ်မှာ ယောမာစန္ဒီ ဟူသောခေါ်သံကြောင့် အံ့အားသင့်သွားရလေသည်။ ထိုထက်မူ ဘုရင်မ၏ ညင်သာသောခေါ်သံနှင့်အမျှ တစ်ဘက်တင်းတိမ်မှထွက်လာသော သဏ္ဌာန်ကို တွေ့လိုက်ရသောအခါတွင်ကား-

ကုမ္ဘဝတီနန်းမြို့တွင်းသို့ စတင်ဝင်ရောက်ချိန်မှ အစပြု၍ တစ်ချိန်လုံး တွေ့ခဲ့ရလေသော ခမ်းနားကြီးကျယ်မှုဟူသမျှသည် ရုတ်ခြည်းပင် ညှိုးမှိန်သွားကြသည်။ တောက်ပြောင်မှု အားလုံးသည်လည်း ပြယ်လွင့်သွားကြလေသည်။

ယောမာစန္ဒီ··ယောမာစန္ဒီ··။

သူ ရောက်ရှိလာပုံကား ပန်းပွင့်လေးတစ်ပွင့် ကောင်းကင်ယံမှ အသာအသာ ဝဲလှည့်ပျံသန်း ခုန်ဆင်းလာပုံမျိုးဖြစ်သည်။ သို့မဟုတ် နှင်းရည် စက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ခု ပေါက်ခန့်ကျဆင်းလာပုံမျိုး ဖြစ်သည်။ သို့မဟုတ် ညင်းညင်းတွဲတွဲ တေးသံလေးတစ်ခု လွင့်လူးထိုးဖောက်လာပုံမျိုး ဖြစ်သည်။ အို..နူးညံ့ညင်သာမှု အားလုံးတို့ အထက်တွင် ဖူးဖူးမြမြရှိနေလေသော သိမ်မွေ့နက်ရှိုင်းမှုပင် ဖြစ်တော့ သည်။

မင်းတရားနှင့်တကွသော သီရိခေတ္တရာမျှူးမတ်ဗိုလ်ပါတို့၏ တောက်ပြောင် ခမ်းနားမှု၊ ဘုရင်မနှင့်တကွသော ကုမ္ဘဒေဝီမှူးမတ်တို့၏ မြင့်မြတ်ကြီးကျယ်မှု ခပ်သိမ်းတို့သည် သူ..ဟောမာစန္ဒီ၏ ခြေလှမ်းများတွင် ပျောက်ကွယ်သွားကြသည်။ တစ်လောကလုံးတွင် အရာခပ်သိမ်းတို့ ကွယ်ပသွားပြီး 'ဟောမာစန္ဒီ'တစ်ဦးတည်း သာ ရှိနေသည်။

ဟောမာစန္ဒီသည် သူ့သခင်မအနီးမှနေ၍ မင်းတရားဘက်သို့ ဒူးထောက် ဦးညွှတ် အရိုအသေပြုနေသည်။ မဆိုစလောက် ကိုယ်ကို ကိုင်းညွှတ်လိုက်သော သူ့အသွင်ကား ကနုတ်ပန်းဆန်လှချေသည်။ တိုကျရှင်းလင်းသော သူ့အလှတွင် မိန်းမသားတို့၏ခွန်အားကို ကျွန်ုပ်တွေ့လိုက်ရသည်။ အပြင်သို့ ထွက်ကျမလာသော အသံများဖြင့် သူ့ကို ကျွန်ုပ် စကားတွေ ပြောနေမိသည်။ နှုတ်မှ မလွှပ်ဘဲ 'ဟောမာ စန္ဒီ' ဟု ကျွန်ုပ် အဆက်မပြတ် ခေါ်နေမိသည်။

ဟောမာစန္ဒီမူကား ကောင်းကင်မှ သက်ဆင်းလာသော နတ်မိမယ်တစ်ပါးလို တည်ငြိမ်ရင့်ကျက်စွာ သူ့သခင်မအနီးတွင် ထိုင်လိုက်လေသည်။ သူ့အသွင်မှာ ဤကမ္ဘာလောကတွင် သူ့သခင်မမှတစ်ပါး မည်သူ့မျှမရှိဟူသော အဓိပ္ပာယ်မျိုး ကို ဆောင်နေသည်ဟု ကျွန်ုပ်ထင်သည်။ ဘုန်းတန်ခိုးအာနုဘော် ကြီးကျယ်လှစွာ သော ဒွတ္တပေါင်မင်းတရားကြီး၏ ရှေ့တော်မှောက်မှာပင်လျှင် သူသည် အေးစက် နက်ရှိုင်းနေသည်။ နေရာလပ်မရှိသော အလှတရားများနှင့်အတူပင် မာနအရိပ်အရောင် များကိုလည်း တွေ့နေရသည်။ သူ၏ နူးညံ့ညင်သာမှုနောက်ကွယ်တွင် အမျိုးအရောင် မဖော်ပြနိုင်သော လျှို့ဝှက်မှုများ ပုန်းအောင်းနေတော့သည်။

'မောင်တော်ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်ဗိုလ်ပါသူရဲကောင်းများ အနား ယူ အပန်းဖြေတော်မူလိုကြပြီနဲ့တူပါတယ်။ အနားယူဖို့အတွက် ဥတ္တရနန်းဆောင် မှာ အသင့်စီစဉ်ထားပါတယ် မောင်တော်'

ဘုရင်မ၏အသံကြားရတော့မှပင် အထွေထွေ အထူးထူး တိမ်းမူးလွင့်ပါး





နေသော ကျွန်ုပ်၏ အတွေးစများ ချုပ်ငြိမ်းသည်။

'မောင်တော်တို့က ဧည့်သည်တွေဖြစ်ပါတယ်။ အိမ်ရှင်မရဲ့ အစီအမံအတိုင်း လိုက်နာရပေမှာပေါ့ နှမတော်'

ကျွန်ုပ်တို့အားလုံး ဥတ္တရနန်းဆောင်ဘက်ဆီသို့ ထွက်ခွာခဲ့ကြသည်။ မင်း တရားနောက်ပါးမှ လိုက်ပါထွက်ခွာကာနီးတွင် ကျွန်ုပ်သည် ဟောမာစန္ဒီရှိရာသို့ တစ်ချက်ဝင့်ကြည့်လိုက်မိလေသည်။

အို..မျက်လွှာချထားသော အလှတွင် အသိရခက်သော လျှို့ဝှက်သိပ်သည်း ခြင်းများသာ အတိပြီးလျှက်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com

၆။

'သူရဲကောင်း မဟာသမန်း..သခင်မ ရှေ့တော်မှောက်ကို ဝင်နိုင်ပါပြီး ကျွန်မနဲ့အတူ လိုက်ခဲ့ပါ'

ပြုံးရယ်ခြင်းကင်းသော မျက်နှာ၊ ဖော်ရွေခြင်းမရှိသောလေသံဖြင့် ဟောမာစန္ဒီသည် ရှေ့မှ လှည့်ထွက်နှင့်လေသည်။

လေးလံသော သက်ပြင်းတစ်ချက်ရှိုက်လျက် သူ့နောက်မှ ကျွန်ုပ် လိုက်ခဲ့သည်။ ပိသနိုးကေရီဘုရင်မ၏ နန်းဦးဆောင်ရောက်အောင် ပန်းဥယျာဉ်နှစ်ခုနှင့် စင်္ကြံလမ်းသုံးသွယ်တို့ကို ကျွန်ုပ် လျှောက်သွားကြရဦးမည်ဖြစ်သည်။

တိမ်ရိပ်တစ်ခု လွင့်မျောသွားသလို ရှေ့မှ သွားနှင့်သော ဟောမာစန္ဒီ၏နောက်မှ လိုက်ခဲ့ရင်း အကောင်းဆုံး စကားလုံးများကို ကျွန်ုပ် စဉ်းစားလာခဲ့သည်။

ကျွန်ုပ်၏မင်းတရားနှင့် ပိသနိုးဘုရင်မတို့နှစ်ပါး တွေ့ဆုံခွေးနွေးခဲ့ကြသည်မှာ ရေတွက်လျှင် ခုနစ်ကြိမ်ရှိခဲ့ပေပြီ။ ကုမ္ဘဝတီပြည်သို့ ပထမဆုံးကြွရောက်ခဲ့သည်မှစ၍ ရေတွက်လျှင် လေးလကြာမြင့်ခဲ့လေပြီ။ မင်းတရားသည် ဂီရိမေခလာဆင်ပျံတော်ကိုစီးနင်းလျက် ကုမ္ဘဝတီသို့ လစဉ်လတိုင်း ကြွခဲ့သည်။ ထိုသို့ ကြွရောက်တိုင်းလည်း မင်းတရား၏ လူယုံတော်အဖြစ်လည်းကောင်း၊ ကိုယ်ရံတော်အဖြစ်လည်းကောင်း ကျွန်ုပ်လိုက်ပါခဲ့ရခြင်းသာဖြစ်သည်။ ထို့ကြောင့် သီရိခေတ္တရာနှင့် ကုမ္ဘဝတီနှစ်ပြည့်အကြားတွင် အသွားအလာ၊ အရောက်အပေါက် ကူးလူးဆက်ဆံမှု အများဆုံးမှာ ကျွန်ုပ်သာဖြစ်သည်။ ယခုနောက်ပိုင်းတွင် မင်းတရားသည် ကိုယ်တော်





တိုင် မလိုက်နိုင်သောအခါများ၌ ကျွန်ုပ်ကိုသာ သံတမန်အဖွဲ့၏ အကြီးအမှူးအဖြစ် လွှဲအပ်ခန့်ရောက်၍ အမှုတော်ထမ်းစေသည်။

ယင်းသို့အားဖြင့်ပင် ကျွန်ုပ်သည် သီရိခေတ္တရာနှင့် ကုမ္ဘဝတီပြည်အကြား၊ သို့မဟုတ် ဒွတ္တပေါင်မင်းတရားနှင့် ပိသနိုးကေရီဘုရင်မတို့အကြားတွင် နှစ်ပြည်ထောင် အသိအမှတ်ပြု ချစ်ကြည်ရေးတမန်တော်ကြီးအဖြစ်သို့လည်း ရောက်ခဲ့သည်။

ကုမ္ဘဝတီ နန်းတွင်းအမှုထမ်းများကလည်း ကျွန်ုပ်ကို ခင်မင်ရင်းနှီးလာကြသည်။ ပိသနိုးဘုရင်မ ကိုယ်တော်တိုင်ပင်လျှင် ကျွန်ုပ်အား မောင်ငယ်တစ်ယောက်အသွယ် ပွင့်လင်းစွာပြောဆိုလာသည်။

သို့သော် ကုမ္ဘဝတီ၏ တစ်ခုသော တံခါးချပ်ကား ကျွန်ုပ်အတွက် ပိတ်ဆို့ရင်းမာပိတ်ဆို့လျက် စိမ်းကားလျက် ရှိနေချေသည်။

ဟောမာစန္ဒီ...။

ဘုရင်မ၏ အထူးလူယုံတော်အဖြစ် ခစားရသော ဟောမာစန္ဒီသည် မင်းတရား၏လူယုံတော်အဖြစ် အကြိမ်ကြိမ်လာရောက်နေရသော ကျွန်ုပ်နှင့် အလုပ်သဘောချင်းအရ အထိအတွေ့ အဆက်အဆံလည်း အများဆုံးဖြစ်နေသည်။ သို့သော် ဟောမာစန္ဒီအား ကျောက်တုံးတစ်တုံးကို ထုလုပ်အသက်သွင်းထားသည့် မိန်းမလှတစ်ယောက်ဟုသာ ထင်မိတော့သည်း။

သို့တစေ ထိုမျှပကာတိ အေးစက်တင်းမာနေသည့် နှလုံးသားကိုမှ ကျွန်ုပ်သည် စုံမက်မြတ်နိုးနေမိတော့သည်။ ပြုံးရယ်ဖော်ရွေခြင်း အလျှဉ်းကင်းသော သူ့ဆက်ဆံမှု၏ မာကျောခြင်းကိုပင်လျှင် ကျွန်ုပ်သည် အဖိုးတန်ကျောက်မျက်တစ်လုံး၏ မာကျောခြင်းပမာ တန်ဖိုးထားမိနေသည်။

သူ၏ နွေးထွေးသော စကားတစ်ခွန်း သို့မဟုတ် အပြုံးတစ်စကို ရရှိနိုင်ရန် အခွင့်ကြုံတိုင်း ကျွန်ုပ် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာပင် ဖြစ်သည်။ ပတ္တမြားကျောက်လုံးထံမှ နီစွေးသောချိပ်ရည်များရရှိအောင် ကြိုးစားနေသော သူမိုက်တစ်ဦးနှင့်ခြား ကျွန်ုပ်သည် ပြုမူနေခဲ့မိလေသည်။ သို့သော်လည်း အချစ်၏အင်အားတော်ကြောင့်လားမသိ တစ်စုံတစ်ရာ အကျိုးရလဒ် မပေါ်ထွက်သော ထိုကြိုးစားမှုများဖြင့်ပင် ကျွန်ုပ်သည် ပျော်ရွှင်နေမိသည်။ ဟောမာစန္ဒီအတွက်ဆိုလျှင် ကျွန်ုပ်သည် ဘယ်တော့မှ ငြီးငွေ့အားလျော့လိမ့်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်၏ ကွေ့ထောင့်တစ်ခုသို့ ကျွန်ုပ်တို့ ရောက်လာကြသည်။

သော်ကပန်းရုံများကို ဖြတ်ပြီးသည့်နောက်တွင် ဥဒေါင်းနှင့်ဟင်္သာများ လှပစွာ ပျော်မြူးကျက်စားနေကြသည့် ရေကန်တစ်ကန်၏ ခုံးတံတားကို စတင်တက်ကြရသည်။ ပန်းပေါင်းစုံတို့၏ ရနံ့ဖြင့် ဥယျာဉ်တစ်ခုလုံး မွှေးပျံ့နေသည်။

သာယာလှသော ဤနေရာဝယ် ကျွန်ုပ်သည် အေးစက်တင်းမာလွန်းသော မိန်းမလှတစ်ဦးနှင့်အတူ တိတ်ဆိတ်စွာ လျှောက်နေရလေသည်။

'ဟေမာစန္ဒီ…'

လုံးဝန်းပြည့်တင်းသော သူ့ပခုံးများကိုကြည့်ရင်း ကျွန်ုပ်၏ရင်မှာ လှိုက်ခုန်လာသည်။ ဘုရင်မ၏ နန်းဦးဆောင်သို့သွားသော ဤခရီးကို မကုန်မဆုံးနိုင်သော ခရီးရှည်ကြီးတစ်ခု ဖြစ်စေချင်စမ်းသည်။ သို့သော် နောက် ပန်းဥယျာဉ်တစ်ခုကို ဖြတ်ကျော်ပြီးလျှင် နန်းဦးဆောင်သို့ ရောက်တော့မည်ဖြစ်သည်။ ထို့ကြောင့် ကြွင်းသမျှ အချိန်လေးအတွင်းတွင် သူနှင့်စကားပြောခွင့်ရအောင် ကျွန်ုပ် ကြိုးစားလိုက်လေသည်။

'ဟေမာစန္ဒီ…ဒီနေရာမှာ ခဏလေး ရပ်နားကြရအောင်လား'

ရေကန်ကိုဖြတ်သော ခုံးတံတားအလယ်တွင် သူ့ကို ကျွန်ုပ်စကားစလိုက်သည်။ သူသည် ယန္တရားစက်ကို ပိတ်လိုက်သောအရုပ်တစ်ခုအလား ရှေ့က လျှောက်နေရာမှ တုံ့ခနဲ ရပ်လေသည်။ ကျွန်ုပ်၏တောင်းဆိုမှုကို လိုက်လျောခြင်းဖြစ်သဖြင့် ရင်ထဲ၌ ဝမ်းသာကြည်နူးမှုများ ဖြစ်ပေါ်ရသည်။

'မင်းတရားကြီးရဲ့ တမန်တော်အဖြစ်နဲ့ ဒီကုသမ္ဗဝတီပြည်ကြီးကို ကျုပ်ရောက်လာခဲ့တာ၊ ဒါဟာ အဌမအကြိမ်ပဲ ဟေမာစန္ဒီ။ ကျုပ်တို့ရဲ့ မင်းတရားနဲ့ ဟေမာစန္ဒီတို့ရဲ့ သခင်မတို့နှစ်ပါး မေတ္တာတော်မျှကြခြင်းဟာလည်း လေးလကြာမြင့်ခဲ့ပြီ။ အခုဆိုရင် သီရိခေတ္တရာနဲ့ ကုသမ္ဗဝတီတို့ဟာ နှစ်ပြည့်တစ်ပြည်လို့တောင် ခေါ်နိုင်ပါပြီ။ နွေးထွေးတဲ့ မေတ္တာရနံ့တွေဟာလည်း နှစ်ပြည့်တစ်ပြည် အပြန်အလှန် ကူးယှက်ခိုးဆင်းနေကြပြီမဟုတ်လား ဟေမာစန္ဒီ'

လက်ဝဲဘက်သို့လှည့်၍ ခုံးတံတား လက်ရမ်းကို သူ ဆုပ်ကိုင်သည်။ အားဘိုက်မြင့်နေရသော သူ့အလှကို မြတ်နိုးခြင်းကြီးစွာ ကျွန်ုပ် တစိမ့်စိမ့်ကြည့် ငေးနေမိလေသည်။





'ဒါပေမဲ့…ဟေမာစန္ဒီ၊ မေတ္တာဓာတ်တွေနဲ့ အပြန်အလှန်ကူးပျံ့နေတဲ့ ဟောဒီ ကုသမ္ဗဝတီမှာ ကျုပ်အတွက် တစ်ခုသောတံခါးတစ်ချပ်ကတော့ စိမ်းကားစွာ ပိတ်ဆို့နေတာကို ကျုပ်တွေ့နေရပါတယ်။ မင်းတရားကြီးနဲ့ ကေရီဘုရင်မကြီးတို့ ကိုယ်တော်နှစ်ပါးသော်မှပင် နွေးထွေးလှိုက်လှဲစွာ ချစ်ကြည်နေချိန်မှာ ကုသမ္ဗဝတီနန်းတော်ထဲက တစ်ဦးသောသူကတော့ ပကတိအေးစက်မာကျောနေတာကို ကျုပ်တွေ့နေရတယ်'

လေပြည်တစ်ချက်အသုတ်တွင် သူ့ပခုံးပေါ်မှ ရွှေကျင်ခတ်ပဝါမြိတ်စ,သည် လှပစွာ လူးလွန့်သွားသည်။ သူကိုယ်တိုင်ကမူကား မည်သို့မျှ လှုပ်ရှားခြင်းမရှိ။

ချစ်သူကို ချစ်မြတ်နိုးစွာကြည့်ရင်း ကျွန်ုပ်၏ ရင်ထဲ၌ ငယ်သူတို့၏မာန၊ မဟာသမန်းဟူသော သူရဲကောင်းတစ်ဦး၏မာနများ တလိပ်လိပ်တက်ကြွလာသည်။ ချစ်သူအား ချစ်စကားဆိုခြင်းသည် စစ်ပွဲတစ်ရာကို တိုက်ခိုက်ခြင်းမဟုတ်သော်လည်း စစ်ပွဲ၏သေနင်္ဂလိုပင် အတိအလင်း ဖွင့်လှစ်မှပင် ဖြစ်တော့မည်ဟု ကျွန်ုပ်ထင်လာသည်။ သူ့ထံမှ တုံ့ပြန်မေတ္တာကို ရရှိနိုင်ရေးအတွက် ကျွန်ုပ်သည် မည်သည့်သေနင်္ဂကိုပင် သုံးရ,သုံးရ နောက်မဆုတ်တမ်း ရှေ့တိုးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'ဟေမာစန္ဒီ…'

သူ့အနီးသို့ ခြေတစ်လှမ်းစာမျှ ကျွန်ုပ်သည် ချဉ်းကပ်လိုက်သည်။

'မင်းကို ကျုပ် ပြောမပြနိုင်အောင် ချစ်မြတ်နိုးမိတယ်။ ကုသမ္ဗဝတီကို ပထမဆုံးလာရောက်တဲ့အချိန်၊ မင်းနဲ့ ကျုပ်ကို မင်းတရားကြီးနဲ့ ဘုရင်မကြီးတို့က အပြန်အလှန် မိတ်ဆက်ပေးခဲ့စဉ် မင်းကို ပထမဆုံး မြင်တွေ့စကတည်းက မင်းကို ကျုပ် ချစ်ခင်စွဲလမ်းခဲ့ရတယ်။ ဒါကို မင်းလည်း သိပါတယ်။ အချစ်ဆိုတဲ့ စကားကို ကျုပ်ရဲ့နှုတ်က အခုမှ ထုတ်ဖော်ဖွင့်ဟလိုက်ပေမယ့် ကျုပ်ရဲ့အပြုအမူ အပြောအဆိုတွေကို ထောက်ပြီး မင်းအပေါ် ကျုပ်စွဲလမ်းချစ်ခင်နေတာကို မင်းသိပြီးဖြစ်ပါလိမ့်မယ် ဟေမာစန္ဒီ'

ကျွန်ုပ်ပြောတတ်သမျှ ချစ်စကားများကား ပြင်းထန်နေမည်လား မသိ။ ဟေမာစန္ဒီကမူ မတုန်မလှုပ်၊ မရွေ့မလျားပင်။

သူ၏ သင်းပျံ့သော ကိုယ်သင်းနံ့ကို ရှူရှိုက်ရရှိနိုင်လောက်သည်အထိ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



နီးကပ်စွာ တိုးဝင်သွားလိုက်သည်။

'ဟောမာစန္ဒီ..မင်းကို ချစ်မြတ်နိုးမိကြောင်း ကျုပ် အခု ဖွင့်ဟပြောလိုက်ပြီ။ အခု မင်းရဲ့မေတ္တာကို တောင်းခံတဲ့စကား ကျုပ်ပြောရမှာဖြစ်ပေမယ့် ဒီတောင်းခံစကားကို ကျုပ်မပြောသေးဘူး ဟောမာစန္ဒီ။ အချစ်ကိုတောင်းခံတဲ့ စကားအစား ကျုပ် အခု ပြောချင် မေးချင်တာကတော့ မင်းဘာကြောင့် ကျုပ်အပေါ် ဒီလောက် အထိ စိမ်းကားတင်းမာနေတာလဲဟင်။ ဒီလောက်လှတဲ့ အလှတရားကို ဘာကြောင့် ဒီလောက် ထူထဲခိုင်ခံ့တဲ့ ဣန္ဒြေသံကိုယ်ကျပ်ကြီးနဲ့ ဖုံးကွယ်ထားရတာလဲ။ ကျုပ် ဒါကိုပဲ ဦးစွာသိချင်ပါတယ် အချစ်ရယ်'

ပျောင်းအိတိမ်းညွှတ်သော နှလုံးသားဆီမှ 'အချစ်ရယ်' ဟူသော စကား အသုံးအနှုန်းကို ကျွန်ုပ်အလိုလို ရွတ်ဆိုမိသွားလေသည်။ ကျွန်ုပ်၏အသံမှာလည်း လှုံသွားနှင့် မြားတံများ နေရာလပ်မရှိ စူးဝင်စိုက်စွဲခြင်းခံရသော ခြင်္သေ့ကြီး တစ်ကောင်၏ အော်ဟစ်ဟိန်းဟောက်လိုက်သံမျိုးနှင့်တူနေကြောင်း သတိထားမိသည်။

'ပြောစမ်းပါ ဟောမာစန္ဒီ..တစ်ခုခု ပြောလိုက်စမ်းပါ။ ဘာကြောင့် မင်းနှလုံး သားတွေဟာ ကျောက်စိုင်ကျောက်ခဲတွေလို အေးစက်တင်းမာနေကြတာလဲ။ သိပ် လှတဲ့ မင်းမျက်လုံးတွေဆီက ဘာကြောင့် စိမ်းကားတဲ့ အခိုးအလျှံတွေကို လွှတ် ထုတ်နေရတာလဲ။ သိပ်လှတဲ့ မင်းနှုတ်ခမ်းမြွာတွေဟာ ဘာကြောင့် ယန္တရားစက် တပ်ဆင်ထားတဲ့ ကျောက်ဂူကြီးလို ပိတ်ဆို့နေရတာလဲ။ တစ်ခုခု ပြောလိုက်စမ်းပါ ဟောမာစန္ဒီ။ မင်းအပေါ် သိပ်ချစ်မြတ်နိုးတဲ့ မဟာသမန်းကို မင်းတစ်ခုခု ပြောလိုက် စမ်းပါ။ အို..နောက်ဆုံး မဟာသမန်း..ရှင့်ကို ကျွန်မ မုန်းတယ်ဆိုတဲ့ စကားလုံး ပဲဖြစ်ဖြစ် ပြောလိုက်စမ်းပါ ဟောမာစန္ဒီရယ်..ကျုပ်လေ..'

သည်းထန်လှိုက်လှဲလွန်းသဖြင့် ကျွန်ုပ်မှာ စကားလုံးများ ပျောက်ဆုံးနေ သည်။

'ကျုပ်လေ..မင်းဆီက ဥပေက္ခာပြု၊ စိမ်းကားလွန်းတဲ့ တုံ့ပြန်မှုအစား မုန်း တယ်ဆိုတဲ့ စကားလုံးကိုပဲရရ ကျုပ် ခံယူလိုက်ပါမယ်။ ချစ်သူဆီက အမုန်း တုံ့ပြန်ချက်ဟိုတော့ ကျုပ်မြတ်နိုးစွာ ခံယူလိုက်ပါမယ် ဟောမာစန္ဒီ'

ချစ်သူထံ ချစ်စကားဆိုပြီးနောက် ချစ်ခြင်းအဖြေကို မတောင်းခံတော့ဘဲ အမုန်းကိုပဲရရဟု တောင်းခံနေသောအဖြစ်။ အို..ကျွန်ုပ်ကိုယ် ကျွန်ုပ်လည်း ဘာ





ဆွေ ပြောမိနေမှန်းမသိတော့။

ဟောမာစန္ဒီ၏မျက်တောင်ကော့ကြီးများ တစ်ချက်နှစ်ချက် ပုတ်ခတ်လိုက် သည်ကို တွေ့ရသည်။ လှပသော နှုတ်ခမ်းမြွာများလည်း လှုပ်ရှားလာသည်။ ထို နှုတ်အစုံတို့မှ 'မဟာသမန်း..ရှင့်ကို ကျွန်မ မုန်းတယ်' ဟူသော စကားလုံးများ ထွက်လာမည်လားဟု ကျွန်ုပ် စောင့်ကြည့်နေမိသည်။

ရွှန်းလက်သော မျက်ဝန်းများတွင် အသိရခက်သော အခိုးအငွေ့များ ဖွဲ့ ထုတ် သွားသည်ဟု ကျွန်ုပ်ထင်သည်။ တစ်ခုခုပြောရန် သူ အားထုတ်နေပုံရသည်။ ပြောလိုက်စမ်းပါ ဟောမာစန္ဒီ။ တစ်ခုခုပြောလိုက်ပါ။ ရှင့်ကိုမုန်းတယ်လို့ပဲ ဖြစ်ဖြစ် ပြောလိုက်စမ်းပါ။

ထိုတဒင်္ဂကို ကြာမြင့်စွာစောင့်ဆိုင်းနေရပြီးသည့်နောက်၌ ဟောမာစန္ဒီထံမှ အသံထွက်ပေါ်လာလေသည်။

'သခင်မဖုရားရဲ့ နန်းဦးဆောင်ဆီကို သွားကြပါစို့ မဟာသမန်း'

တိမ်လွှာမျှင်တစ်ခုအလားပင်။ သူ တစ်ဘက်သို့လှည့်ပြီး ကျွန်ုပ်ရှေ့မှ ထွက် ခွာ ရွေ့လျားသည်။ နာကျင်စွာ မအော်ဟစ်မိလိုက်စေရန် မိမိကိုယ်မိမိ ထိန်းချုပ် ပြီး ကျွန်ုပ်လည်း သူ့နောက်မှ လိုက်ခဲ့တော့သည်။

ချစ်သူရယ်.. 'မုန်း' ဆိုသော စကားလုံးကိုတောင်မှ တုံ့ပြန်ပေးအပ်ခြင်း မပြုနိုင်တော့ဘူးတဲ့လား ဟောမာစန္ဒီရယ်...။



www.burmeseclassic.com

www.burmeseclassic.com

ရ။

ကျွန်ုပ်နှင့် ပောမာစန္ဒီတို့၏ အခြေအနေက ထိုသို့ပင် အမှောင်တိုက်ကြီးထဲမှ မလူးမလွန့်သာရှိနေသော်လည်း မင်းတရားနှင့် ကေရီဘုရင်မတို့ မင်းနှစ်ပါးမှာကား ရွှေလမ်းငွေလမ်း ပွင့်လာခဲ့ကြပေသည်။

မင်းတရားက ဘုရင်မအား သီရိခေတ္တရာသို့ ခေါ်တော်မူရာ မူလက ဘုရင်မသည် ငြင်းဆန်ခဲ့သည်။ တိုင်းပြည်ကြီးတစ်ပြည်ကို ပိုင်စိုးအုပ်ချုပ်နေသော ဘုရင်မတစ်ပါးအဖြစ် အခြားသော မင်းတစ်ပါးလက်အောက်တွင် မနေလိုပါဟု အကြောင်းပြန်လိုက်သည်။ ထို့နောက် ကမ္ဘောဝတီနှင့် သီရိခေတ္တရာ နှစ်ပြည်လုံးကို အစိုးရခွင့်ပြုပါက လိုက်ပါမည်ဟု ဘုရင်မက ဆက်လက်တောင်းဆိုရာ မင်းတရားကြီးက နှစ်ပြည်လုံးကို အစိုးရစေပါမည်ဟု လိုက်လျောတော်မူခဲ့လေသည်။ သို့တိုင်အောင် ဘုရင်မကြီးသည် နောက်ထပ်ခုနစ်လ၊ ခုနစ်ရက်တိုင် အချိန်တောင်း စဉ်းစားခဲ့သည်။ နောက်ဆုံး ထိုကာလလည်း ကုန်ဆုံးလွန်မြောက်ခဲ့သည်။

သို့သော် ထိုသို့ စောင့်ဆိုင်းကုန်ဆုံးခဲ့သော ကာလများတစ်လျှောက်တွင် မင်းတရားနှင့် ဘုရင်မတို့၏ ချစ်ခြင်းမေတ္တာမှာကား အချိန်နှင့်အမျှ ရင့်ကျက်မြင့်မားလာကြချေသည်။ သို့ဖြင့်ပင် ဘုရင်မအနေဖြင့် သီရိခေတ္တရာသို့ လိုက်ပါတော်မည့်အခဆင့်သို့ ရောက်လာခဲ့လေသည်။

ဘုရင်မထံမှ ထိုသဝဏ်လွှာကို ဆောင်ကြဉ်းခဲ့သူမှာလည်း ကျွန်ုပ်ပင် ဖြစ်သည်။ ကျွန်ုပ် ဆက်သလိုက်သော ဘုရင်မ၏သဝဏ်ကို မင်းတရားက ကျွန်ုပ်ရှေ့မှာပင် ကိုယ်တော်တိုင် ဖတ်ရှုသည်။ ထို့နောက် ရွှင်ပျသောအသွင်ဖြင့် ကျွန်ုပ်





ကို မိန့်တော်မူသည်။

'မဟာသမန်းရေ..နမတော်က သီရိခေတ္တရာပြည်နဲ့ ကမ္ဘောဝတီပြည် နှစ်ပြည်ထောင်စလုံးကို အုပ်ချုပ်ခွင့်ရပါမှ လိုက်လာတော်မူမယ်လို့ အရေးဆိုခဲ့တာကို ကိုယ်တော် လိုက်လျောခွင့်ပြုခဲ့တယ် မဟုတ်လား။ အခု ဒီသဝဏ်ထဲမှာတော့ နမတော်ဟာ ငါ့ကိုနောက်ထပ် ကတိသစ္စာစကားဆိုဖို့ အရေးဆိုထားပြန်တယ်'

'ဘယ်လို ကတိသစ္စာမျိုးပါလဲ အရှင်'

'နှစ်ပြည်လုံးရဲ့အရှင် ဖြစ်စေရမယ်ဆိုတဲ့စကားပျက်ကွက်ခဲ့ပါရင် မောင်တော်ရဲ့ နတ်မျက်စိရှင် ကွယ်ပျောက်ပါစေသားလို့ သစ္စာပြုရမယ်တဲ့ မဟာသမန်းရဲ့'

'သည်တော့ အရှင့်အနေနဲ့ ဘယ်လိုတုံ့ပြန်ပါမလဲအရှင်'

'ငါလား..နမတော် အလိုကျ သစ္စာပြုရပေမှာပေါ့ မဟာသမန်း'

စိုးရိမ်စိတ်များဖြင့် မင်းတရား၏မျက်နှာတော်ကို ကျွန်ုပ် မော့ကြည့်နေမိသည်။ 'မျက်စိသုံးခု အတုမဲ့ခေါင် ဒွတ္တပေါင်'ဟူသော စကားနှင့်အညီ အသရေဆောင်ရှိလှသော မျက်နှာ၏နဖူးပြင်အလယ်မှ မဲ့ရှင်ကို ငေးကြည့်လိုက်မိသည်။

'နမတော်ရဲ့စကားဟာ ချစ်ခြင်းမေတ္တာကနေ ပေါက်ဖွားလာတဲ့ စကားဖြစ်တယ် မဟာသမန်း။ ဒီလို ကတိသစ္စာဆိုခိုင်းတာဟာ အချစ်ရဲ့ ရစ်ပတ်ဖွဲ့နှောင်မှုသာ ဖြစ်တယ်။ နှလုံးသားကနေ တောင်းဆိုလိုက်တဲ့ တောင်းဆိုသံဖြစ်တယ်။ ဒီတော့ နမတော်ရဲ့ အလိုဆန္ဒအတိုင်း ငါသစ္စာဆိုရမှာပေါ့'

ချစ်ခြင်းမေတ္တာမှပေါက်ဖွားလာသော စကား။ အချစ်၏ ရစ်ပတ်နှောင်ဖွဲ့မှု။ နှလုံးသားမှ တောင်းဆိုလိုက်သော တောင်းဆိုသံ။ မင်းတရား၏စကားကို ကြားသာနေရသော်လည်း ကျွန်ုပ် သဘောမပေါက်နိုင်ပေ။ ကျွန်ုပ်မှာ ချစ်သောပောမာစန္ဒီထံမှ အချစ်ကို ထားဘိဦး၊ အရေးအရာယူ လက်ခံသည့်တုံ့ပြန်မှုကိုသော်မှ ရရှိနိုင်သူမဟုတ်သည့်အတွက် အချစ်နှင့်ပတ်သက်သော အကြောင်းခြင်းရာများကို ခံစားနားလည်နိုင်စွမ်းမရှိပေ။

သို့သော် 'ဤစကားမမှန်က နတ်မျက်စိ ကွယ်ပျောက်ပါစေ'ဟူသော သစ္စာစကား ကြောက်စရာကောင်းလှသည်။ ပြင်းထန်လှသည်ဟု ကျွန်ုပ်ထင်သည်။ မင်းတရားအနေဖြင့် သစ္စာဆိုရန် အရဲကိုးလှချည့်ဟု အောက်မေ့မိသည်။

'ကိုင်း..မဟာသမန်းရေ၊ ခုနစ်လနဲ့ ခုနစ်ရက်လုံးလုံး နမတော်အချိန်ယူ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားခဲ့စဉ်ကာလမှာ မင်းပဲ ကုမ္ဘဝတီကို သံတမန်ကြီးအဖြစ် အစဉ်တစိုက် ငါနဲ့ အတူပါခဲ့တာ မဟုတ်လား။ ဒီတစ်ခါက်လည်း မင်းပဲ အမှုတော် ထမ်းရပေမယ်။ ဒါပေမဲ့ အရင်ကလိုတော့ နှစ်ပြည်ထောင်အကြား ခေါက်တုံ့ကူးလား သွားစရာမလို တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ နမတော်ရဲ့ တောင်းဆိုမှုအတိုင်း ငါသစ္စာပြု မယ်ဆိုတာကို သံတော်ဦးတင်ပြီး မင်းရဲ့သခင်မကိုလည်း ငါနဲ့အတူ သီရိခေတ္တရာ ဆီ အပြီးခေါ်လာခဲ့ရမှာမို့ပဲ'

ကျွန်ုပ် ဘာမှ ဆက်လက်သံတော်ဦးတင်စရာ မရှိ။ ကျွန်ုပ်သည် မင်းတရား၏ သစ္စာတော်ခံ သူရဲကောင်း ကျေးကျွန်သာဖြစ်သည်။ ထို့ပြင် မင်းတရားကဲ့သို့ အချစ် ကို ခံစားခွင့်ရထားသူမဟုတ်ဘဲ မာကျောသော နှလုံးသားတစ်ခုကိုသာ မျက်မှောက် ပြုနေရသူဖြစ်သည်။ ချစ်မှုရေးရာတွင် အလွန်အဆင့်နိမ့်နေသော ကျွန်ုပ်အဖို့ ချစ်သူ တို့၏ သစ္စာတိုင်တည်ခန်းထဲတွင် ဘာမျှဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိ။ မင်းတရား ၏အမိန့်ကို နာခံရုံမှအပ အခြားမရှိ။

မင်းတရားနှင့်ဘုရင်မ၊ ဘုန်းသမ္ဘာရှင်နှစ်ဦးတို့၏ ချောမောဖြောင့်ဖြူးကြ လေသော မေတ္တာလမ်းခရီးကို အဆုံးတိုင် ပေါက်မြောက်ရှင်သန်နိုင်စေရေးအတွက် ကျွန်ုပ်သည် ကုမ္ဘဝတီသို့ လိုက်ပါရပေဦးမည်။

ထိုဒေသတွင် ရှိနေသော ဉပေက္ခာနှလုံးသားပိုင်ရှင် ဟေမာစန္ဒီကို နောက်ထပ် တစ်ကြိမ် ဆုံတွေ့နေရဦးမည်။ ချစ်သောသူ၏ တင်းမာစိမ်းကားမှုကို ခံစားရသူက အခြားချစ်သူတို့အတွက် ချစ်ခရီးကို ဖောက်လုပ်ပေးနေရသည့်အဖြစ်။

အို့ဆိုင်းညို့မှိုင်းလျက်ရှိသော ကျွန်ုပ်၏ နှလုံးသားမှာ ရွှင်ပျခြင်းအလျဉ်း ကင်းစွာဖြင့် လေးလံနေလေတော့သည်။

❖❖❖

သာသနာနှစ် (၁၀၃)ခုနှစ် ဖြစ်သည်။

နှစ်သန်းကိုးသိန်းသော ဗိုလ်ခြေအထုနှင့်အတူ စစ်အင်္ဂါလေးပါး စီမံလျက် မင်းနှစ်ပါးတို့သည် ကုမ္ဘဝတီမှ သီရိခေတ္တရာသို့ ကြွချီခဲ့ကြလေသည်။ တစ်ယူဇနာ ခရီးရောက်တိုင်း ရောက်တိုင်းလည်း တပ်တော်စခန်းချ၍ နားနေစံစားကြသည်။

အရှင်နှစ်ပါးကား ဝေဇယန္တာရထားထက်တွင် နှစ်ကိုယ်တွဲ၍ ပျော်ရွှင်နေ ကြလေသည်။ နှစ်ပြည်ထောင်စလုံးကို အစိုးရစေမည်။ ဤကတိသစ္စာစကား





ချုတ်ယွင်းပါက 'နတ်မျက်စိ ကွယ်ပျောက်စေသတည်း' ဟုလည်း မင်းတရားသည် ရဲရဲကြီး သစ္စာပြုခဲ့ပေပြီ။

ပိသနိုးဘုရင်မသည် လက်ရွေးစင် အမတ်စစ်သူကြီးလေးဦးကို အတူ ခစား လိုက်ပါစေသော်လည်း ဘုရင်မကြီးအနီးတွင် အချိန်ပြည့်ရှိနေသူမှာ ဟေမာစန္ဒီသာ ဖြစ်သည်။ ထိုအခါ မင်းတရားကြီးအနီးတွင် အခြားသော သူရဲကောင်းများ အလှည့် ကျ ခစားရသော်လည်း အမြဲတမ်း အချိန်ပြည့်ခစားနေရသော ကျွန်ုပ်သည်လည်း ဟေမာစန္ဒီနှင့် အချိန်ပြည့်တွေ့ရသည်။

ချစ်သူအား မျက်မှောက်တွင်ထားရှိကာ ကြီးကျယ်လှသော ခရီးတစ်ခုကို အတူသွားနေရစေကာမူ ကျွန်ုပ်မှာ ပြောပလောက်အောင် ရွှင်လန်းခြင်းမရှိလှပါပေ။ ဟေမာစန္ဒီသည် အံ့သြစရာကောင်းလောက်အောင် အေးစက်တင်းမာလွန်းလှချေသည်။ ဤမျှလှပသော မိန်းမတစ်ဦးထံ၌ ဤမျှနွေးထွေးမှုကင်းမဲ့သော နှလုံးသားရောက် ရှိနေခြင်းကား မဖြစ်စရာကောင်းသော အရာပင်ဖြစ်သည်ဟု ကျွန်ုပ်တွေးမိသည်။ ဟေမာစန္ဒီသည် ကျွန်ုပ်ကိုသာမက မည်သူ့ကိုမျှလည်း ဟက်ဟက်ပက်ပက် ဆက်ဆံ သည်ဟူ၍ မရှိကြောင်းလည်း တွေ့ရသည်။ ခရီးအတူသွားခြင်းသည် သာမန်မိတ်ဆွေ များကိုပင် ပိုမိုရင်းနှီးနားလည်သွားစေနိုင်သည်ဖြစ်လေရာ ကုမ္ဘဝတီမှ သီရိခေတ္တရာသို့ သွားသော ဤမဟာခရီး၌ ဟေမာစန္ဒီသည် သူ့အားချစ်ရေးဆိုခဲ့ဖူးသော သူ့ထံမှ အနုန်းပင်ဖြစ်စေ ပေးအပ်ပါဟု ရှူးမိုက်စွာ တောင်းခံခဲ့ဖူးသော ကျွန်ုပ်အပေါ်တွင် အနည်းနှင့်အများတော့ နူးညံ့ပျော့ပျောင်းလာလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်မိခဲ့လေ သည်။

သို့သော် ဤမျှော်လင့်ချက်သည်လည်း ကျွန်ုပ်၏မိုက်မဲခြင်းတစ်ခုသာ ဖြစ် ပြီး ဤသို့မျှော်လင့်ခဲ့မိခြင်းကြောင့်ပင် ကျွန်ုပ်၏ နှလုံးသားများမှာ ပို၍သာ နာကျင် ခဲ့ရသည်ကို တွေ့လာရလေသည်။

တပ်စခန်းတစ်ခုပြီးတစ်ခု ချထားနားနေကြပြီးနောက် ကျွန်ုပ်တို့သည် သီရိ ခေတ္တရာနေပြည်တော်ကြီးအနီးသို့ ချဉ်းကပ်မိလာကြသည်။ ထိုနေ့ကား လဆန်း သုံးလေးရက် ဖြစ်သည်။ ပြည့်လုဆဲလဝန်းကြီးဆီမှ ငွေရောင်တို့သည် ကျွန်ုပ် တို့၏ စစ်အင်္ဂါလေးပါးတပ်ကြီးအပေါ်သို့ စီးကျနေသည်။ အဝေးဆီတွင် မှုန်မှိုင်းမှိုင်း မြင်နေရပြီဖြစ်သော သီရိခေတ္တရာ မြို့တော်ကြီးသည် လရောင်အောက်တွင် တင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်စွာ အိပ်မောကျနေသည်။

ကညင်ဆီ မီးတိုင်များ အလျှံပယ်ထွန်းညှိထားသော အရှင်နှစ်ပါးတို့၏ တဲနန်းရှေ့တွင် ကျွန်ုပ်သည် အိပ်ဖန်စောင့်များအား စစ်ဆေးပြီး၍ တောင်ကုန်းမြင့်လေးတစ်ခုပေါ်သို့ တက်လာခဲ့သည်။

ထိုအချိန်မှာပင် တစ်ဘက်လမ်းမြောင်ကလေးဆီမှ လျှောက်လာသော သူကို ကျွန်ုပ်တွေ့လိုက်ရလေသည်။ ရွှန်းမြသော လရောင်အောက်တွင် တင့်တယ်ခြင်း အပေါင်းနှင့် ပြည့်စုံလေသော ဟေမာစန္ဒီ။ (သို့မဟုတ်) မြေပြင်ပေါ်မှ လပြည့်ဝန်း။

ကျွန်ုပ်မှာ တစ်ကိုယ်တည်းဖြစ်သော်လည်း ဟေမာစန္ဒီ၏နောက်တွင် အထိန်းတော်လေးဦး ပါလာသည်။

'ဟေမာစန္ဒီ..ညဉ့်ဦးယံ ခစားပြီး ပြန်လာခဲ့သလား'

သူ့ခြေလှမ်းများ ရပ်သွားသည်။ ကျွန်ုပ်မှန်း သိသည်နှင့် သူ ဆက်လျှောက်မည်ဟု ဟန်ပြင်စဉ် တစ်ယောက်သွားသာရုံ လမ်းကျဉ်းလေးပေါ်၌ ကျွန်ုပ် ပိတ်ဆို့ ရပ်လိုက်လေသည်။ သူ ငြိုငြင်မည်၊ စိတ်ဆိုးမည်ကို ကျွန်ုပ် မစဉ်းစားနိုင်။ သူ့ထံမှ အမုန်းကိုပင်လျှင် မျှော်လင့်ထားခဲ့သေးသည်။

'ဟေမာစန္ဒီ..ဟောဟိုအဝေးမှာ တွေ့နေရတာဟာ ကျွန်ုပ်တို့ရဲ့ သီရိခေတ္တရာပါပဲ။ နက်ဖြန်ဆိုရင် ရောက်တော့မယ်။ သီရိခေတ္တရာမှာ ဟေမာစန္ဒီ ပျော်ရွှင်ပါစေလို့ ကျုပ် ကြိုတင်ဆုတောင်းပါတယ်'

လရောင်အောက်တွင် ဖိတ်လက်သွားသော သူ့အကြည့်တစ်ချက်ကို တွေ့လိုက်သည်။ ဤမျှသော တုံ့ပြန်မှုကလေးသည်ပင် ကျွန်ုပ်အတွက် အားတက်စရာ ဖြစ်ချေသည်။

'ကျုပ်ကို စကားနည်းနည်းပြောခွင့်ပေးပါ ဟေမာစန္ဒီ။ ဒါဟာ မိမိတိုင်းပြည်ကို ဝင်ကာနီးမှ အိမ်ရှင်ဖြစ်သူက ဧည့်သည်ထံ အနူးအညွတ် တောင်းပန်တာ ဖြစ်ပါတယ်'

ကျွန်ုပ်၏ တောင်းဆိုချက်ကို အဆင်ပြေခြင်းကြောင့်လား၊ မရှောင်မတိမ်းသာသော လမ်းမြောင်တွင် ရင်ဆိုင်တွေ့ရခြင်းကြောင့်လား..၊ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ၊ ဟေမာစန္ဒီသည် ရောက်ရှိရာနေရာတွင် ခြေစုံရပ်ကာ သူ့နောက်မှ အထိန်းရံရွှေလေးဦးဆီသို့ လက်ဖြေယမ်းပြလိုက်သည်။ အထိန်းရံရွှေလေးဦးသည်





နောက်ခပ်လှမ်းလှမ်းသို့ ဆုတ်ခွာကာ မြေပြင်တွင် ဒူးထောက် ခစားကြလေသည်။

ဘုရင်မ၏လက်စွဲ လူယုံတစ်ဦးအနေဖြင့် အခွေအရံများထားရှိခွင့် အမိန့်ပေးခွင့်ရှိနေသော ဟေမာစန္ဒီ၏အဆင့်အရာကို ကျွန်ုပ်တွေ့ရှိရသည်။ သို့သော် အခြားကိစ္စများကို ဆက်မစဉ်းစားနိုင်အား။ ရသမျှသော အချိန်ကာလလေးအတွင်းတွင် ကျွန်ုပ်ရင်ထဲမှအရာများကို သူ့သိအောင် ထုတ်ဖော်ရပေမည်။

'ဟေမာစန္ဒီ..အခုဆိုရင် မင်းတရားကြီးနဲ့ ဘုရင်မကြီးတို့နှစ်ပါးဟာ ရွှေလက်တွဲပြီး နှစ်ပြည့်တစ်ပြည် တစ်သားတည်းအဖြစ်ကို တည်ဆောက်နေကြပါပြီ။ ဒါကို မင်းအသိဆုံးပါ ဟေမာစန္ဒီ။ ဒီလိုအခြေအနေမျိုးမှာ ရန်သူမဟုတ်တဲ့ သီရိခေတ္တရာသားတစ်ဦးအပေါ် ဘာကြောင့် မင်းဒီလောက်ပစ်ခွာ စိမ်းကားနိုင်ရတာလဲ ဟေမာစန္ဒီ။ အဲဒီ သီရိခေတ္တရာသားဟာလည်း မင်းရဲ့အချစ်ကို တောင်းခံနေသူ ဖြစ်ပါတယ်။ ပြီးတော့ ဒီလို တောင်းခံနေသူဟာလည်း သာမန်ပြည်သူပြည်သား တစ်ဦး မဟုတ်ပါဘူး'

'သူ့ရဲ့ကောင်း မဟာသမန်..ရှင်ဟာ ဒွတ္တပေါင်မင်းကြီးရဲ့ လက်ရွေးစင်ခုနစ်ယောက်ထဲမှာ အပါအဝင်ဖြစ်တယ်။ အခြားသူ့ရဲကောင်းခြောက်ဦးလိုပဲ သံတုံးသံခဲမှာသော ခွန်အားဗလကို ပိုင်ဆိုင်တယ်။ ဆေးဝါးအင်းအိုင်ခလှည့် တန်ခိုးများရဲ့ ထွက်ကြုံချိန်၊ မနောထက်မြက်ချိန်တို့မှာ လေနဲ့အတူ လျှင်မြန်တဲ့အစွမ်းရှိတယ်။ အလံတစ်ရာရှိတဲ့ လှံကြီးမှာ အချိန်တစ်ထောင်ရှိတဲ့ သံတုံးကို ချည်နှောင်ချိတ်ငင်ပြီး ရစ်မြေအရပ် ရန်သူတွေကြားမှာ တရစပ်လှည့်ဖတ်ဝှေ့ယမ်းနိုင်စွမ်းရှိတယ်။ သီရိခေတ္တရာရဲ့ အရှေ့မြို့ခုနစ်မြို့အနက်မှာ အနောက်အရပ် မဟာသမန်းတိုက်ကို ပိုင်စိုးတယ်။ ဒီလို အင်အားစွမ်းကြီးကျယ်လှတဲ့ ရာထူးဂုဏ်သိန်များကို ပိုင်ဆိုင်တဲ့ ရှင်ဟာ မင်းတရားကြီးရဲ့ နိုင်ငံတော်အတွက် ဖမ္မူဒိပ်မှာ စွမ်းစွမ်းတမံ ပါဝင်တိုက်ခိုက်သိမ်းသွင်းခဲ့တယ်။ ဂီရိမေခလာဆင်တော်ကို စီးခွင့်ရတယ်။ မင်းတရားရဲ့ အနီးကပ်ဆုံး လူယုံတော် သူ့ရဲကောင်းလည်းဖြစ်တယ်။ ကျွန်မ အားလုံး သိပြီးဖြစ်တယ် သူ့ရဲကောင်း မဟာသမန်း'

ဤမျှရှည်လျားစွာ သူ့ဆီမှ စကားတုံ့ပြန်ပြောဆိုခြင်းကို ယခင်က တစ်ခါမှ မကြားခဲ့ဖူးသောကြောင့် ကျွန်ုပ်မှာ အားတက်ရွှင်လန်းလာသည်။ သူ့စကားလုံးများမှာ ကျွန်ုပ်အကြောင်းကို အသေးစိတ်ဖော်ပြထားသည် မှန်သော်လည်း ဘုရင်မ၏



www.burmeseclassic.com

www.burmeseclassic.com



လူယုံတစ်ဦးအဖြစ် အမှုတော်ထမ်း တာဝန်အရသိရှိထားသော အချက်အလက်များသာ ဖြစ်သည်။ ကျွန်ုပ် အပေါ် အထူးတလည် စိတ်ဝင်စားပြီး ကျွန်ုပ်အကြောင်းကို လေ့လာစေ့ငုထားခြင်း မဟုတ်ကြောင်း ကျွန်ုပ်သိသည်။

သို့သော် သူ၏ ထိုစကားလုံးများကိုပင် ကျွန်ုပ် တုံ့ပြန်ပြောဆိုရာ စကားရလိုက်လေသည်။

'ဟုတ်ပါတယ် ဟောမာစန္ဒီ··ဒါပေမဲ့ မင်းကို အခုစကားပြောနေသူဟာ အဲဒီသူရဲကောင်းအဖြစ် ကြီးကျယ်ခမ်းနားတဲ့ ရာထူးဂုဏ်သိန်တွေကြားက မဟာသမန်းတိုက်မြို့စားတစ်ယောက်အဖြစ်နဲ့ ပြောနေတာမဟုတ်ပါဘူး။ မဟာသမန်းဆိုတဲ့ ယောကျာ်းတစ်ဦးအနေနဲ့ ပြောနေတာပါ။ သူဟာ မိန်းမလှတစ်ဦးထံမှာ အချစ်ကိုတောင်းခံနေတဲ့ ယောကျာ်းတစ်ဦးသာ ဖြစ်ပါတယ်'

ကျွန်ုပ်၏ စကားလုံးများ သူမနှလုံးအိမ်သို့ စူးဝင်ထိရောက်ပါစေဟု ဆုတောင်းနေမိသည်။ သူ အတန်ကြာမျှ ငြိမ်သက်နေမိသည်။ တိတ်ဆိတ်နေခြင်းအကြားတွင် ရှုန်းမြနေသော လရောင်သည်သာ စီးသွန်ကျနေတော့သည်။ သူ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ကျွန်ုပ် မောပန်းစွာ စောင့်စားနေရသည်။

ခဏကြာမှ သူလည်တိုင် စွင့်လာသည်။ လှပသော မျက်နှာကို တည့်မတ်စွာ ဝင့်လာသည်။ ထို့နောက် လရောင်ရှုန်းမြသော်ညနှင့် မလိုက်ဖက်သော စကားသံ ပေါ်လာသည်။

'သူရဲကောင်း မဟာသမန်း···ရှင့်ကိုယ်ရှင် ဘယ်လိုအနေမျိုးနဲ့ပဲ ပြောသည်ဖြစ်စေ၊ ကျွန်မကတော့ ကုမ္ဘဝတီပြည့်ရှင် ပိဿနိုးဧကရီဘုရင်မကြီးရဲ့ သစ္စာအရှိဆုံး လူယုံတော် ဟောမာစန္ဒီသာ ဖြစ်ပါတယ်။ ဒါပါပဲ။ ကျွန်မကို သွားခွင့်ပြုပါ။ ကျွန်မ သွားမယ့်လမ်း ဖယ်ပေးပါ'

'မဟုတ်ပါဘူး။ မင်းဟာ အင်မတန်နုနယ်လှပတဲ့ မိန်းမလှတစ်ဦးပါ ဟောမာစန္ဒီ'

ကျွန်ုပ် ရူးသွပ်ပေါက်ကွဲသွားသလားမသိ။ သူ့ရှေ့မှ ပိတ်ဆို့နေရင်းကပင် နာကျင်စွာ အော်ဟစ်မိသည်။

'မင်းဟာ တုဖက်ကင်းတဲ့ မိန်းမလှ၊ ပြီးတော့ နှလုံးသားကို မေ့ပျောက်ပစ်နေတဲ့ မိန်းမလှ'





'ကျွန်မ ဒါတွေမသိဘူး သူရဲကောင်း မဟာသမန်း၊ ကျွန်မကို လမ်းဖယ်ပေးပါ'

'ကျုပ်ကို တစ်ခုခုပြောပါ ဟောမာစန္ဒီ၊ မဟာသမန်း··ရှင့်ကို ကျွန်မ မုန်းတီးစက်ဆုပ်တယ်လို့ ပြောသွားပါ'

'ကျွန်မမှာ ပြောစရာစကား မရှိတော့ပါဘူး သူရဲကောင်း'

သူ ရှေ့သို့ လှမ်းတိုးလာသည်။ ကျွန်ုပ်၏ ခြေလှမ်းများက အလိုလိုပင် လမ်းမြောင်အောက်သို့ ဖဲ့ဆင်းရှောင်တိမ်းမိသည်။ သီရိခေတ္တရာ တစ်နိုင်ငံလုံးက ဘုရင်မင်းမြတ်၏ သူရဲကောင်းဟုခေါ်ကြသော ကျွန်ုပ် မဟာသမန်းသည် နုနယ်လှပသော မိန်းမသားတစ်ဦးအား ဆုတ်ခွာရှောင်တိမ်းပေးသည်။

သင်းပျံ့သော ရနံ့ကို ဝေ့ဝိုက်လွှင့်ပျံ့ချန်ထားခဲ့ကာ သူ ကျွန်ုပ်ရှေ့မှ လျှောက်သွားသည်။ အထိန်းရံရွေများလည်း နောက်က လိုက်သွားသည်။

သူ···ထွက်ခွာသွားပြီ။

ရှက်ကြောက်ခြင်းကြီးစွာ လဝန်းကို မော့ကြည့်မိသည်။

ရင်ထဲမှ တစ်စုံတစ်ရာ ပြုတ်ကြွေ ပျက်သုဉ်းသွားသလို ခံစားရသည်။

မြောက်အရပ် ကောင်းကင်ထက်ဆီမှ ဥက္ကာပျံတစ်ခု လျှင်မြန်သော အဟုန်ဖြင့် ပျံသန်းရင်း ကြွေကျပျောက်ဆုံးသွားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဓ။

နောက်တစ်နေ့တွင် သီရိခေတ္တရာမြို့တော်သို့ ရောက်ကြသည်။

ပိသနိုးဘုရင်မကြီး၏ အခြေခံအရန် စစ်အင်္ဂါတပ်ကြီးမှာ များပြားလှသည် ဖြစ်သောကြောင့် မြို့တော်အလယ်တွင် နေရာချ၍မရ။ ထို့ကြောင့် မြို့တော်၏ အရှေ့တောင်ယွန်းအရပ်၌ နေ့ချင်းညချင်းပင် မြို့သစ်တည်ကြရသည်။ ထိုမြို့သစ်ကို မြေပုံသာမြို့ဟု အမည်မှည့်လိုက်ကြသည်။

မြေပုံသာမြို့တော်သစ်ကြီးတွင် ဘုရင်မအား ထီးကနက်ဖြင့် စံစားစေတော် မူသည်။ သို့သော် 'နှစ်ပြည်လုံး၏အရှင် ဖြစ်စေရမည်' ဟူသော ကတိစကားဆိုခဲ့ သည့်ကြားမှ မြေပုံသာမြို့တွင်သာ ထီးကနက်ထားခြင်းကို ဧကရီဘုရင်မကြီးသည် လက်မခံနိုင်ချေ။

ထိုအခါ ကျွန်ုပ်တို့၏ မင်းတရားကြီးက သီရိခေတ္တရာ၏ မြောက်ဘက်အရပ် တွင် သစ်တပ်လုပ်၍ ရွှေပြားများရံကာ 'ရွှေဘုံသာ' မြို့တော်သစ်တစ်ခု အလျင်အမြန် တည်ပေးတော်မူသည်။

ကျွန်ုပ်မှာ မြို့သစ်နှစ်မြို့ကို အမြန်တည်ဆောက်ရသော တာဝန်များ ကြီးလေ သည်ဖြစ်၍ နာကျင်နေသော နှလုံးသားကိုပင် အမှုတော်အောက်၌ မျိုသိပ်ထား ရလေသည်။





ဤကာလများအတွင်း ချစ်သော ဟေမာစန္ဒီနှင့်လည်း ဆုံခွင့်မရခဲ့။ အကယ်၍ ဆုံခွင့်ရမည်ဆိုစေဦး၊ ချစ်သူသည် ကျွန်ုပ်၏ရင်ကို ပိုမိုချွန်မြသော လက်နက်များ ဖြင့်သာ ထပ်မံပစ်စိုက်ပေဦးမည်။

ကြေကွဲနေသော နှလုံးသားများကို မြို့သစ်တည်ခြင်းအမှုတော်အောက်သို့ ပို့ဆောင်လျက် ကျွန်ုပ်သည် အချိန်ကာလ နေ့ညဥ့်များကို ယန္တရားဆန်စွာ ဖြတ် သန်းခဲ့ရသည်။ သို့ဖြင့်ပင် ရွှေဘုံသာမြို့တော်သစ်ကြီး အပြီးသတ်တည်ဆောက်ပြီး နောက် ဘုရင်မကြီး ပြောင်းရွှေ့စိုးစံတော်မူသည့် နန်းမြို့သစ်ဖွင့်ပွဲသဘင်အခါသမယ သို့ ရောက်ရှိလာခဲ့လေသည်။

မင်းတရားကြီးနှင့် ဘုရင်မကြီးတို့သည် ပလ္လင်ထက်ဝယ် အတူတကွ စံမြန်း နေကြသည်။ အသစ်စက်စက် နန်းရင်ပြင်သည် ရွှေရောင်တို့ဖြင့် ဖိတ်ဖိတ်တောက် နေသည်။ မှူးမတ်ဗိုလ်ပါအစုံအညီဆင်ယင်သော သဘင်ဖြစ်သောကြောင့် နှစ်ဖက် အမှုတော်ထမ်းတို့ဖြင့် နန်းရင်ပြင်မှာ ပြည့်နှက်နေသည်။

ထုံးစံအတိုင်းပင် မင်းတရားအနီး၌ ကျွန်ုပ် ခစားရသည်။ အခြားသူရဲကောင်း ခြောက်ယောက်ဖြစ်သော မိုးကုတ်ကြီး၊ မင်္ဂလာသိင်္ဂါကြီး၊ ကာလသိင်္ဂါကြီး၊ သုဝဏ္ဏ ဗိုလ်ကြီး၊ မဟာဗိုလ်ကြီးနှင့် စလက်သူကြီးတို့လည်း ခစားနေကြသည်။ ပဥ္စင်းဖြူ ချောင်းညို၊ နေပါး၊ ငရဲကျား၊ အတွင်းပင်လယ်၊ အပြင်ပင်လယ်အမတ်များလည်း ရှိနေကြသည်။

ပိသနိုးဘုရင်မကြီးထံပါးတွင်လည်း လက်ရွေးစင်သူရဲကောင်း မှူးမတ်များ စုံညီခစားနေကြသည်။

ကာလကြာမြင့်စွာ မတွေ့ခဲ့ရသော ချစ်သူကို နီးကပ်စွာတွေ့မြင်ခွင့်ရပြန်လေ သည်။ ချစ်သော ဟေမာစန္ဒီသည် ဘုရင်မကြီးနှင့် အနီးဆုံးတွင်ရှိနေသောကြောင့် မင်းတရားနှင့် အနီးဆုံးရှိနေသော ကျွန်ုပ်အဖို့ ချစ်သူအား တစိမ့်စိမ့် ကြည့်မြင်ခွင့် ရနေလေသည်။

စည်သံ၊ ခရာသံ၊ ခရုသင်းသံများ အကြားဝယ် သူ့ကို ကျွန်ုပ် စူးစူးစိုက်စိုက်ပင် ငေးနေမိသည်။ မျက်လွှာချထားသော အလှမျက်နှာပြင်သည် ယခင်ကအတိုင်း အည်ငြိမ်နက်ရှိုင်းလျက်ပင် ရှိလေသည်။ အထူးသဖြင့်မူ အဖိုးတန်ပတ္တမြားလုံးများဖြင့် စီရရီခြယ်ထားသော သူ၏ ငှက်ခါးရောင်ဝတ်စုံသည် တောက်ပသောအဆင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား နှိပ်စက်ညှင်းပန်းနေသည်ဟု ထင်သည်။ စူးစူးရဲရဲရှိလွန်းလှသောအလှကို မြတ်နိုးစွာကြည့်ရင်း ကျွန်ုပ်မှာ တစိမ့်စိမ့် အားငယ်လျက်ရှိသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး ငှက်ခါးရောင်အဖြစ် ပြောင်းလဲသွားကာ ကျွန်ုပ်ပေါ်သို့ လေးလံစွာတအိအိ ဖုံးအုပ်ကျရောက်လာသလို ခံစားနေရလေသည်။

ချစ်သူ၏ တောက်ပလွန်းသော အဆင်းအလှကိုကြည့်ကာ ကျွန်ုပ် အားလုံးအပေါ်သို့ တစ်စုံတစ်ခုသော အန္တရာယ်ကြီးကျရောက်လာတော့မည်ဟု ထင်မိနေသည်။ ဤသည်မှာ စစ်ပွဲပေါင်းများစွာတို့၌ အကြိမ်ပေါင်းများစွာ လှည့်လည်တိုက်ခိုက် ဆင်နွှဲခဲ့သော ကျွန်ုပ်လို သူရဲကောင်းတစ်ဦးအတွက် သားကောင်ကို အနံ့ရသောမုဆိုးကဲ့သို့ပင် အန္တရာယ်၏အငွေ့အသက်ကို ကြိုတင်ရရှိနေခြင်းဖြစ်ပေသည်။

မျူးမတ်ဗိုလ်ပါ သူရဲကောင်းများအားလုံး နေရာယူပြီးကြလေပြီ။ စည်သံ၊ ခရုသင်းသံ၊ ခရာသံများလည်း ရပ်စဲသွားသည်။ ပန်တျာသည်များက သူတို့၏ အသုံးတော်ခံမှုတို့ ပြီးဆုံးစေလိုက်ခြင်း ဖြစ်သော်လည်း အသံပေါင်းစုံ ဆူညံနေရာမှ ရုတ်ခြည်းတိတ်ဆိတ်သွားခြင်းပင်လျှင် ခြောက်ခြားစရာတစ်ခုလို ဖြစ်နေသည်။

ဤအချိန် အပိုင်းအခြားလေးအတွင်းမှာပင် ကျွန်ုပ်သည် ပောမာစန္ဒီရှိရာသို့ တစ်ချက်ဝေ့ကြည့်လိုက်မိသည်။ ထိုအခိုက်မှာပင် ပောမာစန္ဒီကလည်း သူ့သခင်မဘုရင်မကြီးအား မော်ကြည့်လျက် တစ်စုံတစ်ခုပြောဆိုနေရာမှ မျက်လွှာပြန်အချတွင် ကျွန်ုပ်ဆီသို့ စူးခနဲ တစ်ချက်လှမ်းကြည့်လိုက်ခြင်းကို တွေ့ရသည်။

နှလုံးသားများ တုန်ခါ၍သွားသည်။ ပကတိစိမ်းကားသော ချစ်သူ၏ ထိုအကြည့်တစ်ချက်ကို ရရှိလိုက်ခြင်းဖြင့် အမျိုးအမည်မဖော်ပြနိုင်စွမ်းသော ဝေဒနာတစ်ရပ်သည် ရင်ထဲသို့ တွန်းတိုးဝင်ရောက်လာသည်။ သူ့အကြည့်များသည် နေရောင်တွင် ထောင်၍လှည့်သော စိန်ပွင့်များလို လက်ခနဲတောက်ပသွားကြသည်။ နက်မှောင်ရီဝေ မျက်ဝန်းများထဲမှာ အဓိပ္ပာယ်တစ်ခုခုကို ကျွန်ုပ်တွေ့လိုက်ရသလိုလိုသို့သော် မည်သို့သော အဓိပ္ပာယ်ဖြစ်ကြောင်း ကျွန်ုပ်မသိ။ ပိန်းပိတ်သား အမှောင်တိုက်ထဲမှနေ၍ တငြိုးငြိုးတောက်ပသော အလင်းတုကြီးကို လှမ်းမြင်လိုက်သလို ဖြစ်သည်။

မည်သို့ပင်ရှိစေ သူ ကျွန်ုပ်ကို လှမ်းကြည့်လိုက်ပေသည်။ သူ့အကြည့်တစ်ခုကို ကျွန်ုပ်ရလိုက်ပေသည်။ အမုန်းတရားကိုပင် တောင်းဆိုခဲ့သော ကျွန်ုပ်သည် ထိုအသိရခက်သော အကြည့်တစ်လွှာကို မြတ်နိုးစွာ သိမ်းဆည်းထားလိုက်မိတော့





သည်။

ထိုစဉ်မှာပင် ဟူးရားဖြူ၊ ဟူးရားညိုတို့က သက္ကတဘာသာဖြင့် ဂါထာများ ရွတ်ဖတ်လိုက်ကြသည်။ အဓိပ္ပာယ်အနက်ကို ကောင်းစွာနားမလည်သော်လည်း မင်းတရားနှင့် ဘုရင်မတို့အား ကောင်းချီးပေးနေကြခြင်းဖြစ်သည်။ ဂါထာများရွတ်ဆိုကြပြီးသောအခါ ခရုသင်းကိုမှုတ်ကြသည်။ ခရုသင်းသံသည် ဘာကြောင့်မှန်းမသိ၊ ကျွန်ုပ်နားထဲ၌ စစ်ခရာသံ၊ တံပိုးသံတစ်ခုလိုဖြစ်နေသည်။

ခရုသင်းသံများစွဲသွားသောအခါ မင်းတရားသည် ဘုရင်မကြီးအား ရွှန်းရွှန်းစားစား ကြည့်တော်မူပြီး နှုတ်ဆက်စကားဆိုလေသည်။

'ရွှေဘုံသာမြို့တော်သစ်နဲ့ နန်းတော်သစ်ကို နှစ်သက်ရဲ့လား နှမတော်၊ နှမတော်နဲ့တကွ ကုမ္ဘဝတီပြည်သူဗိုလ်ပါတို့အားလုံး ကျေနပ်ပျော်ရွှင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'အစစခပ်သိမ်း ပြည့်စုံပါတယ် မောင်တော်ဘုရင်မင်းမြတ်'

'နောက်ထပ် လိုအပ်တာများရှိသေးလား နှမတော်'

'ဒီမြို့သစ်ဖွင့်ပွဲ နန်းသစ်အဘိသေကသဘင်ပွဲမှာ မောင်တော် ခွင့်ပြုမယ်ဆိုရင် နှမတော်တစ်ခု ပန်ကြားတောင်းဆိုပါရစေ'

'ပြောပါနှမတော်..အားလုံး ပြည့်စုံစေရပါမယ်'

ခေတ္တမျှတိတ်ဆိတ်သွားပြီးမှ ပိသနိုးဘုရင်မကြီး၏ တိုးညင်းသောအသံပေါ်လာသည်။

'မြတ်နိုးတော်မူရင်းစွဲရှိကြလို့ နှမတော်ဟာ မောင်တော့်ဌာနေကို လိုက်ပါလာခဲ့ပါပြီ။ မြို့သစ်နန်းသစ် တည်ဆောက်ပေးခြင်းအတွက်လည်း မောင်တော်ရဲ့ ဆွေတွာနဲ့ ချီးမြှောက်မှုကို ခံယူနေရပါပြီ။ ဒါပေမဲ့ မောင်တော်ဘုရင်မင်းမြတ်..'

ဘုရင်မအသံမှာ ပကတိလေသံသာဖြစ်သော်လည်း တိတ်ဆိတ်နေသော နန်းရင်ပြင်တစ်ခုလုံး ကြားနိုင်ပေသည်။

'မိဖုရားရဲ့ အကြွင်းမဲ့ မျှော်လင့်ချက်ဟာ တောင်နန်းစံမဟေသီအရာ ဖြစ်ပါတယ်။ ဒါကြောင့် နှမတော်ကို တောင်နန်းစံမဟေသီအဖြစ် ချီးမြှောက်ပါလို့ တောင်းဆိုပါရစေ'

တောင်နန်းစံမဟေသီ..ထိုစကားလုံးများကို ကျွန်ုပ်စိတ်ထဲမှ လိုက်ပါရွတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုမိသည်။ အမြင့်မြတ်ဆုံးသော မိဖုရားခေါင်ကြီးအဖြစ် အကြီးကျယ်ဆုံးသော ချီးမြှောက်ခြင်း။ သို့သော်‥သို့သော်‥

ကျွန်ုပ်၏ စိုးရိမ်မှုများအတိုင်းပင် မင်းတရား၏ အဖြေစကားများထွက်ပေါ်လာသည်။

'နှမတော်၊ ဇမ္ဗူဒိပ်ကေရာဇ်မင်းဖြစ်တဲ့ မောင်တော်မှာ တောင်နန်းစံမဟေသီ ရှိထားပြီးဖြစ်တယ်ဆိုတာ နှမတော်သိထားပြီးပြီ မဟုတ်လား။ အခုရှိတဲ့ တောင်နန်းစံ သီရိစန္ဒာမိဖုရားဟာလည်း သာမညမဟုတ်ပေဘူး။ ဘိုးတော်ရသေ့၊ သိကြားနဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီ၊ ပရမိသွာရ‥သူမြတ်ခုနစ်ယောက်တို့ ဘိသိက်သွန်းလောင်းထားတဲ့ သီရိစန္ဒာမိဖုရားဖြစ်ပေတယ်။ သူ့ကို အပြစ်မရှိဘဲ တောင်ညာစံအဖြစ်က မချသင့်ဘူး။ သီရိစန္ဒာဟာလည်း ဂုဏ်ကျက်သရေအပေါင်းနဲ့ပြည့်စုံတဲ့ တောင်ညာစံ ဖြစ်နေတယ်။ ဒါကြောင့် တောင်နန်းစံမဟေသီအဖြစ်ကို မယူချင်ပါနဲ့ နှမတော်'

ထိုစကားလုံးများကို ရဲရုံ့စွာမိန့်တော်မူသည့် မင်းတရားအား ကျွန်ုပ်စိတ်ထဲမှ ကောင်းချီးပေးလိုက်သည်။ မင်းတရားသည် တရားစောင့်သော ဘုရင်ကေရာဇ်စင်စစ်ပင် ဖြစ်ချေသည်။ သို့သော်…

'မောင်တော် ဘုရင်မင်းမြတ်‥နှစ်ပြည်စံ အရှင်သခင်ဖြစ်စေရမယ်ဆိုတဲ့ မောင်တော့်သစ္စာစကားကို မေ့သွားပြီလား။ သစ္စာပြယ်ရင် မောင်တော့်နတ်မျက်စိလည်း ကွယ်ပျောက်မယ်။ တောင်နန်းစံအဖြစ်ကိုမှမရရင် နှမတော် သည်အသွားမနေလိုဘူး။ စကားပြယ်တဲ့ ကေရာဇ်ဘုရင်တစ်ပါးကိုလည်း နှမတော် သည်းခံနိုင်ဘူး။ မောင်တော့် သီရိခေတ္တရာပြည်အကုန်လုံး ထုံးမှုန့်ကဲ့သို့ ဖြစ်စေမယ်'

ရုတ်တရက် ကောင်းကင်ကိုခွဲ၍ ထစ်ချုန်းပစ်ခွင်းလိုက်သော မိုးကြိုးအသံပင် ဖြစ်သည်။ ကျွန်ုပ် စောစောကရရှိနေသော အန္တရာယ်အငွေ့အသက်ရနံ့သည် အစိုင်အခဲအဖြစ် ရောက်ရှိလာပေပြီ။

မင်းတရား၏မျက်နှာတော်ကို ကျွန်ုပ်လှမ်းကြည့်လိုက်သည်။ သွေးရောင်များ ဖြန်းဖြန်းလျှမ်းပြည့်သွားသော မျက်နှာ၊ ဝင်းဝင်းတောက်သော မျက်လုံးများကို တွေ့လိုက်ရသည်။

'သင်လည်း စကြာလေးပါးရှင်၊ ငါလည်း စကြာကိုးပါးရှင်။ သင်စွမ်းနိုင်ရင် ဖျက်ဆီးပေတော့ နှမပိသုနိုး'





မြို့သစ် နန်းသစ်ခုတင်ဖွင့်ပွဲ သဘင်ကား စစ်ပွဲစိန်ခေါ်သံအဖြစ် ပြောင်းလဲသွားပေပြီ။ စစ်မပြုကြပါနဲ့၊ စစ်ပွဲတွေမဆင်နွှဲကြပါနဲ့ဟု ရင်ထဲက အော်ဟစ်ရင်း ကျွန်ုပ် မျက်စိအစုံကို မှိတ်လိုက်မိသည်။ အုတ်အုတ်သဲသဲအသံများ ကြားနေရသည်။

ပြန်ဖွင့်လိုက်သောအခါ ပိသုနိုးဘုရင်မနှင့် ကုမ္ဘဝတီမှူးမတ်ဗိုလ်ပါများ တစ်ယောက်မျှမရှိကြတော့။

ချစ်သော ပေါမာစန္ဒီလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

၉။

ချစ်ခြင်းမေတ္တာသည် ပကတိနှလုံးသားများ၌ ရိုးသားအေးချမ်းစွာ တည်ရှိခဲ့ကြသော်ငြား ဘုန်းတန်ခိုး စည်းစိမ်ဥစ္စာ ရာဇအာဏာများဖြင့် ပူးယှက်ပေါင်းစပ်မိသောအခါတွင်ကား ကြောက်မက်ဖွယ်စစ်မီးလျှံကြီးများကို တောက်လောင်စေခဲ့ပေပြီ။

ဘုရင်မ၏ ဘောရီဗန္ဓဝစည်ကြီးသည် ကမ္ဘာ့ဝတီဘက်မှ ဦးစွာစတင်တိုက်ခိုက်သော လက်နက်စကြာဖြစ်သည်။ စကြာဝဠာတစ်တိုက်လုံး ငလျင်တော်လည်းသံများဖြင့် အတိပြိုးသွားစေသကဲ့သို့ ဟိန်းဟိန်းမြည်ဟည်းသော ဘောရီဗန္ဓဝစည်ကြီး၏အသံနက်ကြီးအောက်ဝယ် စစ်သည်အပေါင်းတို့ သေကျေပျက်စီးကြရပေပြီ။

ဘုရင်မ၏ ထိုစည်ကြီး စကြာလက်နက်ဒဏ်ကို ကျွန်ုပ်တို့ဘက်မှ စစ်သည်အများအပြား အလူးအလဲခံလိုက်ကြရသော်လည်း မင်းတရားနှင့် ကျွန်ုပ်တို့ သူရဲကောင်းများကား နာဠာဂီရိဆင်ပျံ၊ ဂီရိမေခလာဆင်ပျံများ စီးနင်းလျက် ရှောင်တိမ်းလွတ်မြောက်နိုင်ခဲ့ကြသည်။ မြေပယ္ယဖောင်းဆယ် သွားနိုင်သော ကာလာဝကဆင်တော်၊ ဂင်္ဂေယျဆင်တော်၊ ပဏ္ဍရဆင်တော်၊ တမ္ဗဆင်တော်၊ ပိင်္ဂလဆင်တော်၊ ဂန္ဓဆင်တော်၊ မင်္ဂလဆင်တော်၊ ဟေမဆင်တော်များဖြင့် ကျွန်ုပ်တို့၏ ခေါဘဏီတပ်မများသည်လည်း ဘုရင်မ၏ စည်ကြီးစကြာအန္တရာယ်ကို ကာကွယ်နိုင်ခဲ့ကြသည်။





သို့သော် ဤသည်မှာ စစ်ပွဲကြီး၏အဖွင့်ပဏာမမျှသာပင်။

စကြာလေးပါးကို ပိုင်ဆိုင်ထားသော ဗိဿနိုးဘုရင်မသည် နောက်ထပ်လက်နက်စကြာများကို တစ်ဆင့်ပြီးတစ်ဆင့် ပစ်လွှတ်ဦးပေမည်။ ကျွန်ုပ်တို့ တွက်ထားသည့်အတိုင်းပင်။ ဘုရင်မထံမှ မဟာဝေရမဒ္ဒနရေစကြာ လက်နက်သည် ဒုတိယမြောက် သေနင်္ဂအစီအရင်အဖြစ် ရောက်ရှိလာသည်။

သို့သော် မင်းတရားကား မြူမှုန်မျှအန္တရာယ်မရှိ၊ ဝလာဟကမြင်းပျံ၊ အဿတနေယျမြင်းပျံ၊ မဟာသိန္ဓဝမြင်းပျံ၊ မနောမယသိန္ဓဝမြင်းပျံတို့ဖြင့် ရေစကြာလက်နက်ကို ကွင်းခဲ့နိုင်ပြန်သည်။

ကျွန်ုပ်ကား အခြားသူရဲကောင်းခြောက်ယောက်တို့နှင့်အတူ တပ်မကြီးကို ခွဲဝေတာဝန်ယူ ဦးစီးနေရလေသည်။ မင်းတရား၏ လက်နက်စကြာ ကိုးပါးကို အသုံးချတတ်သူမှာ ကျွန်ုပ်တို့သာဖြစ်သည်။ ရန်သူ၏ လက်နက်စကြာကို ရှောင်တိမ်းရန်နှင့် မိမိထံမှ တန်ပြန်စစ်ဆင်နွှဲရန်ကို ကျွန်ုပ်တို့က ဦးစီးအမိန့်ပေးရသည်။ မင်းတရားကား နာဠာဂီရိဆင်ပျံတော်ထက်မှနေ၍ ကျွန်ုပ်တို့အား ကွပ်ကဲအမိန့်တော်များ ချမှတ်ပေးလေသည်။

စစ်ပွဲကြီး…များ။

သူရဲကောင်းတစ်ဦးအနေဖြင့် စစ်ပွဲ၌ မွေ့လျော်ခဲ့သည်မှာ မှန်သည်။ လက်ရုံးရည်အစွမ်း၊ တန်ခိုးအစွမ်း၊ စစ်ဆင်၊ စစ်မြင်း၊ စစ်ရထားနှင့် စစ်၏အခင်းအကျင်းမှန်သမျှတို့၌ ကျွန်ုပ်ဝင်စား အားသန်ခဲ့သည်။ စစ်စိတ် စစ်သွေးဖြင့်သာလျှင် ကျွန်ုပ်ဘဝတစ်လျှောက်လုံး ကြီးပြင်းခဲ့သည်။ စစ်နှင့် မဟာသမ်န်းမှာ ခွဲ၍မရ။

သို့သော် မင်းနှစ်ပါးတို့၏ ဤလက်နက်စကြာချင်း တိုက်ခိုက်ကြသော ဤစစ်ပွဲကြီးကိုကား ကျွန်ုပ် မပျော်မွေ့နိုင်တော့ပြီ။ စစ်သည် ကျွန်ုပ်ထံမှ လွင့်ပါးပျောက်ကွယ်သွားပြီ။

အကြောင်းကား ချစ်သော ဟေမာစန္ဒီသည် ရန်သူဖြစ်သွားရပြီ။

စိမ်းကားရက်စက်ခြင်းကိုသာ ပေးခဲ့သော ချစ်သူသည် ယခုအခါ သူ့သေတိုယ်ကျေ တိုက်ခိုက်နေသည့် တစ်ဖက်အင်အားထံမှာ ရှိနေသည်။

အို…ချစ်သူကို ရန်သူသတ်မှတ်ပြီး တိုက်ခိုက်နေရသော စစ်။

စစ်…။ သည်စစ်ကို ကျွန်ုပ်စက်ဆုပ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ…ဒွတ္တပေါင်မင်းတရားကြီး၏ သူရဲကောင်း မဟာသမန်း ဟူသော ဘဝ။

လက်နက်စကြာများနှင့် ချစ်ခြင်းမေတ္တာတရားတို့သည် ကျွန်ုပ်၏ နှလုံးသည်းပွတ်ကို တစ်ဖက်တစ်ချက်ဆီမှနေ၍ တုပ်နှောင်ကြိတ်ချေကုန်ကြပြီ။

"အရှိန်မာလုံစကြာ၊ သီလဝံသဓားစကြာ၊ ကြိမ်လုံးစကြာ၊ ခေါင်းလောင်းစကြာ၊ ကြိုးစကြာ၊ စကြာလက်နက်တွေအားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် ပစ်လွှတ်ဖို့ မင်းတရား အမိန့်တော်ချလိုက်ပါတယ် တပ်မင်းမဟာသမန်း"

တပ်မှူးတစ်ယောက်က ကျွန်ုပ်ကို ဒူးထောက်ခစားပြီး မင်းတရားဆီမှ အမိန့်စာချွန်ကို ဆက်သည်။

လုံစကြာ၊ ဓားစကြာ၊ ကြိမ်လုံးစကြာ၊ ခေါင်းလောင်းစကြာ၊ ကြိုးစကြာ အို…စကြာကိုးပါးမှ ကြွင်းသမျှတို့ကို အသုံးပြုပြီး တိုက်ခိုက်တော့မှာပါလား။

ယောမာစန္ဒီ…ချစ်သူ…ချစ်သော ယောမာစန္ဒီ။

ချစ်သူ၏ အသက်အန္တရာယ်၊ ကြောက်မက်ဖွယ် လက်နက်စကြာများ။

တစ်ကိုယ်လုံး ပေါက်ကွဲလွင့်စဉ်သွားမတတ်။ ကျွန်ုပ်၏ကိုယ်တွင်း၌ ပဋိပက္ခ နှစ်ခု တိုက်ခိုက်ကြပြီးသည်၏ အဆုံး၌ ကျွန်ုပ်သည် နှစ်ရပ်သောအစီအမံကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဦးစွာ မင်းတရားအမိန့်အတိုင်း လက်နက်စကြာများကို စီမံစေလွှတ်မည်။ ထို့နောက် ရန်သူစခန်းကို ကျွန်ုပ်တစ်ဦးတည်း သွားရောက်မည်။ ချစ်သော ယောမာ စန္ဒီရှိရာသို့…။



၁၁။

စစ်တလင်း မြေပြင်အရပ်၌ ကြီးမားသော ပေါက်ကွဲမှုများ၊ ကောင်းကင်ကြီး နှင့်ထွက်မတတ်သော ဟစ်ကြွေးသံများ၊ လက်နက်စကြာတို့၏ ဝဲပျံသံများဖြင့် မြေပြင်သိမ့်သိမ့် တုန်နေသည်။

မဟာသိန္ဓုဝမြင်းကိုစီးလျက် ကျွန်ုပ်သည် အရှုပ်တွေးဆုံးသော စစ်မြေပြင် များကို တရိပ်ရိပ်ဖြတ်သန်းခဲ့သည်။ မဟာသမန်းဟူသော သူရဲကောင်းတစ်ဦး၏ အသက်တမ်းတွင် အလျင်မြန်ဆုံး၊ အပြင်းထန်ဆုံး အရှိန်အဟုန်ဖြင့်။

မလှမ်းမကမ်းဆီတွင် နန်းဦးဆောင်ကို မြင်နေရပြီ။

ကောင်းကင်အပြည့် မြားတံများ တဖွဲဖွဲ ပျံသန်းလာသည်။ ဘုရင်မကြီးသည် လေးစကြာလက်နက်ကိုထုတ်၍ အသုံးပြုနေပေပြီ။ မြားတံပေါင်း မြားစွာသည် ကျွန်ုပ်၏ သံကိုယ်ကျပ်အပေါ်သို့ နေရာအနှံ့အပြား တဖောက်ဖောက်ပြေးဝင်လာ ကြသည်။ သံကိုယ်ကျပ်နှင့် မြားတံများ ထိခတ်သံတို့သည် ချွင်ခနဲ ချွင်ခနဲ အသံ များဖြင့် ကျွန်ုပ်ဝန်းကျင်တွင် ဆူညံနေသည်။

မဟာသိန္ဓုဝမြင်းတော်ကို အမြင့်ဆုံးအရှိန်သို့ တိုးမြှင့်လိုက်သည်။

ယောမာစန္ဒီ….ချစ်သော ယောမာစန္ဒီ။

သူ…သူ…အန္တရာယ် ကင်းနေပါစေ။ လွတ်မြောက်နေပါစေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်တို့ စီမံပစ်လွှတ်ခဲ့သော လှံစကြာ၊ ဓားစကြာ၊ ကြိုးစကြာများက မကြာမီကျရောက်လာတော့မည်။ ရန်သူရှိရာအရပ်၊ လက်နက်ရှိရာအရပ်ကို ရွေး၍ တည့်တည့်မတ်မတ်ပျံသန်းခွဲဝင် ထိုးစိုက်ကြမည့် ထိုလက်နက်စကြာများကို သူ…သူ…ဘယ်လိုမှ ရှောင်တိမ်းနိုင်မည်မဟုတ်။

နန်းဦးဆောင်ရှေ့တွင် မဟာသိန္ဓဝမြင်းတော်ကို တံ့ရပ်လိုက်သည်။

မြင်းပေါ်မှ ကျွန်ုပ်ခုန်ဆင်းလိုက်သည်။ အထောင်အသောင်း မြင်းတပ်များကို တိုးဝှေ့လျက် ကျွန်ုပ် ရှေ့တူရူသို့ ပြေးဝင်သည်။ ဟေမာစန္ဒီရှိနေမည့် နန်းဆောင်ဆီသို့-

ကောင်းကင်ယံတွင် တဒီးဒီးမြည်ဟည်းလာသည်။ ကျွန်ုပ်တို့၏ လက်နက်စကြာများ ပျံသန်းလာကြပြီ။

ထိုအချိန်မှာပင် တဟဲဟဲ အော်မြည်လာသော အသံများကြားရပြန်သည်။ မည်သို့ဖြစ်သနည်း။ ဤအသံမျိုး ကျွန်ုပ်တို့၏ လက်နက်စကြာများ၌ မရှိ။ သို့ဆိုလျှင်…ချက်ချင်း ကျွန်ုပ်တွေးမိပြီ။ ဤအသံကား ဘုရင်မဘက်မှ ပစ်လွှတ်လိုက်သည့် လက်နက်စကြာတစ်ခု။ မည်သို့သော လက်နက်စကြာပေနည်း။ အပြင်းထန်ဆုံး လက်နက်ဖြစ်မည်။

နန်းဦးဆောင်လှေကားခုံများဆီသို့ ကျွန်ုပ်ပြေးခဲ့သည်။ နှုတ်မှလည်း အဆက်မပြတ် အော်ဟစ်လျက်။

'ဟေမာစန္ဒီ…ဟေမာစန္ဒီ'

ကောင်းကင်ယံတွင် ပေါက်ကွဲသံများ ပေါ်လာသည်။

ထစ်ချွန်းရိုက်ခတ်သည့် လက်နက်စကြာများ ပေါ်လာပြီး နောက်မှာပင် ကျွန်ုပ်လှေကားထစ်များအဆုံးသို့ ရောက်လာသည်။

'အို…'

နန်းဦးဆောင်ထဲမှ ပြေးထွက်လာသူကား သူ…ဟေမာစန္ဒီ။

'ဟေမာစန္ဒီ ပြေးမလာနဲ့၊ အဲဒီမှာနေ၊ လှံစကြာ၊ ဓားစကြာတွေ လာတော့မယ်။ အဲဒီမှာပဲ နေ'

ပေါက်ကွဲမြည်ဟည်းသံများ ဖုံးလွှမ်းသွားအောင် ကျွန်ုပ်အော်ဟစ်သည်။

သို့သော် သူကလည်း တစ်စုံတစ်ရာ အော်ဟစ်လျက် ပြေးလာနေသည်။





သူ့အော်သံကို ကျွန်ုပ်မကြားရ။

'ဟေမာစန္ဒီ…အဲဒီနေရာမှာပဲ ရပ်နေ။ ကျုပ်လာခဲ့မယ်၊ ကျုပ်လာနေတယ်။ လက်နက်စကြာတွေဟာ မင်းဆီကို ရှာဖွေပြီး တည့်တည့်မတ်မတ် ပြေးဝင်လာကြတော့မယ်'

တဝုန်းဝုန်း တဒီးဒီး မြည်သံများ နီးကပ်လာကြပြီ။

ထိုအချိန်မှာပင် ဝန်းကျင်တစ်ခုလုံးပူပြင်းတောက်လောင်လာသည်။

အို…ဒါဟာ ဘုရင်မ ပစ်လွှတ်လိုက်တဲ့ မဟာဝေရမဒ္ဒန မီးစကြာပါလား။ ရန်သူရှိရာကို လိုက်လံလောင်ကျွမ်းသည့် မီးလျှံမီးစွယ်။

မျက်နှာချင်းဆိုင်ပြေးဝင်နေကြသော ကျွန်ုပ်နှင့် ဟေမာစန္ဒီ။

ဆန့်ကျင်ဘက်အရပ်မှ ပျံသန်းလာကြသော လက်နက်စကြာများ။

ဟေမာစန္ဒီ လက်တစ်ကမ်းအကွာသို့ ရောက်ပြီ။

ဆန့်တန်းလာသော သူ့လက်အစုံကို ဆွဲယူလျက် သူ့ကို ပွေ့ပိုက်ပြီး ကျွန်ုပ်တို့၏ လက်နက်စကြာများ ပျံသန်းလာရာဘက်သို့ ကျွန်ုပ် မျက်နှာမူလိုက်သည်။ ချစ်သူအား ကျွန်ုပ်၏ နောက်ဘက်တွင် ကာကွယ်ပေးလိုက်သည်။ လှံစကြာ၊ ဓားစကြာတို့သည် ကျွန်ုပ်၏ သံကိုယ်ကျပ်ကို မည်သို့မျှမဖောက်ထွင်းနိုင်ကြ။

ဓားစကြာနှင့် လှံစကြာတို့ကို ကျွန်ုပ်ကိုယ်ပေါ်သို့အနှံ့အပြား ကျရောက်လာသည်။ ဟေမာစန္ဒီဆီသို့ မဝင်နိုင်အောင် သူ့ကို ပတ်ပတ်လည်လှည့်လျက် ကျွန်ုပ် ကာကွယ်သည်။ ဓားလှံအများအပြား လှေကားထစ်များပေါ်သို့ ပြန့်ကျဲလွင့်ကျကုန်သည်။

ထိုစဉ်မှာပင် ကောင်းကင်ဆီမှ မီးလျှံမီးစွယ်ကြီးတစ်ခု ပျံဝဲလာသည်။ ဘုရင်မ၏ မဟာဝေရမဒ္ဒန မီးစကြာ။ ဤလက်နက်သည်လည်း ရန်သူဖြစ်သော ကျွန်ုပ်ရှိရာသို့ တည့်မတ်စွာ ထိုးစိုက်လောင်တော့မည်။

'ဟိုဘက်သွား…နန်းဦးဆောင်ထဲ ဝင်ပြေး'

ဟေမာစန္ဒီထံမှ အော်သံကြားလိုက်ရသည်။ ထို့နောက် ကျွန်ုပ်တစ်ကိုယ်လုံး လွင့်စဉ်သွားသည်။ နီရဲတောက်ပသော မီးစွယ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ကျွန်ုပ်ပါးပြင်အနီးမှ ပွတ်သပ်ပျံသွားသည်။ ကျွန်ုပ်ကို မထိမိုက် မစွဲလောင်။ မီးစွယ်ကြီးသည် ကောင်းကင်သို့ နောက်တစ်ကြိမ်ပျံတက်သွားပြန်သည်။ ထို့နောက် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို တည့်မတ်စွာ ဖျံသန်းထိုးဆင်းလာသည်။

'မောင်ကြီး မဟာသမန်း'

ရူးရှူးသော အော်သံ၊ ကျွန်ုပ် လှေကားဦးရင်ပြင်ပေါ်သို့ ပစ်လဲသွားသည်။ မီးစွယ်ကြီးသည် ကျွန်ုပ်နေရာသို့ရောက်ရှိနေသော ဟေမာစန္ဒီအပေါ်သို့ ထိုးစိုက်ဝါ မှိုလောင်ကျွမ်း။

အသံနက်ကြီးဖြင့် ကျွန်ုပ်အော်လိုက်သည်။

'ဟေ…မာ…စန္ဒီ'



၁၁။

အားလုံးပြီးသွားပါပြီ အချစ်ရယ်။

စစ်မီးတွေ တောက်လောင်ခဲ့တဲ့ ကမ္ဘာမြေပြင်မှာ အခု ငြိမ်းချမ်းမှု တေးသံတွေ ဖွင့်ဝဲလို့နေပါပြီ။

နှစ်ဖက်သော လက်နက်စကြာတွေဟာ မင်းတရားကြီးနဲ့ ဘုရင်မတို့ရဲ့ ဘုန်းတန်ခိုးကြောင့် တစ်ဖက်ကိုတစ်ဖက် အသေအကြေ မရှင်းမလင်းနိုင်ကြဘဲ မိမိတို့ သာရာလမ်းကိုသာ ပြန်သွားခဲ့ကြတယ်။

ဒီအခါမှာ မင်းနှစ်ပါးတို့ဟာ တစ်ဦးရဲ့ဘုန်းကံကို တစ်ဦးလေးစားခန့်ညား ကြပြီး စစ်ကြီးကို အပြီးသတ်စေလိုက်ကြတယ်။

အခုတော့ တစ်ဦးကိုတစ်ဦး ဝန့်ချတောင်းပန်ကြရုံမကဘူးလေ။

အရှင်မဟာတိဿ ရဟန္တာကိုယ်တော်မြတ်ကြီးထံ သွားရောက်ဖူးမြော်ကြပြီး ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားကြတဲ့အခါမှာ ရဟန္တာအရှင်သူမြတ်ကလည်း ကဿပဘုရားရှင်လက်ထက်တော်က အရှင်နှစ်ပါးရဲ့ အတိတ်ဘဝတွေ ဆုတောင်းခဲ့ ကြပုံတွေကို ဟောကြားပြီး အတိတ်ဆောင်ခဲ့တယ်။ ဂေါတမဘုရားရှင်လက်ထက် သိဟပဗ္ဗတောင်က ပွေးဖိုနဲ့ ပွေးမရဲ့ဘဝ၊ မြေမှုန့်ဆွမ်းလောင်းပြီး လှူဒါန်းခဲ့ကြပုံ၊ ဒါရုမိဖြည့်ခဲ့ကြပုံနဲ့ ဘုရားရှင်ဗျာဒိတ်တော်ထားခဲ့တော်မူပုံတွေကိုပါ အတိတ်ဆောင် ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အတိတ်ကာလ သုံးဘဝမှာ ညီညွတ်ခဲ့ကြတဲ့ မင်းတရားနဲ့ ဘုရင်ကြီးတို့ဟာ ရာဇမာန်နဲ့ အမျက်ဒေါသတွေကို ဓမ္မေတ္တာရေနဲ့ အပြီးတိုင် ငြိမ်းသတ်နိုင်ကြပါပြီ။ မင်းတရားရဲ့ နတ်မျက်စိလည်း ပကတိအတိုင်း ထွန်းပခဲ့ပြီ။ နှစ်ဖက်လက်နက်စကြာတွေလည်း မူလစွမ်းပကားအတိုင်း ပြန်လည်ဖြစ်ပေါ်ခဲ့ကြပြီ။

ဘုရင်မကြီးက 'မောင်တော့်စကား မပယ်ဖျက်ရုံသာ၊ သီရိစေတ္တရာနဲ့ ကမ္ဘောတီနှစ်ပြည်ကို အမည်မျှသာ နမတော်အပ်နှင်းပါ။ မည်ကာမတ္တ စီရင်ခြင်းကိုသာ ပြုတော်မူပါ။ အစ်မတော် သီရိစန္ဒာကိုပဲ တောင်နန်းစံထားတော်မူပါ။ နမတော်ဟာ အမိအနွယ်အရ စန္ဒမုခီ ဘီလူးမဖြစ်တဲ့အတွက် လူသားစင်စစ် မဟုတ်တဲ့အတွက် တောင်ညာစံ မယူသင့်ပါ' လို့ အနူးအညွတ် မိန့်တော်မူခဲ့တယ်။

ယခုအချိန်မှာ မင်းတရားကြီးမှာလည်း-

တောင်နန်းစံသီရိစန္ဒာ၊ မြောက်နန်းစံဥမ္မာရဒေဝီ၊ အလယ်နန်းစံပိသသနီးဒေဝီ၊ အနောက်နန်းစံ ဘေစန္ဒီမိဖုရားများနဲ့ ငြိမ်းချမ်းစွာ အတူစံစားလို့နေတော်မူပါပြီ။

ထီးစဉ်နန်းဆက်အဖြစ် သားတော်ဒွတ္တရန်၊ သားတော်ဒွတ္တရံ၊ သားတော်ဒွတ္တရာစ်နဲ့ သမီးတော်သုဝဏ္ဏမာလာ၊ ကဥ္စနမာလာ၊ ဟေမာမာလာ၊ သီရိမာလာဆိုတဲ့ သားတော်သမီးတော်တွေတောင်မှ စည်ပင်ထွန်းကားလို့နေပါပြီ။

ဒါပေမဲ့ အချစ်ရယ်…ဟေမာစန္ဒီရယ်။

မင်းကို ဓားစကြာ၊ လှံစကြာ အန္တရာယ်တွေကနေ လွတ်ကင်းအောင် ကျုပ်ကာကွယ်ပေးနိုင်ခဲ့သလို၊ မင်းကလည်း ကျုပ်ကို မင်းတို့ရဲ့ မီးစကြာကနေ လွတ်ကင်းအောင် အကာအကွယ်ပေးခဲ့တယ်နော်။

သံကိုယ်ကျုပ်ဝတ်ထားတဲ့ ကျုပ်က မင်းကိုလည်း ကာကွယ်ပေးနိုင်တယ်။ ကျုပ်ကိုယ်ကျုပ်လည်း ကာကွယ်နိုင်ခဲ့ပေမယ့်…

မင်းမှာတော့ ကျုပ်ကို ကာကွယ်ပေးရင်းနဲ့ပဲ မင်းတို့ရဲ့ မီးစကြာမီးလျှံမီးခွယ်ရဲ့ ဝါးမျိုမှုအောက်မှာ-

ကျုပ် ဖြေလို့မရတော့ပါဘူး ချစ်သူရယ်။

ချစ်သူရယ်…တစ်ချိန်လုံးလုံး တင်းမာအေးစက်ခဲ့တဲ့ မင်းနှလုံးသားတွေကို မင်း ဖွင့်ဟခဲ့တယ်နော်။ နန်းဦးဆောင် လှေကားပြင်ဆီ ကျုပ်ရောက်လာတဲ့အခါ ကျုပ်ရဲ့အသက်ဘေးကို စိုးရိမ်ခြင်းနဲ့အတူ မင်းရဲ့ပိတ်ဆို့ခဲ့တဲ့ နှလုံးသားတွေဟာ





ဖွင့်ဟလို့လာခဲ့တယ်။

ဒါပေမဲ့ နောက်ကျသွားပြီ အချစ်ရယ်။

မင်းကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ပြီး အသက်ကင်းမဲ့နေတဲ့ မင်းမျက်နှာလှလှပေါ်မှာ ပါးအပ်ပြီး ကျုပ်ဆို့နင့်စွာ ငိုကြွေးနေချိန်မှာပဲ ဘုရင်မကြီးဟာ ကျုပ်တို့အနားကို ရောက်လာခဲ့တယ် ဟေမာစန္ဒီ။

ပိသသနီးဒေဝီ ဘုရင်မကြီးရဲ့ စကားတွေဟာ ကျုပ်နှလုံးသည်းပွတ်ကို တစ်စစီတစ်စစီ ချေဖျက်ကုန်ကြပြီ ဟေမာစန္ဒီ။

'ယောကျ်ားဟူသမျှကို စိတ်နာကြည်းမုန်းတီးအောင်၊ အထူးသဖြင့် မင်းဒူးမတ် ဗိုလ်ပါ သူရဲကောင်းဆိုတဲ့ ယောကျ်ားတွေကို လုံးဝဥဿုံ လျစ်လျူရှုနိုင်အောင် သူ့ကိုသခင်မ ငယ်စဉ်ကတည်းက မွေးမြူလေ့ကျင့်ပေးခဲ့တယ်။ ဟေမာစန္ဒီကို ကမ္ဘာလောကမှာ အလှဆုံး၊ မာနအကြီးဆုံး၊ တင်းမာအေးစက်တဲ့ အသည်းနှလုံးပိုင်ရှင် မိန်းမတစ်ယောက်ဖြစ်အောင် သခင်မကပဲ လက်သပ်မွေးခဲ့တယ်။ သူ့ရင်ထဲမှာ အချစ်ဆိုတာ ပျောက်ကွယ်ဆိတ်သုဉ်းနေစေအောင် သခင်မက သင်ကြားပေးခဲ့တယ်။ အလောင်းပေါင်မင်းတရားကြီးက သခင်မကို လက်နက်စကြာတွေနဲ့ စတင်တိုက်ခိုက်လာချိန်ကတည်းက ယောကျ်ားတွေရဲ့ မေတ္တာဆိုတာကို သခင်မ မယုံကြည်သလို ဟေမာစန္ဒီ မယုံကြည်အောင် အရေးကြုံရင် သခင်မအနီးမှာပဲ သစ္စာအရှိဆုံး သူရဲကောင်းမလေးဖြစ်နေအောင် သခင်မက သူ့ကို မွေးမြူခဲ့တယ်။

'သခင်မဟာ အလှဆုံး၊ အရဲရင့်ဆုံး၊ သစ္စာအရှိဆုံး သူရဲကောင်းမလေးတစ်ယောက်ကိုတော့ ရရှိခဲ့တယ်။ ဒါပေမဲ့ မိန်းမလှလေးတစ်ဦးရဲ့ နူးညံ့မှုနဲ့ နှလုံးသားကိုတော့ ချိုးနှိမ်ခဲ့တယ်။ သခင်မဖြစ်စေချင်တဲ့အတိုင်း တစ်သဝေမတိမ်း ဟေမာစန္ဒီ ဖြစ်လာခဲ့တယ်။

'ဒါပေမဲ့ အချစ်ဆိုတဲ့အရာ ဖူးပွင့်ရောက်လာတဲ့ နှလုံးသားကို သခင်မမမြင်ခဲ့ဘူး။ ဒါကို ဟေမာစန္ဒီ ကိုယ်တိုင်လည်း မသိခဲ့ဘူး။ သူ မသိနိုင်ခဲ့ရှာဘူးလေ။ မဟာသမန်းကို သူစိမ်းကားရက်စက်နိုင်ဖို့ ကြိုးစားရင်းနဲ့ပဲ မဟာသမန်းအပေါ် သူချစ်ခဲ့တယ်။ ဒါပေမဲ့ အချစ်ကို သူမသိခဲ့ဘူး။

'သူသိလိုက်တဲ့အချိန်မှာတော့ အစစအရာရာ နောက်ကျသွားခဲ့ပြီပေါ့။ ကောရီဘုရင်မကြီးဆိုတဲ့ဘဝ၊ လက်နက်စကြာတွေကို ပိုင်ဆိုင်တဲ့ဘဝ၊ ဘုန်းတန်ခိုးစည်း



www.burmeseclassic.com

www.burmeseclassic.com



မိမိကြီးမြတ်တဲ့တဝနဲ့ သခင်မစံမြန်းခဲ့တယ်။ ဒါပေမဲ့ မိန်းမသားလေးတစ်ဦးရဲ့ နှလုံးသားကိုတောင်မှ နားမလည်တဲ့ဘုရင်မကြီးပါလား'

'မဟာသမန်း၊ သခင်မ မင်းရှေ့မှ ယောမာစန္ဒီရဲ့ ဝိညာဉ်မဲ့ခန္ဓာကိုယ် သက်သေပြပြီး တိုင်တည်ပါတယ်။ အလှမာန် ရာဇမာန်တွေနဲ့ တောင်လောက်ခဲ့တဲ့ သခင်မဟာ မိန်းမလှလေးတစ်ဦးကို သေကြေပျက်စီးစေခဲ့ပြီး၊ ယောကျ်ားလေးတစ်ဦးရဲ့ နှလုံးသားကိုလည်း ကွဲကြေစေခဲ့ပါပြီ။ အဝိဇ္ဇာကြောင့် ဖြစ်ခဲ့ရတဲ့ သခင်မရဲ့ ဒီအမှားတို့ သခင်မ ဆေးကြောပါတော့မယ်'

'ဝိသုန်နိုးဒေဝီဘွဲ့ခံ သခင်မရဲ့ ကြွင်းကျန်တဲ့ သက်တမ်းတစ်ခုလုံးမှာ သခင်မဟာ ကမ္ဘာလောက လူ့ပငြိမ်းချမ်းမှုများကိုသာ တည်ဆောက်ဖန်တီးသွားတော့မယ်။ အလုံးစုံသော မာနတွေကို ယောမာစန္ဒီလဲလျောင်းတဲ့ ယောဒီ နန်းဦး လှေကားပြင်ပေါ်မှာ သခင်မ ဖစ်ချလိုက်ပါပြီ'

'သခင်မကို ခွင့်လွှတ်ပါ ယောမာစန္ဒီ၊ သခင်မကို ခွင့်လွှတ်ပါ မဟာသမန်း ခွင့်လွှတ်ကြပါ သားတို့···သမီးတို့ရယ်'



၁၂။

ရက်တွေ လတွေ နှစ်တွေ ကြာရှည်ခဲ့ပါပြီ ယောမာစန္ဒီ။

ဒါပေမဲ့ မင်းနှစ်ပါးတို့ စတင်တွေ့ဆုံကြစဉ် နှစ်ဖက်သူရဲကောင်းတွေကို ခေါ်ပြမိတ်ဆက်ပေးတဲ့ မင်းကို ပထမဆုံးတွေ့လိုက်ရတဲ့အချိန်ကစပြီး နောက်ဆုံး သတ်နက်စကြာတွေပျံ့ဝဲနေတဲ့အချိန်မှာ ကျုပ်ကို ကာကွယ်ဖယ်ရှားပစ်ရင်း 'မောင်ကြီး မဟာသမန်း' ရယ်လို့ မင်း စိုးရိမ်တကြီးပထမဆုံးနဲ့ နောက်ဆုံးခေါ်လိုက်တဲ့ အချိန်အထိ-

အားလုံးကို ကျုပ်သတိရနေပါတယ် ချစ်သူရယ်။

မေ့လို့မရတော့ပါလား ချစ်သော ယောမာစန္ဒီရယ်···။

ချစ်ဦးညို



www.burmeseclassic.com

www.burmeseclassic.com

# နေမြှုပ်တွင်...

ဦးသွင်း ပဲ့ဆုတ်၊ ချိတ်ကုတ် မမြဲ၊ ရေထဲ ကူးသန်း၊ မြုပ်မွန်းစုတ်ဖွား ကြီးများငင်နွဲ၊ ခုန်ဆွဲ တောင်ကိုင်း၊ ကမ်းယံ့ခိုင်း၍··

မယ်ဘွဲ့ရတုတစ်ပုဒ် ရေးစပ်ချင်လာသဖြင့်၊ ကညစ်ဖူးကိုဖွင့်လိုက်စဉ်မှာပင် မောင်းသံများက အဆက်မပြတ်ပေါ်လာသည်။

သံရှိန့်သံနှင်း စဉ်ဆက်မကွာ တရစပ်ပေါ်ထွက်လာသော တဒူဒူမောင်းသံများ ကြောင့် ကညစ်ဖူးကို ဖွင့်အံ့ဆဲဆဲ၊ ကျွန်ုပ်၏လက်မှာ တုံ့သွားရသည်။ ကျွန်ုပ်မှာ စစ်မက်ရေးရာ၌ ညံ့ဖျင်းသူဖြစ်သောကြောင့် မောင်းသံများ၏ အနက်အဓိပ္ပာယ် ကိုမသိ ထို့ကြောင့် ကညစ်ဖူးကို အထဲသို့ပြန်ထည့်ကာ လှေပေါင်းမိုးအပြင်ဘက်သို့ ထွက် လိုက်သည်။ ပေါင်းမိုးအဝမှာပင် ပဲ့နင်းမှူးကြီး ကိုရင်ငပိုက်နှင့် မျက်နှာချင်းဆိုင် မိတော့သည်။ ကိုရင်ငပိုက်က ပေါင်းမိုးအစွန်းကို လက်တစ်ဘက်နှင့်ကိုင်ကာ ခေါင်း တို ပေါင်းမိုးအောက်သို့ ငုံ့ငိုက်၍ ကျွန်ုပ်ကိုလှမ်းကြည့်နေသည်။

'ဗျို့ ကိုရင်ဩ၊ စာစပ်မနေနဲ့ဗျို့။ အပြင်ထွက်ခဲ့တော့'

'မောင်းသံတွေ ဝေလှချည်လား ကိုရင်ပိုက်၊ တိုက်ပွဲဖြစ်တော့မှာလား'

'ဟာ···လုပ်လိုက်ပြီ။ မောင်းသံကြားတိုင်း စစ်တိုက်တော့မယ်ချည်း ထင်နေ တာကိုး။ ဒါ စစ်မောင်းမဟုတ်ဘူးဗျ၊ ကမ်းကပ်ဖို့ အချက်ပေးတဲ့မောင်း'





'ကမ်းကပ်ဖို့ဟုတ်လား၊ ဘယ်ဒေသ ရောက်နေပြီလဲ'

'ကဲပါလေ၊ ထွက်သာထွက်ခဲ့စမ်းပါ'

'လာပါပြီဗျ'

ပြောပြောဆိုဆိုပင် သူကလည်းလှမ်းအဆွဲ၊ ကျွန်ုပ်ကလည်း ကမ်းအပေး၊ သူ့လက်ကို အားပြုဆုပ်ကိုင်ကာ ပေါင်းမိုးအပြင်သို့ ထွက်ခဲ့သည်။

ပထမဆုံး သိသိမှတ်မှတ်ဖြစ်လိုက်သည်ကား လန်းဆတ်အေးမြသောလေ၊ မြင်ကွင်းကို ဂရုမထားနိုင်သေးဘဲ အဆုတ်အိမ်နှင့် ဝမ်းဗိုက်တစ်ခုလုံး ပြည့်ဖောင်း သွားအောင် အားပါးတရ ရှူရှိုက်လိုက်မိသည်။ အားရပါးတရ ပြန်မှုတ်လိုက်သော ထွက်သက်နှင့်အတူ မူးနောက်နောက် ရီဝေဝေဝေဒနာများ လျော့ပါးကင်းစင်သွား လေသည်။

ဝန်းကျင်ကို မျက်စိတပြန် ဖြန့်ကြည့်လိုက်သည်။

မြစ်ရေပြင်၊ ညိုမှောင်ရီကောင်းကင်။

'ဘယ်မှာလဲဗျ၊ ကမ်းကပ်တော့မယ့် မောင်းသံဆိုပြီး ကမ်းလည်းမတွေ့ ရပါလား'

'လုပ်လိုက်ပြီ ကိုရင်ဩတို့ကတော့၊ ခင်ဗျားက မြစ်ဘက်ကိုသွားကြည့်နေ တာကိုး။ ကြည့်ရမှာက ဒီဘက်ဗျ၊ ကမ်းက ဒီဘက်မှာ'

'ဟင်·· ဟုတ်လား'

ရယ်မိကြတော့သည်။ အခြားတစ်ဘက်သို့ ကိုယ်ကို လှည့်လိုက်ရသည်။ ကမ်းသည် ဘွားခနဲပေါ်လာလေသည်။ အကြည့်မှားသည့်အတွက် အရှက်ပြေ ရယ် ချင်း-

'ရေကြောင်းသွားရတာ တယ်မျက်စိမှောက်သကိုးဗျ။ တစ်ခါတလေ ကိုယ့် ဘက်နဲ့ယာဘက်ကိုတောင် မှားမှားနေတယ်။ အခုလည်း ကျုပ်စိတ်ထဲက ကမ်း တော့ ဒီဘက်မှာရှိမှာပဲဆိုပြီး ကြည့်လိုက်တာကိုး။ အင်း·· ကမ်းက ကျောဘက် ရောက်နေတယ်။ သိပ်မလွဲပါဘူး'

ကိုရင်ပိုက်က ရယ်၍သာနေသည်။ ကွမ်းသွေးအညိုတက်နေသော သွားများ ကြန့်ကြန့်ကြီးများနှင့် သူ့နှုတ်ခမ်းမွေးကားကားကြီးမှာ လိုက်ဖက်ဘိခြင်း။

ဒူခနဲ မောင်းသံတစ်ချက် ထွက်ပေါ်လာသည်။ ရုတ်တရက် လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံက နီးနီးကပ်ကပ်ပေါ်လာသောကြောင့်။

'အား… ကိုယ့်လှေပေါ်ကမောင်းသံကိုတောင် ပြန်လန့်တော့တာကိုး။ အာဂ သတ္တိ၊ တပ်မှူးလုပ်ဖို့တယ်ကောင်း'

'ရုတ်တရက်မို့ပေါ့ဗျာ… တကယ်တော့ ကျုပ်ဟာ…'

စာဆိုတော်တစ်ယောက်၊ နှလုံးရည်သမားတစ်ယောက်ဖြစ်ပေမယ့် သွေးအီ လောက် မနည်းပါဘူးဗျ။ တောင်ငူရာဇာသတိုးမင်းခေါင်နှင့်အတူ၊ ဟံသာဝတီမင်းကို ကယ်ဖို့ စစ်သည်သူရဲစုဆောင်းတဲ့တပ်ထဲမှာ ပါဝင်ခဲ့ဖူးသူပါ-ဟု ဆက်ပြောရန်ရှိသော်လည်း ကျွန်ုပ်ဆက်မပြောသာတော့ပေ။ ကျွန်ုပ်တို့ လှေ၏နောက်မှာ အစဉ်တစိုက် ပါလာသော လှေတပ်ဖွဲ့များဆီမှ အချက်ပေးမောင်းသံများ ဆင့်ကဲဆင့်ကဲ ပေါ်လာသောကြောင့်ဖြစ်သည်။ ယခုလိုအချိန်တွင် ဘယ်သူမှလည်း စကားလက်ဆုံကျနေကြရန်ကို စိတ်ဝင်စားကြမည်မဟုတ်။ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ကိုရင်ပိုက်နှင့် ဆက်စကားပြောချင်စိတ်မရှိတော့။

ပျပျရေးရေး မြင်နေရသော ကမ်းစပ်မြင်ကွင်းအာရုံသည် ကျွန်ုပ်တို့ကို ညို့ ငင်ဖမ်းယူလိုက်ပေပြီ။

အဝေးဆီမှကမ်းခြေ၏အနားသတ်မျဉ်းသည် ကျွန်ုပ်တို့ဆီသို့ တိုးချဉ်းလာနေ သည်။ ခဲပုတ်ရောင်ဖျော့ဖျော့ကောင်းကင်၊ ညိုညစ်ညစ်မြေသားရောင် ကုန်းမြင်၊ လက် ဆော့တတ်သော အကလေးငယ်တစ်ယောက်၏ ပန်းချီစုတ်ချက်များနှယ် တွန့်ရှုံ့ မညီမညာ ရေပြင်လှိုင်း။

တစ်ခဲနက် စည်ဝေနေသော ကမ်းကပ်မောင်းသံများ ကုန်ဆုံးငြိမ်သက်သွား သည်။ မင်းတရားကြီး၏ လှေတပ်တော်ကြီးတစ်ခုလုံး တအိအိတတွားတွား ကမ်း ဆီသို့ညွတ်တိမ်းနေပြီ။

တပ်တော်ကြီးတစ်ခုလုံး တစ်ညီတစ်ညွတ်တည်း စိတ်ဝင်တစားဖြစ်နေကြ ပုံတထား သိသာလှပေသည်။ ရပ်နားလိုက်သော လှေတက်နှင့်ရေပြင်တို့ ပွတ်တိုက်သံ မှတစ်ပါး ပြကတေ့သော တိတ်ဆိတ်ခြင်း။

တိတ်ဆိတ်ခြင်းအထုကို မဖျက်ဆီးရဲသောကြောင့် ကျွန်ုပ် လေသံမျှဖြင့် မေးလိုက်မိသည်။

'ဘယ်ဒေသလဲ ကိုရင်ပိုက်'





သူကလည်း တိုးတိုးတိမ်တိမ် ပြန်ဖြေသည်။

'မနုဖြူ…'

မောင်းသံတစ်ချက် ပေါ်ထွက်လာပြန်သည်။ ပွဲတင်သံရှိန် အပြင်းဆုံး၊ သံ လုံးသံထည်အကြီးဆုံးမောင်းသံ။

'ဟော… ဒါ မင်းတရားကြီးရဲ့လှေတော်ဆီက မောင်းမဟုတ်လားဗျ'

သည်လောက်တော့ သိပါသေးသည်ဟူသော သဘောဖြင့် ကျွန်ုပ်က သိမ်းမေးလိုက်သည်။ ကိုရင်ပိုက်က ကွမ်းသွေးအညိုတက်သွားကြီးများကိုလှစ်ပြကာ-

'ဟုတ်ပါတယ် ဟုတ်ပါတယ်။ မင်းတရားကြီးလှေတော်က မောင်းပါပဲ။ အဓိပ္ပာယ်ကတော့ကောဗျ…ကဲ'

'အဓိပ္ပာယ်က…အဲ…'

ကျွန်ုပ်မသိ၊ အင်း…အဲ ဖြစ်နေစဉ်မှာပင်-

'မနုဖြူမှာ စခန်းချမယ်တဲ့ဗျ၊ စခန်းချမယ်တဲ့'

'ဟာ…ဟုတ်လား၊ ဝမ်းသာလိုက်တာဗျာ'

'ကိုရင့်ထက်ပိုပြီး လှေလှော်သားတွေက ဝမ်းသာတော့မပေါ့။ ဟော… ကြားလားဗျို့'

စောစောက တစ်ခဲနက် တိတ်ဆိတ်နေခဲ့ခြင်းသည် ရုတ်ခြည်းပင် ဆန့်ကျင် ဘက်ပြန်ဖြစ်သွားလေသည်။ လှေတော်တပ်သားတို့၏ ဝမ်းသာအားရ ကြွေးကြော် အော်ဟစ်သံများ ပေါ်လာသည်။

'ခဗျာများ ပန်းရာကြပြီလေ၊ စခန်းချမယ်ဆိုတော့ ဝမ်းသာကြတာပေါ့'

ကိုရင်ပိုက်က ပြောပြောဆိုဆိုပင် ပေါင်းမိုးအောင်း လှေနံကိုဖြတ်နင်းကာ ပွဲ ဦးဆီသို့ထွက်သွား၏။ ကျွန်ုပ်လည်း လှေဦးဆီသို့ထွက်လာခဲ့သည်။ ဦးပိုင်းအမြင့်ဆီ ကကြည့်လျှင် တပ်တော်ကြီးတစ်ခုလုံးကို ကောင်းစွာတွေ့ရမည်။ ကမ်းကပ်လှေ တော်သားများ ဘယ်လောက်ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားနေကြမည်နည်း။

မနုဖြူ…တဲ့။

ဤမနုဖြူကမ်းကို ပွေ့ပိုက်ထားသော ရေဝတီမှာ ကျွန်ုပ်တွေ့ဖူးသောမြစ်ကြား ကမ်းဝင် မြစ်ပြင်များထက် ပို၍ကျဉ်းမြောင်းသည်ဟုထင်ပေသည်။ ထို့ကြောင့် မင်းတရားကြီး၏ လှေတပ်ကြီးမှာ ရှိရင်းစွဲထက် ပို၍များပြားသည်ဟု ထင်ရကာ



www.burmeseclassic.com

www.burmeseclassic.com



မြစ်တစ်ပြင်လုံး ဖွေးဖွေးလှုပ်လှုပ်ရှိကြချေသည်။ ဤမျှသော လှေတပ်ကြီးဆီမှ ပေါ်ထွက်လာသည့် ထိုမျှသော အုတ်အုတ်သဲသဲဟစ်ကြွေးသံများကလည်း ဧရာဝတီ၏ မျက်နှာပြင်ပေါ်တွင် မစဲတမ်းခုတ်ပေါက်နေလေတော့သည်။

ပုံ့နှင်းများ၏တိုင်သံ။ တက်မတို့၏ ညာသံ။

ရှေ့လှေများဆီမှ ယိုးသံ၊ နောက်လှေများဆီမှ ယီးသံ။ ယိုးယီးသံများက ခေါင်းချင်း၊ အမြီးချင်းဆက်နေတော့သည်။

ပျော်တတ်သောရဲမက်တို့၏ အသံဝါကြီးနှင့် အော်လိုက်သည့်တေးသံများကလည်း တစ်ချက်တစ်ချက်ဝင်လာတတ်သေးသည်။ တက်ချသံ၊ တက်နှုတ်သံ။ လှေဝမ်းနှင့်ရေလှိုင်းပုတ်ခတ် နှုတ်ဆက်သံ။

ပျော်စရာမြင်ကွင်းနှင့် အလံတို့သည် ကျွန်ုပ်၏ရင်ထဲသို့ အထုကြီးစွာဖြင့် တွန်းထိုးဝင်ရောက်လာသည်။ ကညစ်ဖူးနှင့် ပေထုပ်ကို ချက်ချင်းသတိရလိုက်သည်။ ပေါင်းမိုးထဲ ပြန်ဆင်းပြီး ယူရကောင်းမည်လား။ စာလေးတစ်ပိုဒ်လောက် စပ်လိုက်ချင်စမ်းသည်။ သို့သော် ခနေဖြူကမ်းသို့ ကပ်နေသည့် ကျွန်ုပ်လှေတပ်ကြီး၏ လှုပ်ရှားမှုများကို မျက်တောင်တစ်ခတ်မျှ အလွတ်မပေးချင်။

အင်းလေ၊ ဒီမှာ စခန်းချမှာပဲ။ အေးအေးဆေးဆေးမယ် ဘွဲ့ပိုဒ်စုံရတုတွေ ရေးတော့မယ်။ ရေးစပ်လို့တော့ သိပ်ကောင်းမှာပဲ။ နှလုံးအိမ်ထဲမှာ၊ စာလုံးတွေ စကားတွေ ဖျပ်ဖျပ်ကွန့်မြူးနေကြပြီလေ။ အင်း..စစ်ထွက်ယောကျ်ားတစ်ယောက်ရဲ့ နေပြည်တော်အလွမ်း၊ အိမ်အလွမ်း၊ ကြင်သူအလွမ်း။ ပြီးတော့..သစ္စာဟိုင်၊ သစ္စာထား..။ အညွှတ်နူး အပျောင်းအိဆုံး စာလုံးတွေနဲ့ ရေးဖွဲ့လိုက်မှာပ။ အလောင်းမင်းတရားကြီးကိုယ်တော်တိုင်က ချီးမြှောက်သနားတော်မူထားတဲ့ စာဆိုပေပဲ။ စိန္တကျော်သူ..တဲ့လားလေ။

လှေ…အိခနဲ ငြိမ့်သွားသည်။

ခနေဖြူသို့ ဆိုက်ပြီ။ ဤနေ့ကား ကဆုန်လဆန်းနှစ်ရက်နေ့။

'လေကလည်း ငြိမ်ချက်သားကောင်းလှချည်လား'

ဘယ်အချိန်က ဦးပိုင်းသို့ပြန်ရောက်လာမှန်းမသိသော ကိုရင်ပိုက်။

'ဟုတ်တယ်ဗျ။ လေများငြိမ်လိုက်ပုံ၊ အသက်ရှူစရာများရှိသေးရဲ့လား မသိ'

ကိုရင်ပိုက်နောက်ဆီမှ အသံတစ်သံ ပေါ်လာပြန်သည်။ သူကား ကျွန်ုပ်နှင့်





တစ်နယ်တည်း၊ တစ်ရွာတည်းသား အလုံမောင်းထောင်ရွာသား သံဒုတ်ဖြစ်သည်။ သံဒုတ်ကား လောကတွင် အမည်နှင့်လူပုံ မလိုက်ဖက်ဆုံးပုဂ္ဂိုလ်ကိုပြပါဆိုလျှင် ထိပ်ဆုံးမှထား၍ လက်ညှိုးထိုးပြရမည့်သူပင်။ လူပုံ ပုပုညှက်ညှက်၊ ခြေတံလက်တံ သေးသေးကွေးကွေး။ အသံကလည်း ပြအက်အက်။ အသားအရေကလည်း နဂိုကမှ ညိုးမှောင်မှောင်ရှိရသည့်အထဲ၊ မြစ်ရေ၊ နေပူနှင့် လေပြင်းတိုက်စားထားသောကြောင့် ပြာနှမ်းနှမ်းဖြစ်နေသေးသည်။

'ဟုတ်သမှတ်လား၊ စိန္တကျော်သူရဲ့၊ ခင်ဗျား အသက်ရှူကြည့်စမ်း၊ ရှူလို့ရတော့ဘူးဗျ၊ လေမရှိဘူး'

တစ်ရွာတည်းသားဖြစ်သောကြောင့် သံဒုတ်က ကျွန်ုပ်ကို အမည်ရင်းခေါ်ဘဲ ဘွဲ့အမည်ဖြင့် နောက်ပြောင်ကျီစယ်ခေါ်လေ့ရှိသည်။

'လေမရှူရရင်တော့၊ ကျုပ်အသားလေးတွေ မည်းကုန်တော့မှာပဲဗျာ..အဟဲ'

သည်အကောင် အရွှန်းအပြက်ကလည်း အင်မတန်ပြောသည်။ လူပုံပန်းညိုးသဲသေးကွေးကာ စကားရွှန်းပြက်ပြောတတ်သော်လည်း သံဒုတ်ကား ပါရမီရှင် လှေတော်သားဟု ဆိုရမည်။ သူကား ပုံ့နှင်းမှူးကိုရင်ပိုက်၏ လက်ထောက်ပင်။ လှေကြောင်းရေကြောင်း အရေးကြုံလာသောအခါများတွင် သူ၏ ကြုံလှီသော ခြေတံလက်တံများထဲမှ မယုံစရာကောင်းလောက်အောင် သန်စွမ်းမှုများ ထွက်လာတတ်သည်ကို ကျွန်ုပ်အသိပင်ဖြစ်သည်။

'ဩော်..ခနေဖြူ..ခနေဖြူ..ရောက်ခဲ့ပြန်ပေါ့…အင်း.. အရင်က တစ်ခါမှ မရောက်ဖူးတော့လည်း ဘာကိုလွမ်းရမှန်းမသိ'

'တိတ်တိတ်နေစမ်းကွာ'

ကိုရင်ပိုက်က လှမ်း၍မာန်မဲသည်။ ကိုရင်ပိုက်အသံ မာကျောနေသောကြောင့် ကျွန်ုပ်ပါရော၍ တွန့်သွားသည်။ သည်လူ စိတ်တိုတတ်ပါဘူး။ အခါတိုင်း သံဒုတ်နောက်ပြောင်လျှင် ရယ်မောလေ့ရှိပါတယ်။ ဘာဖြစ်နေသလဲ။

ကိုရင်ပိုက်ကို လှမ်းကြည့်လိုက်မိသည်။

မြစ်ပြင်ဘက်ဆီသို့ သူ လှမ်းကြည့်နေသည်။ သူ့မျက်လုံးများတွေ့ရာသား အနောက်တောင်ဘက် မိုးကောင်းကင်။ မိုးကောင်းကင်ထက်မှာ သဗ္ဗာဝါ[illegible]ကောင်ဆောင်ကို ဒြပ်ထုထင်ရှားတွေ့နေရသလို သူ စူးစူးဝါးဝါးကြည့်နေသည်။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်သည်။ ဘာမျှမရှိ။ တိမ်မျှင်တိမ်စမျှပင် မတွေ့ရ။

'ဘာများလဲ ကိုရင်ပိုက်။ ကောင်းကင်ထဲမှာ သိကြားမင်းများ တွေ့လိုက်ရလို့လား။ ကျုပ်တွေ့ရသလောက်တော့ ခဲပုပ်ရောင်ထနေတဲ့ ကောင်းကင်ပါပဲ။ အဲဒီမှာက'

ကျွန်ုပ်လက်မောင်းကို သန်မာသော လက်ချောင်းသေးသေးများက ဖျစ်ညှစ်လိုက်သဖြင့် စကားရပ်သွားရသည်။ တင်းကျပ်စွာ ဆုပ်ကိုင်လာသောသူကား သေံဒုတ်။ သေံဒုတ်မျက်နှာတွင် အရွှန်းအပြက်များမရှိတော့။ တောက်ပြောင်သော မျက်လုံးအိမ်လေးများဖြင့်လည်း ကောင်းကင်ဆီသို့ မျက်တောင်မခတ်ကြည့်နေသည်။

သူတို့နှစ်ယောက်စလုံး၏နှုတ်မှ တစ်ပြိုင်တည်း စကားတစ်ခွန်း ထွက်ကျလာသည်။

'မုန်တိုင်း'

အေးစက်တိုးတိမ်သော လေသံဖြစ်သောကြောင့် ကျွန်ုပ်လန့်သွားသည်။ မုန်တိုင်း။ ဘယ်မှာလဲ မုန်တိုင်း။ ဒီလောက် ငြိမ်သက်နေတာကိုများ။

'သေချာတယ် ပွဲနင်း'

'အေး‥ သေချာတယ်'

ကျွန်ုပ်ကိုကြားမှာထားလျက် ကျွန်ုပ်ကို မေ့ပျောက်ကာ သူတို့ချင်းသာ မမှိတ်မသုန်ကြည့်၍ ပြောနေကြပြန်သည်။

ထိုအခိုက်မှာပင် ညင်သာသော လေပြည်တစ်ချက် မြူးလာသည်။ လေပြည်ထဲတွင်၊ ရေစက်ရေမှုန်များ ပါလာသလားမသိ။ အေးစက်ခြင်းသည် မွေးညင်းပေါက်များထဲသို့ စိမ့်ခနဲထိုးဝင်သွားသည်။

'လာနေပြီ–ပွဲနင်း'

'အေး‥လာနေပြီ'

ဒုတ်ဒုတ်အသံများ မပီမသ ပေါ်လာသည်။ ကျွန်ုပ်တို့လှေနှင့် ဝဲယာရှိ လှေချင်း၊ ထိုလှေနှင့်ထိစပ်နေသော လှေချင်း…အဆင့်ဆင့်ထိစပ်နေသော လှေချင်းလှေနံများ လှုပ်ရှားရိုက်ခတ်သွားသံ။ မဆိုစလောက် လှေယိမ်းခါသွားသည်။

'သေံဒုတ်၊ လှေတော်သားတွေ နေရာမှာရှိနေကြပါစေ။ ထိုးဝါးတွေအသင့်ပြင်ထား။ ခတ်တက်တွေ အသင့်ပြင်ထား။ သံချိတ်နဲ့ကြိုးတွေကို တုတ်ခိုင်အောင်





ခွဲကို ထပ်ပြီးခိုင်ခိုင်ရည်။ အားလုံးကိုနှိုးဆော်၊ ဟိုဘက်ဒီဘက် နီးစပ်ရာ လှေပွဲနင်းတွေဆီလည်း အကြောင်းကြား'

'ကောင်းပါပြီ‥ ပွဲနင်း'

'တစ်ယောက်မှ ရေထဲမဆင်းစေနဲ့၊ လှေနှစ်စင်းအကြား မရောက်စေနဲ့'

'ဟုတ်ကဲ့‥ ပွဲနင်း'

မျောက်တစ်ကောင်လို သေံဒုတ် လျှားခနဲခုန်ကာ ပေါင်းမိုးအစပ်၊ လှေနံဘက်သို့ ပျောက်သွားသည်။ ကျွန်ုပ်ကား ဘာလုပ်ရမှန်းမသိ။ ဘာမှနားမလည်။ ဤမျှ ချက်ချင်း ရေးကြီးသုတ်ပျာဖြစ်သွားကြရအောင် ဘာများထူးခြားသနည်း။

'ကိုရင်ညြ ဘာလုပ်နေတာလဲ။ ဝမ်းထဲဆင်း၊ ပေါင်းမိုးထဲဝင်ပါတော့လား။ မုန်တိုင်းကျတော့မယ်။ ပြင်းပြင်းထန်ထန် ကျတော့မယ်'

စကားအဆုံးတွင် ကိုရင်ပိုက်ကို မတွေ့ရတော့။ သူလည်း ပွဲစင်ဘက်သို့ ထွက်သွားပြီ။ ကျွန်ုပ်တစ်ယောက်တည်း ဦးပိုင်းတွင် ကျန်ရစ်ခဲ့သည်။ သူတို့ပြောသောမုန်တိုင်းကို တွေ့လိုတွေ့ငြား စောင့်ကြည့်မိသည်။ ဘာမျှ မတွေ့ရပါလား။ တိမ်စင်နေတဲ့ ကောင်းကင်ကိုသာ တစ်ခွင်တစ်ပြင် ရှင်းလင်းစွာ တွေ့ရသည်။ ပဲပုပ်ရောင်ထနေသော ကောင်းကင်။ သည်လူတွေရူးနေကြပြီလား။ သည်လောက်ပကတိငြိမ်သက်နေသော အဓွန့ထဲမှာ ဘယ်ကမုန်တိုင်း‥။

အလို‥ ခဲပုပ်ရောင်က မည်းညစ်သွားပါပကော။

'ထိုးဝါး‥ဟေ့'

'ထိုးဝါး'

'ခတ်တက်‥ဟေ့'

'ခတ်တက်'

'သံချိတ်နဲ့ ကြိုးဟေ့'

'သံချိတ်နဲ့ ကြိုး'

'အားလုံး‥အသင့်ညီ'

'ညီ'

ပွဲနင်းများနှင့် လှေတော်သားတို့၏ အမိန့်ပေးသံ၊ နာခံစကားပြန်သံတို့ အဆုံးတိုင်အဖောက်ညီညွတ်စွာ တစ်ခဲနက်ပေါ်ထွက်လာသည်။ မျက်စိလျှင်ဆုံး အစီအရီ



www.burmeseclassic.com

www.burmeseclassic.com



ခင်းဖြန့်ထားသလိုရှိနေသော လှေများအားလုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

အရာအထောင်သော ထိုးဝါးတံများသည် တစ်ညီတည်းမြောက်သွားကာ တစ်ညီတည်းပင် အလျှားလိုက် ပြန်ကျသွားကြသည်။ ရေထဲသို့ ထိုးစိုက်ခြင်းမရှိသေး။ လှေနံများဆီမှ ခတ်တက်များသည်လည်း ဖြာခနဲတက်သွားကာ ဖြာခနဲပြန်ကျလာပြီး၊ ရေပြင်သို့ တစွတ်စွတ် တိုးဝင်သွားကြသည်။ လှော်ခတ်ခြင်းကားမရှိသေး။

တပ်တော်၏ ဦးပိုင်းဆီမှ ရွှေရောင်လက်နေသော မင်းတရားကြီး၏လှေတော်ရှိရာသို့ လှမ်းကြည့်မိသည်။

ဘုရား‥ဘုရား‥။

လှေတပ်တော်၏အထက်ဆီတွင် အမြင့်မားဆုံး ထိုးထွက်နေသည့် မင်းတရားအလံတော်တိုင်ဖျားသည် သိသိသာသာကြီး ခါယမ်းနေပါလား။ အလှမ်းဝေးသော မြင်းကွင်းထဲတွင် ယိမ်းထိုးနေသော အလံတော်တိုင်ထိပ်ဖျားကို အထင်အရှားတွေ့နေရသည်။ ကြည့်နေရင်းမှာပင် ကြက်သွေးရောင် အလံများသည် ဖျပ်ဖျပ်လှုပ်ခါကာ လေဆန်နေသည့်အလား စွင့်စွင့်လွင့်နေတော့သည်။

ကျွန်ုပ်၏ ခြေအောက်မှ ဦးပိုင်းကုန်းပတ်လှုပ်လာသည်။

လဲပြိုမသွားရန် ဖဝါးဖြင့် ဖိကုတ်ထားလိုက်သည်။ သို့သော် ခန္ဓာကိုယ်မှု အနိမ့်အမြင့်စောင်းငဲ့လာပေပြီ။

မုန်တိုင်းသည် ဤမျှဖြုတ်ခြည်း မြန်ဆန်တတ်သလား။

ကောင်းကင်ဆီသို့ မော့ကြည့်မိပြန်သည်။

စောစောက ကောင်းကင်မရှိတော့။

အဆုပ်လိုက် အဆုပ်လိုက် တိမ်ထုကြီးတွေ ဘယ်လိုလုပ်ရောက်လာကြသနည်း။

တိမ်ထုကြီးများကို အံ့သြရန် အချိန်မရသေးမီမှာပင် ကောင်းကင်ဆီမှ ပေါက်ကွဲသံကြီးတစ်ခုပေါ်လာသည်။ အသံအားဖြင့်ပင် ကျွန်ုပ်တစ်ကိုယ်လုံး လွင့်စဉ်ကြေမွသွားပြီဟု ထင်လိုက်သည်။ နားနှစ်ဘက်ဆီသို့ လက်က အလိုလိုရောက်သွားသော်လည်း ထစ်ချုန်းမြည်ဟည်းသံကြီးသည် လက်ဖမိုးကိုဖောက်ထွင်းကာ နားပေါက်မှတစ်ဆင့် သွေးကြောများထဲအထိ ဒုတ်ဒုတ်ထိဝင်သွားသည်။ လက်ဖမိုးနှစ်ဘက်





စလုံးပြဲသွားပြီလားဟု ကယောင်ကတမ်း ပြန်ခွာကာ လက်ကိုပြန်ကြည့်မိသည်။

လက်နှစ်ဘက်စလုံး ရွှဲစိုသွားသည်။

ထစ်ချုန်းသံကြီးက မိုးပေါက်ကြီးများကို ကောင်းကင်ဆီမှနေ၍ ဖောက်ခွဲပစ်ချလိုက်ပေပြီ။

တဝေါဝေါအော်မြည်သံကြီးကလည်း အဝေးမြစ်ပြင်ဆီမှ တရှူးထိုးလှိမ့်ဝင်လာပေပြီ။

'ကိုရင်ဩ‥အထဲကိုဝင်‥အထဲကိုဝင်'ဟု ကျွန်ုပ် သဲ့သဲ့ကြားလိုက်မိသလိုလို။ လှေဝမ်းကို တစ်စုံတစ်ခုက အောက်မှခါလိုက်သောကြောင့် ကျွန်ုပ် ကုန်းပတ်ပေါ်တွင် ကစဥ့်ကလျား လဲကျသွားသည်။

❖❖❖

'အကြောက်'၏အလိုအလျောက် လှုပ်ရှားမှုပင်ဖြစ်မည်။

ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်သည်တွင် ဦးပိုင်း၌ရစ်ပတ်ထားသော အုန်းဆံကြိုးမှ သံချိတ်ကိုဆွဲမိလျက်သား။ ရေထဲသို့ လွင့်ကျမသွားသေးဟူသော အားတက်မှုကား သေးငယ်လှချေ၏။ အကယ်၍များ လွင့်ကျသွားပါက လှေနံချင်း လှေဝမ်းချင်း တဖြုန်းဖြုန်း တဗိုင်းဗိုင်း ရိုက်နေကြသော လှေနှစ်စင်းအကြားတွင် ကျွန်ုပ်တစ်ကိုယ်လုံး ကြိတ်ဆုံထဲမှ ပဲစေ့လို ကြေမွသွားချေမည်ဟူသော တွေးတောကြောက်ရွံ့မှုက ပို၍ကြီးမားနေသည်။

လဲကျနေရာမှပင် ဦးခေါင်းထောင်၍ ကြည့်မိသေးသည်။

ကျွန်ုပ်၏ရူးမိုက်သော စိတ်တစ်မျိုးလား မပြောတတ်။

ဤမုန်တိုင်းကြီးအောက်တွင် လှေတပ်တော်ကြီး ဘယ်လိုများဖြစ်နေသနည်းဟူသော သိလိုခြင်းဆန္ဒ။

ကမ်းတွင် အစီအရီ ဦးဆိုက်ထားသော လှေများကား ပြောင်းဆန်နေပေပြီ။ အပြည့်အညပ် နံ့ဘေးချင်းယှဉ်စပ်နေသောလှေများကြားသို့ လှိုင်းတံပိုးများက ရိုင်းရိုင်းရက်စက်စွာ ပရမ်းပတာ တိုးဝင်တွန်းထိုးနေသည်။ မြင့်တက်သွားသောလှေသို့နောက် နိမ့်ကျသွားသောလှေ။ အထက်အောက် အသွားအပြန် ဝမ်းချင်း၊ နံချင်း ခိုင်လိုက်ကြသည့်အသံမှာလည်း အဆက်ပြတ်သည်မရှိတော့။

'စိန္တကျော်သူ‥စိန္တကျော်သူ…'



www.burmeseclassic.com

www.burmeseclassic.com



အော်သံဖြစ်သော်လည်း သဲ့သဲ့သာကြားရသည်။ လည်ပြန်လှည့်ကြည့်လိုက်သည်။ ပေါင်းမိုးအစပ်မှ ငသံဒုတ်၏အသံပင်။ မိုးလေမုန်တိုင်း၏ ညစ်ပုပ်သောအမှောင်ထဲတွင် သူ့ရုပ်ကိုမမြင်ရ၊ အသံသာဖမ်းမိသည်။

'ငါ ဒီမှာဟေ့'

'အထဲကိုဝင်ပါလား၊ ဘာလုပ်နေတာလဲ'

'သံချိတ်ကို ဖမ်းဆွဲထားရတယ်။ လက်လွှတ်ရင် ရေထဲကျသွားမယ်'

'ခင်ဗျား အဲဒီမှာပဲနေ…'

ကျွန်ုပ်လည်း သံကုန်အော်နေရသည်။ မုန်တိုင်းသံနှင့် မိုးသံများအကြားတွင် သူလည်း ကျွန်ုပ်အော်သံကို သဲ့သဲ့သာကြားရမည်ပင်။

ကျွန်ုပ်မှာ တကယ်လည်း လက်လွှတ်၍မရ။ လှေသည် ကပြောင်းကပြန်ဖြစ်နေပြီ။ သံချိတ်ကို ကိုင်ဆုပ်ထားသော လက်နှစ်ဘက်သည်သာလျှင် ကျွန်ုပ်အသက်၏ တည်မီရာဖြစ်တော့သည်။ တစ်ကိုယ်လုံးသည် လှေလူးသည့်အရှိန်အတိုင်း ဖရိုဖရဲလွင့်စဉ်ကာ ကုန်းပတ်ပေါ်တွင် လိမ့်နေသည်။

ငါ…ရူးသွပ်နေပြီလား…ဟု ဒုတိယအကြိမ်တွေးမိသည်။

ဟုတ်တယ်။ အရင်က မရူးသွပ်ခဲ့ရင်တောင်မှ အခု မျက်စိတစ်မှိတ်အတွင်းမှာ ရူးသွပ်သွားပြီထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ ကြောက်စိတ်မရှိတော့ဘူး။ မိုးမုန်တိုင်း၊ လေမုန်တိုင်းအောက်က ဒီလှေတပ်တော်ကြီးရဲ့ ကံကြမ္မာဟာ ငါ့ကံကြမ္မာထက်ပိုပြီး ကြီးမားတယ်။ ပြီးတော့ ကြည့်ပါဦး။ အံ့ဩစရာကောင်းလိုက်တာ။ လေပြင်းတွေ..မိုးသီးမိုးပေါက်တွေ…ကစဉ့်ကလျားဖြစ်နေတဲ့ လှေတွေ… ဟုတ်တယ်။ ဟုတ်တယ်၊ အတိုင်းမသိ အံ့ဩနေရခြင်းကြောင့် အကြောက်တရားဆိုတာ ဘယ်ရောက်သွားမှန်းမသိတော့ဘူး…။

'စိန္တကျော်သူ..မြဲမြဲကိုင်ထား..ကျပ်လာနေပြီ…'

အသံသဲ့သဲ့ကြားရပြန်သည်။ ပြန်အော်ရန် ပါးစပ်ဟလိုက်သည်တွင် တစ်ဘက်လှေကိုရိုက်ကာ ဝုန်းခနဲ လွင့်စဉ်လာသော လှိုင်းပိုးက ကျွန်ုပ်မျက်နှာကို ပြင်းပြင်းထန်ထန် ပုတ်ခတ်သွားသည်။ ချွန်မြသော အပ်သွားများဖြင့် မျက်နှာနေရာအနှံ့အပြား အစိုက်ခံရသလိုဖြစ်သွားသည်။

'လက်တစ်ဘက် လွှတ်လို့ရမလား။ ရရင် ဒီကိုကမ်း…'





ငသံဒုတ်၏အသံကို နီးကပ်သဲကွဲစွာကြားလိုက်ရသည်။

လှေက တစ်ချက်ဆောင့်ခါသွားသဖြင့် တစ်ကိုယ်လုံး ပက်လက်ဖြစ်သွားသည်။ သံချိတ်ကို ဆွဲကိုင်ထားသည့်လက်ကို လိမ်လိုက်သလိုဖြစ်သွားကာ အသည်းခိုက်အောင် နာကျင်သွားလေသည်။ နာကျင်မှုကို ခံစားလိုက်ရသောကြောင့် ကြောက်စိတ်သည် ဘွားခနဲပေါ်လာတော့သည်။

'ငသံဒုတ်..ငသံဒုတ်.. ငါ့ကို ကယ်ပါဦး…'.

ကြောက်တယ်.. ငါ ကြောက်တယ်။ သေရမှာကို ငါကြောက်နေပြီ။ အို..ဘုရား..ဘုရား။ အခုမှပဲ ဇါတကာယ် ရူးတော့မှာ။ ကြောက်လွန်းလို့ ရူးတော့မှာ။ သက်တွေလည်းကိုက်ခဲနေပြီ။ မိုးရေနဲ့မြစ်ရေတွေကြောင့် ထုံကျင်နေပြီ။ သံချိတ်ကို ငါဆွဲမိထားသေးသလား..။ မသိတော့ဘူး။ ငါ.. ရေထဲကျတော့မယ်။ လှိုင်းလုံးကြီးတွေက ငါ့ကို မြစ်အလယ်ထိ ဆွဲခေါ်သွားတော့မယ်။ ဒါမှမဟုတ် လှေတွေကြားထဲ ညှပ်သွားရင် အရိုးအသားစိစိကြေမွ…။

မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ထိမှန်လာသော မိုးပေါက်များကြောင့် မျက်လုံးဖွင့်နိုင်။ ပက်လက်လန်လဲကျနေသော အနေအထားကိုလည်း မပြင်နိုင်။ မျက်ခွံနှစ်ခုကို တင်းတင်းကျပ်ကျပ်ပိတ်ကာ မျက်လုံးအိမ်ထဲဝင်နေသော မိုးရေများကို ညှစ်ထုတ်လိုက်ရသည်။ မျက်လုံးတွေ ကျိန်းစပ်နာကျင်နေလိုက်သည်ကား ပြောစရာမရှိ။ သည်အထဲကပင် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ မရအရဖွင့်ကြည့်မိတော့သည်။ အရပ်ကိုးမျက်နှာစလုံး ပိန်းပိတ်သားပြည့်နှက်နေသော တိမ်လိပ်တိမ်သားများမှာ မျက်စိနှင့်မဆန့်။ မမြင်စဖူး ထူးကဲချောက်ချားဖွယ် မြင်ကွင်းကြီးသည် ကျွန်ုပ်၏နှလုံးအိမ်တွင်းသို့ ပြေးဝင်နစ်မြုပ်လာသည်ဟုထင်ရသည်။ သို့တည်းမဟုတ်၊ မိုးပေါက်ကြီးများကပင် ကျွန်ုပ်၏နှလုံးကို စွတ်စိုလန်းဆတ်လာစေပြီလားမသိ။

စာလုံးအစအနများ အလိုလိုဝင်လာသည်။

'.. တောင်မြောက်အုံ့မှိုင်း၊ ရှေ့အတိုင်းလျှင်၊ မိုခိုင်းကမ်းရပ်၊ တင်းကျမ်းစင်မျှ၊ မလပ်ဆိပ်ခင်း၊ လေပြင်းလှိုင်းရိုက်..'

'စိန္တကျော်သူ.. စိန္တကျော်သူ.. ခင်ဗျားဘယ်မှာလဲ'

ငသံဒုတ်၏အော်သံကို နီးကပ်စွာကြားလိုက်ရသည်။

'ငါ ဒီမှာပဲဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'မြဲမြဲကိုင်ထား။ ကျုပ်လာနေပြီ'

လှိုင်းတစ်ချက်ပုတ်လိုက်သည်။ လှေဦးသည် တိမ်တိုက်ကို တက်ဆောင့်တော့မည့်အလား မြောက်တက်သွားကာ ကျွန်ုပ်တစ်ကိုယ်လုံးလည်း လေဟာထဲတွင် မြောက်ပါသွားသည်။

ဘုရား..ဘုရား..၊ ဒီတစ်ခါတော့ သွားပြီ။

ဘာကိုမျှ မကြည့်ရဲတော့သောကြောင့် မျက်စိမှိတ်လိုက်သည်။

ဤတဒင်္ဂကို ဘယ်တော့မျှမေ့နိုင်တော့မည်မဟုတ်။ သေခြင်း၏လက်များကို ဖမ်းဆုပ်ကိုင်လိုက်ရသည့်အခိုက်အတန့်။

ဤအခိုက်အတန့်မှာပင် ဘဝတစ်သက်တွင် ဘယ်တုန်းကမျှ မပေါ်ခဲ့ဖူးသော အကြီးမားဆုံးဆန္ဒတစ်ခု ပေါ်လာသည်။ အသက်ရှင်နေသေးလိုသည့်ဆန္ဒ၊ ငါ ငါမသေချင်သေးဘူး၊ ငါ အသက်ရှင်နေချင်သေးတယ်၊ မသေပါရစေနဲ့ဦး။ ဒီအဖြစ်ကို ငါစာစပ်ဦးမယ်၊ ငါစာဆိုချင်သေးတယ်။ စာတစ်ပုဒ်ရေးစပ်ပြီးမှ ငါသေပါရစေ ငါဟာ စာဆိုပဲ။ စာဆိုဖို့အတွက် ငါအသက်ရှင်ချင်သေးတယ်။

'ဟုတ်ပြီ..ဗျို့၊ အားတင်းပြီး မြဲမြဲကိုင်ထား'

သံဒုတ်၏အော်သံကို အနီးကပ်ဆုံးကြားရပြန်သည်။

ကျွန်ုပ်မသေသေး၊ သံချိတ်ကို ဆုပ်ကိုင်ထားသော မိမိလက်များ၏ကျေးဇူးကြောင့်ပင်ဖြစ်တော့သည်။ တစ်ကိုယ်လုံး မြောက်ပါသွားသော်လည်း မြစ်ထဲသို့ လှေများအကြားသို့ ကျွန်ုပ်လွင့်ကျမသွားသေး။

ကျွန်ုပ်၏လက်တစ်ဘက်ပေါ်သို့ တင်းကျပ်သော လက်ချောင်းများ ကျရောက်ဆုပ်ညှစ်လာသည်။ သံဒုတ် ကျွန်ုပ်ကိုဆွဲယူမိချေပြီ။

'လက်တစ်ဘက် လွှတ်လိုက်ဗျို့။ ကျန်တဲ့တစ်ဘက်က ကိုင်ထားဦး။ ကျေ... က ခါယမ်းနေတယ်၊ ကျုပ်ပြောသလိုလုပ်'

ကျွန်ုပ်၏ဝဲလက်သည် သံဒုတ်၏မြဲမြံလှသော လက်များထဲသို့ရောက်သွားသည်။ တဖြည်းဖြည်း ဆွဲယူနေသည်ကိုလည်း တွေ့ရသည်။

'ကျုပ်က လွှတ်ဆိုမှလွှတ်နော်၊ တော်ကြာ.. နှစ်ယောက်စလုံးကျသွားမယ်'

ကျွန်ုပ် ဘာမျှပြန်မပြောနိုင်။ ကိုယ့်ကိုယ်ကို မသေနိုင်တော့ဟုသော ယုံကြည်





မှုဖြင့် ကြောက်စိတ်များ ကင်းကွာသွားသည်တော့အမှန်ပင်။

'လှိုင်းလုံးကြီးတစ်ခု လာနေတယ်ဗျို့။ မကြာခင် ကျုပ်တို့လှေကိုရိုက်တော့မယ်။ အဲဒါနဲ့ တစ်ချိန်တည်း ခင်ဗျားတို့လက်ကိုလွှတ်လိုက်။ ပြီးတော့ အစွမ်းကုန်အားသုံးပြီး ကိုယ်ကိုလှိမ့်ချလိုက်။ ကျုပ်ပြောတာ နားလည်တယ်နော်'

'အေး.. နားလည်တယ်'

'အသင့်ပြင်ထား၊ လှိုင်းလုံးကြီးရောက်လာပြီ'

သူ့စကားအဆုံးမှာပင် လှေသည် သွက်သွက်ခါသွားသည်။ ပြင်းထန်သော အသံကြီးကိုလည်း နားဝတွင်ကပ်၍ကြားလိုက်ရသည်။

'လက်လွှတ်..လှိမ့်ချလိုက်'

မျက်စိအစုံမှိတ်၍ သံချိတ်ဆီမှ ယာလက်ကိုလွှတ်လိုက်သည်။ သံဒုတ်ဘက်သို့ လှိမ့်ချလိုက်သည်။ လှိုင်းပုတ်အရှိန်ကြောင့်လား၊ ကျွန်ုပ်က လှိမ့်ချလိုက်သောကြောင့်လား၊ သံဒုတ်က တစ်ဘက်မှနေ၍ ဆောင့်ဆွဲလိုက်သောကြောင့်လားသိ။ တစ်ကိုယ်လုံး ချာလပတ်လည်သွားကာ သံဒုတ်နှင့်ကျွန်ုပ်တို့နှစ်ယောက်သား ဗရုန်းသုန်းကားပူးကပ်ဖက်တွယ်ကာ လိမ့်သွားလေသည်။

ဝုန်းခနဲကျသွားသည်။ နှစ်ယောက်စလုံး မြစ်ထဲကျပြီဟု ထင်လိုက်ရသည်။ ရေထဲသို့ ဗွမ်းခနဲကျသွားသည့်အရှိန်။

'ကိုင်း..ရောက်ပြီ'

မျက်စိပြန်ဖွင့်ကြည့်လိုက်သည်။ ရေထဲသို့ကျသွားသည်ကတော့အမှန်။ သို့သော်မြစ်ရေမဟုတ်၊ လှေဝမ်းထဲမှရေများဖြစ်သည်။ ပေါင်းမိုးအောက်သို့ ရောက်ခဲ့ပြီး ရုတ်တရက် မထနိုင်သေး။ နာကျင်ကိုက်ခဲနေသောလက်များက ဘာကိုမျှဆုပ်ကိုင်မထားနိုင်သေး။ မိမိလက်ချောင်းများကို ပြန်၍ဖြန့်ကြည့်လိုက်သည်။ ကျွန်ုပ်၏လက်ချောင်းများ၊ ကညစ်ကိုင်လက်များကို မမှတ်မိ။ သွေးဆုတ်ဖြူဖွေးနေကာ ချိမ်ပဲကြီးလို တွန့်ရှုံ့နေကြချေသည်။

'ခင်ဗျား မသေတော့ပါဘူး...စိတ်ကျေသူရဲ'

သံဒုတ်က လှေဝမ်းထဲမှထရင်းပြောသည်။ နဂိုကမှ မည်းနက်လှသော သူ့အသားအရေကား ယခုမူ လူသားတစ်ယောက်ဟုပင် ထင်စရာမရှိချေ။ ပြာနှမ်းနှမ်းညိုညစ်ညစ်။ သူက ကျွန်ုပ်ကို သွားများဖြီးပြပြီး သူ့ခါးမှ အနံ့သံကြိုးများကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နေသည်။ အုန်းဆံကြိုးများက သူ့ခါးမှာ အထပ်ထပ်။

'အဲဒီကြိုးတွေက ဘာလုပ်တာလဲ'

'ဘာလုပ်ရမှာလဲ၊ သေံဒုတ်ကို ဒီလိုမှချည်မပေးလိုက်ရင် ကိုရင်တို့နှစ်ယောက်စလုံး မြစ်ထဲကျ၊ မိကျောင်းစာ,လိပ်စာဖြစ်သွားမှာပေါ့'

ဝင်ပြောလိုက်သူကား ကိုရင်ပိုက်ဖြစ်သည်။ စောစောက သူ့ကို သတိမထားမိ။ သူ့လက်ထဲတွင် သေံဒုတ်ခါးမှအုန်းဆံကြိုးအစကို ကိုင်ထားသည်။ ယခုမှပင် သဘောပေါက်တော့သည်။ ကိုရင်ပိုက်က ကြိုးစတစ်ဘက်မှကိုင်ထား၊ သေံဒုတ်က ကြိုးကိုခါးမှချည်လျက် လှေဦးသို့ရောက်နေသော ကျွန်ုပ်ထံ ခက်ခက်ခဲခဲသွားလာ ကာ ကျွန်ုပ်လက်ကို အမိအရဆွဲ၍ ကယ်ကြရခြင်းဖြစ်သည်။

'ကိုရင်တို့နှစ်ယောက်စလုံးရဲ့ ကျေးဇူးကြီးပါပေတယ်ဗျာ။ ကျုပ်-ဘယ်တော့မှ မမေ့ပါဘူး'

သေံဒုတ်က အုန်းဆံကြိုးခွေကို လှေတပ်သားတစ်ယောက်ထံ ပစ်ပေးရင်း-

'ကျေးဇူးဆပ်ချင်ရင်တော့ နေပြည်တော်ပြန်ရောက်မှ ဆပ်ပေတော့။ မဟာနန္ဒာကန်တော်ဘွဲ့လို ပိုဒ်စုံရတုလေးတစ်ပုဒ်လောက် ကျုပ်ကိုရေးပေး.. ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်.. ဆိုတာမျိုးလေ။ အဟီး.. ကျုပ်ရည်းစားကို ပေးရအောင်'

အသက်ဘေးမှလွတ်မြောက်စမှာပင် သေံဒုတ် ရွှန်းပြက်နိုင်သေးသည်။

'ဟင်း.. မင်းလူလား။ ကံကောင်းလို့ အသက်ရှင်နေသေးတယ်မှတ်။ အရေးထဲများ သူက လှေဦးမှာ ချန်နေရစ်ခဲ့သေးတယ်။ မိုးသက်မုန်တိုင်းများ ဘာအောက်မေ့နေသလဲမသိဘူး။ မုန်တိုင်းကိုပဲ စာစပ်ဦးမလို့လားမသိ။

ကိုရင်ပိုက်က မကျေမချမ်းပြောသည်။ သူ့စကား မှန်နေသဖြင့် ကျွန်ုပ်ဝင်ထဲက ပြုံးမိနေသည်။ ထိုအခိုက်မှာပင် လှေသည် တစ်ချက်မြောက်တက်သွားကာ အရှိန်ပြင်းစွာပြန်ကျသဖြင့် ကျွန်ုပ်တို့အားလုံး ဗရန်းသုန်းကား လဲပြိုကျသွားကြဖြစ်သည်။ လှေအောက်အကျမှာပင် ပေါင်းမိုးထဲသို့ ရေများ ဝေါခနဲဝင်လာသည်။ မုန်တိုင်းကား ပြင်းထန်ဆိုးရွားနေဆဲ။ အရပ်လေးမျက်နှာမှ တဒီးဒီးအသံများ မြည်ဟည်းနေဆဲ။ ကိုရင်ပိုက် ကျွန်ုပ်ရှေ့မှ ထွက်ခွာသွားသည်။

'ကိုင်း...စိန္တာကျော်သူ..ကျေးဇူးပြု၍ ဒီမှာပဲနေပါ။ မုန်တိုင်းထဲမှာ ခင်ဗျား





အတွက် ကာရန်မရှိဘူးဗျ။ သေခြင်းပဲရှိတယ်..နားလည်လား'

သေံဒုတ်ကလည်း ကျွန်ုပ်ကို မျက်လုံးပြူးပြကာ ပဲ့စင်ဘက်သို့ထွက်သွားလေသည်။ နေရာတွင် မလှုပ်မယှက်ရပ်နေမိသော်လည်း တဝုန်းဝုန်း မိုးပေါက်သံ၊ အဟီးဟီး လေမုန်တိုင်းသံများကြားမှ လှေလှော်သားတို့၏ အော်ဟစ်သံ၊ အမိန့်ပေးသံများကိုကား ကြားနေရလေသည်။

'မက်..ဟော့..မက်..မက်'

'ပဲ့တက်မစားတော့ဘူးဗျို့'

'လှော်တက်သမားတွေ...မက်..မက်'

'လှေဝမ်းအတွင်း ပေါင်းမိုးတစ်ခုလုံး ပြောင်းဆန်သွားပြီဖြစ်လာသောကြောင့် ကျွန်ုပ်၏ ကညစ်ပူးနှင့် ပုရပိုက်ထုပ်၊ ပေထုပ်များမှာလည်း သုံးမရတော့ချေ။ ပေါင်းမိုးနံရံကို အားပြုကိုင်ဆုပ်ရင်း ကျွန်ုပ်လည်း ပေါင်းမိုးနံရံဟိုဘက်သည်ဘက်ကြားတွင် ဖရိုဖရဲလွင့်နေသည်။ နောက်ဆုံးတွင်ကား နံရံမှ သစ်သားတန်းနှင့်ခါးကိုကပ်ကာ အုန်းဆံကြိုးတစ်ချောင်းဖြင့် ချည်ထားလိုက်တော့မှ ဆောက်တည်ရာရသွားသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် ကြိုးဖြင့်ကပ်ချည်ထားလိုက်သည့် နေရာမှာလည်း ပေါင်းမိုးအစပ်နေရာဖြစ်သောကြောင့် အပြင်မှ မြင်ကွင်းကို ထင်ထင်ရှားရှား တွေ့နိုင်ခွင့်ရသွားလေသည်။

'တောင်မြောက်အုံ့မှိုင်း၊ ရှေ့အတိုင်းလျှင်၊ မှီခိုကမ်းရပ်၊ တင်ကျမ်းသပ်မျှ၊ ထပ်ဆိပ်ခင်း၊ လေပြင်းလှိုင်းရိုက်...'

'ဝဲကြီးတွေလာပြီ-ဟော့၊ ဝဲကြီးတွေ'

'ကလိုင်တွေပေါ်လာပြီ။ လှော်တက်သမားတွေ မက်ထား.. မက်ထား'

ရဲမက်တို့၏အော်သံများ ပေါ်လာပြန်သည်။

ပို၍ဆိုးရွားသောအခြေသို့ ရောက်ရပြန်ပေပြီ။ လေပြင်းမုန်တိုင်းကြောင့် ဝဲတော့ကြီးများ၊ ကလိုင်ကြီးများ မြစ်ထဲတွင်ဖြစ်ပေါ်လာသည်ကို ကျွန်ုပ်ကောင်းကောင်းမြင်လိုက်ရသည်။ အိမ်တစ်လုံးစာမျှရှိမည့် ဝဲကြီးများသည် သွေးဆာနေကြသည့် ဘီလူးကြီးများ၏ ခံတွင်းပေါက်များပင်ဖြစ်ချေမည်။ လှေတပ်ကြီးတစ်ခုလုံးကို မျိုပါးမျိုတော့မည်ဟန်ဖြင့် မွှတ်မွှတ်ပါအောင် လည်ပတ်နေကြသည်။ မိုးကလည်း ညှို့၍ သည်းထန်လာသည်။ လေကလည်း အရပ်လေးမျက်နှာမှ စုပြုံ တိုက်ခတ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရသည်။

မျက်စိအဆုံး မြင်နေရသော လှေတပ်တော်ကြီးမှ လှေများကား ဦးစိုက်ကျွမ်းပြန်။ အချို့လှေများ ပဲ့ပိုင်းမှ မြောက်ကြွသွားလိုက်ပုံမှာ ပဲ့တစ်ခုလုံးကိုပင် အတိုင်းသားမြင်ရသည်အထိ။ လှေတော်သားတို့၏ ပဲ့တက်များလည်း ရေနှင့်မထိမိတော့။

'ထိုးဝါးတွေ.. ထိုးဝါးတွေ..ဟေ့'

အရာအထောင်သော ထိုးဝါးသံများ အရှုပ်ရှုပ်အထွေးထွေးဖြစ်နေကြသည်။ သူတို့ ထိုးဝါးကောက်၍ ထိန်းရုန်းကြိုးစားနေကြချေသည်။

'ရေနက်သဗျို့.. ထိုးဝါးမမီဘူး'

'ဟုတ်တယ်ဗျို့၊ ထိုးဝါးထောက်မရဘူး'

'ခတ်တက်သမားတွေ၊ ခတ်ပြီးထိန်းကြစမ်းဟေ့'

'မရဘူး.. ခတ်လို့မရဘူး။ လှေမပါဘူးဗျ'

'ခတ်လို့မပါဘူး။ ကလိုင်ကြီးတွေကြောင့် လှေလည်နေပြီဗျ'

ရေကြောင်း ကမ္ဘာပျက်သွားပြီလားထင်ရသည်။ မြောင်းမြောင်းမြင်းမြင်းမိုးသံများသည် ကမ္ဘာပျက်ကြွေးကြော်သံကြီးပင်ဖြစ်ပေမည်။

'ဝဲဝိုက်ကလိုင်.. ဝဲဝိုက်ကလိုင်..အင်း.. မနိုင်ခိုင်းမက်၊ ပဲ့ထက်မစားထိုးဝါးမမီ၊ ခတ်ချီမပါ။ ရေကြီးရာတွင်..'

မြစ်ရေပြင်သည် ဖူးဖူးရောင်ထလာချေပြီ။

တပ်တော်ကြီး၏ လှေများလည်း ဦးပဲ့နံချင်း အထွေးထွေးအယှက်ယှက်ဖြစ်ကုန်ကြပြီ။ ထိုးဝါးခတ်တက်၊ ပဲ့တက်..အားလုံးအချည်းနှီးဖြစ်သွားကြပြီ။ အချို့လှေများကား ပြောင်းပြန်လည်ထွက်ကာ ကမ်းကို ပဲ့ပိုင်းဖြင့် ထိုးဆိုက်နေကြသည်။ ဦးပိုင်းက မြစ်ပြင်ဘက်။

'သံဒုတ်..သံဒုတ်...'

'ကျုပ် ဒီမှာဗျို့၊ ပဲ့နင်း'

'သံချိတ်တွေ ထုတ်တော့ဟေ့'

'ထုတ်ထားပြီးပြီဗျို့'

ဝုန်းခနဲ အသံတစ်သံနှင့်အတူ ကျွန်ုပ်ရှေ့မှ လူရိပ်တစ်ခုဖြတ်သွားကာ ရေထဲကျသွားသည် သံဒုတ်။





သင်း..လွင့်ကျသွားပြီဟုထင်ကာ ရင်ထဲမှာ ထိတ်သွားသည်။

သို့သော် သံဒုတ်သည် ရေထဲမှပြန်ပေါ်လာသည်။ သူ့လည်ပင်းတွင် အုန်းခွံကြိုးခွေ။ သူ့လက်ထဲတွင် သံချိတ်၊ သြော်..သံချိတ်နှင့်ကုပ်ဖို့ပေကိုး။ သူ့နောက်မှ လှေတပ်သားနှစ်ယောက်သုံးယောက် သံချိတ်များကိုယ်စီဖြင့် ရေထဲသို့ တဝုန်းဝုန်းခုန်ချသွားကြသည်။ အခြားလှေများလည်း ထိုအတိုင်း။ လှိုင်းထန်နေသော မြစ်ရေထဲတွင် သံချိတ်ကိုယ်စီဖြင့် လှေတော်သားရဲမက်များ မြုပ်ချည်ပေါ်ချည်။

'ဝဲတွေကို သတိထားကြဟေ့နော်'

မိုးမုန်တိုင်းသံကို ကျော်လွှမ်းတိုင်အောင် သံဒုတ် အသံကုန်အော်နေသည်။ ရှူးဝါးဝါးသူ့အသံကား မုန်တိုင်းသံကိုဖောက်၍ ပေါ်လာပေသည်။

'ကမ်းဘက်ကူးကြဟေ့...'

ကြက်သီးမွေးညင်းထဖွယ် မြင်ကွင်းပေတည်း။

ကြိုးကိုလည်မှာပတ်၊ သံချိတ်ကို လက်တစ်ဘက်ဖြင့်ကိုင်မြှောက်၊ ကျန်လက်တစ်ဘက်ဖြင့် ကူးခတ်နေကြသော ရဲမက်တို့သည် လှိုင်းလုံးဝဲကတော့နှင့် ကလိုင်ကြီးများကို ပကတိရဲဝံ့စွာတိုက်ပွဲဝင်နေကြချေသည်။

ခံတွင်းကိုဟလျက် ရှေ့မှဆီးကြို နောက်မှလိုက်လံ၊ ဘေးမှပူးညှပ်လာကြသည့် ဝဲကတော့ကြီးများကို ရဲမက်တို့သည် လွတ်အောင်ရှောင်လျက် ကမ်းဆီသို့သာ အရအမိ ကူးခတ်နေကြတော့သည်။

'သံဒုတ် နောက်မှာ..နောက်မှာ...'

ကျွန်ုပ် သံကုန်အော်မိသည်။

သံဒုတ်၏နောက်တွင် ဝဲကြီးတစ်ခုပေါ်လာသည်။ သူ ကျွန်ုပ်အော်သံကို ကြားသလားမသိ။ ဝဲကြီး သူနှင့်လက်တစ်ဖောင်စာအရောက်တွင် သူ ရေထဲသို့ ငုပ်သွားသည်။ သူငုပ်သွားရာနေရာတွင် ဝဲကြီးသည် တဒီးဒီးလည်ပတ်သွားသည်။ ထို့နောက် ကတော့ချွန်စောက် အနက်ကြီးလျှောက်သွားကာ လှိုင်းလိပ်များ ပလုံထသွားသည်။ သံဒုတ်ကား ဘေးဘက်ခပ်လှမ်းလှမ်းတွင် ဘွားခနဲပေါ်လာသည်။ ရက်စက်သော ဝဲကြီး၏ ခံတွင်းမှ သူလွတ်ကင်းသွားပြီ။

ကမ်းအနီးသို့ ရဲမက်များ ရောက်သွားကြသည်။

'ကိုင်းပင်တွေဆီကိုပစ်ဟေ့၊ ကမ်းပေါ်ရောက်တဲ့လူကလည်း ကိုင်းပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ မြဲမြဲချည်စမ်း’

‘လုံး‥ ကြိုးလှမ်းဖြစ်ပေးလိုက်…’

‘သံချိတ်ကို မိအောင်ဖမ်းဟေ့…ရောင်းရင်း…’

ကမ်းမှာ အပြိုင်းအရိုင်းပေါက်နေသည့် ကိုင်းပင်များတွင် သူတို့ကြိုးများ ချည်ကြသည်။ သံချိတ်ဖြင့် မြေပေါ်သို့ပေါက်ကာ တုပ်ဆွဲကြသည်။ ထိုအချိန်မှာ ပင် တာရိုးလေးတစ်ခုစာလောက်ရှိသော လှိုင်းကြီးတစ်လုံး မြစ်ပြင်ဆီမှ တဟဲဟဲ အော်မြည်ကာ ထိုးဝင်လာသည်။ လှိုင်းလုံးကြီးသည် ဦးစွာလှေများကို ကျော ပေါ်တွင် မြှောက်တင်ပုတ်ခတ်လိုက်ပြီးနောက် ကမ်းစပ်ဆီသို့ အရှိန်ပြင်းစွာ ဆောင့်လိုက်သည်။ ထို့နောက် အားပါးတရဆော့ကစားလိုက်ရသော ဘီလူးကြီးတစ် ကောင်၏ ရယ်မောသံမျိုးဖြင့် တအုန်းအုန်းအော်ကာ ကမ်းဆီမှ ပြန်ခွာသည်။ လှိုင်း ခေါင်းများ ဖွေးခနဲတက်သွားသည်။ ကမ်းနှင့်လှိုင်းရိုက်သံ ကျယ်လောင်စွာ ထွက် ပေါ်လာသည်။ ထို့နောက် မြစ်ပြင်ဆီသို့ လှိုင်းလုံးကြီး ပြန်ထွက်သည်။

ရဲမက်တို့ စောစောလေးကမှ ချည်တုပ်ဆွဲငင်ထားကြသည့် ကြိုးများအား လုံး ထောင်းထောင်းကျိုးပြတ် လွင့်စဥ်သွားကြလေသည်။

‘ဦးသွင်းပွဲဆုတ်၊ ချိတ်ကုတ်မမြဲ၊ ရေထဲကူးသန်း၊ မြုပ်မွန်းစုတ်ဖွား၊ ကြိုး များငင်နွဲ၊ ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းယံခိုင်း၍’

လှေတော်သားတို့၏ တိုက်ပွဲတစ်ခု ရှုံးနိမ့်သွားချေပြီ။

သူတို့အားလုံး…ရေအောက်ကို မြုပ်သွားကြပြီးနောက် ဗရုန်းသုန်းကား ပေါ်လာကြသည်။ ဆံပင်တွေ ဖရိုဖရဲ၊ စုတ်တိစုတ်ဖွား ရေမွန်းသံဖြင့် ဖွီးဖွီးဖွား အသံများပေါ်လာသည်။ ထိုရဲမက်များထဲတွင်…

သေံဒုတ်တစ်ယောက် မပါလာ။

မြစ်ပြင်ဆီသို့ ပြန်ဆုတ်သွားသော လှိုင်းအောက်တွင် ပါသွားလေပြီလား

လှေဝမ်းနှင့်ရိုက်ကာ နစ်မြုပ်သွားရှာပြီလား။

‘သေံဒုတ်‥သေံဒုတ်ရေ…’

နှလုံးအိမ်ကို ခြစ်ခြုတ်၍ ကျွန်ုပ် သံကုန်ဟစ်အော်နေမိသည်။

‘သေံဒုတ်ရေ…’

အသံတွေတုန်နေသည်။

ကျွန်ုပ်၏အော်သံသည် မိုးထက်မှန်တိုင်းသံကို ဖောက်ထွင်းရန်မစွမ်းသာ တော့။ တဖြောင်းဖြောင်းကျနေသော မိုးသံများက ကျွန်ုပ်၏အော်သံကို ဟားတိုက် ဖုံးလွှမ်းသွားချေသည်။

ရေထဲမှ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြသည်။ လူလုံးမသဲကွဲ တော့။ ထိုအချိန်မှာပင် ညဥ့်အမှောင်က စတင်ဝါးမျိုလာသည်။ အမှောင်ထုသည် ရှုံ့သူကို စစ်ကူပေးပြန်ပြီ။

တပ်တော်ကြီးတစ်ခုလုံး ဖရိုဖရဲ။ လှေတိုင်းလိုလိုပင် ကမ်းကို ပဲ့ဖြင့် ကပ် ထားကြရသည်။ အရုပ်ဆိုးလွန်းသော စခန်းဆိုက်ပွဲ။ မလှမပ စခန်းဆိုက်ပွဲ။

မုန်တိုင်းကား အစာဝသွားချေပြီ။ မိုးပေါက်သံတို့သာ တစ်လောကလုံးကို ကြီးစိုးနေသည်။ ဝလင်စွာ သုံးဆောင်ဝါးမျိုသွားသော မုန်တိုင်း၏ဝမ်းဗိုက်ထဲတွင် သေံဒုတ်ပါသွားပြီလား‥။ သေံဒုတ်ရယ်‥ မင်း‥ပါသွားပြီလား။

မိုးပေါက်များက ကျွန်ုပ်၏မျက်နှာကို ထိမှန်နေဆဲပင်။

သေးငယ်စွာသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်အော်မိသေးသည်။ သို့သော်‥ ကျွန်ုပ်၏အသံသည် အက်ကွဲတုန်ယင်ရှိလွန်းလှပေသည်။

‘ငေ‥သံ‥ဒုတ်‥ရေ’

❖❖❖

‘ပုံ့နှင်း‥ ကိုရင်ပိုက်လှေ’

‘ရှိတယ်ဟေ့…’

‘ပုံ့နှင်း‥ ကိုရင်သာခြုံလှေ’

‘ရှိတယ်…’

‘ပုံ့နှင်း‥ ကိုရင်ငတေ’

‘……’

‘ပုံ့နှင်း‥ ကိုရင်ငတေ’

‘……’

‘ဟေ့‥ထူးသံမရဘူး။ ငတေ‥ ဟေ့‥ ငတေ’

‘ငါတို့ ဒီမှာဟေ့…’

‘ဟာ‥မြစ်လယ်ရောက်နေပါလား။ အသံက အဝေးကြီး ကိုရင်ပိုက် ခင်



www.burmeseclassic.com

www.burmeseclassic.com



များလှေနဲ့ကပ်ပြီး သွားခေါ်ခဲ့ဗျို့။ ကျုပ်လှေက ဒီမှာညှပ်နေပြီ ထွက်လို့မရတော့ဘူး…'

'အေး… ငါသွားခေါ်မယ်…ဒီကလည်း လှေချင်းဆက်ပြီး ကပ်ထားဦး'

မြစ်လယ်ဆီမှာရောက်နေသော ပွဲနှင်းတော၏လှေကို သွားခေါ်ကြတော့မည်။ ကိုယ့်လှေပေါ်က ပွဲနှင်းလက်ထောက်တစ်ယောက် ပျောက်ဆုံးနေသည့်အရေးကိုတော့ သင်းတို့မသိကြလေရော့သလား။ ကျွန်ုပ် သည်းမခံနိုင်တော့။ ကိုယ်တွင်ပတ်ထားသည့် ကြိုးများကို ပြန်ဖြေလိုက်သည်။ ကြိုးမှာ ရေနူးကာ ကျစ်ကျစ်ပါအောင် တုပ်ချည်မိလျက်သားဖြစ်နေသည်။ ကျွန်ုပ်၏လက်များမှာလည်း မိုးရေ၊ မြစ်ရေဖြင့် တစ်ညနေလုံး၊ တစ်ညချမ်းလုံး စွတ်စိုထုံကျဉ်နေသောကြောင့် ကြိုးထုံးကို ဘယ်လိုမှ ဖြေမရ။

ထို့ကြောင့် အသံကိုသာ အားကိုးရပေတော့မည်။

'ကိုရင်ပိုက်… ဗျို့… ကိုရင်ပိုက်'

ကိုရင်ပိုက်မှာလည်း သူ့လှေသားများကို အဆက်မပြတ် အမိန့်ပေးနေရသောကြောင့် ကျွန်ုပ်အသံကို မကြားချေ။ မိုးသံကလည်း တစ်ခဲနက် ညံလွှမ်းနေသည်။

'ကိုရင်ပိုက်… ရဲမက်…တွေ…ဟေ့… တစ်ယောက်ယောက်လာစမ်းပါ'

'ငသံဒုတ်မရှိတော့ဘူး… ငသံဒုတ်မရှိတော့ဘူးကွ'

'ဘာတွေအော်နေတာလဲ ကိုရင်ညြ'

မိုးသံထဲတွင် ကျွန်ုပ်၏အော်သံဗလုံးဗထွေးကို သူ သဲ့သဲ့ကြားဟန်တူသည်။ ကိုရင်ပိုက်သည် ပွဲစင်ဘက်မှ ပေါင်းမိုးထဲသို့ဝင်လာလေသည်။

'ငသံဒုတ်…ငသံဒုတ်…'

'ငသံဒုတ်…ဘာဖြစ်သလဲ'

ကျွန်ုပ်တို့နှစ်ယောက်စလုံး မျက်နှာချင်းဆိုင်ရှိကြသော်လည်း မိုးသံကို ကျော်လွှမ်းနိုင်အောင် သံကုန်အော်နေကြရသည်။

'ငသံဒုတ်…ပျောက်သွားပြီ။ သူ့ကိုရှာပါ'

သူ့ထံမှ တော်တော်နှင့် အသံထွက်မလာ။

'ကျုပ်ပြောတာကြားလား၊ ငသံဒုတ်မရှိတော့ဘူး'

'ကျုပ် ဘာမှမတတ်နိုင်ဘူး'





'ဘာ'

'ဟိုမှာ ငတေနဲ့ သူ့လူတွေအများကြီး မြစ်လယ်ရောက်နေတယ်။ သူတို့ကိုသွားကယ်ရမယ်'

'ခင်ဗျား… ငသံဒုတ်ကိုကယ်ရမယ်'

'ဒါလောက်မည်းမှောင်နေတဲ့အချိန်ကြီးမှာ ငသံဒုတ်ကို ဘယ်လိုလုပ်ရှာမလဲ။ ခင်ဗျား ရူးနေသလား ကိုရင်ညြ'

'ခင်ဗျားရူးနေတာ… ကိုယ့်လက်ထောက်ရဲ့အသက်ကို'

'ကျုပ်ဘာမှမတတ်နိုင်ဘူး'

သူလှည့်ထွက်သွားသံကို ကြားလိုက်ရသည်။ ဘာတွေဆက်အော်နေမိမှန်းကိုယ့်ကိုယ်ကိုမသိတော့။ မိုးပေါက်တို့ထိမှန်ကာ အေးစက်ကျိန်းစပ်နေသော ပါးပြင်နှစ်ဘက်တွင် ပူနွေးသွားသည်ဟုလည်းထင်မိသည်။ ဒေါသနှင့်သောကတို့၏ အဆုံးစွန်သော ပေါက်ကွဲခြင်းနောက်ဝယ် ကျွန်ုပ်တစ်ကိုယ်လုံး ပျော့ခွေကျသွားသည်။ အခိုက်အတန့်မျှ သတိလစ်သွားသလိုလို၊ ကျွန်ုပ် သတိပြန်ရလာသောအခါ လှိုင်းနှင့်လေကား ငြိမ်သက်သွားချေပြီ။ အဆီးအတားမဲ့ သွန်ကျနေသော မိုးသာကျန်တော့သည်။ မိုးပေါက်ကြီးများကား ကြီးမားလှဘိခြင်း။ ကောင်းကင်ပေါ်တွင် မြစ်တစ်စင်းရောက်နေကာ အလုံးအရင်းလိုက် ပြန်ကျလာနေသလား ထင်ရသည်။

'လှေဝမ်းထဲက ရေခပ်ထုတ်တဲ့ကောင်တွေ၊ တစ်ချက်မှမရပ်နဲ့'

ကိုရင်ပိုက်၏အမိန့်သံက အမှောင်ထဲမှပေါ်လာသည်။

တဗွမ်းဗွမ်း ရေခပ်ထုတ်သံများကြားမှ-

'စိတ်ချဗျို့… ပွဲနှင်းကြီး၊ လက်နဲ့ခပ်ထုတ်ရုံမကဘူး။ ပါးစပ်နဲ့ပါ ရေစုပ်ယူပြီး ထွေးပစ်နေတာ'

ရယ်သံများ ပေါ်လာသည်။ ကျွန်ုပ်ကား မရယ်နိုင်။ ငသံဒုတ်မရှိတော့သည့်အဖြစ်ကို သင်းတို့မသိကြသေး။ သင်းတို့၏ ပွဲနှင်းလက်ထောက်မရှိရှာတော့သည့်အဖြစ်ကို သင်းတို့မသိကြသေး။

'ကိုရင်ငတေ… ကျုပ်တို့လာနေပြီ… အသံပြု'

'ဒီမှာ…ဒီမှာဗျို့'

လှေနံချင်း ဒုတ်ခနဲဆောင့်သံ ကြားလိုက်ရသည်။ ပွဲနှင်းငတေ၏လှေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကပ်မိပြီ။

'ထိုးဝါးတွေပေးထား၊ ဒီဘက်ကလည်း ထိုးဝါးကိုကိုင်ပြီး ဆွဲယူမယ်'

'ရှေ့ဗျို့.. ထိုးဝါးတွေလာပြီ...'

'ဟ..ဟ.. ကြည့်လုပ်ဦး...မင်းအမေ့လင်ညက မှောင်မည်းနေတာ လူကို ထိုးမိမယ်။ ဘာမှ မမြင်ရဘူး...'

'ဟော့ကောင်.. ထိုးဝါးက ဘယ်သွားပေးနေတာတုံး၊ လက်က ဒီမှာဟ ဩော်..ဒီနှမပေးနှယ်...'

'မင့်အဘကြီး နှမပေးရမှာလား၊ မှောင်ထဲမှာ ရမ်းသမ်းပေးရတာ။ မှောင် လိုက်တာကလည်းလွန်လို့ မင့်ကြီးတော် မီးနေခန်းလိုပဲ'

'ဟာ.. ဒီမအေ။ စကားတယ်ရှည်.. ပေးစမ်းထိုးဝါး'

'ဆွဲဟေ့...'

'ဆွဲပြီဟေ့...'

မှန်တိုင်းကင်းသွားပြီဖြစ်သောကြောင့် သူတို့ စိတ်လက်ပေါ့ပါးနေကြသည်။ သို့သော်.. ကျွန်ုပ်ကား အင်အားတစ်စက်တစ်လေမျှ မကျန်တော့ချေ။ သူတို့တွေ ၏ အော်သံများထဲတွင် သေံဒုတ်၏ 'ဗျို့..စိန္တကျော်သူ' ဟူသော အသံကိုကြားရလေ မည်လားဟု...။

ကိုရင်ပိုက် သေံဒုတ်မရှိတော့ဘူးဗျ.. မရှိရှာတော့ဘူး။ အသံကား ထွက် မလာ။ သူမရှိတော့မှ သူ့ဂုဏ်များက ပို၍ထင်ရှားလာကြသည်။ ကျွန်ုပ်နှင့် တစ်ရွာ တည်းသား မောင်းထောင်းရွာသား။ ကျွန်ုပ်၏အဘကိုလည်း အင်မတန်ချစ်ရှာသူ အဘဦးဖေယျ.. အဘဦးဖေယျဟုခေါ်တတ်သူ။ ကျွန်ုပ်နှင့်အတူ သာမဏေဘောင် ဝင်ခဲ့သူ။ ပထမကျော်အောင်စံထားဆရာတော်ထံ၌ အတူပညာသင်ယူခဲ့သူ။ သို့သော် သေံဒုတ်ကား.. စာပေလက်ာတွင် အထုံညံ့ဖျင်းရှာသူပင်။ သာမဏေဝတ်ဖြင့် ... ဝါရှုစရမိမှာပင် လိင်ပြန်ကာ ရွာမှပျောက်သွားခဲ့သည်။ သူ ဝါသနာပါသည်က အင်းအိုင်ချောင်းမြောင်း။ ရေကူးလှေလှော်။ ဟံသာဝတီမင်း၏ဘွေးနတော် သတိုး မင်းခေါင်ထံတွင် ကျွန်ုပ် သံတော်ဆင့်အရာဖြင့် အမှုထမ်းနေသည့်အချိန်ကျမှ သူ့ကို ပြန်ဆုံဖြစ်သည်။ ထိုအချိန်တွင် သူသည် လှေတော်သားဖြစ်နေပေပြီ။

ကျွန်ုပ် ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းကို ရေးသားသောအချိန်တွင်





သူသည် မုဆိုးဖိုသို့ ထွက်ခွာသွားခဲ့သည်။ ထိုအချိန်တွင် ထပ်မံကွဲကွာသွားပြန် သည်။ ဟံသာဝတီမင်းပါ အကြွပ်မျက်ခံရပြီး သတိုးမင်းခေါင်လည်း အနိစ္စရောက်ပြီး ချိန်တွင် ကျွန်ုပ်လည်း အင်းဝသို့မပြန်တော့ဘဲ ရသနာသီယံသို့ထွက်ခဲ့သည်။ ထိုအခါ ကျမှပင် သူ့ကို ပုံနင်းလက်ထောက်အဖြစ် ပြန်တွေ့ရတော့သည်။

စင်စစ်–သေံဒုတ်ကား မထင်မရှား ရဲမက်တစ်ဦးမျှသာပင်။ သို့သော် သူ၏ ကြံ့ခိုင်သေးကွေးသော ခန္ဓာကိုယ်၊ မည်းနက်သော အသားအရေအောက်တွင် နှစ်လို ဖွယ်ကောင်းသည့် တစ်စုံတစ်ရာရှိနေသည်။ ထိုအရာကား သူ၏အသည်းနှလုံးပင်ဖြစ် သည်။ သူကား လောကကို၊ လူတွေကို အမြဲကုသိုလ်ရှုမြင်တတ်လေသူ။ တစ်ယောက် ယောက်ကို အမြဲတမ်း တစ်ခုခုကူညီချင်နေသူ။ သူ့အလုပ် လှေတော်သားဘဝကို စိတ်ဝင်တစား တက်ကြွမြတ်နိုးတတ်လေသူ။

မထင်ရှားသော သေံဒုတ်သည် လှိုင်းအောက်တွင် မထင်မရှား ပျောက်ကွယ် သွားခဲ့ချေပြီ။

အလောင်းမင်းတရား၏ လှေတော်သား ရဲမက်တစ်ယောက်အဖြစ် ဟံသာ ဝတီသိမ်းတိုက်ပွဲသို့ လိုက်ပါချင်ရှာလွန်းသူ။ ယခုမူကား.. ဟံသာဝတီပွဲကိုမှ မဝင် ရသေး၊ စခန်းထောက် ခနေဖြူဆိပ်ကမ်းအရောက်မှာပင် သူ..သူ..သေံဒုတ်။

'ဩော်.. ခနေဖြူ..ခနေဖြူ.. ရောက်ခဲ့ပြန်ပေါ့။ အင်း.. အရင်က တစ်ခါမှ မရောက်ဖူးတော့လည်း ဘာကိုလွမ်းရမှန်းမသိ'

ခနေဖြူကမ်းအကပ်တွင်မူ ရေရွတ်ခဲ့သော အလွန်းအပြတ်စကား။

သူ့စကားတို့သည် နိမိတ်ပြစကားဖြစ်ခဲ့ချေပြီလား။

'ကျုပ်တို့လာပြီဗျို့။ ငတေရဲ့လှေလည်းပါလာတယ်'

ကိုရင်ပိုက်၏အော်သံက မွန်းကျပ်နေသော ကျွန်ုပ်၏သောကထဲသို့ဝင်လာ သည်။ 'ငတေရဲ့လှေတော့ ပါလာပါရဲ့။ သေံဒုတ်တော့ ပါမလာတော့ဘူး မဟုတ် လားဗျ' ဟု ကျွန်ုပ် လွှတ်ခနဲအော်လုနီးပါးဖြစ်သွားလေသည်။

'ဆာလိုက်တာဗျို့...'

ရဲမက်တစ်ယောက် ထအော်သည်။ ဟုတ်ပေသည်၊ မုန်တိုင်းလေပြင်းအတိ အောက်တွင် တစ်ညနေလုံးလုံး တစ်မိုးချုပ်လုံးလုံး အလူးအလဲခံရသော ရဲမက်တို့ တွင် ညနေစာမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်သကွာ·· အခုမှဆာလိုက်တာ'

'ဗျို့·· ပဲ့နင်းကြီး·· ဟာမင်းဆာသယ်ဗျို့···ဟာမင်း မကျွေးတော့ဘူးလား'

'တပ်တော်ကြီးတစ်ခုလုံး ဒီလောက်ဖြစ်နေတာ ဘယ်ကဟာမင်းအဲလေ·· ထမင်းရမှာတုံး ပြီတွာရဲ့'

ကိုရင်ပိုက်က လှမ်းပြောက်သဖြင့် ရယ်ကြသည်။ အသံတွေသာ ကြားနေရသော်လည်း တစ်ယောက်ကိုတစ်ယောက်မမြင်။ သည်းသည်းထန်ထန် ရွာနေသဲမိုးပေါက်များနှင့် အမှောင်ထုကြားတွင် မမြင်မစမ်းဘဲ အော်ဟစ်ပြောနေကြရလေသည်။

'ထမင်းဆာတယ်··အမေရေ·· ထမင်းဆာတယ်ဗျို့'-

ရဲမက်တစ်ယောက်က ပျစ်ပျစ်ချွဲချွဲ ထအော်ပြန်သည်။

ကမ်းပေါ်မှ အသံတစ်သံက ပြန်အော်သည်။

'အော်မနေနဲ့·· ငါ့သားရေ၊ မင်းအမေတော့မရှိဘူး။ ဆာရင်ကမ်းပေါ်တက်ခဲ့။ ဒီမှာ မင့်အဘ ငါရှိတယ်။ ရွှံ့နှစ်တွေကျွေးမယ်'

ဝါးခနဲရယ်ကြသည်။

ကျွန်ုပ်ခေါင်းကို ဆတ်ခနဲ ထောင်လိုက်မိသည်။ ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း ဖြန်းခနဲဖြစ်သွားသည်။

ကမ်းပေါ်မှ အော်လိုက်သည့်အသံကား ငသံဒုတ်၏အသံ။ သင်းအသံမှ သင်းအသံစစ်စစ်။ မအောင့်အည်း မဆီးတားနိုင်။ ကျုပ် သံကုန်အော်မိလေပြီ'

'ငသံဒုတ်လား··ငသံဒုတ်လားဟေ့'

'စိန္တကျော်သူလား၊ ဟုတ်တယ်ဗျို့·· ကျုပ် ငသံဒုတ်'

'ငသံဒုတ်·· မင်းကွာ··မင်း··မင်း'

'ပဲ့နင်းကြီးတစ်ယောက်လောက် လွှတ်ပေးစမ်းပါဗျို့။ ကျုပ်ဒီမှာ နုံးထဲမှာနစ်နေတယ်၊ ထလို့မရဘူး။ အော်နေတာလည်းကြာပြီ။ ဘယ်ယောက်ဖမှ မကြားကြဘူး'

ကိုရင်ပိုက်က ရဲမက်တစ်ယောက်ကို ကမ်းပေါ်သို့ လွှတ်လိုက်သည်။ ရဲမက်သည် အထပ်ထပ် လှေနံချင်းဆက်ထားသော လှေများပေါ်မှ ကူးဖြတ်ကာ ကမ်းပေါ်သို့ တက်သွားရသည်။





တစ်ယောက်,တစ်ယောက် မမြင်ရသောကြောင့် အသံပေးကာ မေးစမ်းနေကြရသည်။

သို့ဖြင့်ပင် ငသံဒုတ် ပြန်ရောက်လာလေသည်။

ကျွန်ုပ် သူ့ကို ပြေးဖက်လိုက်သည်။

'ငသံဒုတ်ရယ်·· မင်းသေပြီလို့ ငါထင်နေတာ။ ငါ ဝမ်းသာလိုက်တာ'

'အား·· စိန္တကျော်သူ၊ ကျုပ်ကိုမဖက်နဲ့၊ တစ်ကိုယ်လုံး နုံးတွေရွှံ့တွေနဲ့ မြင်မကောင်းဘူး။ ကြည့်ပါလား။ အဲလေ··ဒီလောက်မှောင်နေတာ ကြည့်လည်း မြင်ရမှာမှမဟုတ်ဘဲ။ ဟဲ··ဟဲ'

'နေပါဦး။ မင်းက ဘယ်လိုလုပ်ပြီး ကမ်းပေါ်ရောက်နေတာလဲ။ နုံးထဲ ဘယ်လိုလုပ် နစ်သွားတာလဲ'

'လှိုင်းလုံးကြီးတစ်ချက် ပုတ်လိုက်ပါရော၊ အဲဒီအချိန်မှာ ကျုပ်က သံချိတ်ကို နုံးထဲမှာ တအားစိုက်ထားပြီးသားဗျ။ လှိုင်းကအရိုက်မှာ သံချိတ်ချည်ထားတဲ့ ကြိုးစကို ဆွဲကိုင်ထားတော့ ကျုပ်တစ်ကိုယ်လုံး ကုန်းပေါ်လွင့်သွားတာပေါ့။ လူကို အမြောက်ဆန်ကျနေတာပဲ။ တကတဲ လွင့်တက်သွားပြီး စွပ်ခနဲ နုံးထဲဝင်သွားတာပဲဗျ။ ခေါင်းနဲ့စိုက်ကျရင်တော့ ကိစ္စအချောပဲ။ ကံကောင်းလို့ ခြေထောက်နဲ့ကျတာ။ ကတည်းဗျာ··လူကို အရှင်လတ်လတ် မြေမြှုပ်တာပဲ။ ရင်ဘတ်အထိကို မြုပ်ဝင်သွားတာဗျ။ လှုပ်လို့လည်းမရ၊ ရုန်းလို့လည်းမရ။ အဟီး···ကျုပ်က ရေမှာသာ မကြောက်တာကိုး။ နုံးနဲ့လည်းတွေ့ရော ခွေးဝဲစားဖြစ်တော့တာပဲ။ အော်လိုက်ရတာလည်း အသံကိုပြာလို့၊ လည်ချောင်းတွေကိုနာလို့။ ဘယ်အဖေမှ မကြားကြဘူး။ အရေးထဲဗျာ၊ မှက်တွေ၊ ခြင်တွေကလည်း သူတို့အမေ့လင်ကျနေတာပဲ။ ဝိုင်းတွယ်လိုက်ကြတာ···လူကို သွေးတောင်မရှိတော့ဘူးထင်တာပဲ။ ပဲ့နင်းကြီး·· တစ်ငုံ လောက်တော့ပေးဗျာ။ ကျုပ်တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုဖြစ်နေပြီ။ ချမ်းလိုက်တာကလည်း မြီးညှောင့်ရိုးကို ကျိန်းနေပြီ'

ငသံဒုတ်က သွားချင်း တထပ်ထပ်ရိုက်သံဖြင့် ရှင်းပြရှာသည်။

'မအေပေး။ လူတကာ လိုက်စနေတဲ့ကောင်၊ ဒါမှ မှတ်မယ်။ ရော့··အရက် အကုန်မမြှုပ်စနဲ့ဦး'

'အချမ်းပြေပေါ့ဗျာ··တစ်ဘူးလောက်ပါပဲ။ အား·· အရက်ကလည်း ကြွင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ့ဗျား'

'မသေကောင်းမပျောက်ကောင်း သေံဒုတ်ရယ်။ ငါက မင်း ဝဲထဲရောက်သွားပြီမှတ်တာ'

'ဝဲထဲရောက်လို့ကတော့ ပျော်စရာကြီးဗျာ။ အခုဟာက။ ဗျို့ စိန္တကျော်သူ.. နောက်ကို ရတုလေးဘာလေးစပ်ရင် ကျုပ်ကို မှက်တွေ ဖြုတ်တွေကိုက်တဲ့အကြောင်း ထည့်စပ်စမ်းဗျာ'

'ခွေးမသားရဲ့၊ မင်းတစ်ယောက်တည်းများ အဲဒီမှက်တွေခြင်တွေက ဝိုင်းချစ်နေကြတယ်ထင်သလား။ ဒီမှာ တပ်တော်ကြီးတစ်ခုလုံး ဖူးဖူးထနေပြီ'

'ဟုတ်လား၊ ကောင်းသဗျာ။ လှေတော်သားတို့ရဲ့အလှူဒါနကြီးပေါ့။ ဟား.. ဟား..ဟား'

'ဟား.. ဟား.. ဟား.. ဟား'

'ကိုင်း.. ပြိတ္တာမြူး မြူးမနေကြစမ်းနဲ့။ လှေချင်းကပ်ပြီး ကမ်းကိုဆိုက်ထားနိုင်အောင် လုပ်ကြရဦးမယ်။ တချို့လှေတွေက မြစ်ထဲမှာ မျောနေတုန်း'

'လုပ်လိုက်ဟ...'

အော်သံ၊ ခေါ်သံ၊ မေးသံ၊ ဖြေသံများဖြင့် ဆူညံသွားပြန်သည်။ မိုးကလည်း တဝုန်းဝုန်း ရွာကောင်းဆဲ။ မိုးထဲမှာပင် လှေချင်းကပ်၍ ကမ်းသို့အရအမိ ဆိုက်ကြရသည်။ ကမ်းဆိုစေကာမူ၊ စင်စစ် ကုန်းမြင့်မြေလပ် အလျင်းမရှိသော ရွှံ့စေးနှံးမြေအတိပြီးသော ရွှံ့တောကြီးပင်ဖြစ်လေသည်။

'ကိုရင်ညြ.. ခင်ဗျားက ဒီနေရာမှာပဲ ရပ်နေသလား။ ဘာလုပ်နေတာလဲ'

အနီးသို့ရောက်လာသော ကိုရင်ပိုက်၏အသံကို ကြားလိုက်ရသည်။ ကျွန်ုပ်မှာ သူ့ကို ဘာပြန်ပြောရမှန်းမသိ။ သေံဒုတ်ကိစ္စကြောင့် သူ့ကို အော်ဟစ်ကျိန်ဆဲမိသည်များကိုတွေးမိပြီး စိတ်မကောင်းဖြစ်နေမိသည်။

'ကိုရင်ညြ...'

'ဗျာ...'

'ပေါင်းမိုးထဲဝင်လေဗျာ'

'ကြိုးဖြေလို့မရဘူးဗျ'

'ဘယ်လို'





'ပေါင်းမိုးနံရံနဲ့ ကျုပ်ကိုယ်ကျုပ်ချည်တုပ်ထားတာ ဖြေလို့မရတော့ဘူး'

'သြော်.. ဖြစ်ရလေဗျာ။ မှန်းစမ်း'

သူက ကျွန်ုပ်ကိုယ်ပေါ်မှ ကြိုးများကို ဖြေပေးသည်။ ခက်ခက်ခဲခဲ ကြိုးဖြေရင်း-

'စောစောကဖြစ်ခဲ့တာတွေ မေ့လိုက်ပါဗျာ။ ကိုရင့်ကို ကျုပ်နားလည်ပါတယ်။ သေံဒုတ်သောကကြောင့် ခင်ဗျားစိတ်တွေ ထိန်းမရဖြစ်သွားတာပါ။ အခုသည်း သေံဒုတ် ပြန်ရောက်လာပြီမဟုတ်လား'

ကျွန်ုပ် အားယူ၍ပြောရလေတော့သည်။

'ကျုပ်ကိုခွင့်လွှတ်ပါဗျာ။ အမှန်တော့ ကိုရင်ဟာ လုပ်သင့်တဲ့ကိစ္စကို လုပ်သွားတာပါ'

'ကဲပါဗျာ။ ပြီးတာတွေ ပြီးသွားပါပြီ။ ကဲ..ကြိုးဖြေပြီးပြီ။ ကိုရင် အထဲဝင်တော့'

လှေဝမ်းထဲမှ ရေစပ်စပ်ကိုနင်းဖြတ်ကာ သူ့နောက်မှ တိတ်ဆိတ်စွာ လိုက်ခဲ့တော့သည်။ ပေါင်းမိုးအောက်ရောက်သောအခါ ကိုရင်ပိုက်က ကျွန်ုပ်လက်ကိုစမ်း၍ လက်ထဲသို့ ဘူးသီးခြောက်ဘူးတစ်ဘူး ထည့်ပေးသည်။

'မလုပ်လို့မဖြစ်ဘူး။ လုပ်လိုက်ကိုရင်ညြ၊ ခုချိန်မှာ ဗိုက်ထဲဒါထည့်မထားရင် ချမ်းလွန်းလို့ သေွးခဲသွားမယ်'

ဘူးကို နှုတ်ခမ်း၌တေ့ကာ မောင်းချလိုက်ရလေသည်။

'ဟေး..အညာသား ပဲစား.. သေံဒုတ်'

'ဘဝတုံး၊ အောက်သား ငါးပိစား လုံးရေ'

'အံမာ..အောက်သား ငါးပိစားတဲ့။ တို့အောက်ပြည်အောက်ရွာအ ကြောင်းသိပြီလားကွ'

'သိပါပြီခင်ဗျာ။ သိပါပြီခင်ဗျ။ အောက်မိုးအောက်လေ ပီသပါပေတယ်'

သည်မျှလောက်သော မိုးထဲရေထဲအမှောင်ထဲတွင် သူတို့မှာ နောက်ပြောင်နိုင်ကြပါပေသည်။

'လွမ်းရတဲ့ထဲ...အချမ်းကပ်သေးသကွာ'

'အံမာ..ဖြိုးသာလေး မင်းကလွမ်းသတဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'လွမ်းရတယ် ရောင်းရင်းရေ။ ပုဆိုးတန်းတင်ခါနီး တပ်ထွက်လာတာ ခများလေး…ခိုလို မိုးရွာနေတုန်း ဘယ်လိုများနေရှာပါလိမ့်မလဲ'

လုပ်ပေးကွ။ အရေးထဲ ရည်းစားရောဂါထတဲ့ကောင်ကရှိသေးတယ်။ ဦး ညြရေ။ ခင်ဗျားများစာစပ်ရင် အဲဒီကောင်ရဲ့ရောဂါပါ ထည့်စပ်လိုက်ဗျာ'

'မင်းနှမအကြောင်းပါ ထည့်စပ်ခိုင်းပါလားကွ'

'မဖြစ်ဘူးလေ။ ငါ့နှမကို ပွဲနင်းကြီးဦးပိုက်နဲ့ပေးစားဖို့ ရည်ရွယ်ပြီးသား'

အမှောင်ထဲမှ ရဲမက်တို့၏အသံများသည် ကျွန်ုပ်ရင်တွင်းသို့ ခွန်အားကြီး တွေ ခုန်ပေါက်ပြေးဝင်လာကြချေသည်။ အလွမ်းရှင်ကို ကျွန်ုပ်အကယ်ပင် စာနာ ပေသည်။ သူ ဘယ်အရပ်ကနည်း၊ သူချစ်သူ ဘယ်သူနည်း၊ အကယ်ပင် ထိမ်းမြား အံ့ဆဲဆဲတွင် သူတပ်ထွက်ခဲ့ရလေသလား။

သည်းထန်သောမိုးနှင့် ပိန်းပိန်းသား အမှောင်တို့အောက်မှ မမြင်စွမ်းသာသော မြင်ကွင်းသည် လှေတော်သားရဲမက်တို့၏ အသံများဖြင့်ပင် ရုပ်သွင်ထင်ရှားနေသည်။ အကျပ်ကျပ်အညပ်ညပ် အခြားမလပ်ရှိနေသော လှေချင်းမှီတွဲ၍ ကမ်းဆီသို့ ဆွဲ ပုံများ၊ တစ်ယောက်နှင့်တစ်ယောက် ဆိုမနာဆဲမနာ နောက်ပြောင်ကြပုံများ၊ နွံ နုံးတောကမ်းစပ်တွင် ဖြတ်သလိုဆိုက်ကပ်ကြရပုံများ။ ထို့နောက် ဖြေးသာတိုး အချမ်းနှင့်အလွမ်းကို သိသိမှတ်မှတ်ခံစားနေကြရှာသော ရဲမက်ငယ်များ။

ပွဲစင်ဆီမှ သေံဒုတ်က တစ်ချက်အော်လိုက်ပြန်သည်။

'မွေးမေရေ… သားသိပါပြီခင်ဗျ။ အောက်ပြည်အောက်ရွာ အောက်မိုးအော လေ ပီသပါပေတယ်ဗျ'

'ဘယ်တွင်မလပ်၊ လှေချင်းကျပ်၍၊ ကမ်းရပ်မှီတွဲ၊ ဆိုဆဲမနာ…'

'ရွှံ့စေးထူထပ်၊ မြေလပ်ကုန်းခင်၊ မမြင်မြောက်တောင်၊ ညဥ့်မှောင်ရိုးတိ'

'ညဥ့်နေ့မစဲ၊ ဖြန့်ကြဲဆွတ်ရွှမ်း၊ အလွမ်းရှိပေါင်း၊ အချမ်းလောင်းခဲ့၊ သော သောင်းလှူမျိုး၊ မရှင်ညှိုးသည်၊ အောက်မိုးအောက်လေပီတော့၏'

'တကယ်ပြောတာပါကွာ၊ တကယ်ပါ'

ရဲမက်ငယ်က ပခုံးပေါ်မှ မုက်ကြီးတစ်ကောင်ကို ဖြန်းခနဲ လက်ဝါး ရိုက်ရင်း သူ့စကားကိုဆက်လေသည်။

'တို့ရဲမက်လှေတော်သားဘဝ ခုလိုကြမ်းတမ်းခက်ခဲတာကိုတော့ သူကသိ





ဟုတ်ဘူး။ သူက အထင်လွဲနေတာ'

'အေး…ဟုတ်တယ်၊ ငါ့ချစ်သူကလည်း ဒီလိုပဲ စကားနာထိုးတာပဲ'

'ဟေ့ကောင်တွေ၊ ဟေ့ကောင်တွေ စကားအဟုတ်လုပ်ပြီး ပြောမနေနဲ့ နော်- ဘာတယ်ကော ရည်းစားရှိလို့လား'

'ရှိတာပေါ့ ရောင်းရင်း… သူနဲ့ငါက သူ့အပျိုဖော်မဝင့်တဝင်ကတည်းက ချစ် ကြတာ။ သူလေး ကြက်တောင်စည်းအရွယ်ကတည်းက'

'ဟုလိုက်လေ ရောင်းရင်းရာ၊ ငါ့ကောင်မလေးကလည်း ငယ်ချစ်ပဲကွ။ မိန်းမသူဆိုတော့ စိုးရိမ်စိတ်နဲ့ အထင်လွဲရှာတာမျိုးပကွာ'

'စစ်ချီထွက်လာတာကိုကွာ၊ စစ်ထဲမှာ ပျော်လို့တဲ့။ သူ့ကိုမချစ်လို့၊ ပြီးတော့ စ်တိုယိုးမယ်ဖွဲ့ပြီး ရောက်လေရာဇာတိရပ်ရွာက မိန်းကလေးတွေနဲ့ ပျော်ချင်လို့ တဲ့ ကိုင်း… မခက်လား'

'အေးလေကွာ၊ တို့များမှာ သူတို့အထင်လွဲခံရတာကတစ်ဘက်၊ စစ်ခရီးမှာ ရောက်ရတာက တစ်ဘက်နဲ့'

'အဲဒီတော့ မင်းတို့က တပ်တော်နဲ့လိုက်ရတာကို စိတ်ခါးလျားကြတယ် ပေါ့လေ'

'မဆိုင်လိုက်လေကွာ၊ လှေတော်သားရဲမက်ဘဝနဲ့ လိုက်ရတာက အရသာ တစ်မျိုး။ ခုလို… ချစ်သူရည်းစားတွေအကြောင်းပြောရင်း လွမ်းရတဲ့အရသာက တစ်မျိုးကွ'

ဖြန်းခနဲ ခြင်ရိုက်လိုက်ပြန်သည်။

ကျွန်ုပ် ပြုံးလိုက်မိသည်။ ညွတ်နူးစာနာသော ဝေဒနာသည် နှလုံးသွေးနှင့် တစ်ကိုယ်လုံးသို့ ခွေလှည့်ပတ်နေချေသည်။ သြော်… လှေတော်သားတို့ဘဝ။

'လင်းရောင်သမ်းလာပြီဟေ့'

ပေါင်းမိုးထဲမှ ထွက်ခဲ့သည်။

ပျို့အန်လာသော အရုဏ်၏အလင်းကြောင့် မြစ်ပြင်သည် ရဲရဲနီလာသည်။ ယခုမှပင် ဝန်းကျင်ကို သဲကွဲစွာမြင်ရတော့သည်။

ကမ်းစပ်မှ ရွှံ့နွံစေးပျစ်နုံးခင်းများ၊ ညက မုန်တိုင်းဒဏ်ကြောင့် ဖရိုဖရဲဖြစ် ကြသော ကိုင်းပင်ကျူပင်များ။



www.burmeseclassic.com

www.burmeseclassic.com



ရဲမက်တိုင်း၏ မျက်နှာပြင်၊ လည်ပင်းနှင့် ပခုံးလက်ပြင်များကား မြင်း[illegible] ကောင်း။ မှက်၊ ခြင်၊ ဖြုတ်တို့ဒဏ်ကြောင့် အပိန့်အပိန့်ကြီးများ ဖူးထနေကြ[illegible] တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ရယ်နေကြသည်။

'အောက်ပြည်အောက်ရွာ…မိုးသက်လေပြင်းမုန်တိုင်း‥တဲ့။ အောင်မ[illegible] လေး‥ကြားဖူးထားတဲ့အတိုင်းပါပဲဗျို့'

ပွဲစင်ပေါ်မှ သေံဒုတ်သည် သံရှည်ဆွဲ၍ အော်နေသည်။

'ကိုင်း‥ပွဲနှင်းကြီးရေ‥ ကျုပ်အိပ်တော့မယ်ဗျာ။ မိုးလည်းသောက်ပြီ။ မု[illegible] တိုင်းထပ်ကျလည်း မနိုးနဲ့တော့ဗျို့…ရေအောက်အထိ တစ်ခါတည်း အိပ်လိုက်သွား[illegible] တော့မယ်။ မျက်လုံးတွေဖွင့်မရတော့ဘူးဗျ'

သေံဒုတ် ပွဲစင်ပေါ်မှာပင် ခွေလှဲချလေသည်။

မိုးတိမ်တို့ကား မှိုင်းဝေရီနေဆဲ။

မုန်တိုင်း၏နှုတ်ဆက်သံ လေပြည်ရိုင်းက တသွင်သွင် မြူးနေဆဲ။

လှေတော်သားတို့ကား တစ်မှော်တစ်ခေါ် လှေများပေါ်တွင် အတုံးအ[illegible] လဲလျောင်းအိပ်ပျော်နေကြရှာသည်။ အချို့လှေများသည် ကမ်းထက်ရွံ့မြေပေါ်တွင် မေးတင်လျက်သား။ အချို့လှေများမှာ ပွဲချင်းဦးချင်း ပြောင်းပြန်ထိကပ်လျက်သား[illegible] အချို့နေရာများတွင် လှေသုံးစင်းအစု။ လေစင်းအစု။

တပ်တော်ကြီးကား၊ နံနက်မိုးသောက်မှပင် အနားရပေတော့သည်။

ကောင်းကင်သို့ မော့ကြည့်လိုက်မိသည်။

တိမ်စမျှင်တို့သည် မြင့်မားစွာသောအထက်ဆီတွင် တဟုန်ထိုး ပျံသန်း[illegible] ကြလေသည်။ မိုးသားတိမ်တိုက်တို့ ထွက်ပြေးဆုတ်ခွာခန်း။

ရွှံ့နှံ့သင်းသော မိုးသက်လေကိုပင် ကျွန်ုပ် တနှစ်တခြိုက် ရှိုက်သွင်းလိုက်[illegible] သည်။ ကွန့်မြူးလှုပ်ခတ်နေသော လိပ်ပြာတစ်ကောင်၏ အရောင်စုံတောင်ပံကို မြင်[illegible] ရသယောင်။ ထိုလိပ်ပြာကား ကျွန်ုပ်၏ရင်တွင်းတွင် ရှိနေလေသည်။

ကညစ်နှင့်ပေကို နောက်မှကိုင်ရတော့မည်။

ယခု လောလောဆယ်မှ နှုတ်မှပင်‥။

*'နေမြူတွင် ထွက်သိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်၊ စံကွန်းလောက်က[illegible] တောင်မြောက်အုံ့မှိုင်း၊ ရွှေအတိုင်းလျှင်၊ မှီခိုင်းကမ်းရပ်၊ တင်းကျမ်းစပ်မျှ[illegible]*





*မလပ်ဆိပ်ခင်၊ လေပြင်းလှိုင်းရိုက်၊ ဝဲဝိုက်ကလိုင်၊ မနိုင်နိုင်းမက်၊ ပွဲတက်မစား၊ ထိုးဝါးမမီ၊ ခတ်ချီမပါ၊ ရေကြီးရာတွင်၊ ရွှပ်လာလှေချင်း၊ ဦးသွင်းပဲ့ဆုတ်၊ ချိတ်ကုတ်မမြဲ၊ ရေထဲကူးသန်း၊ မြုပ်မွန်းစုတ်ဖွား၊ ကြိုးများငင်နွဲ၊ ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းယံခိုင်း၍၊ လှေတိုင်းပဲ့ပန်း၊ စခန်းမလှ၊ ဆိုက်ကြရသည်၊ ချုပ်ည မှိုင်းဝေရီတော့၏။*

*တစ်စုလှူရှင်၊ အတောင်တင်တီ၊ ဘယ်တွင်မလပ်၊ လှေချင်းကျပ်၍၊ ကမ်းရပ်မှီတွဲ၊ ဆိုဆဲမနှာ၊ ညာစာဝေးလံ မြစ်ယံကမ်းမှေး၊ ရွှံ့စေးထူထပ်၊ မြေလပ်ကုန်းခင်၊ မမြင်မြောက်တောင်၊ ညဥ့်မှောင်ရီနက်၊ ဗိုလ်ရဲမက်တို့၊ စိတ်စက်ကွဲပြို၊ ရှိသည်ကိုလည်း၊ တိမ်ညှိယှက်စေ၊ မိုးလုံးဝေ၍၊ ညဥ့်နေ့မစဲ၊ ဖြန့်ကြဲဆွတ်ရွှမ်း၊ အလွမ်းရှိ တောင်း၊ အချမ်းလောင်းခွဲ၊ သိန်းသောင်းလူမျိုး၊ မရွှင်ညှိုးသည်၊ အောက်မိုးအောက်လေ ပီတော့၏။*

*ယခုမှပင် သို့ဖြစ်အင်ကို ပန်းရင်မသည်း၊ မြွတ်စို့စည်းက၊ နှောင့်ချည်းကြင်ချစ်၊ မေတ္တာရစ်သား၊ ကျစ်လျစ်စောင့်ကြပ်၊ ပြစ်မစပ်မူ၊ တပ်အပ်မသီ၊ ပျော်မွယ်ရှိ၍၊ ဓာတီသူ့ခွင်၊ စစ်မှာရွှင်ပျှ၊ မှတ်ထင်လေနီး၊ စိုး၍လောင်လျှင်၊ သို့ရာတွင်ကို၊ နေဝင်မိုးသောက်၊ နှင်ခြောက်မဆုတ်၊ မှက်ခြင်ဖြုတ်လည်း၊ ကိုက်စုပ်သွေးရဲ၊ ဆုပ်၍ကြဲသို့၊ ထူးထဲခြင်ရန်၊ ကာတန်မလုံ၊ ဆင်းရဲပုံခဲ၊ စေးချွဲပိတ်ပေါင်း၊ ကိုင်းအောင်း ဘောင်ကျူ၊ ထပ်တူမှိုင်းဝေ၊ မိုးလေဆော်မြူး၊ လွမ်းစေနူးသည်၊ ကြားဖူးသည်နှင့် ညီတော့၏'*

ဤပိုဒ်စုံရတုကို ပေပေါ်မှာ ရေးစီပြီးမှပင် လှေတော်သားတို့ကို ဖတ်ပြရတော့မည်။ သေံဒုတ်ကိုလည်း သူ့အိပ်ရာကနိုးမှပင် ရွတ်ပြတော့မည်။ အခုတော့ သူ အိပ်ရှာပါစေ။ သူတို့ အိပ်ကြရှာပါစေ။

ကျွန်ုပ်ထံမှ မယ်ဘွဲ့၊ မောင်ဘွဲ့၊ သစ္စာတိုင်သံများကိုချည်း မျှော်လင့်နေကြ ကုန်သော ရွှေနန်းတော်တွက် မင်းညီမင်းသားများနှင့်တကွ၊ ကျွန်ုပ်၏ စာဆိုနှလုံး သားကိုနားလည်သော အလောင်းမင်းတရားကြီးကိုယ်တော်တိုင်၊ ဤ 'မနေမြူတွင်' ချီရတုကို သဘောပေါက် လက်ခံနိုင်ကြပေလိမ့်မည်။

ပြီးတော့ ကဗျာထဲစာထဲတွင် သူ့အကြောင်းကို ထည့်စပ်စမ်းပါဟု အမြဲ ပြောတတ်ရှာသော သေံဒုတ်ကိုလည်း ပြောပြရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရတုထဲမှာ မင်းအကြောင်း၊ ငါ့အကြောင်း၊ ကိုရင်ပိုက်အကြောင်းဆိုပြီး သီးခြားတော့မပါနိုင်ဘူးပေါ့ကွာ။ ဒါပေမဲ့ ဒီရတုကို မင်းဖတ်ကြည့်ရင် မင်း၊ ငါ အပါအဝင် ဟောဒီ လှေတပ်ဒေါ်ကြီးတစ်ခုလုံးက ရဲမက်လှေတော်သားတွေရဲ့ နှလုံးသားတွေအားလုံး ပါဝင်နေလိမ့်မယ်။ ဒီ 'ခနုဖြူတွင်' ချီရတုဟာ အမှန်တော့ ရိုးရိုးလေးပါ။ ရိုးရိုးလေးပါ သေံဒုတ်ရယ်.." ။

**ချစ်ဦးညို**





# အရိမဒ္ဒနပူရ မိုးကောင်းကင်

၁။

စူးစူးနစ်နစ် ကြေးစည်ထိုးသံနဲ့ တံပိုးခရာသံတွေကြောင့် မှေးခနဲ အိပ်ပျော်ရာက လန့်နိုးလာတယ်။ လပေါင်းများစွာရှိထားတဲ့ အလေ့အကျင့်ကြောင့် မျက်စိလုံးဖွင့်လိုက်တာနဲ့ အလိုအလျောက်ပဲ အသက်ပြင်းပြင်းရှူထုတ်ရင်း တစ်ကိုယ်လုံးရှိတဲ့ သွေးကြောတွေကို လန်းဆန်းစေလိုက်တယ်။

ကြေးစည်ထိုးသံနဲ့ တံပိုးသံတွေဟာ သမထီး တပ်ဝင်းရဲ့ မုခ်ဝဆီကနေ ပျံ့မျောလာကြတာဖြစ်တယ်။ ဝေးဝေးသဲ့သဲ့ ကြားနေရာက တဖြည်းဖြည်း နီးကပ်ကျယ်လောင်လာတယ်။ သံရှည်ဆွဲပြီး မှုတ်လိုက်တဲ့ တံပိုးသံ သုံးခုကြားမှာ ကြေးစည်ထိုးသံက ချက်ကျညီညီ။

သာယာလှပတဲ့ နံနက်ခင်းတစ်ခု အရုပ်ဆိုးသွားပြီလို့ ချက်ချင်းသိလိုက်တယ်။ မျက်စိနှစ်လုံးအဖွင့်မှာ မဆိုင်းမတွဝင်လာတဲ့ အနိဋ္ဌာရုံကြောင့် စိတ်နှလုံးနောက်ကျိသွားပြီ။

သူတို့ ဒီအခမ်းအနားကို ကျင်းပကြပြန်သည်။

အဆောင်ရှေ့ကိုအဖြတ်မှာ အသံတွေဟာ အကျယ်လောင်ဆုံးဖြစ်လာတယ်။ နှစ်ဘက်ကို ပိတ်လျက်ပေမယ့် အသံတွေကတော့ ရင်ထဲအထိ ထိုးဖောက်ဝင်လာနေဆဲ။ တစ်ကိုယ်လုံးမှာရှိတဲ့ မွေးညှင်းပေါက်တွေက တစ်ဆင့်များထလာကြသလား။ မကြားချင်တဲ့အတွက် ဘယ်လိုပဲ ကာကွယ်၊ကာကွယ် မနိုင်ပဲ ဖြစ်မှာကြောင့် နားဝနှစ်ခုအပေါ်က လက်ဝါးကိုပြန်ဖယ်လိုက်တယ်။

မနှစ်မမြို့ရှိနေပေမယ့် သိချင်စိတ်က ပေါ်လာပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဆောင်ပြတင်းရွက်ကိုဖွင့်ပြီး အပြင်ဘက်ကို ကြည့်လိုက်တော့ ဟုတ်ပါတယ်။ သူတို့…သူတို့ ဒီအခမ်းအနားကို လုပ်ကြပြန်ပြီ။

ကြေးစည်ထိုးအစုနဲ့ တံပိုးခရာမှုတ်အစုက ရှေ့ဆုံးကနေ ဖြည်းဖြည်းမှန်မှန် လျှောက်လာကြတယ်။ ကြေးနီ တံပိုးတွေရဲ့အရင်းမှာ အနီရောင်ပဝါရှည်ကြီးတွေကို ချည်နှောင်လို့။

သူတို့ရဲ့နောက်မှာ အဲမောင်းလုံ့ကိုင်အဖွဲ့က လုံ့သွားတွေကို အပေါ်ဘက် ထောင်ပြီး သုံးယောက်တစ်တွဲ ချီတက်လာကြတယ်။ သူတို့အစုရဲ့နောက်မှာ မြင်း စီးအဖွဲ့ အနီရောင်သင်တိုင်းဝတ်ရုံကြီးတွေနဲ့ မြင်းတွေမှာလဲ ကကြိုးအစုံအလင်နဲ့။

မြင်းစီးအဖွဲ့ရဲ့နောက်မှာ နက်ပြာရောင် သင်တိုင်းဝတ်ရုံဝတ်ထားတဲ့သူ လေး ယောက်ဟာ နှစ်ယောက်တစ်တွဲ မြင်းနက်ကြီးတွေကိုယ်စီ စီးလာကြတယ်။ မြင်း လေးကောင်စလုံး အသားကျူမှန်မှန် ရွေ့လျားနေတယ်။ သူတို့လေးယောက်၊ နှစ် ယောက်တစ်တွဲ နက်ပြာသင်တိုင်းဝတ်ရုံတွေ ကိုယ်စီဝတ်ထားကြပေမယ့် သူတို့ တစ်ဦးချင်း မမှတ်မိစရာ မရှိပါဘူး။

ဘယ်သူတွေ ဖြစ်ရဦးမှာလဲ။ ဒီလို အခမ်းအနား၊ အခင်းအကျင်း၊ အဆောင် အယောင်တွေကြားထဲမှာ ဒီလို မားမားထီးထီး မြင်းစီးလာသူတွေဟာ သမထီး ကျောင်းတော်ရဲ့ ခေါင်းဆောင်တွေပါပဲ။

ရှင်ကြီးဂေါဝိန္ဒ၊ ရှင်ကြီးဆိန္ဒက၊ ရှင်ကြီးရက္ခိန္ဒနဲ့ ရှင်ကြီးဒိဗ္ဗ။

သူတို့ရဲ့နောက်မှာ လူခြောက်ယောက် ထမ်းလာတဲ့ ဝေါထမ်းစင်တစ်ခု။ ဝေါပေါ်မှာတော့ အတောက်ပဆုံး ဝတ်စားဆင်ယင်ထားတဲ့ မိန်းမပျိုတစ်ယောက်။ သူ့ခေါင်းထက်က၊ လည်က၊ လက်မောင်းက ပန်းကုံးတွေကိုကြည့်ရင် ဘာမှအထူး အထွေ တွေးနေစရာ မလိုတော့ပါဘူး။

အတောက်ပဆုံး အဆင်တန်ဆာတွေ ကြားထဲမှာ အညှိုးငယ်ဆုံးနဲ့ အထိတ် တလန့်အဖြစ်ဆုံးမျက်နှာလေးတစ်ခုကို တွေ့လိုက်ရတယ်။ ပဝါပါးတစ်ခုကို မျက်နှာ ပေါ်မှာ ဖုံးလွှမ်းထားပေမယ့် နေရောင်ရဲရဲအောက်မှာ ပဝါကိုဖောက်ပြီး အဲဒီ မျက်နှာ လှလေးကို တွေ့လိုက်ရတယ်။

အဝေးဆီက မြင်ရတာဖြစ်တဲ့အတွက် သဲသဲကွဲကွဲ မတွေ့နိုင်ပေမယ့် တိမ် ကျကျ ဖြေရဲပါတယ်။ အဲဒီ ပဝါပါးအောက်က ပါးပြင်နှစ်ဘက်ပေါ်မှာ မျက်ရည်တွေ





စီးနေလိမ့်မယ်ဆိုတာ။

သမထီးကျောင်းတော်ရဲ့ခေါင်းဆောင် ရှင်ကြီးလေးယောက်နဲ့ သူ့လူစုတွေဟာ အဆောင်ကို ဖြတ်ကျော်သွားကြပြီ။ မြင်ကွင်းရဲ့ နောက်ဘက်ဆီကို ငေးကြည့်ရင်း နဲ့ အဆောင်ပြတင်းရွက်ကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားမိတယ်။ တဖြည်း ဖြည်းဝေးသွားတဲ့ မြင်ကွင်းဟာ အာရုံထဲက ပျောက်ကွယ်မသွားဘူး။

ဝေါပေါ်က မိန်းကလေးကို သူတို့ဟာ သမထီးမဏ္ဍုဏ်ရဲ့ အရှေ့မြောက်ထောင့် က ကညာဆောင်ဆီခေါ်သွားကြတော့မယ်။ ကညာဆောင်ထဲမှာ မိန်းကလေးကိုထား ပြီး သူတို့ဟာ တစ်နေ့လုံး ဆုတောင်းရွတ်ဖတ်ပွဲတွေ ကျင်းပကြမယ်။ ညနေချိန် ရောက်တဲ့အခါ သမထီးဝင်းရဲ့ အလယ်ကဗဟိုခန်းမဆောင်ကြီးထဲမှာ သူတို့ဟာ သေရည်အိုးပေါင်းများစွာကို ခင်းပြီး စားပွဲသောက်ပွဲကြီး ကျင်းပကြမယ်။

ပြီးရင် သေယစ်နေတဲ့ ရှင်ကြီးဂေါဝိန္ဒဟာ သူ့ရဲ့နက်ပြာရောင် သင်တိုင်းဝတ် ရုံကြီးကို ဖွေယမ်း သေတကောင်းကိုင်လက်ကို အပေါ်မြှောက်၊ ကျန်လက်တစ်ဘက် က သေရည်စက်တွေပေကျံနေတဲ့ သူ့မုတ်ဆိတ်ကို ပွတ်သပ်ပြီး အသံဝါကြီးနဲ့ ရွတ်ဆိုလိမ့်ဦးမယ်။

'ခန္ဓာကိုယ်သည် မကောင်းဆိုးဝါးဖြစ်၏။ ဝိညာဉ်သည် မြင့်မြတ်၏။ ခန္ဓာ ကိုယ်၌ အညစ်အကြေးများရှိ၏။ ဝိညာဉ်၌ သန့်စင်မှုရှိ၏။ ခန္ဓာကိုယ် အညစ်အကြေး များကို လူတို့ဆေးကြောကြရမည်။ သို့သော် သာမန်လူတို့သည် မည်သို့မျှ သန့်စင် အောင် မဆေးကြောနိုင်။ ရှင်ကြီးတို့ ကျင့်စဉ်ဖြင့် အထပ်ထပ်တိုက်ချွတ်ဆေးကြော ထားပြီးတော့ ငါတို့သာလျှင် ခန္ဓာကိုယ်၏ အညစ်အကြေးဒဏ်ကို ခံနိုင်စွမ်းရှိ၏။ ထို့ကြောင့် လူသာမန်တို့၏ အကျိုးအလို့ငှာ ငါတို့သည် ယုတ်နိမ့်သော ခန္ဓာကိုယ် အညစ်အကြေးများကို ဖယ်ရှားကြကုန်အံ့'

ပြတင်းရွက်ပေါ်မှာ ဆုပ်ကိုင်ထားတဲ့ လက်ချောင်းတွေ နာကျင်လာတယ်။ ချိုးသိပ်နိုင်တဲ့ နာကြည်းမှုကြောင့် ကျုပ်ရဲ့နှုတ်က အသံထွက်ကျသွားတယ်။

'သင်းတို့ ပန်းဦးလွှတ်ပွဲ ကျင်းပကြပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com

၂။

'မစုရ...'

ခေါ်သံနဲ့အတူ ပခုံးကိုပုတ်လိုက်တာကြောင့် နောက်လှည့်ကြည့်လိုက်တယ်။ သမထီး ကျောင်းတော်ကြီးမှာ ကျုပ်နဲ့ အရင်းနှီးဆုံးဖြစ်တဲ့တိက္ခ။

'ဘာဖြစ်လို့ အိပ်ရာထဲမှာ ရှိမနေရတာလဲ မစုရ။ မနေ့ညက တစ်ညလုံး သင်ဟာ အမှောင်ကိုဖြတ်သန်းခြင်း ကျင့်စဉ်ကို တာဝန်ယူသင်ကြားပို့ချခဲ့ရတယ် မဟုတ်လား။ ခုလိုအချိန်မှာ သင် အိပ်ပျော်နေရမှာပေါ့'

တိက္ခကို ဘာမှပြန်မပြောမိဘူး။ ကြေးစည်သံ၊ တံပိုးသံနဲ့ ပဝါပါးအောက်က မျက်နှာဟာ ကျုပ်အကြားအာရုံ၊ အမြင်အာရုံကို ဖိစီးထားဆဲ။

'ဘယ့်နှယ်လဲ မစုရ။ အမှောင်ကို ဖြတ်သန်းခြင်းကျင့်စဉ်မှာ သင့်တပည့်တွေ တိုးတက်မှုရှိရဲ့လား။ တပည့်အတော်များများဟာ ဒီကျင့်စဉ်အပြီးမှာ သမထီးက ထွက်ပြေးကြတာ များတယ်လေ'

အမှောင်ကို ဖြတ်သန်းခြင်းကျင့်စဉ်၊ သမထီးက အရည်းကြီးတွေရဲ့ များ မြောင်လှတဲ့ လျှို့ဝှက်ကျင့်စဉ်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အဆင့်မြင့်ကျင့်စဉ် အကြောင်းကို ကျုပ်အခုနေ တွေးမနေချင်ဘူး။ စကားလုပ်ပြီးလည်း ပြောဆိုဆွေး နွေးမနေချင်ဘူး။





တစ်ခါနက် ပိန်းပိတ်သား အမှောင်ထုထဲမှာနေရင်း အမှောင်ရဲ့နက်ရှိုင်းမှုရဲ့ အိတ်ဆိတ်မှုကို အာရုံအပြည့်အဝခံစား၊ ဗဟိဒ္ဓအမှောင်က အဇ္ဈတ္တထဲရောက်အောင် သွင်းယူ၊ နောက်ထပ် မည်းမှောင်စရာမရှိတော့သည်အထိ တစ်ခွင်တစ်ပြင်လုံးအတိ မှောင်မိုက်သွားတဲ့ အခါကျမှ မိမိရဲ့အစွမ်းဆုံးအာရုံကို အသုံးချပြီး အဲဒီအမှောင်ပြင် ထဲမှာ အလင်းစက်ကလေးကို တည်ဆောက်ယူ။ ပကတိ မရှေ့အယိမ်းသော သိမှတ် မှုရဲ့ အဲဒီအလင်းစက်ကလေးကို တစ်စတစ်စ အဝန်းအဝိုင်း ပြန့်ကျယ်လာအောင် အနောနဲ့ထွန်းညှိ၊ ပြီးတော့ တဖြည်းဖြည်း ကားပြန့်လာတဲ့ အလင်းရဲ့အနားအစေး ကို တညီတည်းဖြစ်အောင် နှလုံးအိမ်ထဲမှာ သိမ်းသွင်း၊ နောက်ဆုံး အလုံးစုံဟာ အလင်းလိုက်ကြီးဖြစ်သွားတဲ့အထိ သိမှတ်ရှုစိုက်၊ အမှောင်ကို ဖြတ်သန်းခြင်းကျင့်စဉ် ရဲ့ မူလပထမအဆင့်တွေ။

အခု အမှောင်ကိုဖြတ်သန်းခြင်း ကျင့်စဉ်အကြောင်း လာပြောနေတဲ့ မိတ်ဆွေ တိက္ခဟာလည်း သမထီးမှာ အဆင့်ရှိတဲ့ အရည်းဆရာတစ်ယောက်ပဲ။

'အမှောင်ကို ဖြတ်သန်းခြင်းတဲ့လား'

ဒီစကားလုံးတွေကို ကျုပ် အသိမဲ့ ရေရွတ်နေမိတယ်။

'မစုရ...သင်ဘာဖြစ်နေတာလဲ၊ ပြင်းထန်တဲ့ ကျင့်စဉ်ကို သင်ကြားပို့ချပေးပြီး တဲ့ အရည်းဆရာ တစ်ယောက်ဟာ ကောင်းကောင်းအနားယူရမယ်လေ။ ဒီလိုမှ မဟုတ်ရင် အိပ်ရေးပျက်တာနဲ့ မနောအာရုံ နွမ်းနယ်တာတွေရောပြီး ခန္ဓာကိုယ်ဟာ ယျောရဲ့သွားနိုင်တယ်။ သင့်ကိုကြည့်ရတာ အိပ်မက်မက်နေတဲ့လူလိုပဲ။ မပြောဘဲ အသံတွေထွက်နေတယ်။ မမြင်ဘဲ မျက်လုံးတွေ ကြည့်နေတယ်'

'တိက္ခ...ကျုပ်တို့အားလုံး အမှောင်ကိုဖြတ်သန်းနေတာပဲ။ ဒါပေမဲ့ အလင်း တော်ကို ဘယ်လိုမှ တွေ့ရှိမှာမဟုတ်ဘူး'

'ဟင်...ဘာပြောလိုက်တယ် မစုရ'

'ဒီအတိုင်းသာဆိုရင် ကျုပ်တို့အားလုံးဟာ မကုန်ဆုံးနိုင်တဲ့ အမှောင်တိုက် ကြီးကို ဖြတ်သန်းရင်းနဲ့ အမှောင်ထုထဲမှာပဲ ချောက်ကမ်းပါးကြီးတစ်ခုထဲကို လိမ့် ကျသွားကြမှာပဲ'

'မစုရ၊ သင် ဘာတွေပြောနေတာလဲ'

'သူတို့ ပန်းဦးလွှတ်ပွဲ လုပ်ကြပြန်ပြီ တိက္ခ'



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်နေတဲ့ တိက္ခရဲ့မျက်လုံးတွေ ညှိုးသွားတာကိုတွေ့ရတယ်။ ပြီးတော့ သူ့သတ်ပြင်းရှိုက်၊ အဝေးဆီကြည့်ရင်း-

'ကျုပ် တွေ့လိုက်ပါတယ်၊ ကညာဆောင်ကို ရောက်သွားကြပြီ'

'ဒီသမထီးကျောင်းတော်မှာ ဒီပန်းဦးလွှတ်ပွဲဆိုတာကြီးကို ဘယ်သူမှ မတားဆီးနိုင်ကြတော့ဘူးလား။ သုံးလေးလလောက် ကွယ်ပျောက်နေခဲ့တဲ့အတွက် ဒီပွဲဟာ နောက်ထပ်မပေါ်နိုင်တော့ဘူး။ ချုပ်ငြိမ်းသွားပြီလို့ ကျုပ်ထင်ခဲ့တာ'

'ကျုပ်လည်း ဒီလိုပဲတွက်တာပါပဲ မခုရ။ ဒါပေမဲ့ အခုသမထီး ကျောင်းတော်နဲ့ ဂိုဏ်းကြီးတစ်ခုလုံးဟာ ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ လက်အောက်ကို ရောက်သွားပြီမဟုတ်လား။ သူတို့ဟာ ဒုတိယဂိုဏ်းချုပ်ကြီးအဆင့်ကနေပြီး ဂိုဏ်းချုပ်ကြီးဖြစ်သွားကြပြီလေ။ သည်တော့...'

တိက္ခရဲ့ ဆက်မပြောဖြစ်တဲ့စကားတွေကို ကျုပ်သိလိုက်တယ်။ ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ သမထီးမှာ ဩဇာအာဏာအရှိဆုံး အရည်းဂိုဏ်းချုပ်တွေ ပြန်ဖြစ်လာပြီးတဲ့နောက်မှာတော့ ဘာမဆို သူတို့အလိုအတိုင်း ဖြစ်ရတော့မယ်။ ဂေါဝိန္ဒနဲ့ ဆိန္ဒကတို့ဟာ ဓားအိမ်ထဲက ထုတ်လိုက်ပြီး ခုတ်ပိုင်းစရာကိုပဲ ရှာနေတဲ့ ဓားတစ်စင်းရဲ့အသွားဘက်နဲ့ အနေဝင့်ဘက်လို ညီညွတ်နေကြသူတွေ၊ သူတို့နှစ်ယောက်ဟာ သမထီးမှာ အထက်မြက် အထူးချွန်ဆုံး အရည်းဆရာကြီးတွေဖြစ်တဲ့အပြင် တပည့်လက်သားလည်း အများဆုံးရှိတဲ့သူတွေဖြစ်တယ်။

'ရှင်ကြီးမိတ္တ အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်းရှိလာတာကို သူတို့နှစ်ယောက်က အခွင့်ကောင်းယူပြီး သမထီးကို ချုပ်ကိုင်လိုက်ကြတာပဲ။ အစဉ်အလာအရဆိုရင်လည်း သူတို့ဟာ သမထီးကျောင်းတော်ကြီးကို စတင်တည်ထောင်သူတွေထဲမှာ အရေးအပါဆုံး လက်ရင်းအကျဆုံး အရည်းတွေဆိုတော့ သူတို့ရဲ့ ဩဇာတိက္ခကို ဂိုဏ်းချုပ်ရှင်ကြီးမိတ္တလည်း ဘာမှမပြောတော့ဘူးလေ'

'စောစောက ပန်းဦးလွှတ်ပွဲမှာ ပေါ်ပေါ်ပါသွားတဲ့ မိန်းမသူဟာ ဘယ်ကလဲ'

'မြင်းကပါကလို့ ပြောကြတာပဲ။ အရင်ကတော့ ပန်တျာသည်တဲ့၊ ခွက်ခွင်းသည်တဲ့'

'အို...ဟုတ်လား'

ဒေါသနေရာမှာ ကြင်နာမှုတစ်စက် ဖိတ်ကျလာသလိုပဲ၊ မိန်းမသူလေး





ပန်တျာသည်၊ ခွက်ခွင်းသည် ဆိုရင်တော့ ညဦးသေရည်ပွဲမှာ သူက ခုန်ရရှာဦးမယ်။ သူ့ရဲ့ သန့်ရှင်းစင်ကြယ်တဲ့ အသွေးအသားကို စတေးရတဲ့ ပွဲသဘင်မှာ သူကိုယ်တိုင် တေးဆိုက၊ ခုန်ပြီး သူကိုယ့်သူ ချောက်ကမ်းပါးထဲတွန်းချရမှာပါလား။ အဖြစ်ဆိုးလိုက်လေ မိန်းမသူလေးရယ်။

'သူနဲ့ လက်ထပ်မယ့် သူကကော...'

'နေပြည်တော်က အနိရုဒ္ဓါမင်းရဲ့တပ်မှာ ရဲမက်အဖြစ် အမှုထမ်းနေသတဲ့။ အခု အဲဒီရဲမက်လုလင်ကလေး မြင်းကပါကိုပြန်အလာ လက်ထပ်ပွဲပြုပေးကြဖို့ စီစဉ်ကြတာပဲ'

ကြောင်းကျိုးခြင်းရာကို ကျုပ် ဆက်စပ်နားလည်လိုက်ပြီ။ သတို့သားဟာ အနိရုဒ္ဓါမင်းရဲ့တပ်က ရဲမက်လုလင်။ သြော်...ရှင်ကြီးဂေါဝိန္ဒတို့ဟာ ဓားတစ်ချက်တည်းနဲ့ ရန်သူနှစ်ယောက်ကို ထုတ်ချင်းခပ်အောင် ထိုးစိုက်လိုက်ကြတာပဲ။

သမထီးကျောင်းတော်မှာ သူတို့ဩဇာအာဏာကို ပြသလိုက်တာလဲဖြစ်တယ်။

တစ်ချိန်တည်းမှာ သမထီးကို မလိုလားဟန်ပြနေတဲ့ ဘုရင်သစ် အနိရုဒ္ဓါကို ခြိမ်းခြောက်လိုက်တာလဲဖြစ်တယ်။ ဘုရင်သစ်ရဲ့ ရဲမက်လုလင် လက်ထပ်ပွဲမှာ သတို့သမီးကို ပန်းဦးလွှတ်ပွဲ သိမ်းပိုက်ခေါ်ဆောင်လာတာဆိုတော့...

'တိက္ခ...ဒါကို ဘယ်သူမှ မတားဆီးနိုင်ကြတော့ဘူးလား'

'ဘာလဲ မခုရ၊ ရှင်ကြီး ဝေါဝိန္ဒတို့ကိုလား။ သင် ရူးနေသလား မခုရ။ သမထီးမှာ ဂေါဝိန္ဒနဲ့ ဆိန္ဒကကို မျက်လွှာပင့်ပြီး ကြည့်ရဲသူတောင်မရှိဘူးဆိုတာ သင်မေ့နေသလား။ သူတို့ရဲ့ သင်တိုင်းနက်ပြာအောက်မှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေရှိနေတယ်။ သူတို့ဟာ မီးလျှံကနေ အရည်းယောင်ဆောင်ထားတဲ့ သူတွေဖြစ်တယ်။ သူတို့ ကိုယ်ထဲမှာ အသွေးအသားမရှိဘူး။ ဆူးနဲ့အဆိပ်ရည်တွေသာရှိတယ်။ ဒါတွေကို သမထီးကျောင်းတော် တစ်ခုလုံး သိထားတာပဲ။ သူတို့ကို တားဆီးဖို့ဆိုတာ မြွေဟောက်တစ်ကောင်ရဲ့ ဖြန့်ထားတဲ့ ခံတွင်းထဲကို ဦးခေါင်းသွင်းပြီး ခံတွင်းကို မပိတ်လိုက်ပါနဲ့လို့ ပြောတာနဲ့ အတူတူပဲ'

ပြောရင်းနဲ့ပဲ တိက္ခမျက်နှာဖြူဖပ်ဖြူရော် ဖြစ်လာတယ်။ တစ်စုံတစ်ယောက် ကြားသွားဟန်ရိုးတာနဲ့ လေသံလည်း တိုးတိမ်သွားတယ်။ ပြီးတော့ လက်ဝါးနဲ့ဘက် ပွတ်သပ်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



'မခုရ…သင့်မျက်နှာ နီရဲလာတယ်။ ဘာဖြစ်တာလဲ'

'အပူနဲ့တွေ့ရင် သွေးဆိုတာ ဆူဝေလာတယ်ထင်တာပဲ။ အဲဒါကို ပေါက်ထွက်ခွင့်မပေးရင် သွေးတွေဟာ အေးခဲပြီး ဖြူရော်သွားတတ်တယ်'

တိက္ခ တုန့်လှုပ်နေတာကိုကြည့်ပြီး ကျုပ် ဖိဖိနှာနှာ ပြောပစ်လိုက်တယ်။ သူ တုန်လှုပ်နေတာထက် ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ ဩဇာအာဏာ အဆီအတားမဲ့ ဖုံးအုပ်နေတာကို ပိုပြီးအခံရခက်မိတယ်။

'မခုရ…သင်ဘာလုပ်မလို့လဲ'

'ခန်းမဆောင်ဆီသွားမလို့'

'ခန်းမဆောင်ဆီသွားပြီး ဘာလုပ်မလို့လဲ'

'ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ဆီဝင်ပြီး ဒီ ပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းဖို့ သွားပြောမယ်'

'မခုရ…'

ခါးစည်းကြားမှာ ဓားမြှောင်ကို ထိုးထည့်ပြီး သူ့ကို ကျုပ် ကျောခိုင်းလိုက်တယ်။



တံခါးစောင့်က အဲမောင်းလှံရှည်နဲ့ တားမယ်လုပ်သေးတယ်။ ကျုပ် မျက်ကွင်းမှာ ကန့်လန့်ဖြတ်လာတဲ့ လှံသွားကိုကျော်ပြီး တံခါးစောင့်ကို ကျုပ် ကြည့်လိုက်တယ်။ စူးစူးဝါးဝါးအကြည့်နဲ့ ခက်ထန်တဲ့ မျက်လုံးကိုအတွေ့မှာ သင်းအမူအရာပျက်သွားပြီး…

'သြော်…ရှင်ကြီးမခုရပါလား၊ တခြားလူ အောက်မေ့လို့ပါ။ ခွင့်လွှတ်ပါ'

လှံရှည်ကို ကျုပ်ရှေ့ကနေ ရုပ်လိုက်တယ်။ တံခါးမကနေ တစ်ဆက်တည်း ဆောက်လျှောက်ခင်းထားတဲ့ ဂန္ဓလရာဇ်ကော်ဇောအတိုင်း ကျုပ် ခန်းမဆောင်ထဲ ဝင်ခဲ့တယ်။ နူးညံ့တဲ့ ကောဇောခြွေးတွေသာမရှိရင် ခန်းမဆောင်တစ်ခုလုံးဟာ ခြေသံ ထိုင်းဒိုင်း ဆူညံနေမှာပဲ။

ပိုးကြိုးအနက်နဲ့ သိမ်းရှည်ထားလို့ အိကျနေတဲ့ ခန်းဆီးစအနီရောင်ကြီးအောက်ကနေ ဖြတ်ဝင်လိုက်တယ်ဆိုရင်ပဲ ခန်းမဆောင်ကြီးရဲ့ ဗဟိုစင်မြင့်ဟာ ဘွားခနဲ ပေါ်လာတယ်။ ကျုပ်ထင်ထားတဲ့အတိုင်းပါပဲ။ ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ဟာ နံနက်စာစားဖို့ ပြင်ဆင်နေကြပြီ။ သမထီးဂိုဏ်းဝင် လက်အောက်ငယ်သားတွေဟာ တောက်ပတဲ့ လင်ပန်းတွေထဲမှာ စားသောက်ဖွယ်မျိုးစုံကိုထည့်ပြီး ဝင်ထွက်သွားလာနေကြတယ်။

စင်မြင့်နဲ့ မလှမ်းမကမ်း အရောက်ထိသွားပြီး ကျုပ်ရပ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံထက်မှာ လဲလျောင်းပြီး မျက်စိအစုံမှိတ်နေတဲ့ ရှင်ကြီးဂေါဝိန္ဒဘေးက ရှင်ကြီးဆိန္ဒက,က ကျုပ်ကို အရင်မြင်သွားတယ်။

'မခုရပါလား၊ ဘာအကြောင်းများ ရှိသလဲ'

ရှင်ကြီးဂေါဝိန္ဒ မျက်စိပွင့်လာတယ်။ မည်းမည်းထူထူမျက်ခုံးတွေကိုစုပြီး သူကလည်း ကျုပ်ကို လှမ်းကြည့်နေတယ်။ ခဏပါပဲ။ ပြန်ပြီး မျက်စိမှိတ်၊ ထိုင်ခုံနောက်မှီပေါ် ခေါင်းတင်ပြီး ပြန်မှိန်းတယ်။ သမထီးဂိုဏ်း အရည်းဆရာယ်တစ်ယောက်ဖြစ်တဲ့ ကျုပ်ကို ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေနဲ့ အရေးတယူနှုတ်ဆက်နေစရာ မလိုပေဘူးပေါ့။

'ကျုပ် အရေးဆိုစရာရှိလို့ လာခဲ့တာပဲ ရှင်ကြီးဆိန္ဒက'

ဒေါသကြောင့် တုန်ချင်တဲ့အသံကို ထိန်းချုပ်ထားရတယ်။

'ပြောလေ…ဘာအရေးလဲ၊ ကျင့်စဉ်သင်တန်းတွေမှာ ဘာအဆင်မပြေတာရှိသလဲ တပည့်တွေထဲက ဘာဖျက်ကွက်တာရှိသလဲ။ လက်ရုံးကျင့်စဉ်အတွက် လက်နက်ကိရိယာ ဆင်၊ မြင်း ဘာလိုအပ်သလဲ'

ဒါဟာ ဂိုဏ်းချုပ်တစ်ယောက်က အရည်းဆရာယ်တစ်ယောက်ကို မေးနေကျ မေးထရိုတဲ့ စကားပဲ။

'တစ်ခုမှ မဟုတ်ဘူး။ ပန်းဦးလွှတ်ပွဲအကြောင်း ကျုပ်ပြောချင်လို့'

စကားလုံးတွေ ထိရောက်ဖို့၊ သန့်စွမ်းဖို့ ကျုပ် စဉ်းစားစီစဉ်နေချိန် မရတော့ဘူး။ နှုတ်ခံတွင်းဖွင့်ဟလိုက်တာနဲ့ပဲ စကားတွေဟာ အလိုလို တိုးဝှေ့ပွင့်ထွက်ကြတော့မယ်ဆိုတာကို သိနေတယ်။

'ဒီညဉ့်မှာ ပန်းဦးလွှတ်ပွဲ ကျင်းပကြတော့မယ် မဟုတ်လား။ အနိရုဒ္ဓါမင်းနဲ့တပ်ထဲက ရဲမင်လုလင်တစ်ယောက်နဲ့ လက်ထပ်မယ့် မြင်းကပါးရွာသူ ပန်တျာ ခွက်ခွင်းသည်လေးတစ်ယောက်ကို ခေါ်လာတယ်မဟုတ်လား။ အဲဒီ ပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းပစ်လိုက်ပါလို့ ကျုပ် တောင်းဆိုပါတယ်'

သည်တစ်ခါတော့ ရှင်ကြီးဂေါဝိန္ဒရဲ့ ပိတ်နေတဲ့ မျက်စိတွေ ပွင့်လာရုံသာမကထိုင်ခုံထက်မှာ ပြေပြေလျော့လျော့ ဖြစ်နေတဲ့ သူ့ကိုယ်လုံးကြီးပါ ဆတ်ခနဲဖြစ်ပြီး ဆန့်ဆန့်မတ်မတ် ထ,ထိုင်လိုက်တာကို တွေ့ရတယ်။ ရှင်ကြီးဆိန္ဒကရဲ့ သောက်ရေ ပြင်ပြီး ပါးစပ်ဆီယူလာတဲ့ သေတကောင်းဟာလည်း ခုလတ်မှာ တန့်လို့။





'ကျုပ် ထပ်ပြောပါတယ်၊ ပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းပစ်ပါ'

ကျုပ် အသံကျယ်သွားပြီဆိုတာ သိလိုက်တယ်။ ရှိစေတော့။ ဘာကိုမှ ထိန်းချုပ်ဖို့ ကျုပ် မကြိုးစားတော့ဘူး။

ဂေါဝိန္ဒနဲ့ ဆိန္ဒကတို့ဟာ အံ့သြခြင်းမက အံ့သြလွန်းတာကြောင့် ဒေါသထွက်ဖို့ကို မေ့နေကြဟန်တူတယ်။ ပြူးကျယ်တဲ့ မျက်လုံးတွေနဲ့ ကျုပ်ကို မမှိတ်မသုန်စိုက်ကြည့်နေကြတယ်။ ဟုတ်တာပေါ့။ တပည့်လက်သား ဂိုဏ်းဝင်တွေ သောင်းနဲ့ချီရှိနေတဲ့ သမထီးကျောင်းတော်၊ အရည်းဆရာတွေ ထောင်နဲ့ချီရှိနေတဲ့ သမထီးကျောင်းတော်၊ ရှင်ကြီးဆရာယ်တွေ ရာနဲ့ချီရှိနေတဲ့ သမထီးကျောင်းတော်မှာ ရှင်ကြီးမခုရဆိုတဲ့ ကျုပ်ဟာ သာမန်ရှင်ကြီးဆရာယ်တစ်ယောက်ပဲ။ သမထီးဂိုဏ်းကြီးရဲ့ အစွန်အဖျား အကိုင်းအခက်တစ်ခုပဲ။ အစွန်းအဖျား အကိုင်းအခက်လေးတစ်ခုက ပင်စည်နဲ့မြစ်မကို ခုလို မျက်နှာချင်းဆိုင်ပြီး အရေးဆိုတယ်ဆိုတဲ့ ကိစ္စဟာ သမထီးရဲ့ အစဉ်အလာမှာရှိခဲ့ဟန်မတူဘူး။ ဂိုဏ်းချုပ်ကြီးတွေရှေ့မှာ ဒီလို မားမားထီးကြည်းရပ်ပြီး ကျယ်လောင်တဲ့ အသံနဲ့ ပြောဆိုတဲ့ ကိစ္စဟာ အံ့သြလွန်းမက အံ့သြစရာပဲ ဖြစ်ပေမယ့်…

တိက္ကပြောသလို ဖြဲဟထားတဲ့ ခြင်္သေ့တစ်ကောင်ရဲ့ခံတွင်းထဲမှာ ဦးခေါင်းကို ထိုးသွင်းပေးတာပဲ။ ဒီလို လုပ်တဲ့သူဟာ ရူးသွပ်နေသူ ဒါမှမဟုတ် အိပ်မက်မက်ပြီး ကယောင်ချောက်ချား ဖြစ်နေသူပဲဖြစ်ရမယ်။ ဂေါဝိန္ဒနဲ့ ဆိန္ဒကတို့ကလည်း ကျုပ်ကို မခုရတော့ ရူးသွားပြီလို့ ထင်နေကြသလားမသိ။

'ပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းပါလို့ ကျုပ် အရေးဆိုနေပါတယ်။ မြင်းကပါးရွာသူ မိန်းမပျိုကို သူ့နေရာသူ ပြန်လွှတ်ပေးပါ။ သူ့ချစ်သူနဲ့ သူ လက်ထပ်ပါစေ'

'မခုရ'

ရှင်ကြီးဆိန္ဒက,က သေခွက်ကို စားပွဲပေါ်အသာအယာပြန်တင်ရင်း ကျုပ်ကို အေးအေးဆေးဆေး လှမ်းခေါ်တယ်။ ဒေါသအမျက် လက္ခဏာကို မတွေ့ရဘူး။

'မခုရ…မင်း တစ်ညဉ့်လုံး အမှောင်ကို ဖြတ်သန်းခြင်း ကျင့်စဉ်အတွက် ဘာအနံ့ယူ သင်ကြားပို့ချခဲ့ရတယ် မဟုတ်လား။ ဒီအချိန်မှာ မင်းဟာ ကိုယ့်ခိုင်ရာ ဆီ ကိုယ်ရောက်နေဖို့သင့်ပြီ။ အမှောင်ကိုဖြတ်သန်းခြင်း ကျင့်စဉ်ကို တာဝန်ယူရတာ ဟာ အင်မတန်ပင်ပန်းတယ်။ လိုအပ်တဲ့ အနားယူမှုကို မရရင် အဲဒီလူဟာ ဆေး



www.burmeseclassic.com

www.burmeseclassic.com



လေချောက်ချား ဖောက်ပြန်တတ်တယ်။ သွား…သွား…ကိုယ့်အခေါင်ကိုယ်ပြန်၊ အနားယူချေ မဝုရ'

'ကျုပ်ကို ဘာတွေမှ ပြောမနေပါနဲ့ ရှင်ကြီးဆိန္နက၊ ကျုပ် ပြောတာကိုလည်း နားထောင်ပါ။ ပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းပေးပါ။ အရိမဒ္ဒနပူရရဲ့ အရပ်ဒေသက ကျုပ်တို့ သမထီးကျောင်းတော်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဖြစ်ပေါ်လာတာ အရှိန်အဝါကြီးမားခဲ့တယ်။ တပည့်ဂိုဏ်းသားတွေ အများအပြားရှိခဲ့တယ်။ လူတွေရဲ့ကြည်ညိုလေးစားခြင်းကို ခံခဲ့ရတယ်။ ကြည်ညိုလေးစားလောက်အောင်လည်း အဆက်ဆက်သော ဂိုဏ်းချုပ်တွေ၊ ဂိုဏ်းအုပ်တွေ၊ လက်ထောက်ဂိုဏ်းဆရာတွေ၊ အရှည်းရှင်ကြီးတွေက စွမ်းဆောင်နိုင်ခဲ့ကြတယ်။ သမထီးရဲ့ ဂုဏ်သတင်းတွေ မွေးခဲ့တယ်'

စကားလုံးတွေက သူ့ထက်ငါ အလုအယက် တိုးဝှေ့နေကြလို့ နှုတ်ခံတွင်းဝမှာ တစ်ဆို့နေတယ်။ ကျုပ် အသက်ပြင်းပြင်းရှိုက်ပြီး စကားလုံးတွေကို ပြန်စီယူရတယ်။

'သမထီး ဆရာတွေဟာ အရိမဒ္ဒနပူရ ပြည်သူလူထုရဲ့ ကောင်းကျိုးတွေကို အဘက်ဘက်က လုပ်ပေးနိုင်ခဲ့ကြတယ်။ လူတွေကို ဆေးဝါးကုသပေးတယ်။ ရောဂါမကောင်းမှုကြဲမှာ ရောက်လာအောင် ဂါထာမန္တန်တွေ ရွတ်ဖတ်ပေးတယ်။ ရောဂါအန္တရာယ်က လွတ်မြောက်အောင် ဆုတောင်းပူဇော်ပွဲတွေ ကျင်းပပေးတယ်။ ဒါတင်မကလူငယ်လူရွယ်တွေကို ဆင်စီး၊ မြင်းစီး၊ ဓားခုတ်လှံထိုး အတတ်တွေ သင်ပေးတယ်။ လက်ရုံးရည်နဲ့ပတ်သက်သမျှတွေကို လေ့ကျင့်ပေးတယ်။ လူတွေကို အဲဒီလို ကူညီစောင့်ရှောက်ပေးနေသလို တစ်ဘက်ကလည်း ရှင်ကြီးအရှည်းတွေကိုယ်တိုင် လက်ရုံးနှလုံး သန့်စွမ်းခဲ့ကြတယ်။ ကျင့်စဉ်အမျိုးမျိုးကျင့်ပြီး မိမိရဲ့မနော ဣဒ္ဓိပါဒ် တိုးတက်အောင် လုပ်ခဲ့ကြတယ်။ သမထီးဂိုဏ်းကြီးဟာ အရိမဒ္ဒနပူရရဲ့ အကြီးကျယ်ဆုံးဂိုဏ်းကြီး ဖြစ်ခဲ့တယ်'

ရှင်ကြီးဆိန္နကတော့ လှုပ်လှုပ်ရှားရှား ဖြစ်လာတာကို တွေ့ရတယ်။ ရှင်ကြီးဂေါဝိန္ဒကတော့ ထိုင်ခုံမှာ အစွဲအမြဲထိုင်ရင်း မလှုပ်မရှား စကားမဆို ရှိနေဆဲ။

'ကျုပ် ပြောချင်တာက အဲဒီလို အစဉ်အလာကြီးမားခဲ့တဲ့ သမထီးဂိုဏ်းကြီးရဲ့ သကာတင်လည်း ခွက်ထဲကို မစင်တစ်ရွှေးကျသွားတဲ့ အကြောင်းပဲ'





'ဘာ…'

ရှင်ကြီးဆိန္နက ဝုန်းခနဲထတယ်။ သူ့ရှေ့က သေတကောင်းကို တိုက်မိပြီး သေတကောင်းလည်းကျ သေရည်တွေ ဖိတ်စဉ်သွားတယ်။ သွေးဆူတတ်တဲ့ ဆိန္နတရဲ့ ဒေါသအစွန်းအစတစ်ခု ပွက်ထပြီလို့ ကျုပ်သိလိုက်တယ်။

'ရှင်ကြီးဆိန္နက အသာနေပါ။ မဝုရ ဘာပြောမလဲ နားထောင်စမ်းပါ'

သွေးအေးတတ်တဲ့ ရှင်ကြီးဂေါဝိန္ဒက ဆိန္နကို လက်ဝှေ့ယမ်းလှမ်းတားပြီး ပြောတယ်။ သူ့အမူအရာက မပျက်မယွင်း၊ ပကတိတည်ငြိမ်လျက်ပဲ။ ဒါပေမယ့် အရောင်ပြောင်းလာတဲ့ သူ့မျက်လုံးတွေကိုကြည့်ပြီး သူလည်း ကျုပ် စကားတွေအပေါ်မှာ ကောင်းကောင်း ထိခိုက်လာလောက်ပြီလို့ တွေးမိတယ်။ အမှန်တော့ သွေးဆူတတ်တဲ့ ဆိန္နကထက် သွေးအေးအေးနဲ့ မလှုပ်မခြောက်နေတတ်တဲ့ ဂေါဝိန္ဒဟာ ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ ကျုပ်သိနေတယ်။

'ဆက်ပြောစမ်း မဝုရ၊ သကာတင်လဲခွက်ထဲကို ဘယ်လို မစင်တစ်ရွှေးသား ကျသွားသလဲ'

'မိမိရဲ့အယူဝါဒ၊ မိမိရဲ့ကျင့်စဉ်၊ မိမိရဲ့ လက်ရုံးရည်တွေနဲ့ တိုးတက်ကြီးထွားလာတဲ့ သမထီးဂိုဏ်းထဲကို ပန်းဦးလွှတ်ပွဲဆိုတဲ့ ဓလေ့တစ်ခု ဝင်လာတယ်။ ပန်းဦးလွှတ်ပွဲ ဘာကြောင့်လုပ်ရသလဲဆိုတာကိုလည်း သမထီးဂိုဏ်းက ထုတ်ဖော်ကြေညာတယ်။ လူတွေ လက်မခံဘဲ မနေနိုင်အောင် စည်းရုံးတယ်။ အယုံသွင်းတယ်။ ဒီလိုနဲ့ ဒီဓလေ့ဟာ သမထီးဂိုဏ်းထဲကို ရောက်လာတယ်။ လက်ထပ်တော့မယ့် ခိုးမယ်တွေကို မင်္ဂလာဦးညမတိုင်ခင်မှာ သမထီးကျောင်းတော်ထဲပို့ အရှည်းဆရာကြီးတွေဆီဆက်သ အရှည်းဆရာကြီးတွေက ခန္ဓာကိုယ်ရဲ့ ယုတ်ညံ့တဲ့ သဘာဝကြောင့် သာမန်လူတွေ အပြစ်မဖြစ်ရအောင်ဆိုပြီး အဲဒီကညာစင်သတို့သမီးတို့ရဲ့ မြင့်မြတ်သန့်ရှင်းလှတဲ့ ကညာပန်းကို ဝါးမျိုသောက်သုံးလိုက်ကြတယ်'

ခံတွင်းလည်ချောင်းမှာ အရိုးရူးခံရလို့ ညည်းညူပြင်းဟောက်လိုက်တဲ့ ခြင်္သေ့ကြီးတွေရဲ့အသံမျိုး သူတို့နှစ်ယောက်ဆီက ထွက်လာတယ်။

'ဒါကို ပန်းဦးပို့ဆက်တဲ့ သတို့သမီးရဲ့ မိဘသားချင်းတွေကရော၊ သတို့သားရော၊ သတို့သားရဲ့ မိဘသားချင်းတွေကရော မကျေမနပ် မဖြစ်ရအောင် အရှည်းဆရာကြီးတွေက တန်ခိုးသြဇာ၊ ဂါထာကျိန်စာတွေနဲ့ ဖိနှိပ်ခြိမ်းခြောက်ထားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ သမထီးကျောင်းတော်မှာ ပန်းဦးလွှတ်ပွဲတွေ တွင်ကျယ်ခဲ့တယ်။ အရည်းဆရာကြီးတွေဟာ သားကောင်ရဲ့လည်ချောင်းကိုဖောက်ပြီး သွေးစိမ်းရှင်ရှင်ကို မြိန်ရေရှက်ရေ သောက်သုံးခဲ့ကြတယ်။ ဘာမှ မတတ်သာဘဲ ကြောက်လို့၊ ပြီးတော့ ရေလှန့်သာလို့ ခေါင်းငိုက်စိုက်ချနေကြရတဲ့ လူတွေဟာ ငိုကြွေးနေကြတယ်။ ဒါပေမဲ့ ဒီမျက်ရည်ပင်လယ်ထဲမှာ သမထီးဆရာကြီးတွေဟာ ပျော်ပျော်ပါးပါး ကူးခပ်နေကြတယ်'

'မခုရ…မင်းထွက်သွား'

'ရက်စက်ယုတ်မာလှတဲ့ ဒီဓလေ့ထုံးစံကြီးဟာ ရှင်ကြီးမိတ္တလက်ထက်မှာ ဖျောက်ဖျက်ပစ်လို့ရခဲ့ရာက အခုအသက်ကိုးဆယ်ကျော်ပြီဖြစ်တဲ့ ဂိုဏ်းချုပ်ကြီး ရှင်ကြီးမိတ္တအနားယူကာစ ရှင်ကြီးဂေါဝိန္ဒနဲ့ ရှင်ကြီးဆိန္ဒကတို့ ဂိုဏ်းချုပ်အသစ်ဖြစ်လာကာစမှာ ဒီဓလေ့ဆိုးကြီးဟာ ပြန်ပြီး ခေါင်းထောင်လာပြန်ပြီ။ ကျုပ်ပြောချင်တာက လူတွေရဲ့မျက်ရည်နဲ့ ကွဲကြေနေတဲ့ ဘဝတွေအပေါ်မှာ မညှာမတာတည်ဆောက်ထားတဲ့ ဒီပန်းဦးလွှတ်ပွဲကို ဖျက်သိမ်းပေးပါ။ မနက်က ခေါ်လာတဲ့ မြင်းကပါးလှူသူလေးကို သူ့အိမ် ပြန်ပို့ပါ။ သူ့ချစ်သူဆီ ပြန်ပို့ပါ။ သူ့ချစ်သူနဲ့အတူ အေးအေးချမ်းချမ်း လက်ထပ်ပါစေ'

ရှင်ကြီးဆိန္ဒကရဲ့ မျက်နှာဟာ ညိုပုပ်သွားတယ်။ ရှင်ကြီးဂေါဝိန္ဒ မျက်နှာကတော့ နီရဲလာတယ်။ သွေးအေးတတ်သူ ဂေါဝိန္ဒရဲ့ မျက်လုံးတွေထဲက မီးအလင်းတန်းတွေ ထွက်ကျလာသလိုပဲ။ သူတို့ ပေါက်ကွဲပြီဆိုတာ ကျုပ်သိလိုက်တယ်။

မထူးတော့တဲ့ အခြေမှာ သူသေကိုယ်ကျေ တိုက်ခိုက်ရင်လည်း တိုက်ခိုက်ရတော့မယ်လို့တွေးပြီး ခါးစည်းကြိုးထဲက ဓားမြှောင်ကို မသိမသာ လက်နဲ့စမ်းလိုက်တယ်။

ခေါင်းတွေလည်း မူးဝေနေတယ်။ စကားအများကြီးပြောလိုက်ရလို့ လည်ချောင်းထဲမှာလည်း ခြောက်သွေ့ကွဲအက်လာတယ်။ ညဦးကလဲ တစ်ညဦးလုံး မြင်းထန့်တဲ့ကျင့်စဉ်ကို သင်ကြားပို့ချခဲ့ရလို့ အားအင်ကုန်ခန်းနေတယ်။ နားထဲမှာလည်း တစီစီအသံတွေ ကြားနေတယ်။ ဒူးတွေ ခွေညွှတ်ချင်လာတယ်။

ခန္ဓာကိုယ်က အင်အားနည်း နွမ်းနယ်လို့လား။ သမထီးရဲ့ ဂိုဏ်းချုပ်ကြီးနှစ်ယောက်ကို ပြင်းပြင်းထန်ထန် စကားဆိုလိုက်ရလို့လား၊ ဒေါသအမျက်ရဲ့ ဆောင့်မြိုက်မှုကြောင့်လား၊ အားလုံးအကြောင်း ပေါင်းစုံလို့ပဲလားမသိ။ ကျုပ်တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာတယ်။

သင်တိုင်းဝတ်ရုံအပေါ်ကနေ ခါးစည်းကြိုးကြားက ဓားမြှောင်ကို လက်နဲ့စမ်းထားပေမယ့် ကျုပ်ကြောက်လာတယ်။ တိုက်ကြ၊ ခိုက်ကြပြီဆိုရင်တော့ လက်ရုံးရွမ်းထက်လှတဲ့ ဂေါဝိန္ဒနဲ့ ဆိန္ဒကတို့ လက်ချက်အောက်မှာ ကျုပ်ဟာ တစ်စစီဖြစ်သွားမှာပဲ။ သူတို့ကို ကျုပ်ဘယ်လိုမှ မယှဉ်သာဘူး။ တစ်ရှူးထိုးစိတ်နဲ့ ခန်းမဆောင်ထဲဝင်ပြီး ပြောစရာရှိတာတွေပြောလိုက်ပြီးကာမှ ကျုပ်ကြောက်လာတယ်။ ကျုပ်မှားပြီလား၊ မဆင်မခြင် မိုက်ရူးရဲဆန်သွားပြီလား။ ခြင်္သေ့ခံတွင်းထဲ ဦးခေါင်းသွင်းမိပြီလား။

အခုမှတော့ မထူးတော့ဘူး။ ကျုပ်ဟာ မီးကျီခဲကို ထင်းစနဲ့ ရှို့မြိုက်ခဲ့ပြီ။ မီးတောက် မီးလျှံထအောင် လောင်စာထည့်မိပြီ။

'မခုရ'

ဂေါဝိန္ဒရဲ့အသံ ပေါ်လာတယ်။ ရင်ခေါင်းထဲက ဟိန်းထွက်လာတဲ့ အသံကြီး။

'မခုရ…မင်းဟာ အရည်းငယ်ဂိုဏ်း ဆရာနှစ်ရာအနက်မှာ အထက်မြက်ဆုံးဆိုတာ ငါတို့သိတယ်။ မင်းဟာ အသက်အရွယ်လည်း ငယ်သေးတယ်။ သမထီးဂိုဏ်းထဲမှာ မင်းအစွမ်းအစနဲ့ဆိုရင် မင်းမှာအရာအဆင့် တိုးတက်ဖို့လမ်းတွေ အများကြီး ရှိနေတယ်။ ငါတို့ရဲ့ ဥပဒေသ စကားတစ်ခုလိုပဲပေါ့။ ကျင့်စဉ်ကိုကျင့်၊ မနောကို ထက်မြက်စေ၊ ကိုယ်ခန္ဓာကို သွက်လက်စေ၊ သင့်မှာ မနက်ဖြန်ပေါင်းများစွာ ရှိနေသည်…ဆိုတဲ့စကား မင်းမှတ်မိမှာပေါ့။ အေး…ဒီတော့ မင်း လုပ်စရာရှိတာပဲ မင်းလုပ်၊ မဆိုင်တဲ့စကားတွေ မပြောနဲ့။ မဟုတ်တဲ့အတွေးတွေ မတွေးနဲ့။ သမထီးဂိုဏ်းရဲ့ အစဉ်အလာတွေအပေါ်မှာ ဝေဖန်စစ်ကြောချင်တာတွေမလုပ်နဲ့ ဟုတ်လား၊ ဒါ…မင်းပြန်ပြီး အနားယူတော့'

ဒီတစ်ခါ တစ်ပြန်တစ်လှည့် အံ့သြရသူက ကျုပ်။ မီးရှူးမီးကျည်တစ်ခုကို ထိန်းခနဲ၊ ဒိုင်းခနဲ ပေါက်ကွဲတော့မယ်လို့ ကျုပ်က မျှော်လင့်ထားတာ။ ရှင်ကြီးဂေါဝိန္ဒက အခုလိုပကတိ အေးအေးဆေးဆေး ပြောလိုက်တော့ ကျုပ် ဘာတစ်ခုမှ လုပ်ရမှန်းမသိဘူး။







www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ဝိန္ဒက ဆိန္ဒကကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ ကျုပ်ကို ပြ
ပြတယ်။ ဒီလို ပြုံးလိုက်တော့မှ မုတ်ဆိတ်ဗရပျစ်နဲ့ ရှင်ကြီးဂေါ်ဝိန္ဒရဲ့မျက်နှာ
ဟာ ပိုပြီး ကြောက်စရာကောင်းလာတယ်။

'မင်းပြန်တော့ မစုရ'

ကျုပ်ပဲ အလွန့်အလွန် အားနည်းနေလေရော့သလား။ သူပဲ တန်ခိုးအင်အား
ကြီးလွန်းလေရော့သလား။ သူ့အမိန့်ဟာ ကျုပ်အပေါ် လွှမ်းခြုံသွားပြီဆိုတာပဲ သိလိုက်
တယ်။ တစ်ခုခုထပ်ပြောဖို့ ကြိုးစားပေမယ့် မရတော့ဘူး။

ယိမ်းယိုင်ပြိုလဲချင်တဲ့ ခြေထောက်တွေအပေါ် အားရုံစိုက်ပြီး…

ကျုပ် ခန်းမဆောင်ထဲက ထွက်လာခဲ့တော့တယ်။



ရှ

ပန်းပဲဖိုရဲ့ မီးကျီခဲထဲကနေ ဆွဲထုတ်ထားကာစ ရဲရဲနီနေတဲ့ သံချောင်းပေါ်
ရေလောင်းချလိုက်တဲ့အခါ 'ရှဲ' ခနဲ အသံနဲ့အတူ အခိုးအငွေ့တွေ ခြောင်းခြောင်းထ
သွားတာကို ကျုပ်မြင်ယောင်နေမိတယ်။ အဲဒီ ရဲရဲနီနေတဲ့ သံချောင်းဟာ ကျုပ်ကိုယ်
တိုင်ပဲ ဖြစ်နေပြီထင်တယ်။

နားကြည်းခံခက်ခြင်း၊ ဒေါသအမျက်ပေါက်ကွဲခြင်း၊ အားမတန်လို့ မာန်လျှော့
လိုက်ရခြင်း၊ တွေပြားတွေဝေခြင်းတွေနဲ့ ကျုပ်တစ်ကိုယ်လုံးမှာ အငွေ့တွေ ခြောင်း
ခြောင်းထွက်နေပြီလို့ ခံစားရတယ်။ ခန်းမဆောင်ထဲက ထွက်လာခဲ့တဲ့ ခြေလှမ်းတွေ
ဟာ သမထီးကျောင်းတော် ပရိဝုဏ်ရဲ့ အမှိုက်တစ်စတစ်မျှင်မှ မရှိတဲ့ မြေပြင်ပြန့်
ပြန့်ကို ထိတယ်လို့မထင်ဘူး။

စူးရှနက်ရှိုင်းပြီး အေးစက်လှို့ဝှက်တဲ့အကြည့်နဲ့ ကျုပ်ကိုကြည့်ပြီး ရှင်ကြီး
ဂေါ်ဝိန္ဒဟာ အေးအေးဆေးဆေးပဲ ပြန်လွှတ်လိုက်တယ်။ ကျုပ် ထင်ထားသလို
ကျုပ်ကို မတိုက်ခိုက်ဘူး။ ဒေါသတွေပေါက်ကွဲမထားဘူး။ ဆူဆူပူပူ ဖြစ်မလာဘူး။

ကျုပ် ရှုံးနိမ့်ပြီလို့ ခံစားနေရတယ်။ ကျုပ်ရဲ့ ဆူဝေပေါက်ကွဲမှုဟာ ရှင်ကြီး
ဂေါ်ဝိန္ဒရှေ့မှာ ရှုံ့နှစ်ဖြစ်သွားတယ်။ ကျုပ်ပစ်လွှတ်လိုက်တဲ့ မီးလျှံဟာ သူ့ရှေ့မှာ
ရေဖြစ်သွားတယ်။ ကျုပ်ပစ်လွှတ်လိုက်တဲ့ ကျောက်တုံးကျောက်ခဲဟာ သူ့ရှေ့မှာ
သဲမှုန်ဖြစ်သွားတယ်။ သူဟာ ကျုပ်ကို မလောက်လေးမလောက်စား အရေးမပါး
ရာ အရည်းဆရာငယ်တစ်ယောက်လိုသာ သဘောထားပြီး မင်းပြန်တော့လို့ အမိန့်
ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဦးလွှတ်ပွဲအကြောင်းကို ကျုပ်က အင်အားများစွာသုံးပြီး ပြောခဲ့ပေမယ့် သူက တစ်ခွန်းမှမဟဘဲ ကျုပ်ကို ကျောသပ်ဆုံးမလွှတ်လိုက်တယ်။ ကျုပ်ရှုံးနိမ့်သွားပြီလား။ ကျုပ် ပျော့ညံ့ချည့်နဲ့သွားပြီလား။

သမထီးဂိုဏ်းကြီးအကြောင်း၊ ပြီးတော့ ဒီဂိုဏ်းကြီးထဲဝင်ပြီး အရည်းဆရာငယ်တစ်ဦးဖြစ်လာတဲ့ ကျုပ်အကြောင်းကို ပြန်တွေးမိတယ်။ ဒါတွေဟာ နှစ်ကာလများစွာကြာသေးတာ မဟုတ်သေးဘူး။ ပူနွေးလတ်ဆတ်ဆဲ အတိတ်တွေ။

❖❖❖

သမထီးဂိုဏ်းကြီး ဘယ်ကနေ ဘယ်လိုအခြေခံပြီး ပေါ်ပေါက်လာသလဲဆိုတာ ကျုပ် မသိဘူး။ သိဖို့လည်း မကြိုးစားဘူး။ ကျုပ်သိတတ်တဲ့ အရွယ်မှာတော့ ဒီဂိုဏ်းကြီးဟာ အရိမဒ္ဒနပူရမြေပေါ်မှာ အထင်အရှားဖြစ်နေပြီ။

ကုန်းနှီးမပါဘဲ မြင်းကိုကျွမ်းကျင်စွာစီးနိုင်တဲ့ ကျုပ်တို့ရဲ့ ဘိုးဘေးတွေဟာ သိန္ဓီ၊ သီပေါနယ်တွေကို နမ္မတူမြစ်ကြောင်းအတိုင်း ဟိုးမြောက်ဘက်အရပ်ဒေသအဝေးကြီးကနေ ဆင်းခဲ့ကြတယ်။ တောင်ဘက် မြေပြန့်ဒေသတွေကို ဆက်ဆင်းခဲ့ကြတယ်။ ပြီးတော့ ပန်းလောင်းမြစ်ကြောင်းအတိုင်း လိုက်၊ နတ်ထိပ်တောင်ကြားလမ်းအတိုင်း အရှေ့တောင်ဘက်ကနေဝင်ပြီး အခိုင်အခံ့ နေကြတယ်လို့ ကျုပ်ရဲ့ ဘိုးဘေးတွေဆီကတစ်ဆင့် အိပ်ရာဝင်ပုံပြင်အဖြစ် နားထောင်ခဲ့ရတယ်။

တူရင်းတောင်ခြေက ရွာကလေးတစ်ရွာမှာ မွေးဖွားခဲ့တဲ့ ကျုပ်ဟာ ငယ်စဉ်လူမှန်းမသိခင်ကတည်းက မိဘပျောက်ဆုံးခဲ့ရတယ်။ ဖခင်ဖြစ်သူဟာ တောနက်ထဲမှာ ဝက်ဝံကုတ်ခံရပြီး သေဆုံးသွားတယ်။ မိခင်ကတော့ ကျုပ်ကို မွေးပြီးပြီးချင်း မီးတွင်းမှာပဲ သွေးလန့်သေဆုံးသွားတယ်လို့ ကျုပ်ကိုမွေးစားတဲ့ ဘိုးက ပြောပြတယ်။ ထုံးစံအတိုင်း မိဘမဲ့ကျုပ်ကို ဘိုးကသိပ်ချစ်ရှာတယ်။ ဒါပေမဲ့ တောင်ယာအလုပ်ကို တောင် အနိုင်နိုင်လုပ်နေရတဲ့ ကျုပ်ရဲ့ဘိုးဟာ ကျုပ်ကိုကောင်းကောင်း မမွေးနိုင်ရှာပါဘူး။ ကျုပ် နည်းနည်းအရွယ်ရောက်တယ်ဆိုရင်ပဲ တူရင်းတောင်ခြေတစ်ဝိုက်ဒေသဟာ ကျုပ်နေရမယ့်နေရာ မဟုတ်ဘူးဆိုတာကို သဘောပေါက်လာတယ်။

ဒီအချိန်မှာ အရိမဒ္ဒနပူရ၊ သမထီးဒေသမှာ အရည်းရှင်ကြီးတို့ရဲ့ ဂိုဏ်းကြီးဟာ နာမည်ကျော်ကြားနေပြီ။ လူငယ်လူရွယ်တွေကို လက်ခံထိန်းကျောင်းပြီး လက်ရုံးရည်ပညာတွေကို သင်ကြားပေးတယ်။ မြင့်မြတ်တဲ့ အရည်းကျင့်စဉ်တွေကို





လေ့ကျင့်ပေးတယ်။ ဘဝမှာအကောင်းဆုံး ရှင်သန်နေထိုင်သွားနည်းတွေနဲ့ ပြုစုပျိုးထောင်ပေးတယ်ဆိုတဲ့ သတင်းတွေဟာ ကျုပ်တို့တူရင်းတောင်ခြေအထိ ကျော်ကြားနေတယ်။

ကျုပ်ရဲ့ဘိုးကိုယ်တိုင်ကလည်း သူ့မြေး ကျုပ်ကို သူ့လိုတောင်ယာ အလုပ်လုပ်၊ တကုပ်ကုပ်နဲ့ တောထဲတောင်ထဲမှာ အချိန်မကုန်စေချင်ဘူး။ ပိုပြီး မြင့်မားတဲ့ ဘဝထဲကို ရောက်စေချင်တယ်။ ကျုပ်ကိုယ်တိုင်ကလည်း သမထီးက အရည်းဆရာကြီးတွေရဲ့ လက်ရုံးရည်သင်တန်းတွေကို သိပ်စိတ်ဝင်စားနေတယ်။

ဒီလိုနဲ့ပဲ ဘိုးကိုယ်တိုင် ကျုပ်ကို သမထီးဒေသ အရောက်ပို့ပြီး အရည်းရှင်ကြီးတွေလက်ထဲ ဝမ်းမြောက်ဂုဏ်ယူစွာ အပ်နှံခဲ့တယ်။ ဘိုးကတော့ တခြားအရာတွေထက် 'ဘဝမှာအကောင်းဆုံး ရှင်သန်နေထိုင်သွားနည်း' ဆိုတာကို ပိုသဘောကျပိုစိတ်ဝင်စားနေတယ်။ ကျုပ်ကတော့ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုးနဲ့ တခြားလက်နက်မပါ ဗလာကိုယ်တည်း လက်ရုံးအတတ်တွေကို ပိုပြီး စိတ်ဝင်စားတယ်။

ကျုပ် သမထီးကျောင်းတော်ကို ရောက်လာခဲ့တာပါပဲ။

❖❖❖

အရည်းဆရာတွေရဲ့ ပညာစွမ်းတွေဟာ အံ့မခန်းပါပဲ။

ဒီပညာရပ်တွေဟာ နှစ်ပရိစ္ဆေဒများစွာကတည်းက အဆက်ဆက်သော ဆရာကြီးများဆီက ဆင်းသက်ပြန့်ပွားခဲ့တယ်လို့ သိရတယ်။ အင်မတန်ဝေးလံပြီး ရေခဲတွေဖုံးနေဆဲ တောင်ကြီးတွေရှိရာ ဆီးနှင်းတွေ အဆက်မပြတ် ကျဆင်းနေတဲ့နေရာတွေ၊ တိုင်းပြည်တွေမှာလည်း ဒီလိုပဲ ဂိုဏ်းကြီးတွေရှိတယ်လို့ ဆိုတယ်။ ကျုပ်ကတော့ ဒီ ရှေးဟောင်းအကြောင်းတွေကို သိပ်စိတ်မဝင်စားပါဘူး။

ကျုပ် စိတ်ဝင်စားစရာတွေဟာ သမထီးကျောင်းတော်မှာ အပုံအပင်။

ကုန်းနှီးမဆင်ဘဲ မြင်းစီးတဲ့အတတ်တွေပြေးနေတဲ့ မြင်းပေါ်မှာ အမျိုးမျိုးခုန်ပျံကျော်လွှားလှည့်ပတ်လှုပ်ရှားစီးနင်းရတာတွေ၊ မြင်းတို့ရဲ့ သဘာဝကို လေ့လာရတာတွေ၊ ဆင်တွေရဲ့သဘာဝတွေ၊ ဆင်ဦးကင်း၊ ဆင်ကျောကုန်း၊ ဆင်နောက်မြီးတွေမှာ လိုက်ပါမောင်းနှင်ရတာတွေ၊ ထူးကြီးနဲ့ ချွန်းတောင်းပညာတွေ စတဲ့ အတတ်တွေကိုလည်း အရည်းဆရာတို့ထံမှာ မကုန်မခန်း သင်ယူရတယ်။

'မြူစင်မြင့်မြတ်သော ဝိညာဉ်သည် ကြံ့ခိုင်သန်စွမ်းသော ခန္ဓာကိုယ်တွင်းမှာ

www.burmeseclassic.com



သာ တည်နိုင်၏ဆိုတဲ့ အရည်းဂိုဏ်းဆောင်ပုဒ်အရ ကိုယ်ခန္ဓာကို သန်စွမ်းကျန်းမာအောင် လေ့ကျင့်ယူရတယ်။ သမထီးကျောင်းတော်ကိုရောက်ပြီး နှစ်နှစ်အကြာမှာ ကျုပ်ဟာ ကျုပ်ဆီလာတွေ့တဲ့ ကျုပ်ရဲ့ ဘိုးကိုယ်တိုင်က မမှတ်မိနိုင်တော့တဲ့ အသွင်သဏ္ဌာန်ကို ရရှိပိုင်ဆိုင်နေပြီ။

ပြီးတော့ ထူးဆန်းတဲ့ ကျင့်စဉ်တွေကို လက်ရွေးစဉ်ကျောင်းတော်သားဂိုဏ်းသားဖြစ်တဲ့ကျုပ်ဟာ အဆင့်တက်ပြီးလေ့လာသင်ယူခဲ့ရတယ်။

ရေငုပ်ရမယ်တဲ့။ ဒါဟာ ဆောင်ပုဒ်။ ဆောင်ပုဒ်က တိုတောင်းတိကျပေမယ့် သူ့ရဲ့လက်တွေ့ကျင့်စဉ်က ခက်ခဲကျယ်ဝန်းလှတယ်။ အင်မတန်အေးတဲ့ ဆောင်းရာသီရဲ့ ညဥ့်သန်းခေါင်မှာ အင်မတန်အေးတဲ့ ရေကန်တွင်းကို ဆင်းရတယ်။ အရိုးတွဲမတတ်အေးစက်နေတဲ့ ရေထဲမှာ တစ်ကိုယ်လုံးကို ငုပ်ဆင်းနစ်မြုပ်ရတယ်။ သွေးခဲပြီး အသက်ရှူလို့မရတော့လောက်အောင် ပင်ပန်းဆင်းရဲနေတဲ့အချိန်မှာ မနော အာရုံက အဲဒီရေနဲ့ ရေထဲက မိမိခန္ဓာကိုယ်ကို အခြားနေရာဆီ ပို့လွှတ်ထားရတယ်။ ရေရဲ့ အအေးဒဏ်ကို မေ့ပျောက်ပစ်ရမယ်။ အအေးဓာတ်ကို လျစ်လျူရှုပစ်ရမယ်။

မီးလှုံရမယ်တဲ့။ ဒါလည်း ဆောင်ပုဒ်ပဲ။ ပူပြင်းတဲ့ မီးတောက်မီးလျှံတွေ ကြားထဲမှာ ဖြတ်သန်းရတယ်။ မီးရဲ့အပူကို ခန္ဓာကိုယ်က ထိတွေ့နေပေမယ့် မနောအာရုံက ဒီမီးအပူကို လျစ်လျူရှုနိုင်အောင် ကြိုးစားရမယ်။

ပြီးတော့ အကြိမ်အရာ အထောင် အသောင်း၊ မနားတမ်း တရစပ် တစ်ဆက်တည်း သစ်တုံးကြီးတွေကို ခုန်ကျော်ရတယ်။ ခန္ဓာကိုယ်ကို အနားမပေးရဘူး။ ချွေးသီးချွေးပေါက်တွေက မိုးရေလို ဖြိုင်ဖြိုင်ကျနေတယ်။ မောဟိုက်လွန်းတဲ့အတွက် အသည်းနှလုံးဟာ ခံတွင်းကနေ ခုန်ထွက်လွင့်စင်သွားတော့မလား ထင်ရတယ်။ အဲဒီလောက် မောဟိုက်နေတဲ့ကြားထဲကနေပြီး မနောအာရုံဟာ လန်းဆန်းနေရအောင် ကျင့်ကြံရတယ်။

ပြီးတော့ ရွှေစေ့ပေါင်းများစွာကို အစုအပုံလိုက်ထား၊ တစ်စေ့ချင်း တစ်စေ့ချင်းယူပြီး နေရာရွှေ့ပြီးပုံ။ မူလအပုံမှာ ရွှေစေ့အားလုံး ကုန်သွားသည်အထိ အရေအတွက်ကို အတိအကျမှတ်ထား။ အပုံသစ်ကနေ တစ်ခါ နောက်တစ်ပုံ အသစ်ထပ်ပြီး တစ်စေ့ချင်းရေတွက်ပြီး ထပ်ပုံ။ ရရှိလာတဲ့ အရေအတွက်ဟာ မူလအတိုင်းထပ်တူ မညီရင်တော့ ကြီးလေးတဲ့ အပြစ်ဒဏ်ခံရတယ်။ ဒီကျင့်စဉ်ဟာ ရွှေစေ့ကို နေရာရွှေ့ပြီး





ရေတွက်စုပုံတာဆိုပြီး ပေါ့ပေါ့တန်တန်လုပ်လို့ဖြင့်မရပေဘူး။

ထောင်သောင်းချီတဲ့ ရွှေစေ့တွေ တစ်စေ့ချင်းအပေါ်မှာ အာရုံကို စူးစိုက်ပြီး ရေတွက်နေရတာဟာ ကြာလေ ပင်ပန်းလေ၊ အာရုံတင်းကျပ်ကိုက်ခဲလေလေ ကျင့်စဉ်ပဲ။

စတဲ့··စတဲ့··ဒီလို ကျင့်စဉ်တွေရဲ့ အချုပ်ကတော့ ခန္ဓာကိုယ်ကို များများနှိပ်စက်ပေးလေ ဝိညာဉ်ဟာ ဖွံ့ဖြိုးလာလေလေဆိုတဲ့ အချက်ပဲ။ အရည်းဆရာတို့ရဲ့ ကျင့်စဉ်တိုင်းဟာ ဝိညာဉ်ဖွံ့ဖြိုးမှုနဲ့မြတ်ရေးကို ဦးတည်တယ်။ ဒီနေရာမှာ ယုတ်ညံ့တဲ့ ခန္ဓာကိုယ်နဲ့ ထွေပြားတိမ်မူးတတ်တဲ့ စိတ်အာရုံတို့ကို မညှာမတာ ထိန်းချုပ်မောင်းနှင်တဲ့ နည်းလမ်းမျိုးစုံ အသုံးချရတယ်။

အဲဒီလို ထူးဆန်းနက်နဲတဲ့ ကျင့်စဉ်တွေအပြင် ဆေးဝါးအတတ်၊ အင်းအိုင်လက်ဖွဲ့၊ ဂါထာမန္တန်အတတ်တွေကိုလည်း မနေမနား ဆည်းပူးကြရတယ်။

သမထီးကျောင်းတော်ဟာ အနီးအနားဒေသတစ်ဝိုက်မှာသာမက အရိမဒ္ဒနာပူရတစ်ဝန်းလုံးအထိ ဂုဏ်သတင်း မွှေးကြိုင်ခဲ့တယ်။ ပြည်သားပြည်သူတို့ရဲ့အကျိုးကိုလည်း ဆောင်ရွက်ပေးကြတယ်။ ဆေးဝါးကုသပေးတယ်။ မကောင်းဆိုးဝါးတွေ မကပ်နိုင်အောင် ဂါထာမန္တန်အစီအရင် လုပ်ပေးတယ်။ ဆုတောင်းပူဇော်ပွဲတွေ၊ ယစ် ပွဲတွေ ကျင်းပပေးတယ်။ လူငယ်လူရွယ်တွေကို လက်ရုံးရည်ထက်မြက်အောင် လေ့ကျင့်သင်ကြားပေးတယ်။

ဒီလိုကျောင်းတော်ကြီးမှာ၊ ဂိုဏ်းကြီးမှာ အပြင်းအထန်ကြိုးစားခဲ့တဲ့ ကျုပ်ဟာ အရည်းဆရာငယ်တစ်ယောက်အဖြစ် အရာအဆင့် တိုးတက်လာခဲ့တယ်။

သမထီးအရည်းဆရာငယ်ဘဝကို ကျုပ် ကျေနပ်မဆုံးရှိခဲ့ရတယ်။

ဒါပေမဲ့···

❖❖❖

သြဇာတိက္ကမ တဖြည်းဖြည်းကြီးမားလာတဲ့၊ အများလူထုရဲ့ ယုံကြည်ကိုးစားမှုကို တစ်စတစ်စ ရရှိခံယူလာခဲ့တဲ့ သမထီးကျောင်းတော်ကြီးမှာ··

'ပန်းဦးလွှတ်ပွဲ' ဆိုတဲ့ ဓလေ့တစ်ခု ဝင်ရောက်လာတယ်။

အဲဒီအချိန်ကစပြီး သမထီးကျောင်းတော်ကြီးရဲ့ မွှေးကြိုင်လာတဲ့ ဂုဏ်သတင်းထဲမှာ အပုပ်နံ့တစ်ခု ထောင်းခနဲ ရောစွက်လာတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းအုပ်တွေ၊ ဂိုဏ်းထောက်တွေ၊ ဆရာငယ်တွေ၊ ဂိုဏ်းသားတပည့်တွေ တဖြည်းဖြည်း များပြားလာပြီး အများက ကြည်ညိုကိုးကွယ်လာကြတဲ့အချိန်မှာ သမထီးရဲ့ ဂိုဏ်းဆရာကြီးတွေဟာ တန်ခိုးဩဇာမှာ ယစ်မူးလာကြတော့တယ်။ ဝိညာဉ်သန့်ရှင်းမှုအတွက် နည်းလမ်းအသစ်တွေ၊ ကျင့်စဉ်အသစ်တွေကို တီထွင်လာကြတယ်။

ဒီနည်းလမ်းကျင့်စဉ်အသစ်တွေထဲမှာ ပန်းဦးလွှတ်ပွဲဟာ အကျော်ကြားဆုံး ဖြစ်လာတယ်။ ဂိုဏ်းဆရာကြီးတွေက ကြွေးကြော်လိုက်တယ်။

အိမ်ရာထောင်ခြင်းသည် စင်စစ် ယုတ်ညံ့သောအမှု ဖြစ်သည်။ သို့သော် လူသားတို့ သဘာဝအရ ဤအမှုကို မလွှဲမသွေပြုရတော့မည်။ အိမ်ရာထောင်ခြင်း၏ ပျော်ရွှင်ဖွယ် အတုအယောင်များနှင့်အတူ ယုတ်ညံ့သောအမှုကို ကျူးလွန်ခြင်းကြောင့် ကြီးစွာသော အပြစ်ဖြစ်ပြီး ဝိညာဉ်၏ သန့်ရှင်းစင်ကြယ်မှုကို အဟန့်အတားဖြစ်စေ ခဲ့ပြီး ထိုအဟန့်အတားကို ဖယ်ရှားပစ်ရန် လိုအပ်၏။

ဖယ်ရှားရန်မှာ နည်းတစ်နည်းသာ ရှိ၏။ ထိုနည်းကား ခန္ဓာကိုယ်ကို အကြိမ်ကြိမ်အဖန်ဖန် အမျိုးမျိုးသော ကျင့်စဉ်များဖြင့် နှိပ်စက်ညှဉ်းပန်းထားပြီးသော (ဝါ) ခန္ဓာကိုယ်ကြောင့် အပြစ်ဒဏ်မရနိုင်တော့သော အရှင်ဆုံးသခင်ကြီးများက ထိုယုတ်ညံ့ သောအမှုကို ဦးစွာ ဖယ်ရှားပစ်ရမည်။

အရှင်ဆုံးသခင်ကြီးတို့က ဦးစွာဖယ်ရှားပစ်ပြီးမှသာလျှင် လူတို့သည် အပြစ်ဒဏ် မခံရတော့ဘဲ ဝိညာဉ်သန့်ရှင်းမှုကို ရှေးရှုနိုင်သည်။

အရှင်ဆုံးသခင်ကြီးများက ဖယ်ရှားခြင်းမပြုဘဲ မိမိတို့ဘာသာ အိမ်ရာထောင် ကြပါက ထိုသူတို့သည် ဘေးအန္တရာယ်အမျိုးမျိုး၊ ကျိန်စာအမျိုးမျိုး ကျရောက်ထား ပျက်စီးခြင်းမက ပျက်စီးကြရတော့မည်။

အရာရာမှာ လွှမ်းမိုးထိုးဖောက်နေတဲ့ သမထီးဂိုဏ်းကြီးရဲ့ ဒီကြွေးကြော်သံရဲ့ ဒီပန်းဦးလွှတ်ပွဲဓလေ့ဟာ ရိုးသားပြီး ကြောက်လန့်တတ်တဲ့လူတွေကြားထဲမှာ ထိုး ဖောက်ရိုက်ခတ်သွားတယ်။ သူတို့ ဒါကို မငြင်းဆန်ရဲကြဘူး။

ဒီလိုနဲ့ပဲ ပန်းဦးလွှတ်ပွဲဆိုတဲ့ ခါးသီးတဲ့ ဓလေ့ဆိုးကြီးဖြစ်ပေါ်လာတယ်။

သူတို့ ဘယ်လိုပဲပြောကြပြောကြ ဝိညာဉ်သန့်ရှင်းမှုဆိုတဲ့ စကားကို ဘယ်လို အကြောင်းပြ၊အကြောင်းပြ ဒီဓလေ့ဆိုးကြီးရဲ့ နောက်ကွယ်မှာရှိနေတဲ့ သူတို့တဏှာ





တွေရဲ့ ရက်စက်ရိုင်းပျဖောက်ပြန်မှုနဲ့ ကာယကံရှင်တို့ရဲ့ ကွဲကြေသွားရတဲ့ နှလုံးသား တွေ၊ မျက်ရည်စက်တွေကို ကျုပ် အတိုင်းသားမြင်လိုက်တယ်။

သမထီးဂိုဏ်းကြီးဟာ ဖောက်ပြန် ပျက်စီးခဲ့ပြီလို့ ကျုပ် သဘောပေါက် လိုက်တယ်။

ဒါကြောင့် သမထီးကျောင်းတော်မှာ ကျုပ်တစ်ဦးတည်းပဲ ရှိနေစေ။ အားလုံးဟာ ကျုပ်ရဲ့ ဆန့်ကျင်ဘက်မှာပဲ ရှိနေစေ။

ကျုပ်တော့ တိုက်ခိုက်ရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

၅။

ဒေါ်သအမျက်နဲ့အတူ အတိတ်ဆီကို ဝဲပျံသွားတဲ့ အတွေးတွေကြောင့် အသိတရားဟာ ခေတ္တပျောက်ဆုံးသွားခဲ့ရတယ်။ သတိနဲ့ ကိုယ် ပြန်ကပ်တဲ့အခါမှာ ကျုပ်ဟာ သမထီးကျောင်းတော် ပရိဝုဏ်ရဲ့ အရှေ့မြောက်ထောင့်တစ်နေရာဆီ ရောက်နေတယ်။

မလှမ်းမကမ်းမှာ ရှိနေတာက ကြက်သွေးရောင် အမိုး၊ အဖြူရောင်နံရံနဲ့ ရောင်စုံပုတီးစေ့တွေကို ဆင်ဝင်အောက်မှာ အစီအရီဆွဲချိတ်ထားတဲ့ 'ကညာဆောင်'။

ကျုပ်ရင်ထဲမှာ စစ်ခနဲ နာကျင်သွားတယ်။

အဲဒီ ကညာဆောင်ထဲမှာ ကံမကောင်း အကြောင်းမလှရှာတဲ့ ပန်းဦးလွှတ်ခံရသူ မြင်းကပါရွာက မိန်းမပျိုလေး ရှိနေတယ်။

ကျုပ် ခြေလှမ်းတွေ ကညာဆောင်ဆီကို ရွေ့လျားသွားကြတယ်။

❖❖❖





ဝင်းအဝမှာစောင့်နေတဲ့ အရည်းဂိုဏ်းသားနှစ်ယောက်က ကျုပ်ရဲ့တပည့်တွေ ဒါပေမဲ့ သမထီးကျောင်းတော်ကြီးရဲ့ ထိပ်ဆုံးအရည်းတွေဖြစ်တဲ့ ရှင်ကြီးဂေါဝိန္ဒ၊ ဆိန္ဒက၊ ရှင်ကြီးရက္ခိန္ဒနဲ့ ရှင်ကြီးဒိဗ္ဗတို့ လေးယောက်ကလွဲပြီး ဒီကညာဆောင်အတွင်းကို အမိန့်တစ်စုံတစ်ရာမရဘဲ ဝင်ခွင့်မရှိဘူး။

ကျုပ် ဝင်းတံခါးဝမှာ ရပ်လိုက်တယ်။

'ဆရာမဓုရ၊ ဘာကိစ္စရှိလို့ပါလဲ'

'ကညာဆောင်ထဲက မိန်းမပျိုဟာ ငါတို့ကို ခုခံမယ့်ဆေးဝါးအစီအရင်တွေကို လျှို့ဝှက်ယူလာတယ်လို့ သိရတယ်။ ဒါကို ဖယ်ရှားပစ်ဖို့အတွက် ရှင်ကြီးဂေါဝိန္ဒက ငါ့ကို တာဝန်ပေးလိုက်လို့လာတာပဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ တာဝန်ပေးမှု အထိမ်းအမှတ် ပါပါသလား ဆရာမဓုရ'

'သူတို့ သေသောက်ဆုတောင်းပွဲ လုပ်နေကြတယ်။ ဘာအထိမ်းအမှတ်မှ ငါ မယူလာဘူး။ ငါကိုယ်တိုင် ရောက်လာခြင်းထက် ပိုပြီးတိကျတဲ့ အထိမ်းအမှတ် ရှိသေးသလား'

အရည်းဆရာဆိုတဲ့ အရှိန်အဝါနဲ့ တပည့်နှစ်ယောက်ကို ကျုပ် လေသံပြင်းပြင်း ငေါက်ငမ်းလိုက်ပြီး သူတို့မျက်နှာတွေကို စူးစိုက်ကြည့်ပစ်လိုက်တယ်။

သမထီးကျောင်းတော်မှာ အရည်းဆရာတွေဟာ ဂိုဏ်းသားတပည့်တွေနဲ့ တိုက်ရိုက် အထိတွေ့ အဆက်ဆံရဆုံး ဖြစ်တယ်။ ပြီးတော့ တပည့်ဟာ ဆရာကို အကြောက်ကြီး ကြောက်ရတဲ့ထုံးစံလည်း ရှိနေတယ်။

'ဘာလုပ်နေတာလဲ။ ကညာဆောင်တံခါးကို မဖွင့်သေးဘူးလား။ ရှင်ကြီးဂေါဝိန္ဒဆီကို ငါကပြန်သွားပြီး ဂိုဏ်းချုပ်ကြီးအမိန့်နဲ့ ကျုပ်သွားတာကို တံခါးစောင့်တွေက ဖွင့်မပေးပါဘူးလို့ ပြန်တိုင်နေရဦးမှာလား'

'အို..ဒီလိုမဟုတ်ပါဘူး ဆရာမဓုရ၊ စိတ်မဆိုးပါနဲ့။ ကျွန်တော်တို့က ထုံးစံ'

'စကားကြော ရှည်မနေနဲ့'

ဝင်းတံခါးရှေ့က သူတို့ ဖယ်ကြတယ်။ တစ်ယောက်က ကညာဆောင်တံခါးအထိ လိုက်လာပြီး သပ်လျှိုထားတဲ့ မင်းတုပ်နဲ့ လျှို့ဝှက်အံကို ဖွင့်ပေးတယ်။

'ကျွန်တော် ဒီမှာပဲ စောင့်နေရမလား ဆရာ မဓုရ'

'မင့်နေရာ မင်းပြန်ပြီး တာဝန်ထမ်းဆောင်ချေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဆရာ မခုရ'

အစောင့်တပည့် ပြန်အသွားမှာ အဆောင်တံခါးကို ကျုပ်ပိတ်တယ်။

အပြာနုရောင် ကန့်လန့်ကာကြီးကို ဖယ်လိုက်တယ်။

ထိတ်လန့်ချောက်ချားနေတဲ့ အလှကို တွေ့လိုက်ရတော့တယ်။

'နေပါ...နေပါ...မင့်နေရာ မင်းထိုင်နေပါ မိန်းကလေး'

ကျုပ်ကိုအမြင်မှာ လန့်ပြီးထွက်ပြေးဟန်ပြင်နေတဲ့ မိန်းကလေးကို ကျုပ် အတတ်နိုင်ဆုံးလေသံ နူးညံ့အောင် ကြိုးစားပြီး ပြောလိုက်တယ်။ ဒါပေမဲ့ သမထီး အရည်းဆရာတစ်ယောက်ဖြစ်တဲ့ ကျုပ်ရဲ့အသွင်ဟာ သူ့ထိတ်လန့်မှုကို ပိုပြီး ကြီးစေ စေမှာပါပဲ။ နက်ပြာရောင်သင်တိုင်းနဲ့ မုတ်ဆိတ်ကျင်စွယ်နဲ့ နဖူးပေါ်၊ လည်ကုပ် ပေါ်ဝဲကျနေတဲ့ ဆံပင်တွေနဲ့ ကျုပ်ရဲ့အသွင်။

ရောက်နေရာမှာပဲ ကျုပ် အစွဲအမြဲ ရပ်နေပေမယ့် မိန်းကလေးကတော့ နောက်ကို တရွေ့ရွေ့ ဆုတ်သွားတယ်။ နံရံနဲ့ကျောပြင် ကပ်မိတဲ့အခါမှာ ပြူးကျယ် တဲ့ မျက်လုံးအစုံနဲ့ ကျုပ်ကိုကြည့်နေတယ်။

ကျားသစ်တို့ရဲ့ အန္တရာယ်ကြားမှာ ရောက်နေတဲ့သမင်မလေး တစ်ကောင်ကို ကျုပ်တွေ့လိုက်ရတယ်။ ထိတ်လန့်ချောက်ချားခြင်းအောက်မှာပဲ သူ့အလှဟာ ထင်ရှား ပေါ်လွင်နေတယ်။ ကြောက်ရွံ့ခြင်းကြောင့် အလှဟာ တစ်မျိုးတစ်ဖုံထူးခြားနေတယ်။ ရန်သူနဲ့ ရင်ဆိုင်ရတဲ့ ဖြူကောင်လေးတစ်ကောင်ဟာ သူ့ရဲ့ ဆူးတောင်တွေကို ဖွားရလျှား ဖွင့်ထောင်လိုက်သလိုပဲ။

အကြောက်တရားကြောင့် သူ့မျက်လုံးဝိုင်း၊ မျက်အိမ်နက်၊ မျက်ဝန်းလုံးကြီး တွေဟာ အရောင်တဖျပ်ဖျပ် တောက်ပလာကြတယ်။ နှုတ်ခမ်းမြွှာအစုံဟာ အငုံဘဝ ကို စွန့်လွှတ်စ ပန်းကလေးတစ်ပွင့်လို ပွင့်အာနေတယ်။ ပါးပြင်ဟာ ဖြူရော်ရော် တော့မသွားဘဲ နှင်းဆီရောင် ဖြတ်ပြေးနေတယ်။ အန္တရာယ်ကြောင့် စွင့်ထွက်လာ တဲ့ လည်တိုင်ကြောဟာ ကနုတ်ပန်းတစ်ခုဖြစ်နေတယ်။ နိမ့်မြင့်ရင်အုံနဲ့ ဝန်းဝိုင်း ပခုံးတို့ဟာ ညနေချိန် အိပ်တန်းကိုပျံတဲ့ ဗျိုင်းတစ်ကောင်ရဲ့ အတောင်ပံလို လှုပ်ရှား နေတယ်။ မဆိုစလောက် ကျုံ့ဝင်သွားတဲ့ မျက်ခုံးနှစ်ဘက်ဟာ ညှို့လိုဆွဲလိုက်လို့ ကွေးညွှတ်သွားတဲ့ လေးကိုင်းနဲ့တူတယ်။

အို...မင်း ဘာဖြစ်သွားတာလဲ မခုရ။





အသံတစ်သံက ကျုပ်ကိုယ်ထဲ တစ်နေရာကနေ ပေါ်လာတယ်။

အဖြေစကားထွက်မလာခင်မှာပဲ ကျုပ်ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။

'မိန်းကလေး မကြောက်ပါနဲ့။ ကျုပ် မင်းကို အန္တရာယ်မပြုပါဘူး'

နံရံထဲကို နစ်ဝင်တော့မတတ် သွားဖိကပ်ရှာပြန်တယ်။

'မင်းကို ကူညီရအောင် လာခဲ့တာပါ။ မိန်းကလေး ကျုပ်ကိုယုံပါ။ ကျုပ် မင်းရန်သူ မဟုတ်ပါဘူး။ ကျုပ်တို့ စကားပြောကြရအောင်

ဘေးဘက်ကို သူရွှေ့လျားသွားပြန်တယ်။ အသက်ဝင်နေတဲ့ ကျောက်ဆစ် ရုပ်ကို ကျုပ်တွေ့နေရတယ်။

'မင်းရဲ့လွတ်မြောက်ရေးအတွက် ကျုပ်လာခဲ့တာပါ။ ကျုပ်ကို မကြောက်ပါနဲ့'

အနူးညံ့ဆုံးဖြစ်အောင် ကျုပ် ကြိုးစားပြောလိုက်တယ်။

'ရှင်...ရှင်...ဒီသမထီးက အရည်းတစ်ယောက်ပဲ မဟုတ်လား'

'ဟုတ်ပါတယ် မိန်းကလေး'

ဒီစကားကို ဖြေလိုက်ရတာ ကျုပ်ရင်ထဲမှာ နာကျင်နေတယ်။

'ရှင် ကျွန်မအနားကို ကပ်မလာနဲ့နော်'

အရည်းတစ်ယောက်အပေါ်မှာ ပန်းဦးလွှတ်ခံ မိန်းမပျိုတစ်ယောက်ဟာ ဘယ်လိုမှ ယုံကြည်စိတ်ချနိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သေချာသွားတယ်။ ဒါ ကြောင့် သူစိတ်ချနိုင်အောင် ကျုပ် လှုပ်လှုပ်ရှားရှားမနေတော့ဘဲ ထိုင်ခုံတစ်ခုပေါ် ဝင်ထိုင်လိုက်တယ်။

'ကျုပ်ဟာ အရည်းတစ်ယောက်ပါ။ ဒါပေမဲ့ ပန်းဦးလွှတ်ပွဲကို ဆန့်ကျင်တဲ့ အရည်းပါ။ အို...ဒီသမထီးကျောင်းတော်ကြီးတစ်ခုလုံးကို မကျေမနပ်ဖြစ်နေတဲ့ အရည်းလို့ပဲ ဆိုပါတော့။ အခု မင်းကို ကျုပ်ကယ်ဖို့ လာတာပါ။ မင်းလွတ်မြောက် ရေးအတွက် ကျုပ် ကြိုးစားပေးမယ်။ ကျုပ်ကို အခုနေအခါမှာ မင်းရဲ့မိတ်ဆွေအဖြစ် သဘောထားပါ'

'အရည်းတစ်ယောက်ကို ကျွန်မက ယုံကြည်ရမတဲ့လား။ မိတ်ဆွေလို့ သဘောထားရမတဲ့လား'

သူ စကားပြောဖော်ရလာတဲ့အတွက် ကျုပ် အားတက်သွားမိတယ်။

'ယုံကြည်ပါ မိန်းကလေး'



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေဟာ မနောရဲ့ ပြတင်းပေါက်တွေဖြစ်တယ်ဆိုတဲ့ စကားဟာ မှန်သောစကား ဖြစ်လိမ့်မယ်။ သူဟာ ကျုပ်ကို စေ့စေ့စပ်စပ်ကြည့်ပြီး အေးဆေးတည်ငြိမ်တဲ့ အမူအရာကို ပြောင်းသွားတယ်။ ကျုပ် မျက်နှာဟာ ကျုပ်ရဲ့အတွင်းစိတ်ကို အထင်အရှား ဖော်ပြလိုက်တာ ဖြစ်ပါလိမ့်မယ်။

ထိတ်လန့်တဲ့ အမူအရာတွေ ပျောက်ကွယ်သွားတဲ့နောက်မှာ သူဟာ နေရာမှာပဲ ကျုံ့ကျုံ့ပုံ့ပုံ့ထိုင်ချလိုက်ပြီး ငိုကြွေးတော့တယ်။ မိုးသက်လေပြင်းအောက်က ပန်းကလေးတစ်ပွင့်ကို ကျုပ် တွေ့လိုက်ရပြန်ပြီ။

သူ အငိုတိတ်သည်အထိ ကျုပ် စောင့်နေလိုက်တယ်။

ခဏကြာတော့မှ မျက်ရည်အရွှဲရွှဲအစိုစိုနဲ့ သူ့မျက်နှာလေး မော့လာပြီး…

'အမောင်နဲ့ အိုပန်းဖြူတို့ နက်ဖြန်ဆို လက်ထပ်တော့မှာ။ အဲဒါကို သူတို့က ဒီလာရမယ်ဆိုပြီး အိုပန်းဖြူကို ဖွတ်အတင်း…'

သူ့နာမည် အိုပန်းဖြူလို့ သိလိုက်ရတယ်။ သူ့အလှအတွက် ထိုက်တန်တဲ့ ဒီအမည်လေးကို ကျုပ် ဂုဏ်ပြုလိုက်မိတယ်။

'ကျုပ် အားလုံးသိပြီးပြီ မိန်းကလေး။ မင်းရဲ့ မြင်းကပါရွာကို ကျုပ် အရောက်လိုက်ပို့ပေးပါမယ်။ ပန်းဦးလွှတ်ပွဲကနေ လွှတ်မြောက်အောင် ကျုပ် လုပ်ပေးမယ်။ ညနေကျရင် သေသောက်ပွဲနဲ့ ဆုတောင်းရွတ်ဖတ်ပွဲမှာ မင်းဟာ ကခုန်ရဦးမယ် မဟုတ်လား။ အဲဒီ ကပွဲအပြီးမှာ ကျုပ်တို့ ထွက်ပြေးကြမယ်။ ဟောဒီ ဓားမြှောင်ကို မင်းယူထားပါ။ မင်းရဲ့ ကိုယ်ကျုပ်တစ်နေရာမှာ တိတ်တဆိတ်ဝှက်ပြီးယူခဲ့။ မင်း ကခုန်နေဆဲမှာ ဓားမြှောင်ကိုထုတ်ပြီး ကျုပ်ရှေ့ကိုပစ်လိုက်၊ ကျုပ်လည်း အဲဒီပွဲသဘင်မှာ ရှိနေမယ်။ ကျုပ်ရှေ့ကို ဓားစိုက်လာတဲ့အခါ ရုတ်ရုတ်သဲသဲ ဖြစ်သွားအောင် ကျုပ်လုပ်လိုက်မယ်။ နောက်ပိုင်း အစီအစဉ်ကတော့ ကျုပ် ခိုင်းတာကိုသာ မင်းလုပ်ပေတော့'

'ရှင် တကယ်ပြောတာလားဟင်'

'မေးမနေပါနဲ့ အိုပန်းဖြူ၊ ရော့…ဓားမြှောင်ယူလိုက်ပါ'

ဓားမြှောင်ကို လှမ်းယူရင်း သူ ကျုပ်ကို တအံ့တဩ ကြည့်တယ်။ ဘာကြောင့်မှန်းမသိဘူး။ သူ့မျက်လုံးတွေကို ကျုပ်ရှောင်လိုက်မိတယ်။ ပြီးတော့ သူ့ရှေ့က ထွက်ခွာဖို့ ကျုပ်ကျောခိုင်းလိုက်တယ်။





'အို…ခဏလေး'

ကျုပ် ရပ်နေလိုက်တယ်။ သူ့ကို ကျောပေးလျက်သား။

'ရှင့်…ရှင့်နာမည်က'

'မစုရ'

'ရှင်ဘာကြောင့် အိုပန်းဖြူကို ကယ်တာလဲဟင်။ အရည်းတစ်ယောက်အနေနဲ့ ဒီလိုလုပ်တာဟာ ရှင့်အသက်ကိုရှင် သေကြောင်းကြံတာပဲ မဟုတ်လား'

ဖြေစရာစကား ကျုပ်မှာ မရှိဘူး။

ကညာဆောင်ထဲက ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

၆။

သမထီး ကျောင်းတော်ရဲ့ ဗဟိုကပွဲဆောင်ထဲမှာ အရည်းရှင်ကြီးတွေအားလုံး စုံညီရောက်ရှိနေကြပြီ။ သေသောက်ပွဲကြီးလည်း ကျင်းပနေပြီ။ ဂိုဏ်းချုပ်ရှင်ကြီး ဂေါဝိန္ဒရဲ့ တဟားဟားရယ်သံကြီးဟာ သေရည်ငှဲ့သံ၊ သေတကောင်း သေခွက်ထိ ခတ်သံတွေအပေါ်မှာ တစ်ချက်,တစ်ချက် ထိုးဖောက်လာတယ်။

အရည်းဆရာငယ်တွေအတွက် သတ်မှတ်ထားတဲ့နေရာမှာ ကျုပ်ဝင်ထိုင် တယ်။ ကျုပ်ရှေ့ကို သေတကောင်း သေခွက်နဲ့ အမဲဟင်းလျာတွေရောက်လာတယ်။ သေခွက်ကို ကောက်ကိုင်ပြီး နှုတ်ခမ်းမှာတေ့တယ်။ ဒါပေမဲ့ သေတစ်စက်မှ လည် ချောင်းထဲ အရောက်မခံဘူး။

ဒီအချိန်ကစပြီး သမထီးကျောင်းတော်ကြီးနဲ့ ကျုပ်ဟာ မြစ်တစ်စင်းရဲ့ ဘက်သည်ဘက် ကမ်းနှစ်ခုလို ဖြစ်သွားပြီလို့ ကျုပ် ခံစားနေရတယ်။

ကျုပ် တုန့်လှုပ်နေတာကတော့ အမှန်ပဲ။ အားလုံးကို ကျုပ်တိုက်ခိုက်ရတော့ မယ်။ သမထီးဂိုဏ်းကြီးကို ကျုပ် ဆန့်ကျင်ရတော့မယ်။ ဆင်စီး မြင်းစီး အဲဒေါင်း မားရေး၊ လုံ့ရေး အစစကျွမ်းကျင်တဲ့ အရည်းရှင်ကြီးတွေကို ကျုပ်တစ်ယောက် တည်းက ဆန့်ကျင်ရမယ့် ကိစ္စ။ ဒီပွဲမှာ ကျုပ်ဟာ မှုန့်မှုန့်ညက်ညက် ဖြစ်သွားနိုင် တယ်။





ဒါပေမဲ့ ဗဟိုခန်းမဆောင်ရဲ့ နောက်ဘက်တစ်နေရာရာမှာ လျှို့ဝှက်ထားတဲ့ မြင်းတစ်စီး၊ ပြီးတော့ သမထီးပရိဝုဏ်ကြီးအတွင်းမှာရှိတဲ့ အဆောက်အအုံတွေရဲ့ နံရံ၊ လှေကားခုံ၊ တံခါးခုံ အောက်တွေမှာ နေ့လယ်ကတည်းက စီမံထားတဲ့ ခေါင်ဝံဆီသုတ်ထားတဲ့ အဝတ်စတွေ၊ ပြီးတော့ ကျောင်းတော်ကြီးတံခါးမုခ်ကိုစောင့်တဲ့ အစောင့်တွေရဲ့ သေရည်အိုးထဲမှာ ခတ်ထားတဲ့ ဆေးရည်။ ဒီအစီအမံတွေကြောင့် အားတက်မျှော်လင့်မိတယ်။

ခွက်ခွင်းသံ၊ နရည်းသံ၊ ဗုံသံ၊ ထိုးမောင်းသံတွေဟာ ခန်းမဆောင်ထဲမှာ ဆူညံနေတယ်။ သင်တိုင်းနက်ပြာနဲ့ မုတ်ဆိတ်ပါးမြိုင်းရှည်နဲ့ အရည်းရှင်ကြီးတွေဟာ လွှတ်လွှတ်လပ်လပ်ကြီး သောက်စားရယ်မောနေကြတယ်။ သောက်ကြ,စားကြ ပျော်ကြပါးကြစမ်း။ ဒါဟာ မင်းတို့အတွက် နောက်ဆုံး အောင်သေသောက်ပွဲသဘင် ဖြစ်စေရမယ်။

စင်မြင့်ထက်ဆီက ရှင်ကြီးဂေါဝိန္ဒ၊ ရှင်ကြီးဆိန္ဒက၊ ရှင်ကြီးရက္ခိန္ဒနဲ့ ရှင်ကြီး ဒီဇွတို့ကို ကျုပ် လှမ်းကြည့်လိုက်တယ်။ သူတို့သေရည်အိုးထဲကို အိပ်ဆေးခတ်ဖို့ ခွင့်မသာခဲ့တဲ့အတွက် ကျုပ်အားမလို အားမရဖြစ်မိတယ်။ ဒါပေမဲ့ အလုံးအရင်းနဲ့ ဟိုတစ်နေရာ ဒီတစ်နေရာ ဖြိုင်ဖြိုင်ထတောက်လာကြမယ့် မီးတောက်မီးလျှံတွေနဲ့ပဲ ထိုးလောက်နိုင်ပါတယ်လို့ ကျုပ်ကို ကျုပ် အားပေးရတယ်။

'မဓုရ ငြိမ်ချက်သားကောင်းလှချည်လား'

မိတ်ဆွေ တိက္ခအသံကြားရတော့မှ ကျုပ် အတွေးထဲက နိုးထလာတော့ တယ်။

'မဓုရ…သင် သေရည်အတော်များများကို အချိန်တိုတိုအတွင်းမှာ သောက်ပစ် နိုင်သလား'

'ဘာဖြစ်လို့လဲ တိက္ခ'

'သင့်မျက်နှာ တစ်ပြင်လုံးနီရဲနေတယ်'

ကျုပ်တစ်ချက်ရယ်ပြီး သေခွက်ကို နှုတ်ခမ်းဆီ ကောက်တေ့လိုက်ရတယ်။

ဒီအချိန်မှာပဲ စောစောက ခွက်ခွင်းသံ၊ နရည်းသံ၊ ဗုံသံနဲ့ ထိုးမောင်းသံတွေ ဟာ တစ်ပြိုင်တည်းလိုလို စဲသွားတယ်။

'ကညာကို သူတို့ခေါ်လာကြတော့မယ်နဲ့ တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



တိက္ခစကားကို ကျုပ် မကြားချင်ယောင်ဆောင်လိုက်တယ်။ ရင်ထဲမှာတော့ တသိန်းသိန်း လှုပ်ခုန်နေပြီ။ အိုပန်းဖြူတစ်ယောက် ဓားမြှောင်ယူလာပါစေ။ မှာထားတဲ့ အတိုင်း အတိအကျ ဟုတ်နိုင်ပါစေ။ ငါ့ကို သူ ယုံကြည်စိတ်ချပါစေ။

ပဝါပါးကို ခေါင်းမြီးခြုံထားတဲ့ အိုပန်းဖြူဟာ ကျုပ်ရှေ့ ဖြတ်သွားတယ်။ မွှေးကြိုင်တဲ့ရနံ့တွေ ပျံ့သွားတယ်။ အလှပဆုံး အတောက်ပြောင်ဆုံး ဆင်ယင်ထားတဲ့ အိုပန်းဖြူကို တွေ့လိုက်ရတဲ့အခါမှာ ကျုပ်တို့ အကြံအစည် အောင်မြင်ရမယ်လို့ အားတက်သွားမိတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး။ ချက်ချင်းပဲ ကျုပ်ရင်ထဲမှာ အသက်ရှူကျပ်သလိုခံစားလိုက်ရတယ်။ ဘာကြောင့်ပါလိမ့် ကျုပ်မသိဘူး။

ခွက်ခွင်းသံ၊ ဗုံသံ၊ ချူသံတွေ ပေါ်လာတယ်။

စင်မြင့်ရှေ့ စက်ဝိုင်းကွက်လပ်ကို ကျုပ်လှမ်းကြည့်လိုက်တယ်။

အိုပန်းဖြူ ကခုန်နေပြီ။ ပန်းချီနှယ်တစ်ခု အသက်ဝင်နေပြီ။

စင်မြင့်ပေါ်က ရှင်ကြီးဂေါဝိန္ဒတို့ကို လှမ်းကြည့်လိုက်တယ်။ သမထီးဝိုင်း ချုပ်တွေ ဂိုဏ်းအုပ်တွေဟာ မွတ်သိပ်တဲ့ ဝံပုလွေမျက်လုံးတွေနဲ့ အိုပန်းဖြူကို မျက်တောင်မခတ် ငေးကြည့်နေကြတယ်။

ကျုပ်လက်မောင်း လက်ဖျံတွေထဲမှ တစစ်စစ်ဖြစ်လာသလိုပဲ။ ရိုင်းစိုင်းယုတ်ညံ့တဲ့ ဒီအရည်းရှင်ကြီးတွေရဲ့ အသွင်ကိုကြည့်ပြီး ကျုပ်သွေးတွေ ဆူဝေလာတာပဲ ဖြစ်မယ်။ မူလ အစီအစဉ်ကိုဖျက်ပြီး ချက်ချင်းပဲ ကျုပ်နေရာကထပြီး သူသေကိုယ်ကျေ တိုက်ခိုက်ပစ်လိုက်ချင်တယ်။ ကမ္ဘာလောကရဲ့ အညစ်အကြေးကို သမထီး ရှင်ကြီးတွေရဲ့သွေးနဲ့ ဆေးကြောပစ်မှသာ သန့်စင်နိုင်တော့မယ်။

ဒါပေမဲ့ အံသွားတို့ ကျိုးကြေမတတ် အံကိုသာ ကြိတ်ပြီး နေလိုက်ရတယ်။

ခွက်ခွင်းသံ၊ ဗုံသံ၊ ချူသံဟာ အကျယ်လောင်ဆုံး၊ အဆူညံဆုံး ဖြစ်လာပြီ။

သေယစ်ကြပြီဖြစ်တဲ့ အရည်းတွေရဲ့ အော်သံကလည်း သောသောညံလာပြီ။

စင်မြင့်ပေါ်က ရှင်ကြီးဂေါဝိန္ဒဟာလည်း သေခွက်ကိုမြှောက်မြှောက်ပြီး အသံဝါကြီးနဲ့ ဟစ်အော်နေပြီ။ သားကောင်ရဲ့ကုပ်ကို ခဲထားရင်း ဝံပုလွေတစ်ကောင်ရဲ့ အွသံမျိုး။

မျက်တောင်မခတ်မိအောင် ကျုပ်သတိထားရတယ်။

အရေးကြီးဆုံးအချိန်ကို ရောက်လာပြီ။





အိုပန်းဖြူဟာ ချူတာပ်ထားတဲ့ ခြေအစုံကို ဆောင့်နင်းရင်း တစ်ကိုယ်လုံး တဲရိုပ်ရိုပ်နေအောင် လှည့်ပတ်ကခုန်နေတယ်။ ကခုန်မှုရဲ့ အမြင့်ဆုံးနဲ့ အမြန်ဆုံးအခဆင့်မှာ သူ့အကဟာ ဆုံးတော့မှာဖြစ်တယ်။ အဲဒီလို ပြီးဆုံးချိန်နဲ့အတူ ရှေ့တည့်တည့် နေရာကိုပဲ ကျုပ်စိုက်ကြည့်နေမိတယ်။

အိုပန်းဖြူအထမြောက် အောင်မြင်ပါစေ။

မျက်မှောက်မှာ ဝင်းခနဲ အရာတစ်ခု ပျံသန်းလာတယ်။ နောက်တော့…

ကျုပ်ရှေ့မှာ အရိုးတုန်ခါနေတဲ့ ဓားမြှောင်။

နေရာကနေ ဝုန်းခနဲ ထခုန်လိုက်တယ်။ ဓားမြှောင်ကို ဆွဲနုတ်လိုက်ပြီး–

'ဟောဒီမှာ…ဓားမြှောင်၊ မိစ္ဆာမက ငါ့ကိုဓားနဲ့လှမ်းပေါက်တယ်'

အော်ဟစ်ရင်းနဲ့ပဲ ကျုပ်စင်မြင့်ရှေ့ စက်ဝိုင်းကွက်လပ်ဆီအရပ်အနားမရှိ ပြေးဝင်သွားတယ်။ နောက်ပိုင်းမှာ ရုတ်ရုတ်သဲသဲဖြင့် ကျန်ရစ်တယ်။

အိုပန်းဖြူရှိရာကို ပြေးသွားပြီး သူ့ကို ပွေ့ယူလိုက်တယ်။

'ငါ့ကို လုပ်ကြံဖို့ကြိုးစားတာ သူ…သူ'

'မစုရ…မစုရ…မလုပ်နဲ့'

'ဟေး…အစောင့်တွေ ဘယ်ရောက်နေကြသလဲ'

သေတကောင်းသေခွက်တွေ လဲကျကွဲပြိုသံ၊ အရည်းဆရာငယ်တွေ အော်ဟစ်သံ၊ စင်မြင့်ပေါ်က ရှင်ကြီးဂေါဝိန္ဒတို့ရဲ့ အော်ဟစ်သံတွေနဲ့ အားလုံးဟာ ရှုပ်ထွေးဆူညံသွားတယ်။ ခွက်ခွင်းသည် အစုတွေလည်း ထွက်ပြေးကုန်ကြတယ်။

'အိုပန်းဖြူ…ဘာကိုမှ မကြည့်နဲ့။ လိုက်ခဲ့ပေတော့'

သူ့လက်ကိုဆွဲပြီး ခန်းမဆောင်ရဲ့ ဘေးဘက်တံခါးကနေ ထွက်လာခဲ့တယ်။ အားလုံး အတွန်းတွန်း အတိုက်တိုက်၊ အတိုးတိုး အဝှေ့ဝှေ့။

ကြိုတင်လျှို့ဝှက်ထားခဲ့တဲ့ မြင်းဆီအရောက် ပြေးသွားပြီး သူ့ကိုမြင်းပေါ်တင်၊ ကျုပ်လည်း မြင်းပေါ်ခုန်တက်၊ ပြီးတော့ ဇက်ဖွင့် ကဆုန်စိုင်း။ –

ဗဟိုခန်းမဆောင်ရဲ့ မြောက်ဘက်က ဆင်တင်းကုပ်၊ ပြီးတော့ အနောက်တောင်ထောင့်က မြင်းဇောင်း၊ ပြီးတော့ အရည်းဂိုဏ်းဆရာတို့ရဲ့အဆောင်၊ ဆရာငယ်တွေရဲ့အဆောင်၊ စားဖိုဆောင်၊ ကျင့်စဉ်လေ့ကျင့်တဲ့ခန်းမ။

မြင်းကို အဆက်မပြတ် ကဆုန်စိုင်းရင်း သမထီးပရိဝုဏ်အနံ့မှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခေါက်အအုံတွေဆီ လှည့်လိုက်တယ်။ ခဏအတွင်းမှာပဲ ဝက်ဝံဆီခွတ်ထားတဲ့ အဝတ်တွေကတစ်ဆင့် မီးတောက်မီးလျှံတွေ ဟုန်းဟုန်းထတောက်ကြတော့တယ်။ တစ်နေရာပြီး တစ်နေရာ ပေါ်လာတဲ့ မီးတောက်ကြီးတွေကြောင့် ပရိဂုဏ်တစ်ခုလုံး ရှုတ်ရုတ်သဲသဲနဲ့ ဟိုပြေးဒီပြေးဖြစ်နေချိန်မှာ…

ကျုပ်က အိုပန်းဖြူကို မြင်းပေါ်တင်ပြီး ဝင်းတံခါးမုခ်ဝဆီ။

သေရည်အိုးထဲ ခတ်ထားတဲ့ဆေးရည်ဟာ အစွမ်းပြနေပြီ။ တံခါးစောင့်တွေ အားလုံးဟာ ပန်းဦးလွှတ်ပွဲ အထိမ်းအမှတ်အဖြစ် သောဘာတကြီး သောက်ကြရာက အားလုံး တုံးလုံးပက်လက်ဖြစ်နေကြပြီ။

အတားအဆီး၊ အနှောင့်အယှက်မရှိဘဲ သမထီးပရိဂုဏ်ထဲကနေ ကျုပ်တို့ ထွက်လာခဲ့ကြတယ်။ နှစ်ပေါင်းများစွာကတည်းက ဩဇာကြီးမား တန်ခိုးထင်ရှား ခဲ့တဲ့ ကျောင်းတော်ကြီးကတော့ နောက်ဘက်မှာ မီးတဟုန်းဟုန်းနဲ့ ကျန်ရစ်ခဲ့ပြီ။ ဒီအထဲမှာ နှလုံးသွေးမျက်ရည်စက် များစွာတို့နဲ့ လိမ်းကျံတဲ့ ကညာဆောင်လည်း အပါအဝင်။

သမထီးကျောင်းတော်ကြီး အပြင်ကိုရောက်ရင်ပဲ ကျုပ်အသက်တစ်ဝရှူရှိုက် လိုက်တယ်။ ဘဝဟောင်းကို ကျုပ်မီးတင်ရှို့ခဲ့ပြီမို့ လွတ်လပ်ပေါ့ပါးနေတယ်။

မြင်းကို အရှေ့အရပ်ဆီ ဦးတည်လိုက်တယ်။

အိုပန်းဖြူကလေးကို ကယ်နိုင်ခဲ့ပြီမို့ ကျုပ်ဟာ…

'မခုရ၊ မိစ္ဆာကောင်…..မင်းထွက်ပြေးလို့ရမလား'

ခပ်လှမ်းလှမ်း မြေနီကျောက်တောင်ပူစာငယ်တစ်ခုပေါ်ကနေ လွှားခနဲ ခုန်ချလာတဲ့ သဏ္ဌာန်တစ်ခုဟာ ရှေ့ဘက်လမ်းကျဉ်းအလယ်ပေါ်မှာ တည့်တည့်မတ် မတ်ရပ်နေတယ်။

ရှင်ကြီးဂေါ်ဝိန္ဒ၊ သူ့လက်ထဲမှာ အဲမောင်းလှံရှည်ကြီးနဲ့။

❖❖❖

မြင်းနဲ့ အတင်းဖောက်ထွက်ဖို့ ကြိုးစားပေမယ့် မြင်းအကြောင်းကို ကျုပ်ထက်ပိုကျွမ်းတဲ့ ဂိုဏ်းချုပ်ကြီး ရှင်ကြီးဂေါ်ဝိန္ဒဟာ အဲမောင်းကို ဝှေ့ယမ်းရင်း မြင်းကို ဟန့်တားလိုက်နိုင်တယ်။

ကျုပ် ဘာလုပ်ရမလဲဆိုတာ ချက်ချင်းစဉ်းစား ဆုံးဖြတ်လိုက်တယ်။ နောက်





ကြောင်းကိုတော့ ပြန်မလှည့်တော့ဘူး။ ဒါဆိုရင်…

မြင်းပေါ်က ကျုပ် ခုန်ချလိုက်တယ်။ မြင်းတင်ပါးကို ပြင်းပြင်းရိုက်ပုတ်လိုက် တယ်။

'မြင်းကပါရှာကို အရောက်သွားတော့ အိုပန်းဖြူ'

'ရိုက်ပုတ်လိုက်တာကြောင့် မြင်းဟာလန့်ပြီး တောင်ပူစာဘေးဘက်ကနေ ထဆုန်စိုင်းသွားတော့တယ်။ အိုပန်းဖြူပါသွားတယ်။ ကျုပ်ကတော့ ရှင်ကြီးဂေါ်ဝိန္ဒ ကို ရင်ဆိုင်လိုက်ရတော့တယ်။ ကျုပ်လက်ထဲမှာ ဓားမြှောင်လေးတစ်ချောင်းပဲရှိ တယ်။ အရေးမဟုတ်တော့ဘူး။ အိုပန်းဖြူကို ကျုပ်ကယ်လိုက်ရပြီ။ ပန်းဦးလွှတ် ပွဲကို ဖျက်သိမ်းလိုက်ရပြီ။ ပြီးတော့ ဖောက်ပြားယုတ်ညံ့နေတဲ့ သမထီးကျောင်းတော် ကြီးကိုလည်း မီးရှို့ပစ်နိုင်ခဲ့ပြီ။

ကျုပ်ကိုယ်ကျုပ် သေလှလို့ အောက်မေ့လိုက်တယ်။

ရှင်ကြီးဂေါ်ဝိန္ဒကိုလည်း ကျုပ် ဘယ်လိုမှမနိုင်နိုင်ဘူး။ ဒါပေမဲ့ နောက်ဆုံး အချိန်အထိ သူ့ကို တိုက်ခိုက်သွားရလိမ့်မယ်။

'မခုရ…မိစ္ဆာကောင်'

ရှင်ကြီးဂေါ်ဝိန္ဒရဲ့ ပေါက်ကွဲမှုဟာ အထွတ်အထိပ်ရောက်နေတော့တယ်။ သူ့တစ်ကိုယ်လုံးက အငွေ့တွေထွက်နေတယ်။ သူ့သင်တိုင်းကို မီးစွဲလောင်ခဲ့သေး တယ်။ ပြူးကျယ်နီရဲတဲ့ မျက်လုံးကြီးတွေဟာ မျက်နှာပြင်ကနေ လွင့်ထွက်ပြီး ကျုပ်ကိုယ်ထဲကို ထိုးဖောက်တော့မယ့်အတိုင်း။

အဲမောင်းကို ဆပြီး သူ ရှေ့တိုးလာတယ်။ ကျုပ် အချိန်ကုန်မခံနိုင်ဘူး။ အားကုန်သုံးပြီး ဓားမြှောင်ကို သူ့ဆီ ပစ်စိုက်လိုက်တယ်။

ချွင်ခနဲအသံကြားရတယ်။ ကျုပ် ရှုံးပြီလို့ သိလိုက်တယ်။ ဓားမြှောင်ဟာ ထခုန်ကလျှား လွင့်စဉ်ပြီး မြေပေါ်ကျသွားတယ်။ ကျုပ်မှာ လက်နက်မဲ့ဗလာ။ သူ့မှာ အဲမောင်းနဲ့။ သူ့အဲမောင်းလှံသွားပေါ်မှာပဲ ကျုပ် စူးစိုက်တည့်မတ်ကြည့်နေရ တယ်။ ကျုပ်ရဲ့သွေးကို သောက်သုံးမယ့် သေမင်းရဲ့အစွယ်။

ရိပ်ခနဲ လှုပ်ရှားမှုကို တွေ့လိုက်ရတယ်။ ကျုပ် ခုန်ပြီးရှောင်တယ်။ ပခုံးနား မှာ ပူသွားတယ်။ ချက်ချင်းပဲ စွတ်စိုသွားတယ်။ သွေးယိုစီးပြီလို့ သိလိုက်တယ်။ ဒါပေမဲ့-

www.burmeseclassic.com



ပထမ အဲမောင်းချက်မှာပဲ ကျုပ် အားတက်သွားတယ်။ ရှင်ကြီးဂေါဝိန္ဒလို ဂိုဏ်းချုပ်ကြီးရဲ့ အဲမောင်းချက်ဟာ ဘယ်တော့မှ နှစ်ချက်မရှိရဘူး။ ဒါပေမဲ့ ဒီတစ်ခါမှာတော့ သူလှံသွားဟာ ကျုပ်ရဲ့ ရင်အုံအစား ပခုံးသားကိုပဲ ထိရှထိုးစိုက်တယ်။

ကျုပ်သိလိုက်ပြီ။ ဒေါသအမျက်ရဲ့ အခိုးစွန်မှာ ဂိုဏ်းချုပ်ကြီးသာ တိုက်ခိုက်မှု ချွတ်ယွင်းသွားပြီဆိုတာ။ ဒါဟာ ရန်သူရဲ့ အားနည်းချက်ဖြစ်ပြီး ကျုပ်အတွက် မျှော်လင့်ချက်ဖြစ်တယ်။

သူလှံချက်လိုရာကို မရောက်လိုက်တာကို သိသွားတဲ့အခါ ရှင်ကြီးဂေါဝိန္ဒဟာ ပိုပြီး ပေါက်ကွဲပြင်းထန်သွားတယ်။ သူထပ်မှားတာပဲ။ ဒီအမှားကို ကျုပ် အသုံးချရမယ်။ တောင်ပူစာပေါ်ကို တရွေ့ရွေ့နောက်ဆုတ်တက်ခဲ့တယ်။ အကြည့်ကတော့ လှံသွားပေါ်မှာ အဆက်မပြတ်။

တောင်ပူစာထိပ်ကိုရောက်လာတယ်။ ချက်ချင်းပဲ သတိရတယ်။ အလွန်မိုက်မဲတဲ့ ကိစ္စပဲ။ ထီးထီးမားမား ပစ်ကွင်းကို ရန်သူ့ထံ ကျုပ်ဖွင့်ပေးနေမိတယ်။ ဒါကြောင့် ထိပ်ကိုရောက်ရောက်ချင်းပဲ တစ်ဘက်ဆင်ခြေလျှောဆီသို့ ဆက်ဆင်းခဲ့တယ်။ ရှင်ကြီးဂေါဝိန္ဒဟာ ကျုပ် တောင်ပူစာထိပ်ရောက်နေခိုက် အချိန်ကလေးကို အသုံးချခွင့် မရလိုက်တော့ဘူး။

အခုတော့ သူက တောင်ပူစာထိပ်မှာ ကျုပ်က အဆင်းဆင်ခြေလျှောဘက်မှာ။ ရှင်ကြီးဂေါဝိန္ဒဟာ ဒီတစ်ခါတော့ အကောင်းဆုံးနဲ့ နောက်ဆုံးလှံချက်ကို အပိုင်အနိုင် ရွေးချယ်နေဟန်တူတယ်။ လှံရှည်ကို လက်ထဲမှာပဲ ဆရင်း ကျုပ်ရှိရာကို တရွေ့ရွေ့။

နောက်ဆုတ်,နောက်ဆုတ်နဲ့ ကျုပ် ဆင်းခဲ့ရတယ်။

ဒီအချိန်မှာပဲ သတိထားနေတဲ့ကြားက ခြေချော်ပြီး လဲကျသွားတော့တယ်။ တောင်ပူစာ ခြေရင်းအထိ ဒလိမ့်ခေါက်ကွေး ကျသွားတယ်။ တစ်ဟုန်ထိုး ပြေးဆင်းလာတဲ့ရန်သူကို တွေ့ရတယ်။ လှံရှည်ကြီးကို ကိုင်မြှောက်လို့။ ကျုပ်ရဲ့နောက်ဆုံးတအင်္ဂါပဲလို့ သိလိုက်ပြီး မြေပြင်ကို ကုတ်ခြစ်လိုက်တဲ့အခါမှာ…

ကျောက်တုံး တစ်တုံးကို စမ်းမိတယ်။ အချည်းနှီးတော့ အသက်အဆုံးမခံနိုင်ဘူး။ ကျောက်တုံးကို စမ်းအမိ၊ လက်ထဲအရောက် သင်းဆီ ကျုပ် လွှဲပေါက်လိုက်တယ်။ တစ်ချိန်တည်းမှာပဲ ဖြစ်ဟန်တူတယ်။ ကျုပ်ရဲ့ကျောက်တုံးက သူ့





မျက်နှာကိုအထိ သူ့ရဲ့လှံက ကျုပ်ဆီဝဲအပျံ၊ ဖြာခနဲရဲသွားတဲ့ သင်းမျက်နှာကို တွေ့လိုက်ရတယ်။ ကျုပ် လက်မောင်းဆီမှာလဲ လှံရှည်ဝင်စွဲတယ်။

မျှော်လင့်ချက်မဲ့ ဆုံးရှုံးမှုထဲမှာ အောင်ပွဲလျှပ်တစ်ချက် ပြက်တာပါပဲ။

လှံရှည်က ကျုပ်ရင်ကို ဖောက်မလာဘူးဆိုတာလည်းသိရော လက်မောင်းမှာစွဲနေတဲ့ လှံသွားကို အံကြိတ်နုတ်ပြီး သွေးသံရဲရဲ မျက်နှာကို လက်နဲ့အုပ်ရင်း အယီးအယိုင်ဆင်းလာတဲ့ သမထီးဂိုဏ်းချုပ်ကြီးဆီကို ကျုပ် အဲမောင်းလှံရှည် ပစ်သွင်းလိုက်တယ်။

ကမ္ဘာလောကတစ်ခုလုံးဟာ အနီရောင်။





www.burmeseclassic.com

www.burmeseclassic.com

၇။

တူရင်းတောင်ခြေဟာ ဟိုတုန်းကလိုပဲ စိမ်းလန်းသာယာဆဲရှိနေတယ်။

ဒဏ်ရာတွေ ပျောက်ကင်းပြီဖြစ်ပေမယ့် ကျုပ် ချူးချူးကျ နွမ်းနယ်ခဲ့တယ်။ ဒီနွမ်းနယ်မှုတွေကို တူရင်းတောင်ရဲ့ တောတောင်အငွေ့နဲ့ပဲ ကုစားရတော့မှာဖြစ်တယ်။ အခုတော့ ကျုပ်ကိုယ်ပေါ်မှာ သင်တိုင်းနက်ပြာလည်း မရှိတော့ဘူး။ ကျုပ်မျက်နှာလည်း မှတ်ဆိတ်ပါးမြိုင်းတွေ မရှိတော့ဘူး။

အုံ့ညလောက်အောင် အသက်ရှည်တဲ့ ဘိုးဟာ ကျုပ်ကိုကြည့်ပြီး-

'လူလေးမစုရ၊ ခုလိုတော့လည်း မင်းငယ်ငယ်တုန်းက အတိုင်းပါပဲလား'

လို့ ပြောရှာတယ်။

ကျုပ် ပြုံးပြလိုက်တယ်။ ဒါပေမဲ့ ကျုပ် အပြုံးတွေမှာ လုံးဝအသက်မပါတော့ဘူးဆိုတာလည်း သိနေတယ်။

အခုတော့ သမထီးဂိုဏ်းကြီးလည်း ပြိုကွဲသွားပါပြီ။ အရိမဒ္ဒနပူရရဲ့ ဘုရင်သစ် အနိရုဒ္ဓါဟာ သမထီးတွေကို ဖြိုခွင်းပစ်လိုက်ပြီလို့ သိရတယ်။ ကျောင်းတော်ကြီးကို ကျုပ် မီးတင်ရှို့ပြီး နောက်တစ်နေ့မှာပဲ ဘုရင်အနုရုဒ္ဓါရဲ့ တပ်တွေရောက်လာပြီး





အရည်းရှင်ကြီးဂိုဏ်းကို နှိမ်နင်းလိုက်သတဲ့။ အားလုံးပြီးသွားပြီ။ ချုပ်ငြိမ်းသွားပြီ။ သထမီးဂိုဏ်းလည်း မရှိတော့ဘူး။ အရည်းဆရာငယ် မစုရဆိုတာလည်း မရှိတော့ဘူး။ ပြီးတော့ အဲဒီ မစုရရဲ့ နှလုံးသားလည်း မရှိတော့ဘူး။ ဟုတ်တယ် ကြောက်ရွံ့ထိတ်လန့်နေတဲ့ အလှကို အဲဒီ မစုရကကယ်ပြီး မြင်းကပါးရွာက သူ့ချစ်သူဆီ ပြန်လွှတ်လိုက်တယ်။

အဲဒီအချိန်ကတည်းက မစုရရဲ့နှလုံးသားဟာ ပျောက်ကွယ်ခဲ့တာပဲ။

အို…ကျုပ် ဘာတွေ တွေးနေမိတာလဲ။

အိုပန်းဖြူကို ကျုပ် ချစ်မိခဲ့…

'လူလေးရေ၊ မြင်းတစ်စီးလာတယ်ဟေ့'

ပင်ပန်းကြီးစွာ သက်ပြင်းတစ်ချက်ချမိတယ်။ ရင်ထဲမှာ ဗလာဟင်းလင်းပါပဲ။ မြင်းခွာသံကြားရတယ်။ ခြံရှေ့ရောက်လာတယ်။ ကျုပ် ကွပ်ပျစ်ပေါ်က မထချင်သေးဘူး။

'လူလေးရေ…ဟောဒီမှာ မိန်းကလေးတစ်ယောက်ဟေ့၊ မင်းကို တွေ့ချင်လို့တဲ့'

ကွပ်ပျစ်ပေါ်က လူးလဲထမယ်အပြင်မှာပဲ ညှို့သည်ဟာ တဲထဲကို ဝင်လာတယ်။

'ဟင်…အိုပန်းဖြူ'

❖❖❖

တူရင်းတောင်ခြေရဲ့ လသာတဲ့ညတွေမှာ ကျုပ်တို့ခြံကလေးရှေ့ထွက်ထိုင်ပြီး စကားပင်ခြေရင်းကနေ ကောင်းကင်ကို မော်ကြည့်လိုက်ရင် ဆုံးစမဲ့ အဇဋ္ဌာကို တွေ့ရတယ်။ အိုပန်းဖြူဟာ ကျုပ်ရင်ခွင်ထဲမှာ စကားမပြောဘဲ ရှိနေတယ်။ ကျုပ်တို့နှစ်ယောက်စလုံး တိတ်ဆိတ်နေကြတယ်။ စကားမပြောဖြစ်ကြဘူး။ ဒါပေမဲ့ စကားတွေ အများကြီးပြောနေကြတာကို ကောင်းကင်ထက်က ကြယ်ပွင့်တွေက ကိုယ်ချင်းစာပြီး သိနေကြလိမ့်မယ်။

အထူးသဖြင့် အိုပန်းဖြူရောက်လာတဲ့နေ့က ပြောတဲ့စကား-

'အိုပန်းဖြူလေ ရွာရောက်သွားတော့ အကြောင်းစုံ ပြောပြတယ်။ အရည်းဆရာ မစုရက ကယ်တဲ့အကြောင်း၊ သမထီးကျောင်းတော်ကို မီးရှို့လိုက်ကြောင်း၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီးဂေါဝိန္ဒနဲ့ တွေ့ကြပုံ။ အိုပန်းဖြူကို လွှတ်ပြီး အရည်းဆရာငယ်က ရှင်ကြီးဂေါဝိန္ဒနဲ့ ရင်ဆိုင်ရင်း ကျန်ရစ်ပုံတွေအကြောင်းပေါ့။ ဒါပေမဲ့ အိုပန်းဖြူနဲ့ လက်ထပ်မယ့်သူက သမထီးကျောင်းမှာ တစ်နေ့လုံးနေခဲ့ရတဲ့ အိုပန်းဖြူကို သူဘယ်လိုမှ မယုံကြည်နိုင်တော့ဘူး။ လက်မခံနိုင်တော့ဘူးဆိုပြီး အိုပန်းဖြူကို လက်ထပ်ဖို့ ငြင်းဆန်ခဲ့တယ်လေ။ အဲဒီကတည်းက အိုပန်းဖြူလေ ရှင့်ကိုရှာတာ အခုမှ တွေ့ရတော့။ အိုပန်းဖြူလေ…'

ချစ်ဦးညို





# ဘိုးရဲ့အမှောင်တိုက်ထဲက အလင်း

၁။

ကျွန်မ ဘယ်တော့မှ မေ့ဖျောက်လို့မရတဲ့ မြင်ကွင်း။

မျက်စိအစုံကို မှိတ်လိုက်ရင်လည်း အာရုံရိပ်ထဲပေါ်လာတဲ့ မြင်ကွင်း။

မျက်စိအစုံကို ဖွင့်ကြည့်လိုက်လို့ တံလျှပ်တွေ တရိပ်ရိပ်ထပျံတက်နေတဲ့ ရွှခင်းတွေကို မြင်ရင်လည်း တရေးရေးပေါ်လာတဲ့မြင်ကွင်း။

လှလိုက်တာ၊ စည်ကားသိုက်မြိုက်လိုက်တာ။

ဒါပေမဲ့ ကျွန်မ…ကျွန်မ ကြောက်လိုက်တာ။

အို..ကြောက်ပေမယ့်လည်း ဒီမြင်ကွင်းကို ကျွန်မအာရုံထဲက ဘယ်တော့မှ ဖယ်မထုတ်ဘူး။ ဖယ်ထုတ်ဖို့လည်း မကြိုးစားဘူး။

အိပ်မက်ထဲကိုပဲ ဒီမြင်ကွင်းက လိုက်လာဦးမလား။ လိုက်လာပါစေ။ ဒါကို မြင်မက်နေရလို့ ဒီအိပ်မက်ကို ဖယ်ရှားထုတ်ပစ်ဖို့အတွက် ကျွန်မဘယ်တော့မှ ယောင်ယမ်းနိုးထလိမ့်မည် မဟုတ်ဘူး။

မက်ပါစေ။ မက်စမ်းပါစေ။ အစအဆုံး အတိအကျအသေးစိတ် မက်စမ်းပါစေ။ ကြောက်ရွံ့ခြင်းနဲ့အတူ စွဲလမ်းတွယ်တာနေတတ်တာမျိုးလည်း ရှိတယ်လေ။ ကြောက်တာကတခြား၊ စွဲလမ်းတွယ်တာက တခြားပဲ။



www.burmeseclassic.com

www.burmeseclassic.com



လှလိုက်တာ၊ စည်ကားလိုက်တာ၊ သိုက်မြိုက်လိုက်တာ။

ကြည့်ပါဦး။

လူတွေအများကြီး အရာအထောင်အသောင်းဆိုတဲ့ လူအုပ်ကြီးလေ။

နေပူကျဲကျဲကြီးအောက်မှာ အရှေ့ဘက်ဆီကို တရွေ့ရွေ့သွားနေကြတယ်။ ရွေ့လျားနေတဲ့ လူတန်းကြီးက များသလို ဝဲယာမှာရပ်ကြည့်နေတဲ့ လူအုပ်ကြီးတလည်း ကျပ်ခဲလို့။

ရွေ့လျားနေတဲ့ လူတန်းကြီးရဲ့ ရှေ့ဆုံးမှာက သံဃာတော်တွေ။ သံဃာတော်အပါး ၉၀။ သံဃာတော်တွေရဲ့နောက်မှာ သီလရှင်အပါး (၃၀)။ အဲဒီသီလရှင်တွေက အတောင်ရှစ်ဆယ်ရှိတဲ့ ပိတ်ဖြူရှည်ကြီးကို ဆွဲကိုင်လို့။

ပိတ်ဖြူကြီးရဲ့ ဒီမှာဘက်အစွန်းမှာတော့··

ရွှေထီးလေးလက် အုပ်မိုးထားတဲ့ အသုဘယာဉ်။

နေရောင်အောက်မှာ ရွှေထီးကြီးတွေရဲ့အရောင်ဟာ ကောင်းကင်ဆီကို ရောင်ဖြန့်ပျံတက်နေကြတယ်။ တရွေ့ရွေ့လှုပ်ရှားနေတဲ့ ရွှေထီးကြီးတွေဟာ လူအုပ်ကြီးရဲ့အပေါ်မှာ မိုးမိုးမားမား။

အဲဒီရွှေထီးအုပ်မိုးထားတဲ့ အသုဘယာဉ်ရထားရဲ့ ကြိုးကိုတော့ စဏ္ဍာလတွေက ဆွဲသွားကြတယ်။ ဒါပေမဲ့ အရှေ့ဘက် လယ်ကွင်းစပ်ကိုရောက်ပြီဆိုရင်ပဲ ယာဉ်ရထားပေါ်က အသုဘခေါင်းကို လူတစ်စုက ပခုံးနဲ့ မ,ချီထမ်းပိုးယူလိုက်ကြတယ်။

လူတစ်စုဆိုတဲ့အထဲမှာ ယောကျ်ားကြီးတွေ၊ မိန်းမကြီးတွေအပြင် ကလေးငယ်တွေလည်း မမီမကမ်းနဲ့ အသုဘခေါင်းကို ဆွဲကိုင်ပင့်မလို့။

အဲဒီကလေးငယ်တွေထဲမှာ ဆယ့်ငါးနှစ်ဆယ့်ခြောက်နှစ်ရွယ် မိန်းကလေးတစ်ယောက်တည်း အပါအဝင်။ အဲဒီမိန်းကလေးက ကျွန်မလေ။ အသုဘခေါင်းကို ထမ်းတဲ့အထဲမှာ ကျွန်မကိုယ်ကျွန်မ တွေ့နေရတယ်။

အရှေ့ဘက် လယ်ကွင်းတွေဆီရောက်ပြီ။

အဲဒါ မလှိုင်မြို့ရဲ့ အရှေ့ဘက်လယ်ကွင်းတွေ။

ဝါဆိုလပြည့်ကျော်ပြီဖြစ်ပေမယ့် အညာပီသတဲ့ မလှိုင်မြို့ဝန်းကျင်မှာ မိုးရိပ်လေရိပ်မတွေ့ရသေးဘူး။ နေက ပူလို့ကောင်းတုန်း။ လေကတော့လို့ ဖုန်ထောင်းထလို့ ကောင်းတုန်း။





အသုဘခေါင်းကိုထမ်းလာတဲ့ ကျွန်မရဲ့မျက်နှာမှာ မျက်ရည်တွေဟာ မျက်ဝန်းအိမ်မှာပဲ ခြောက်သွေ့အငွေ့ပျံသွားကြတာလား မသိဘူး။

ကျွန်မ မငိုတာတော့ အမှန်ပဲ။ မငိုတဲ့အပြင်မှာ ကျွန်မဟာ အလွန်ဂုဏ်ယူစရာကောင်းတဲ့၊ မွန်မြတ်မယ့် အလုပ်တစ်ခုကို လုပ်နေရသလို တည်ကြည်လေးနက်နေတယ်။

အသုဘခေါင်းကို ထမ်းလာရင်းနဲ့ ဝဲယာတစ်ဖက်တစ်ချက်ဆီက လူအုပ်ကြီးကို ကျွန်မ မကြည့်ဘဲ တွေ့နေရတယ်။ အဲဒါ မလှိုင်သူ၊ မလှိုင်သားတွေလေ။ ပြီးတော့ မိတ္ထီလာကလည်း လာကြတယ်လေ။ အို··မြို့နီးချုပ်စပ်၊ ရွာနီးချုပ်စပ် အကုန်ပေါ့။

သူတို့အားလုံးဟာ ကျွန်မအပါအဝင် အသုဘခေါင်းကိုထမ်းလာတဲ့ ဆွေမျိုးသားချင်းတစ်စု။ ပြီးတော့ အသုဘယာဉ်ရထားကို ကြိုးဆွဲခဲ့ကြတဲ့ စဏ္ဍာလတွေ။ ပြီးတော့ အတောင်ရှစ်ဆယ် ပိတ်ဖြူကြိုးကြီးကို ဆွဲကိုင်ခဲ့ကြတဲ့ သီလရှင်အပါးသုံးဆယ်။ ပြီးတော့ ရှေ့ဆုံးက ကြွချီနှင့်ကြတဲ့ သံဃာတော်အပါး ကိုးဆယ်။ နောက်···

ရွှေထီးလေးလက်မိုးထားတဲ့ အသုဘခေါင်းထဲက ကွယ်လွန်သူရဲ့ရုပ်ကလာပ်။ လိုက်ပါပို့ဆောင်ကြတဲ့ မိတ်သင်္ဂဟတွေ။ ပတ်မကြီးကို တထီထီထုရင်း နှလုံးဆို့နင့်ကြေကွဲစရာ တီးလုံးက တီးလာတဲ့ အသုဘဆိုင်း။

ဒါတွေအားလုံးကို သူတို့သူတို့ တအံ့တဩဖြစ်နေကြတယ်။

မကြုံစဖူး စည်းကားခမ်းနားလှတဲ့ ဈာပနကြီးလေ။

အားလုံးဟာ အံ့ဩစရာတွေဖြစ်နေတယ်။

သေခြင်းတရားပဲဟာ အံ့ဩစရာမဟုတ်ပါဘူး။ လူတစ်ယောက်သေဆုံးသွားတယ် ဆိုတာဟာလည်း ဒီလောကမှာ နေရာတိုင်း၊ အချိန်တိုင်းမှာ ဖြစ်ပျက်နေကျ။ နေရာဟာ မလွဲမသွေရောက်လာမယ့်ကိစ္စ။

ဒါပေမဲ့ သူတို့··သူတို့ အားလုံးအံ့ဩနေကြတယ်။

မလှိုင်မြို့လေးရဲ့ ဈေးတောင်ဘက်က နှစ်ထပ်အိမ်ကြီး တစ်အိမ်ပေါ်မှာ နေထိုင်သွားခဲ့တဲ့ အသက် (၉၀)ရှိပြီဖြစ်တဲ့ အဘိုးအိုကြီးတစ်ယောက် သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တာဟာ မလှိုင်တစ်မြို့လုံးနဲ့ မိတ္ထီလာတစ်မြို့လုံးအတွက် အံ့သြစရာကြီး ဖြစ်နေကြတယ်။

သားသမီးဆယ်ယောက်နဲ့ မြေးဆယ့်ခုနစ်ယောက်ကို ထားခဲ့ပြီး ရင်မှည့်ကြွေကျသွားတဲ့ အသက်ကိုးဆယ် အဘိုးကြီးတစ်ယောက်ရဲ့နောက်ဆုံးခရီးဟာ ခမ်းနားကြီးကျယ်လှပါကလားရယ်လို့။

ခေါင်းတလားဘေးမှာ ရေးထိုးထားတဲ့စာကို ကျွန်မ မြင်နေရပြန်ပြီ။ အတိုင်းသား မြင်နေရပြန်ပြီ။

'မင်းရဲသူရကျော်ထင် ခေါ် ရွှေထီးလေးလက်ရ လွှတ်တော်စာရေးကြီး ဦးဘိုးတင်။ အသက် (၉၀)နှစ်' တဲ့။

အမှန်တော့ အံ့သြစရာဖြစ်သလို၊ လုံးဝအံ့သြစရာလည်း မဟုတ်ပါဘူး။

ကျွန်မရဲ့ဘိုးဘိုးအကြောင်းကို ကျွန်မ အသိဆုံးပါ။ ကျွန်မရဲ့ဘိုးဘိုးဟာ--



၂။

'ဖေဖေဘုရား နက်ဖြန်နေ့လယ်လောက် ရောက်မယ်။ သာစည်ကို သွားကြိုရမယ်။ နေရာထိုင်ခင်းတွေအားလုံး အသင့်ပြင်ထားကြပော့'

ဘဘ ဦးခင်မောင်ပု၏စကားသည် ကျွန်မတို့မိသားစုအတွင်းဝယ် တစ်လှန့် နှီးဆော်သံဖြစ်လေသည်။ တံပိုးခရာတွတ်သံအောက်မှ မြင်းစီးသူရဲကောင်းတပ်တစ်တပ်နှယ်ပင် အားလုံးလှုပ်လှုပ်ရွရွဖြစ်သွားသည်။

ဘွားဘွား၊ ကြီးကြီး၊ မေမေ၊ ဦးလေး၊ ဒေါ်လေး၊ လူကြီးတွေ တစ်ယောက်ကျန်ပါပဲ။ အစဉ်အမြဲလိုလိုပင် သူ့အာရုံနှင့်သူ သူ့အလုပ်နှင့်သူ အေးအေးတိတ်ဆိတ်စွာ ရှိနေခဲ့သော လူကြီးများမှာ 'ဖေဖေဘုရား ရောက်လာလိမ့်မယ်'ဟူသော ဘဘဦးခင်မောင်ပု၏စကားတစ်ခွန်းကြောင့် တစ်ခုတည်းသောအာရုံတွင် စုဝေးသွားကြတော့သည်။ ပြီးတော့ သူတို့အားလုံး ဆွမ်းကြီးလောင်းပွဲမှာ မုန့်ဝေလိမ့်မယ်ဟု သတင်းကြားရသော ကလေးငယ်တွေလို ပျော်ရွှင်တက်ကြွနေကြသည်။

'သမီး အေးလေး..အဲဒီကွက်လပ်ကို ရှင်းထား သမီးရဲ့၊ တမာသီးတွေလည်း သိမ်းလိုက်တော့။ မီးဖိုခန်းထဲက တံမြက်စည်းအတိုလေးယူပြီး ဒီနေရာတစ်ဝိုက်ကို လှည်းကျင်းသန့်ရှင်းထားလိုက်နော်။ ဖေဖေဘုရား ရောက်လာတော့မှာ'

မေမေ ဘာ့ကြောင့် ဒီလောက်လှုပ်လှုပ်ရှားရှားဖြစ်နေသည်ဟု ကျွန်မ မတွေးတတ်။ ပြီးတော့ မေမေ့စကားထဲမှာ ပါလာပြန်ပြီ။ 'ဖေဖေဘုရား' တဲ့။ ဘဘဦးခင်မောင်ပုပြောတဲ့ ဖေဖေဘုရား။

မေမေ့ကို တစ်ခုခုမေးဖို့ ကျွန်မလှမ်းအကြည့်လိုက်မှာ မေမေက အိမ်အပေါ်ထပ် တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဘုရားဆိုသော ဧည့်သည်တစ်ယောက်ရောက်လာမယ့်အရေးမှာ လူကြီးတွေ ဘာကြောင့် ဒီလောက်လှုပ်လှုပ်ရွရွဖြစ်နေကြသလဲ။

မေမေတို့ရဲ့ဖေဖေဘုရားဆိုတော့ ကျွန်မတို့၏ဘိုးပဲဖြစ်ရမည်ပေါ့။ သို့သော် ကျွန်မတို့မှာ ဘိုးရှိသည်ဟု ဘယ်တုန်းကမျှ မကြားမိမိ။ ဘဘတို့၊ ဦးကြီးတို့၊ မေမေတို့၊ ဒေါ်လေးတို့လည်း စကားစပ်ပြောကြသည်ကို မတွေ့ဖူးမှဲ့။ အေးလေ-- ကျွန်မတို့ကလေးတွေမသိဘဲ ညဘက်တွေမှာ အိမ်ရှေ့ကွပ်ပျစ်ပေါ် ထိုင်ရင်း သူတို့ပြောချင်ပြောနေကြမှာပေါ့။

အဖေ့ကို မေးကြည့်ဖို့ စိတ်ကူးရသည်။ သို့သော် ကျွန်မ၏အဖေကလည်း လူမမာ။ အိမ်ကြီး၏အောက်ထပ် အနောက်တောင်ထောင့်အခန်းလေးထဲမှ အပြင်ထွက်သည်မရှိ။ အဖေ့ကို ဒုက္ခမပေးတော့ပါဘူးလေ။

ကိုခန့်တို့၊ ကိုပြန့်တို့ကို မေးကြည့်ရင်ကောင်းမည်ဟု စိတ်ကူးရပြန်သည်။ သူတို့ကတော့ လူပျိုပေါက် ကာလသားကြီးတွေဆိုတော့ သိချင်သိမည်။ ကိုခန့်နှင့် ကိုပြန့်ဆိုတာက မေမေ့အထက် အကြီးဆုံးဒေါ်ကြီးဒေါ်မမလေး၏သားတွေဖြစ်သည်။

အို… ကိုခန့်တို့ကိုလည်း မေးလို့ရမှာမဟုတ်။ သူတို့က ကျွန်မကို နှမလေးဆိုပြီး သိပ်လူရာသွင်းချင်ကြတာမှ မဟုတ်တဲ့။ 'ဟဲ့… ခွေးမလေး၊ အေးလေ နင်မသိပါဘူးဟာ၊ အသာနေစမ်းပါ'ဟု ထုံးစံအတိုင်းပြောပြီး ထိပ်ကို ပုတ်လွှတ်လိုက်ဦးမှာပါပဲ။

ညွန့်ညွန့်တို့၊ မြိုင်တို့ကို မေးကြည့်ရင်ကော၊ အို…သူတို့လည်း သိမှာမဟုတ်ပါဘူး။ သူတို့က ပြောရမည်ဆိုလျှင် ကျွန်မထက်တောင် ကလေးဆန်သူများဖြစ်ကြသည်။ ခုထိ ထမင်းအိုးဟင်းအိုးတည်တမ်းကစားတုန်း။

အမှိုက်တွေကို တမာပင်ရင်းဆီသို့ စုပုံရင်းဖြင့် မေမေတို့ပြောသည့် 'ဖေဖေဘုရား'ဆိုတာကို ကျွန်မစဉ်းစားကြည့်မိသည်။ ဖေဖေဘုရားတဲ့။ မေမေတို့ ဘဘဦးခင်မောင်ပုတို့ ဖေဖေဘုရားလို့ခေါ်တော့ ကျွန်မတို့ကလေးတွေက ဘိုးဘိုးဘုရားလို့ ခေါ်ရမှာပေါ့။ ဘိုးဘိုးဘုရား။ ကျွန်မနှုတ်မှ အသံထွက်ခေါ်ကြည့်မိသည်။ တစ်မျိုးကြီးပဲ။ ရယ်ချင်လာ၍ ပါးစပ်ပိတ်ထားလိုက်ရသည်။ ဘုရားဆိုတာ ထင်ခေါ်တော့ လက်အုပ်ချီရှိခိုးပြီး စကားပြောနေရမလား မသိ။

ပြီးတော့ အဲဒီဘိုးဘိုး၊ အဲ… ဘိုးဘိုးဘုရားက သဘောမှကောင်းပါ့မလား





ကျွန်မတို့ကလေးတွေကို အော်တတ်ငေါက်တတ်သော အဘိုးကြီးတစ်ယောက်ဖြစ်နေမှာလား။ ဒါမှမဟုတ် ကလေးချစ်တတ်သူလား။

ကျွန်မတို့အိမ်ကြီး၏ အပေါ်ထပ် အိမ်ဦးခန်းကို မေမေတို့လူကြီးတွေ ရှင်းလင်းပြင်ဆင်နေသည်။ အမြဲသန့်ရှင်းနေသော ဘုရားစင်ကိုပင် ပို၍တင့်တယ်သပ္ပာယ်အောင် ပြင်ဆင်ကြသည်။ နဖူးစီးမျက်နှာကြက် အသစ်လဲသည်။ ဘုရားပန်းအိုးတွေကို တိုက်ချွတ်ကြသည်။ ဘုရားပန်းအသစ်လဲကြသည်။ ဘုရားစင်ရှေ့က အရောင်လွင့်နေသော ကော်ဇောကြီးကိုလည်း ကော်ဇောအသစ်နှင့်လဲသည်။ ဒေါ်ကြီး ဒေါ်ခင်သိကကျွန်းသေတ္တာကြီးထဲက ခေါင်းအုံး၊ ခြင်ထောင်၊ အိပ်ရာခင်းအသစ်တွေ ထုတ်လာတော့မှ အဲဒီအသစ်ကျပ်ချွတ်တွေ ရှိနေကြောင်း ကျွန်မသိရသည်။ ဒေါ်လေးဒေါ်သန်းရီ၊ ဒေါ်လေး ဒေါ်ခင်ဆွေတို့ကတော့ မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံး။ ဒေါ်လေး ဒေါ်သွင်မေက အပေါ်ထပ်ကြမ်းပြင်ကို ဖယောင်းတိုက်သည်။

ဦးရလေး ဦးဖေသန့်ကတော့ ကားဝါကြီးကို ရေတဗွမ်းဗွမ်းပက်ဆေးနေသည်။ အိမ်က ကားကြီးကို ကျွန်မကတော့ ကားဝါကြီးဟုပဲ ခေါ်တတ်သည်။ ဝီလီစနိုက်ဆိုသော နာမည်ကအခေါ်ရခက်သည်လေ။ သည်တော့ ဆေးအဝါရောင် သုတ်ထားသော ကားကြီးဟာ ကားဝါကြီးပဲပေါ့။

အဆစ်အမြစ်ကိုက် ရောဂါဖြင့် အိပ်ရာထဲမှာ နေရသည့်အဖေတစ်ယောက်ပဲ ကျန်သည်။ တစ်အိမ်လုံးက လူကြီးတွေမှာ သူ့အလုပ်နှင့်သူ ရှုပ်နေကြတော့သည်။

လူကြီးတွေကိုကြည့်ရင်း ကျွန်မပျော်လာသည်။ ဖေဖေဘုရားဆိုသော ကျွန်မတို့၏ဘိုး ရောက်လာတော့မည့်အတွက် သူတို့သည်လောက်အလုပ်များနေကြပုံထောက်ရင်း အဲဒီဖေဖေဘုရားဆိုတာ သိပ်ကို ကြီးကျယ်ခမ်းနားတဲ့ပုဂ္ဂိုလ်ကြီးဖြစ်မှာပဲ။ ပြီးတော့ စားစရာတွေ၊ ကစားစရာတွေလည်း အများကြီးပါလာမှာပဲ။

အခုမှ စကြားရသော၊ တစ်ခါမှ မမြင်ဖူးသော ဘိုးကို ကျွန်မအလိုလိုနေရင်း ခင်တွယ်သွားမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦ။

'သမီး အေးလေး ကားသံကြားတယ်။ သွားကြိုရျေတော့'

အနင်းခံနေသော အဖေ့ဆီက ခွင့်ပြုချက်ရရချင်း ကျွန်မအဖေ့ခြေသလုံး ပေါ်ကနေ အပြေးအလွှား ဆင်းလိုက်သည်။ ပြီးတော့ အဖေ့ခြေထောက်ကို စောင်ခြုံ မြုံပေးခဲ့မိသလား၊ မပေးခဲ့ဘူးလားဆိုတာကိုပင် သတိမရနိုင်တော့ဘဲ ဆင်ဝင်ဆီသို့ ထွက်လာခဲ့တော့သည်။

ကျွန်မတို့အိမ်ကြီး ဆင်ဝင်ပေါ်ကနေကြည့်လျှင် ဟိုး ခပ်လှမ်းလှမ်းအထိ မြင်နိုင်သည်။ မလှိုင်မြို့ဈေး၏ အရှေ့ဘက်လမ်းထဲသို့ ဦးတိုက်သော ကားလမ်း အကော်ဝေးဝေးအထိ တွေ့ရသည်။

အဲဒီလမ်းအတိုင်း။

ဖုန်တထောင်းထောင်းကြားမှာ ဦးလေး ဦးဖေသန့်၏ ကားဝါကြီး။

အိမ်ကြီးဆီသို့ ဦးတည်လာနေသော ကားဝါကြီးကိုကြည့်ရသည်မှာ အရောင် ရှိလှသော မြင်ကွင်းပင်။ ရှေ့မီးလုံးကြီးနှစ်လုံးနှင့် ကားခေါင်းကြီးကို ကြည့်ရသည်မှာ အားရပါးရတအားပါးစပ်ကြီးဖြဲ၍ ရယ်နေသော မျက်နှာကြီးတစ်ခုအတိုင်း။ လေ၊ ကားဝါကြီးလည်း ပျော်နေမှာပေါ့။ ဘိုးကို တင်ဆောင်ခေါ်ယူလာရတာကိုး

ဟော ဈေးလမ်းအတိုင်း ချိုးဆင်းလာပြီ။

ဖုန်တွေ တထောင်းထောင်းထနေသည့်အထဲ ကားမှန်ကို နေရောင်ထိုး ကြောင့် လက်ခနဲ လက်ခနဲ ရောင်ပြန်ထွက်သောကြောင့် ကားထဲကို မမြင် အင်းလေ..ခဏနေရင် အိမ်ရှေ့မှာ ကားရပ်တော့မှာပဲ။ အဲဒီတော့ ဘိုးဆင်းလာမှာ





သျှောင်တစောင်းထုံးလို့၊ ပဝါကြီးကို ပေါင်းလို့၊ အပေါ်ဖုံးအင်္ကျီကြီးနဲ့၊ တောင် ရှည်ပုဆိုးကြီးနဲ့၊ လည်ပင်းမှာလည်း မာဖလာကြီးစည်းလို့၊ ပြီးတော့ တုတ်ကောက် ကြီးနဲ့၊ နှုတ်ခမ်းမွေးကားကားကြီးကို လက်ချောင်းတွေနဲ့သပ်လို့။ အဲဒီလက်ချောင်း တွေပေါ်မှာလည်း လက်စွပ်ကြီးတွေ တဝင်းဝင်းရှိနေမှာ။ ဘိုးဟာ ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်မှာပါ။ အသံကလည်း အသံအောကြီးနဲ့။ 'ဟေး..ငါ့မြေးတို့'လို့ အော်ပြီး နှုတ် ဆက်မှာပဲ။ ပြီးတော့ သူ့သားသမီးတွေ၊ မြေးတွေနဲ့ တွေ့ရလို့ တဟားဟားနဲ့ အော်ရယ်နေမှာပေါ့။

ကျွန်မဆင်ဝင်ထိပ်က ကြည့်နေပါသည်။ အိမ်အောက်ကို မဆင်းသေး။ ဝင်းတံခါးဝကို ထွက်ကြိုရန် သတိရသော်လည်း ဒီအတိုင်း အပေါ်စီးက မြင်နေရ တာကိုပဲ ပိုသဘောကျနေသည်။ ပြီးတော့ ဘိုးရောက်လာတော့မည့် နောက်ဆုံးအချိန် အထိ ဘိုး၏ရုပ်သွင်ကို အမျိုးမျိုးခန့်မှန်းကြည့်နေရတာ ပျော်စရာသိပ်ကောင်းသည် လေ။

ဟော ဝင်းတံခါးဝမှာ ကားဆိုက်ပြီ။

ကားဝါကြီးက သာစည်ကနေ မလှိုင်အထိ လာရတဲ့ခရီးကို ထုံးစံအတိုင်း မောပန်းစွာနှင့် ညည်းညူနေသည်။ ဦးလေး ဦးဖေသန့်ရဲ့ ကားကြီးဟာ သည်လိုပဲ။ တစ်နေရာရာက ပြန်လာပြီး အိမ်ရောက်သည်နှင့် တအီးအီးအသံကျယ်ကြီးဖြင့် ညည်းပြီးမှ ရပ်တတ်သည်။

မေမေ၊ ဦးကြီး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ဦးလေး လူကြီးတွေပြီးတော့၊ ကျွန်မနှင့် တစ်ဝမ်းကွဲ မောင်နှမတွေ၊ ကိုခန့်တို့၊ ကိုပြန့်တို့၊ ညွန့်ညွန့်တို့၊ မြိုင်တို့၊ တင်ဦး၊ မြင့်မြင့်၊ မထားတင်၊ မကြော့..အို အားလုံးပါပဲ။ ဝင်ပေါက်ဝဆီ ပြေးသွားကြသည်။

ကြည့်လို့ကောင်းလိုက်တာ။ အိမ်ကြီးကိုရောက်လာမယ့် သူတို့ရဲ့ ဖေဖေဘုရား။ သူတို့ရဲ့ဘိုးကို သားသမီးတွေ မြေးတွေက ကြိုကြတာ။ ဆင်ဝင်ပေါ်မှ ကျွန်မ ဆင်းဖြစ်သေး။

ဘိုးကို မြင်ရတော့မည်။ ဘိုး.. ကျွန်မတို့ရဲ့ဘိုး။

နေရောင်အောက်မှာ လင်းထိန်နေသော ကားဝါကြီးပေါ်မှ ပို၍တောက်ပသော အရောင်တွေ ထိုးကျလာသည့်အတိုင်း..။ အို..ဦးပဉ္စင်းကြီးတစ်ပါးပါလား..။

ဒီဦးပဉ္စင်းကြီးဟာ ဘိုးတော့ မဖြစ်နိုင်။ ဦးပဉ္စင်းကြီး၏အနောက်မှာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ဘဘဦးခင်မောင်ပုနှင့်မှ မတိမ်းမယိမ်းလောက်ပဲ ရှိမည်။ ဒါဆိုရင် ဘိုးက ဘယ်မှာလဲ။ ဘိုးဘယ်မှာလဲ။

ကားဝါကြီးနားမှာ မေမေတို့ ဝိုင်းအုံနေကြသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဖြစ်နေသည်။ ဟိုဦးပဥ္စင်းကြီး၏ သင်္ကန်းကလည်း နေရောင်မှာ ဝင်းထိန်နေလေတော့။

'အို'

ကျွန်မအသံပင် ထွက်သွားမိလေသည်။

ဟုတ်ဖါပြီ။ အဲဒါ ဘိုးပဲဖြစ်မှာပါ။ ဘိုးမှ ဘိုးအစစ်ပါ။ မေမေတို့က ဘိုးကို ကားပေါ်မှတွဲခေါ်နေကြသည်။ လူကြီးတွေကြားမှ ဘိုးကိုကြည့်ရင်း ကျွန်မ စိတ်ထဲမှာ ဘိုးမှဘိုးအစစ်ဟု သေချာနေသည်။ ဒါဟာ သွေးကစကားပြောတာပဲ ဖြစ်လိမ့်မည်။ ဘိုးကိုတွေ့ရပါပြီ။ ဘိုးကို မြင်ရပါပြီ။ ကျွန်မတို့မျှော်နေသော ဘိုး။ ပြီးတော့ ကျွန်မမျှော်နေရတဲ့ဘိုး။

ဘိုးကားပေါ်မှ ဆင်းလာပြီ။

ကျွန်မ၏ဘိုးသည် ကျွန်မစိတ်ကူးထဲမှာ ပုံဖော်ထားသည့် ဝဝဖိုင့်ဖိုင့်၊ နှုတ်ခမ်းမွေးကြီး ကားကား၊ ပဝါအုပ်ပေါင်း၊ အပေါ်ဖုံးအကျီ၊ မာဖလာ၊ တောင်ရှည်ပုဆိုး တုတ်ကောက်ကြီးနှင့် မဟုတ်။ မဟုတ်။

ဘိုးဟာ ဘုန်းကြီးတစ်ပါးပါလား။

စောစောက ဦးပဥ္စင်းကြီး၏သင်္ကန်းရောင် ဝါဝါထိန်ထိန်မျိုးမဟုတ်။ ဘိုး၏ သင်္ကန်းက ရှားရောင် ညိုညိုမှိုင်းမှိုင်း။

အို ဘိုးဟာ သင်္ကန်းဝတ်ဘုန်းကြီးတစ်ပါး။

ဖြူဝင်းနေသော အသားအရေက ရှားရောင်သင်္ကန်းအောက်မှာ ထင်းခနဲဖြစ်နေသည်။ ပြီးတော့ ဘိုးအရပ်ကြီးက ဝိုင်းအုံတွဲခေါ်လာကြသော လူကြီးများအလယ်တွင် မားမားကြီးဖြစ်နေသည်။

ဘိုးသည် ဘုန်းတော်ကြီးတစ်ပါး ဖြစ်လိမ့်မည်ဟု ကျွန်မဘယ်ပုံ တွေးမိပါမည်လဲ။ ဘိုးကို ယခုလို သင်္ကန်းကြီးတဖားဖားနှင့် တွေ့လိုက်ရသောအခါ ကျွန်မ၏ စိတ်ထဲတွင် ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဖြစ်နေတော့သည်။

ကျွန်မအိမ်အောက်သို့ မဆင်းဖြစ်သေး။ ဆင်ဝင်ပေါ်ကပဲ ရပ်ကြည့်နေသည်။





အပေါ်စီးမှ မြင်ရသည်လည်း ဖြစ်ပြန်၊ ဘိုးအရပ်ကြီးကလည်း လူကြီးတွေကြားမှာ မားမားကြီးထွက်နေပြန်။ ပြီးတော့ ရှားရောင်သင်္ကန်းနှင့် ဖြူဝင်းသော အသားအရေလည်း ရှိပြန်တော့ ဘိုး၏အသွင်ကို အတိုင်းသား မြင်နေရလေသည်။

'အို··ဘုရား၊ ဘုရား'

ကျွန်မ၏ဘဝတွင် တစ်စုံတစ်ခုသော ထိခိုက်တုန်လှုပ်မှုကြောင့် ဘုရားတ,ကာ အာမေဋိတ်ပြုမိသည့်အကြိမ်ပေါင်းများစွာရှိလေသည်။ ထိုသို့ ဘုရားတမိခြင်းများတွင် ဘိုးကိုမြင်လိုက်ရသော မြင်ကွင်းအတွက် ဘုရားတခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ချေသည်။

ဘဘဦးခင်မောင်ပု၊ ဦးလေး ဦးဖေသန့်တို့က ဘိုးဘုန်းကြီးကို တစ်ဖက်တစ်ချက်ဆီမှ တွဲ၍ခေါ်လာကြသည်။ ဦးပဥ္စင်းကြီးက ရှေ့မှ ဦးဆောင်ကာ လမ်းရှင်းသည်။ နောက်မှ လိုက်လာသောဘိုးကား··

လှုပ်အစုံက မသိမသာရှေ့တွင် ဇော့ယမ်းစမ်းသပ်လျက်။

ခြေလှမ်းများက မြေကိုမထိနင်းရဲသလို စမ်းတဝါးဝါးလျှောက်လျက်။

ရင်ထဲမှာ စစ်ခနဲ နာကျင်သွားသည်။

ဘိုးသည် မျက်စိနှစ်ကွင်း အလင်းမရရှာသူပါလား။



www.burmeseclassic.com

www.burmeseclassic.com

ရှ။

'ဟဲ့·· ကလေးတွေ ဒါအကုန်ပဲလား၊ ခေါ်လိုက်ကြပါဦး'

ဦးပဥ္စင်းကြီးက အမိန့်ရှိသည်။ ဦးပဥ္စင်းကြီးသည် မေမေ့အထက်နှစ်ယောက်ခြား အစ်ကိုကြီးဖြစ်ပြီး မေမေတို့ညီအစ်ကိုမောင်နှမဆယ်ယောက်မှာ ဒုတိယသားဖြစ်သည်ဟု ဆိုလေသည်။

အကြီးဆုံးက မန္တလေးမှ ကြီးဒေါ်မမလေးဖြစ်ပြီး ကြီးတော်သည် မန္တလေးမှ သိုက်လာခဲ့လေသည်။

ဘဘဦးခင်မောင်ပုက ကလေးတွေ အားလုံးကို ခေါ်လိုက်သည်။

'ဒီလေးယောက်က ခင်သီရဲ့ သားသမီးတွေ၊ မခင်ရွှေတဲ့၊ ဘဂျမ်းတဲ့၊ ဘဖြူတဲ့၊ ဘမြိုင်တဲ့၊ ဟဲ့·· ရှေ့တိုးကြလေ'

'အင်း နောက်ပြီးတော့ကော'

'ခင်စန်းနဲ့ မြင့်မြင့်က ဖေသန့်သမီးတွေလေ၊ သမီးနှစ်ယောက်'

'အင်း ဟိုနှစ်ယောက်ကကော'

'ထားတင်နဲ့ မကျော့က ခင်မောင့်သမီးတွေ'

'အား·· အတော်ပါလားဟဲ့ တို့အမျိုးတွေက'

'ကျွန်သေးတယ် ဦးဇင်းကြီးဘုရား၊ ဟဲ့ သန်းရီနှင့်အုပ်စုကို ပြလိုက်ဦးလေ၊ အဲ အဲ့ ဒါဝဲ ဘုရား၊ လှဖေတဲ့၊ သောင်းတင်တဲ့၊ ထွန်းအောင်တဲ့၊ မိန်းကလေးနှစ်ယောက်က ကြည်စန်းနဲ့ သိန်းနု၊ သန်းရီက ငါးယောက်ထွန်းကားတယ်'





'အင်း ဒါဆို ဒီအိမ်ကြီးမှာ ကလေးချည်းပဲဟ'

'အစ်မကြီးရဲ့ ကလေးတွေနဲ့ပါဆိုရင် နှစ်ဆယ်တစ်ယောက်လောက်ပဲ ဦးဇင်းကြီး'

'အပြိုင်းအရိုင်းပါလားဟရို့၊ တယ်အုပ်စုတောင့်တာပဲ'

'ဟဲ့··ခင်ခင်ကြည်၊ နှင့်သမီးကော'

ခင်ခင်ကြည်ဆိုတာ မေမေ့နာမည်။ ကျွန်မကို မေးနေပြီ။ ကလေးအုပ်စုကို ထုတ်ပြီး အင်အားပြနေချိန်မှာ ကျွန်မကတော့ ဘိုးဘုန်းကြီးကိုကြည့်ပြီး ဝမ်းနည်းနေသဖြင့် ချောင်ထဲမှာ ကုပ်နေမိလေသည်။

'အေးလေး··သမီးရှေ့သွားလေ၊ ဦးဇင်းကြီး မေးနေတယ်၊ ပြီးတော့ ဘိုးကိုလည်း ဦးတင်လိုက်'

မေမေက ကျွန်မကျောကို အသာတို့ရင်းရှေ့တွန်းလိုက်သည်။ ဦးဇင်းကြီးရှေ့မှာ ဒူးတုပ်၍ ကျွန်မ ပုံ့ပုံ့ထိုင်လိုက်သည်။ ဘယ်သူ့ကိုမှ မကြည့်ဘဲ မျက်နှာကိုအောက်ချထားမိသည်။ ဘာကြောင့်မှန်းမသိ၊ ကျွန်မ ငိုချင်နေသည်။

'ဒါ ခင်ခင်ကြည့်သမီးလား၊ အံမာ အင်း·· မိန်းမချောပဲ၊ ကိုင်းဆိုစမ်း နာမည်'

'သမီးလျှောက်လိုက်လေ'

မေမေက နောက်မှ လှမ်းပြောနေသည်။ ကျွန်မမျက်နှာအောက်ရှိ ကော်ဇောပေါ်တွင် သေးငယ်သော အစွန်းကွက်လေးနှစ်ကွက် ပေါက်ခနဲ စွန်းထင်သွားသည်။ ကျွန်မ···ကျွန်မ ငိုလိုက်မိပြီ၊ မျက်ရည်စက် နှစ်ပေါက်ကျသွားပြီ။ အို··ဒါပေမဲ့ ကျွန်မမျက်ရည်ကျသွားတာကို ဘယ်သူမှမသိစေရ။

'မလှအေးပါ ဘုရား'

အသံမတုန်အောင် သတိထားလိုက်နိုင်သည်။

'တစ်အိမ်လုံးကတော့ အေးလို့ခေါ်ကြပါတယ် ဦးဇင်းကြီး'

မေမေက ဝင်လျှောက်သည်။

'အေးလေးတဲ့လား၊ ကိုင်း·· ဘိုးကို ဝပ်ချလိုက်ဦး'

ဦးဇင်းကြီးက အမိန့်ပေးသဖြင့် ကျွန်မလက်အုပ်များ ရင်ညွှန့်မှ ရောက်သွားကြသည်။ သို့သော် ကျွန်မရင်ထဲမှာ ဆို့နင့်နေသည်။ ကျွန်မငိုချင်တာကို ဘိုးဘိုးအ



www.burmeseclassic.com

www.burmeseclassic.com



ခြင်မှာမှ မဟုတ်ဘဲ။

ပြည့်စုံသော ထိခြင်းများဖြင့် ကျွန်မ ဦးချလိုက်ပါသည်။

ဘိုးမမြင်သော်လည်း ကျွန်မကတော့ အကုန်အစင် ဂုဏ်အင်္ဂါနှင့် ပြည့်စုံအောင် ပြုမူရပေမည်။ ဘိုးကို မျက်စိကွယ်နေသူအဖြစ် ကျွန်မပြီးစလွယ် မထီလေးစား မပြုရက်။

'ခင်ခင်ကြည့် သမီးက လိမ္မာတယ်၊ ငါ့ကို ဦးချတာ ထိခြင်းငါးပါးနဲ့ ပြည့်စုံတယ်၊ သာဓု‥ သာဓု‥ သာဓု ငါ့မြေး'

ကျွန်မတစ်ကိုယ်လုံး တုန်သွားပြီဟု ထင်သည်။

ဘိုး၏အသံ။ သေးမျှင်စူးရှသော အသံ။ သို့သော် ဘာကိုမှ အလိုအပိုမရှိစေရဘဲ တိကျပြတ်သားသော စိတ်ခေတ်မှ ထွက်ပေါ်လာသည့်အသံမျိုး။ ဒါတင်မကပါ။ ကျွန်မအသေအချာ ရှိခိုးကန်တော့သည်ကို ပကတိမြင်ရသည့်အတိုင်း ပြောလိုက်သော စကား။

ဘိုးကို ကျွန်မငေးကြည့်နေမိသည်။ မျက်စိကွယ်နေခြင်းတည်းဟူသော အဖြစ်သည် ဘိုး၏အခဆင်းအင်္ဂါကို စိုးစဉ်းမျှမထိခိုက်။

အနည်းငယ် ညှိမည်းနေသော မျက်ကွင်းနှစ်ခုတို့အလယ်မှ မှေးမှေးစင်းစင်း မျက်ခွံများလည်း မျက်စိကွယ်နေခြင်းဟူသောအဖြစ်ကို သိမ်မွေ့စွာ ထိန်းသိမ်းကာကွယ်ပေးထားကြသယောင်။

မျက်ခုံးထူထူ၊ နဖူးပေါ်ပေါ်၊ ကျယ်ပြန့်သော နဖူးပြင်၊ ဇရာ၏အရေးကြောင်းများဖြင့်ပင်လျှင် လေးနက်နေသော ပါးပြင်များ၊ အို‥ကျွန်မ၏ဘိုးသည် မြတ်နိုးကြည်ညိုဖွယ် ရုပ်သဏ္ဌာန်ရှိသူ။

'စက္ခုအာရုံက ချုပ်ငြိမ်းသွားလေတော့ တခြားအာရုံတွေမှာ ပိုပြီးထက်မြက်လာတယ်၊ ဒါဟာ သဘာဝတရားကြီးက အလျော်ပြန်ပေးလိုက်တာပဲ၊ အထူးသဖြင့် အကြားအာရုံမှာပိုပြီး သန်စွမ်းလာတယ်၊ လှုပ်ရှားမှုတစ်ခုကို အသံကြားရပြီး အဲဒီအသံရဲ့အသွားအလာကို အာရုံက ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ ဘယ်လိုလှုပ်ရှားတယ်ဆိုတာ ထင်းထင်းကြီးပေါ်လာတယ်၊ ငါ့မြေး ထိခြင်းငါးပါးနဲ့ ရှိခိုးတယ်ဆိုတာ ဘိုး သိနေတယ်'

စောစောကလူမသိ သူမသိ ရှိုက်ငိုပြီး ကော်ဇောပေါ် ပေါက်ခနဲကျသွားသော





မျက်ရည်နှစ်စက်ကို ကျွန်မနမြောလိုက်သည့်ဖြစ်ခြင်း၊ တစ်ချိန်တည်းမှာပင် ဘိုးဟာ မျက်စိကွယ်နေပါလားဟူသော အသိဖြင့် ရင်နာခဲ့ရသော ခံစားမှုများလည်း ကင်းစင်ပျောက်ပါးသွားချေပြီ။

မျက်စိကွယ်ခြင်းသည် ဘိုးအတွက် ကြီးမားသော ဒုက္ခရာဇက်ချက်ကြီးမဟုတ်။ ဘိုးသည် အမှောင်ထဲမှာပင် အလင်းကို ရနေသူ။ လောကကြီးသည် ဘိုးအတွက် ပျောက်ဆုံးခြင်းမရှိ။ ဘိုး၏စကားလုံးများက အင်အားအပြည့်၊ ဘိုး၏အသံကလည်း ပေါ့ပါးလတ်ဆတ်ခြင်းအတိ။

တစ်ထိုင်တည်းမှာပင် ဘိုးထံမှ တစ်စုံတစ်ခုသည် ကျွန်မဆီသို့ အင်အားကြီးမားစွာ ကူးစက်ပျံ့နှံ့လာသည်ဟု ခံစားရသည်။

ဘိုးကို လက်အုပ်ချီ ရှိခိုးခြင်းမပြုမီက ကျွန်မနှင့်၊ ဦးသုံးကြိမ်ချကာ ခေါင်းပြန်အမော့ လက်အုပ်ကိုပြန်အသိမ်း ဘိုး၏စကားကို နားထောင်လိုက်ရသော ကျွန်မ ပီဘိကွာခြားသွားခဲ့ပြီ။

ဘိုး၏ဝင်းဝါသော အသားအရေထက်မှ ရှားရှောင်သင်္ကန်းညိုကြီးကို ငေးကြည့်ရင်း ထိုသင်္ကန်းဆီမှ မြမြနိုင်မာသော စွမ်းအင်များ တဖွားဖွားထွက်ပေါ်လာသည်ဟု ထင်မိသည်။

အဖေသည် ကျွန်မအတွက် နေမင်းသူရိန်။ မေမေက ကျွန်မအတွက် လမင်းစန္ဒာ။ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးများက မိုးကောင်းကင်။ ဝမ်းကွဲညီအစ်ကိုမောင်နှမတွေက ကြယ်တွေ နက္ခတ်တွေ။ သစ်ပင်တောတောင်တွေ ဆိုပါလျှင် ဘိုးသည် ကျွန်မအတွက် ထိုအရာများကို လွှမ်းခြုံပွေ့ဖက်ထားသည့် မိုးကုတ်စက်ဝိုင်းကြီးပင် ဖြစ်ရပေမည်။





www.burmeseclassic.com

www.burmeseclassic.com

၅။

နောက်တစ်နေ့ မနက်တွင် ဘိုးကိုလိုက်ပို့သော ဦးပဥ္စင်းကြီး မန္တလေးသို့ ပြန်ကြသည်။

ကြီးတော် ဒေါ်မမလေးလည်း မန္တလေးသို့ ပြန်လိုက်သွားသည်။ ဦးပဥ္စင်းကြီးမှာ မန္တလေးမှတစ်ဆင့် အောက်ပြည်အောက်ရွာသို့ ဆက်ကြွမည်ဟု ဆိုသည်။

မေမေတို့ လူကြီးတစ်သိုက်က သွားရေးလာရေး ပြန်ရေးတွေ စီစဉ်ရင်းအလုပ်တွေ ရှုပ်နေကြချိန်မှာ ကျွန်မတို့ ကလေးတစ်သိုက်မှာလည်း ခေါင်းချင်းဆိုင်ကာ ဘိုးအကြောင်း တိုးတိုးတိတ်တိတ် စကားပြောဖြစ်နေကြတော့သည်။ သည်စကားဝိုင်းမှာ စိတ်အားအထက်သန်ဆုံးက ကျွန်မဖြစ်ပေမည်။

'ငါမကျေနပ်ဆုံးကတော့ တို့မှာ ဘိုးရှိတယ်ဆိုတာကို လူကြီးတွေက ဘာကြောင့်အရင်က မပြောကြတာလဲ၊ အဲဒါကို မကျေနပ်ဘူး'

'ဘိုးက မျက်စိမမြင်လို့ နေမှာပေါ့ဟယ်'

ဦးလေး ဦးဖေသန့်သမီး မြင့်မြင့်က ကျွန်မစကားကို တုံ့ပြန်သည်။

'ဘာဆိုင်လို့လဲ'

'သြော်.. တို့မှာ ဘိုးရှိတယ်၊ အဲဒီဘိုးကလဲ မျက်စိမမြင်ဘူးဆိုတော့ ငါတို့ကလေးတွေသိရရင် စိတ်မကောင်းဖြစ်မှာ စိုးလို့ပေါ့'

'နင်ပြောတာကမှ ပိုမဆိုင်သေးတယ်၊ ဘိုးက မမြင်ပေမယ့် ငါတို့က ဘိုးကိုမြင်နိုင်တာပဲ၊ ပြီးတော့ ဘိုးက မျက်စိသာ မမြင်တာ..'

'ဘာဖြစ်လဲ၊ မျက်စိသာမမြင်တာ၊ ဘာက ဘာဖြစ်နေလို့လဲ'

ထားတင်၏ အမေးကို ကျွန်မဖြေဖို့ ကြိုးစားကြည့်သည်။ ကျွန်မခေါင်းထဲမှာ ချက်ချင်း အဖြေတစ်ခုပေါ်လာသည်။ ဘိုးဟာ မျက်စိမမြင်ပေမယ့် မျက်မမြင်ဒုက္ခိတ မဟုတ်ဘူး ဆိုသော အဖြေ။





သို့သော် ထားတင်ကို ဘာမှမပြောဖြစ်။ ထားတင် ကျွန်မ၏စကားကို နားလည်မှာမဟုတ်ပါဘူးဟု ထင်မိသည်။ သူနားလည်အောင်လည်း ကျွန်မမရှင်းပြနိုင်ပေ။

'အေးလေးပြောမှ ငါလဲတစ်ခုတွေးမိတယ်'

မကျော့က ပြောသည်။ သည်အိမ်ကြီးမှာ မကျော့သည် ကျွန်မနှင့်အတွဲအညီဆုံးဖြစ်သည်။ ကျွန်မထက် သုံးနှစ်လောက်တော့ ငယ်ပေမည်။

မကျော့အသက် ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်လောက် ရှိမည်။

'အင်း.. ပြောစမ်း'

ဒေါ်လေးမသန်းရီသား ထွန်းအောင်က မေးသည်။

မကျော့က မျက်တောင်တစ်ချက်နှစ်ချက်ခတ်ပြီး..

'နေဦး၊ အဲဒါမပြောခင် ဘိုးအသက်ဘယ်လောက်ရှိမလဲ မှန်းကြည့်ကြရအောင်'

အလွန်စိတ်ဝင်စားစရာကောင်းသော ကိစ္စဖြစ်လေသည်။

'အသက် တစ်ရာကျော်ရောပေါ့'

သောင်းတင်က ကောက်ကာငင်ကာ ပြောသည်။

'ဟ.. ဒီလောက်ကြီးတော့ မရှိနိုင်သေးပါဘူး၊ ရှစ်ဆယ်ပေါ့'

'ရှစ်ဆယ်တော့ မကဘူးကွာ၊ ကိုင်း..မင့်အသက် ဘယ်နှစ်နှစ်လဲ'

'ငါလား ဆယ့်လေးနှစ်၊ အဲ..နေဦး၊ ငါတို့အမေကတော့ ငါးဆယ်ကျော်ပြီလားမသိဘူး၊ ဒါဆို ဘိုးဟာ ကိုးဆယ်လောက်ရှိရမယ်'

'ဟာ..ဘယ်လိုလုပ်ပြီး တွက်နေတာလဲ'

'ဘယ်လိုမှမတွက်နဲ့၊ ဘိုးက အိုလှပြီဥစ္စာ၊ အသက်တွေအများကြီးနေမှာပေါ့၊ အဲဒီလိုပဲတွက်'

တစ်ယောက်တစ်ပေါက်ဖြစ်နေကြသည်ကို ကျွန်မစိတ်မရှည်တော့။

'တော်ကြစမ်းပါဟာ၊ ဘိုးအသက်က ရှစ်ဆယ့် ကိုးနှစ်ပါ'

ကျွန်မ ခပ်ငေါက်ငေါက်ပင် ပြောပစ်လိုက်သည်။

'နင်က ဘယ်လိုလုပ်သိတာလဲ'

'ငါ့အမေကို မေးကြည့်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှစ်ဆယ့်ကိုးနှစ်တဲ့၊ အများကြီးပဲနော်'

ကျွန်မတို့ဝိုင်း အတော်လေးကြာအောင် တိတ်သွားလေသည်။ ရှစ်ဆယ့်ကိုးနှစ်ဆိုသော အသက်အပိုင်းအခြားအားဖြင့် ဘိုးသည်ပို၍ကြီးကျယ်သွားသည်ဟု ကျွန်မခံစားရမိသည်။

သို့သော် အသက်အရွယ်ထက်ပို၍ လေးနက်သော တစ်စုံတစ်ခု ရှိနေဦးမည်ဟု ကျွန်မအလိုလို ထင်နေမိသည်။ ဘာကြောင့်မှန်းမသိ။ ဘိုးအကြောင်း တွေးနေစကားပြောနေရသည်မှာ အားရှိသလိုလို ဖြစ်နေသည်တော့ အမှန်ပင်။

'ကဲဟယ်.. ဘိုးအသက်မှန်းကြည့်နေတာနဲ့ပဲ မကျော့စကား ဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ မကျော့ နင်ဘာပြောမှာလဲ..'

'ဘိုးဟာ အသက်ရှစ်ဆယ့်ကိုးနှစ်၊ ပြီးတော့ မျက်စိလည်းမမြင်ဘူး၊ အဲဒါကို ငါတို့ကလေးတွေ မသိခဲ့ရဘူး၊ ဘိုးရှိမှန်းတောင် မသိခဲ့ရဘူးလေ၊ လူကြီးတွေက မပြောကြဘူး၊ အခု ဘိုးရောက်လာမှပဲ သိရတယ်၊ အဲဒါ ဘာဖြစ်လို့လဲ'

အားလုံး ငိုင်သွားကြသည်။

'မျက်စိမမြင်တဲ့ ဘိုးတစ်ယောက်ရှိတယ်ဆိုတာကို ငါတို့တွေမသိရအောင် ဖုံးဖိထားတာဆိုရင်လဲ အခုကျတော့ ဘာကြောင့် လူကြီးတွေက ဖေဖေဘုရား ဖေဖေဘုရားနဲ့ ဖြစ်နေကြတာလဲ'

ဘဘဦးခင်မောင်ပု၏သား ကိုကိုသိန်းမောင်က ပြောသည်။ ကိုကိုသိန်းမောင်သည် ကျွန်မထက် တစ်နှစ်လောက်ကြီးသည်။ ပြီးတော့သူက မလှိုင်မြို့မှာ ရှုပ်သည့်သူ။

'ဟုတ်ပါရဲ့၊ ခေါ်ကြတာလဲ ဖေဖေဘုရားတဲ့'

'ဘိုးက ဘုန်းကြီးကိုးဟ ခေါ်မှာပေါ့'

'မဆိုင်ပါဘူး၊ ဘုန်းကြီးဆိုရင် ဘုန်းဘုန်းတို့၊ ဆရာတော်တို့ခေါ်ပေါ့၊ အခု ဖေဖေဘုရားလို့ ခေါ်ပုံကြီးက တစ်မျိုးကြီး'

'နောက်ပြီးတော့ တစ်ခုရှိသေးတယ်'

မကျော့က မျက်မှောက်ကုတ်လျက် ဆက်ပြောပြန်သည်။

'မျက်စိမမြင်တဲ့ဘိုးကို သူတို့ပစ်ထားကြတယ်၊ အခုမှ ခေါ်တယ်'

မကျော့၏စကားက ကျွန်မရင်ထဲသို့ ထိုးစိုက်သွားတော့သည်။





ကျွန်မတွေးမိနေသည်မှာလည်း ဤအချက်ပင်ဖြစ်လေသည်။ မျက်မမြင်သက်ကြီးရွယ်အိုတစ်ယောက်ကို ဘာကြောင့်မေမေတို့၊ ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေးတို့က နှစ်ပေါင်းများစွာ ပစ်ထားကြသနည်း။

သူတို့လူကြီးတွေချင်း ဘိုးအကြောင်း ပြောမပြောတော့မသိ။ ကျွန်မတို့ကလေးတွေမှာ ဘိုးရှိတယ်ဆိုတာတောင်မှ မသိခဲ့ရအောင် ဘာကြောင့် ဖုံးဖိထားကြသနည်း။ ဘိုးမျက်စိမမြင်တာဟာ ရှက်စရာလား။ ဂုဏ်ငယ်စရာလား။ ကျွန်မအတွေးတွေ တသီတတန်းကြီး ဖြစ်သွားသည်။

ကျွန်မတို့ မိသားစုကြီးမှာ မလှိုင်မြို့တွင်သာမက မိတ္ထီလာ၊ သာစည်ထိအောင် အို··မန္တလေးထိပေါက်ရောက်သော မိသားစုကြီးဖြစ်သည်။ လူသိများသည်။ ဈေးတောင်ဘက် နှစ်ထပ်အိမ်ကြီးဆိုလျှင် မလှိုင်မြို့တစ်မြို့လုံး မသိသူမရှိ။

ပြီးတော့ မေမေတို့ညီအစ်ကို မောင်နှမတွေကလည်း ဆယ်ယောက်တောင်ရှိသည်။ ကုန်သည်ပွဲစားတွေ၊ ဆိုင်တွေကနားတွေနှင့် စီးပွားရေးလည်း တောင့်သော မိသားစုကြီး။

ဒါတင်မကသေးပါ။ မလှိုင်နှင့် မိတ္ထီလာရှိ သာရေးနာရေး အလှူအတန်းပွဲတွေမှာလည်း ကျွန်မတို့၏လူကြီးများသည် ခေါင်းဆောင်ခေါင်းရွက်ပြုနေကြသူတွေ။ ဘာသာတရားကိုင်းရှိုင်းသူတွေ။

အိမ်ကြီး၏ဘုရားခန်းမှာ ဆင်ဝင်အပြည့်။ လူကြီးတွေသာ ဘာသာရေးကိုင်းရှိုင်းရုံသာမက၊ ကျွန်မတို့ မောင်နှမတစ်တွေပါ ညညဆိုလျှင် ဘုရားဝတ်တက်ကြရသည်။ ကျွန်မတို့ အသိုက်အမြုံကြီးသည် ယော့ယော့ရမ်းရမ်းသမားများ မဟုတ်ကြ။

ကျွန်မခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ မကျော့ကတော့ အသာလေးပြောလိုက်တာပဲဖြစ်မည်။ ကျွန်မမှာတော့ တွေးစရာတွေ အများကြီးဖြစ်လာသည်။

ဘာကြောင့် ဘိုးကို ပစ်ထားကြပါလိမ့်။ ဘာကြောင့် ဘိုးရှိကြောင်း ကျွန်မတို့ကို မပြောတာပါလိမ့်။ မေမေတို့မှာ ဘာလျှို့ဝှက်စရာရှိလို့လဲ။ လျှို့ဝှက်တယ်ဆိုရအောင်ကလည်း အခုကျတော့ ဖေဖေဘုရား၊ ဖေဖေဘုရား ဖြစ်နေကြသည်။ ကျွန်မ အကဲခတ်မိရသလောက် လူကြီးတွေမှာ ဘိုးကို တကယ်ရိုသေလေးစားကြသည်။ ဘာတစ်ခုမှ အမူအရာပျက်ယွင်းတာမျိုးမရှိ။

'အေးဟယ်၊ မတွေးတတ်တော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြောတတ်တော့သဖြင့် ကျွန်မညည်းလိုက်မိလေသည်။

'အေးလေး နှင်က စကားပြောလိမ္မာပါတယ်၊ ဒေါ်လေးကို မေးကြည့်ပါလား'

ကိုကိုသိန်းမောင်က ပြောသည်။ မေမေ့ကို မေးကြည့်ပါလားတဲ့၊ ကျွန်မ မမေးရဲ။ ဘယ်လိုမေးရမှန်းလည်း မသိ။

'ဘွားဘွားကို မေးကြည့်ကွာ'

ဘွားဘွားဆိုတာက မေမေတို့အမေ။ အဲ··ဘိုးရဲ့ဇနီး။

'မဖြစ်ပါဘူးဟာ'

ဘွားဘွားသည်လည်း အသက်ရှစ်ဆယ်ကျော်ပြီ။ ဆံပင်တွေက တစ်ခေါင်းလုံး ဖွေးနေပြီ။ ခါးကုန်းသဖြင့် တောင်ဝှေးထောက်နေရပြီ။ ပြီးတော့ ဘွားဘွားသည် သူ့မြေးကျွန်မတို့ကလေးတစ်သိုက်နှင့် လက်ပွန်းတတီး ရှိသူမဟုတ်ရှာ။ သူ့ဘာသာသူ ကွမ်းသီးစိတ်ကို ငရုတ်ဆုံထဲ ထည့်ထောင်းပြီး ကွမ်းသီးမှုန့်ကလေးတွေကို မြုံ့နေတတ်သူ။

နောက်ဆုံးတော့ ကျွန်မတို့ မောင်နှမတစ်သိုက်၏စကားဝိုင်းသည် အဖြေမထွက်သော မေးခွန်းများ၊ နည်းလမ်းရှာမတွေ့သော ပြဿနာများဖြင့်သာ အဆုံးသတ်သွားလေသည်။

မောင်နှမတစ်တွေအားလုံး အိပ်ရာဝင်သွားကြသည့် ထိုညတွင် ကျွန်မတစ်ယောက်တည်း အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ရင်း ကျန်ရစ်ခဲ့သည်။ ကဆုန်လ၏ညသည် ပူနွေးနေသည်။ တမာပင်မှ ရွက်ကြွေသံတွေ ကြားရသည်။ အရှေ့ဘက် လယ်ကွင်းတွေဆီမှ လေပူတွေ တိုက်လာသည်။

အပေါ်ထပ်အိမ်ဦးခန်းတွင် ကျိန်းသော ဘိုး၏အမှုဝေကြေးစည်သံကြားမှ ကျွန်မ အိမ်ထဲပြန်ဝင်ခဲ့သည်။

ဘယ်သူ့ကိုမှ မမေးရဲတဲ့အဆုံးမှာ တစ်နေ့တော့ ဘိုးကိုပဲ တိုက်ရိုက်မေးကြည့်ရကောင်းမလားဟု ကျွန်မ စိတ်ကူးလိုက်မိလေသည်။

၆။

ရှားရောင်သင်္ကန်းနေရာတွင် ရှပ်အင်္ကျီလက်ရှည်အဖြူ၊ လည်ကတုံးကော်လာနှင့်။ အဖြူခံအစိမ်း ကွက်ကျဲပုဆိုးတို့ ရောက်နေသည်ကိုတွေ့ရသောအခါ ကျွန်မ အတိုင်းမသိ အံ့ဩသွားသည်။

သို့သော် ချက်ချင်းပင် ကျွန်မပျော်သွားသည်။

ဘိုးသင်္ကန်းချွတ်၍ လူဝတ်လဲလိုက်ပြီ။

ဘိုးနားကို ကပ်ချင်သော်လည်း မကပ်ရဲသည်မှာ ဘိုးက သင်္ကန်းဝတ်ဖြစ်နေခြင်းကြောင့်ပင်။

အခုတော့ အဖေတို့၊ အဘ ဦးခင်မောင်ပုတို့လို၊ ဦးလေးဦးဖေသန့်တို့လိုပင် ဘိုးသည် အင်္ကျီနှင့် ပုဆိုးနှင့် ဖြစ်လာပြီ။

ဘိုး၏ဖြူသော အသားမှာပို၍ဝင်းလာသည်။ အရပ်ကြီးကလည်း ပို၍ရှည်လာသည်။ အဖေတို့၊ အဘတို့၊ ဦးလေးတို့ထက်ပင် ပို၍ကြည့်ကောင်းသည်ဟု ကျွန်မ ထင်သည်။

ဘိုးပုဆိုးဝတ်ပုံမှာ အဖေတို့နှင့်မတူ။ ခါးပုံစထွက်နေပုံက ကြွားရွှားရှိလှသည်။ ဘိုးသည် မျက်စိမမြင်သော်လည်း တစ်ပါးသူက ကူညီဝတ်ဆင်ပေးရတာမျိုး၊ ထိုင်တိုင်ဝတ်တော့လည်း မသပ်မရပ်ဖြစ်နေတာမျိုး မရှိ။

ဘွားဘွားကတော့ လူဝတ်လဲလာသော ဘိုးကို ကြည့်ပြီး···

'သြော်··ကိုဘိုးတင်၊ အမြင့်ကနေ အနိမ့်ကို ကျလာပါပကော'

ဟု ပြောသည်။ ဘွားဘွား စကားကို ကျွန်မအသေအချာ နားမလည်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးကို အခုလို အဝတ်အစားဖြင့် တွေ့ရသည့်အတွက် ဘိုးနားသို့ ကျွန်မ မကပ်နိုင်သည့် အတားအဆီးကြီးတစ်ခု ပျောက်ကွယ်သွားသည်ဟုသာ ကျွန်မ နားလည်နေသည်။ ဘိုးလည်းဖြစ်ပြန်၊ ဘုန်းတော်ကြီးလည်း ဖြစ်ပြန်ဆိုတော့ အရှိန် အဟုန်က ကြီးလွန်းလှချေသည်။

ဘုန်းကြီးကျောင်းမှ ပြန်လာသော ဘိုးကို ကားဝါကြီးပေါ်မှ ဆင်းလျှင် ဆင်းချင်း ကျွန်မ အပြေးသွားကြိုမိသည်။ အနားရောက်တော့မှ ဘိုးကို ဘယ်လို တွဲခေါ်ရမှန်း မသိသဖြင့် တုံ့နေမိသည်။

'ခင်ခင်ကြည့်သမီး အေးလေးလားဟော့၊ ဘိုးကို လာတွဲတာလား၊ လာ.. ဟောဒီ ရှေ့မှာနေ၊ ငါ့မြေးရဲ့ပခုံးကို ဘိုးက လက်တင်ထားမယ်၊ ငါ့မြေးက ရှေ့က လျှောက်သွား..'

ကျွန်မမှာ ပျော်တာနှင့် အံ့သြတာကို ဘယ်လိုခွဲခြားရမှန်း မသိတော့။

'ဟင်.. သမီးရောက်လာတာကို ဘိုး သိတယ်'

'ဘိုး သိတာပေါ့၊ သမီးခြေသံကို ဘိုးသိတာပေါ့ကွယ်'

ဘိုးကို ရှေ့ဆောင်ခေါ်ပြီး အိမ်ထဲသို့ ကျွန်မဝင်ခဲ့သည်။

'ဘိုး ဘာကြောင့် လူထွက်လိုက်တာလဲဟင်'

'သင်္ကန်းဝတ်ကြီးနဲ့ မျက်စိက မမြင်ဆိုတော့ သူတစ်ပါးမှာ ကရိကထတွေ များလှတယ် သမီးရဲ့၊ သမီးက ဘိုးကို လူမထွက်စေချင်ဘူးလား၊ ဘုန်းကြီးဘဝနဲ့ နေစေချင်လို့လား'

'ဟင် မဟုတ်ပါဘူး၊ ဘိုးကို ဒီအတိုင်းပဲ မြင်ချင်တာပါ'

ပြောပြီးမှပင် ကျွန်မရင်ထဲမှာ တစ်ချက်နင့်သွားသည်။ အို.. ကျွန်မစကားကို မဆင်မခြင် ပြောမိလေပြီ။ ဘိုးကို ကျွန်မက ဒီအတိုင်း 'မြင်ချင်'သည်တဲ့။ ကျွန်မ က ဘိုးကို မြင်ချင်သည့်အတိုင်း မြင်ရသော်လည်း ဘိုးကတော့ ကျွန်မကို မမြင်နိုင် ရှာပါလား။

ကျွန်မ၏မိုက်မဲသော စကားတစ်ခွန်းက ဘိုးကိုထိခိုက်ရှာတော့မည်လားဟု ကျွန်မကြောက်ရွံ့ဝမ်းနည်းသွားမိသည်။ သို့သော် ဘိုးကတော့ ဘာမှအမူအရာမပျက်။

'ညကျရင် သမီးတို့မောင်နှမ ညီအစ်မတစ်သိုက်နဲ့၊ ဘိုးနဲ့ကွပ်ပျစ်မှာ ထွေထွေ ထိုင်ကြရအောင်'





'သမီးတို့နဲ့..'

'ဟုတ်တယ်၊ ခင်ခင်ကြည်တို့၊ ခင်မောင်ပုတို့၊ မောင်ဖေသန့်တို့ လူကြီးတွေ မပါဘူး၊ မြေးတွေနဲ့ချည်း ဘိုးနေမှာ..'

ကျွန်မဝမ်းသာလွန်းသဖြင့် ဘာပြောရမှန်း မသိတော့ပေ။

'ဘိုးက ပုံပြောပြမလို့လား'

'သမီးတို့က ပုံနားထောင်ချင်တယ်ဆိုရင် ဘိုးက ပြောပြရမှာပေါ့ကွ'

'သမီးတို့က ဘိုး ဘာပြောပြော နားထောင်မှာ..'

'ကိုင်း.. ဒါဆိုရင် ကျုပ်တို့ကလေးတွေကို သမီးကပဲ ပြောပြထားလိုက်တော့၊ အခု ကဆုန်လပြည့်ကျော် မဟုတ်လား၊ ကဆုန်လဆိုတော့ ညောင်ရေသွန်းပွဲအကြောင်း ဘိုး ပြောပြမယ်လို့..'

ဝမ်းသာလုံးဆို့နေသော ရင်ထဲမှပင် တစ်ခွန်းသော စကားသည် ကျွန်မနှုတ်မှ တစ်ဆင့် ထွက်ကျသွားလေတော့သည်။

'ဘိုးက ကဆုန်ညောင်ရေသွန်းပွဲအကြောင်း ပြောပြမယ်မဟုတ်လား၊ ဘိုး ကိုယ်တိုင်ပါခဲ့တဲ့ ညောင်ရေသွန်းပွဲလား၊ ဘိုးက စိတ်ကူးနဲ့မှန်း ပြောမှာလား၊ ဘိုး မြင်ရတာကို ပြောမှာလား'

'ဘိုးကိုယ်တိုင် ပါတဲ့ပွဲ၊ ဘိုး မြင်ရတဲ့ပွဲကို ပြောပြမှာပေါ့ကွ..'

'ဟင်.. ဘိုးက မြင်ရတယ်'

'မြင်ရတာပေါ့၊ ဘိုးက ကြီးမှ မျက်စိကွယ်တာပဲ'

'ဟင်.. ဘိုးက..'

'အေးလေ၊ ဘိုးမျက်စိ ကွယ်သွားတာ လေးနှစ်ပဲ ရှိသေးတယ်၊ နှစ်ပေါင်းများစွာ ဘိုးမျက်စိမြင်ခဲ့တာပေါ့'

ကျွန်မအတွက် အလွန်ကြီးကျယ်သော အခက်အခဲကြီးတစ်ခုသည် အလွယ် တကူပင် ပြီးပြတ်ရှင်းလင်းသွားလေသည်။ ဘိုး၏မျက်မမြင်ဘဝကို ကျွန်မက နှင့် နေအောင် ခံစားခဲ့ရသော်လည်း ဘိုးကမူ ပေါ့ပါးသက်သာစွာပင် ထုတ်ဖော်လိုက်လေ သည်။

ကျွန်မအလိုလိုနေရင်း ခံစားထိတွေ့နေခဲ့ရသော ခွန်အားတစ်ခုဆိုတာကို လည်း သဘောပေါက်လာသည်။ ဘိုးသည် ဒုက္ခိတမဟုတ်ဟုသော ကျွန်မ၏အသို



www.burmeseclassic.com

www.burmeseclassic.com



လို့ အသိစိတ်ကလည်း ပို၍ နိုင်မာလာသည်။

'ဈောင်ရေသွန်းပွဲအပြန်မှာ ဘိုးမြင်ခဲ့ရတာတွေ အများကြီးကိုလည်း သမီးတို့ကို ပြောပြဦးနော် ဘိုး'

ကျွန်မပခုံးပေါ်မှ ဘိုး၏လက်ချောင်းများ တင်းကျပ်သွားသည်။

'သမီးက တကယ်နားထောင်ချင်တာလား'

'သမီး တကယ့်ကို နားထောင်ချင်တာပါ ဘိုး'



ရ။

အိပ်နေတာမဟုတ်တဲ့ နိုးထနေရင်းဖြင့် အလွန်လှပဆန်းကြယ်သော အိပ်မက်တစ်ခုကို ကျွန်မရရှိနေတော့သည်။

ဟုတ်တာပေါ့။ ဘိုးပြောပြတဲ့ ကဆုန်ဈောင်ရေသွန်းပွဲတော်ကြီးမှာ လှပခမ်းနားလွန်းသည်။ တောက်ပြောင် ပြိုးပြက်သော အရောင်တွေ၊ ပွဲတင်မြည်ဟည်းသော တူရိယာသံတွေနှင့် ဖွဲ့စည်းထားသည့် ဘိုး၏ဈောင်ရေသွန်းပွဲ။ အို‥ လှလိုက်တာ။

ရတနာပုံနေပြည်တော်တဲ့။ နန်းတော်ရှေ့ရပ်က တိုက်တော်ဘုန်းကြီးကျောင်းတဲ့။ အရှေ့ကျုံးတံတားတဲ့။

ပြီးတော့ ဘိုးရဲ့ပုံပြင်ထဲမှာ ထူးဆန်းသော စကားလုံးတွေပါလာသည်။ ထွက်တော်မူကြီးတဲ့။ ဝင်းခင်းသဘင်။ သဲဖြူခင်းရာဇမတ်ကာ ငှက်ပျောပင်စိုက်တဲ့။

နန်းတွင်းက မှူးမတ်ဝန်ကြီးတွေ၊ မြင်းတပ်သူရဲကောင်းတွေ၊ မောက်တိုဆောင်းလုံ့ကိုင် စစ်သားတွေ၊ လူပျိုတော်သားတွေ၊ အပျိုတော် မောင်းမအဖွဲ့တွေ။

ပြီးတော့ တိုက်တော်ဘုန်းကြီးကျောင်းရဲ့ ဗောဓိဈောင်ပင်ကြီးအနီးမှာ ထိုးထားသော တဲနန်းမဏ္ဍပ်ကြီးထဲက စည်တော်ကြီးအဖွဲ့တဲ့။

စည်ကြီးက တဗိန်ဗိန်၊ နှဲကြီးက တအီအီ၊ လင်ကွင်းကြီးက တရှဲရှဲ။ လူတွေကလည်း အများကြီးတဲ့။ နေပြည်တော်သူ နေပြည်တော်သားတွေရဲ့ ဈောင်ရေသွန်းပွဲတော်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အို‥ ပြီးတော့ ဘိုးပြောတဲ့အထဲက အသုံးအနှုန်းတွေကိုလည်း ကြည့်ပါဦး။ ဘဝရှင်မင်းတရားကြီးတဲ့။ ခေါင်ဘုရားကြီးနဲ့၊ သားတော် သမီးတော်တွေတဲ့။

ဘိုး၏ညောင်ရေသွန်းပွဲတော်ကြီးမှာ ကြီးကျယ်ခမ်းနားလွန်းလှသည်။ ရွှေရောင်ငွေရောင်ပြိုးပြက်နေသည်။

ကျွန်မတို့ကြုံဖူးသော မလှိုင်မြို့လေးက ကဆုန်ညောင်ရေသွန်းပွဲတော်မျိုး မဟုတ်။ အိပ်မက်ထဲမှာပင် ထည့်မက်ရကောင်းမှန်း မသိသော ခမ်းနားမှုမျိုး။

ဘိုး တည်ဆောက်ပြသော ညောင်ရေသွန်းပွဲတော်ကြီးအကြောင်းကို နားထောင်ရင်း ကျွန်မမှာ ကောင်းကင်ပြာကြီးထဲက တိမ်လှိုင်းတွေပေါ် တငြိမ့်ငြိမ့် စီးလိုက်ပါသွားရသလိုလို။

နစ်မျောကြည်နူးနေရင်းမှပင် တစ်ခုခုကို ကျွန်မဖျတ်ခနဲ သတိရလိုက်သည်။ ထိုအတွေးကို ကျွန်မချက်ချင်းပင် ထုတ်ဖော်လိုက်သည်။

'ဘိုးက အဲဒီပွဲတော်အကြောင်း ဘယ်လိုလုပ်ပြီး ဒီလောက်အသေးစိတ် သိနေတာလဲ'

ဘိုး ပြုံးသည်။ ဖြူသောအသားနှင့် စိမ်းသောဦးပြည်းခေါင်းတုံးကို ဘိုးက လက်ချောင်းရှည်ရှည်ကြီးများနှင့် ပွတ်သပ်လျက်။

'သမီးအေးလေးကတော့ တယ်မေးတတ်တာပဲ။ စိတ်ထဲပေါ်လာရင်လည်း ကောက်ပြီးပြောလိုက်တော့တာပဲ၊ ကောင်းသဟေ့'

'ပြောလေဘိုး၊ ဘိုးက ဘယ်လိုလုပ်သိသလဲ'

'သိတာပေါ့ မြေးရဲ့၊ ဘိုးက အဲဒီတုန်းက နေပြည်တော်မှာ လွှတ်တော်စာရေးကြီးကိုး'

လွှတ်တော်စာရေးကြီး။ တစ်ခါမှမကြားဖူးသော စကားလုံးအသစ်အဆန်း တစ်ခုပေါ်လာပြန်ပြီ။

သည်တစ်ခါတော့ ကျွန်မပင် မဝင်သာတော့။ ကလေးတွေအားလုံးပင် ဘိုးကို ဖက်တွယ်ရင်း တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတော့သည်။ လွှတ်တော်စာရေးကြီးဆိုတာ ဘာလဲ။ လွှတ်တော်ဆိုတာ ဘာလဲ။ ဘိုးက ဘာလုပ်တာလဲ။ ဘိုးက အဲဒီရတနာပုံဆိုတဲ့ မြို့ကြီးမှာ စစ်သူကြီးလား။ ဘုရင်ကြီးလား။

ဝိုင်းအုံလာသော မေးခွန်းတွေကို ဘိုးဖြေဖို့ ပြင်ဆင်နေချိန်မှာ အိမ်ကြီးပေါ်က





ဘဘဦးခင်မောင်ပုရောက်လာလေသည်။

'ဖေဖေဘုရား ညဉ့်နက်လှပြီ၊ အိုဗာတင်းသောက်ချိန် ရောက်ပြီ၊ ဟဲ့‥ ကလေးတွေ၊ ဘိုးကိုဘာတွေ ကပ်မေးနေကြတာလဲ၊ ဖေဖေဘုရားကလဲ ကလေးတွေကို ကြပ်ကြပ်အလိုလိုက်နော်'

ဘိုးက ကွပ်ပျစ်ပေါ်မှ ခြေတွဲလောင်း ချထိုင်လိုက်သည်။

'ကိုင်း‥ မြေးတို့ အိမ်ကြီးပေါ် ပြန်တက်ရအောင်'

'ဟင်‥ ဘိုးက ဖြေဦးလေ'

'ဘုရားခန်း ဆင်ဝင်မှာ ဆက်ပြောမယ်၊ အဲဒီကျတော့ ပြောရုံတင်မကဘူး။ မြေးတို့ကို ပြစရာတွေလဲ ပြမယ် ဟုတ်ပြီလား'

ဘိုး၏ရှေ့နောက်ဝဲယာမှာ ကျွန်မတို့တစ်တွေ ပိုးပုရွက်အုံကြီးတစ်ခုလို ခြွင်းသိပ်တွဲခိုလျက် အိမ်ကြီးပေါ် တက်ခဲ့ကြလေသည်။

မေမေတို့က ဘိုးကို ကလေးတွေအလိုလိုက်လွန်းရမလား၊ ကျွန်မတို့ကိုလည်း ဘိုး အေးအေးဆေးဆေး မနေရအောင် ရှုပ်ရမလားဆိုပြီးဆူကြသည်။ ဘိုးကတော့ တဟားဟားရယ်လျက်။

'ဟော့‥ ခင်ခင်ကြည်ရဲ့၊ မင်းတို့ နားမလည်ပါဘူးကွ၊ ဒီကလေးတွေကြောင့် ငါမျက်စိပြန်မြင်လာပြီဆိုတာ မင်းတို့သိမှာမဟုတ်ပါဘူး၊ နေစမ်းပါစေ'ဟု ပြောသည်။ ဘိုးကို ကျွန်မကိုယ်တိုင် အိုဗာတင်းဖျော်တိုက်သည်။

ပြီးတော့ ထွေးခံကို ဆေးပေးသည်။ မပြီးသေးသော ဘိုး၏ပုံပြင်ကို စိတ်ဝင်စားနေကြသဖြင့် ကျွန်မတို့အားလုံး ညဉ့်စာကုလားပဲမုန့်ချောင်းကိုပင် တောင်းရန်မေ့နေကြတော့သည်။

'ကိုင်း‥'

အာလုတ်ကျင်းလျက် ထွေးခံထဲကို ထွေးထည့်လိုက်ပြီးနောက် ဘိုးက 'ကိုင်း'ဟု စကားစပြန်ဆက်သည်။ ကျွန်မစိတ်ထဲမှာတော့ ဘိုး၏ 'ကိုင်း'မှာ ဖွဲထွက်ခါနီး ပတ်မကြီးတီးလိုက်သလိုပင်။

'မောင်ဖေသန့်ရှိလား'

'ရှိပါတယ်ဘုရား'

'ကျွန်းသေတ္တာကြီးကို ဖွင့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



ဘိုး၏ အိပ်ရာဘေးမှာရှိသော ကျွန်းသေတ္တာကြီး။ ကျွန်မတို့အားလုံး အသက်ဝင်မရှုရဲကြဟု ထင်သည်။ ကျွန်းသေတ္တာကြီးထဲမှ နတ်သားနတ်သမီးတွေ ထွက်လာတော့မည်ဟုပင် ကျွန်မတွေးမိနေသည်။

'ဟိုဓာတ်ပုံထုတ်'

ဦးလေး ကိုဖေသန့်သည် ဘိုး၏အမိန့်ကို ရိုကျိုးစွာနာခံပေသည်။ အိမ်ကြီးမှာ တိတ်ဆိတ်နေသည်။ စပ်စုတတ်လွန်းသော ကလေးတွေလည်း ထူးဆန်းစွာပင် ငြိမ်သက်နေကြသည်။

ကျွန်းသေတ္တာကြီးထဲမှ ဦးလေးကိုဖေသန့် ထုတ်ယူလိုက်သောပစ္စည်းက ကျွန်မတို့အားလုံးကို ညှို့ထားသလို။

ပိုးကြိုးတွေဖြင့် စည်းနှောင်ထားသော ထိုအရာကိုကြည့်ရင်း ကျွန်မသည် ဘိုးအနားသို့ တိုးကပ်သွားမိသည်။ ဘိုးက ကျွန်မပခုံးကို ဖက်၍ထားသည်။

'သေသေချာချာဖြေနော် မောင်ဖေသန့်'

'ဟုတ်ကဲ့ပါ၊ ဖေဖေဘုရား'

ပိုးကြိုးတွေတစ်စစီဖြေနေပုံ၊ ပတ်ထားသော ကတ္တီပါအဝတ်စကို အသာအယာ ခွဲခွာနေပုံ၊ ပြီးတော့ အောက်မှပေါ်လာသော မှိုင်းကိုင်စက္ကူတွေကို တစ်လွှာချင်းယူနေပုံ။ ဦးလေးကိုဖေသန့်၏ လှုပ်ရှားမှုများမှာလည်း ညင်သာလွန်းလှသည်။ တယုတယ အခြောက်တန်းရှိလွန်းလှသည်။

နောက်ဆုံး မှိုင်းကိုင်စက္ကူတစ်ထပ်သာ ကျန်သောအခါ ဦးလေးကိုဖေသန့်က လက်နှစ်ဖက်ဖြင့် လှမ်းပေးသည်။

ဘိုး၏ဖြူသွယ်သော လက်ချောင်းကြီးများက မှိုင်းကိုင်စက္ကူကို သိမ်မွေ့စွာ ပွတ်သပ်နေပြီးမှ အသာအယာ ခွဲခွာလိုက်သည်။ ဂျပ်စက္ကူမောင့်တပ်ထားသော မှန်ပေါင်သွင်းထားသော ဓာတ်ပုံကြီးတစ်ချပ်။ မှန်ပေါင်သစ်သားမှာ ပန်းကနုတ်လေးတွေဖော်ထားပြီး ရွှေရောင်လေးတွေ တစ်စနှစ်စတွေ့ရသည်။

ဓာတ်ပုံကိုကိုင်ပြီး ဘိုးက သူ့ပါးပြင်မှာ ကပ်ထားသောကြောင့် ဘာဓာတ်ပုံမှန်း မသိရသေး။ ဘိုးကို ကြည့်ရသည်မှာ အလွန်အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာတစ်ခုကို ရှိုက်မက်စွာပွေ့ဖက်ထားသည့်အလားပင်။

ဘိုး၏အသံက လေးနက်စွာ ထွက်ပေါ်လာလေသည်။





'ဒီဓာတ်ပုံတွေပြပြီး ဒီအကြောင်းတွေ ပြောပြဖို့ အချိန်ကျပြီ၊ ငါ့မြေးတွေကို ငါကိုယ်တိုင် ပြောချင်ပြချင်လို့ သားသမီးတွေကို အသိမ်းခိုင်းထားရတယ်၊ ဘယ်သူမှ မပြောကြနဲ့ဦး၊ ငါကိုယ်တိုင် ပြောမယ်လို့မှာထားရတယ်'

'ဖေဖေဘုရားရဲ့အမိန့်အတိုင်း ကျွန်တော်တို့အားလုံး နာခံကြပါတယ်၊ ကလေးတွေကတော့ ကျွန်တော်တို့ကို တစ်မျိုးတစ်မည် ထင်ကြမလားမသိဘူး ဖေဖေဘုရား'

ဘဘဦးခင်မောင်ပုက ကျွန်မဘက်သို့ တစ်ချက်ငေ့ကြည့်ရင်း ပြောသည်။

တစ်ခဏချင်းမှာပင် အားလုံးလင်းသွားပြီ ဖြစ်လေသည်။ ကျွန်မနားလည်လိုက်လေပြီ။

ဘိုးအကြောင်းကို မေမေတို့၊ ဦးကြီး၊ ဒေါ်ကြီးတို့ လူကြီးတွေ လျှို့ဝှက်ထားတာမဟုတ်လား။

ကျွန်မဘာမှန်းမသိရသေးသော အကြောင်းအရာတစ်ခုခုကို ဘိုးသည် သူကိုယ်တိုင်ပြောမည်ဟု သူ့သားသမီးတွေကို 'အမိန့်'ထုတ်ထားခြင်းပင် ဖြစ်ချေသည်။ လူကြီးတွေမှာ သူတို့၏ 'ဖေဖေဘုရား'အမိန့်ကို ဦးထိပ်ရွက်နာခံကြသူများ ဖြစ်ချေသည်။

'ဟောဒီဓာတ်ပုံကို ကြည့်ကြ'

ကျွန်မတို့ တိုးဝှေ့နေဖို့မလို။ ဘိုးက သူ့ရင်ဘတ်ရှေ့မှာ ဓာတ်ပုံကို မြှောက်ပြလိုက်သည်။ အရပ်ရှည်သူ ဖြစ်သောကြောင့် တင်ပျဉ်ခွေထိုင်နေလျက်မှပင် ဘိုး၏ရင်ဘတ်မှာ ကပ်ပြထားသော ဓာတ်ပုံကို ကျွန်မတို့အားလုံး မြင်သာသည်။

ဓာတ်ပုံ။

ဓေးသားတွေမပြယ်သေး။ ထင်ရှားပြတ်သားဆဲ။

ခေါင်းပေါင်းတွေ၊ ဖောင်းတွေဆောင်းထားသည့် ဝန်ကြီးများကို တွေ့ရသည်။ ပန်းချီကားထဲမှာ ဓာတ်ပွဲထဲမှာ မြင်ဖူးသည့် အချွန်အတက်တွေနှင့် စစ်သူကြီးတွေလည်းပါသည်။ နှုတ်ခမ်းမွေးကားကားနှင့် မှူးမတ်တွေလည်း ပါသည်။

ထို့ပြင် သူတို့နှင့် ဘယ်လိုမှ အဝတ်အစားချင်းမတူသောလူတစ်စု။ ဦးထုပ်ဆောင်းဘီ၊ လည်ရှည်ဖိနပ်၊ သေနတ်ထမ်းလျက်၊ မုတ်ဆိတ်တဖားဖားဖြင့် စစ်သားကြီးတွေ။

နောက်ခံမြင်ကွင်းက ဟိုအဝေးကြီးဆီမှာ ရှိနေသောတိုက်အိမ်ကြီးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းထဲမှာ သစ်ပင်တွေတောတွေမရှိ။ တိုက်အိမ်ကြီးက ကုန်းမြင့်ကြီးတစ်ခုပေါ်မှာ။

'အဲဒါ ရတနာဂီရိမှာ ရိုက်ထားခဲ့တဲ့ဓာတ်ပုံပဲ'

ရတနာဂီရိ။ လှပသော တိုအမည်နှင့်အတူ ထူးဆန်းသော အခိုးအငွေ့များက ဘိုးကို ရစ်ပတ်ခြုံသိုင်းသွားသည်ဟု ကျွန်မထင်မိသည်။

'ဒုတိယတန်းက အစွန်ဆုံးမှာ ခေါင်းပေါင်းဖြူနဲ့၊ စလွယ်နဲ့ရပ်နေတာဟာ ဘိုးပဲ'

ကျွန်မ ရင်တထိတ်ထိတ်ခုန်နေသည်။

ဓာတ်ပုံကြီးက သူ၏ပေါင်ထဲသို့၊ သူ၏မျက်နှာပြင်ထဲသို့ ကျွန်မကိုဆွဲခေါ်သွားပြီး ကျွန်မပါဓာတ်ပုံထဲသို့ စုပ်ယူခံရသလို နစ်ဝင်ရောက်ရှိသွားပြီထင်သည်။

'မောင်ခင်မောင်ပု'

'ဟုတ်ကဲ့၊ ဖေဖေဘုရား'

'သေတ္တာထဲက ဟိုဟာတွေ ထုတ်လိုက်ပါဦး'

ဘိုး၏ကျွန်းသေတ္တာကြီးသည် မော်ဆရာကြီးတစ်ဦး၏ ထူးဆန်းသော သေတ္တာကြီးဖြစ်နေပေပြီ။ ဘဘ ဦးခင်မောင်ပုထုတ်ယူလိုက်သောပစ္စည်းကို ကျွန်မအအောတကော လှမ်းကြည့်လိုက်သည်။

'ဖြန့်လိုက်ပါ မောင်ခင်မောင်ပု'

နီညိုရောင်ကတ္တီပါအင်္ကျီရှည်ကြီး။ လက်အနားပတ်နှင့် လည်ပင်းအောက်အနားပတ်တွင် လက်တစ်ဝါးခန့် ပတ်လည်ရွှေကြယ်တွေစီ၊ ရွှေခြည်တွေထိုးထားသည်။

သည့်နောက်မှာတော့ ကျွန်းသေတ္တာကြီးသည် လှပဆန်းကြယ်သောအရာများကို တစ်ခုပြီးတစ်ခုထုတ်အန်နေတော့သည်။

ကြက်သွေးရောင် တောက်နေသော ကြက်တူရွေး နှုတ်သီးသဏ္ဌာန် ဖောင်းဦးထုပ်ကြီးတစ်ခု။ အသားပေါ်မှာ ကနုတ်တွေယှက်ဖော်ထားသည့် အဖြူရောင်အင်္ကျီရှည်ကြီးများ။

ရွှေရောင်ငွေရောင်တောက်နေသည့်ကြားမှပင် ထိုပစ္စည်းများဆီမှ ထူးဆန်းသောအလှတွေ ကြိုင်လှောင်သင်းပျံ့လာသည်။ ပရုတ်လုံးနံ့၊ စန္ဒကူးအမွှေးနံ့၊ အဟောင်းနံ့၊ ဆွဲဆောင်မှုကြီးမားလှသော အနံ့များ။

လျှို့ဝှက်ခြင်းကန့်လန့်ကာကြီးသည် ဂုဏ်ပစ္စာပွင့်ဟသွားလေသည်။ ကြီးမားကျယ်ပြန့်လှသော စာတ်ခုံကြီးထက်တွင် ဘိုးပြောပြသော ဇာတ်လမ်းကြီးသည် ထုထည်နက်ရှိုင်းလှစွာထွက်ပေါ်လာလေသည်။

အတိတ်ကာလသည် ရောင်စုံပြိုးပြက်သော နှောင်ကြိုးများဖြင့် ကျွန်မ၏နှလုံးသားကို ညင်သာစွာ ရစ်ပတ်ဆွဲငင်သွားတော့သည်။







www.burmeseclassic.com

www.burmeseclassic.com

၈။

'မင်းရဲသူရကျော်ထင်'ဟူသောဘွဲ့ကို ရရှိသည်အထိ လွှတ်တော်စာရေး မောင်ဘိုးတင်၏ဘဝခရီးမှာ ချောမောဖြောင့်ဖြူးခဲ့သည်။ ရတနာပုံရွှေမြို့တော်ကြီး၏ လွှတ်တော်ရုံးတွင် အမှုတော်ထမ်းရွက်နေရင်း ရိုးစင်းသော မင်းမှုထမ်းဘဝကို ဖြတ်သန်းခဲ့သည်။

ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်မှစ၍ အမှုထမ်းခဲ့ပြီး သီပေါမင်း လက်ထက် 'မင်းရဲသူရကျော်ထင်'ဘွဲ့ကို ရရှိလာသည်။ အမှုထမ်းကျေပွန်ခြင်း၊ ယဉ်ကျေးဖွယ်ရာခြင်း၊ သစ္စာစောင့်သိနိုးကြားခြင်း၊ ဥပဓိရုပ်သန့်ပြန့်ခြင်းတို့ကြောင့် မောင်ဘိုးတင်သည် လွှတ်တော်ရုံးတက် မှူးကြီးမတ်ကြီး၊ ဝန်ကြီးများ၏ မြှောက်စား ခြင်းခံရသူ ဖြစ်ခဲ့လေသည်။

ရွှေလွှတ်တော်မှတစ်ဆင့် အာဏာသက်ရောက်သော အမိန့်တော်များကို မှတ် သားခြင်း၊ ရေကူးခြင်း၊ အဆင့်ဆင့်ပွားခြင်းလုပ်ငန်းများကို မောင်ဘိုးတင်မွေလျော် သည်။ ရွှေနန်းတော်ရှိ ဘုရင်မင်းမြတ်နှင့်တကွသော မှူးကြီး၊ မတ်ကြီးများ၏အမိန့် ကို ပြည်သားပြည်သူတို့နှင့် ပေါင်းကူးဆက်သွယ်ပေးရသောလုပ်ငန်းအဖြစ် လွှတ်တော် စာရေးဘဝကို မောင်ဘိုးတင် ကျေနပ်နှစ်သက်လေသည်။

အမျိုးကိုချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်တို့သည် ကညစ်ကိုင် သော မောင်ဘိုးတင်၏လက်မှ ပေပုရပိုက်ပေါ်သို့ ကျရောက်လာသော လှပဝိုင်းစက် သည့်အက္ခရာများနှင့် အတူ တသွင်သွင်စီးယိုပွားများလျက်ရှိလေသည်။





သို့သော်..

ထိုလက်တို့ တုံ့ဆိုင်းသွားရသော တစ်နေ့သို့ ရောက်လာခဲ့သည်။

ရွှေနန်းတော်မှတစ်ခုသောအမိန့်ကို နေပြည်တော်တစ်ဝန်းသို့ ဖြန့်ပွားရေး သား ပို့ဆောင်ပေးရမည့်နေ့။

မောင်ဘိုးတင်၏လက်ချောင်းကလေးများကြားမှ ကညစ်သည် ရွှေလျားမရ တော့တဲ့ တုံ့ဆိုင်းနေသည်။ လှပဝိုင်းစက်နေကျ အက္ခရာများသည် ကွေ့ကွေ့ကောက် ကောက်ဖြင့် အရုပ်ဆိုးနေတော့မည်ဟု သိလိုက်သည်။

ထိုအမိန့်စာကို မောင်ဘိုးတင်ရေး၍မရ။

သို့သော် သစ္စာတော်ခံ အမှုထမ်းဘဝ။ အမိန့်အာဏာတည်ရမည့်အခြေ။ လွှတ်တော်ရုံးစာရေးတော် တစ်ယောက်အဖို့ ရွှေနန်းတော်၏အမိန့်ကိုသာ နာခံရပေ မည်။

'မခုခံနှင့်၊ ခုခံလျှင် သူပုန်'ဟူသော စာလုံးများ။

'ဒီတော့မှပဲ ဘိုး အရာအားလုံးကို သိခွင့်ရတော့တယ်။ ဒီအမိန့်ဟာ ရွှေနန်း တော်က အမိန့်၊ ကင်းဝန်မင်းကြီးရဲ့အမိန့်၊ မခုခံနှင့်တဲ့။ ခုခံလျှင် သူပုန်တဲ့။ ကိုယ့် ပြည်၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသထဲ ကျူးကျော်လာတဲ့ ရန်သူတွေကို ခုခံ တာဟာ သူပုန်တဲ့လား၊ ကိုယ့်အမျိုးကိုယ်ချစ်တာဟာ ရာဇဝတ်သင့်သတဲ့လား'

ဘိုး၏မေးခွန်းများ ထောင်တက်လာသည်ကို ကျွန်မတွေ့လိုက်ရလေသည်။

'အင်းဝနဲ့ စစ်ကိုင်း ခံတပ်အကြားမှာ ရှိတဲ့မြစ်ကျဉ်းရေကြောင်းတစ်လျှောက် မှာ တို့မြန်မာလှေတွေကို အသာကိုယ်ရောင်ဖျောက်ပြီး ဝှက်ထားကြတယ်၊ အဲဒီလှေ တွေမှာ နတ်ရှာစံ အိမ်ရှေ့စံကနောင်ကိုယ်တော်ကြီးလုပ်ခဲ့တဲ့ ရေမြှုပ်ဗုံးပေါင်းတွေ လည်း တပ်ဆင်ထားတယ်၊ ဟိုမျက်နှာဖြူသင်္ဘောတွေက ဆန်တက်လာကြမယ်လေ၊ သင်္ဘောတွေ မြစ်ကျဉ်းကိုအဖြတ်မှာ ဝှက်ထားတဲ့လှေတွေထုတ်၊ ရေမြှုပ်ဗုံးတွေကို ဖောက်ခွဲလိုက်ရုံပဲ၊ ဒါပေမဲ့ ခုခံလျှင် သူပုန်တဲ့လေ'

ရေမြှုပ်ဗုံးနှင့် အခြားလက်နက်များကို ရွှေနန်းတော်၏လွှတ်တော်ရုံး ကြေငြာ အမိန့်အရ သပြေတန်းခံတပ်သို့ အပ်နှံလိုက်ကြရသည်။ ထိုအခါ နယ်ချဲ့စစ်သင်္ဘော များသည် မန္တလေးနေပြည်တော်သို့ အဆီးအတားမဲ့ အေးအေးဆေးဆေးစွာပင် ဆန်တက် သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ခါမှ မကြားဖူးသောစကားလုံးသစ်တွေ။

နယ်ချဲ့၊ မျက်နှာဖြူ၊ အမျိုးကိုချစ်သောစိတ်၊ ဇာတိမာန်၊ ကင်းဝန်မင်းကြီး ထောအတွင်းဝန် ဦးဘိုးလှိုင်၊ တိုင်တားမင်းကြီး၊ ရေနံချောင်းမင်းကြီး၊ ကာနယ် စလေဒင်၊ မိုလ်ချုပ်ဖရင်ဒါဂတ်၊ အရှင်နှစ်ပါး၊ ဗိုလ်ရှည်၊ သူရိယသတင်းစာ၊ ကျွန်ခြင်း၊ ပါတော်မူခြင်း။

လှိုင်းထန်သော ရေပြင်ကျယ်ကြီးတွင် ဘိုးသည် ကျွန်မတို့ကို ကြီးမားသော လှေကြီးထက်မှာတင်ဆောင်ကာ အားကောင်းစွာ လှော်ခတ်လျက်။

ဘိုး၏မျက်လုံးများကို အကောင်းပကတိအတိုင်း မြင်ချင်စမ်းပါဘိတော့သည်။ ထိုစကားတွေကို ပြောနေချိန်တွင် ဘိုး၏မျက်လုံးများမှ အရောင်မျိုးစုံကွန့်မြူးတောက်လောင်နေချေသည်။

'ရရာလက်နက်ဆွဲပြီး နယ်ချဲ့ကို ပြန်ချဖို့ အဖွဲ့လေးတွေစုမိကြတယ်။ ဘိုးလည်း အဖွဲ့တစ်ဖွဲ့ထဲဝင်လိုက်တယ်၊ ဘိုး ကညစ်ကလောင်မကိုင်တော့ဘူး၊ ဓားကိုင်တယ်၊ သေနတ်ကိုင်တယ်၊ လွှတ်တော်စာရေး မင်းရဲညွှန့်ရကျော်ထင်ဘွဲ့ကို အသာဘေးဖယ်ထားလိုက်တယ်၊ ပေပေါ်မှာ ပုရပိုက်ပေါ်မှာ အက္ခရာလှလှလေးတွေရေးဖို့ထက် ရန်သူ့နှလုံးသားတည့်တည့်ကို ဘယ်လိုကျည်ပစ်သွင်းရမယ်ဆိုတာကိုပဲ ဘိုး စိတ်ဝင်စားတော့တယ်'

ဘိုး၏ဖြူဝင်းသောမျက်နှာမှာ သွေးရောင်သမ်းနေတော့သည်။ ကလေးတွေဆီမှ သက်ပြင်းရှိုက်သံ၊ သက်မချသံများကြားရသည်။ ကျွန်မကတော့ အသက်ပင်ရှူမှရှူမိလေသလားမသိ။

'နာမည်တော့ ထုတ်မပြောချင်တော့ပါဘူးကွယ်၊ လွှတ်တော်ရုံးက ဝန်ကြီးတစ်ပါးပဲဆိုပါတော့၊ သူက တစ်နေ့တော့ ဘိုးကို ပြောလာတယ်၊ ကာနယ်စလေဒင်က အရင်လွှတ်ရုံးအမှုတော်ထမ်းတွေ ရာထူးမပျက်၊ လစာမပျက်ဘဲ ဆက်ပြီး အမှုထမ်းကြပါလို့ ပြောတဲ့အကြောင်း၊ သူတို့လက်အောက်မှာ ဆက်အမှုထမ်းလိုသူတွေကို စာရင်းလိုက်ကောက်နေတဲ့အကြောင်း'

ဘိုး ဘာလုပ်မည်ကို ကျွန်မသိပြီးနေပြီ။ သို့သော် ဘိုးပြောသောစကားကို ကြားချင်သေးသည်။

'ဘိုး မိုက်မိုက်ရိုင်းရိုင်းပဲ ချက်ချင်းပြန်ပြောလိုက်တယ်၊ အဲဒီဝန်ကြီးကိုသော





ခင်ဗျားပတွေးလက်အောက်မှာ ခင်ဗျားပဲ ဆက်လုပ်၊ ကျုပ်ကတော့ ဒီအလုပ်လည်း မလုပ်ဘူး၊ ဒီမြို့တော်မှာလည်း မနေဘူးလို့'

ကျွန်မထင်ထားတာထက်ပင် ဘိုးက စူးစူးရဲရဲ ရှိနေလေသည်။

'ဒီတော့ အဲဒီပုဂ္ဂိုလ်ကလာသေးတယ်၊ အခုအချိန်မှာ ပါတော်မူကိစ္စအတွက် အားလုံးစိတ်ထိခိုက်နေကြတာကို သဘောပေါက်ပါတယ်တဲ့၊ စိတ်လိုက်မာန်ပါပြောတာကိုလဲ ခွင့်လွှတ်ပါတယ်တဲ့၊ ဒါတင်ဘယ်ကမလဲ၊ သင်းကပြောသေးသေး၊ အခုနေတော့ ရှိပါစေတဲ့၊ နောင်သွေးအေးအေးနဲ့ စဉ်းစားပြီးအမှုထမ်းဖို့ စိတ်ပါကောင်းပါမှာပါတဲ့၊ အဲဒီတော့မှ အခက်အခဲမဖြစ်ရအောင် ဒါလေးဆောင်ထားပါဆိုပြီး..'

အုပ်ချုပ်ရေးလူကြီးများကိုပြရန် ထောက်ခံစာလက်မှတ်တစ်ခုကို ဘိုးအား ပေးသည်ဟုဆိုသည်။ မောင်ဘိုးတင်သည် လုံ့လဝီရိယရှိ၍ ကျေပွန်စွာအမှုတော်ထမ်းနိုင်သူဖြစ်ကြောင်း၊ မြန်မာရေးရာများ၌ နှံ့စပ်ကျွမ်းကျင်သူ စာရေးတော်ဖြစ်ကြောင်း။

'ဒီလက်မှတ်ကိုပြရင် အလုပ်ကောင်းကောင်း ငွေများများရမယ်တဲ့လေ ပြောတဲ့ ကော..'

ဘိုး ပြုံးလေသည်။

'ဘိုးက ဘာမှမပြောတော့ဘူးလေ၊ သူ့ရှေ့မှာပဲ သူ့စာရွက်ကို ဆွဲဆုတ်ပစ်လိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com

၉။

တော်လှန်ဖီဆန်မည့်သူများကို အစိုးရဘက်သားများက စုံစမ်းဖော်ထုတ်နေကြလေပြီ။ ဘိုး မန္တလေးတွင် နေလို့မဖြစ်တော့။ လှည်းတစ်စီးစာအိုးခွက် အဝတ်အထည်နှင့်၊ စုဆောင်းထားသမျှ ရွှေငွေလေးများကို တင်ပြီး မြစ်သားမြို့ရှိ နှမထံသို့ ထွက်ပြေးတိမ်းရှောင်နေရတော့သည်။

မြစ်သားတွင် အခြေစိုက်ရင်း ဘိုးရှမ်းပြည်ဘက်တက်၍ စုံစမ်းသည်။ အဆက်အသွယ်ရှာသည်။ လှုစုသည်။ ပြောက်ကျားတိုက်ပွဲကလေးများ ဆင်နွှဲရသည်။ သို့သော် ထိရောက်မှုမရှိ။ အမျိုးကို ချစ်သော သူပုန်တပ်ဖွဲ့ငယ်များသည် စုစုစည်းစည်းမရှိဘဲ ကျဲပြန့်နေသည်။ ရံခါဖြစ်ပွားသော တိုက်ပွဲများတွင်လည်း နယ်ချဲ့အစိုးရ၏ နှိမ်နင်းမှုအောက်တွင် ကစဉ့်ကလျား ဖြစ်သွားကြသည်။

'ခုနစ်နှစ်ကြာသွားတယ်'

အပြင်ထွက်လိုက်၊ မြစ်သားမှာ ပြန်ခိုလိုက်ဖြင့် ထိုခုနစ်နှစ်သည် ဘိုးအတွက် လောကငရဲခရီးကြမ်းကာလများပင်ဖြစ်လေသည်။

'နောက်ဆုံးတော့ နေပြည်တော်တက်ပြီး စနည်းနာဦးမှပဲဆိုပြီး၊ ဘိုး ထွက်လာခဲ့တယ်၊ နောက်ဆုံး မျှော်လင့်ချက်နဲ့ပေါ့ကွယ်။ တစ်ယောက်တစ်ဖွဲ့ပဲ တွေ့တွေ့ အဆက်အသွယ်လုပ်ပြီး လှို့ဝှက်လှုပ်ရှားမယ်ပေါ့၊ ဒါပေမဲ့ နေပြည်တော်မှာက--

ဘိုး အရှုပ်ကြိုးပြတ်လဲရကိန်း ကြုံလေတော့သည်။





'ဘိုး သိပ်အထင်ကြီးခဲ့တဲ့လူတွေဟာ နေပြည်တော်မှာ ရာထူးအသစ်တွေနဲ့လေ၊ အရာရှိကြီးတွေ၊ မင်းကြီးတွေဖြစ်လို့၊ သခင်ဟောင်းကိုမေ့၊ သခင်သစ်ထံမှာ ခြေသလုံးဖက်ပြီး မွေ့လို့၊ အဆီတွေယစ်လို့၊ သားမယားတွေက ကောင်းစားလို့--တောက်'

အသက် ကိုးဆယ်နီးပါးအဘိုးကြီးတစ်ဦး၏ တောက်ခေါက်သံကား မြည်လွန်းလေစွ။

'အရင်က ဘိုးနဲ့အတူလုပ်ဖော်ကိုင်ဖက်တွေ၊ စိတ်ဓာတ်ပြင်းပြတဲ့သူတွေလည်း တစ်ယောက်မှ မရှိကြတော့ဘူး၊ သေတဲ့သူသေ၊ ပျောက်တဲ့သူပျောက်နဲ့ ဘယ်ရွာဘယ်တောရောက်မှန်းမသိ၊ နေပြည်တော်ကြီးဟာ ဘိုးအတွက် တစ်ခါမှမရောက်ဖူးတဲ့ တိုင်းပြည်သစ်ကြီးလို ဖြစ်နေတော့တယ်'

'အဲဒီတော့ ဘိုး ဘာလုပ်သလဲဟင်'

'ရှိတဲ့အတွင်းပစ္စည်းလေးတွေလည်း ကုန်ပြီလေ၊ မင်းတို့ဘွားဘွားခများလည်း ခေတ်ပျက်ထဲမှာ ပြေးရလွှားရပုန်းရနဲ့ဆိုတော့ ဘာမှမလုပ်တတ်ရှာဘူး၊ ဒါပေမဲ့ သူက ကတော်ဖြစ်ချင်တဲ့သူမဟုတ်ဘူး၊ ဒီတော့ ဘိုးတို့ဟာ မြစ်သားမှာပဲ အခြေချလို့ရ၊ နေပြည်တော်ဆိုတာကလည်း တစ်စက်ကလေးမှ ခြေချချင်စရာမရှိတော့လို့ ဘိုးတို့ မိတ္ထီလာကို ပြောင်းခဲ့ကြတော့ပါ'

'မိတ္ထီလာမှာ ဘယ်သူရှိလို့လဲ ဘိုး'

'ဘယ်သူမှမရှိလို့ပေါ့၊ ကိုယ့်ကိုလည်း ဘယ်သူမှမသိ၊ ကိုယ်ကလည်း ဘယ်သူ့ကိုမှမသိတဲ့ တကယ့်သူစိမ်းနေရာလေ'

'မိတ္ထီလာကျတော့ ဘိုး ဘာလုပ်သလဲ'

'ဈေးခေါင်းအလုပ်'

ခပ်ပြတ်ပြတ်ပင် ဘိုးဖြေသည်။ ဈေးခေါင်းအလုပ် ဘယ်လောက်ပင်ပန်းကြောင်းကို ကျွန်မသိသည်။ မလှိုင်မြို့ထဲမှ ဈေးခေါင်းတွေကို ကျွန်မမြင်ဖူးသည်။

'ဘိုး ကြိုးစားပြီး လုပ်တယ်၊ မိတ္ထီလာဈေးဟာ ဘိုးဈေးခေါင်းလုပ်ပြီးမှ ပြီး စည်ကားလာတယ်၊ ဈေးကြီးလဲ ပိုသန့်ရှင်းလာတယ်၊ ဒါကို အထက်လူကြီးတွေက သဘောကျလို့ မလှိုင်ကိုလည်း မိတ္ထီလာလို ငါးရက်တစ်ဈေး ဈေးကြီးဖြစ်အောင် လုပ်ပေးပါ ပြောကြတာနဲ့ မလှိုင်မှာ ရွှေ့ပြောင်းလုပ်ပေးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မလှိုင်နှင့် မိတ္တီလာတွင် ကျွန်မတို့ မိသားစုကြီးဘာကြောင့် လူသိများပြီး လူချစ်လူခင်ပေါနေကြောင်းကို ယခုမှပင် ကျွန်မသဘောပေါက်ရလေသည်။

'သမီး အေးလေး၊ ဘိုးကို အိုဗာတင်းတစ်ခွက် ဖျော်ပေးဦး'

'ဟင်..ဖေဖေဘုရား ထပ်သောက်ဦးမယ်လား၊ ညဥ့်နက်လာပြီနော်'

'ငါ သိပါတယ် မောင်ဖေသန့်ရယ်၊ ငါ ကလေးတွေကို ဒီစကားတွေပြောဖို့ ဒီလိုညမျိုးကို စောင့်ခဲ့တာ ကြာပါပြီ'

ကျွန်မ ဖျော်ပေးသော အိုဗာတင်းကို ဘိုးတစ်ကျိုက်သောက်အပြီးတွင် ဘိုး စကားဆက်လေသည်။

'ငါ့မြေးများ-စောစောက ကြည့်ခဲ့တဲ့ ဓာတ်ပုံနဲ့ ပစ္စည်းတွေအကြောင်း ဘိုး ပြောမလို့'

လှပခမ်းနားသော ဓာတ်ထုပ်ကြီးထဲတွင် နောက်ထပ်စိတ်နှလုံး လှုပ်ရှား ထိခိုက်စရာ ဓာတ်ကွက်တစ်ခုပေါ်လာဦးတော့မည်။ ဝေဒနာပေါင်းစုံဖြင့် ရိုက်ခတ်နေ သော ကျွန်မ၏နှလုံးအိမ်သည် ဘိုး၏စကားကို အစွင့်သားဆီးကြိုနေမိတော့သည်။

'ရတနာဂီရိအကြောင်းပဲ ငါ့မြေး'

သာ။

ရတနာဂီရိ။ လှပသော ထိုအမည်နောက်ကွယ်တွင် တည်ရှိနေသော ဖြစ်ရပ် များကား ကျွန်မတို့၏ရင်နှင့်ပင်မဆံ့ချင်တော့။

'အရှင်နှစ်ပါး အကျယ်ချုပ်နဲ့ စံနေရတဲ့ ရတနာဂီရိဆိုတာ ဟိုးအဝေးကြီးမှာ၊ ပင်လယ်ပြင်ကြီးရဲ့ ဟိုဘက်မှာ၊ အခြားတိုင်းပြည်တစ်ပြည်ရဲ့ ပင်လယ်ကမ်းစပ်က အုန်းတောကြီးတွေထူထပ်စွာ ပေါက်ရောက်နေတဲ့ မြို့ငယ်လေး။ နယ်ချဲ့က အရှင် နှစ်ပါးကို ခေါ်သွားပြီး အဲဒီရတနာဂီရိမှာ ထားတယ်'

'ဘိုးက ရတနာဂီရိကို ဘယ်လိုလုပ် ရောက်သွားတာလဲဟင်'

ကျွန်မ၏ ဆံပင်အုပ်လုံးကို ဘိုးက အသာအယာပွတ်သပ်လျက်။

'ရတနာဂီရိစံအိမ်တော်မှာ အရှင်နှစ်ပါးရဲ့ သမီးတော်လေးတွေ နားထွင်း မင်္ဂလာဆင်ယင်မယ်လို့ စီစဥ်ကြတယ်။ ဒီပွဲမှာ မြန်မာပြည်က သစ္စာတော်ရှိမင်းမှူး မတ်တွေ၊ စိတ်ချရတဲ့ လူယုံတွေ၊ အရှင်နှစ်ပါး သံယောဇဥ်ရှိတဲ့ ကျေးကျွန်တွေကို ရောက်ဖို့ အကြောင်းကြားစာ ရောက်လာတယ်၊ နေပြည်တော်မှာရှိနေတဲ့ ဘိုး အထက်က လွှတ်ရုံး ဝန်ထောက်မင်းကိုယ်တိုင် မလှိုင်ကိုရောက်လာပြီး ဘိုးကို ရတနာဂီရိလိုက်ခဲ့ဖို့ ခေါ်တာပဲ'

'ဘိုး သိပ်ဝမ်းသာသွားမှာပဲနော်'

'ဘယ်ပြောကောင်းမလဲ မြေးရယ်၊ ဒီတစ်သက်တော့ဖြင့် ပြန်မတွေ့တော့ဘူး ထင်တဲ့ ကိုယ့်အရှင်သခင်တွေမဟုတ်လား၊ ရှင်ကွဲကနေ သေကွဲကွဲရတော့မယ့်

www.burmeseclassic.com



ထွဲထွာခြင်း မဟုတ်လား၊ အခုလို နာမည်နဲ့စာရင်းကောက်ပြီး ဆင့်ဆိုခေါ်ယူတော့ ဘိုး ဝမ်းသာအားရစာရင်းပေးလိုက်တာပေါ့'

ဘိုး မန္တလေးသို့သွားရပြန်သည်။ ရတနာဂီရိမှ သီပေါဘုရင်စေလွှတ်လိုက်သော အပါးတော်မြဲ ဦးစံရွှေနှင့် တွေ့ဆုံရသည်။

လေှသင်းအတွင်းဝန်မင်း၊ ရွှေတိုက်အတွင်းဝန်မင်းတို့မှာ ကွယ်လွန်ခဲ့ကြပြီ။ ထို့ကြောင့် ဝက်မစွတ်ဝန်ထောက်မင်းနှင့် တိုင်ပင်ကြရသည်။

ရှေးထုံးစဉ်လာအတိုင်း ဘုရင့်သမီးတော်များ နားထွင်းမင်္ဂလာတွင် ပါဝင်ရမည့် အစီအမံများ အဆောင်အယောင်အခင်းအကျင်းများကို ချမှတ်ကြသည်။ တွက်ချက်၍ စာရင်းလုပ်ကြရသည်။

'ဘိုးဟာ လွှတ်တော်စာရေး မင်းရဲသူရကျော်ထင်ဘဝပြန်ရောက်သွားတယ်။ အခမ်းအနားအတွက် အသေးစိတ် စီစဉ်ကြ၊ တွက်ချက်ကြနဲ့၊ ဒါတွေဟာ လွှတ်ရုံးတော်မှာတုန်းက ဘိုး ကျွမ်းကျင်ခဲ့တဲ့ စာရင်းဇယားတွေ အလုပ်တွေပေါ့'

သမီးတော်လေးပါးအတွက် နားထွင်းမင်္ဂလာအစုစုစရိတ်ငွေတော်မှာ ငါးသိန်းခွဲ ကုန်ကျမည်ဖြစ်ကြောင်း၊ ဘိုးတို့တစ်တွေ ရက်ပေါင်းများစွာ တွက်ချက်ပြီး စာရင်းပေါ် လာလေသည်။

'ဒီလိုကိစ္စမျိုးမှာ ဝက်မစွတ်ဝန်ထောက်မင်းဟာ အတွေ့ကျွမ်းကျင်တာကလား မင်းခမ်းမင်းနားသဘင်တွေအကြောင်းကို ဝက်မစွတ်မင်းကြီးက အသေးစိတ်သိတယ်။ ခေတ်ပုံထဲမှာ ရှေ့တန်းက အစွန်မှာရပ်နေတာ ဝက်မစွတ်ဝန်ထောက်မင်းပေါ့'

ခေတ်ပုံကြီးကို ကျွန်မမြတ်နိုးစွာ လှမ်းကြည့်မိပြန်သည်။

'အဲဒီတုန်းက ဆိုင်းဆရာ စိန်ဗေဒါနဲ့ အငြိမ့်မင်းသမီးမထွေးလေးတို့လည်း ပါလာကြတယ်၊ မင်းသားခင်မောင်လတ်နဲ့ အမတ်နှစ်ဆယ်ကျော်လည်း ပါလာတယ်။ ရတနာဂီရိက နားထွင်းမင်္ဂလာပွဲဟာ အရှင်နှစ်ပါးအတွက်ရော ဘိုးတို့မြန်မာပြည်က သွားကြတဲ့ အမှုတော်ထမ်းတွေအတွက်ရော ရင်ဆို့စရာပွဲကြီးပါကွယ်'

'ဘိုး အဲဒီရတနာဂီရိက ဘယ်လိုနေလဲဟင်'

'ကိုယ့်တိုင်းပြည် ကိုယ့်စိတ်နဲ့ လွမ်းရဖို့အတွက် ပင်လယ်ကမ်းစပ်ကနေ တစ်မျှော်တစ်ခေါ်ကြီး ငေးကြည့်ရတဲ့ ပင်လယ်ကမ်းခြေဟာ ဘယ်လိုနေရာမျိုး ဖြစ်မလဲ ငါ့မြေး တွေးကြည့်တော့လေ'





ရင်နှင့်အပြည့် ဆို့နစ်နေသော အဖြေစကားပင် ဖြစ်လေသည်။

'နားထွင်းမင်္ဂလာပွဲအပြီးမှာ ရတနာဂီရိစံအိမ်တော်ရှေ့မှာပဲ ခေတ်ပုံရိုက်ကြတယ်။ မြန်မာပြည်ပြန်ရောက်ရင် အလွမ်းပြေကြည့်ဖို့ အမှတ်တရခေတ်ပုံရိုက်ပါရစေလို့ သီပေါအရှင်ကို ဘိုးတို့က ခွင့်တောင်းကြတော့ အရှင်က ဘာပြောတယ် မှတ်သလဲ'

ဘိုး ပင့်သက်ရှိုက်သည်။

'ငါ အလွမ်းပြေကြည့်ဖို့ မင်းတို့ကို ခေတ်ပုံရိုက်ချင်တယ်ဆိုတာကို ငါက အရင်ပြောမလို့တဲ့'

ကျွန်မနှင့် အလှမ်းဝေးကွာလှသော အရှင်သီပေါမင်း၏နှလုံးသားကို ကျွန်မ နီးကပ်စွာ တွေ့မြင်လိုက်ရလေသည်။

'ဘိုး ရတနာဂီရိက ပြန်လာတော့ ငိုသေးလားဟင်'

ကလေးတစ်ယောက်ယောက်က မေးလိုက်ခြင်း ဖြစ်သည်။

ဘိုးက ကောက်ကာငင်ကာ ဖြေသည်။

'ငိုလို့မှမရတော့ဘောကလား ငါ့မြေးရဲ့'

ဘိုး၏စကားလုံးများက ကျွန်မတို့ကို မြင့်မားသီခေါင်ကောင်းကင်များအထိ ဆွဲခေါ်နေကြသည်။

ကျွန်မတို့သည် ဆော့ဖို့၊ စားဖို့နှင့် အိပ်ဖို့သာ သိကြသည့်ကလေးများဖြစ်ကြ သော်လည်း ဘိုး၏စကားလုံးတွေကို နားလည်သဘောပေါက်နိုင်ဖို့ ထူးဆန်းသော အငွေ့တစ်မျိုးက ကျွန်မတို့ကို ထွေးပွေ့ထားကြသည့်နှယ်ပင်။

'မပြန်ခင်တစ်ရက်မှာ အရှင်သီပေါက ဘိုးကို သီးခြားခေါ်ပြီး မေးသေးတယ်၊ ရတနာဂီရိမှာနေပြီး အပါးတော်မှာ ခစားမလားတဲ့'

ဘိုး၏အဖြေကို ကျွန်မကြိုသိနှင့်လိုက်သည်။

'ဖနီးနှင့် သားသမီးတာဝန်များ ရှိနေပါတယ် ဘုရား။ အခုပြန်လိုက်သွားပြီး မိသားစုကိုခေါ်ပြီး ပြန်လာနေပါမယ်ဘုရားလို့ ဘိုးက လျှောက်လိုက်တော့ အရှင် ဟာ မျက်ရည်တွေလည်လို့'

'ဘိုး ဘာကြောင့် ပြန်မသွားတာလဲဟင်'

'ဘိုးတို့ ရတနာဂီရိက ပြန်လာတယ်၊ မြန်မာပြည်ရောက်တော့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကို ပြောပြပြီး အသင့်စောင့်နေခဲ့တယ်လေ။ လေးလကျော်ကျော်လောက် နေတော့ ရတနာဂီရိကအကြောင်းကြားတယ်၊ ခရီးစရိတ် ငွေသုံးထောင်တင်ပို့လိုက်ပြီတဲ့'

ငွေသုံးထောင်တင်ပို့လိုက်ကြောင်းကို ရန်ကုန်မှတစ်ဆင့် မန္တလေး၊ မိတ္ထီလာသို့ သတင်းရောက်လာသည်။

မိတ္ထီလာစာတိုက်တွင် ငွေတွေရောက်လာပြီဟုလည်း ကြားရသည်။

သို့သော်..

'အစိုးရအရေးပိုင်တွေနဲ့ နော်က်လိုက်တွေက အဲဒီငွေတွေကို ထုတ်ယူခွင့်မပြုဘူးလေ၊ ငွေထုတ်ခွင့်မပြုတဲ့အပြင် ဘိုးကို ခဏခဏ ခေါ်စစ်တယ်၊ ရတနာဂီရိကို သွားမှာဟုတ်ရဲ့လား၊ ဟိုမှာ ဘယ်သူတွေနဲ့ ဆက်သွယ်သလဲ၊ လက်နက်တွေ ဝယ်မလို့လား၊ ရှမ်းပြည်နယ်စပ်မှာ ပါတော်မူပြီးခါစက သူပုန်တပ်ဖွဲ့ခဲ့တယ်ဆိုတာ ဟုတ်သလား၊ အမျိုးစုံပါပဲကွာ၊ အဲဒီအချိန်က စပြီး ဘိုးဟာ ကောင်းကောင်းမနေရတော့ဘူး၊ ခဏခဏခေါ်စစ်လိုက်။ အကြောင်းမရှိဘဲ စစ်ဆေးရင်းခေါ်ထားလိုက်နဲ့ ဘိုးလည်း အလုပ်ပျက်၊ အကိုင်ပျက်၊ မိသားစုလည်း တထိတ်ထိတ် တလန့်လန့် နေကြရတော့တယ်'

'ဟို.. ငွေသုံးထောင်ကောဟင်'

'လုံးဝ ထုတ်ခွင့်မရတော့ဘူးလေ'

ကျွန်မ လက်ဖဝါးများ နာကျင်လာသောကြောင့် ငုံ့ကြည့်လိုက်ရာ လက်သီး ဆုပ်ထားမိသည်ကို တွေ့ရလေသည်။

'နောက်ဆုံးတော့ ဘိုး မိတ္ထီလာမှာကော မလှိုင်မှာပါ နေလို့မရတော့ဘူးလေ အမှုဆင်ပြီး ဘိုးကို တစ်ခုခုလုပ်ဖို့ သူတို့ပြင်ဆင်နေကြပြီဆိုတာ သိလာရကတည်း ဒီလိုနဲ့ပဲ မင်းတို့ဘွားဘွားနဲ့ သားကြီးသမီးကြီးတွေ့ရဲ့ ဒုက္ခကို ထောက်ထားပြီး ဘိုးဟာမောင်ကြီးကိုခေါ် ဇာတ်မြှုပ်ပုန်းရှောင်နေလိုက်ရတော့တယ်'

မောင်ကြီးဆိုသည်မှာ ဘိုး၏သားအကြီးဆုံး။ ဘိုးရောက်လာသည့်နေ့က ထွဲခေါ်လာသော ဦးပဉ္စင်းကြီးဖြစ်သည်။

'မောင်ကြီးနဲ့အတူ သားအဖနှစ်ယောက် အောက်ပြည်အောက်ရွာ ဖားလှည့်လေးသွားပြီး အဲဒီမှာပဲ ဘိုးတို့ သင်္ကန်းဝတ်လိုက်ကြတယ်'





'ဒါဆိုရင် ဘိုး ဟိုဒင်း'

ကျွန်မ မေးမည့်စကားကို ကျွန်မဘာသာ အထိတ်တလန့် ရပ်ပစ်လိုက်မိသည်။ ကျွန်မနှုတ်မှ မထွက်ရက်။

သို့သော် ဘိုးက သိနှင့်နေပြီ။

'ဟိုပြေးရ၊ ဒီရှောင်ရ၊ စိတ်ဒုက္ခကလည်း ရောက်၊ လူကလည်း ရာဇဝတ်သားလိုလို၊ တရားခံပြေးလိုလို ဖြစ်နေတော့ ခရီးပန်းတာတွေရယ်၊ စိတ်ထိခိုက်တာတွေရယ် စုပြုံပြီး အပြင်းဖျားရာကနေ ဆေးဝါးကလည်း ကောင်းကောင်းမကုရတော့ ဘိုးမျက်စိ ကွယ်သွားတယ်လေ'

ဘိုး၏မျက်ကွင်းညိုကြီးများကို ကျွန်မ ငေးကြည့်နေမိသည်။

ဘိုးက တစ်လုံးချင်း ဖြည်းလေးစွာ ဆက်ပြောသည်။

'အမှန်ကတော့ ကိုယ့်အရှင်၊ ကိုယ့်သခင်၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အစစ်ကို မျက်လုံးတွေက မြင်ခွင့်မှမရတော့တာ၊ ဖောက်ပြန်ပျက်စီးနေတဲ့ သစ္စာဖောက်တွေနဲ့ ပြည့်နေတဲ့ လောကကြီးကို မြင်နေရတာ အလကားပဲဆိုပြီး မျက်စိတွေက သူတို့ဘာသာသူတို့ အလင်းခေတ်ရပ်သိမ်းကွယ်ပျောက်ပစ်လိုက်ကြတာပါပဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com

၁၁။

'တစ်နှစ်တည်းလား ဘိုးရယ်'

ဘိုး ကျွန်မတို့ဆီရောက်လာပြီး မလှိုင်မြို့ဈေး တောင်ဘက်အိမ်ကြီးရဲ့ အိမ်ဦးခန်း ဘုရားစင်ရှေ့မှာ ဘိုးနေသွားတာဟာ တစ်နှစ်တည်းတဲ့လား။

၁၂၉၅ ခု ဝါဆိုလပြည့်နေ့ မနက်ခြောက်နာရီမှာ ဘိုးဟာ..

လူ့လောကမှာ အနှစ်ကိုးဆယ်ကြာ နေထိုင်သွားခဲ့တဲ့ ဘိုးဟာ ဘာကြောင့်များ သမီးအေးလေးတို့ဆီမှာ နောက်ဆုံးတစ်နှစ်တည်း နေသွားခဲ့ရတာလဲ။

အို.. ဒါပေမဲ့ အဲဒီတစ်နှစ်ဆိုတဲ့ ကာလအတွင်းမှာပဲ ဘိုးဟာ ကိုယ်တိုင်မျက်စိကွယ်နေရင်းကနေ ကျွန်မတို့ကို အလင်းတံခါးတွေ ဖွင့်ပေးသွားခဲ့တယ်နော်..။

ရတနာဂီရိမှာ ရိုက်ခဲ့တဲ့ဓာတ်ပုံကို အခုထိ သမီးအေးလေးဟာ ခေါင်းရင်းမှာ ချိတ်ဆွဲထားလျက်ပါ ဘိုး။ လာသမျှလူတွေကိုလဲ အဲဒီဓာတ်ပုံပြပြီး ဘိုးအကြောင်းတွေ၊ ဘိုးနဲ့ဆက်စပ်နေတဲ့အဖြစ်သနစ်တွေကို သမီးအေးလေး ပြောပြနေပါတယ်။

ပြီးတော့လည်း ဘိုးရဲ့မြေးပီပီ ကျွန်မဟာလေ ဘိုးရဲ့မြစ်တွေ၊ သူတို့ကနေ ပေါက်ဖွားဆင်းသက်ဦးမယ့် သားစဉ်မြေးဆက်အဆက်ဆက်ကိုလည်း ဒီအကြောင်းတွေကို လက်ဆင့်ကမ်းနိုင်းဦးမှာပါ။

ဘိုးရဲ့ ကျွန်းသေတ္တာကြီးထဲက ပေါင်းနဲ့ ကတ္တီပါသိုရင်းတွေ၊ ခါသာပိတ်မြ အင်္ကျီတွေကိုတော့ ၁၉၇၄ ခုနှစ်ကပဲ မန္တလေးယဉ်ကျေးမှုပြတိုက်က အလှူခံလို့ ကျွန်မတို့လှူခဲ့ပါပြီ။

မလှိုင်အရှေ့ဘက် လယ်ကွင်းထဲမှာ ဘိုးရဲ့ရှာပနကို ကျင်းပပြီး ဘိုးရဲ့ရုပ်ကလာပ်ကို မီးသဂြိုဟ်၊ အရိုးပြာတွေကို ကောက်၊ ဓာတ်တော် ဌာပနာပြီးတော့ ရုပ်ပွားတော်ဆယ်ဆူ ထုလုပ်ခဲ့တဲ့အကြောင်း၊ အဲ့ဒီ ရုပ်ပွားတော်ဆယ်ဆူကို ဘိုးရဲ့ သားသမီးဆယ်ယောက်က တစ်ဆူစီကိုးကွယ်ကြတဲ့အကြောင်းကိုလည်း သုဂတိဘုံမှာ ရှိနေမယ့် ဘိုး သိပါစေ။





ဘိုးရဲ့သားကြီး ဦးပဉ္စင်းမောင်ကြီးကတော့ သက်န်းဝတ်နဲ့ပဲ ပျံလွန်တော်မူခဲ့ပါတယ်၊ ဘိုးရဲ့သမီးအငယ်ဆုံး နှစ်ယောက်ဖြစ်တဲ့ ဒေါ်ခင်ဆွေက ရှစ်ဆယ့်ငါးနှစ်၊ ဒေါ်သွင်မေက အခုအသက်ရှစ်ဆယ်ကျော်အရွယ် အပျိုကြီးတွေဘဝနဲ့ ဘိုးချစ်တဲ့ မန္တလေးရွှေလုံ့ရပ်မှာ နေထိုင်ကြဆဲပါဘိုး။

ဘိုးအချစ်ဆုံးဆိုတဲ့ ကျွန်မ မလှအေး၊ အေးလေးကတော့လေ ဘိုး ဈေးခေါင်းလုပ်ခဲ့တဲ့ မိတ္ထီလာမှာပဲ ခုထိ အခြေစိုက်လို့ပါ။ ပေါက်ချောင်းရပ်က ဆောဂ ဗလရိပ်ငြိမ်ကြီးမှာ အေးလေး နေထိုင်ရင်းနဲ့ ဘိုးရဲ့ ရတနာဂီရိဓာတ်ပုံကို အမြဲကြည့်နေတတ်ပါတယ်။

ပြီးတော့ ဘိုးရှိစဉ်က ဘိုးအင်မတန်ကြိုက်လှစွာနဲ့ ရွတ်ပြတဲ့ လင်္ကာတစ်ခုကိုလည်း သမီးအေးလေး စာရွက်နဲ့ ကူးရေးပြီး ခုထိ ဖတ်ကြည့်ရွတ်ကြည့်နေတုန်း။

အရှင်နှစ်ပါး ပါတော်မူရပုံ၊ တိုင်းပြည်ကျွန်ဖြစ်ရပုံတွေကို ဆီးဘန်နီဆရာတော်ကြီးက ဧကပိုဒ်ရတု ရေးစပ်လိုက်တော့ ကင်းဝန်မင်းကြီးက လေးချိုးနဲ့ ပြန်ဖြေပြီး စာဒကတက်သတဲ့။

ဒီအခါမှာ ဆီးဘန်နီဆရာတော်က ဒုတိယဧကပိုဒ်နဲ့ ကင်းဝန်မင်းကြီးကို ပြန်ချေပလိုက်သတဲ့။ ဘိုး ပြောခဲ့ရွတ်ခဲ့တာလေ။

'တစ်ဖန်မှတ်စေ၊ ထပ်၍ဖြေသိမ့်၊ သံဝေရှူ၊ ရေးကပြုသည်'အစချီတဲ့ ရတု။

ရတုရဲ့ အဆုံးပိုဒ်ကို ရွတ်ရင်း ဘိုးကို ကျွန်မရှိခိုးဦးခိုက်ရင်း တသသသတိရနေပါတယ် ဘိုးရယ်။

*'ကုန်းဘောင်နေမီး မထိန်ညီးရှင့် တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသည်းနန်းသည်၊၊ မြို့သည်းသူညာ၊ သည်းသုံးဝဖြင့်၊ သည်းနှစ်ရလစ်၊ သူညခေတ်ဝယ် ဖြစ်ရသည်ခြေ၊ တို့တစ်တွေသည် သေသော်မှတည့် ဩဘ်ကောင်း၏'*တဲ့ ဘိုးရယ်။

**ချစ်ဦးညို**





www.burmeseclassic.com

www.burmeseclassic.com

# ကာဠဗုဒ္ဓရက္ခိတ

## မြို့တံခါးမှ သပြေခက်များ

သာဝတ္ထိပြည်၏ မြို့တံခါးများသည် နံနက်နေထွက်မှ ညနေနေဝင်ချိန်အထိ တစ်နေ့ပတ်လုံး စည်ကားသောနေရာများဖြစ်သည်။ ဤမြို့တံခါးများတွင် ဖြူလွှသော အဝတ်ကို ဝတ်ဆင်ကြမည့် ဗြာဟ္မဏများလည်းရှိကြသည်။ ဘုရင့်အမှုတော်ထမ်းနှင့် စစ်သည်တော်များ၏ မြင်းများ၊ ရထားများကလည်း အဝင်အထွက်မပြတ်ရှိတတ်ကြသည်။ ကုန်သွယ်ကူးသန်းသော ဝေသအနွယ်တို့၏လှည်းများဖြင့်လည်း ရှုပ်ထွေးနေသည်။ မြို့သူမြို့သားများကလည်း အကြောင်းကိစ္စကြီးငယ်များဖြင့် မြို့တံခါးတစ်ဝိုက်တွင် အသွားအလာမပြတ်ရှိတတ်ကြသည်။

နေရောင်ခြည် ကောင်းစွာထွန်းလင်းသော ဤယနေ့အဖို့ရာမှာလည်း သာဝတ္ထိမြို့တံခါးများသည် အခါတိုင်းလိုပင် ဗြာဟ္မဏများ၊ ခတ္တိယများ၊ ဝေသများဖြင့် စည်ကားအသက်ဝင်လျက်ရှိလေသည်။

သာဝတ္ထိမြို့တော်ကြီးသည် ပုံမှန်အတိုင်းပင် လှုပ်ရှားနေသည်။ ထူးထူးခြားခြားဆို၍ ဘာမှမတွေ့ရ။ လမ်းသွားလမ်းလာများ၊ အကြိုအကြားနှင့် ပြေးလွှား ဆော့ကစားနေကြသော ကလေးသူငယ်များကလည်း ခါတိုင်းလိုပင် မြူးထူးပျော်ပါးလျက်၊ ဈေးသည်များ၏ အသံစာစာ ဈေးခေါ် ဈေးရောင်းသံများကလည်း သူ့ထက်ငါ





အပြိုင်အဆိုင် ကျယ်လောင်လျက်။ အရောင်အသွေးစုံသော အဆင်တန်ဆာများကို ဝတ်ဆင်ထားကြသည့် မိန်းမပျိုကလေးများကလည်း အလှချင်းပြိုင်လျက်။ လုလင်ပျိုများကလည်း မိန်းမလှလေးများရှေ့တွင် ဟန်ရေးပြလျက်။

ထိုသို့ မြင်တွေ့နေကျဖြစ်သော သာဝတ္ထိမြို့တံခါးများ၏ ရှုခင်းတွင် တစ်ခုသော မြို့တံခါးသည်ကား ထူးခြားသည့်အဖြစ်အပျက်တစ်ခုကို ရှေးရှုနေလေသည်။

ထိုမြို့တံခါးမှာ အရှေ့ဘက်မြို့တံခါးဖြစ်သည်။

ပူနွေးတောက်ပသော နေရောင်ခြည်အောက်တွင် အရှေ့ဘက်မြို့တံခါးသည် ရောင်စုံပန်းများဖြင့် လှပနေသည်။ ရောင်စုံပန်းများထက် ပို၍လန်းဆန်းနုပျိုနေသည်မှာ ဟိုမှသည်မှ ပြေးလွှားဆော့ကစားနေကြသော ကလေးငယ်များပင် ဖြစ်လေသည်။

အရှေ့ဘက် မြို့တံခါးအနီးတွင်ရှိသော တောင်ပူစာအငယ်စားလောက်ရှိ သည့် မြေပုံများပေါ်တွင် ကလေးငယ်များက ခုန်ပေါက်ကျူမ်းထိုးလျက် ကစားနေကြသည်။ သူတို့သည် လောက၏ ပူပန်စရာမှန်သမျှကို ဘာမှနားလမည်သော လွတ်လပ်ပျော်ရွှင်သည့်သူများ ဖြစ်သည်။

လမ်းသွားလမ်းလာများကလည်း ထိုကလေးငယ်တို့ကို ကြည့်ကာ ရယ်မောကြသည်။ လွတ်လပ်ပျော်ရွှင်ခြင်းသည် အရှေ့ဘက် မြို့တံခါးတစ်ဝိုက်တွင် လွှမ်းခြုံလျက်ရှိသည်။

ထိုအချိန်တွင်

ညိုမှောင်သောဝတ်စုံများကို ဆင်တူဝတ်ဆင်ထားသည့် မိန်းမလေးယောက် အရှေ့မြို့တံခါးသို့ ရောက်လာသည်။ သူတို့လေးယောက်မှာ ညိုမှောင်ဝတ်စုံချင်းလည်း တူရုံသာမက ရုပ်ဆင်းသဏ္ဌာန်အနေဖြင့်လည်း ဆင်တူကြသည်။ သိသိသာသာ တူညီသောအချက်ကား သူတို့လေးယောက်စလုံး၏ မျက်နှာထားများပင် ဖြစ်သည်။

ကျယ်ပြန့်သော နဖူးပြင်ထက်မှ ဆံစများကို တိကျသပ်ရပ်စွာ ဖြီးသင်ထားကြသည်။ မိန်းမသားများဖြစ်သော်လည်း သူတို့မျက်နှာတွင် ခြယ်သမွှမ်းမံထားခြင်း အလျှင်းမရှိ။ မျက်လုံးများက ရှေ့တူရူသို့ စူးစူးရှရှကြည့်နေကြပြီး နှုတ်ခမ်းများကလည်း တင်းတင်းစေ့စေ့ရှိကြသည်။ လည်တိုင်ကို စွင့်စွင့်မတ်မတ် ထားကြသော



www.burmeseclassic.com

www.burmeseclassic.com



ဝန်းအစုံကိုလည်း မြင့်မြင့်ကြွားကြွား ပင့်ထားကြသည်။

ပြုံးရယ်ခြင်းမရှိ၊ ပကတိသော မျက်နှာထားများပေါ်တွင် အထင်အရှားတွေ့ရသည်ကား 'မာန'ပင်ဖြစ်သည်။ သူတို့ရောက်လာကြသော ဤအရှေ့မြို့တံခါးတစ်ဝိုက်ရှိ မည်သည့်လူသားကိုမှ ဂရုမစိုက်သည့်ဟန်ပန်ဖြစ်သည်။ စူးရှသောမျက်လုံးအစုံများဖြင့် တစ်ချက်တစ်ချက် ဝန်းကျင်တစ်ဝိုက်ကို ဝေ့ကြည့်လိုက်ကြပုံမှာ ဤမြို့တံခါးအနီးရှိ လူများကိုသာမက သာဝတ္ထိတစ်ပြည်လုံး၊ ထို့ထက်မှု မဇ္ဈိမဒေသတစ်ခွင်လုံး၊ ထို့ထက်မှု ဤကမ္ဘာမြေအပြင် ဇမ္ဗူဒိပ်တစ်ခုလုံးကို ထီမထင်သည့်အကြည့်မျိုးဖြစ်သည်။

စောစောက မြူးတူးခုန်ပေါက် ဆော့ကစားနေကြသော ကလေးငယ်များမှာ ထိုညိုမှောင် ဝတ်စုံဆင်တူဝတ်မိန်းမလေးယောက်ကို တွေ့လိုက်သောအခါ အလိုလို တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ သာဝတ္ထိကောင်းကင်တွင် မည်သည့်တိမ်တိုက်မျှမရှိပါဘဲလျက် ထိုမိန်းမလေးယောက်ရောက်ရှိလာသောအခါ အလိုလို အုံ့ဆိုင်းမှိုင်းပျသွားသည့်နှယ်ပင် ဖြစ်သည်။

မိန်းမ လေးယောက်တို့သည် ကလေးများ ကစားနေသော မြေပုံအနီးသို့ ရောက်လာကြသည်။ သူတို့၏တင်းမာသော မျက်နှာထားများကို ကြောက်ရွံ့ကြသော ကလေးငယ်များသည် မြေပုံအနီးမှ ရှဲသွားကြသည်။ သို့သော် ကလေးငယ်များသည် ဝေးဝေးသို့ မသွားကြဘဲ ထူးခြားသောအသွင်ရှိသည့် ထိုမိန်းမတို့ကို ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေကြသည်။

မိန်းမ လေးယောက်ကား ချစ်စဖွယ်ကောင်းသော ကလေးငယ်များကို ဂရုမစိုက်ပဲ မြေပုံအနီးတွင် စီတန်း၍ရပ်လိုက်ကြသည်။

'ဟေ့ကောင်‥ ဒီနေရာက မြန်မြန်သွားကြရအောင်ကွာ။ ဒီမိန်းမကြီးတွေ ကြည့်ရတာ တစ်မျိုးကြီးပဲ'ဟု ကလေးတစ်ယောက်က သူ့ဘေးမှအဖော်ကို လေသံဖြင့်လှမ်းပြောလိုက်သည်။ အပြောခံရသော ကလေးက မိန်းမများထံမှ အကြည့်ကို မခွာဘဲ လေသံဖြင့် ပြန်ပြောသည်။

'နေစမ်းပါဦးကွာ‥သူတို့ တစ်ခုခုလုပ်ကြမလို့နဲ့တူတယ်။ အသာလေး စောင့်ကြည့်နေကြရအောင်ပါ'

'မိန်းမကြီးတွေက အရုပ်လဲမဆိုးဘဲနဲ့ ကြောက်စရာကြီးတွေနော်'





သူငယ်ကလေးတစ်ယောက်က ပြောပြန်သည်။

'အေး‥ဟုတ်တယ်ဟ။ သူတို့ကြည့်ရတာ မျက်နှာထားကြီးတွေကလည်း တင်းမာလိုက်တာ။ ဘယ်သူနဲ့ စိတ်ဆိုးလာကြသလဲ မသိဘူး'

'သူတို့ဟာ ညီအစ်မတွေ ဖြစ်ရမယ်ကွ။ ရုပ်ချင်းတူတယ် တွေ့လား'

'အေး‥ ဟုတ်တယ်။ ညီအစ်မလေးယောက် ဖြစ်နိုင်တယ်'

'ဟိတ်‥ စကားမများကြစမ်းနဲ့၊ နင်တို့ပြောတာတွေ ကြားသွားလို့ နင်တို့ကို ဟိုက ဖမ်းစားသွားလိမ့်မယ် ကြားလား'

ကလေးများ တစ်ယောက်တစ်ပေါက် ပြောနေရင်းမှ တိတ်သွားကြသည်။

'ဟော့‥ဟော့‥ဟိုမှာ ကြည့်စမ်း၊ သူတို့လက်ထဲက ဘာလဲ'

ကလေးများ ဝိုင်းကြည့်နေစဉ်မှာပင် မိန်းမလေးယောက်ထံမှ လှုပ်ရှားမှုများ ပေါ်လာသည်။

'ဟဲ့‥ဟဲ့‥တို့ကို ဖမ်းစားတော့မလို့နဲ့ တူတယ်'

'ကလေးတွေကို သတ်ပစ်ဖို့ ဓားတွေများလား'

သူတို့၏ ညိုမှောင်သော ဝတ်ရုံစများအောက်မှ လက်များကို ဖွင့်ထုတ်လိုက်ကြသည်။ ထိုလက်များထဲတွင် ပါလာသောအရာများမှာ ကလေးငယ်များထင်သလို ဓားများမဟုတ်။

သပြေချက်များ ဖြစ်လေသည်။

တစ်ယောက်တစ်ခက်စီ ဆွဲထုတ်လိုက်ကြပြီးနောက် မိန်းမလေးယောက်တို့သည် ရှေ့ရှိ မြေပုံပေါ်တွင် သပြေခက်များကို ထိုးစိုက်လိုက်ကြသည်။ ထို့နောက် အချင်းချင်း အပြန်အလှန် စိုက်ကြည့်ကြပြီးနောက် အငယ်သုံးယောက်က အကြီးဆုံး အစ်မကြီးဖြစ်ဟန်တူသော မိန်းမထံသို့ တစ်ပြိုင်တည်း လှမ်းကြည့်ကာခေါင်းညိတ်လိုက်ကြသည်။

အစ်မအကြီးဆုံးဖြစ်ဟန်တူသော မိန်းမက ကလေးငယ်များရှိရာသို့ လှမ်းကြည့်သည်။ ထို့နောက် လက်ကိုဝှေ့ယမ်းလျက်–

'သူငယ်တို့၊ ဒီမြေပုံပေါ်မှာ တို့ထိုးစိုက်လိုက်ကြတဲ့ သပြေခက်တွေကို မြင်ကြရဲ့လား'

'မှတ်ထားကြစမ်း၊ သူငယ်များ အဲဒါဟာ ငါတို့လေးယောက်ရဲ့ စိန်ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သပြေခက်ပဲ။ မှတ်မိကြတယ် မဟုတ်လား။ စိန်ခေါ်တဲ့ သပြေခက်'

ကလေးများ ခေါင်းညိတ်ပြကြရပြန်သည်။

'ဘယ်သူမဆို ငါတို့ရဲ့ အယူဝါဒနဲ့ ယှဉ်ပြိုင်ချင်ရင် ငါတို့ရဲ့ အယူဝါဒကို ဝေဖန်ပြစ်တင်ပြနိုင်ရင် ငါတို့ရဲ့ အယူဝါဒကို ချေမှုန်းနိုင်စွမ်းရှိမယ်ဆိုရင် ဟောဒီ သပြေခက်တွေကို နင်းနယ်ခြေဖျက်နိုင်တယ်။ ဒီမြေပုံကို ခြေနဲ့ ကန်ကျောက် ခြေဖွနိုင်တယ်။ သပြေခက်တွေကို ဖျက်ဆီးနိုင်တယ်။ ဟော့..သူငယ်များ၊ တို့ ပြောတာကို အသေအချာ မှတ်ထားကြစမ်း။ ကြားကြလား'

'ဟုတ်..ဟုတ်ကဲ့၊ ကြားကြပါတယ်'

'ငါတို့နဲ့ အယူဝါဒချင်းပြိုင်ချင်ရင် ငါတို့စိုက်ထားတဲ့ သပြေခက်ကို လာ ဖျက်ဆီးလှည့်ကြ။ ဒါဟာ စိန်ခေါ်တဲ့ သပြေခက်၊ ဒီစိန်ခေါ် သပြေခက်တွေကို ဘယ်သူတွေ ထိုးစိုက်သွားသလဲလို့မေးရင် မင်းတို့ ပြန်ပြောလိုက်ကြ။ ဝေသာလီက လာတဲ့ ပရိဗိုဇ်မလေးယောက် စိုက်သွားတာလို့..နားလည်ရဲ့လား'

'ဟုတ်၊ ဟုတ်ကဲ့၊ နားလည်ပါတယ်'

'တို့ စိုက်ထားခဲ့တဲ့ ဒီသပြေခက်တွေကို ဘယ်သူလာနုတ်သလဲ၊ ဘယ်သူ လာဖျက်ဆီးသလဲဆိုတာကိုလည်း မင်းတို့စောင့်ကြည့်ကြ၊ မှတ်ထားကြ။ ပြီးတော့ တို့ကို လာပြောကြ၊ ဟုတ်လား'

'ဟုတ်ကဲ့'

'တို့ ဒီသာဝတ္ထိမြို့ထဲမှာပဲ လှည့်လည်နေကြမယ်။ ကိုင်း..ညီမငယ်များ သွားကြစို့'

မိန်းမလေးယောက် ထွက်ခွာသွားသည်။ သာဝတ္ထိမြို့တံခါးကို ဖြတ်လျှောက် မြို့ထဲဝင်သွားသော ထိုပရိဗိုဇ်မလေးယောက်မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ကလေးများသည် မြေပုံအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာကြသည်။

'ပရိဗိုဇ်မ လေးယောက်တဲ့'

'ဟော့ကောင်.. သပြေခက်တွေကို သွားမထိနဲ့နော်'

'ဝေသာလီက လာကြတာဆိုပါလား'

'စကားပြောပုံကလည်း မာန်တင်းလိုက်တာနော်'

'ဟော့.. ဟော့.. ပရိဗိုဇ်မလေးယောက်ဆိုတာပဲ ပြောသွားတယ်။ သူတို့





နာမည်တွေလဲ ပြောမသွားပါလား'

'အို.. နင်တို့ကလဲ၊ ဝေသာလီကလာတဲ့ ပရိဗိုဇ်မ လေးယောက် သပြေခက် တွေ ထိုးစိုက်သွားတဲ့ မိန်းမကြီးလေးယောက်ဆိုရင် အားလုံးသိကြမှာပါ'

'အေးလေ.. ဘာပဲဖြစ်ဖြစ် တို့ကတော့ သူတို့မှာသွားတဲ့အတိုင်း စောင့်ကြည့် ရမှာပဲကွ'

သပြေခက်များကား မြေပုံပေါ်တွင် ထိုးထိုးထောင်ထောင် စွင့်မတ်ရင်း ယှဉ်ပြိုင်မည့်သူအား စိန်ခေါ်လျက်။

❖❖❖

ဝေသာလီမှလာသည်ဆိုသော ထိုပရိဗိုဇ်မ လေးယောက်တို့မှာ ညီအစ်မများ ဖြစ်ကြသည်။ သူတို့အမည်မှာ သစ္စာ၊ လောလာ၊ အဝဒါရိကာနှင့် ပဋိစ္ဆာဒါဟူ၍ ဖြစ်သည်။

ဇမ္ဗူဒီပကျွန်းသည် ဇမ္ဗူသပြေပင်ဖြင့် ထင်ရှားသောကျွန်းဖြစ်သည့်အတွက် သပြေခက်ကို အထိမ်းအမှတ်ပြုလျက် လှည့်လည်စိန်ခေါ်ခြင်းသည်လည်း ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို စိန်ခေါ်ခြင်းပင်ဖြစ်သည်ဟု ပရိဗိုဇ် ညီအစ်မလေးယောက်က ဆုံး ဖြတ်ကာ ထိုသို့ မြေပုံတွင် ထိုးစိုက်ခဲ့ကြခြင်း ဖြစ်လေသည်။

အကယ်လည်း သူတို့လေးယောက်သည် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှ တစ်မြို့ သို့ လှည့်လည်ပြီးခဲ့ကြပြီဖြစ်သည်။ ရောက်လေရာဒေသတိုင်းမှာလည်း မြို့တံခါး၌ဖြစ် စေ၊ စည်းရိုးဝင်းတိုင်မှာဖြစ်စေ၊ သဲပုံမှာဖြစ်စေ၊ မြေပုံမှာဖြစ်စေ သပြေခက်များကို စိုက်ထူလျက် "စိန်ခေါ်"ခဲ့ကြသည်ချည်းပင်။

'ဟောဒါ စိန်ခေါ်တဲ့သပြေခက်ပဲ၊ သစ္စာ၊ လောလာ၊ အဝဒါရိကာ၊ ပဋိစ္ဆာ ဒါ အမည်ရှိတဲ့ ဝေသာလီက ပရိဗိုဇ်မ လေးဦးတို့ ထိုးစိုက်လာကြတဲ့ သပြေခက်ဖြစ် တယ်။ ကျွန်ုပ်တို့ ညီအစ်မလေးဦးနဲ့ အယူဝါဒချင်း ယှဉ်ပြိုင်မယ့်သူရှိရင် ထွက်ခဲ့ကြ၊ ကျွန်ုပ်တို့ စိုက်ထူထားတဲ့ ဟောဒီသပြေခက်တွေကို နုတ်ပယ်ဖျက်ဆီးကြ'

ထိုကြွေးကြော် စိန်ခေါ်သံဖြင့် ပရိဗိုဇ်မ ညီအစ်မလေးဦးတို့သည် အနယ်နယ် အရပ်ရပ် လှည့်လည်ခဲ့ပြီးဖြစ်သည်။

သို့သော် သူတို့ ထိုးစိုက်ခဲ့သော သပြေခက်ကို နုတ်ပယ်ဖျက်ဆီးမည့်သူ တစ်ဦးတစ်လေမျှ ပေါ်မလာခဲ့ပေ။ တစ်နည်းဆိုလျှင် သူတို့နှင့် အယူဝါဒချင်း -



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်ဖို့ စိန်ခေါ်ချက်ကို လက်ခံသူမရှိခဲ့ပေ။ သူတို့ ရောက်လေရာရာဒေသများရှိ လူအပေါင်းတို့သည် သူတို့၏ သပြေခက်ကို ရှောင်ကွင်းသွားကြသည်ချည်းပင် ဖြစ်သည်။

သစ္စာ၊ လောလာ၊ အဝဓာရိကာနှင့် ပဋိစ္ဆာဒါ ညီအစ်မလေးယောက်တို့၏ သပြေခက်ကို မည်သူမျှ မတို့မထိ ကြခြင်းမှာ လုံလောက်သောအကြောင်းတစ်ရပ်က ရှိနေသည်။ ထိုအကြောင်းကို လူအများကလည်း သဘောပေါက်ထားကြသည်။

ထိုအကြောင်းအချက်မှာ အခြားမဟုတ်။ ပရိဗိုဇ်မ ညီအစ်မလေးယောက်တို့သည် အယူဝါဒရေးရာ၌ ယှဉ်ပြိုင်ဝံ့သူ မရှိလောက်အောင် တတ်သိနှံ့စပ်ကြကုန်သော 'ဝါဒတစ်ထောင်ဆောင်နိုင်သူများ' ဖြစ်သောကြောင့်ပေတည်း။



## မီဘဂုဏ်ဆောင် ဝါဒတစ်ထောင်

သစ္စာ၊ လောလာ၊ အဝဓာရိကာနှင့် ပဋိစ္ဆာဒါ ညီအစ်မလေးယောက်တို့သည် သာမန်မိန်းမများ မဟုတ်ကြပေ။ ပရိဗိုဇ်မဘဝကို ပေါ့ပေါ့တန်တန် ခံယူထားကြသူများလည်း မဟုတ်ပေ။

သူတို့၏ဖခင်မှာ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့၏ဆရာကြီး ဖြစ်သည်။ မိခင်မှာလည်း လိစ္ဆဝီမင်းတို့၏ ဆရာမကြီးဖြစ်သည်။ အလှည့်ကျ ဘုရင်စနစ်ဖြင့် ဂဏလွှတ်တော်ဖွဲ့စည်းကာ အုပ်ချုပ်နေကြသော လိစ္ဆဝီမင်းတို့သည် ဝါဒအတူးအဆန်းကို စိစစ်လေ့လာလိုစိတ် ပြင်းထန်သူများဖြစ်သည်။ ဝေသာလီ၏ သန္ထာဂါရ အဆောက်အဦးသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို ချမှတ်ဆောင်ရွက်ရန် အဆောက်အဦးသာမက အယူဝါဒဆိုင်ရာ ပြဿနာအသစ်အဆန်းများကို စူးစမ်းလေ့လာ ဝေဖန်ဆွေးနွေးရာဒေသလည်း ဖြစ်သည်။

ထိုသန္ထာဂါရသို့ တစ်နေ့သောအခါ ပရိဗိုဇ်တက္ကတွန်းတစ်ဦး ရောက်ရှိလာသည်။ ထိုသူက သူ့ကိုယ်သူအယူဝါဒငါးရာ၌ လိမ္မာကျွမ်းကျင်သူဟု ဆိုသည်။ လိစ္ဆဝီမင်းသားတို့က သူ့ကိုအမျိုးမျိုး ဆွေးနွေးမေးမြန်းကြသည်။ မေးမြန်းဆွေးနွေးသမျှတို့ကို ပရိဗိုဇ်တက္ကတွန်းတစ်ဦးက ထောင်းထောင်းညက်ကျေ၊ ဖျက်ချေဆွေးနွေးဖြေကြားပြခဲ့သည်။ အယူဝါဒရေးရာ၌ ပြင်းထန်စွာ စိတ်ဝင်စားကြသော လိစ္ဆဝီတို့သည် ပရိဗိုဇ်တက္ကတွန်းကို များစွာနှစ်ခြိုက်မြတ်နိုးသွားကြသည်။ အယူဝါဒငါးရာဆောင်နိုင်သူ ပရိဗိုဇ်အား ချီးမြှောက်၍ ထိုက်ထိုက်တန်တန် နေရာပေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် ဝေသာလီသို့ ပရိဗိုဇ်မတစ်ဦးရောက်လာပြန်သည်။ သူမ သည်လည်း အယူဝါဒငါးရာကို ဆောင်နိုင်သူဖြစ်သည်။ လိစ္ဆဝီမင်းတို့သည် ပရိဗိုဇ် မကို ချီးမြှောက်ထားလိုက်ကြသည်။ ထို့နောက် ဝါဒတိုက်ပွဲ၌ ခုံမင်မွေ့လျော်ကြသော လိစ္ဆဝီတို့သည် ထူးဆန်းသော ပွဲတစ်ခုကို ဖန်တီးကြသည်။

'ကျွန်ုပ်တို့ရဲ့ ဝေသာလီကို ဝါဒငါးရာဆောင်တဲ့ ပရိဗိုဇ်နဲ့ ဝါဒငါးရာဆောင်တဲ့ ပရိဗိုဇ်မရောက်လာကြတယ်။ သူတို့နှစ်ယောက်ကို ဝါဒစစ်ထိုးပွဲ ကျင်းပပေးလိုက် ကြရအောင်'

ပရိဗိုဇ်နှင့် ပရိဗိုဇ်မတို့သည် လိစ္ဆဝီမင်းတို့ အစီအစဉ်အရ ဝါဒအချေအတင် ယှဉ်ပြိုင်ပွဲသို့ ပါဝင်ဆင်နွှဲကြသည်။

စကားစစ်ထိုးပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြသော်လည်း ပရိဗိုဇ်နှင့် ပရိဗိုဇ်မအကြားတွင်အရှုံးအနိုင် ပေါ်မလာခဲ့။ ဝါဒငါးရာ ကိုယ်စီဆောင်ကြသော သူတို့နှစ်ဦးမှာ ပညာချင်းတန်းတူ ဖြစ်နေသည်။ တစ်ယောက်ကို တစ်ယောက် ချေမှုန်းအနိုင်ယူဖို့ မစွမ်းနိုင်ကြ။

ဤတွင် လိစ္ဆဝီမင်းတို့သည် နောက်ထပ်ထူးခြားသော အစီအစဉ်တစ်ခုကို ချမှတ်ကြပြန်သည်။

'သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အနိုင်ယူဖို့ မတတ်နိုင် ကြဘူး။ ပညာဝါဒချင်းက တူနေတယ်။ ဒီတော့ ဒီလိုလိမ္မာနံ့စပ်တဲ့ပုဂ္ဂိုလ်နှစ်ဦးတွေ ကို ငါတို့ရဲ့ ဝေသာလီမှာ အထူးတကွချီးမြှောက်ထားလိုက်မယ်ဆိုရင် အယူဝါဒ ပတ်သက်ပြီး တို့ရဲ့ ဝေသာလီဟာ အင်မတန်ကိုကြီးကျယ်လှပသွားမှာပဲ၊ သူတို့ နှစ်ယောက်ကို ထိမ်းမြားလက်ထပ်ပေးလိုက်ကြရအောင်'

သို့ဖြင့်ပင် ဘယ်အရပ်ဘယ်ဒေသမှ လာကြမှန်းမသိသော ပရိဗိုဇ်နှင့် ပရိဗိုဇ်မ တို့သည် လိစ္ဆဝီတို့၏အစီအစဉ်ဖြင့် အကြင်လင်မယား ဖြစ်သွားကြသည်။ ထို့ပြင် သည် ဝါဒငါးရာကိုယ်စီပိုင်ရှင် ဇနီးမောင်နှံတို့အား နေစရာအခေါက်အဦး လိုလေသေးမရှိအောင် စောင့်ရှောက်ပူဇော်၍ ဝေသာလီ၏ပြည့်ဂုဏ်ဆောင် အယူဝါဒ ရှင်ကြီးများအဖြစ် ချီးမြှောက်ထားကြသည်။

လိစ္ဆဝီမင်းတို့၏ မင်းဆရာတဝကို ရရှိပိုင်ဆိုင်ကြပြီးဖြစ်သော ပရိဗိုဇ်ဇော တို့လည်း အခြားသော မြို့ရွာဒေသများသို့ လှည့်လည်ခြင်းမပြုကြတော့ဘဲ ဝေသာလီ





မှာပင် အခြေစိုက်ကြတော့သည်။

ထိုပရိဗိုဇ်မောင်နှံမှ သားသမီးများ ပွားစည်းလာသည်။

သမီးလေးယောက်။ သစ္စာ၊ လောလာ၊ အဝဝါဒိကာ၊ ပဋိစ္ဆာဒါနှင့် အငယ်ဆုံး သားက သစ္စက။

အစ်မကြီးလေးယောက်နှင့် မောင်ငယ်လေး တစ်ယောက်။ မောင်နှမငါး ယောက်တို့သည် ဝေသာလီတွင် ဂုဏ်ဒြပ်မြင့်သော အထက်တန်းလွှာ မိသားစုအဖြစ် ကြီးပြင်းအရွယ်ရောက်လာခဲ့ကြသည်။ လိစ္ဆဝီမင်းတို့၏အရေးပေးချီးမြှောက်ခံရသော ပညာရှိမိသားစုအဖြစ် အထူးအခွင့်အရေးပေး ခံကြရသည်။ သို့သော် မောင်နှမငါး ယောက်တို့သည် မိမိမိသားစု၏ ဂုဏ်ဒြပ်ကြောင့် ဝင့်ဝါမောက်ကြွားခြင်းမရှိကြ။ လိစ္ဆဝီဂဏလွှတ်တော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စများတွင်လည်း စိတ်ဝင်စား ခြင်းမရှိကြ။ သူတို့မောင်နှမငါးယောက်သည် ဖအေတူ၊ မအေတူ သားသမီးများဖြစ်လာ ကြသည်။ သူတို့ စိတ်ဝင်စားသည်မှာ ရာထူးအာဏာမဟုတ်၊ ငွေကြေးနေမဟုတ်၊ သူတို့သည် ဝါဒငါးရာကိုယ်စီဆောင်သော ဖခင်နှင့်မိခင်တို့၏ ရင်သွေးများပီပီ 'အယူဝါဒရေးရာ' ကိုသာ စိတ်ဝင်စားကြသည်။ ဝါဒများကို လေ့လာကျက်မှတ်ရွတ် ဖတ်ဆင်ခြင်ရန်သာ သူတို့ထက်သန်ကြသည်။

သို့ဖြင့် သူတို့အရွယ်ရောက်လာကြသည်။

မောင်နှမငါးယောက်စလုံးပင် မိခင်ဖခင်တို့၏ အယူဝါဒများကို လေ့လာဆည်း ပူးကြရင်း 'ဝါဒတစ်ထောင်' ဆောင်နိုင်သူများ ဖြစ်လာကြသည်။ မိခင်ဘက်မှ ဝါဒ ငါးရာ ဖခင်ဘက်မှ ဝါဒငါးရာ တစ်ထောင်သော ဝါဒတို့ကို အမွေဆက်ခံကာ မိဘထက်သာသော သားသမီးများဖြစ်လာကြသည်။

မိဘနှစ်ပါးကား သားသမီးတို့၏ ဝါဒရေးရာကျွမ်းကျင်နံ့စပ်မှုကို အားရကျေနပ် မဆုံး ရှိနေကြသည်။ ဤနေရာတွင် အကြီးဖြစ်သော သမီးလေးယောက်ထက် သားအငယ်ဆုံး 'သစ္စက' ကို ပို၍ မိဘများက အားရမဆုံးရှိကြသည်ဟု ဆိုရပေမည်။ အကြောင်းမှုကား သမီးကြီးများသည် အမိဘက်မှ ဝါဒငါးရာ အဖဘက်မှ ဝါဒ ငါးရာ တစ်ထောင်သောဝါဒများကိုသာ ဆောင်နိုင်ကြသော်လည်း သားငယ်သစ္စက ကား ထိုအမွေခံပါ ဝါဒတစ်ထောင်မျှနှင့် မကျေနပ်နိုင်ဘဲ များစွာသောအခြား (သာ သနာပြင်ပ)ဝါဒများကိုပါ မဆုတ်မနစ် လေ့လာဆည်းပူး တတ်မြောက်နံ့စပ်သော

www.burmeseclassic.com



သူ ဖြစ်သောကြောင့်ပင်။

ငယ်ရွယ်တတ်ကြွသော အရွယ်လည်းဖြစ်ပြန်၊ အမွေခံဝါဒတစ်ထောင်အပြင် အခြားအခြားသော ဝါဒများကိုလည်း မွှေနှောက်ချောက်ချားနိုင်စွမ်းရှိပြန်၊ ယောက်ျား သားလည်းဖြစ်ပြန်လေရကား သစ္စကမှာ ဝေသာလီ လိစ္ဆဝီမင်းများအလယ်၌ မိဘနှစ် ပါးထက် လည်းကောင်း၊ အစ်မလေးယောက်တို့ထက် လည်းကောင်း ပို၍ ထင်ရှား ကျော်ကြားလာခဲ့သည်။

မောင်နှမငါးယောက်တို့ ရင့်ကျက်လာသည့်အရွယ်တွင် မိဘနှစ်ပါးမှာ အိုမင်း ကြီးရင့်လာကြသည်။ ထိုအခါ ပွဲလယ်တင့်သော သားထွေးအတွက် စိုးရိမ်စရာမရှိ သော်လည်း မိန်းမသားမျှသာ ဖြစ်သော သမီးလေးယောက်တို့အတွက်မူ မိဘများ စိုးရိမ်ပူပန်ကြသည်။

ထို့ကြောင့် သမီးများကိုခေါ်၍ ဆုံးမစကားပြောကြားကြသည်။

'သမီးတို့.. သမီးတို့ဟာ ဝါဒရေးရာမှာဖြင့် သူမတူအောင် ဆောင်နိုင်ကြတဲ့ မိကောင်းဖခင် သမီးများဖြစ်ကြတယ်။ သို့ပေမယ့် အယူဝါဒဆိုတဲ့အရာမှာ အမြဲတမ်း အရှုံးအနိုင်ဆိုတာ ရှိတယ်။ အယူဝါဒတစ်ခုဟာ အခြားအယူဝါဒတစ်ခုကို ချေဖျက် အနိုင်ယူတတ်တယ်၊ အဟောင်းအဟောင်းသော အယူဝါဒနေရာမှာ အသစ်အသစ် သော အယူဝါဒဟာ အစားထိုးနေရာယူတတ်တယ်။ ဒါဟာ အယူဝါဒတို့ရဲ့နိယာမပဲ။ အယူဝါဒမှာ တိုက်ပွဲဆိုတာဒွန်တွဲနေတယ်။ သမီးတို့ရဲ့ဘဝဟာ အယူဝါဒပေါ်မှာ တည်ထောင်ထားတဲ့ဘဝဖြစ်တယ်။ သမီးတို့ရဲ့ဘဝတိုးတက်ချမ်းမြေ့ရေးဆိုတာဟာ လည်း အယူဝါဒရဲ့အနိမ့်အမြင့်ပေါ်မှာ မူတည်တယ်။ ဒါကြောင့် သမီးတို့ဒီအတိုင်း နေလို့ မဖြစ်ဘူး။ ငါတို့ကလည်း အသက်ကြီးလာကြပြီ၊ အယူဝါဒနဲ့ခွဲမရအောင် တွဲစပ်နေတဲ့ သမီးတို့ရဲ့ဘဝ ရှေ့ရေးကို စိတ်အေးသွားချင်တယ်'

သစ္စာ၊ လောလာ၊ အဝဓာရိကာနှင့် ပဋိစ္ဆာဒါတို့က မိဘနှစ်ပါးစကားကို နားထောင်ပါမည်ဟု ကတိပြုကြသည်။

'သမီးတို့ရဲ့ အယူဝါဒနဲ့ဘက်ပြိုင်ပြီး ပြေလည်အောင် ဖြေဆိုနိုင်သူ၊ ဒါမှမဟုတ် ချေဖျက်အနိုင်ယူနိုင်သူဆိုတာ တစ်နေ့မဟုတ် တစ်နေ့ပေါ်လာမှာပဲ။ အဲဒီပုဂ္ဂိုလ်ဟာ လူဝတ်ကြောင်ဖြစ်ရင် သူ့ထံမှာ မိမိကိုမိမိဆောင်းနှင်းပြီး မယားအဖြစ် ခြေရင်းမှာ အလုပ်အကျွေးပြုကြရမယ်။ အကယ်၍ ထိုပုဂ္ဂိုလ်က ရဟန်းဖြစ်ရင် အဲဒီရဟန်းထံမှာ





သမီးတို့ ရဟန်းပြုကြရမယ်'

သမီးလေးယောက်စလုံးက မိဘစကားကို နားထောင်ပါမည်ဟု ဝန်ခံကတိ ပြုကြသည်။

'မောင်ငယ်လေး သစ္စကအတွက်ကကော ဖခင်'

သမီးကြီး သစ္စာကမေးသည်။

မိဘများက တစ်ခွန်းတည်း ပြောသည်။

'သစ္စကဟာ ယောကျ်ားလေးလည်း ဖြစ်တယ်၊ ပြီးတော့ သူဟာ မိဘအမွေ အယူဝါဒတစ်ထောင်ထက်ပိုပြီး ဆောင်နိုင်သူလည်းဖြစ်တယ်၊ သူ့အတွက် စိတ်ချ စရာမရှိဘူး'

မကြာမီမှာပင် မိဘနှစ်ပါး ကွယ်လွန်သွားကြသည်။

သမီးလေးယောက်တို့ မရိုမိုစ်မ ဝတ်ကြသည်။ ထို့နောက် ဝေသာလီမှ ထွက်ခွာလျက် မန္တိမတစ်ခွင် လှည့်လည်ကြသည်။ အယူဝါဒတို့၏ တိုက်ပွဲကမ္ဘာ ကြီးထဲသို့ ဝင်ရောက်ခဲ့ကြသည်။ ထိုသို့ ဝင်ရောက်ကြရာတွင် ညီအစ်မလေးယောက် တို့၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းဖြစ်သည်။

မိဘများ ဆုံးမညွှန်ကြားပေးခဲ့ကြသည့်အတိုင်းပင်..

'ငါတို့ရဲ့ အယူဝါဒကို ယှဉ်ပြိုင်ချေဖျက်နိုင်စွမ်းရှိတဲ့ လူပုဂ္ဂိုလ်ဆိုရင် ငါတို့ ကိုယ်ငါတို့ မယားအဖြစ် အပ်နှံမယ်၊ ရဟန်းဆိုရင် သူ့ထံမှာ ရဟန်းပြုမယ်'

ဇမ္ဗူဒိပ်ကျွန်းသည် ဇမ္ဗူသပြေပင်ဖြင့် ထင်ရှားသောကျွန်း။ ဇမ္ဗူသပြေပင်သည် ဇမ္ဗူဒိပ်ကျွန်း၏အထိမ်းအမှတ် သင်္ကေတ။ ထိုအခါ သမ္ဗူသပြေခက်ကို ကိုင်ဆောင် လှည့်လည်ခြင်းအားဖြင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိန်ခေါ်ရာရောက်သည်။

ထိုကြွေးကြော်ကြုံးဝါးသံဖြင့် အစ်မဖြစ်သူတို့ ဝေသာလီမှ ထွက်ခွာသွား ကြချိန်တွင် မောင်အငယ်ဆုံး သစ္စကကား မိမိ၏ရှေ့ဝှမှ ဟိန်းဟောက်ကြုံးဝါး လိုက်သော ကေသရာဇာပမာ ဝေသာလီကို ဗတိုပြုလျက် နေရစ်ခဲ့သည်။

သစ္စကက ကြုံးဝါးသည်။

'သပြေခက်ကို ကိုင်ဆောင်ပြီး လှည့်လည်ကြသတဲ့လား။ ဝါဒချင်းပြိုင်ပြီး နိုင်သူဟာ လူဆိုရင် သူတို့ကိုယ်သူတို့ မယားပြုနိုင်သူဟာ ရဟန်းဆိုရင် သူ့ထံမှာ ရဟန်းပြုကြမယ်တဲ့လား။ ဒါဟာ အစ်မတို့အတွက်တော့ ဟုတ်မှာပေါ့။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို၊ ပြီးတော့ သူတို့ဟာ ဝါဒတစ်ထောင်ကိုသာပဲ ဆောင်နိုင်ကြသူတွေကိုး။ ငါအဖို့တော့ ဒီလိုတွေ လုပ်နေစရာမလိုပါဘူး။ ဝေသာလီမှာ လိစ္ဆဝီမင်းသားတွေကို သင်ကြားပို့ချပေးရဦးမယ်။

ပြီးတော့ တစ်ထောင်မကတဲ့ ငါ့ဝါဒတွေကို ပိုပြီးချမှန်မြထက်ရအောင် လုပ်နေရဦးမယ်၊ ငါ ဝေသာလီက ခွာလို့မဖြစ်ဘူး။ လိစ္ဆဝီတွေဟာ ငါမရှိလို့မဖြစ်ဘူး။ အခုန်တော့လည်း သစ္စကဟာ ဘယ်ကိုမှ လှည့်နေစရာမလိုပါဘူး။ ဝါဒရေးရာမှာ တုဘက်ကင်းတဲ့ တစ်ဦးတည်းသော ဝါဒရှင်ဖြစ်တဲ့ငါ့အတွက် မိမိနေထိုင်သောနေရာ သည်ပင်လျှင် ကမ္ဘာလောကကြီးတစ်ခုလုံးကို လွှမ်းမိုးအုပ်ချုပ်ရာနေရာဖြစ်တယ်"

အစ်မကြီးများဖြစ်သော ပရိဗိုဇ်မလေးယောက်တို့သည် ယှဉ်ပြိုင်ဘက်မဲ့ မိုးခေါ်သံများကို ကြွေးကြော်ရင်း၊ သပြေခက်များကို ထိုးစိုက်ရင်း တစ်နေရာမှတစ်နေရာ လှည့်လည်ခဲ့ကြရာမှ သာဝတ္ထိမြို့တံခါးသို့ ရောက်လာကြခြင်းဖြစ်လေသည်။



## သပြေခက်ကို ချေဖျက်လိုက်သူ

ယနေ့အဖို့ လက်ယာရံအဂ္ဂသာဝကကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အတော်ကြီးနေမြင့်မှ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင် ကြွလာသည်။ တစ်ပါးသော ရဟန်းများမှာ မွန်တသော ဆွမ်းသပိတ်များဖြင့် ဇေတဝန်ကျောင်းတော် အပြန်လမ်းသို့ ရှေးရှုနေကြလေပြီ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဆွမ်းခံဝင်နေမြင့်နေရခြင်းမှာ ဇေတဝန်ကျောင်းတော်ရှိ ပြုဖွယ်အမှုများကို ပြုတော်မူနေရသောကြောင့်ဖြစ်သည်။ အရှင်မြတ်ကြီးသည် ကျောင်းတိုက်တော် ဝိဟာရအတွင်း တံမြက်မလှည်းရသော နေရာများကို တံမြက်လှည်းခဲ့သည်။ ရေမရှိသော သောက်ရေသုံးရေအိုးများ၌ ရေဖြည့်ခဲ့သည်။ မကျန်းမာသော ရဟန်းများအားလည်းပြုစု ကုသလုပ်ကျွေးခဲ့သည်။ ထို့ကြောင့် အလွန်နေမြင့်မှပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မြို့တွင်းသို့ ဆွမ်းခံဝင်လာနိုင်ခြင်းဖြစ်လေသည်။

မထေရ်မြတ်ကြီး အရှေ့ဘက်မြို့တံခါးဝသို့ ရောက်တော်မူလာသည်။

မြို့တံခါးဝအနီးတွင် ရုံးစုရုံးစုဖြစ်နေကြသော ကလေးသူငယ်များကို မြင်တော်မူသည်။ ကလေးတို့အလယ်တွင် မြေပုံတစ်ခု။ မြေပုံပေါ်တွင်ကား သစ္စာတို့ပရိဗိုဇ်မညီအစ်မများ ထိုးစိုက်ထားခဲ့သော သပြေခက်များက လန်းလန်းစွင့်စွင့် လှုပ်ယှက်နေသည်။

မထေရ်မြတ်ကြီးက ထိုသပြေခက်များအကြောင်းမေးတော်မူသောအခါ ကလေးများက အပြည့်အစုံလျှောက်ထားအဖြေပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညှိမှောင်တဲ့အဝတ်တွေကို ဝတ်ထားကြတဲ့ ပရိုဗိမလေးယောက်ပါ ဘုရား။ သူတို့ဟာ ညီအစ်မတွေလို့လဲ ပြောပါတယ်။ သူတို့နဲ့ အယူဝါဒချင်း ယှဉ်ပြိုင်ရဲသူ သူတို့အယူဝါဒကို ချေဖျက်နိုင်သူရှိရင် ဒီသပြေခက်တွေကို ချိုးဖျက်နိုင်တယ်။ ဒါတွေဟာ စိန်ခေါ်တဲ့ သပြေခက်တွေလို့ ပြောသွားကြပါတယ် ဘုရား။ တပည့်တော်တို့ကိုလည်း စောင့်အကြည့်ခိုင်းသွားကြပါတယ် အရှင်မြတ်ကြီးဘုရား'

ကလေးများ၏အဖြေကို ကြားရသောအခါ မထေရ်မြတ်ကြီးက မိန့်တော်မူသည်။

'သူငယ်တို့၊ အဲဒီသပြေခက်တွေကို နုတ်ပယ်နင်းနယ် ချေဖျက်လိုက်ကြ'

ကလေးများ တုန်လှုပ်သွားကြသည်။

'မှန်ပါ့ဘုရား.. တပည့်တော်တို့ မလုပ်ရဲပါဘူး ဘုရား။ အဲဒီမိန်းမကြီးတွေကို ကြောက်လှပါတယ်ဘုရား'

'သူငယ်တို့ မကြောက်ကြနဲ့၊ သပြေခက်ကိုသာ ချေဖျက်လိုက်ကြ၊ ဘယ်သူက ချေဖျက်နိုင်းသလဲလို့ သူတို့မေးရင် မြတ်စွာဘုရားရဲ့တပည့် သာဝကကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်က ချေဖျက်ခိုင်းတယ်လို့ ပြောကြ၊ ပရိုဗိမတို့ အယူဝါဒချင်းယှဉ်ပြိုင်ချင်ရင် ဇေတဝန်ကျောင်းတိုက်မှာ နေထိုင်သီတင်းသုံးတော်မူတဲ့ မထေရ်မြတ်ထံ သွားကြလို့ ရဲရဲဝံ့ဝံ့သာပြောလိုက်ကြ သူငယ်တို့'

ကလေးများ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ မထေရ်မြတ်ကြီး စကားကြောင့် အားတက်ရဲဝံ့သွားကြသော မျက်လုံးများ ကိုယ်စီဖြင့်။

စိန်ခေါ်ထားသော အရာတစ်ခုကို တုံ့ပြန်လိုက်ရမည့်ကိစ္စမှာ ကလေးတို့အကြိုက်ဖြစ်သည်။ ဤအရာသည် သာမန်ဆော့ကစားခြင်းမျှ မဟုတ်တော့။ ပရိုဗိမများကို ကြောက်ရွံ့နေသောနေရာမှ အရှင်မြတ်ကြီး၏ အားပေးစကားကြောင့် ထွက်ပေါ်လာသော တက်ကြွမှုများက အစားဝင်လာသည်။

ကလေးတို့သည် တစ်ယောက်အကြည့်ကိုတစ်ယောက် နားလည်သွားကြပြီးနောက် တစ်ပြိုင်တည်းလိုလိုပင် 'ဟေး' ခနဲဟု အော်ဟစ်ကြွေးကြော်ကာ မြေပုံပေါ်မှ သပြေခက်များကို ဆွဲနုတ်လိုက်ကြသည်။ ကိုင်းတွေကို ချိုးပစ်လိုက်ကြသည်။ အရွက်တွေကို ဖြတ်ပစ်လိုက်ကြသည်။ အညွန့်တွေကို ဖွဲ့ပစ်လိုက်ကြသည်။ ထို့နောက် အကျိုးကျိုးအကြေအကြေ ဖြစ်သွားသော သပြေခက်တွေကို တစ်စစီဖြစ်သွားအောင် 





ပျော်ရွှင်စွာ ဖျက်ဆီးပစ်လိုက်ကြတော့သည်။

အခါတိုင်းအခါတိုင်း သူတို့စစ်တိုက်တမ်း၊ ခိုးသားဖမ်းတမ်း ကစားကြရာသည်ထက် ပိုပြီးပျော်ရွှင်ကျေနပ်သွားကြသည်။ သူတို့၏ ကစားကွင်းသဖွယ်ဖြစ်သော မြေပုံပေါ်တွင် ကျူးကျော်ဝင်ရောက်ခဲ့သည့် စိန်ခေါ်သောသပြေခက်များကို ချေမှုန်းပစ်လိုက်ရသည့်အတွက် ကြီးမားသော အောင်ပွဲတစ်ရပ်အဖြစ်လည်း အားရနှစ်ခြိုက်သွားကြလေသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးလည်း ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဇေတဝန်ဝိဟာရသို့ ပြန်ကြွသွားလေသည်။

မရှေးမနှောင်းမှာပင် သာဝတ္ထိမြို့တွင်း လှည့်လည်ခဲ့ကြသော ပရိုဗိမလေးယောက်တို့လည်း အရှေ့မြို့တံခါးဝသို့ ပြန်ရောက်လာကြသည်။

မြေပုံပေါ်နှင့် အနီးတစ်ဝိုက်တွင် ကျွမ်းထိုးခုန်ပေါက်လျက် လွတ်လပ်ရဲဝံ့စွာ ပျော်ရွှင်ဆော့ကစားနေကြသော ကလေးငယ်များကို သူတို့တွေ့ကြရသည်။ သပြေခက်များကား မြေပုံပေါ်တွင်မရှိတော့။ အပိုင်းပိုင်း အကြေကြေ အစိတ်စိတ်အမြွှာမြွှာ ဖြစ်လျက် ကလေးတို့ကစားရာ မြေပုံတစ်ဝိုက်တွင် ကြဲပြန့်နေသည်။

စိန်ခေါ်ချက်ကို လက်ခံသူပေါ်လာပေပြီ။

တိုက်ပွဲ၏ ရှေ့ပြေးတံပိုးသံ ကျူးရင့်လေပြီ။

အစ်မအကြီးဆုံး သစ္စာက ကလေးများကို မေးလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



'အယူဝါဒချင်း ပြိုင်ချင်ရင် ဇေတဝန်ကျောင်းတော်လိုက်ခဲ့ကြတဲ့ခင်ဗျ'

ပဋ္ဌာဒါက ကျေနပ်အားရစွာ ပြုံးလိုက်သည်။

အစ်မလတ် လောလာက နှုတ်ဆော်လိုက်လေသည်။

'ကိုင်း‥ညီမတို့ရေ နောက်ဆုံးတော့ တို့မျှော်လင့်စောင့်စားခဲ့ရတဲ့ နေ့တစ်နေ့ ကိုရောက်လာပြီး လုပ်စရာရှိတာ လုပ်ကြစို့လား'

'သာဝတ္ထိမြို့တွင်း လမ်းမကြီးလေးခုဟာ မြို့ပြင်အရှေ့အရပ်တစ်နေရာမှာ သွားပြီးဆုံတယ်။ အဲဒီဆုံရပ်မှာ တွေ့ကြမယ်။ ကဲ‥ သွားကြစို့'

အစ်မကြီးသစ္စာက စီမံခန့်ခွဲလိုက်သည်။ ညီအစ်မလေးယောက်တို့သည် မြို့ တံခါးမှ ထွက်ခွာလျက် လမ်းမကြီး လေးခုအတိုင်း တစ်ယောက်တစ်လမ်း ထွက်ခွာ ခဲ့ကြသည်။

ဆွမ်းခံပြန်ချိန်၊ နံနက်ပိုင်း လုပ်ငန်းသိမ်းချိန်၊ နေ့ခင်းပိုင်းလုပ်ငန်းဝင်ချိန်၊ ဈေးရောင်းဈေးဝယ်တို့ ဈေးကွဲစအချိန်ဖြစ်လေရာ သာဝတ္ထိလမ်းများတွင် လူစည်ကား လျက်ရှိသည်။ ထိုလူအုပ်ကြီးများသည် တစ်ယောက်လျှင် လမ်းမတစ်ခုစီ တာဝန် ယူလျက် ကြွေးကြော်သွားကြသော ပရိဗိုဇ်မလေးယောက်တို့၏ကြွေးကြော်သံများ ကို ကြားကြရလေသည်။

'မြတ်စွာဘုရားရဲ့တပည့် သာဝကဖြစ်တဲ့ သာရိပုတ္တရာအမည်ရှိသူဟာ ငါတို့ ရဲ့ စိန်ခေါ်ချက်ကို လက်ခံလိုက်ပြီ၊ ငါတို့နဲ့ သာရိပုတ္တရာအယူဝါဒ ယှဉ်ပြိုင်ကြ တော့မယ်။ ဝါဒပြိုင်ပွဲကို တက်ရောက်နားထောင်လိုသူတိုင်း ထွက်ခဲ့ကြ၊ ပွဲကြီးပွဲ ကောင်းကို လက်လွတ်မခံလိုသူတိုင်း တက်ရောက်ကြ'

လမ်းမတစ်ခုစီအတိုင်း လှည့်လည်ကြွေးကြော်ကြပြီးနောက် ညီအစ်မလေး ယောက်တို့သည် ဇေတဝန်ကျောင်းတော်သို့ သွားရာလမ်းမ လေးခွစုရပ်တွင် ပြန်ဆုံ ကြသည်။ ဤစုရပ်ဆီသို့ သာဝတ္ထိတစ်မြို့လုံးမှ ပရိသတ်များလည်း ဝိုင်းအုံစုဝေး ရောက်ရှိလာကြသည်။

ပရိဗိုဇ်ညီအစ်မလေးယောက်တို့ ဇေတဝန်ကျောင်းတော်ဆီ ရှေ့ရှုထွက်ခွာ ခဲ့ကြရာ နောက်၌လည်း ပရိသတ်အစုအဝေးကြီးသည် အုတ်အုတ်ကျက်ကျက် လိုက်လာခဲ့ကြလေတော့သည်။

❖❖❖



## အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း

'ကလေးတို့ ဒီသပြေခက်တွေကို ဖျက်ဆီးလိုက်ကြသလား'

'ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်တို့ပဲ ဒီသပြေခက်တွေကို ချေဖျက်လိုက်ကြတာ ပါ'

အနယ်နယ်အရပ်ရပ်လှည့်လည်ခဲ့သော ပရိဗိုဇ်မလေးယောက်တို့သည် ကလေး တို့၏အမူအရာကို ကောင်းစွာနားလည်လိုက်ကြသည်။ တစ်ယောက်ယောက်က လှုံ့ဆော်အားပေးမှုကြောင့် ကလေးများ ဤမျှရဲတင်းနေကြကြောင်း သဘောပေါက်ကြ သည်။

ယင်းအတွက် ပရိဗိုဇ်မတို့သည် ဒေါသမဖြစ်ကြရုံမျှမက စိန်ခေါ်ပွဲကို လက်ခံ သူ ပေါ်ပေါက်နေပြီဟု ဝမ်းသာအားရပင်ဖြစ်သွားကြသည်။ အငယ်ဆုံး ပဋ္ဌာဒါသည် တက်ကြွသောဟန်ဖြင့် မျက်နှာပြင်၌ သွေးရောင်များ လွှမ်းလာပြီးမေးလိုက်သည်။

'ကလေးတို့ကို ဘယ်သူက ချေဖျက်ခိုင်းသလဲကွယ့်'

'အရှင်သာရိပုတ္တရာ'

ပဋ္ဌာဒါက အစ်မကြီးသုံးယောက်ကို လှမ်းကြည့်လိုက်သည်။ တိုက်ပွဲခေါ်သံ တုံ့ပြန်မာန်ဖြင့် ဖျတ်လတ်နေကြသော မျက်လုံးသုံးစုံက ညီမအငယ်ဆုံးကို အားပေး နေကြသည်။

'ဟုတ်လား‥ အရှင်သာရိပုတ္တရာတဲ့လား၊ သူက ကလေးတို့ကို ဘာတွေ သွားသေးသလဲကွယ့်'



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂသာဝက မွေသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဝိဟာရပရိဝုဏ် ကွက်လပ်အလယ်မှပင် စောင့်နေတော်မူသည်။ ကျောင်းတိုက်ထဲသို့ မာတုဂါမများ လာရောက်ခြင်းသည် မတင့်တယ်ဟု ဆင်ခြင်မိသောကြောင့် အပြင်ကွက်လပ်မှ ထွက်စောင့်နေတော်မူခြင်း ဖြစ်လေသည်။

ကျယ်ပြန့်သော တလင်းပြင်ကွက်လပ်ဖြစ်သောကြောင့် ဝါဒပြိုင်ပွဲသို့ နားထောင်ရန် တက်ရောက်လာကြသည့် ပရိသတ်လူထုကြီးအဖို့လည်း နေရာရသွားလေသည်။

'ကျွန်ုပ်တို့ရဲ့ သပြေခက်ကို ချေမှုက်စေခိုင်းခဲ့သူဟာ အရှင်ပဲလား'

အစ်မကြီး သစ္စာ အရှင်မြတ်နှင့် မျက်နှာချင်းဆိုင်လျက် မေးသည်။

'ဟုတ်ပေတယ်‥ကျွန်ုပ်ချေမှုက်ခိုင်းခဲ့တယ်'

ပြကတေ့သောအသွင်ဖြင့် မထေရ်မြတ်ကြီးက ဖြေသည်။

'ဒါဆိုရင် အယူဝါဒယှဉ်ပြိုင်ကြဖို့ပဲပေါ့'

'အယူဝါဒ ယှဉ်ပြိုင်ကြဖို့ပဲ ဖြစ်တယ်။ ပထမ အမေးအလှည့်ကို ဘယ်သူကယူပြီး ဘယ်သူက ဖြေစေချင်သလဲ၊ သင်တို့ နှစ်သက်သလို အလှည့်ယူနိုင်ပါတယ်'

'ကျွန်ုပ်တို့က ပထမဦး အမေးအလှည့်ယူမယ်'

'ကောင်းပြီ၊ သင်တို့ဟာ မာတုဂါမများဖြစ်တယ်၊ အမိကဲ့သို့သော မိန်းမများအမိအလောင်းအလျာများဆိုတဲ့ ဂုဏ်ပုဒ်အရ သင်တို့က အမေးအလှည့်ကို စယူကြပါ'

မထေရ်မြတ်ကြီးက အေးဆေးစွာပင် အခွင့်ပေးတော်မူလေသည်။

သစ္စာ၊ လောလာ၊ အဝိဓာရိကာနှင့် ပဋိစ္ဆာဒါ ညီအစ်မလေးယောက်သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သူတို့၏မျက်လုံးများသော တက်ကြွခြင်းဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ဇမ္ဗူဒိပ်ကျွန်းတွင် လပေါင်းများစွာ လှည့်လည်ခဲ့ပြီး စိန်ခေါ်လက်ခံသူမဲ့ ဖြစ်ခဲ့ရာမှ ယခုလိုပြိုင်ပွဲ ဖြစ်ပေါ်လာသည့်အတွက် ဝမ်းသာအားရ ဖြစ်နေကြသည်။

မဇ္ဈိမဒေသကား အယူဝါဒပေါင်းများစွာတို့ ထွန်းပေါ်ရာဒေသဖြစ်သည်။ ထိုသည်အထဲတွင် အမိဘက်မှ ဝါဒငါးရာ၊ အဖဘက်မှ ဝါဒငါးရာ၊ စုစုပေါင်း တစ်





ထောင်သော ဝါဒတို့ကို တတ်မြောက်ထားသည့်မာန်မာနဖြင့် ညီအစ်မလေးယောက်တို့သည် ပြိုင်ပွဲဝင်ကြသည်။

ညီအစ်မလေးယောက်တို့ တစ်ယောက်တစ်လှည့်စီ မေးကြသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က မေးလာသမျှ မေးခွန်းတိုင်းကို တစ်မုဟုတ်ချင်းပင် ဖြေဆိုတော်မူသည်။ အမေးနှင့် အဖြေသည် ထက်ကြပ်မကွာ။ အမေးတစ်ခုအတွက် အဖြေတစ်ခုက လိုက်ပါလာပြီးသား။ ကြာရိုးကို သန်လျက်ဖြင့် တိခုတ်ဖြတ်တိသကဲ့သို့ ပရိဗိုဇ်မတို့၏ မေးခွန်းများသည် မထေရ်မြတ်၏အဖြေများအောက်တွင် တစ်ခုချင်း တစ်ခုချင်း လဲပြိုသွားကြသည်။

မေးတိုင်း,မေးတိုင်း ပြဿနာများကို အဖုအထစ်၊ အရှုပ်အထွေးမရှိအောင်၊ နောက်ထပ်တစ်ဖန် ပြန်မေးခွင့်မရှိရအောင် မထေရ်မြတ်က ရှင်းလင်းဖြေကြားတော်မူသည်။

ဤသို့ဖြင့်ပင် မေးခွန်းများ ပြီးဆုံးသွားသည်။ ညီအစ်မလေးယောက်တို့၏ ဝါဒတစ်ထောင်လည်း ကုန်သွားသည်။

'နောက်တစ်ဖန် မေးကြဦး'

မထေရ်မြတ်က မိန့်တော်မူသည်။

ညီအစ်မလေးယောက်တို့ အပြန်အလှန်ကြည့်ကြသည်။

အစ်မအကြီးဆုံး သစ္စာက လေသံမျှဖြင့် ဖြေသည်။

'အရှင်ဘုရား၊ မေးစရာမေးခွန်း ကုန်ပါပြီ'

'ပရိဗိုဇ်မတို့၊ သင်တို့မေးတဲ့ ဝါဒတစ်ထောင်ကို ငါဖြေပြီးပြီ၊ ယခုအခါ ငါ့ရဲ့အမေးအလှည့်၊ သင်တို့ရဲ့ အဖြေအလှည့်ရောက်ခဲ့ပြီ၊ သင်တို့ကို ငါတစ်ခုတည်းသော ပြဿနာ၊ တစ်ခုတည်းသော မေးခွန်းကိုသာ မေးပါမယ်၊ သင်တို့ ဖြေကြမှာလား'

ထိုးထိုးထောင်ထောင် ငွားငွားစွင့်စွင့် ရှိနေသော ပန်းများချက်ချင်းပင် မီးအလျှံအဟပ်ခံလိုက်ရသကဲ့သို့ပင် ဖြစ်သည်။ ပရိဗိုဇ်မလေးယောက်တို့၏အသွင်မှာ ညိုမှောင်နေကြပြီ။ ခရီးတာပေါင်းများစွာ ပြေးလွှားလာရသလို ချည့်ချည့်နဲ့နဲ့ ဖြစ်နေကြသည်။

အရှင်ဘုရားကြိုက်သလိုသာ မေးပါ၊ တပည့်တော်မတို့ ဖြေပါမည်ဟူသော ရဲရဲဝံ့ဝံ့ တုံ့ပြန်သံမျိုး ထွက်မလာဘဲ‥



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်မတို့ သိသမျှတော့ ဖြေပါ့မယ် အရှင်ဘုရား' ဟူ၍သာ လေသံခပ်လျော့လျော့ဖြင့် လျှောက်ထားကြလေသည်။

'ကောင်းပါပြီ ပရိဗိုဇ်မတို့၊ ငါ အခုမေးမယ့်ပြဿနာဟာ ခက်ခဲနက်နဲတဲ့ အထက်တန်းစား ပြဿနာကြီးမဟုတ်ပါဘူး။ အမျိုးကောင်းသား မောင်ရှင်သာမဏေလောင်းလေးများကို ရှင်ပြုပြီးတဲ့နောက်မှာ ဦးစွာအစ သင်ကြားပေးအပ်တဲ့ ပြဿနာဖြစ်တယ်၊ ဒီမေးခွန်းကို ငါမေးပါ့မယ်'

ညီအစ်မလေးယောက်တို့ သိသိသာသာကြီး အမူအရာပျက်လာကြသည်။ ဝိုင်းအုံနေသော ပရိသတ်ထုကြီး၏မျက်လုံးများက သူတို့အပေါ် ကျရောက်နေသည်။

'ပရိဗိုဇ်မတို့ ငါမေးပြီ၊ တစ်ခုသော တရားမည်သည်အဘယ်တရားဖြစ်သလဲ။ ဖြေပါ'

တစ်ခုသော တရားမည်သည် အဘယ်တရားဖြစ်သနည်း။ (ဧကံ နာမကိံ) ဤမေးခွန်းတစ်ခုတည်းသည်ပင်လျှင် အယူဝါဒပြိုင်ပွဲ၏အဆုံးသတ်ပွဲသိမ်း ဖြစ်သည်။

ညီအစ်မလေးယောက်တို့ထံမှ အဖြေထွက်ပေါ်လာခြင်း မရှိ။

'ပရိဗိုဇ်မတို့ ဖြေကြ'

မထေရ်မြတ်က ထပ်မံနှိုးဆော်သည်။

ညီအစ်မလေးယောက်တို့ထံမှ အသံထွက်လာသည်။ အဖြေစကား မဟုတ်။

'အရှင်ဘုရား၊ မေးခွန်းပြဿနာရဲ့အဖြေကို တပည့်တော်မတို့ အစွန်းအစမျှ မမြင်မသိကြပါ ဘုရား'

အရှင်သာရိပုတ္တရာမထေရ်သည် ဝါဒပြိုင်ပွဲပေါ်တွင် အောင်လံတံခွန် ထပ်မံစိုက်ထူတော်မူလေသည်။

'ပရိဗိုဇ်မတို့၊ သင်တို့မေးတဲ့ ပါဒတစ်ထောင်ကို အလုံးစုံ ငါဖြေခဲ့ပြီးပြီ။ ငါမေးတဲ့ အမေးပုစ္ဆာပြဿနာတစ်ခုကိုမျှ သင်တို့ မဖြေနိုင်ကြဘူး၊ သည်သို့ဆိုလျှင် အဘယ်သူက နိုင်ပြီး အဘယ်သူက ရှုံးသလဲ'

'အရှင်ဘုရားက အောင်နိုင်ပြီး တပည့်တော်မတို့က ရှုံးနိမ့်ကြပါတယ် ဘုရား'

ရှုံးနိမ့်ခြင်း၏ ဝန်ခံစကားဖြစ်သည်။ ပရိဗိုဇ်မတို့သည် ဇမ္ဗူဒီပ်တစ်ခွင်တွင် သပြေခက်နှင့် စိန်ခေါ်ခဲ့စဉ်က ပြိုင်သူမဲ့ အောင်ပွဲအရသာကို မြိန်ရှက်စွာ စားသုံးခဲ့ကြသလိုပင် ယခု အရှုံးကိုလည်း တိတိကျကျပင် ဝန်ခံကြလေသည်။





'သင်တို့ ရှုံးနိမ့်ပြီဆိုရင် ဘယ်သို့ ပြုကြမလဲ'

ညီအစ်မလေးယောက်တို့၏ အကြည့်ချင်း ဆုံကြပြန်သည်။ ပလွှားခြင်း အဓိုးအငွေ့များ ကင်းစင်သွားကြပြီဖြစ်သော ထိုမျက်လုံးအစုံတို့တွင် တစ်ခုတည်းသော အဓိပ္ပာယ်က လွှမ်းခြုံလျက်ရှိကြသည်။ မိဘနှစ်ပါး၏ သြဝါဒစကားအတိုင်း လိုက်နာကြရုံမှအပ အခြားမရှိတော့။ ဝါဒပြိုင်ပွဲတွင် အနိုင်ရရှိသော တစ်ဘက်ပုဂ္ဂိုလ်သည် လူဝတ်ကြောင်ယောကျ်ားဖြစ်က ထိုသူထံတွင် မိမိတို့ကိုယ်ကို ဆောင်နှင်းလျက် မယားအဖြစ် ခြေရင်းအလုပ်အကျွေး ပြုကြရမည်။ အနိုင်ရရှိသော တစ်ဘက်ပုဂ္ဂိုလ်သည် ရဟန်းဖြစ်ပါက ထိုရဟန်းထံ၌ ရဟန်းပြုကြရမည်ဟူသော သြဝါဒစကား။

'အရှင်မြတ်ထံမှာ ရဟန်းမပြုကြပါမည် အရှင်ဘုရား'

ညီအစ်မလေးယောက်က တစ်ပြိုင်တည်း လျှောက်ထားလိုက်ကြသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်က..

'မာတုဂါမတို့ မည်သည်မှာ ငါတို့ထံမှာ ရဟန်းမပြုဖို့မအပ်စပ်ဘူး၊ ငါ့ရဲ့အမှာစကားကို ယူဆောင်ပြီး ဘိက္ခုနီမကျောင်းတိုက်သို့ သွားကြ၊ အဲဒီမှာ ရဟန်းပြုကြ'

သစ္စာ၊ လောလာ၊ အဝဓာရိကာနှင့် ပဋိစ္ဆာဒါတို့သည် ဘိက္ခုနီမကျောင်းတိုက်သို့ သွားကာ အရှင်မဥပ္ပလဝဏ်ထေရီမထံ၌ ရဟန်းမ ပြုကြသည်။ ရဟန်းမတို့သည် မမေ့မလျော့သော ပွားများအားထုတ် ကြိုးကုပ်မှုကြောင့် မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြသည်။

အရှုံးနှင့် အနိုင်တို့ထဲမှ တရားမဏ္ဍိုင်၏အလင်းရောင်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝေသာလီမှ ကြုံးဝါးသံ

'ရဟာန်းဂေါတမဟာ အခု မဟာဝုန်တောထဲက ကူဋာဂါရကျောင်းမှာ နေထိုင်သတဲ့လား၊ ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ ကျွန်ုပ်က သူနဲ့တွေ့ချင်နေတာ'

လိစ္ဆဝီမင်းသားတို့သည် သူတို့၏အကြီးတော် မင်းဆရာပြောသည့်စကားကို တလေးတစား နားထောင်နေကြသည်။ ပရိသတ်မှာ သိပ်မများလှ။ ထိုမများလှသော ပရိသတ်တွင် အားလုံးသည် လိစ္ဆဝီမင်းသားများချည်းဖြစ်သည်။

လိစ္ဆဝီတို့၏ အသွင်သဏ္ဌာန်မှာ ခါတိုင်းလိုပင် ထက်မြက်တက်ကြွခြင်းကို ဆောင်လျက်ရှိကြသည်။ ကြေးနီရောင် အသားအရေများပေါ်မှ ကြက်သွေးနှင့် အဖြူရောင်ဝတ်စုံများမှာ ရဲတောင်းပွင့်လင်းခြင်း၏ သရုပ်ဖြစ်သည်။ မဇ္ဈိမဒေသတွင် ဝေသာလီသည် စည်းလုံးညီညွတ်ခြင်းအရာ၌ ထိပ်တန်းတိုင်းပြည်တစ်ပြည်ဖြစ်သည့်အလျောက် လိစ္ဆဝီတို့သည်လည်း မိမိကိုယ်မိမိ ယုံကြည်ခြင်းလက္ခဏာများဖြင့် ကြံ့ခိုင်သောအသွင်ကိုဆောင်နေကြသည်။

အုပ်ချုပ်ရေး တရားစီရင်ရေး၌ အလွန်တိကျသောစနစ်ရှိသည့် ဝေသာလီပြည်သည် ဂဏလွှတ်တော်မှနေ၍ တိုင်းပြည်၏သားကောင်းရတနာများကို မွေးဖွားပေးနေသည်။ ဝေသာလီဂဏလွှတ်တော်မှ မွေးဖွားပေးလိုက်သော လိစ္ဆဝီသားကောင်းများသည့် ထိုနောက် ထိုမင်းသားများ၏ ယုံကြည်လေးစားမှုမှ မွေးဖွားပေးလိုက်သော ပုဂ္ဂိုလ်တစ်ယောက်ရှိသေးသည်။





ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်။ 'ရဟာန်းဂေါတမဟာ အခုမဟာဝုန်တောထဲက ကူဋာဂါရကျောင်းမှာ နေထိုင်နေသတဲ့လား၊ ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ ကျွန်ုပ်က သူနဲ့တွေ့ချင်နေတာ' ဟူသော စကားကိုဆိုလိုက်သူပင်ဖြစ်လေသည်။

သူ့အသွင်မှာမူ လိစ္ဆဝီမင်းသားများနှင့် ကွဲပြားခြားနားနေသည်။ သူသည် လိစ္ဆဝီတို့လို ကြက်သွေးရောင်နှင့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်မထားချေ။ သူ၏ ကိုယ်ပေါ်မှ ကြီးမားသော ဝတ်ရုံကြီးမှာ ရှားနှစ်ရောင်ဖြစ်သည်။ တောက်ပသော အသွေးအရောင်များကြားတွင် သူ၏ညှိုညစ်ညစ် မှုန်မှိုင်းမှိုင်းအရောင်ကပင် တစ်မျိုးထူးခြားနေသည်။

သူ့အသက်အရွယ်မှာ ဂဏလွှတ်တော်ဝင် လိစ္ဆဝီမင်းသားများနှင့် မတိမ်းမယိမ်းလောက်ပင် ရှိသေးသော်လည်း သူကအသက်ပိုကြီးနေသယောင်ထင်ရသည်။ ဤသို့ ရှိရင်းစွဲအသက်ထက်ပို၍ ရင့်ရော်ဟန် ပေါက်နေရခြင်းမှာ သူ၏ရှားနှစ်ရောင်ဝတ်စုံကြီးကြောင့်သာမက သိုက်မြိုက်ခမ်းနားစွာ နေတတ်သော သူ့အမူအရာကြောင့်လည်း ဖြစ်သည်။

ပခုံးပေါ်အထိ ရှည်လျားစွာ ကျနေသော သူ့ဆံပင်များသည် လပေါင်းများစွာ မဖြီးမသင်ဘဲ ထားသောကြောင့် ရှုပ်ထွေးလိမ်ကောက်နေကြသည်။ မုတ်ဆိတ်ကျင်စွယ်များမှာလည်း လိစ္ဆဝီမင်းသားများလို သပ်ရပ်စွာ ညှပ်ထားခြင်းမရှိဘဲ ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။

သူက လိစ္ဆဝီမင်းသားများကို အပေါ်စီးမှ ဓလေ့စိုက်ကြည့်ရင်း ပြောလိုက်သည်။

'မဟာဝုန်တောထဲက ကူဋာဂါရကို ကျွန်ုပ်သွားရလိမ့်မယ်'

ဤသို့ ပြောလိုက်စဉ် သူ၏နီညိုရောင် မျက်လုံးများမှာ တဖျပ်ဖျပ် တောက်ပနေပြီး ထူထဲသော မျက်ခုံးအစုံကလည်းအပေါ်သို့ မြင့်တက်သွားကြသည်။

သူက ရှားနှစ်ဝတ်စုံကြီးကို ဖွေ့ယမ်း၍ ပင့်တင်လိုက်သည်။ ထိုအခါ အောက်ခံကိုယ်ကျပ် ဝတ်မထားသော သူ၏ခန္ဓာကိုယ် ဝမ်းဗိုက်ဆီမှ လက်ခနဲ အရောင်တောက်သွားလေသည်။ ထိုအရောင် တောက်သွားသောအရာမှာ သံပြားတစ်ခု ဖြစ်သည်။ သံပြားတစ်ချပ်ကို မထူမပါးပြုလုပ်လျက် သူ၏ဝမ်းဗိုက်တွင် ချိတ်ပတ်ထားသည်။ သည်သို့မှလုပ်မထားလျှင် မဖြစ်။ သူပြောလေ့ရှိသည့်စကားမှာ--

'ပညာတွေနဲ့မဆံ့နိုင်လောက်အောင် ပြည့်လျှံနေတဲ့အတွက် ငါ့ဝမ်းဗိုက်



www.burmeseclassic.com

www.burmeseclassic.com



က ပေါက်ကွဲသွားနိုင်တယ်၊ ဒါကြောင့် ဝမ်းဗိုက်ကို သံပြားနဲ့ရစ်ပတ်ထားရတယ်’ ဟူ၍ ဖြစ်သည်။

သူကား အဖဘက်မှ အယူဝါဒငါးရာ၊ အမိဘက်မှ အယူဝါဒ ငါးရာ၊ အယူဝါဒတစ်ထောင်ကို ဆောင်ကြကုန်သော အစ်မကြီးလေးယောက်တို့ထက် လွန်၍ ဗိုလ်၍ ဉာဏ်ပညာထက်မြက်သည့်မောင်အငယ်ဆုံး။

သစ္စာ၊ လောလာ၊ အဝဒါရိကာ၊ ပဋိစ္ဆာဒါ ပရိဗိုဇ်မလေးယောက်တို့၏ မောင်ငယ် သစ္စကပင်ဖြစ်သည်။

အစ်မဖြစ်သူများက သပြေခက်ဖြင့် စိန်ခေါ်ကာ မြို့မတစ်ခွင်တွင် ဝါဒချင်း ပြိုင်ရန် လှည့်လည်သွားနေကြသော်လည်း သစ္စက,ကမူ ဝေသာလီမှာပင် အခြေချ နေထိုင်ရင်း လိစ္ဆဝီမင်းသားတို့၏အကြီးတော် မင်းဆရာအဖြစ် ဆရာတစ်ဆူ မင်းမူ နေခဲ့လေသည်။

အယူဝါဒနှင့်ပတ်သက်ပြီး လွန်စွာပင် သိချင်တတ်ချင် မေးမြန်းစူးစမ်းချင် သော လိစ္ဆဝီတို့အဖို့ သစ္စကသည် ထိုက်တန်သောဆရာဖြစ်ခဲ့သည်။

ဆရာသစ္စက ကြုံးဝါးလေ့ရှိသည်။

‘အယူဝါဒနဲ့ ပတ်သက်လာရင် လာချင်တဲ့သူ လာခဲ့ကြစမ်း၊ အယူဝါဒ တစ်ခုခုအတွက် ငါက မေးမြန်းစိစစ် ဝေဖန်ပိုင်းဖြတ် မွှေနှောက်ချောက်ချားလိုက်လို့ ရှိရင် လက်ကတီးကြားက ချွေးစီးထွက်ရမယ်သာမှတ်၊ ငါ့ရဲ့မွှေနှောက် ချောက်ချားမှု အောက်မှာ မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်မယ့် ရဟန်း၊ ဂိုဏ်းဆရာဆိုတာ ငါမတွေ့သေး ဘူး၊ သူ့ကိုယ်သူ သမ္မာသမ္ဗုဒ္ဓလို့ ဝန်ခံတဲ့သူဖြစ်ဦးမလား၊ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင်လို့ ဝန်ခံသူဘုရားဖြစ်ဦးမလား၊ လာခဲ့ကြစမ်း၊ အသိဉာဏ် အ သက်မဲ့ညာဉ် စိတ်စေတနာ ကင်းမဲ့တဲ့ သစ်ငုတ်၊ တိုင်သော်မှ အယူဝါဒနဲ့ ငါ အပြစ်တင် ကြိမ်းမောင်းလိုက်ရင် တုန်လှုပ်ယိမ်းယိုင်သွားလိမ့်မယ်။ လူဆိုရင်တော့ ဘယ်မှာပြောစရာရှိသေးသလဲ၊ သစ္စကရဲ့အောက်မှာ ကစဉ့်ကလျား ပြားပြားဝပ်သွား မယ်သာမှတ်’

ထိုကြုံးဝါးသံကို မပြတ်ရေရွတ်လျက် ပရိဗိုဇ်အဖြစ်ကို ခံယူကာ ဝေသာလီ တွင် အခြေချနေထိုင်သော သစ္စကပရိဗိုဇ်၏ အဓိကရည်မှန်းချက် ပစ်မှတ်ထား အခြားမဟုတ်။





‘ရဟန်း ဂေါတမရဲ့အယူဝါဒကို ငါအပြစ်တင်ရလိမ့်မယ်’ ဟူ၍ ဖြစ်သည်။

လိစ္ဆဝီမင်းသားတို့ကလည်း မိမိတို့ ကြည်ညိုလေးစားရင်းစွဲရှိသော အကြီး တော်မင်း ဆရာသစ္စကနှင့် ဗုဒ္ဓတို့အယူဝါဒချင်း ပြိုင်ကြမည့်နေ့၊ သို့တည်းမဟုတ် ဗုဒ္ဓ၏အယူဝါဒအပေါ် ဆရာသစ္စကအနေဖြင့် ပြစ်တင်ဝေဖန်ကာ မွှေနှောက်ချောက်ချား မည့်နေ့ကိုသာ စိတ်အားထက်သန်စွာ စောင့်ကြိုနေကြလေတော့သည်။

မကြာမီမှာပင် ထိုတစ်နေ့သို့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မဟာဝုန်တောသို့

ဆွမ်းခံဝင်ချိန် နံနက်ခင်း အခါသမယဖြစ်သည်။ အကြီးတော် သစ္စကသည် မိမိနေထိုင်ရာ စံအိမ်ရှေ့တွင် စင်္ကြံလျှောက်နေသည်။ ခြေလှမ်းတိုင်းနှင့်အမျှ သူစဉ်းစားနေသည်မှာ 'ရဟန်းဂေါတမကို ဝါဒရေးရာနဲ့ပတ်သက်ပြီး ဘယ်လိုပြစ်တင်ရမလဲ' ဟူ၍ဖြစ်သည်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသော သစ္စက၏ရှေ့တွင် သူ၏ရှုးနှစ်ရောင် ဝတ်ရုံစကြီးသည် မြေပေါ်တွင် ဒရွတ်တိုက်ကာ လှုပ်ယမ်းလိုက်ပါလျက်ရှိလေသည်။

ထိုအချိန်တွင် သစ္စကသည် အရှေ့အရပ်ဆီမှ အနောက်အရပ်ဆီသို့ သပိတ်ကိုပိုက်လျက် ကြွလှမ်းလာနေသော ရဟန်းတစ်ပါးကို လှမ်းမြင်လိုက်သည်။

ရဟန်းကို တွေ့လိုက်သောအခါ သစ္စက ဝမ်းသာသွားသည်။

'ဒီရဟန်းဟာ ရဟန်းဂေါတမရဲ့ထင်ရှားတဲ့တပည့် အဿဇိမထေရ်ပဲ၊ သူဟာ သူ့ဆရာရဲ့ အယူဝါဒလမ်းစဉ်မှာ လိမ္မာသူတစ်ယောက်ပဲ၊ ငါ့ရဲ့တိုက်ပွဲအစကို တစ်ဦးဖြစ်သူနဲ့ အစပြုရလိမ့်မယ်'

စင်စစ်အားဖြင့် မြတ်စွာဘုရား၏ အယူဝါဒကို ပြစ်တင်ချေဖျက်အံ့ဟု ကြုံးဝါးနေစေကာမူ သစ္စကသည် ဘုရားရှင်၏အယူဝါဒ မည်သို့ရှိသည်ကို မသိသေးပေ။

'သူတစ်ပါးရဲ့အယူဝါဒကို ချေဖျက်အနိုင်ယူဖို့ဆိုတာ၊ အဲဒီ အယူဝါဒဟာ ဘာလဲဆိုတာကို ဦးစွာသိထားမှဖြစ်မယ်၊ တစ်ဖက်ပုဂ္ဂိုလ်ရဲ့အင်အားကို သိပြီးမှ တိုက်စစ်ဆင်ရာမှာ ပိုပြီးထိရောက်မယ်၊ ဘာမှမသိသေးဘဲ အပြစ်တင်ဖို့ဆိုတာ





အဓိပ္ပာယ်မရှိဘူး၊ တစ်ဖက်ဝါဒကို သေသေချာချာသိပြီးမှ တင်အပ်သောအပြစ်ဆိုတာ ပြည့်စုံကောင်းမွန်မယ်၊ သည်တော့ အဿဇိမထေရ်ကိုပဲ ငါအရင် ချဉ်းကပ်မယ်၊ သူ့ဆရာအကြောင်းကို သူ့တပည့်ဆီမှာ စုံစမ်းမေးမြန်းရမှာပေါ့'

အဿဇိ မထေရ်အနီးသို့ ရောက်လာသည်။ သစ္စကက နှုတ်ဆက်စကားဆိုပြီး သင့်တင့်လျှောက်ပတ်သောနေရာတွင် ရပ်လျက်..

'အရှင်အဿဇိ၊ ရဟန်းဂေါတမဟာ တပည့်သာဝကများကို ဘယ်လိုဆုံးမပါသလဲ၊ ဘယ်လို အစိတ်အပိုင်းရှိတဲ့ ညွှန်ကြားချက်မျိုးပေးပါသလဲ၊ ကျွန်ုပ်သိပါရစေ'

မြတ်စွာဘုရား ဘုရားအဖြစ်ကို ရောက်တော်မူချိန်၌ အဦးအစဆုံးတရားကို ကြားနာခွင့်ရခဲ့သော ပဉ္စဝဂ္ဂီငါးဦးတို့တွင် တစ်ပါးအပါအဝင်ဖြစ်လေသည့် အရှင်အဿဇိမထေရ်သည် သစ္စက၏စကားကို ကြားသည်နှင့်အခြေအနေကို ကောင်းစွာနားလည်လိုက်ပေပြီ။

ပရိဗိုဇ်အသွင်ကို ခံယူထားသောသစ္စက။ လိစ္ဆဝီမင်းသားတို့၏အကြီးတော်ခင်းဆရာဖြစ်သော သစ္စက။ အယူဝါဒတစ်ထောင်ကို ဆောင်သည်ဟူသော သစ္စက။

ထိုသစ္စက၏ ယခုအမူအရာနှင့် စကားအသွားအလာမေးမြန်းပုံအကြောင်း။ သစ္စက ပရိဗိုဇ်ဆောင်သည်ဆိုသော အယူဝါဒတို့မှာ သာသနာ့ပြင်ပအယူဝါဒများဖြစ်ကြသည်ကို အရှင်အဿဇိမထေရ်သိထားတော်မူသည်။

ထို့ပြင် သစ္စကသည် စကားအရာ၌ နိုက်နိုက်ချွတ်ချွတ် ဆစ်ပိုင်းဝေဖန်တာ တတ်ကတ်သတ်သတ် ခဲကတ်စွာ အပြစ်ရှာတတ်သူ၊ ပြစ်တင်ခြိမ်းခြောက်ခြင်းအမှု၌ ကျွမ်းကျင်လိမ္မာသူဖြစ်ကြောင်း အဿဇိမထေရ်သိထားသည်။

ယခု သစ္စကသည် မေးလာချေပြီ။

'ဘယ်လိုအစိတ်အပိုင်းရှိတဲ့ ညွှန်ကြားချက်မျိုးပေးပါသလဲ' ဟူ၍ အရှင်အဿဇိမထေရ် ဖြေတော်မူသည်။

'အဂ္ဂိဝေဿနမျိုးဖွား သစ္စက ပရိဗိုဇ်၊ မြတ်စွာဘုရားဟာ တပည့်သာဝကတို့ကို ဤသို့ ဆုံးမတော်မူတယ်၊ ဘုရားရှင် ဆုံးမတော်မူတာက (ရဟန်းတို့.. ရုပ်သည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရတို့သည် အမြဲမရှိ၊ ဝိညာဉ်ခြောက်ပါးတို့သည် အမြဲမရှိ) သစ္စက ပရိဗိုဇ်၊ ဘုရားရှင်က ဆက်လက်ဆုံးမတော်မူတယ်၊ (ရဟန်းတို့ -- ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရတို့သည် အတ္တမဟုတ်၊ ဝိညာဉ်ခြောက်ပါးသည် အတ္တမဟုတ်၊ အချုပ်အားဖြင့် အလုံးစုံသောသင်္ခါရတို့သည် အမြဲမရှိကုန်၊ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်)သည်သို့ ဟောကြားဆုံးမတော်မူပေတယ် သစ္စက'

အရှင် အဿဇိမထေရ်သည် လက္ခဏာရေးသုံးပါးအနက်မှ အနိစ္စနှင့် အနတ္တ အချက်တို့ကိုသာ ဖြေကြားလိုက်သည်။ ဒုက္ခအချက်ကို ချန်လှပ်ထားလိုက်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးချက်အနက်မှ ဒုက္ခကို ချန်လှပ်၍ ကျန်နှစ်ချက်ကိုသာ ဖြေကြားလိုက်ခြင်းမှာ ခိုင်လုံသောအကြောင်းရှိသည်။

သစ္စက ပရိဗိုဇ်အား အပြစ်တင်စကားဆိုလာနိုင်ဖို့ အနည်းငယ်မျှ အခွင့်ပေး၍ မဖြစ်။ ပရိယာယကထာစကားမျိုးသည် သစ္စကပရိဗိုဇ်နှင့် မအပ်စပ်။ မုချဆတ်ဆတ်ဖြစ်သော နိပ္ပရိယာယစကားသာလျှင် သစ္စကပရိဗိုဇ်နှင့် ကိုက်ညီသည်။

အကယ်၍ ဒုက္ခအချက်ကို ထည့်သွင်းလျက် 'ရုပ်သည် ဒုက္ခ၊ ဝေဒနာသည် ဒုက္ခ၊ သညာသည် ဒုက္ခ၊ သင်္ခါရတို့သည် ဒုက္ခ၊ ဝိညာဉ်ခြောက်ပါးတို့သည် ဒုက္ခ' ဟူ၍ (ဆင်းရဲခြင်း)လက္ခဏာကိုတင်၍ ဖြေကြားလိုက်သည်ဆိုပါက ဒုက္ခလက္ခဏာပေါ်တွင် အခြေစိုက်လျက် သစ္စကပရိဗိုဇ်သည် နိုက်နိုက်ချွတ်ချွတ် ဖွပ်စွဲဖို့အခွင့်ရသွားတော့မည် ဖြစ်သည်။

အကြောင်းမူ မဂ်ဖိုလ်တို့သည်ပင်လျှင် သင်္ခါရဒုက္ခအနေအားဖြင့် 'ဒုက္ခ' အချက်၌သာ ရှိချေသည်။ သစ္စက ပရိဗိုဇ်သည် ဒုက္ခအချက်ကို အဖြေရရှိပါက တစ်ဆင့်တစ်ဆင့် စကားကတ်လျက် ဆင်ခြေကန်လာတော့မည်ဖြစ်သည်။

သစ္စက ပရိဗိုဇ်မေးလာမည့် မေးခွန်းများကို အရှင်အဿဇိမထေရ်က ကြို၍ တွေးဆထားသည်။

'အရှင် အဿဇိ၊ သင်တို့ဟာ ဘယ်လိုအကျိုးအတွက် ရဟန်းပြုကြပါသလဲ'

ဤမေးခွန်းကပင် အစပြုလိမ့်မည်။

ထိုအခါ ဖြေရမည့်အဖြေက 'မဂ်ဖိုလ် အလို့ငှာ ရဟန်းပြုကြပါတယ်' ဟူ၍ပင် ဖြစ်သည်။ သည်မှာပင်လျှင် သစ္စကပရိဗိုဇ်သည် သူ၏ ထပ်ဆင့်မေးခွန်းများနှင့် ပြစ်တင်စွပ်စွဲချက်များကို မြားမိုးရွာသည့်ပမာ တဖောက်ဖောက် ကြဲသွန်ချလေတော့မည်။

'အို... မဂ်ဖိုလ်အလို့ငှာ ရဟန်းပြုကြသတဲ့လား။ အဿဇိ၊ သည်လိုဆိုတော့





သင်တို့ရဲ့ သာသနာဟာ၊ သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်တဲ့ သာသနာမဟုတ်ပါလား၊ တကယ်တော့ သင်တို့ရဲ့ သာသနာဟာ အကြီးအကျယ် နှိပ်စက်ရာဌာနကြီး ဖြစ်နေပါလား၊ ဒုက္ခဆင်းရဲခြင်းဟာ အလုံးစုံကို လွှမ်းခြုံနေတာပါလား၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခြောက်ပါးအားလုံးဟာ ဒုက္ခတဲ့လား၊ သင်တို့ရဲ့ မဂ်ဖိုလ်ဟာလဲ သင်္ခါရဒုက္ခအနေအားဖြင့် ဒုက္ခလို့ ရဟန်းပြုကြတယ်ဆိုတော့ ဒုက္ခအလို့ငှာ အဆိုနိုင်တာပေါ့၊ သင်တို့က မဂ်ဖိုလ်အလို့ငှာ ရဟန်းပြုကြတယ်ဆိုတာနဲ့ အတူတူပဲပေါ့။

'သည်လိုဆိုတော့ သင်တို့ရဲ့ စိတ်သန္တန်မှာ သုခကို လိုလားတောင့်တတယ်ဆိုတာ မရှိတော့ပါလား၊ လုံ့လဥဿာဟတွေကြောင့်ကြစိုက်ထုပြီး၊ ဒုက္ခဆင်းရဲကိုသာ ခံစားပြီး၊ ဒုက္ခဆင်းရဲခြင်းကိုသာ တစိုက်မတ်မတ်လိုက်နေကြတာပါလား၊ ဩ... ဩ ဒုက္ခကို အရင်းပြုပြီး ဒုက္ခရှိရာကို သွားနေကြတာပေါ့၊ နည်းလမ်းကလည်း ဒုက္ခ၊ ပန်းတိုင်ကလည်း ဒုက္ခ၊ ဩ...ဩ အဆုံးမှာတော့ သင်တို့နဲ့ သင်တို့ဆရာ ရဟန်းဂေါတမရဲ့ သာသနာဆိုတာဟာ အကြီးအကျယ် သတ်ဖြတ်ညှင်းဆဲရာဌာနကြီးပါလား'

ဤကား သစ္စကပရိဗိုဇ်၏ ထိုးနှက်လာမည့် 'စကား' များ ဖြစ်သည်။ ဤထိုးနှက်ချက်များကို ကြိုတင်သိသောကြောင့် အရှင်အဿဇိ မထေရ်က အနိစ္စနှင့် အနတ္တကိုသာ ထုတ်ဖော်လျက် ဒုက္ခကို ချန်လှပ်ထားခဲ့ခြင်းဖြစ်သည်။

သို့သော ထိုအနိစ္စနှင့် အနတ္တနှစ်ချက်ပင် သစ္စကပရိဗိုဇ်သည် အခွင့်ကောင်းရပြီဟုဆိုကာ အားရဝမ်းသာဖြစ်သွားသည်။

'အရှင်အဿဇိ၊ အနိစ္စ အမြဲမရှိခြင်း၊ အနတ္တ၊ အတ္တမဟုတ်ခြင်းတဲ့လား၊ အို... အို... မသင့်လျော်တဲ့စကား ကြားရတာပါပဲကလား၊ အင်း... အဿဇိ၊ တစ်ချိန်ချိန်မှာတော့ သင်တို့ဆရာရဟန်းဂေါတမနဲ့ ကျွန်ုပ်ဆုံတွေ့ကောင်း ဆုံတွေ့တန်ရာပါတယ်၊ စကားအပြန်အလှန်ပြောခွင့်လဲရကောင်းပါရဲ့၊ အင်း... အဲဒီအခါမှာသာ...'

သစ္စက ပရိဗိုဇ်သည် ရှားနစ်ရောင်ဝတ်ရုံစ အနားကြီးကို ပခုံးပေါ်သို့ သိမ်းကျုံးတင်လျက် ထူထဲသော မျက်ခုံးများကို ပင့်တင်ကာ အရောင်တောက်နေသော သူ၏မျက်လုံးညိုများကို ပိုမိုတောက်ပစေပြီး...

'အင်း... သင်တို့ဆရာနဲ့ စကားအပြန်အလှန်ပြောခွင့်ရတဲ့ တစ်နေ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သင်တို့ရဲ့မိစ္ဆာအယူဝါဒကို ဆိတ်သုဉ်းပျောက်ကွယ်သွားအောင် ကျွန်ုပ်တတ်နိုင်ကောင်းပါရဲ့လို့ အောက်မေ့ရတာပဲလေ'

အရှင် အသဿဇိမထေရ်က မည်သို့မျှ စကားမပြန်တော့ဘဲ ဝေသာလီမြို့တွင်းသို့ ဆွမ်းခံဆက်ကြွသွားသည်။

သစ္စကမှုကား မဟာဝုန်တောရှိရာ အရှေ့ဘက် မိုးကောင်းကင်ဆီသို့ မော်ကြည့်လျက် ကျယ်ပြန့်စွာ ပြုံးလိုက်လေသည်။



## ပြိုင်ပွဲဆီသို့

သန္တာဂါရ အဆောက်အဦးသည် ဝေသာလီ၏ အချက်အချာအကျဆုံးနေရာဖြစ်သည်။ ကျောက်ဖြူသားများဖြင့် အတိပြီးသော သန္တာဂါရသည် ဝေသာလီတစ်နိုင်ငံလုံး၏အရေးအရာများအားလုံးကို ဆုံးဖြတ်ချက်ချရာ လိစ္ဆဝီရာဇာတို့၏ လွှတ်ရုံးဖြစ်လေသည်။

အလှည့်ကျအုပ်ချုပ်သော လိစ္ဆဝီရာဇာတို့သည် သန္တာဂါရတွင်နိုင်ငံ၏ အရေးအရာများကို ဆွေးနွေးစီမံခန့်ခွဲကြပြီးနောက် နံနက်ခင်းညီလာခံမှ ခေတ္တခဏအနားယူတတ်ကြသည်။ နေ့လယ်စာ စားသုံးချိန်တွင် လိစ္ဆဝီရာဇာတို့သည် သန္တာဂါရဗဟိုခန်းမ၏တစ်ဘက်ရှိ မင်းကွန်းဗိုလ်တဲအဆောင်တစ်ဆောင်၌ စုရုံးရောက်ရှိနေကြသည်။

ထိုအချိန်မှာပင် သန္တာဂါရလွှတ်ရုံးစောင့်တစ်ဦးသည် နေ့လယ်စာ ခန်းမဆောင်သို့ ရောက်လာကာ အနားယူနေကြသော လိစ္ဆဝီရာဇာတို့အား ဦးညွှတ်လျက် သတင်းပို့လေသည်။

'အကြီးတော်သစ္စက ရောက်လာပါတယ် ရာဇာ'

လိစ္ဆဝီမင်းများအားလုံး သက်သောင့်သက်သာ အနားယူနေကြရာမှ ကိုယ်ကိုမတ်မတ်ပြင်၍ ထိုင်လိုက်ကြသည်။ ရာဇာဟူသော အသုံးအနှုန်းမှာ ဝေသာလီတွင် တစ်စုံတစ်ယောက်သော အကြီးအကဲအား ရည်ညွှန်းခေါ်ဝေါ်သည့် အခေါ်အဝေါ်မဟုတ်ချေ။ အုပ်ချုပ်ရေးအဖွဲ့ဝင်များအားလုံးအတွက် နာမ်စားဖြစ်လေသည်။

လွှတ်ရုံးစောင့်၏ သတင်းပို့ချက်ကို ကြားရသောအခါ ရာဇာများအားလုံး အံ့အားသင့်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အကြီးတော် သစ္စကဟာ ဒီသင်္ကာဂါရကို ရောက်လာတယ်လို့ မင်းပြောလိုက်တာလား'

'ဟုတ်ပါတယ် ရာဇာ၊ အခုဆိုရင် အကြီးတော်ဟာ သင်္ကာဂါရရဲ့ လှေကားထစ်တွေပေါ်ကို တက်လာပါပြီ၊ ရာဇာနဲ့ တွေ့ချင်တယ်လို့လဲ အကြီးတော်က ဆိုပါတယ်'

လိစ္ဆဝီမင်းတို့ တစ်ဦးနှင့်တစ်ဦး အံ့သြကြည့်များဖြင့် ကြည့်ကြသည်။ သင်္ကာဂါရလွှတ်ရုံး၏ နေ့လယ်ခင်း အနားယူချိန်တွင် မည်သည့်ဧည့်သည်မှ ဝင်ရောက်တွေ့ဆုံခွင့်မရှိသလို မည်သည့်ရာဇာမှလည်း အပြင်သို့ ထွက်လေ့မရှိ။ ထို့ထက်မှ အကြီးတော်သစ္စက ကိုယ်တိုင်လည်း သင်္ကာဂါရသို့ တကူးတကလာရောက်ရိုး ထုံးစံမရှိ။ ယခုလို နေ့ခင်းအခါ အကြီးတော်သည် သူ၏စံအိမ်တွင်သာ အနားယူနေတတ်မြဲဖြစ်သည်။

အကြီးတော်သစ္စကသည် လိစ္ဆဝီရာဇာတို့အား အကြောင်းကိစ္စကြီးငယ်ရှိလျှင် သူ၏စံအိမ်တော်ဆီသို့သာ ဆင့်ခေါ်စမြဲ။ လိစ္ဆဝီရာဇာတို့ကလည်း အကြီးတော် သစ္စကတွေ့လိုသောအချိန်၊ တွေ့လိုသောနေရာသို့ အခစားဝင်ရောက်ရစမြဲ။

ယခုမူ အကြီးတော်ကိုယ်တိုင် သင်္ကာဂါရသို့ ကြွရောက်လာသည်ဆိုခြင်းမှာ တစ်ခုခုတော့ ထူးခြားနေပြီဖြစ်သည်။ သို့ဖြင့် လိစ္ဆဝီတို့သည် အကြီးတော်အား နေ့လယ်စာ ခန်းမဆောင်မှာပင် ဧည့်ခံရမှာလား၊ သင်္ကာဂါရခန်းမထဲသို့ ချီပင့်သွားရမည်လား မဝေခွဲနိုင်အောင် ဖြစ်သွားကြလေသည်။

သို့သော် ခန်းမဆောင် တံခါးဝမှ ထွက်ပေါ်လာသည့် အောင်မြင်သောအသံဝါကြီးတစ်ခုက ချီတုံချတုံ ဖြစ်နေကြသော ရာဇာတို့အား ငြိမ်သက်သွားစေသည်။

'ရာဇာတို့၊ ရှိမြဲနေရာမှာပဲရှိကြ၊ ကျုပ်လာခဲ့မယ်'

အကြီးတော် သစ္စကကိုယ်တိုင်ပင်ဖြစ်သည်။ ရှားနှစ်ရောင် ဝတ်ရုံစကြီးအားနောက်ပါး၌ခမ်းနားစွာ ဝဲကျလျက်၊ သိုက်မြိုက်သော ခြေလှမ်းများဖြင့် အကြီးတော်သစ္စကသည် အထဲသို့ ဝင်ရောက်လာလေသည်။

ရာဇာတစ်ဦးက ကပျာကယာပင် နေ့လယ်စာစားပွဲရှည်ကြီး၏ ထိပ်ဆုံးနေရာတွင် ကတ္တီပါခင်း ထိုင်ခုံကိုချပေးသည်။ သက်သောင့်သက်သာနေထိုင်လျက်ရှိသော ရာဇာများလည်း မိမိတို့ထိုင်ခုံကို နေရာတကျရွှေ့ကာ စားပွဲရှည်တစ်ဘက်တစ်





ချက်တွင် ဦးညွှတ်မတ်တပ်ရပ်လိုက်ကြသည်။

သစ္စကသည် ဝတ်ရုံစကိုသိမ်းလျက် ထိုင်ခုံဘက်သို့ထိုင်ချလိုက်သည်။ ထိုအခါမှပင် ရာဇာတို့လည်း အသီးသီး အသကထိုင်ခုံများထက်သို့ တိတ်ဆိတ်စွာ ထိုင်ကြလေသည်။

'နေ့လယ်စာ သုံးဆောင်ပြီးကြပြီးလား'

'ပြီးပါပြီ အကြီးတော်'

'ကောင်းတယ်၊ ရာဇာတို့အားလုံး ကျုပ်နဲ့လိုက်ခဲ့ကြပေတော့၊ ဒီနေ့ ရဟန်းဂေါတမနဲ့ ကျုပ်ဝါဒစကားအချေအတင်ပြောကြမယ်၊ ပြောင်မြောက်တဲ့ စကားစစ်ထိုးပွဲကြီးတစ်ခုဖြစ်ပေါ်လိမ့်မယ်'

ဝင့်ကြွားသောအပြုံးကို ရပ်သိမ်းကာ လေးနက်ခက်ထန်သော မျက်နှာထားကို ဆောင်လိုက်ပြီးမှ သစ္စကသည် လိစ္ဆဝီရာဇာတို့အား ဖြန့်ကြက်ကြည့်လိုက်သည်။

'ထင်ရှားတဲ့ ပဉ္စဝဂ္ဂီငါးဦးအနက်မှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ အဿဇိရဟန်းနဲ့ ကျုပ်တွေ့ခဲ့ပြီးပြီ၊ ရဟန်းဂေါတမရဲ့တပည့် အဲဒီ အဿဇိရဟန်းက သူတို့ရဲ့ဝါဒ သူ့ဆရာရဲ့ဝါဒဟာ အနိစ္စ၊ အနတ္တပါလို့ ကျုပ်ကို ဝန်ခံသွားပြီ၊ တပည့်ဝန်ခံတဲ့အတိုင်း ဆရာဖြစ်တဲ့ ရဟန်းဂေါတမကလည်း သူ့ဝါဒဟာ အနိစ္စ၊ အနတ္တပါလို့ ဝန်ခံမယ်ဆိုရင်တော့..'

လေးနက်ခက်ထန်သော အမူအရာမှသည် ဝင့်ကြွားစွာပြုံးလိုက်ပြီးနောက်မှ..

'ရာဇာတို့ စဉ်းစားကြည့်ကြစမ်း၊ ရဟန်းဂေါတမဟာ သူ့ဝါဒသည် အနိစ္စ၊ အနတ္တပါပဲလို့ ဝန်ခံမယ်ဆိုရင် အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်က အမွေးရှည်တဲ့ သိုးတစ်ကောင်ကို အမွေးကဆွဲကိုင်ပြီး ငင်လိုက်တွန်းလိုက် လုပ်ပစ်သလို၊ သေတင်းကုပ် အလုပ်သမားကြီးက သေတင်းကုပ်မှာ ခင်းထားတဲ့ ဖျာကြမ်းကြီးကို ရေအိုင်ထဲဆွဲနှစ်၊ အနားစွန်းက ဆွဲကိုင်ပြီး ငင်လိုက်တွန်းလိုက် လုပ်ပစ်သလို..

သစ္စကလည်း လက်ဖဝါးချင်း အားပါးတရ ပွတ်သပ်ဆုပ်နယ်လျက်..

'အားကောင်းတဲ့ သေသောက်ကျူး ယောကျ်ားဟာ သေရည်ပေါင်းအိုးကို ဆေးကြောသုတ်သင်ဖို့အတွက် အနားကကိုင်ပြီး မှောက်ချီလှန်ချီ အကြိမ်ကြိမ်အလီလီ လှုပ်ခါရင်း ငင်လိုက်တွန်းလိုက် လုပ်ပစ်သလို၊ သက်တမ်းရင့်ရျတဲ့ ဆင်ပြောင်ကြီးဟာ ရေကန်နက်ကြီးထဲ ဆင်းပြီး ပိုက်ဆံချည်မျှင်ဖွပ်လျှော်ခြင်းနဲ့တူတဲ့



www.burmeseclassic.com

www.burmeseclassic.com



တစားနည်းမျိုးနဲ့ ကစားသလို ကျွန်ုပ်သစ္စကဟာ…'

ကျောက်စားပွဲပေါ်သို့ လက်ဝါးဖြင့် တဖြန်းဖြန်းပုတ်ကာ ခန်းမတစ်ခုလုံး ထိန်းထွက်သွားအောင် ဆက်ပြောလိုက်လေသည်။

'ကျွန်ုပ်ဟာ ရဟန်းဂေါတမကို ဝါဒလမ်းစဉ်နဲ့ အပြစ်တင်ပြီး မှောက်ချည် လှန်ချည်၊ လှုပ်ချည်ခါချည် ငင်ချည်တွန်းချည်နဲ့ စိတ်ရှိတိုင်း ကစားပြီး အောင်ပွဲခံရတော့မယ်၊ ဒါကြောင့်…'

အားလုံးကိုခြုံ၍ မြှုံကြက် ကြည့်လိုက်စေကာမှ တစ်ဦးစီအား ထွင်းဖောက်မတတ်သော မျက်လုံးများဖြင့် စူးစူးရဲရဲကြည့်ပြီးနောက် သစ္စကသည် ကြုံးဝါးကြွေးကြော်မှုကို အဆုံးသတ်လိုက်လေသည်။

'ဒါကြောင့် အချေအတင် စကားစစ်ထိုးကြမယ့် ဝါဒပြိုင်ပွဲ ပွဲကြီးပွဲကောင်းကို တက်ရောက်ဖို့ ရာဇာတို့အားလုံး ထွက်ကြ၊ လာကြ၊ ချီတက်ကြ'

ခန်းမဆောင်အတွင်း၌ အသံများ တဝေါဝေါ ဆူညံသွားတော့သည်။ ဗလုံးဗထွေးဖြင့် ဆူညံသွားသော်လည်း ထိုအသံများမှာ နှစ်မျိုးနှစ်စားတည်းဖြစ်သည်။ နှစ်မျိုးအနက် တစ်မျိုးသောအသံတို့က တိုးတိမ်သည်။ ထိုအသံမှာ 'အကြီးတော် သစ္စကဟာ မြတ်စွာဘုရားအပေါ်မှာ ဘယ်လိုလုပ်ပြီး ဝါဒဆိုင်ရာ အပြစ်တင်စကားဆိုနိုင်မှာလဲ၊ မြတ်စွာဘုရားကသာ သစ္စကကို နှိမ်နင်းလိုက်မှာပေါ့'ဟူသော အသံဖြစ်သည်။

အသံနှစ်မျိုးအနက် ဒုတိယအမျိုးအစားမှာမူ ကျယ်လောင်သည်။ ထိုအသံမှာ

'ဟုတ်ပေတာပေါ့၊ တို့ရဲ့အကြီးတော်ဟာ ရဟန်းဂေါတမအပေါ်မှာ ဝါဒနဲ့စပ်လျဉ်းပြီး အပြစ်တင် ချေဖျက်အနိုင်ယူတော့မယ်'ဟူ၍ ဖြစ်သည်။

လိစ္ဆဝီရာဇာတို့အကြားတွင် ထိုသို့သော မှတ်ချက်များဖြင့် နှစ်စုနှစ်ဆေး ကွဲပြားသွားစေကာမူ တဝေါဝေါ ဆူညံနေသောကြောင့် သစ္စကသည် ထိုမှတ်ချက်နှစ်ခုကို သဲသဲကွဲကွဲ မကြားနိုင်ဘဲ မိမိအား နှစ်ထောင်းအားရ ဂုဏ်ပြုနေကြသည်ဟုသာ မှတ်ယူလိုက်လေသည်။

'အားလုံးငြိမ်ကြပါ'

သစ္စက,က ဝတ်ရုံစအတွင်းမှ လက်နှစ်ဖက်ကို ဆန့်တန်းလျက် မြှောက်ချီပြီး အမိန့်ပေးလိုက်သောကြောင့် အသံများတိတ်သွားသည်။





'ရဟန်းဂေါတမဟာ မဟာဝုန်တောအတွင်းက ကူဋာဂါရကျောင်းတိုက်မှာ အခုရှိနေတယ်၊ ငါတို့ အခုပဲ သွားကြစို့၊ လိစ္ဆဝီရာဇာတို့အားလုံး ထွက်ကြ'

သစ္စကဘက်မှ ယုံကြည်ရပ်တည်ကြသော လိစ္ဆဝီရာဇာတို့သည် အကြီးတော်၏ အမိန့်အတိုင်း ခန်းမဆောင်ထဲမှ စတင်ထွက်ခွာကြသည်။ ဤတွင် ဒုတိယအစုမှ လူနည်းစု လိစ္ဆဝီရာဇာတို့လည်း မနေသာမနေဝံ့တော့ပဲ နောက်မှ လိုက်ထွက်ကြရတော့သည်။

လိစ္ဆဝီရာဇာတို့၏ ရှေ့ဆုံးတွင် သစ္စကက ဦးဆောင်လျက် သန္တာဂါရလှေကားထစ်များအတိုင်း ဆင်းလာကြသည်။ ဤမြင်ကွင်းသည် သန္တာဂါရ အဆောက်အဦးရှေ့ရှိ ဝေသာလီလမ်းမကြီးများပေါ်မှ လိစ္ဆဝီအားလုံးအား ထိတ်လန့်အံ့သြစေသည်။

သတင်းကလည်း ချက်ချင်းပင် ပျံ့နှံ့သွားသည်။

'အကြီးတော် သစ္စကဟာ လိစ္ဆဝီရာဇာငါးရာ ခြံရံပြီး ကူဋာဂါရကျောင်းတိုက်ကို သွားမလို့တဲ့၊ ဗုဒ္ဓနဲ့ ဝါဒအချေအတင်စစ်ထိုးကြမလို့တဲ့'

မြင်းက စစ်ရထားများပေါ်သို့ ရောက်သွားကြသည်။ ရှေ့ဆုံးမှ ရထားပေါ်သို့ အကြီးတော် သစ္စကကို ရာဇာတစ်ဦးက ပခုံးထမ်းတင်ပေးသည်။ ထို့နောက် မြင်းဟီသံ၊ ကြာပွတ်သံ၊ ရထားဘီးကြိတ်ခြေသံများ ထွက်ပေါ်လာသည်။ စစ်ရထားများ စတင်ရွေ့လျားသည်။

'မဟာဝုန်တောကို လိုက်သွားကြရအောင်ဟေ့၊ ဝေသာလီပြည်သူပြည်သားတို့ ပွဲကြီးပွဲကောင်း ကြည့်ရတော့မယ်ဟေ့'

စစ်ရထားများ ချီတက်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ဝဲယာပရိသတ်များလည်း လမ်းမပေါ်သို့ ရောက်လာကြသည်။ အချို့က မြင်းစီးလျက်၊ အချို့က ခြေကျင်လျှောက်လျက်၊ အချို့က ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများကို ထမ်းပိုးချီမလျက်။ မဟာဝုန်တောသို့ ရှေးရှုသော ဝေသာလီမြို့တွင်းဗဟိုလမ်းမကြီးတွင် ပရိသတ်များ ပြည့်လျှံသွားသည်။

သန္တာဂါရမှ လိစ္ဆဝီရာဇာတို့ကိုယ်တိုင် အကြီးတော် သစ္စကအား ခေါင်းဆောင်တင်မြှောက်ကာ ရထားအုပ်စု၏တပ်ဦးတွင်ထားလျက် မောင်းနှင်သွားကြသောကြောင့် ဝေသာလီတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားလေသည်။

သို့ဖြင့်ပင် ပရိသတ်ထုကြီးသည် အရာမှအထောင်၊ အထောင်မှ အသောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုးဝှေ့များပြားလာကာ မဟာဝုန်တောဆီသို့ တစ်စတစ်စနီးကပ်လာကြသည်။

မွန်းတည့်ရှိန်ရှိန် နေ့လယ်ချိန်ဖြစ်သောကြောင့် တိမ်ကင်းစင်သည့် ဝေဟာသီ ကောင်းကင်ပြင်အထက်မှ တောက်ပသော နေရောင်ခြည်တို့သည်လည်း ဝါဒစစ်ထိုး ပွဲကြီးနောက်သို့ လိုက်ပါလာသည့်နှယ် ရှိသည်။

ညို့မှိုင်းသော မဟာဝန်တောကြီး၏ အရိပ်အာဝါသနှယ်သို့ ချဉ်းကပ်မိ ကြပေပြီ။

❖❖❖

သန့်ကျင်ခြားနားမှု၏ မြင်ကွင်းပင် ဖြစ်လေသည်။

မဟာဝုန်တောစပ်အရိပ်သို့ ရောက်ရှိလာကြသော လိစ္ဆဝီ ပရိသတ်ကြီးသည် နေပူတစ်ဝက်၊ အရိပ်တစ်ဝက်နေရာများတွင် နေရာယူလိုက်ကြသည်။ နေရောင်အောက်မှ လှုပ်လှုပ်ရွရွ လူအုပ်ကြီးမှာ စိတ်စောခြင်း၊ နွမ်းနယ်ခြင်း၊ ပွဲကြီးပွဲကောင်း တွေ့ရသောအံ့မှုသော မျှော်လင့်ချက်ဖြင့် မောဟိုက်ခြင်းများဖြင့် ပူလောင်နေသည်။

ထိုအချိန်ဝယ် ကူဋာဂါရကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ပြန့်ပြူးသော မြေတလင်းပြင်၌မူ ရဟန်းတော်တို့သည် ငြိမ်းအေးစွာ စင်္ကြံကြွနေတော်မူလေသည်။

ပဏီတဘောဇဉ်ကို စားသုံးပြီးနောက် မွန်းတည့်နေရှိန်တွင် ရဟန်းတို့သည် ထိနမိဒ္ဓကို ပယ်ရှားလွင့်ဖျောက်ရန် စင်္ကြံကြွနေခြင်းဖြစ်သည်။ ထိုရဟန်းတို့သည် နေ့အခါ ဝဓာနအလုပ်တည်းဟူသော ဒိဝါပဓာနိက ရဟန်းများဖြစ်သည်။ နေ့မွန်းလွဲ စအခါတွင် စင်္ကြံလျှောက်၍ ရေချိုးပြီးလျှင် ကိုယ်ကို အပူငွေ့ရအောင် လုပ်ပြီးနောက် လန်းဆတ်သောခန္ဓာဖြင့် ရဟန်းတရားအားထုတ်ကြသူများဖြစ်သည်။ ထိုအချိန်တွင် ဒိဝါပဓာနိက ရဟန်းတို့အတွက် နေပူကျဲကျဲလွင်တီးခေါင်၏ အပူသည် လုံဝအနှောင့် အယှက်မဖြစ်တော့။

မဟာဝုန်တောအရိပ်အောက်တွင် မောဟိုက်ပူလောင်နေသော ပရိသတ်နှင့် ကူဋာဂါရ ပရိဝုဏ်နေပူကျဲကျဲ လွင်ပြင်ဟင်းလင်းတွင် ငြိမ်းအေးစွာ စင်္ကြံကြွနေ ကြသော ရဟန်းများ။

သစ္စကသည် ပရိဝုဏ်အရံတံတိုင်းအနီးသို့ တစ်ယောက်တည်း ချဉ်းကပ် သွားသည်။ လိစ္ဆဝီရာဇာတစ်ဦး၏ မြင်းကား,ရထားပေါ်တွင် လိုက်ပါလာခဲ့ရသော် လည်း သစ္စကသည် နွမ်းနယ်နေသည်။ တံတိုင်းမုခ်၏ ကျဉ်းမြောင်းသော အရိပ်





တလေးပေါ်တွင် ခြေစုံရပ်လျက် နေပူထဲသို့ မထွက်ရဲဘဲ နေပူလွင်ပြင်ထဲ၌ စင်္ကြံ ကြွနေသော ရဟန်းများအား လှမ်းမေးသည်။

'အချင်းတို့၊ ရဟန်းဂေါတမ ခုချိန်မှာ ဘယ်မှာရှိနေသလဲ၊ ကျွန်ုပ်ဟာ ရဟန်းဂေါတမနဲ့ တွေ့ဖို့လာခဲ့တာပဲ'

ရဟန်းတစ်ပါးက စင်္ကြံလျှောက်နေရာမှ အသာအယာ တုံ့ရပ်ကာ ကျောင်း တိုက်၏ဟိုမှာဘက် သစ်ရိပ်ဝါးရိပ်များ ညိုနေသော မဟာဝုန်တောကြီးဆီသို့ ရှေး ရှုလက်အုပ်ချီလိုက်သည်။

'အဂ္ဂိဝေဿနအနွယ် သစ္စကပရိဗိုဇ်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားဟာ မဟာဝုန်တောသို့ ဝင်တော်မူပြီး တစ်ခုသော သစ်ပင်ရင်းမှာ နေ့သန့်နေထိုင်တော်မူ လျက် ရှိပါတယ်'

ရဟန်း၏ အဖြေစကားကို ကြားရသောအခါ သစ္စက ဝမ်းသာသွားသည်။ ငြိုင်ပွဲကြီးကျင်းပဖို့ အကောင်းဆုံး ငြိုင်ကွင်းနေရာမှာ အသင့်စောင့်နေသလိုပါပဲလား ဟုလည်း အတွေးရောက်သွားသည်။

စင်စစ်မူ ထိုနေ့နံနက် မိုးသောက်သောအခါက မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူပြီးနောက် စကြာဝဠာတိုက်တစ်သောင်း၌ သဗ္ဗညုတဉာဏ်တော် ကွန်ရက်ကို ဖြန့်တော်မူပြီး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကြည့်ရှုတော် မူစဉ်ကတည်းက မြတ်စွာဘုရားရှင်သည် သစ္စကပရိဗိုဇ်လာလိမ့်မည်ဖြစ်ကြောင်း လာရောက်သောအခါတွင်လည်း များစွာသော လိစ္ဆဝီပရိသတ်ကို ခေါ်ဆောင်လာလိမ့် မည်ဖြစ်ကြောင်း သိတော်မူခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့် ဆွမ်းခံလှည့်လည်တော်မူပြီး အပြန်တွင် ပရိသတ်အများ ချမ်း သာစွာနေထိုင်ရန်အရပ်၌ နေတော်မူအံ့ဟု ကြံတော်မူကာ ဂန္ဓကုဋိတိုက်သို့ မဝင်ဘဲ မဟာဝုန်တောအတွင်းရှိ အရိပ်ကောင်းသော သစ်ပင်ရင်းတစ်ပင်အောက်၌ နေ့သန့် နေထိုင်တော်မူကာ အသင့်စောင့်တော်မူခြင်းပင်ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

## တာဠဗုဒ္ဓရက်ိတ

သစ္စကသည် လိစ္ဆဝီရာဇာတို့အပါအဝင် ပရိသတ်ကြီးဘက်သို့ လှည့်ကြည့်လိုက်ကာ မိမိနောက်သို့ လိုက်ခဲ့ကြရန် လက်ကို ဝှေ့ယမ်းပြပြီးနောက် မဟာဝုန်တောကြီးအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။ ဤတွင် လိစ္ဆဝီရာဇာတို့နှင့် ဝေသာလီပြည်သူပြည်သားတို့လည်း စစ်ရထားများ၊ မြင်းများကို မူလနေရာတွင် ထားခဲ့ကာ သစ္စကနောက်သို့ လိုက်ပါသွားကြသည်။

နေပြောက်မစွက် အရိပ်ချင်းယှက်နေသော မဟာဝုန်အတွင်းတွင် သစ္စကပရိသတ်များ လိစ္ဆဝီရာဇာများနှင့် ဝေသာလီသားတို့ အပုံ့အနှံ့ ဖြန့်ကြက်နေရာယူကြသည်။ ဤပရိသတ်များတွင်လည်း အလိုအလျောက်ပင် အစုငါးစုကွဲပြားသွားသည်။

ပထမအစုနှင့် ဒုတိယအစုမှာ ဘုရားရှင်အား ရိုသေမြတ်နိုးစွာ ရှိခိုးလျှော်အပြစ်ခြောက်ပါး ကင်းသောအရပ်၌ ထိုင်ကြသည်။ အချို့မှာမူ ဘုရားရှင်အား ရှိခိုးရုံမျှမက လေးမြတ်ကြည်ညိုစွာဖြင့် နှုတ်ဆက်စကား-လျှောက်တင်ကြထားအပြစ်ခြောက်ပါးကင်းသောအရပ်၌ ထိုက်ကြသည်။ ဤပထမအစုကား ဘုရားရှင်နှင့်တကွ တရားအဆုံးအမ၌ ကိုင်းညွှတ်သက်ဝင်ကြသော သမ္မာဒိဋ္ဌိအယူရှိကြသူများ ဖြစ်လေသည်။

တတိယအစုကမူ ဘုရားရှင်ရှိရာဘက်သို့ လက်အုပ်ကို ကိုင်းညွှတ်ထားနေရာယူကြသည်။ ဤအစုမှာ သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိဘက် လေ့နှံနှစ်ဖက်နင်းသူများဖြစ်သည်။ ထိုသူတို့၏ စိတ်ထဲ၌ရှိနေသည့်အကြံကား အကယ်၍ ဘုရားရှင်ကိုမဆည်းကပ် မယုံကြည်သူ မိစ္ဆာဒိဋ္ဌိသမားများက ဘာကြောင့် ရဟန်းဂေါတမကိုရှိခိုးကြတာလဲဟု မေးလာပါက 'လက်အုပ်ချီမြောက်ရုံကလေးနဲ့တော့ ရှိခိုးတယ်လို့ မဆိုနိုင်ပါဘူး'ဟု ဖြေရန်အသင့်ရှိကြသည်။ အကယ်၍ သမ္မာဒိဋ္ဌိသမားများဘက်





က 'ဘာကြောင့် ဘုရားရှင်ကို ရိုသေမြတ်နိုးလက်စုံမိုးပြီး ရှိမခိုးကြတာလဲ'ဟု မေးလာပါကလည်း 'နဖူး ဦးခေါင်း မြေကြီးကိုတိုက်မှ ရှိခိုးခြင်းမည်သလား၊ လက်အုပ်ချီတာလည်း ရှိခိုးတာပါပဲ'ဟု ဖြေရန် အသင့်ရှိကြသူများ ဖြစ်လေသည်။

စတုတ္ထအုပ်စုကလည်း တစ်မျိုးတစ်ဘာသာပင်။ သူတို့သည် ဘုရားရှင်ရှေ့မှောက်သို့ အရောက်သွားကာ မိမိ၏အမည်နာမသည် ဘယ်သူဘယ်ဝါဖြစ်ပါကြောင်း၊ မိမိ၏အမျိုးအနွယ်ဇာတ်အမည်မှာ ဘယ်သို့ဖြစ်ပါကြောင်း ထုတ်ဖော်ပြောဆိုပြီးမှ နေရာယူကာ ထိုင်ကြသည်။ ဤအစုမှာ စင်စစ် ဆင်းရဲနွမ်းပါး၍ မထင်ရှားသူများဖြစ်သည်။ ပရိသတ်လူပုံအလယ်တွင် အမည်နှင့် အမျိုးအနွယ်ကို ထုတ်ဖော်ပြောလိုက်ခြင်းအားဖြင့် မိမိတို့ကို 'လူသိ'သွားကြရန် မျှော်လင့်ထားသူများဖြစ်လေသည်။

ပဥ္စမအုပ်စုကမူ မည်သို့မျှ စကားအထွေအထူး မပြော။ ဘုရားရှင်အားလည်း သင့်တင့်လျောက်ပတ်သော လျှောက်ထားချက်မဆိုဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေကြသည်။ ဤသူများမှာ မသိဆိုးဝါး မိုက်မဲသူများပင်။

သူတို့စိတ်ထဲ၌ ဘုရားရှင်အားဖြစ်စေ၊ ရဟန်းအားဖြစ်စေ၊ စကားလျှောက်ကြားမိပါက အကျွမ်းဝင်လာပြီးလျှင် ဆွမ်းပင့်ဖိတ်ကျွေးမှ သင့်လျော်မည်။ ထို့ကြောင့် ဆွမ်းမကျွေးရလေအောင် အကျွမ်းတဝင်မဖြစ်ရလေအောင် စကားမပြောဘဲနေမှတော်မည်ဟု အကြံရှိသူများဖြစ်သည်။ သူတို့သည် မိမိတို့ရောက်ရှိရာနေရာ ထိုင်မိထိုင်ရာ မြေပေါ်မှာပင် မြေစိုင်ခဲကြီးများပမာ အစွေ့သား ဝင်ထိုင်ကြလေသည်။

ဤသို့ အထူးထူးအပြားပြား ဖြစ်နေသော ပရိသတ်ဗိုလ်ပုံတို့ ရှေ့မှောက်၌ သစ္စကသည် သူ၏နက်ပြာရောင်ဝတ်ရုံသင်တိုင်းစကြီးကို သိမ်းယူကာ ဘုရားရှင်ထံပါး အပြစ်ခြောက်ပါးကင်းလွတ်သော သင့်တင့်လျောက်ပတ်သည့်နေရာကို ရွေးချယ်၍ ထိုင်လိုက်လေသည်။

ဝေသာလီတစ်ပြည်လုံးက စောင့်မျှော်နေသော စကားဝါဒ ပြိုင်ဆိုင်စစ်ထိုးပွဲကြီးကား စတင်လေပြီ။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com

## အမေးနှင့်အဖြေ

'အရှင်ဂေါတမက ကျွန်ုပ်အား ပြဿနာကိုမေးမြန်းလျှောက်ဆိုဖို့ ခွင့်ပြုမယ်ဆိုရင် ကျွန်ုပ်တစ်စုံတစ်ခုသော အကြောင်းကို မေးလိုပါတယ်'

သစ္စကပရိဗိုဇ်သည် နိဒါန်းမသွယ်၊ စကားပလ္လင်မခံတော့ဘဲ တိုက်ရိုက်ဝင်ခွင့်တောင်းလိုက်သည်။ မိမိကိုယ်မိမိ ယုံကြည်ခြင်းဖြင့် သစ္စက၏လေသံမှာ ကြည်လင်ပြတ်သားနေသည်။

'အဂ္ဂိဝေဿနအနွယ်ဖြစ်သော သစ္စကပရိဗိုဇ်၊ သင် အလိုရှိတိုင်း မေးပေတော့'

သဗ္ဗညုမြတ်စွာဘုရားမှတစ်ပါး အခြားသူတို့နှင့် လုံးဝမစပ်လျဉ်းသော ဝါဒရှင်းလင်းဖိတ်ခေါ်ခွင့်ပြုချက်ဖြင့် ဘုရားရှင်က ခွင့်ပြုတော်မူလိုက်သည်။

သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားရှင်သာလျှင် ဆုံးမရမည့်ပုဂ္ဂိုလ်ဖြစ်သည်။

ဆုံးမရမည့်ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားရှိရာတွင် သစ္စကပရိဗိုဇ်သည် ဗုဒ္ဓဝေနေယျစင်စစ်သာဖြစ်သည်။ သာဝက ဝေနေယျခေါ် တပည့်သာဝကတို့ ဆုံးမရမည့်သူမျိုး မဟုတ်။ ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်မျိုးဟူသည်ကား ဘုရားရှင်မှတစ်ပါး အခြားမည်သည့်တပည့်သာဝကကမျှ အသိအမြင်မှန်ရအောင် မဆုံးမနိုင်ချေ။

ဘုရားရှင်၏ ခွင့်ပြုဖိတ်ခေါ်ချက်ကို ရသောအခါ သစ္စကသည် ဝင့်ကြွားသောအမူအရာမှ လေးနက်သော အမူအရာသို့ ချက်ချင်းပြောင်းလဲသွားသည်။ ထို့နောက် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်စားနေကြသော မဟာလူအုပ်ကြီးအတွင်း၌ ပရိသတ်





အလယ်၌ သစ္စက၏ပထမဆုံးသော အမေးစကားက ရဲဝံ့စွာ ထွက်ပေါ်လာလေသည်။

'အရှင်ဂေါတမဟာ တပည့်သာဝကတို့ကို ဘယ်သို့ဆုံးမပါသလဲ၊ တပည့်သာဝကတို့အပေါ်မှာ အရှင်ဂေါတမ ဆိုဆုံးမတဲ့များစွာသော အစိတ်အပိုင်း ညွှန်ကြားချက်ဟာ ဘယ်သို့ရှိပါသလဲ'

အဖြေစကားက ထက်ကြပ်ထွက်ပေါ်လာသည်။

'သစ္စကပရိဗိုဇ်၊ ငါ၏တပည့်သာဝကတို့ကို ဆိုဆုံးမသော အနုသာသနီ ညွှန်ကြားချက်ဟာ သည်သို့ရှိလေတယ်၊ ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရတို့သည် အမြဲမရှိ၊ ဝိညာဉ်ခြောက်ပါးသည် အမြဲမရှိ'

'ရဟန်းတို့၊ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်၊ ဝိညာဉ်ခြောက်ပါးတို့သည် အတ္တမဟုတ်..'

'အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိ၊ အလုံးစုံသော သင်္ခါရတို့သည် အတ္တမဟုတ်..'

'ဤသို့ ငါဆိုဆုံးမလေတယ်'

ဘုရားရှင် ပြောကြားမိန့်တော်မူပြီးအဆုံးတွင် သစ္စကသည် တောင်ထိပ်ပေါ်၌ ရင်ကိုဖွင့်လျက် လေကောင်းလေသန့်ကို ရှူရှိုက်လိုက်ရသလို အားပါးတရ အသက်ရှူလိုက်သည်။ ပခုံးအစုံသည် ကြွတက်လာကာ လည်တိုင်ကပို၍ စွင့်မတ်လာပြီး မျက်လုံးညိုများကလည်း စူးရှတောက်ပြောင်လာသည်။

ဒုတိယမြားတံကို သူ ပစ်လွှတ်အပ်ချေပြီ။

'အရှင်ဂေါတမ၊ ဒီအဖြေစကားအတိုင်းဆိုရင် ကျွန်ုပ်ရဲ့ဉာဏ်မှာ တစ်ခုသော ဥပမာဟာ ထင်လာပါတယ်'

ဘုရားရှင်၏ခွင့်ပြုစကားကလည်း ထပ်မံ၍ ထက်ကြပ်ထွက်ပေါ်လာတော်မူသည်။

'သင့်ရဲ့ဉာဏ်မှာ ထင်လာသော ဥပမာကို ရဲရဲဝံ့ဝံ့ ထုတ်ဆောင်ပါ၊ သစ္စကပရိဗိုဇ်'



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင် တဝေါဝေါ စီးကျလာသော ရေတံခွန်တစ်ခုနှယ်ပင် ဖြစ်တော့သည်။ သစ္စကဏ် စကားလုံးများသည် ထစ်ငေါ့တုန့်ယင်ခြင်းအလျှင်းမဲ့စွာ တရစပ် ထွက်ကျလာလေသည်။

'အရှင်ဂေါတမ၊ ဥပမာအားဖြင့် ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြရမယ့် မျိုးစေ့အပေါင်း၊ သစ်ပင်အပေါင်းဟာ မြေကြီးကိုမှီ၊ မြေကြီး၌တည်ပြီးမှသာ ကြီးပွားစည်ပင်ပြန့်ပြောကြရပေတယ်။ နောက်ထပ် ဥပမာဆောင်ပါဦးမယ် လက်ရုံးအားဖြင့် ပြုလုပ်ရမယ့် အမှုကိစ္စခပ်သိမ်းတို့ကို ပြုလုပ်ကြမယ်ဆိုရင်လည်း မြေကြီးကို မှီ၊ မြေကြီး၌တည်ရ၍ ပြုလုပ်အပ်ပါတယ်။ အရှင်ဂေါတမ ဤအတိုင်းပါပဲ၊ ရုပ်တည်းဟူသော အတ္တရှိတဲ့သတ္တဝါပုဂ္ဂိုလ်ဟာ ရုပ်၌တည်ပြီး ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွားစေပါတယ်'

ရုပ်တည်းဟူသော အတ္တရှိခြင်းဆိုသည့်ပစ္စကဏ် စကားမှာ ရုပ်ကိုပင်အတ္တဟူ၍ စွဲယူခြင်းဟူသော အဓိပ္ပာယ်နှင့် ထပ်တူအသုံးပြုထားခြင်းဖြစ်လေသည်။

သစ္စကသည် အသံကိုတစ်ဆင့်မြှင့်တက်လိုက်ပြီး ဆက်ပြောလေသည်။

'ဝေဒနာတည်းဟူသော အတ္တရှိတဲ့၊ ဝေဒနာကို အတ္တဟုစွဲယူတဲ့ သတ္တဝါပုဂ္ဂိုလ်ဟာ ဝေဒနာ၌တည်ပြီး ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွားစေပါတယ်'

'သညာတည်းဟူသော အတ္တရှိတဲ့၊ သညာကို အတ္တဟု စွဲယူတဲ့ သတ္တဝါပုဂ္ဂိုလ်ဟာ သညာ၌တည်ပြီး ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွားစေပါတယ်'

'သင်္ခါရတည်းဟူသော အတ္တရှိတဲ့၊ သင်္ခါရကို အတ္တဟုစွဲယူတဲ့သတ္တဝါပုဂ္ဂိုလ်ဟာ သင်္ခါရ၌တည်ပြီး၊ ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွားစေပါတယ်'

'ဝိညာဉ်ခြောက်ပါးတည်းဟူသော အတ္တရှိတဲ့၊ ဝိညာဉ်ခြောက်ပါးကို အတ္တဟုစွဲယူတဲ့ သတ္တဝါပုဂ္ဂိုလ်ဟာ ဝိညာဉ်ခြောက်ပါး၌တည်၍ ကုသိုလ် အကုသိုလ်နှစ်ပါးကို ဖြစ်ပွားစေပါတယ်'

မိမိ၏စကားကို အဆုံးသတ်လျက် သစ္စကသည် ဝတ်ရုံစအနားကို မသိမသာ လှုပ်ခတ်ဝှေ့ယမ်းလိုက်သည်။ မဟာဝုန်တောအတွင်းရှိ သစ်ပင်ကြီးများထက်တွင် သစ်ရွက်လေတိုးသံတရှဲရှဲ အော်မြည်နေသည်။

သစ္စကသည် မိမိ၏'အတ္တဝါဒ'ကို စတင်၍ အခိုင်အမာထုတ်ဖော် စိုက်ထူလိုက်နိုင်ခြင်းအတွက် အားရကျေနပ်နေသည်။ စကားသံများအဖြစ် ထုတ်ဖော်ပြော





ဆိုပြီးသည့်တိုင် သူ့ရင်ထဲ၌မူ အသံမဲ့စကားလုံးများက အောင်မြင်စွာ ပွဲတင်ထပ်နေခဲ့။

ကိုင်း‥ လောကမျက်မြင် အလွန်ထင်ရှားစွာရှိနေတဲ့ အတ္တကိုပယ်ဦးလေ။ တားမြစ်ရှောင်ရှားဦးလေ။ အတ္တကို အနတ္တလို့ ပြောဦးလေ။ ခန္ဓာငါးပါးဆိုတာဟာ သတ္တဝါတွေအတွက် မြေကြီးသဖွယ် တည်မှီရာပဲ မဟုတ်လား။ သတ္တဝါတွေဟာ ခန္ဓာငါးပါးမှာ တည်မှီကြပြီးမှ ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံနှစ်ပါးကို အားထုတ်ကြတာပဲ မဟုတ်လား။ ဒီလောက် ထင်ရှားရှိနေတဲ့ အတ္တကို ရဟန်းဂေါတမက အနတ္တလို့ဆိုမလား။ ဆိုဦးလေ၊ ငါ့ရဲ့ဥပမာနဲ့ ဥပမေယျကို ချေဖျက်ဦးလေ။

ဘုရင်ရှင်၏ အတုမဲ့အသံတော် ထွက်ပေါ်လာသည်။

'သစ္စက ပရိဗိုဇ်၊ ရုပ်သည် ငါ၏ကိုယ်အတ္တတည်း၊ ဝေဒနာသည် ငါ၏ကိုယ်အတ္တတည်း၊ သညာသည် ငါ၏ကိုယ်အတ္တတည်း၊ သင်္ခါရတို့သည် ငါ၏ကိုယ်အတ္တတည်း၊ ဝိညာဉ်ခြောက်ပါးတို့သည် ငါ၏ကိုယ်အတ္တတည်း၊ သင် ဤသို့ဆိုသလား'

ထက်မြက်သောဉာဏ်အလျှဉ်ရှိသည့် သစ္စကသည် ဘုရားရှင်၏အမေးစကားကို ချက်ချင်းသဘောပေါက်လိုက်သည်။ အမေးစကားအဆုံးမှာပင် သူ၏အတွေးများက တဖျပ်ဖျပ် ပြိုးပြက်လှုပ်ရှားသွားသည်။

ရဟန်းဂေါတမကတော့ ငါ့ရဲ့အတ္တဝါဒကို အတိအလင်းမေးနေပြီပဲ၊ မတိမ်းမရှောင်သာ မလွန့်လူးသာအောင် ပြောဆိုဝန်ခံတည်တံ့စေတာပဲ၊ ဒါဟာ ငါ့ကို အရိုးသတ်ထုကြားမှာ ချုပ်နှောင်တာပဲ၊ အင်း တကယ်လို့ ငါတို့ပြောတဲ့အထဲမှာ အပြစ်ချွတ်ယွင်းချက် တစ်စုံတစ်ခုပေါ်ပေါက်လာရင် ရဟန်းဂေါတမဟာ ငါ့တစ်ဦးတည်းကိုသာ ဖိနှိပ်ဖို့ ချိန်ရွယ်လိုက်တာပဲ၊ ငါ့ဝါဒဟာ အတ္တဝါဒလားတဲ့၊ အင်း‥ အတ္တဝါဒဟာ ငါ့ရဲ့ဝါဒပဲလားတဲ့၊ ဟင်း‥ဟင်း‥သည်လိုကွင်းကွက်ပြီး တုပ်နှောင်လို့ရဘူးလေ။ သည်တော့‥

'အရှင်ဂေါတမ၊ ရုပ်သည် ငါ၏ကိုယ်အတ္တ၊ ဝေဒနာသည် ငါ၏ကိုယ်အတ္တ၊ သညာသည် ငါ၏ကိုယ်အတ္တ၊ သင်္ခါရတို့သည် ငါ၏ကိုယ်အတ္တ၊ ဝိညာဉ်ခြောက်ပါးတို့သည် ငါ၏ကိုယ်အတ္တ‥ကျွန်ုပ်သည်လိုပဲဆိုတယ် အရှင်ဂေါတမ၊ သည်လိုဆိုတာဟာ ကျွန်ုပ်တစ်ဦးတစ်ယောက်တည်းမဟုတ်ဘူး၊ ဟောဒီမဟာဝုန်တောထဲက အရိုသတ်၊ ဝေသာလီတစ်ပြည်လုံးက ပရိသတ်ကလည်း ဒီလိုပဲ ဆိုပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သစ္စက ပရိဗိုဇ်ထက် အဆဲအရာ၊ အထောင်၊ အသိန်းအားဖြင့် လိမ္မာပါးနပ်ခြတ်တော်မူသော ဘုရားရှင်ကိုယ်တော်ကမူ သစ္စကသည် မိမိကိုယ်ကို အလွတ်ရုန်းလျှက် လူအပေါင်းတို့၏ဦးခေါင်းအပေါ်၌ အပြစ်ကို ပုံချလိုက်ပြီဖြစ်ကြောင်း သိတော်မူလေသည်။

ထို့ကြောင့် အလွတ်ရုန်းခွင့်ကို သစ္စကအား ပေးတော်မမူ၊ လူအပေါင်းတို့မှ သီးခြားထုတ်ခွာလျက် သစ္စကတစ်ယောက်တည်းကိုသာ ထင်ရှားနှိမ်နင်းအံ့သောအားဖြင့် ဆက်လက်မိန့်ကြားတော်မူသည်။

'သစ္စက ပရိဗိုဇ်၊ များစွာသော လူအပေါင်းတို့ဟာ သင်မဟုတ်ဘူး၊ သင်နဲ့မသက်ဆိုင်ဘူး၊ သူတို့အတွက် သင့်မှာဘာမှ ပြုဖွယ်မရှိဘူး၊ သင့်အတွက်လဲ သူတို့မှာ ဘာမှပြုဖွယ်မရှိဘူး၊ လူအပေါင်းတို့သည် ငါ၏ဝါဒကို အပြစ်တင်ဆိုရန် လာရောက်သူများ မဟုတ်ကြဘူး၊ သင်သာလျှင် ငါ၏ဝါဒနှင့် ဆွေးနွေးရန်လာသူဖြစ်တယ်၊ သင်၏ဝါဒကိုသာ သင်ဖြေရှင်းပါ၊ သင့်အဖို့သာ သင်ပြုဖွယ်အမှုပြုပါ'

သစ္စကသည် မလွှဲမရှောင်သာသော ပထမဆုံး ဝန်ခံစကားကို ထုတ်ဖော်လိုက်ရလေသည်။

'အရှင်ဂေါတမ၊ ကောင်းပြီ၊ ရုပ်သည် ငါ၏ကိုယ်အတ္တ၊ ဝေဒနာသည် ငါ၏ ကိုယ်အတ္တ၊ သညာသည် ငါ၏ကိုယ်အတ္တ၊ သင်္ခါရသည် ငါ၏ကိုယ်အတ္တ၊ ဝိညာဉ်ခြောက်ပါးတို့သည် ငါ၏ကိုယ်အတ္တလို့ ကျွန်ုပ်ဆိုပါတယ်'

ဝန်ခံသော အဖြောင့်စကားကိုရပြီးသောအခါ ဘုရားရှင်သည် ဆက်လက်မေးတော်မူလေသည်။

'သစ္စက ပရိဗိုဇ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ခန္ဓာငါးပါးကို အတ္တဟု သင်ဝန်ခံပြီးပြီ၊ ဤအရာပေါ်မှာပဲ သင့်ကို မေးဦးမယ်၊ သင်နှစ်သက်သလို ဖြေဆိုပါ သစ္စက၊ ယခုငါမေးမည့်အချက်ကိုပင် ဘယ်လိုထင်သလဲ၊ ပသေနဒီကောသလမင်း သို့မဟုတ် အဇာတသတ်မင်းတို့လို အဘိသေက သွန်းပြီးတဲ့ ရေမြေ့ရှင်မင်းကို့ အဖို့ရာမှာ မိမိတို့နိုင်ငံမှာ သတ်ဖြတ်ညှင်းဆဲထိုက်သူကို သတ်ဖြတ်ညှင်းဆဲစေရန်၊ ဥစ္စာပစ္စည်း ဆုံးရှုံးစေထိုက်သူကို ဥစ္စာပစ္စည်းဆုံးရှုံးစေရန်၊ တိုင်းပြည်မှ နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန် အာဏာစက်ဖြစ်နိုင်သလား၊ အာဏာပိုင်စိုးနိုင်သလား။





ကောသလဘုရင်၊ မဂဓဘုရင် သက်ဦးဆံပိုင် ရေမြေ့ရှင်ဘုရင်များ၊ အာဏာထက်မြက်ထိရောက်သူများ၊ 'စေ'တစ်လုံးပိုင်သူများ။

သစ္စကသည် မဆိုင်းမတွပင် ဖြေလိုက်လေသည်။

'အရှင်ဂေါတမ၊ ပသေနဒီ ကောသလမင်းလို မဂဓဘုရင်အဇာတသတ်မင်းလို ရေမြေ့ရှင်အာဏာပိုင်စိုးသူ သက်ဦးဆံပိုင်မင်းများအဖို့ ကိုယ့်နိုင်ငံအတွင်းမှာ သတ်ဖြတ်ညှင်းဆဲစေ၊ ဥစ္စာပစ္စည်း ဆုံးရှုံးစေ၊ ပြည်နှင်ဒဏ်သင့်စေဆိုတဲ့ အာဏာတို့ဘာကြောင့် မတည်နိုင်စေရမှာလဲ၊ သူတို့အာဏာအတိုင်း ဖြစ်နိုင်ပါတယ်၊ အာဏာစက်တည်ပါတယ်၊ အာဏာပိုင်စိုးပါတယ်၊ သူတို့ကို မဆိုထားနဲ့ ရာဇာအဖွဲ့နဲ့ အုပ်ချုပ်ကြတဲ့ ဟောဒီ ဝဇ္ဇီတိုင်း၊ ဝေသာလီအစိုးရမင်းများ၊ မလ္လတိုင်းအစိုးရမင်းများသော်မှ မိမိနိုင်ငံအတွင်းမှာ ထိုက်သင့်သူအသီးသီးကို သတ်ဖြတ်ညှင်းဆဲနိုင်ခွင့်၊ ဥစ္စာပစ္စည်းသိမ်းယူခွင့်၊ ပြည်နှင်ခွင့်ဆိုတဲ့ အာဏာတွေရှိနေကြပါတယ်၊ ကောသလမင်းတို့ အဇာတသတ်မင်းတို့မှာ အာဏာဟာ ဖြစ်တည်ပါတယ်၊ အာဏာကို ပိုင်စိုးပါတယ်၊ အာဏာနဲ့ ထိုက်တန်ပါတယ်'

အလွန်အကျူး၊ အထူးထူးသော ဤစကားဥပမာအားဖြင့်ပင် မိမိသည် ရှုံးနိမ့်ပျက်စီးမည့်ဘက်သို့ စတင်ရှေးရှုဦးလှည့်သွားပြီးဖြစ်ကြောင်းကိုကား သစ္စကသည် အလျှင်းမသိလိုက်ပေ။

တစ်ယောက်သောသူသည် တစ်ခုသော လက်နက်ကို ပို၍ပို၍ ချွန်မြထက်မြက်စေအောင် အားထုတ်လျက် သွေးနေသည်။ စင်စစ်မူ သူသွေးနေသော လက်နက်သည် သူ့ကိုစီရင်ဖို့ လက်နက်ဖြစ်သည်။ မိမိကို စီရင်သည့်လက်နက်အား ထက်ခြတ်အောင် သွေးနေသော မိမိအပြစ်ကို ထိုသူမသိ။ သူကား သစ္စကပရိဗိုဇ်ဖြစ်လေသည်။

သစ္စကပရိဗိုဇ်၏ စကားအဆုံးတွင် ဘုရားရှင်က ဆက်လက်မေးတော်မူလိုက်သည်။

'သစ္စကပရိဗိုဇ်၊ ယခုမေးမည့်အချက်ကို သင်ဘယ်လိုမှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ကိုယ်အတ္တဟု သင်ဆိုတယ်၊ ထိုရုပ်မှာ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်၊ အဲဒီလို သင့်ရဲ့ရုပ်အပေါ်မှာ သင်အာဏာထားနိုင်သလား'

ပထမဦးဆုံးအကြိမ်အဖြစ် သစ္စက တုန့်လှုပ်သွားသည်။ သို့သော် အရှုံးအရာမပျက်ရအောင် ထိန်းသိမ်းချုပ်တည်းထားလိုက်နိုင်သည်။ ဘုရားရှင်၏မေးခွန်းကို



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ ဖြေရမည်နည်းဟု အလျင်အမြန် စဉ်းစားသည်။ အဖြေမှာ နှစ်ခုအနက် တစ်ခုသာဖြစ်ရမည်။

သင့်ရဲ့ရုပ်အပေါ်မှာ သင်အာဏာထားနိုင်သလား။

တစ်ခုသော အဖြေမှာ ရုပ်အပေါ်မှာ ကျွန်ုပ်အာဏာထားနိုင်ပါတယ်။ သို့မဟုတ်လျှင် အခြားတစ်ခု၊ ရုပ်အပေါ်မှာ ကျွန်ုပ်အာဏာမထားနိုင်ပါ။

ပွလောင်သောအတွေးများဖြင့် အလျင်အမြန်စဉ်းစားသည်။

'ရုပ်အပေါ်မှာ အာဏာထားနိုင်ပါတယ်'ဟု ဖြေလိုက်ပါက ချက်ချင်းဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကို မှန်းဆကြည့်သည်။ ဤမဟာဝုန်တောကြီးအတွင်း ရောက်ရှိနေကြသော လိစ္ဆဝီမင်းများထံမှ ဓောဒကမေးခွန်းတွေ ထွက်ပေါ်လာတော့မည် ဖြစ်သည်။

'ဆရာ ပရိုဗိုဇ်၊ ရုပ်အပေါ်မှာ အာဏာထားနိုင်ပါတယ်လို့ ဆရာဖြေဆိုတယ်၊ ဒီလိုသာဆိုရင် ဆရာဟာ ဆရာ့ကိုယ်ဆရာ ကျွန်ုပ်တို့ လိစ္ဆဝီမင်းတို့လို လှပခန့်ညားပြီး တင့်တယ်သိုက်မြိုက်တဲ့ အဆင်းမျိုးရှိအောင် ဆရာလုပ်နိုင်ရမှာပေါ့၊ ဆရာဟာ ကျွန်ုပ်တို့ လိစ္ဆဝီမင်းတွေလို တင့်တယ်တဲ့အဆင်းမှ မရှိဘဲ၊ ဘယ်လိုလဲ ဆရာ ပရိုဗိုဇ်'

အကယ်၍ 'ရုပ်ပေါ်မှာ အာဏာမထားနိုင်ပါ'ဟု ဖြေငြားအံ့။

'ဆရာဟာ စောစောကပဲ ရုပ်အပေါ် အာဏာထားနိုင်တယ်လို့ပြောခဲ့ပြီး အခုတော့ ဆရာ့စကား ဆရာဖယ်ရှားပြီး အာဏာမထားနိုင်ပါလို့ဆိုပြန်တယ်၊ ဘယ်လိုလဲ ဆရာပရိုဗိုဇ်'

အဖြေနှစ်ခုစလုံးမှာ အပြစ်မလွတ်။ မည်သည့်အဖြေကိုပဲဆိုဆို အပြစ်ကျရောက်တော့မည်။

ထိုအခါ သစ္စကပရိုဗိုဇ်သည် မဖွင့်ထုတ်သာသော အဖြေနှစ်ခုအကြားတွင် မည်သည့်တစ်စုံတစ်ခုကိုမျှ မပြောနိုင်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ထိုအချိန်မှာပင် ဘုရားရှင်က မေးတော်မူပြန်သည်။

'သစ္စကပရိုဗိုဇ်.. ယခုမေးမည့်အချက်ကို သင်ဘယ်လို မှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ကိုယ်အတ္တဟု သင်ဆိုတယ်၊ ထိုရုပ်မှာ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ထိုသို့မဖြစ်စေလင့်၊ ငါ၏ရုပ်သည် ထိုသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့် အဲဒီလို သင့်ရဲ့





ရုပ်အပေါ်မှာ သင်အာဏာထားနိုင်သလား'

ဘုရားသခင်၏ဒုတိယအကြိမ်မြောက် မေးတော်မူခြင်းဖြစ်သည်။ နှစ်ကြိမ်မြောက်ခါ ရှိပေပြီ၊ သစ္စကသည် ဆိတ်ဆိတ်နေမြဲ။

မြတ်စွာဘုရားရှင်က သုံးကြိမ်တိုင်တိုင် အကြောင်းနှင့်တကွ မေးခွန်းအပ်ပါလျက် မဖြေကြားဘဲနေပါက ယင်းသို့ မဖြေကြားခြင်းသည်ပင်လျှင် မြတ်စွာဘုရားအား ညှင်းပန်းမှုကို ပြုရာရောက်ချေသည်။ ထိုအခါ ဓမ္မနိယာမ၏အစွမ်းအားဖြင့် ထိုသို့ မဖြေကြားသူ သို့တည်းမဟုတ် မဖြေကြားခြင်းဖြင့် ဘုရားရှင်အား ညှင်းပန်းသူ၏ဦးခေါင်းသည် ခုနှစ်စိတ်ကွဲချေတော့မည် ဖြစ်သည်။

သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာသာလျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော မြတ်စွာဘုရားသည် မဟာကရုဏာရှင်ကြီး ဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် သုံးကြိမ်မြောက်သော မေးခွန်းကို ဆိုတော်မမူတော့ဘဲ စကားအရာလွှဲပြောင်းလျက်သာ ဆိုတော်မူလေသည်။

'သစ္စကပရိုဗိုဇ် ဖြေကြားပါ၊ ဆိတ်ဆိတ်နေဖို့ အခါမဟုတ်ဘူး၊ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် မေးအပ်ပါလျက် မဖြေကြားဘူးဆိုလျှင် မင့်ဦးခေါင်းဟာ နေရာမှာပင် ခုနှစ်စိတ်ကွဲနိုင်တယ်'

ထိုအခိုက်တွင် သစ္စကပရိုဗိုဇ်ထိုင်နေရာ၏ အထက်တစ်နေရာဆီမှ ထစ်ချုန်းသောအသံနှင့် ပြိုးပြက်သောအရောင်တစ်ခု ပေါ်လာလေသည်။ ဤအခြင်းအရာကို ဘုရားရှင်နှင့် သစ္စကပရိုဗိုဇ်မှအပ မည်သူမျှ မမြင်မတွေ့ကြချေ။

ထိုအသံ၊ ထိုအဆင်းဖြင့် ပေါ်ပေါက်လာသူကား သိကြားမင်းဖြစ်လေသည်။ သိကြားမင်းသည် ကြောက်မက်ဖွယ်ရာ ဘီလူးအသွင်ဖြင့် သံဖိရစိန်လက်နက်ကို ကိုင်စွဲထားလေသည်။

သိကြားမင်းကား ဘုရားရှင်၏အဆုံးအမတရားတော်အတွက် အာဏာစက်ဖြင့် ပါဝင်လာခြင်းဖြစ်သည်။ သဟမ္ပတိဗြဟ္မာမင်းက ဘုရားရှင်အား တရားဟောကြားပါရန် တောင်းပန်ခဲ့စဉ်အခါကတည်းက သိကြားမင်းသည် အာဏာစက်ဖြင့် ဟာဝန်ယူမည့်အကြောင်း ဝန်ခံခဲ့ပြီဖြစ်သည်။ 'အရှင်ဘုရားတို့၏ တရားဓမ္မနှင့် အဆုံးအမ အာဏာတော်ကို လိုက်ပါနာယူရန် ငြင်းကွယ်သူတို့အား တပည့်တော်တို့က အာဏာ



www.burmeseclassic.com

www.burmeseclassic.com



တော်ဖြင့် လိုက်ပါနာယူအောင်ပြုလုပ်ပါမည်၊ ဘုရားရှင်၏ ဓမ္မစက်ကို တပည့်တော်၏ အာဏာစက်ဖြင့် အဖို့တာဝန်ယူပါမည် ဟု သိကြားမင်း ဝန်ခံခဲ့ဖူးသည်။

ထိုတာဝန်ခံချက်အရ သိကြားမင်းသည် ဘီလူးအသွင်ဆောင်ကာ သံဝဇိရစိန်လက်နက်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စင်စစ် ဤသို့ပေါ်ပေါက်လာသော်လည်း သိကြားမင်းသည် သစ္စကပရိဗိုဇ်အား ညှင်းပန်းနှိပ်စက်၊ အသက်ဆုံးစေရန် အဓိကပြုလုပ်မည် မဟုတ်ချေ။ သစ္စကပရိဗိုဇ်၏ ဦးခေါင်းကို ခုနစ်စိတ်ကွဲအောင် ခွဲခြေလိမ့်မည်လည်း မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်တို့၏မျက်မှောက်ရှေ့တော်၌ မည်သည့်တစ်စုံတစ်ယောက်သောသူ၌ အကျိုးမဲ့ ဖြစ်ရိုးထုံးစံမရှိသောကြောင့်ဖြစ်သည်။

ဘီလူးအသွင် ဖန်ဆင်းထားသော သိကြားမင်းသည် ဝရဇိန်လက်နက်ကို အလျှံတညီးညီး ဝင်းပြက်စေအောင် လှုပ်ယမ်းကာ သစ္စကပရိဗိုဇ်၏အပေါ်မှမိုးလျှက် ခြိမ်းခြောက်လေသည်။

မိမိအထက် ကောင်းကင်တွင် ကြောက်မက်ဖွယ်မြင်ရသောအခင်းသဏ္ဌာန်နှင့် ပြိုးပြက်သော ဝဇိရလက်နက်သွားကြီး ဇယမ်းယမ်း တဝဲဝဲရှိနေသည်ကို တွေ့ရသောအခါ သစ္စကပရိဗိုဇ်၏အမူအရာ ဣန္ဒြေအလုံးစုံတို့သည် ပြိုကွဲပျက်စီးသွားပြီ ဖြစ်သည်။

နဖူးပြင်ပေါ်သို့ ချွေးသီးချွေးပေါက်ကြီးများ ကျလာသည်။ နက်ပြာရောင်သင်တိုင်းဝတ်ရုံအောက်မှ တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် စိုရွှဲသွားသည်။ ဉာဏ်ပညာအားကြီးလွန်း၍ ပေါက်ကွဲထွက်သွားမှာ စိုးရိမ်ရသည်ဟုဆိုကာ သံပြားဖြင့်ပတ်ထားသော ဝမ်းဗိုက်တွင်းမှာလည်း ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် ဝမ်းရည်လည်တော်ကာ အသံများတပွက်ပွက် ဆူလာသည်။

ဤမျှဆောက်တည်ရာမဲ့ ချောက်ချားနေသည့်အကြားကပင် ဟန်ဆောင်မြဲဆောင်နေသော သစ္စကပရိဗိုဇ်သည် အနီးအနားရှိ လိစ္ဆဝီပရိသတ်ဆီသို့ ဝေ့ဝဲအကဲခတ်လိုက်သေးသည်။

ပရိသတ်ထုကြီးကား ရှိမြဲနေမြဲအတိုင်းပင် မတုန်မလှုပ်။ သစ္စကပရိဗိုဇ်၏စကားခွန်းတို့ကို စောင့်မျှော်ငံ့လင့်နေဟန်ဖြင့် ပကတိအတိုင်း ရှိနေကြသည်။ ထို့အခါမှပင် သစ္စကပရိဗိုဇ်သည် အရာရာကို နားလည်သဘောပေါက်သွားသည်။





ကြောက်စရာ လက်နက်သွားကြီးနှင့် ဘီလူးကြီးကို အခြားမည်သူမျှ မမြင်ကြပါကလား၊ မိမိတစ်ယောက်တည်းသာ မြင်ရခြင်းပါကလား၊ သို့ဆိုလျှင် ထိုသို့မြင်ရ၍ ဤသို့ဆောက်တည်ရာမဲ့ ချောက်ချားတုန်လှုပ်နေခြင်းတည်းဟူသော အကြောင်းတရားသည် မိမိတစ်ဦးတည်း၏သန္တာန်မှာသာလျှင် ပေါ်ပေါက်နေခြင်းပါတကား။

'ဘီလူးကြီး··ဘီလူးကြီး' ဟု အော်ဟစ်ပါက ပရိသတ်အားလုံးသည် အံ့ဩသွားကြတော့မည်။ ထို့နောက် ဘီလူးကြီးကို ရှာဖွေကြည့်ကြတော့မည်။ သူတို့မြင်ကြမည်ကားမဟုတ်။

သို့ဆိုလျှင် 'သစ္စက၊ ဘယ်မှာလဲ ဘီလူးကြီး၊ သင်တစ်ယောက်ပဲ မြင်တယ်၊ သင်တစ်ယောက်ပဲ ကြောက်နေတယ်၊ ကျုပ်တို့မမြင်ဘူး၊ ဘယ်က ဘီလူးကြီးမှလည်း မရှိဘူး၊ သင်ဟာအစက ဘီလူးကြီးကို မမြင်ဘဲ ဗုဒ္ဓနဲ့ ဝါဒပြိုင်နဲ့ကြတော့မှပဲ ဘီလူးကြီး··ဘီလူးကြီးလို့ အော်ဟစ်ပြီး ကြောက်လန့်တုန်လှုပ်နေတယ်' ဤသို့ ပြောကြတော့မည်။

'ယခုအခါမှာ ငါ့အဖို့ ရဟန်းဂေါတမမှအပ အခြားအားကိုးရာ မရှိတော့ပါလား'

ကြက်သီးဖြန်းဖြန်းထလျက် တုန်ယင်လှုပ်ရှားသော ကိုယ်ဖြင့် သစ္စကပရိဗိုဇ်သည် ဘုရားရှင်ရှေ့တော်မှောက်သို့ မသိမသာ တိုးကပ်သွားပြီး လျှောက်တင်လိုက်လေသည်။

'အရှင်ဂေါတမ မေးတော်မူပါ၊ ဖြေကြားပါမယ်'

ဘုရားရှင်သည် တတိယအကြိမ်မြောက် ဖြစ်သော အမေးစကားကို ဆိုတော်မူလေသည်။

'သစ္စကပရိဗိုဇ်၊ ယခု မေးမည့်အချက်ကို သင်ဘယ်လိုမှတ်ထင်သလဲ၊ ရုပ်သည် ငါ၏ကိုယ်အတ္တဟု သင်ဆိုတယ်၊ ထိုရုပ်မှာ ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်၊ ငါ၏ရုပ်သည် ထိုသို့ဖြစ်စေ၊ ထိုသို့ မဖြစ်စေလင့်၊ အဲဒီလို သင့်ရဲ့ရုပ်အပေါ်မှာ အာဏာထားနိုင်သလား'

သွေးဆုတ်ဖြူရော်နေသော သစ္စက၏နှုတ်ခမ်းများ လှုပ်လာပြီးနောက် အဖြေစကားသည် မဆိုင်းမတွ ထွက်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဂေါတမ၊ အာဏာမထားနိုင်ပါ'

'သစ္စကပရိဗိုဇ်၊ သင့်ရဲ့ ရှေ့စကားနောက်စကားမညီပါလား၊ မဆက်စပ်ပါလား'

စွင့်မတ်လှုပ်ယမ်းနေသော မာန်စွယ်ကို ချိုးနှိမ်လျက် ဘုရားရှင်သည် ဆက်လက်မိန့်ကြားတော်မူလေသည်။

'သစ္စကပရိဗိုဇ် အကြင်ဝေဒနာကို.. ဝေဒနာသည် ငါ၏ကိုယ်အတ္တတည်းလို့ သင်ဆိုတယ်၊ ထိုဝေဒနာမှာ.. ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်လို့ သင်အာဏာထားနိုင်သလား'

'အရှင်ဂေါတမ အာဏာမထားနိုင်ပါ'

ထောင်လွှားဝင့်ကြွားခဲ့သော အရာတို့သည် တစ်လွှာချင်းတစ်ထပ်ချင်း ကွာကျပြိုကွဲခဲ့လေပြီ။

'သစ္စကပရိဗိုဇ်၊ သင်ရဲ့ရှေ့စကား နောက်စကားတို့ဟာ မညီညွတ်ဘူး မဆက်စပ်ဘူး၊ သစ္စကပရိဗိုဇ်၊ အကြင်သညာကို..သညာသည် ငါ၏ ကိုယ်အတ္တတည်းလို့ သင်ဆိုတယ်၊ ထိုသညာမှာ..ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်လို့ သင် အာဏာထားနိုင်သလား'

'အရှင်ဂေါတမ အာဏာမထားနိုင်ပါ'

ဆင့်ကဲဆင့်ကဲသော မုန်တိုင်းအထုအောက်ဝယ်၊ ကြွပ်ရွခွေးမြည့်သော သစ်ခြောက်ပင်တောကြီး တဖိုင်းဖိုင်းလဲကျသည့်နှယ်ပင်။

'သစ္စကပရိဗိုဇ်၊ သင်ရဲ့ရှေ့စကား နောက်စကားတို့ဟာ မဆက်စပ်ဘူး မညီညွတ်ဘူး၊ သစ္စကပရိဗိုဇ်.. အကြင်သင်္ခါရတို့သည် ငါ၏ကိုယ်အတ္တတည်းလို့ သင်ဆိုတယ်၊ ထိုသင်္ခါရတို့မှာ ငါ၏သင်္ခါရသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်လို့ သင်အာဏာထားနိုင်သလား'

'အရှင်ဂေါတမ၊ အာဏာမထားနိုင်ပါ'

အဆင့်ဆင့်တည်ဆောက်ထားအပ်သော မိစ္ဆာဒိဋ္ဌိအဆောက်အအုံကြီးသည် အဆင့်ဆင့်ပင် လဲပြိုသွားနေကြလေသည်။

'သစ္စကပရိဗိုဇ်၊ သင်ရဲ့ရှေ့စကား နောက်စကားတို့ဟာ မဆက်စပ်ဘူး မညီညွတ်ဘူး၊ သစ္စကပရိဗိုဇ်.. အကြင်ဝိညာဉ်ခြောက်ပါးတို့သည် ငါ၏ကိုယ်အတ္တ





တည်းလို့ သင်ဆိုတယ်၊ ထိုဝိညာဉ်ခြောက်ပါးတို့မှာ ငါ၏ဝိညာဉ်ခြောက်ပါးသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်လို့ သင် အာဏာထားနိုင်သလား'

'အရှင်ဂေါတမ၊ အာဏာမထားနိုင်ပါ'

ရုပ်အပေါ်မှာ၊ ဝေဒနာအပေါ်မှာ၊ သညာအပေါ်မှာ၊ သင်္ခါရတရားတို့အပေါ်မှာ၊ ဝိညာဉ်ခြောက်ပါးတို့ အပေါ်မှာ အာဏာမထားနိုင်ပါဟူသော ဝန်ခံအဖြေစကားကို ထုတ်ဖော်ပြောကြားပြီးသည့်နောက်တွင်ကား သစ္စကပရိဗိုဇ်၏ အချွေးသည် ရုပ်လုံးပေါ်လာခဲ့ပေပြီ။

တရားတစ်ခုအတွက် သုံးခေါက်သုံးပြန်ကျော့လျက် မေးမြန်းဖြေကြားအပ်သော 'တေပရိဝဋ္ဋ မမ္မ ဒေသနာ' အားဖြင့် ဘုရားရှင်သည် ဆက်လက်ဆုံးမတော်မူပြန်သည်။

'သစ္စကပရိဗိုဇ်၊ ရုပ်သည် မြဲသလား၊ မမြဲသလား'

'အရှင်ဂေါတမ၊ မမြဲပါ'

'မမြဲသောအရာသည် ဆင်းရဲမှုလား၊ ချမ်းသာမှုလား'

'အရှင်ဂေါတမ ဆင်းရဲမှုဖြစ်ပါတယ်'

'သစ္စကပရိဗိုဇ်၊ မမြဲသော ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာ၊ ဤရုပ်သည် ငါ၊ ဤရုပ်သည် ငါ၏ဥစ္စာ၊ ဤရုပ်သည် ငါ၊ ဤရုပ်သည် ငါ၏ကိုယ်အတ္တဟု အလွဲလွဲရှုဖို့ လျော်ကန်ပါသလား'

'အရှင်ဂေါတမ မလျော်ကန်ပါ'

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခြောက်ပါးတို့နှင့် စပ်လျဉ်း၍လည်း ဘုရားရှင်သည် ထိုအတိုင်းပင် မေးမြန်းတော်မူသည်။

သစ္စကပရိဗိုဇ်လည်း အစဉ်အတိုင်းပင် ပြောကြားရတော့သည်။

'အရှင်ဂေါတမ၊ ခံစားမှုဝေဒနာသည် မမြဲပါ၊ ဝေဒနာသည် ဆင်းရဲမှုဖြစ်ပါတယ်၊ ဝေဒနာအား ငါ၏ဥစ္စာ၊ ငါ၊ ငါ၏ကိုယ်အတ္တဖြစ်သည်ဟု အလွဲလွဲရှုခြင်းသည် မလျော်ကန်ပါ'

'အရှင်ဂေါတမ၊ ပြုပြင်စီရင်မှု သင်္ခါရတို့သည် မမြဲပါ၊ သင်္ခါရတို့သည် ဆင်းရဲမှုဖြစ်ပါတယ်၊ သင်္ခါရတို့အား ငါ၏ဥစ္စာ၊ ငါ၊ ငါ၏ကိုယ်အတ္တဖြစ်သည်ဟု အလွဲလွဲရှုခြင်းသည် မလျော်ကန်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဂေါတမ၊ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုတည်းဟူသော ဝိညာဉ်ခြောက်ပါးသည် မမြဲပါ၊ ဝိညာဉ်ခြောက်ပါးသည် ဆင်းရဲမှုဖြစ်ပါတယ်၊ ဝိညာဉ်ခြောက်ပါးအား ငါ၏ဥစ္စာ၊ ငါ၊ ငါ၏ကိုယ်အတ္တဖြစ်သည်ဟု အလွဲလွဲရှုခြင်းသည် မလျော်ကန်ပါ'

ခန္ဓာငါးပါးတို့သည် နိစ္စဖြစ်၏၊ သုခဖြစ်၏၊ အတ္တဖြစ်၏ဟု ပြောဆိုခဲ့သော သစ္စကပရိဗိုဇ်၏ထိုနှုတ်ခံတွင်းသည်ပင်လျှင် ယခုအခါ ခန္ဓာငါးပါးတို့သည် အနိစ္စဖြစ်ပါ၏၊ ဒုက္ခဖြစ်ပါ၏၊ အနတ္တဖြစ်ပါ၏ဟူ၍ ဝန်ခံမြွက်ဟရလေပြီ။

ပမာအားဖြင့်သော်ကား ကျွမ်းကျင်လိမ္မာလှသော အလမ္ပာယ်ဆရာ၏ရှေ့မှောက်၌ မြွေကိုက်ခံရသူ၏ မြွေကိုက်ရာ ခန္ဓာအစိတ်အပိုင်းတွင်ကျရောက် တည်ဖွဲ့နေသော မြွေဆိပ်ကို ကိုက်သောမြွေကိုယ်တိုင်ပင် ပြန်လည်စုပ်ယူစေသကဲ့သို့ပင် ဖြစ်လေသည်။

သစ္စကပရိဗိုဇ်သည် မိမိ၏နှုတ်ခံတွင်းမှ ထွက်ပေါ်ခဲ့သည့် 'အတ္တဝါဒ'တည်းဟူသော အဆိပ်ကို ထိုနှုတ်ခံတွင်းဖြင့်ပင် အနတ္တဟု မြွက်ဟဝန်ခံကာ တစ်ဖန်ပြန်လည်စုပ်ယူလိုက်ရတော့သည်။

ငိုက်စိုက်ကျသွားသော မျက်နှာသည် လိစ္ဆဝီမင်းပရိသတ်တို့အလယ်တွင် ပြန်၍မမော့ မဖော်စတမ်းဖြစ်သွားသည်။ အရှုံး၏ဒဏ်ဖြင့် သစ္စကပရိဗိုဇ်၏ ပခုံးနှစ်ဖက်သည်လည်း သက်ကြီးရွယ်အိုအဘိုးကြီးတစ်ယောက်နှယ် စင်းစင်းပြေနိမ့် လျှောကျသွားသည်။

မဟာဝုန်တောကြီးအတွင်းမှ သစ်ရွက်တို့ တရှဲရှဲမြည်သံသည်လည်း သစ္စကပရိဗိုဇ်ကို တဟဲဟဲရယ်သွမ်းနေသယောင်။

ဦးခေါင်းငိုက်စိုက်ကျမျက်နှာကို ပို၍ပိပြားအောင် အောက်ချစိမ့်သောငှာ ဘုရားရှင်သည် ဆက်လက်မေးမြန်းဆုံးမတော်မူလေသည်။

'သစ္စကပရိဗိုဇ်၊ အကြင်သူသည် ဆင်းရဲဒုက္ခကို တွယ်တာလျက်၊ ကပ်ရောက်လျက်၊ သက်ဝင်လျက်၊ ဆင်းရဲဒုက္ခကိုပင် ငါ၏ဥစ္စာ ဖြစ်၏ဟူသော တဏှာ၊ ဆင်းရဲဒုက္ခသည်ပင် ငါ၏ကိုယ်အတ္တဖြစ်၏ဟူသော ဒိဋ္ဌိဖြင့် အလွဲလွဲအမှားမှားရှုအံ့၊ ထိုသူသည် ကိုယ်တိုင်ဆင်းရဲဒုက္ခကို ပိုင်းခြားရှုနိုင်၊ သိနိုင်သလား၊ ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲဒုက္ခကို ကုန်ခန်းစေလျက် နေနိုင်သလား'

'အရှင်ဂေါတမ၊ ဤအချက်သည် မဖြစ်နိုင်ပါ'





ဖက်ခွံ၍ တုပ်နှောင်ဆွဲယူလိုက်ရာသို့ မရုန်းမဖယ်သာပါလာသော မြင်းဆွဲသို့ အမေး၏နောက်စွယ် အဖြေသည် ထက်ကြပ်ပါလာသည်။

'သစ္စကပရိဗိုဇ်၊ သို့ဆိုလျှင် သင်သည်ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲဒုက္ခကို တွယ်တာနေသူ၊ ကပ်ရောက်နေသူ၊ သက်ဝင်နေသူဖြစ်ပြီး၊ ထိုဆင်းရဲဒုက္ခတို့ပင် ငါ၏ဥစ္စာဟူ၍ တဏှာဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခသည်ပင် ငါဟူ၍မာနဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခသည် ငါ၏ကိုယ်အတ္တဟူ၍ ဒိဋ္ဌိဖြင့် လည်းကောင်း အလွဲလွဲအမှားမှားရှုရာ ရောက်နေတယ် မဟုတ်လား'

'အရှင်ဂေါတမ၊ အဲဒီလို ရှုရာရောက်ပါတယ်'

'သစ္စကပရိဗိုဇ်၊ ဥပမာတစ်ခုကို သင်ကြည့်စမ်း၊ အနှစ်ကို အလိုရှိသော ယောကျာ်းတစ်ယောက်ဟာ အနှစ်ရှာဖို့အတွက် ထက်လှတဲ့ဓားမကိုယူပြီး တောသို့ဝင်တယ်၊ တောမှာ အတွင်း၌ ဖူးတံမရှိသော ဖြောင့်ဖြူးသည့် ငှက်ပျောတုံးကို တွေ့တယ်၊ ဒီအခါမှာ ထိုငှက်ပျောတုံးကိုပဲ အရင်းအဖျားဖြတ်ပြီး ငှက်ပျောဖတ်ရစ်ကို ခွာတယ်၊ ဒီလိုခွာတဲ့အခါမှာ အကာကိုသော်မှ မရနိုင်ဖြစ်တယ်၊ သူအလိုရှိတဲ့ အနှစ်ကိုတော့ ဘယ်မှာရဖွယ်ရှိပါမလဲ၊ သစ္စကပရိဗိုဇ်၊ အလားတူစွာ ဖြစ်ပေပြီ၊ သင့်ကို သင်၏ဝါဒနဲ့စပ်လျဉ်းပြီး ငါဘုရားက စိစစ်တဲ့အခါ မေးမြန်းတဲ့အခါမှာ သင်ဟာ အနှစ်တုံး၍ အသုံးမကျဘဲ အကြီးအကျယ်ကျရှုံးသူဖြစ်နေပြီ'

သစ္စက၏ကိုယ်မှာ ချွေးသီးချွေးပေါက်ကြီးများသည် ပို၍ထင်သာမြင်သာဖြစ်လာသည်။ ငိုက်စိုက်ကျနေသော မျက်နှာပြင်၏ နဖူးထက်မှာ ချွေးသီးကြီးများက အရည်ရွှန်းမှည့်သော သစ်သီးကို ညှစ်လိုက်သလို တစ်ပေါက်ပြီးတစ်ပေါက် ကျလာကြသည်။

မြေပြင်ပေါ် တောက်ထားသော လက်မောင်းတစ်လျှောက်မှာလည်း ချွေးစီးကြောင်းများက ယိုစီးလိမ့်ဆင်းကာ လယ်ဖမိုး၏ခုံးခုံးထသော အကြောမြွှာများကြားတွင် ချောင်းငယ်လက်တက်များအတွင်း ဒလဟောသွန်သော မိုးရေတို့သွန်ကျသည့်နှယ် အတောမသတ်အောင် စီးဆင်းစိုရွှဲနေကြတော့သည်။

ဤအခြေတွင် ဘုရားရှင်၏မိန့်တော်မူသံသည် တုန့်နှိုင်းမဲ့သော ခွန်အားကို ဆောင်လျက် ထွက်ပေါ်လာပြန်လေသည်။

'သစ္စကပရိဗိုဇ်၊ သင် ကြုံးဝါးကြွေးကြော်ခဲ့တဲ့ စကားစုကို သင်မှတ်မိရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



သောလီပြည် ပရိသတ်အလယ်မှာ သင်ကြွေးကြော်ခဲ့ပေတယ်၊ ဝါဒလမ်းစဉ်ဖြင့် ငါအဖြစ်ဆိုလျှင် မတုန်မလှုပ်မယိမ်းမယိုင်ရှိမယ့်သူ တစ်ယောက်မှငါမမြင်ဘူး၊ ငါရဲ့ အဖြစ်တင်စွဲဆိုချက်အောက်မှာ လက်ကတီးကြားကနေ ချွေးမထွက်မယ့် ရဟန်းအ ပေါင်းရှိသူ၊ ဂိုဏ်းရှိသူ၊ ဂိုဏ်းဆရာဖြစ်သူ သာမဏဗြာဟ္မဏလို့ ဝန်ခံသူ၊ အရဟံ ဝတ်ရှင် သမ္မာသမ္ဗုဒ္ဓ ဝတ်ရှင်လို့ ဝန်ခံသူ၊ ဘုရားဆိုသူကို ငါမမြင်မတွေ့၊ သည်လို သင်ဆိုခဲ့တယ်၊ သစ္စက ပရိဗိုဇ်၊ သည်မျှမက သင်ဆိုခဲ့ပေသေးတယ်။

'စိတ်စေတနာမရှိသော တုံးတိုင်ကိုပင်လျှင် ဝါဒလမ်းစဉ်ဖြင့် ငါအဖြစ်တင်ဆို ခဲ့လျှင် ထိုတုံးတိုင်သော်မှပင် တုန်လှုပ်ယိမ်းယိုင်လေမယ်၊ လူဖြစ်သူဆိုရင် ဘယ်မှာ ပြောဖွယ်ရှိမလဲ၊ သည်သို့ သင်ဆိုခဲ့တယ်'

'သစ္စကပရိဗိုဇ်၊ ယခုတော့ သင့်မှာသာလျှင် နဖူးကကျတဲ့ ချွေးသီး၊ ချွေးပေါက် တို့ဟာ အပေါ်ရုံကို ဖောက်ပြီး မြေကြီး၌ တည်လေတယ်၊ သစ္စက ပရိဗိုဇ်၊ ငါ့မှာ မူ ယခုကိုယ်၌ချွေးမရှိ'

ဘုရားရှင်သည် ရေမျှိုတော်နှင့် ရွှေတည့်တည့်အရပ်၌ သင်္ကန်းတော်ကို ကိုင်တော်မူလျက် လက်လေးသစ်ခန့် ဖွင့်လှစ်ပြသတော်မူလိုက်သည်။

ထိုခဏတွင် ရွှေရောင်အဆင်းရှိသော ပီတရောင်ခြည်တော်တို့သည် အစုလိုက် အစုလိုက်ဖြစ်ကြကာ၊ ရွှေအိုးမှ ရွှေနီဖလံရည်များ ဖိတ်အန်ထွက်ပေါ်လာသကဲ့သို့ တိမ်နီတိုက်တို့မှ ထွက်ကွန့်သော လျှပ်စစ်နွယ်များကဲ့သို့ ထွက်ကြကွန့်မြူးလာကြ ကာ ဦးခေါင်းတော်မြတ်ကို လက်ျာရစ်လည်လျက် ရွှေရောင်တို့သည် ကောင်းကင်သို့ ပျံတက်သွားကြလေသည်။

စင်စစ်အားဖြင့်မူ ဥပါဒိဏ္ဏက ကိုယ်ခန္ဓာ၌ ချွေးမရှိဟု မဆိုနိုင်။ သို့သော် ထိုကာလ အခိုက်အတန့်အချိန်ပိုင်း၌မူ ဘုရားရှင်၌ ချွေးမရှိချေ။ တစ်ဖန်လည်း ဘုရားရှင်သည် မဟာဝုန်တောအတွင်းရှိ ပရိသတ်အပေါင်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်တော်မူရန် ထိုသို့ ပြတော်မူခြင်းဖြစ်ပေသည်။

ဘုရားရှင်သည် နှစ်ထပ်သင်္ကန်းကြီးရုံလျက်ရှိနေလေရာ သစ္စက၏ ကိုယ် ပေါ်မှ ချွေးသီးချွေးပေါက်များ ထွက်လျက် ကိုယ်ရုံကိုပင် ဖောက်လျက် အကွက် အကွက်ကြီးများ စွန်းနေသည်ကို မျက်ဝါးထင်ထင် မြင်နေကြရသော ပရိသတ်အား ဘုရားရှင်၌ ချွေးမထွက်ဟူသည်ကိုလည်း မျက်ဝါးထင်ထင် သိနိုင်စေရန် ပြသ





တော်မူခြင်း ဖြစ်လေသည်။

ကြုံးဝါးကြွေးကြော်ခဲ့သမျှတို့လည်း ပျက်ပြားသွားခဲ့ပေပြီ။ တစ်ခုချင်းတစ်ခု ချင်းသောအမေး၊ အဖြေတို့မှာလည်း ဖရိုဖရဲလွင့်စဉ် ရှုံးနိမ့်ခဲ့ပေပြီ။ ထို့ပြင် အမြင်မှာလည်း ချွေးသံများဖြင့် မတင့်မတယ် ဖြစ်ရပေပြီ။

အရှုံး၏ဝန်ထုပ်ဝန်ပိုးကြီးကို လေးလံစွာထမ်းရင်း နစ်ကျွံဝင်နေသကဲ့သို့ သစ္စက ပရိဗိုဇ်၏သည် ထိုင်နေရာမှာပင် မလှုပ်မရှားနိုင်ဘဲ ချုံးချုံးကျသော အသွင် ဖြင့် ရှိနေလေတော့သည်။

ထိုအချိန်တွင် ပရိသတ်ထဲမှ အသံတစ်သံ ပေါ်လာသည်။

ထိုအသံမှာ သစ္စကပရိဗိုဇ်၏ မနီးမဝေးတစ်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ် သည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ဉာဏ်မှာ တစ်ခုသော ဥပမာ ထင်လာပါတယ်'

အသံက တက်ကြွလွန်းသည်။ အောင်သေအောင်သား စားသောက်တော့မည့် ခြင်္သေ့ကြီးတစ်ကောင်၏ မာန်ဖီဟိန်းဟောက်သံမျိုးဖြစ်သည်။ မဟာဝုန်ပရိသတ်အား လုံးသည် ထိုအသံထွက်ပေါ်လာရာသို့ တစ်ပြိုင်တည်း လှမ်းကြည့်လိုက်ကြသည်။

သစ္စက ပရိဗိုဇ်လည်း လှည့်ကြည့်လိုက်သည်။

အသံရှင်ကား 'ဒုမ္မုခ' အမည်ရှိသော လိစ္ဆဝီ မင်းသားတစ်ဦး။

'ဒုမ္မုခ၊ သင်၏ဉာဏ်မှာ ထင်လာသော ဥပမာကို ထုတ်ဖော်ထင်ရှားစေဝါ'

ဘုရားရှင်က မိန့်တော်မူသည်။

ဒုမ္မုခသည် သစ္စက ပရိဗိုဇ်ကိုပင် ရူးရူးဝါးဝါး လှမ်းကြည့်လိုက်သည်။ အားရကျေနပ်သောအသွင်ဖြင့် သူ့မျက်နှာပြင်မှာ နီရဲလျက် သူ၏မျက်လုံးများမှာလည်း အရောင်ထွက်နေသည်။

ဒုမ္မုခ၏အသံက မဟာဝုန်တောအတွင်း အောင်မြင်စွာထွက်ပေါ်လာသည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရွာနီးဂုံးတစ်ခုရဲ့ အနီးမှာ ရေကန်တစ်ခု ရှိပါတယ်၊ အဲဒီရေကန်ထဲမှာ ပုစွန်လုံးတစ်ကောင်ရှိပါတယ်၊ ရွာနီးဂုံးက ကလေး သူငယ်များဟာ အဲဒီရေကန်ဆီကို သွားကြပြီး ရေကန်ထဲဆင်း၊ ပုစွန်လုံးကို ရေထဲ ကနေဆယ်ယူပြီး ကုန်းပေါ်ပစ်တင်လိုက်ကြပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒုမ္မုခ။ ဤလိစ္ဆဝီမင်းသားကို သစ္စကပရိဗိုဇ် ကောင်းကောင်းမှတ်မိသည်။ ဝေသာလီ၏သန္ထာဂါရလွှတ်တော် အဆောက်အအုံခန်းမထဲ၌ လိစ္ဆဝီမင်းသားတို့အား မိမိတအယူဝါဒ သင်ကြားပို့ချခဲ့စဉ်က ဒုမ္မုခသည် တပည့်တပန်းများတွင် အပါအဝင် ဖြစ်သည်။

အထူးသဖြင့်မူ စရိုက်ကြမ်း၍ နာခံခက်သော တပည့်များအစုတွင် ပါဝင်သူ။ ထိုသူများကို မိမိက ဖိဖိနှိပ်နှိပ် ငေါက်ငမ်း၍ သင်ကြားဆုံးမခဲ့သည်။ ထိုအစုထဲတွင် ဒုမ္မုခသည် ခံတန်တန် အမူအရာရှိသူ၊ မရိုကျိုးမခန့်ညားသူ။

ယခု သူ့ဒုမ္မုခသည် ပရိသတ်ဗိုလ်ပုံအလယ် ဘုရားရှင်၏ရှေ့မှောက်တွင် စကားဥပမာတစ်ခုကို ထုတ်ဆောင်ပြသနေသည်။

'ရေထဲက ထုတ်၊ ကုန်းပေါ် ဆယ်တင်လိုက်တဲ့ အဲဒီပုစွန်လုံးဟာ ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာနဲ့ ခြေချောင်းလက်ချောင်းတွေကို ထုတ်ပြီး ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ရွာနီဂုံးက ကလေးသူငယ်တွေဟာ ပုစွန်လုံးရဲ့ ထွက်လာတိုင်း ထွက်လာတိုင်း ခြေချောင်းလက်ချောင်းတွေကို တုတ်ချောင်းနဲ့၊ ထင်းချောင်းနဲ့၊ အိုးခြမ်းကွဲနဲ့၊ ကျောက်သလင်းခဲနဲ့ ဖြတ်ကြပါတယ်၊ ချိုးကြပါတယ်၊ ဖဲ့ကြပါတယ်'

ဒုမ္မုခ ဘာပြောတော့မည်ဆိုသည်ကို သစ္စကပရိဗိုဇ် သိလိုက်ပေပြီ။ သို့သော် တရစပ်တွန်းပြောသွားသော ဒုမ္မုခကို ခုလတ်၌ဟန့်တားပိတ်ပင်ရန် မစွမ်းသာတော့။

'အဲဒီလိုနဲ့ ခြေချောင်းလက်ချောင်းတွေကို အချိုးအဖြတ်အဖဲ့ခံလိုက်ရတဲ့ ပုစွန်လုံးမိုက်ဟာ ရေကန်ထဲကို ယခင်ရှေးကလို ပြန်ဆင်းဖို့ မဖြစ်နိုင်တော့ပါဘူး။ အဲဒီဥပမာအတိုင်းပါပဲ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သစ္စကရဲ့တစ်ထောင်ထောင်ထကြွလှုပ်ရှားနေတဲ့ အယူဝါဒခြေချောင်းလက်ချောင်းတွေ အားလုံးကို ယခုအခါမှာ မြတ်စွာဘုရားဟာ ကောင်းစွာ ဖြတ်ထားချိုးထားအပ်ပါပြီ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခုအခါ သစ္စကဟာ မြတ်စွာဘုရားထံမှာ အယူဝါဒယှဉ်ပြိုင်ဖို့အတွက် ပြန်လည်ချဉ်းကပ်ဖို့ မဖြစ်နိုင်တော့ပါဘူး ဘုရား'

'ရပ်စမ်း၊ တော်စမ်း… တိတ်စမ်း… ဒုမ္မုခ'

သစ္စကပရိဗိုဇ်သည် စက်ဆုပ်တုန်လှုပ်သဖြင့် ပြောလိုက်သည်။

ဒုမ္မုခသည် သစ္စကပရိဗိုဇ်၏ အော်ဟစ်ငေါက်ငမ်းသံကို မထီမဲ့မြင်ပြုလျှက်





သူ၏နိဂုံးစကားကို ဆက်ပြောပြန်သည်။

'ငါဟာ အရှင်ဂေါတမနဲ့ ပြောဆိုဆွေးနွေးနေတာ၊ သင်နဲ့ သင်တို့နဲ့ ပြောဆိုဆွေးနွေးနေတာ မဟုတ်ဘူး'

'သင်ရပ်နိုင်းလို့၊ တိတ်နိုင်း တော်နိုင်းလို့တော့ မထင်ပါလေနဲ့ သစ္စက၊ ကျွန်ုပ်မှာလည်း ပြောစရာပြောပြီးပါပြီ'

ဒုမ္မုခကြောင့် ပေါ်ပေါက်သွားသော ထိုဖြစ်ရပ်သည် စင်စစ် သစ္စကပရိဗိုဇ်အတွက် အလွန့်အလွန်ကြီးကျယ်သော ပြုကွဲပျက်စီးခြင်းပင် ဖြစ်ချေသည်။

အကြောင်းမူကား ထိုအချိန်၌ မဟာဝုန်တောအတွင်းရှိ လိစ္ဆဝီမင်းသား ပရိသတ်အပေါင်းသည် တလှုပ်လှုပ်တရွရွ ဖြစ်နေကြလေပြီ။

ထိုအခြင်းအရာကို သစ္စကပရိဗိုဇ် ကောင်းကောင်းသိလိုက်သည်။ လိစ္ဆဝီမင်းသားများမှာ တလှုပ်လှုပ်တရွရွနှင့် နှုတ်တပြင်ပြင်ဖြစ်နေကြသည်။

သူတို့အားလုံးသည် တစ်ချိန်က သစ္စကပရိဗိုဇ်၏ သာဝကတပည့်များပင်ဖြစ်သည်။ ဒုမ္မုခနှင့်အတူပင် မိမိ၏အယူဝါဒသင်ကြားပို့ချမှု အာဏာစက်အောက်တွင် ဒုတ်တုတ်မျှမလှုပ်ရဲသူများ ဖြစ်သည်။ မိမိကို ကြောက်ရွံ့ခန့်ညားခဲ့ကြသူများ ဖြစ်သည်။ သို့သော် တစ်ချိန့်တုန်းကသာ ဖြစ်သည်။

ယခုတော့ မိမိကိုခေါင်းဖော်မကြည့်ရဲခဲ့သူများက မျက်စောင်းတခဲခဲ၊ အံတကြိတ်ကြိတ်၊ နှုတ်တပြင်ပြင်ဖြစ်နေကြပြီ။

သူတို့တတွေ၏အမူအရာကို သစ္စကပရိဗိုဇ် ကောင်းကောင်းသိသည်။ အုံကြွဖီဆန်ချင်ကြသော လိစ္ဆဝီမင်းသားများ။

'သည်တက္ကတွန်းကြီးဟာ တစ်လျှောက်လုံး ငါတို့ကို ဖိနှိပ်ကြိမ်းမောင်းခဲ့တယ်၊ အတတ်ပညာ သင်တာနဲ့အမျှ အနိုင်ကျင့်ခဲ့တယ်၊ အခု မင်းရဲ့ကျောကုန်းတို ကြည့်ဖို့အလှည့်၊ လက်သီးနဲ့ထိုးပြီး လဲကျနေတာကို ကျည်ပွေ့နဲ့ ထပ်ရိုက်သလို သစ္စကပရိဗိုဇ်ကို ခေါင်းမဖော်ရဲအောင် လုပ်ပစ်ရမယ်၊ ဒုမ္မုခ ဖောက်လုပ်လိုက်တဲ့ လမ်းအတိုင်း ငါတို့ထိုးဖောက်ထွက်ပြီး ဒုမ္မုခလိုပဲ ဥပမာတစ်ခုစီ တစ်ခုစီဆောင်ပြီး ဘုရားရှင်ကို လျှောက်ကြမယ်'

အံတခဲခဲ မျက်စောင်းတဝဲဝဲ၊ နှုတ်တပြင်ပြင် အမူအရာတွေ၏ အဓိပ္ပာယ်ကို သစ္စကပရိဗိုဇ်က ထိုသို့ အဓိပ္ပာယ်ဖော်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ဒုမ္မုခ၏ စကားအဆုံးကိုစောင့်ပြီး တစ်လှည့်စီတစ်လှည့်စီ စကားဥပမာဆောင်ကာ နှိမ်နင်းရန် မာန်ဆောင်နေကြသော လိစ္ဆဝီမင်းသားများ။

ပါးနပ်သော သစ္စကပရိဗိုဇ်သည် ကျန်လူများ၏အကြားစကားဝင်မ ဖြတ်နိုင်အောင် ပိတ်ဆို့လိုက်လေသည်။



## ကာဠဗုဒ္ဓရက္ခိတ

'အရှင်ဂေါတမ၊ အခြားတစ်ပါးသူတွေရဲ့ မဆီမဆိုင်စကားတွေကို သူ့အတိုင်းရှိပါစေတော့၊ ဒီစကားတွေဟာ နှုတ်ဦးတည့်ရာ ပြောမိဆိုရာ ကယောင်ကတမ်း ပြောဆိုနေကြတဲ့ စကားတွေပါ၊ အခု အရှင်ဂေါတမနဲ့ အကျွန်ုပ်နှစ်ဦးတည်းပဲ ဆက်လက်ပြောဆို ဆွေးနွေးကြရအောင်ပါ'

သစ္စကပရိဗိုဇ်၏ ပါးနပ်ကျွမ်းကျင်သော စကားလမ်းကြောင်း လှည့်ပြောင်းမှုကြောင့် လိစ္ဆဝီမင်း ပရိသတ်ငြိမ်သက်သွားသည်။ ဒုမ္မုခကို အတုယူလျက် နှုတ်တပြင်ပြင် ဖြစ်နေကြသော တခြား လိစ္ဆဝီမင်းသားများလည်း စကားဝိုင်းထဲသို့ မဝင်သာကြတော့ချေ။

သစ္စက ပရိဗိုဇ်သည် လိစ္ဆဝီမင်း ပရိသတ်ကို လုံးဝလျစ်လျူပြုလိုက်ကာ ဘုရားရှင်ကိုသာ ဦးတည်မေးမြန်းလေသည်။

'အရှင်ဂေါတမရဲ့ တပည့်သာဝကဟာ အဘယ်မျှလောက်သော အသိဉာဏ်အတိုင်း အရှည်နဲ့အဆုံးအမ ညွှန်ကြားမှုကို လိုက်နာပါသလဲ၊ ဘယ်လို အသိဉာဏ်ဝမ်းဇာမျိုးနဲ့ ယုံမှားသံသယတွေကို လွန်မြောက်ပြီး အခြားတစ်ပါးကို မယုံကြည်တော့ဘဲ ဘုရားသာသနာတော်မှာ သက်ဝင်ယုံကြည်ပါသလဲ'

ဘုရားရှင်က မြွက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



'သစ္စကပရိဗိုဇ်၊ ဤသာသနာတော်မှာ ငါ၏တပည့်သာဝကဟာ ဖြစ်ပြီး၊ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ အတွင်း၊ အပ၊ အကြမ်း၊ အနု၊ အညံ့၊ အကောင်း၊ အဝေး၊ အနီး ဤသို့သော ရုပ်တရားတစ်ဆယ့်တစ်ပါးအားလုံးကို ဤရုပ်အစုသည် ငါ၏ ဥစ္စာမဟုတ်၊ ငါ၏ကိုယ်အတ္တမဟုတ်ဟူ၍ အမှန်အတိုင်း ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာနဲ့ ရှုမြင်တယ်'

'ဝေဒနာကိုလည်း ဒီအတိုင်း ရှုမြင်တယ်၊ သညာကိုလည်း ဒီအတိုင်း ရှုမြင်တယ်၊ သင်္ခါရကိုလည်း ဒီအတိုင်း ရှုမြင်တယ်၊ ဝိညာဉ်အစုကိုလည်း ဒီအတိုင်း ရှုမြင်တယ်၊ သစ္စကပရိဗိုဇ်၊ ဤမျှသော အသိဉာဏ်အတိုင်း အရှည်ပမာဏနဲ့ ငါဘုရားရဲ့ တပည့်သာဝကဟာ အဆုံးအမညွှန်ကြားချက်ကို လိုက်နာသူဖြစ်တယ်။

ယုံမှားခြင်းကိုလွန်မြောက်လျက်၊ ဘို့လော... သို့လော တွေးတောခြင်းကင်းလျက်၊ ဉာဏ်အမြင်ရဲ့ ရဲရင့်ခြင်းသို့ ရောက်ရှိပြီး အခြားတစ်ပါးကို ယုံကြည်ရန် မလိုတော့တဲ့အတွက် မြတ်စွာဘုရားသာသနာမှာနေတယ်'

တဖြည်းဖြည်း ပွတ်တိုက်ရင်းမှ တစ်စတစ်စ အရောင်အသွေးတို့ တောက်ပလင်းဖြာလာသည့် ရတနာကျောက်မှုံပြင် ပမာနှယ်ဖြစ်သည့် မေးခွန်းများနှင့် ထက်ကြပ်လိုက်ပါလျက်၊ မေးခွန်းတို့၏ဆာလောင်မွတ်သိပ်ခြင်းကို ဓမ္မအာဟာဖြင့် ငြိမ်းပြေစေလျက်၊ မေးခွန်းတို့၏ မှောင်မည်းမှုကို ဓမ္မအလင်းဖြင့် ခွင်းပယ်ထွန်းလင်းစေလျက် ဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို ဟောကြားတော်မူလေသည်။

သစ္စကပရိဗိုဇ်၏ မေးခွန်းများကလည်း ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာကြခြင်းဖြင့် ပို၍ပို၍ လေးနက်မြင့်မားသော တစ်စုံတစ်ရာဆီသို့ ရွေ့ရှုချဉ်းကပ်လာကြသည်။

'အရှင်ဂေါတမ၊ ရဟန်းဟာ အဘယ်မျှလောက်သော အသိဉာဏ်အတိုင်း အရှည်ပမာဏနှင့် အာသဝေါကုန်ပြီးသူ၊ မဂ်အကျင့်ကိုကျင့်ပြီးသူ၊ ပြုဖွယ်ကိစ္စပြုပြီးသူ၊ ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ၊ မိမိရဲ့အကျိုးစီးပွားသို့ ရောက်ရှိပြီးသူ၊ ဘဝအနှောင်အဖွဲ့သံယောဇဉ်ကုန်ခန်းပြီးသူ၊ ကောင်းစွာသိမြင်လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသလဲ'

'သစ္စက ပရိဗိုဇ်၊ ဤသာသနာတော်မှာ ရဟန်းသည် တစ်ဆယ့်တစ်မျိုး ကွဲပြားသော ရုပ်တရားအားလုံးကို အမှန်အတိုင်း ကောင်းသော ဝိပဿနာပညာ မဂ်ပညာဖြင့်ပြီး၍ လွတ်မြောက်ခဲ့ပြီ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခြောက်ပါး





တရားအားလုံးကိုလည်း ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်အတ္တ မဟုတ်ဟု အမှန်အတိုင်း ရှုမြင်ပြီး လွတ်မြောက်ခဲ့ပြီ။

'သစ္စကပရိဗိုဇ်၊ ဤမျှသော အသိဉာဏ် အတိုင်းအရှည်ပမာဏနဲ့ ရဟန်းဟာ အာသဝေါကုန်ပြီးသူ၊ မဂ်အကျင့်ကို ကျင့်ပြီးသူ၊ ပြုဖွယ်ကိစ္စပြုပြီးသူ၊ ဝန်ထုပ်သုံးမျိုးကို ချထားပြီးသူ၊ မိမိရဲ့ အရဟတ္တဖိုလ်အကျိုးစီးပွားသို့ ရောက်ပြီးသူ၊ ဘဝအနှောင်အဖွဲ့ သံယောဇဉ်ကုန်ခန်းပြီးသူ၊ ကောင်းစွာသိမြင် လွတ်မြောက်ပြီးသူ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပေတယ်'

သစ္စကပရိဗိုဇ်၏ အမေးကို ဖြေကြားရှင်းလင်းပြီးနောက် ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ဆက်လက်ဖွင့်ဆိုတော်မူလေသည်။

'သစ္စကပရိဗိုဇ်၊ လွတ်မြောက်ပြီးသော ရဟန်းဟာ အသိဉာဏ်အမြင် ထူးခြားခြင်း၊ အကျင့်ပဋိပဒါထူးခြားခြင်း၊ လွတ်မြောက်မှုထူးခြားခြင်းဆိုတဲ့ ထူးခြားခြင်း သုံးပါးနဲ့ ပြည့်စုံတယ်။ သစ္စကပရိဗိုဇ်၊ ရဟန္တာပုဂ္ဂိုလ်ဟာ ဤသို့အားဖြင့်လည်း မြတ်စွာဘုရားကို ရိုသေမြတ်နိုးပူဇော်တယ်'

'ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူပြီး ဝေနေယျသတ္တဝါတို့အားလည်း သိစေခြင်းငှာ ဟောကြားတော်မူပေတယ်'

'ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီး ဝေနေယျသတ္တဝါတို့အားလည်း ယဉ်ကျေးစေခြင်းငှာ ဟောကြားတော်မူပေတယ်'

'ငါတို့ဆရာ မြတ်စွာဘုရားသည် ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီး ဝေနေယျသတ္တဝါတို့အားလည်း ကိလေသာငြိမ်းစေခြင်းငှာ ဟောကြားတော်မူပေတယ်'

'ငါတို့ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဝဋ်ဩဃလေးပါးကို ကူးမြောက်တော်မူပြီး၊ ဝေနေယျသတ္တဝါတို့ကိုလည်း ကူးမြောက်နိုင်ကြစေရန် ဟောကြားတော်မူပေတယ်'

'ငါတို့ဆရာမြတ်စွာဘုရားသည် ကိုယ်တော်တိုင်က ကိလေသပရိဠာဟ် အပူငြိမ်းတော်မူပြီး ဝေနေယျသတ္တဝါတို့ကိုလည်း စံဝင်အေးငြိမ်းကြစေရန် ဟောကြားတော်မူတယ်၊ ရဟန္တာပုဂ္ဂိုလ်ဟာ သို့လျှင် မြတ်စွာဘုရားကို မြတ်နိုးပူဇော်ကြပေ



www.burmeseclassic.com

www.burmeseclassic.com



တယ် သစ္စကပရိဗိုဇ်'

အရပ္ပတ္တိုလ်အတွက် ထပ်လျက်မေးကြားမိန့်ဆိုတော်မူအပ်သော တရားကို ကြားနေရသည်တွင် သစ္စကပရိဗိုဇ်၏ တစ်စတစ်တစ ပြောင်းလဲလာနေခဲ့သော အယူဝါဒအမြင်တို့သည် လုံလောက်သော အဆင့်တစ်ဆင့် အချိုးတစ်ကွေ့သို့ ရောက်ရှိသွားကာ လုံးလုံးကြီးပြောင်းလဲသွားခဲ့ပြီဖြစ်လေသည်။

လွဲမှားသော ဒိဋ္ဌိအမြင်သည်လည်း ကျောက်တောင်စွန်းမှ လိမ့်ကျသွားပြီး မြေအပြင်တွင် မှုန့်မှုန့်ညက် ကြေမွသွားသော ကျောက်တုံးကျောက်စိုင်ခဲကြီးပမာ ဖြစ်သွားသည်။

သစ္စကပရိဗိုဇ်၏ မှားယွင်းခြင်း၊ မောက်မာခြင်း၊ လွဲချော်ခြင်း၊ ဝင့်ဝါခြင်း၊ ပလွှားခြင်းစသော အရာများဖြင့် ဖွဲ့စည်းထားသည့် အယူဝါဒကျောက်တုံးကျောက်စိုင်ခဲကြီးသည် မြင့်လှစွာသော မာနအတ္တတောင်ထိပ်ဆီမှ တဒုန်းဒုန်းကျဆင်းလာခဲ့ပြီးသည်၏အခြားမဲ့၌ ဘုရားရှင်၏ခြေရင်းတော် အပြင်ဝယ် မှုန့်မှုန့်ညက်ညက် ကြေမွပျက်စီးသွားခဲ့ပေပြီ။

သစ္စကပရိဗိုဇ်၏ အမူအရာနှင့်အသံသည် ပြောင်းလဲသွားကာ ဘုရားရှင်အနီးတွင် ကျုံ့ရှယို့ထိုင်လျက် လျှောက်ထားလေသည်။

'အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားကို ဝါဒလမ်းစဉ်နဲ့ အပြစ်တင်ဆို ပုတ်ခတ်ထိုက်သည်လို့ ထင်ရှားမိခဲ့ပါပြီ၊ တပည့်တော်သာလျှင် ဂုဏ်ကို ချေဖျက်သူ၊ နှုတ်ထွက်ကြမ်းကာ စကားမောက်မာသူဖြစ်ခဲ့ပါပြီ ဘုရား'

'အရှင်ဘုရား အမှန်ယစ်သောဆင်ကို ပုတ်ခတ်ထိပါးသော ယောကျ်ားမှာ ချမ်းသာရာရကောင်းနိုင်ပါသေးတယ်၊ အရှင်ဘုရားကို ပုတ်ခတ်ထိပါးသူမှာတော့ ချမ်းသာရာ အလျှင်းမရှိနိုင်ပါဘုရား'

'အရှင်ဘုရားကား အလျှံတပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးကို ပုတ်ခတ်ထိပါးသူ ယောကျ်ားမှာ ချမ်းသာရာ ရကောင်းနိုင်ပါသေးတယ်၊ အရှင်ဘုရားကို ပုတ်ခတ်ထိပါးသောသူမှာတော့ ချမ်းသာရာ အလျှင်းမရှိနိုင်ပါဘုရား၊ အရှင်ဘုရား…လျှင်မြန်စူးရှသော အဆိပ်ပြင်းမြွေကို ပုတ်ခတ်ထိပါးသော ယောကျ်ားမှာ ချမ်းသာရာ ရကောင်းနိုင်ပါသေးတယ်၊ အရှင်ဘုရားကို ပုတ်ခတ်ထိပါးသောသူမှာတော့ ချမ်းသာရာအလျှင်းမရှိနိုင်ပါဘုရား'





'အရှင်ဘုရား··တပည့်တော်သာလျှင် ဂုဏ်ကို ချေဖျက်သူ၊ နှုတ်ထွက်ကြမ်းစကားသွမ်းမောက်မာသူ၊ ပုတ်ခတ်ထိပါးထိုက်သည်လို့ ထင်မှားသူဖြစ်ခဲ့ပါပြီ ဘုရား'

ထို့နောက် မဟာဝုန်တောကြီး၏ တင့်တယ်တိတ်ဆိတ်ခြင်းတွင် သစ္စကပရိဗိုဇ်၏ လျှောက်ထားသံက ဆက်လက်ထွက်ပေါ်လာလေသည်။

'အရှင်ဘုရား၊ တပည့်တော် ပြုစုလုပ်ကျွေးမည့်ဆွမ်းကို ခံယူရန်အတွက် သံဃာနှင့်တကွ နက်ဖြန် ကြွရောက်တော်မူပါဘုရား'

ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သစ္စကပရိဗိုဇ်၏ ပင့်ဖိတ်လျှောက်ထားချက်ကို လက်ခံတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆွမ်းလုပ်ကျွေးပွဲနှင့် သစ္စကပရိဗိုဇ်

မဟာဝုန်တောအတွင်းမှ အယူဝါဒပြိုင်ပွဲကြီး ပြီးဆုံးသွားခဲ့ပေပြီ။ မြတ်စွာဘုရားရှင်၏ ချေချွတ်တော်မူခြင်း အောက်၌ သစ္စကပရိဗိုဇ်သည် သူ၏အယူဝါဒကို စွန့်လွှတ်ပစ်ချကာ ဘုရားရှင်အား ဆွမ်းဖိတ်ခဲ့ကြောင်းကို ဝေသာလီတစ်ပြည်လုံးက ဝမ်းသာအားရပြောနေကြသည်။

သစ္စကပရိဗိုဇ် ရှုံးပြီဟု လိစ္ဆဝီမင်းသားတို့က ဆိုကြသည်။ သို့သော် ဝေ့ဖီတိုင်း၌ ကာလကြာရှည်စွာ တန်ခိုးအာနုဘော်အရှိန်အဝါ ကြီးမားခဲ့သူ ဖြစ်ခြင်းကြောင့် သစ္စကပရိဗိုဇ်ကို မည်သူမျှ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုရဲကြ။ အချို့ကဆိုလျှင် ဆရာသစ္စကသည် ဘုရားရှင်နှင့်ပင် တစ်ဦးတစ်ယောက်ချင်း အယူဝါဒစစ်ထိုးရဲခဲ့သူဟု အထင်ကြီးကြဆဲရှိသည်။

သစ္စကပရိဗိုဇ်ကိုယ်တိုင်ကလည်း မိမိသည် အတုမဲ့ကြီးမြတ်သော ဘုရားရှင်နှင့်ပင် ပြိုင်ဆိုင်ခဲ့သူအဖြစ် အရှုံးကိုပင် အရောင်ထွက်ပေါ်စေသည်။

လိစ္ဆဝီမင်းတို့၏ စရိုက်သဘာဝမှာလည်း ကြီးကျယ်သောရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းသည် ဂုဏ်တစ်ပါးပင်ဖြစ်သည်ဟု ခံယူကြသော အလေ့ရှိတတ်ကြသည်။ ရန်သူကို နှိမ်နင်းခြင်းဖြင့် မိမိကိုယ်တိုင်ပါ ချီးပင့်မြှောက်တင်ရာ ရောက်သောအဖြစ်ကို လိစ္ဆဝီတို့က အရသာတွေ့တတ်သည်။

ထို့ကြောင့် မဟာဝုန်တောကြီးအတွင်းမှ ပြိုင်ပွဲတွင် ရှုံးခဲ့သော်ငြား သစ္စကပရိဗိုဇ်၏အရှိန်အဝါသည် ဝေသာလီတွင် ကျဆင်းမသွားခဲ့။ ဤအခြေအနေသည်



ဆွမ်းလုပ်ကျွေးပွဲကို တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်စေခဲ့လေသည်။

သစ္စကပရိဗိုဇ်သည် ဝေသာလီသို့ ပြန်ရောက်သောအခါ လိစ္ဆဝီမင်းသားတို့အား ခုံရုံးတွင် ပြောကြားသည်။

'ရဟန်းဂေါတမနဲ့ သူ့သံဃာတို့ကို နက်ဖြန်ဆွမ်းစားကြွဖို့ ငါပင့်ဖိတ်ထားတယ်၊ ဒီတော့ သင့်လျော်လျောက်ပတ်မယ့် လှူဖွယ်ဆွမ်းများကို ငါ့ထံပို့ပေးကြ'

ဆွမ်းလုပ်ကျွေးမည့် နံနက်စောစောတွင် လိစ္ဆဝီမင်းတို့ပို့လိုက်သော ဆွမ်းအိုးငါးရာသည် သစ္စကပရိဗိုဇ်ထံ ရောက်လာသည်။ သို့ဖြင့်ပင် သစ္စကပရိဗိုဇ်ဆွမ်းလုပ်ကျွေးပွဲသည် တင့်တယ်ခမ်းနားသွားခဲ့ပြန်လေသည်။

ဘုရားအမှူးရှိသော သံဃာတော်တို့ ကြွရောက်တော်မူလာကြသည်။ သစ္စကပရိဗိုဇ်သည် ကိုယ်တိုင်ပင် ပြုစုလုပ်ကျွေးသည်။ ဝေသာလီပရိသတ်ကား ထူးခြားသော ထိုအလှူပွဲကြီးကို ကြည့်ပြီး ဝမ်းသာအားရဖြစ်နေကြတော့သည်။

ဆွမ်းပွဲအမှုပြီးစီးသည့်နောက်တွင် သစ္စကပရိဗိုဇ်ကလျှောက်ထားသည်။

'အရှင်ဘုရား၊ ဒီအလှူဒါနမှာ ကောင်းမှုရဲ့ အကျိုးရင်းနဲ့ အကျိုးဆက်အကျိုးများများဟာ အလှူဒါယကာများအတွက် ဖြစ်ပါစေ၊ သူတို့ချမ်းသာခြင်းအတွက် ဖြစ်ပါစေ'

သစ္စကပရိဗိုဇ်၏ လျှောက်ထားချက် နောက်ကွယ်မှ သူ၏စိတ်သဘောရင်းကို ဘုရားရှင်က သိတော်မူသည်။ စင်စစ် သစ္စကပရိဗိုဇ်၏ ဆင်ခြင်မှုမှာ 'လိစ္ဆဝီမင်းတွေပေးတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တွေနဲ့ ဘုရားသံဃာတို့ကို ပြုစုလုပ်ကျွေးတာဖြစ်တယ်၊ ဒီကောင်းမှုဟာ လိစ္ဆဝီမင်းတွေရဲ့ ကောင်းမှုပဲဖြစ်တယ်' ဟူသော ဆင်ခြင်မှုဖြစ်သည်။

ဘုရားရှင်က မိန့်ဆိုတော်မူလိုက်သည်။

'သစ္စကပရိဗိုဇ်၊ သင့်လို ရာဂ၊ ဒေါသ၊ မောဟမကင်းသေးသူ အလှူခံပုဂ္ဂိုလ်ကိုစွဲပြီ၊ လိစ္ဆဝီမင်းတွေပေးတဲ့ လှူတဲ့ဒါနမှုဟာ ပေးလှူသူ လိစ္ဆဝီမင်းတို့အတွက် ဖြစ်ပေလိမ့်မယ်'

'သစ္စကပရိဗိုဇ်…ငါကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟကင်းပြီးသူ အလှူခံပုဂ္ဂိုလ်ကိုစွဲပြီး သင်ပေးတဲ၊ လှူတဲ့ ဒါနမှုကတော့ သင့်အတွက်ပဲ ဖြစ်ပေလိမ့်မယ်'

ဘုရားရှင်နှင့် သံဃာတော်တို့ကို ဆွမ်းအလှူ ပေးလှူသူ[illegible] သစ္စကသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ လိစ္ဆဝီမင်းတို့ မဟုတ်ကြောင်း၊ လိစ္ဆဝီမင်းတို့သည် သစ္စကထံသို့ ချွန်းအုပ်များပေးပို့ခြင်းဖြင့် သစ္စကထံမှ တစ်ဆင့်လျှုခြင်းသာဖြစ်ကြောင်း ဘုရားရှင်က မိန့်ဆိုတော်မူခြင်းဖြစ်လေသည်။

ဤသို့အားဖြင့် သစ္စကပရိဗိုဇ်၏ လွဲမှားနေသော အယူအဆကို အမှန်သို့ ရောက်အောင် ဘုရားရှင်က ပြောင်းလဲစေတော်မူလိုက်လေသည်။

ဤကား သစ္စက ပရိဗိုဇ်အတွက် အနာဂတ်ကာလတွင် ကောင်းမှုကုသိုလ် ဝါသနာအထုံ ရရှိသွားစေရန် ဘုရားရှင်က မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

အဘယ်ကြောင့် အနာဂတ်ကာလအဖို့ တရားကုသိုလ်အထုံရှိစေရန် ဘုရားရှင် မိန့်ဆိုရသနည်းဆိုသော် ယခု ပစ္စုပ္ပန်ဘဝတွင် သစ္စကပရိဗိုဇ်သည် မည်မျှပင် အယူဝါဒအရေး၌ ရှုံးနိမ့်၊ ရှုံးနိမ့်မည်သို့ပင် ဆွမ်းအမှုကို ပြုပြု၊ မဂ်ဖိုလ်ရနိုင်သည့် ဥပနိဿယပစ္စည်းအကြောင်းမရှိသည်ကို ဘုရားရှင်သိတော်မူခြင်းကြောင့် ဖြစ်လေသည်။

သစ္စကပရိဗိုဇ်ကား မဂ်ဖိုလ်ကိုလည်း မရနိုင်။ ဈာန်းလည်း မပြု။ အယုတ်သဖြင့် သရဏဂုံသော်မှ တည်သူမဖြစ်နိုင်ကြောင်း ဘုရားရှင်သိတော်မူပေသည်။

သစ္စကပရိဗိုဇ်နှင့် ပတ်သက်၍ ဘုရားရှင်သည် အနာဂတံသဉာဏ်တော်ဖြင့် မြင်တော်မူသည်။

'ဤသစ္စကပရိဗိုဇ်ကား ယခု ငါဘုရားလက်ထက်၌ မဂ်ဖိုလ်ရနိုင်လောက်သည့် ဥပနိဿယပစ္စည်းအကြောင်းမရှိ၊ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း နှစ်ရာကျော်လွန်သောအခါ သီဟိုဠ်ကျွန်းဝယ် သာသနာ တည်ထွန်းလိမ့်မည်။ ထိုအခါ သစ္စကသည် သီဟိုဠ်ကျွန်းဝယ် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ရဟန်းပြုပြီးလျှင်…'

## ကာဠဗုဒ္ဓရက္ခိတ

ဘုရားရှင်တော်မြတ်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပေပြီ။

နှစ်ပေါင်းနှစ်ရာမျှ လွန်မြောက်ခဲ့သည်။

သီဟိုဠ်ကျွန်းသည် သာသနာ နေဝန်းထွန်းလင်းသော ဒေသဖြစ်လာသည်။ သီဟိုဠ်ကျွန်း၏ တောင်အရပ်ရှိ ဒက္ခိဏာဂိရိကျောင်းတိုက်ကြီးအနီး လောခရဝံရွာ တစ်ခုရှိသည်။ ထိုရွာတွင် မှူးမတ်အဆင့်ရှိသူ ခတ္တိယနွယ်ဝင်များ နေထိုင်ကြသည်။

ထိုမှူးမတ်မျိုးရိုး မိသားစု၌ တစ်ယောက်သောအမျိုးကောင်းသားငယ်လေး ထွန်းကားလာသည်။ သူငယ်သည် ထက်မြက်သူ ပညာကြီးသူဖြစ်သည်။ ဘဝကို အခက်အခဲမရှိ ဖြတ်သန်းလာရင်း အရွယ်ရောက်လာသည်။ လျောက်ပတ်သောအရွယ်၌ ရဟန်းပြုလိုက်သည်။

ရဟန်းအရွယ်ငယ်ငယ်ဖြင့်ပင် ပိဋကတ်သုံးပုံကို သင်ကြားတတ်မြောက်ရှုနောက် ချောက်ချားနိုင်သည်။ ရဟန်းတပည့်၊ လူတပည့်များစွာကို ပိဋကတ်ပို့ချသင်ကြားပေးသော ဂိုဏ်းဆရာကြီးဖြစ်လေသည်။ ပညာစက်ဝန်း ထွန်းတောက်လှသည် ဖြစ်သောကြောင့် တပည့်ရဟန်းအခြွေအရံ များပြားလှသည်။ ဂိုဏ်းဦးစီး ဗုဒ္ဓိုလ်ကြီးလည်း ဖြစ်သည်။

သူ့အမည်ကား ကာဠဗုဒ္ဓရက္ခိတဖြစ်သည်။

အများကမူ 'ဂိုဏ်းဆရာမထေရ်'ဟု လေးစားစွာ ခေါ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို ဂိုဏ်းဆရာမထေရ် ကာဠုဗုဒ္ဓရက္ခိတသည် အခြားသူမဟုတ်၊ ဘုရားရှင် လက်ထက်က မဂ်ဖိုလ် ရနိုင်သော ဥပနိဿရည်းအကြောင်း မရှိခဲ့သဖြင့် ဗုဒ္ဓသစ္စက သုတ္တန်ဒေသနာကိုလည်းကောင်း၊ မဟာသစ္စကသုတ္တန်ဒေသနာကိုလည်းကောင်း၊ ကာယဘာဝနာ၊ စိတ္တဘာဝနာနှစ်ပါးတို့ကို လည်းကောင်း၊ သမ္မုတိပုဂ္ဂိုလ်၊ အသမ္မုတိ ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ ဘုရားရှင် အကျယ်တဝင့် ဝေဖန်ပိုင်းစစ် ဟောကြားတော် မူပါလျက် မဂ်ဖိုလ်လည်း မရခဲ့၊ ရဟန်းလည်းမပြုခဲ့၊ ယုတ်စွအဆုံး သရဏဂုံ တည်သော်မှ မတည်ခဲ့လေသော 'သစ္စကပရိဗိုဇ်'ဖြစ်လေသည်။

သစ္စကပရိဗိုဇ်သည် အရွယ်ကုန်၍ သေလွန်ခဲ့ပြီးနောက် နတ်ပြည်သို့ ရောက်ခဲ့သည်။ ထိုနောက် နတ်ပြည်မှ စုတေခဲ့ကာ၊ ယခု သီဟိုဠ်ကျွန်းဝယ် 'ကာဠုဗုဒ္ဓ ရက္ခိတဂိုဏ်းဆရာမထေရ်' ဖြစ်လာခဲ့ခြင်းပင်တည်း။

## ကာဠုဗုဒ္ဓရက္ခိတနှင့် ဥပဇ္ဈာယ်ဆရာတော်

ပိဋကတ်သုံးပုံကို တတ်မြောက်ကျွမ်းကျင်သော ကာဠုဗုဒ္ဓရက္ခိတမထေရ်သည် တပည့်ရဟန်းများစွာတို့ကို အခြံအရံပြုကာ တစ်နေ့သောအခါ ဥပဇ္ဈာယ်ဆရာတော် ထံ အဖူးအမြော်ဝင်ရောက်ခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်က မိမိ၏သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ကာဠုဗုဒ္ဓရက္ခိတ အား ပို၍အနှံ့ပြည့်သော၊ ပို၍ ငှံ့ငိုက်သော စပါးသီးနှံဖြစ်စေရန် ရည်ရွယ်လျက် ဥပါယ်ဖြင့် ဆုံးမပြစ်တင်လိုက်သည်။

ဆုံးမပြစ်တင်လိုက်ပုံကား မိမိတပည့် ကာဠုဗုဒ္ဓရက္ခိတမထေရ်အား မျက်နှာ ချင်းဆိုင် စကားမပြောဘဲ ရှောင်လွှဲနေတော်မူလိုက်ခြင်းဖြစ်သည်။

နံနက်မိုးသောက်သောအခါ ကာဠုဗုဒ္ဓရက္ခိတမထေရ်သည် ဥပဇ္ဈာယ်ဆရာ ထံသွား၍ လျှောက်ထားမေးမြန်းလေသည်။

'ဆရာတော် မထေရ်သူမြတ်ဘုရား၊ အရှင်ဘုရားထံသို့ တပည့်တော်လာ ရောက်ဖူးမြော်သည်တွင် တပည့်တော်အား စကားမဆို၊ မျက်နှာချင်းပင် ခေါင်းဘဲ လွှဲဖယ်နေတော်မူရခြင်းမှာ တပည့်တော်၌ ဘယ်သို့သော အပြစ်ရှိပါသလဲ ဘုရား'

ဥပဇ္ဈာယ်ဆရာ မထေရ်မြတ်သည် တပည့်၏ညွတ်နူးသောအဖြစ်ကို သိသည် တွင် ဆုံးမစကားကို ဆိုတော်မူလေသည်။

'ကာဠုဗုဒ္ဓရက္ခိတ၊ နိကာယ်ငါးရပ် ပိဋကတ်အလုံးစုံတို့ကို တတ်မြောက်အောင် လုပ်ပြီးရုံနဲ့ ငါ့မှာ ရဟန်းကိစ္စအထွတ်အထိပ်ရောက်ပြီလို့ သင် အထင်ရောက်သလား'

www.burmeseclassic.com



ကာဠုဗုဒ္ဓရက္ခိတသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာကျော်က သစ္စကပရိဗိုဇ် ပေါ်တော်လေတော့ပြီ။ ပညာဖြင့် ပြည့်ဝလေးနက်ကာ ရင့်ကျက်သော မထေရ်ဖြစ်ခဲ့လေပြီ။

'အရှင်မြတ်ဘုရား၊ ထိုသို့ဆိုလျှင် ရဟန်းကိစ္စ အထွတ်အထိပ်ရောက်ရန် တပည့်တော် ဘာလုပ်ရပါမည်လဲဘုရား'

ဟု အနူးအညွတ်ဝန်ချလျက်မေးလေသည်။

'ကာဠုဗုဒ္ဓရက္ခိတ၊ သင့်ရဲ့မြားမြောင်လေးလံတဲ့ ဂဏပလိဗောဓကို ဖြတ်တောက်၊ ကြွင်းကျန်သော ကိလေသာအစု အကျယ်ချဲ့မှုကိုလည်း ပယ်ဖျောက်၊ စေတိယကျောင်းသို့သွားရောက်၍ ရဟန်းတရားကို အားထုတ်လော့'

ဉာဏ်ပညာလည်း ဝင်းလျှံ၊ ပါရမီကံလည်း ထက်သန်ခဲ့ပြီးဖြစ်သော ကာဠုဗုဒ္ဓရက္ခိတသည် ဥပဇ္ဈာယ်ဆရာတော်၏ အဆုံးအမခံ့တည်ကာ စေတိယကျောင်းသို့ သွားရောက်ခဲ့သည်။

မြားမြောင်လေးလံလှသော ဂဏပလိဗောဓကို ဖြတ်တောက်လိုက်သည်။ ကိလေသာမှု အစုစုတို့ကိုလည်း ပယ်ဖျောက်လိုက်သည်။ ထို့နောက် ရဟန်းတရားကို ပွားများကြိုးကုတ်အားထုတ်လေရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူလာခဲ့လေသည်။



## ကာဠုဗုဒ္ဓရက္ခိတ မထေရ်မြတ်နှင့် တိဿမင်းကြီး

သီဟိုဠ်ကျွန်း၏ ဥဿျောင်ဘုရင်မင်းမြတ် တိဿမင်းကြီးသည် ရတနာသုံးပါး၌ အထူးသဖြင့် သက်ဝင်ညွတ်နူးသော ပုဂ္ဂိုလ်ဖြစ်သည်။

မင်းကြီးသည် စေတိယတောင်ရှိရာ လိုဏ်ဂူ၌ မကြာခဏ ဥပုသ်ဝင်လေ့ရှိသည်။ တစ်ခုသော ဥပုသ်အခါ၌ မင်းကြီးသည် ကာဠုဗုဒ္ဓရက္ခိတ မထေရ်မြတ်အကြောင်းကို ကြားသိဆင်ခြင်မိသောကြောင့် မထေရ်မြတ်၏တပည့် အလုပ်အကျွေး ရဟန်းတစ်ပါးအား စကားမှာကြားထားသည်။

'အရှင်ဘုရားတို့ရဲ့ဆရာ၊ အရှင်ကာဠုဗုဒ္ဓရက္ခိတ မထေရ်ရဲ့ တရားပွဲဒေသနာရှိရင် တပည့်တော်ကိုအသိပေးကြပါ'

များမကြာမီအချိန်မှာ ကာဠုဗုဒ္ဓရက္ခိတမထေရ်သည် ကဏကအမည်ရှိ စေတီရင်ပြင်သို့ တက်ရောက်ဖူးမြော်ကာ တည်နှက်ပင်တစ်ပင်ရင်း၌ သီတင်းသုံးလာခိုက်နှင့်ကြုံသည်။

ထိုအချိန်တွင် ပိဏ္ဍပါတ်ခုတင်ဆောင် မထေရ်တစ်ပါးက ကာဠုဗုဒ္ဓရက္ခိတမထေရ်အား (ကာဠကာရာမသုတ်)လာ ပြဿနာများကို မေးမြန်းလာသည်။ ဤတွင် ကာဠုဗုဒ္ဓရက္ခိတမထေရ်က..

ယနေ့သည် တရားပွဲကျင်းပမည့်နေ့ ဖြစ်သည့်အလျောက် ထိုတရားပွဲဝင်မှာ ထံမှုသဘင်ကို ဆင်ယင်ကျင်းပကြအံ့ဟု ဆိုသည်။

ထိုသတင်းကို အလုပ်အကျွေးရဟန်းငယ်က အမှာစကားရှိထားသည့်အလျောက် တိဿမင်းကြီးထံ အသိပေးလိုက်သည်။ တိဿမင်းကြီးလည်း တရားသဘင်ဆင်ယင်ကျင်းပရာသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တည်နက်ပင်ရင်း ဓမ္မသနပလ္လင်ပေါ်တွင် ထိုင်တော်မူလျက် တရားနိဒါန်းဂါထာများကို ကာဠုဒါယီရဟန်တာမထေရ်မြတ် စတင်ရွတ်ဆိုနေချိန်မှာပင် တိဿမင်းကြီးလည်း ဆိုက်ရောက်လာလေသည်။

သို့သော် ဘုရင်မင်းမြတ်ဟူသော အဖြစ်ဖြင့် ဓမ္မသဘင်ကို မနှောင့်ယှက်လိုသည်ဖြစ်သောကြောင့် သာမန်မထင်မရှားလူတစ်ယောက်အသွင်ဖြင့်သာ ပရိသတ်အစွန်အဖျား၌ မင်းကြီးနေရာယူသည်။

သို့ဖြင့် ညဥ့်သုံးယံပတ်လုံး မင်းကြီးသည် (မတ်တတ်ရပ်လျက်ပင်)တရားနာယူသည်။ တရားပွဲသိမ်းသောအခါ မင်းကြီးသည် ကောင်းချီးနမော်သာခုခေါ်သည်။ ဤတွင်မှပင် တိဿမင်းကြီးရောက်ရှိနေကြောင်း မထေရ်မြတ်သိကာ မေးတော်မူသည်။

'ဘုရင်မင်းမြတ်၊ ဘယ်အချိန်က လာရောက်နေပါသလဲ'

'တရားနိဒါန်းဂါထာတို့ကို အရှင်ဘုရားစတင်ရွတ်ဆိုချိန်ကတည်းက တပည့်တော် ရောက်ခဲ့ပါတယ်ဘုရား'

'ပြုနိုင်ခဲသည့် မြတ်သောအမှုကို သင်ပြုစွမ်းပေတယ် မင်းကြီး'

ဤတွင် တိဿမင်းကြီးသည် ရဲရဲတောက်စကားတို့ကို ပြန်လည်လျှောက်ထားလေသည်။

'အရှင်ဘုရား၊ တစ်ညဥ့်ပတ်လုံး မတ်တပ်ရပ်လျက်သား တရားနာယူခြင်းသည် စင်စစ်ပြုနိုင်ခဲသောအမှု မဟုတ်သေးပါ၊ စင်စစ် တပည့်တော်သည် အရှင်ဘုရားစတင်တရားဟောကြားသည်မှအစ တရားဒေသနာတွင် ပါဝင်သော တစ်ပုဒ်တစ်ပါဒမှာလောက်မှာပင် တပည့်တော်သည် အာရုံတစ်ပါးစိတ်လွင့်ခြင်းမရှိဘဲ ပုဒ်၊ ပါဒအစခပ်သိမ်းမှာပင် ဝင်စားနာကြားခဲ့ပါသည်။ အကယ်၍ စိတ်လွင့်ပါးခြင်းရှိခဲ့ပြီးပါက တပည့်တော်သည် ဤသီဟိုဠ်ကျွန်း၌ တံတစ်ထောက် တို့လောက်ရုံမျှသော အရပ်မှာပင် အစိုးရခြင်းမရှိပါစေသား'

ကာဠုဒါယီရဟန်တာမထေရ်မြတ်ဟောကြားသော ကာဠကာရာမသုတ်၌ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ဟောကြားပြသထားပေသည်။ ဤတွင် သုံးပါးရတနာအား ကြည်ညိုခြင်းအမှု၌ ရောင့်ရဲခြင်းအလျင်းမရှိသော တိဿမင်းကြီးက လျှောက်ထားပြန်သည်။





'အရှင်ဘုရား၏ဂုဏ်တော်တို့သည် ဤမျှသာရှိပါသလား၊ တခြားတစ်ပါးသော ဂုဏ်တော်များလဲ ရှိပါသေးသလား ဘုရား'

ကာဠုဒါယီရဟန်တာမထေရ်မြတ်၏ ဖြေဆိုတော်မူချက်ကလည်း ရဲရဲတောက်ပင်ဖြစ်ချေသည်။

'မင်းကြီး၊ မင်းသုံးပယ်တစ်ထောင်ကျယ်ပြန့်သော သလေးစပါးခင်းကြီးမှာ အနံ့တစ်ခုတည်းက သလေးစေ့များထက် ကြွင်းသောသလေးစေ့များက သာလွန်များပြားကြသလို ငါယခု ထုတ်ဖော်ဟောကြားသော ဘုရားဂုဏ်တော်များမှာ သလေးနံ့တစ်ခုတည်းက သလေးစပါးစေ့များပမာသာဖြစ်တယ်၊ ကြွင်းသော သလေးစေ့များက အဆပေါင်းများစွာ ပိုမိုများပြားသလို ကြွင်းသော ဂုဏ်တော်များဟာ မြားမြောင်လှစွာ ရှိကြပေတယ်'

'မင်းကြီး၊ ဂင်္ဂါမြစ်ကြီးအတွင်း အပ်နဖားပေါက်ကို ရေအလျဥ်၌ စိုက်ချထားလို့ အပ်နဖားအတွင်း စီးဆင်းသွားတဲ့ ရေအလျဥ်ထက် ကြွင်းသော ရေထုအလျဥ်က အဆမတန်များပြားသလို ငါဟောကြားတဲ့ ဂုဏ်တော်များဟာ အပ်နဖားပေါက်အတွင်းက ဖြတ်သန်းစီးဆင်းသွားတဲ့ ရေအလျဥ်မျှသာဖြစ်တယ်၊ ဂင်္ဂါမြစ်ကြီးတစ်ခုလုံးအတွင်း စီးဆင်းသွားသော ကြွင်းရေအလျဥ်လို ကြွင်းသောဂုဏ်တော်များဟာ မြားမြောင်လှပေတယ်'

'မင်းကြီး၊ ကောင်းကင်ယံမှာ ပျံလွှားငှက်တစ်ကောင်ပျံသန်းသွားရာမှာ ငှက်ပျံလွှားငှက် အတောင်ဖြန့်ကြက်ရာ ပမာဏထက်ကြွင်းသော ကောင်းကင်အရပ်က အဆမတန်များပြားသလိုပဲ၊ ငါဟောကြားတဲ့ ဂုဏ်တော်များဟာ ပျံလွှားကျေးငှက် အတောင်ပံဖြန့်ကြက်ရာ ပမာဏမျှသာရှိတယ်၊ ကြွင်းသောဂုဏ်တော်များက ကောင်းကင်ပြင်ကြီးတစ်ခုပမာရှိပေတယ်'

ကြည်ညိုမြတ်နိုးမှုအစုစုတို့ဖြင့် ပျောင်းအိသက်ဝင်ခဲ့လေသော တိဿဘုရင်ကြီးသည် မထေရ်မြတ်ကို ဦးခိုက်ကာ ဤသို့လျှောက်ပူဇော်တော့သည်။

'အရှင်ဘုရား၊ သင့်လျော်လျောက်ပတ်သော ပူဇော်မှုကို ပြုခြင်းငှာတပည့်တော် မစွမ်းနိုင်ပါ၊ သို့သော် တပည့်တော် အစွမ်းဆောင်နိုင်ဆုံး လှူဒါန်းမှုအပြင် ယူဇနာသုံးရာအဝန်းအာဏာစက်ဖြန့်ကြက်ထားသော တပည့်တော်ရဲ့ သီဟိုဠ်ကျွန်းသခင်ဘုရင်မင်းမြတ်အဖြစ်ကို တပည့်တော် လှူဒါန်းပါရစေ၊ ဤအလှူသည် တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဦးညို

ဓါးဆင်းရဲသားလက်ဆောင်ပင်ဖြစ်ပါတော့သည်ဘုရား'

ကာဠုဗုဒ္ဓရက္ခိတမထေရ်မြတ်က ပြန်လည်မိန့်ကြားလိုက်သည်။

'မင်းကြီး၊ သင့်ရဲ့ သဒ္ဓါကြည်ညိုခြင်းအမှုကို သင်ပြုအပ်ခဲ့ပြီ။ သင်မင်းကြီး လှူဒါန်းသော မင်းစည်းစိမ် မင်းအဖြစ်ကို ယခုပင် သင့်အား ငါ ပြန်လည်ပေးအပ်လိုက်ပြီ၊ တရားနဲ့အညီသာ တိုင်းပြည်အုပ်ချုပ်ပါ မင်းကြီး'

တိဿမင်းကြီး၏ ပျပ်ဝပ်ငုံ့ထားသော ဦးခေါင်းသည် ဖြည်းညင်းစွာ မော့လာသည်။ သဒ္ဓါပီတိ၏ကြီးစွာသော ရိုက်ခတ်မှုဖြင့် မင်းကြီး၏မျက်လုံးအစုံ၌ မျက်ရည်များ ဝေ့ဝဲတောက်ပနေသည်။

ထိုမျက်လုံးအစုံတို့ဖြင့် ကာဠုဗုဒ္ဓရက္ခိတမထေရ်မြတ်ကို တိဿမင်းကြီးသည် မတောင်းတိမ် မရောင့်ရဲနိုင်စွာ ဖူးမြင်နေသည်။

တိဿမင်းကြီးအနေဖြင့် မိမိလက်အုပ်ချီဖူးမြင်နေသော ဤကာဠုဗုဒ္ဓရက္ခိတမထေရ်မြတ်သည် လွန်ခဲ့သော နှစ်နှစ်ရာကျော်မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က အတ္တ… ငါရှိ၏ဟူသော ဝါဒကိုစွဲကိုင်လျက် ဘုရားရှင်အား ဝါဒစစ်ပွဲ စိန်ခေါ်ရဲသူ သစ္စကပရိဗိုဇ်ဖြစ်ခဲ့ကြောင်း မသိ။

စင်စစ်မူကား…

ထိုသို့ တိဿမင်းကြီး သိခြင်း၊ မသိခြင်းသည်လည်း အရေးအရာမဟုတ်တော့။

အနုတ္တရော ပုရိသ ဓမ္မသာရထိ ဂုဏ်တော်ဖြင့် ဘုရားရှင်သည် သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခဲ့သော ကာဠုဗုဒ္ဓရက္ခိတမထေရ်မြတ်ကြီးဟူ၍ ပေါ်ထွန်းလာခြင်းသည်ပင် လောကအတွက် ကြီးစွာသော ဓမ္မသုခပင် ဖြစ်ချေသည်တကား။

ချစ်ဦးညို





၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်ထုတ် ရန်အောင်စာပေ (၂) စာအုပ်များ


၁၇။ မောင်ထွန်းသူ * ဝက်ပါ

၁၈။ နတ်နွယ် * တံခွန်တိုင်မောင်နှမများ

၁၉။ ချစ်ဦးညို * အထိပ်နှင့်ကမ္ဘာတစ်သိန်း

၂၀။ တွင်းကြီးဝမ်းမောင် * ဝတုံးလေးဝတ္ထုတိုများ (၁+၂)

၂၁။ ချမ်းမြေ့အောင် * ဝင်ကစွပ်ရေအိမ်

၂၂။ (မောင်စိန်ဝင်း၊ ဇော်ခင်၊ ဝေသား) * စွဲလန်းရာတိမ်အနီးက ပေရယ်မေ

၂၃။ စိန်လွင်လေး * မင်းတရားရွှေထီးနှင့် ဘုရင့်နောင်

၂၄။ မင်းလူ * မိညီမ

၂၅။ မောင်မိုးသူ * ရှိလာကိုဝတား

၂၆။ ရန်အောင် * အောင်လံသားကွနှင့် အခြားဝတ္ထုတိုများ

၂၇။ တင်မောင်မြင့် * သံမဏိလိပ်ပြာ

၂၈။ ချစ်ဦးညို * ခုဋ္ဌဂါမဏိ

၂၉။ ယုဝတီခင်စိန်လှိုင် * ရန်ကင်းသူ

၃၀။ လင်းယုန်မောင်မောင် * (အော်တိုဝကော်စနီ)

၃၁။ နတ်နွယ် * ကုသိုလ်တစ်ပဲ ရေတစ်မီဘသ

၃၂။ အိကြာကွေး * သေမင်းကိုယ်တိုင်သေချင်တယ်နှင့် အခြားဝတ္ထုတိုများ


**ယခု**


၃၃။ ချစ်ဦးညို * စစ်သူကြီးလေလဝန်းနှင့် အခြားရာဇဝင်ဝတ္ထုရှည်များ


**ဆက်လက်၍**


၃၄။ တင်မောင်မြင့် * အတိတ်ခြေရာ - ၂

၃၅။ ရွှေကူမေနှင်း * ဖိနပ်ရွက်ပေါ်မှ မိုးစက်များနှင့် အခြားဝတ္ထုတိုများ

၃၆။ ချစ်ဦးညို * စစ်သူကြီးလေလဝန်းနှင့်ရာဇဝင်ဝတ္ထုရှည်များ

၃၇။ ရွှေစကြာ * စစ်ကိုင်းမင်းသား

၃၈။ စိန်လွင်လေး * နတ်သျှင်နောင်နှင့် တတုတလျှာ

၃၉။ အောင်လင်း * ဗေဒါနှင့်မောင့်မမပြိမ်း

၄၀။ မောင်မောင်မြင့်သိန်း (ဝက်မှတက္ကသိုလ်) * ကမောက်ကမဟာသသတ်ရာ

၄၁။ အိကြာတွေး * မိမိကိုယ်ကိုပြန်လည်တွေ့ရှိခြင်း

၄၂။ တင်မောင်မြင့် * တမ်းတတတ်သည် (၁+၂)

၄၃။ သုမောင် * အချစ် (၂)


www.burmeseclassic.com